မြတ်ဗုဒ္ဓပရိတ်တော်
အစွမ်းထက်မြက်သည့်

# ဂါထာမန္တန်ပေါင်းချုပ်

## မဏိဇောတ

စုစည်းစီစဉ်သည်



Pinny ပင်နီဘာသာရေးစာစဉ် အမှတ်(၃)

မြတ်ဗုဒ္ဓပရိတ်တော်နှင့်

အစွမ်းထက်မြက်သည့်

# ဂါထာမန္တန်ပေါင်းချုပ်

## မဏိဇောတ

စုစည်းစီစဉ်သည်

(ဂါထာမန္တန် ၃၀၀ ကျော်ကို စုစည်း၍ စုံလင်စွာ ဖော်ပြထားသည်)

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရတနာ့ဝါဒီပိဋကတ်ဆိုင်

အမှတ်(၁၁)၊ ရွှေတိဂုံတောင်ဘက်ဈေးတော်ရုံ၊

ဒဂုံစာတိုက်၊ ရန်ကုန်မြို့။ ☎ ၂၈၅၃၁၅

၂၅၁၄၈

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် ၈၉ / ၉၆ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်


ပုံနှိပ်ခြင်း

၁၉၉၆၊ ဒီဇင်ဘာလ၊ တတိယအကြိမ်

တန်ဖိုး

အုပ်ရေ

၂၀၀၀

မျက်နှာဖုံးပန်းချီ

ဇော်မောင်

မျက်နှာဖုံးမွမ်းမံ

စိုးဝင်းငြိမ်း

အတွင်းစာသားနှင့် မျက်နှာဖုံးပုံနှိပ်သူ

ဦးမြညွန့် (၀၄၈၉၁)

ဧယျာဖြိုးပုံနှိပ်တိုက်၊ ဃ / ၅၂၆၊ သင်္ဃလမ်း၊

မြောက်ဥက္ကလာပ။

ထုတ်ဝေသူ

ဦးခင်လှအောင် (၀၂၄၅၆)

ဗညားမော်စာပေ၊

၈၉၇၊ ၁၃-မိုလ်ချို (၁)ရပ်ကွက်၊

ဗဟန်း။

ပင်နီစာအုပ်တိုက်၊ အမှတ်-၂၀၃(ပ-ထပ်)၊ ၃၅-လမ်း၊

စာဖူး ၆၄၃၊ ☎ ၂၄၀၁၃၉ မှ စီစဉ်ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စိစဉ်သူ၏အမှာလွှာ | ၁ |
| ၂။ | ပဏာမဘုရားရှိခိုး | ၇ |
| ၃။ | မ သုံးလုံးကျေမန္တန်<br>ဦးဆန်းထွန်း(မန်းတက္ကသိုလ်) | ၁၃ |
| ၄။ | ပရိတ်တော်နှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများ | ၁၇ |
| ၅။ | ပါဠိဆင့်အသံထွက်ပုံအကျယ် | ၂၅ |
| ၆။ | ဘုရားပင့် | ၃၁ |
| ၇။ | နတ်ပင့်၊ စည်းချ၊ ဘုရားကန်တော့၊<br>သီလဆောက်တည်၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူ | ၃၃ |
| ၈။ | ပရိတ်ကြီး(၁၁)သုတ်ပါဠိနှင့်<br>သမိုင်းအကျဉ်း(ရွတ်ဖတ်ရခြင်းအကျိုး) | ၃၄ |
| ၉။ | ဗောဇ္ဈင်သုတ်တော်(၅)မျိုး | ၆၀ |
| ၁၀။ | ရတနာရွှေချိုင့်သိမှတ်ဖွယ် ပါဠိ-မြန်မာပြန် | ၆၅ |
| ၁၁။ | နမက္ကာရ သိမှတ်ဖွယ်နှင့် ပါဠိတော် အကျိုးကျေးဇူး | ၇၁ |
| ၁၂။ | အပြင်အောင်ခြင်းရှစ်ပါး သိမှတ်ဖွယ်နှင့်<br>ပါဠိ-မြန်မာပြန် | ၉၁ |
| ၁၃။ | အတွင်းအောင်ခြင်းရှစ်ပါး ပါဠိ-မြန်မာပြန် | ၉၆ |
| ၁၄။ | ဓမ္မစကြာအညွှန်းနှင့် ပါဠိ | ၁၀၀ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ပဋ္ဌာန်းပါဠိတော်နှင့် ဖြစ်စဉ် အဓိပ္ပါယ်အကျဉ်း | ၁၀၈ |
| ၁၆။ | အနတ္တလက္ခဏသုတ် | ၁၃၀ |
| ၁၇။ | အဘိဏှသုတ် ပါဠိ-မြန်မာပြန် | ၁၄၈ |
| ၁၈။ | မဟာသမယသုတ်နှင့် အညွှန်းနိဒါန်း | ၁၅၅ |
| ၁၉။ | သမ္မာပရိဗ္ဗာဇနီယသုတ် | ၁၆၆ |
| ၂၀။ | ပုရာဘေဒသုတ် | ၁၆၈ |
| ၂၁။ | ကလဟဝိဝါဒသုတ် | ၁၇၀ |
| ၂၂။ | စူဠဗျူဟသုတ် | ၁၇၂ |
| ၂၃။ | မဟာဗျူဟသုတ် | ၁၇၅ |
| ၂၄။ | တုဝဋ္ဋကသုတ် | ၁၇၇ |
| ၂၅။ | သာဝတ္ထိဂါထာနှင့် အရိယသာဝိတ္ထိ ဂါထာတော် | ၁၈၁ |
| ၂၆။ | ဗုဒ္ဓ၊ ဓမ္မ၊ သံဃဂုဏ်တော်ဖွင့် ပါဠိ-မြန်မာပြန် | ၁၈၄ |
| ၂၇။ | စက္က ပရိတ္တ သုတ္တ | ၁၈၉ |
| ၂၈။ | ဆဒ္ဒိသာပါလ သုတ္တ | ၁၉၁ |
| ၂၉။ | ခာရဏပရိတ္တ | ၁၉၃ |


## ဂါထာမန္တန်တော်များကဏ္ဍ

(က)


| | | |
|---|---|---|
| ၃၀။ | ကြံ့တိုင်းအောင်ဂါထာ | ၁၉၈ |
| ၃၁။ | ကိုယ်ဖျောက်ဂါထာတော် | ၁၉၈ |
| ၃၂။ | ကိုယ်ပျောက်ဂါထာတော် | ၁၉၉ |
| ၃၃။ | ကံဖွင့်၊ ကံပွင့်၊ ကံမြှင့် ဂါထာပါဠိ | ၂၀၁ |
| ၃၄။ | ကာရစ်ချက်ဂါထာ | ၂၀၄ |
| ၃၅။ | ကိုယ်အန္တရာယ်ကင်းဂါထာ | ၂၀၅ |
| ၃၆။ | ကျေးဖြူမင်းဂါထာတော် | ၂၀၆ |
| ၃၇။ | ကုန်းလမ်းခရီး အန္တရာယ်ကင်းဂါထာတော် | ၂၀၇ |
| ၃၈။ | ကုန်းလမ်းခရီးသွားဂါထာ | ၂၀၈ |
| ၃၉။ | ကုန်းလမ်းခရီးသွားဂါထာ | ၂၀၉ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(ခ)

| | | |
|---|---|---|
| ၄၀။ | ချမ်းသာကြီးဂါထာတော် | ၂၁၀ |
| ၄၁။ | ချမ်းသာကြီးဂါထာ | ၂၁၁ |
| ၄၂။ | ခရီးသွားအန္တရာယ်ကင်းဂါထာ | ၂၁၁ |

(ဂ၊ ဃ၊ င)

| | | |
|---|---|---|
| ၄၃။ | သူတစ်ပါးတို့၏ စိတ်အကြံကို သိနိုင်သောဂါထာတော် | ၂၁၃ |
| ၄၄။ | ဂေါတမဂါထာ | ၂၁၃ |
| ၄၅။ | ငါးရံ့မင်းပရိတ်(ခေါ်) မစ္ဆရာဇသုတ် | ၂၁၄ |
| ၄၆။ | ငလျင်ကာကွယ်ဂါထာ | ၂၁၆ |

(စ)

| | | |
|---|---|---|
| ၄၇။ | စ-ဓ-ဗ-ဝ ဂါထာ | ၂၁၇ |
| ၄၈။ | စက်ကြီး (၁၃)ပါး ဂါထာပါဠိ | ၂၁၈ |
| ၄၉။ | စာမေးပွဲအောင် ဂါထာ | ၂၁၉ |
| ၅၀။ | စီးပွားရေးအတွက်ဂါထာ | ၂၂၀ |
| ၅၁။ | စတုလောကပါလဂါထာ | ၂၂၁ |
| ၅၂။ | စည်းစိမ်ချမ်းသာ ခိုင်မြဲသောဂါထာ | ၂၂၁ |
| ၅၃။ | စိန္တာမဏိမန္တန်ပါဠိ | ၂၂၁ |

(ဆ)

| | | |
|---|---|---|
| ၅၄။ | ဆုတောင်းပြည့် အနန္တသုခဂါထာတော် | ၂၂၃ |
| ၅၅။ | ဆုတောင်းပြည့်ဂါထာတော် | ၂၂၆ |
| ၅၆။ | ဆေးသိဒ္ဓိမန္တန် | ၂၂၆ |

(ဇ)

| | | |
|---|---|---|
| ၅၇။ | ဇလွန်မြို့ မာရ်အောင်မြင်ဘုရားကြီးမှ ဂါထာတော်များ(ဓမ္မခဏ်ဂါထာတော်) | ၂၂၈ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၈။ | သင်းကျစ်တော်ဂါထာပါဠိအနက် | ၂၃၀ |
| ၅၉။ | လက်ယာလက်ရုံးတော် ဂါထာပါဠိအနက် | ၂၃၀ |
| ၆၀။ | လက်ဝဲလက်ရုံးတော် ဂါထာပါဠိအနက် | ၂၃၁ |
| ၆၁။ | ဓိဆယ်ချက်အောင်ဂါထာ | ၂၃၂ |
| ၆၂။ | ဇယမင်္ဂလာအောင်ဂါထာ | ၂၃၃ |

(တ)

| | | |
|---|---|---|
| ၆၃။ | တပွရာယန သရဏာဂုံဂါထာတော် | ၂၃၅ |
| ၆၄။ | တ–သ–ဥ–ခ ဂါထာပါဠိ | ၂၃၆ |

(ဒ)

| | | |
|---|---|---|
| ၆၅။ | ဒုဋ္ဌဂါမဏိဂါထာတော်ပါဠိ | ၂၃၇ |

(ဓ)

| | | |
|---|---|---|
| ၆၆။ | ဓာတ်ကြီးလေးပါးဂါထာပါဠိ | ၂၃၇ |

(န)

| | | |
|---|---|---|
| ၆၇။ | နေ့ (၉)တန် ဣဂတန် ဂါထာတော် | ၂၃၉ |
| ၆၈။ | နှစ်ကျိပ်ရှစ်ဆူဂါထာအကျဉ်းပါဠိ | ၂၄၁ |
| ၆၉။ | နမောတေ ဂါထာပါဠိ | ၂၄၂ |
| ၇၀။ | နှစ်ကျိပ်ရှစ်ဆူလက်ရုံးတော် အလင်းထွန်း | ၂၄၄ |
| ၇၁။ | နှစ်ကျိပ်ရှစ်ဆူအတိုကောက် ဘုရားရှစ်ခိုးဂါထာ | ၂၄၅ |
| ၇၂။ | နမောလေးချက် စီးပွားတက်ဂါထာ | ၂၄၆ |
| ၇၃။ | နမောငါးမျိုး စီးပွားတိုးဂါထာ | ၂၄၇ |
| ၇၄။ | နေနတ်သားဂါထာ | ၂၄၈ |
| ၇၅။ | နာဉတြဂါထာတော်ပါဠိအနက် | ၂၄၈ |
| ၇၆။ | လနတ်သားဂါထာ | ၂၄၉ |

(ပ)

| | | |
|---|---|---|
| ၇၇။ | ပထမံဂါထာ(ခေါ်)သစ္စာအနက်(၁၆)ချက်ဂါထာ | ၂၅၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၈။ | ပထမဗုဒ္ဓဝစနဉဒါန်းဂါထာတော်ကြီး | ၂၅၁ |
| ၇၉။ | ပညာရေးအတွက်ဂါထာ | ၂၅၃ |
| ၈၀။ | ပွဲတိုင်းအောင်ဂါထာ | ၂၅၃ |
| ၈၁။ | ပထဝီဇယမန္တန်ပါဠိ | ၂၅၄ |
| ၈၂။ | ပဇာပတိစစ်ထွက်ဂါထာ | ၂၅၉ |
| ၈၃။ | ပရိမိတ္တဇာလသုတ် | ၂၆၀ |
| | **(ဖ)** | |
| ၈၄။ | ဖုဿသမန္တန်တော် | ၂၆၂ |
| | **(ဗ)** | |
| ၈၅။ | ဗုဒ္ဓက္ကုစ္ဆိတဝရဂါထာ | ၂၆၃ |
| ၈၆။ | ဗလဝမှ န မန္တန် | ၂၆၄ |
| ၈၇။ | ဗုဒ္ဓါဒိဂုနစ္ဆရမန္တန်တော် | ၂၆၄ |
| ၈၈။ | ဗောဓိပက္ခိယသင်္ဂဟပါဠိတော် | ၂၆၇ |
| ၈၉။ | ဗုဒ္ဓအဘိဉာဏ်ဂါထာ | ၂၆၈ |
| ၉၀။ | ဗုဒ္ဓနိမိတ္တဂါထာ | ၂၆၉ |
| | **(ဘ)** | |
| ၉၁။ | ဘုရားကိုးဆူနဝင်းမန္တန်တော် | ၂၇၀ |
| ၉၂။ | ဘေးမသီဂါထာတော် | ၂၇၂ |
| ၉၃။ | ဘီလူးဘေးနှင့် မကောင်းသောဘေး အမျိုးမျိုးမှ ကင်းဝေးသည့်ဂါထာ | ၂၇၃ |
| ၉၄။ | ဘေးရောဂါဆင်းရဲကင်းဂါထာတော် | ၂၇၄ |
| ၉၅။ | ဘေးရန်ကင်းကွာ ဓိနံ့ဝန္ဒေဂါထာ | ၂၇၆ |
| ၉၆။ | ဘဝေဝါဟံဂါထာတော် | ၂၇၇ |
| ၉၇။ | ဘုရားငါးဆူအန္တရာယ်ကင်းဂါထာတော် | ၂၇၇ |
| ၉၈။ | ဘဝတုသဗ္ဗမင်္ဂလာ သုံးဂါထာ | ၂၇၈ |
| ၉၉။ | ဘုရားခုနစ်ဆူဂါထာ | ၂၈၀ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀။ | ဘေးလွတ်ရန်ကွာ ဂါထာ | ၂၈၁ |
| | (မ) | |
| ၁၀၁။ | မကိုင္မထွတ်ဦး အောင်ဆုထူးဘုရားရှိခိုးတော်ကြီး | ၂၈၂ |
| ၁၀၂။ | မကြံစည်နိုင်သော အကျိုးထူးများကို ပေးနိုင်သောဂါထာ | ၂၈၃ |
| ၁၀၃။ | မဟာကပ္ပိနသစ္စာသုံးဂါထာ | ၂၈၄ |
| ၁၀၄။ | မြတ်စွာဘုရားကိုယ်တိုင် ဟောကြားခဲ့သော ဂါထာသုံးပုဒ် | ၂၈၇ |
| ၁၀၅။ | မဟာဝေဒဗ္ဗမန္တန် | ၂၉၀ |
| ၁၀၆။ | မာရ်နတ်သားအောင် ဂါထာတော် | ၂၉၅ |
| ၁၀၇။ | မနောမယိဒ္ဓိဂါထာ (၁) | ၂၉၆ |
| ၁၀၈။ | မနောမယိဒ္ဓိဂါထာ (၂) | ၂၉၈ |
| ၁၀၉။ | မနောသိဒ္ဓိမင်္ဂလာဂါထာတော် | ၃၀၀ |
| ၁၁၀။ | မိုးကြိုးလွှဲဂါထာ | ၃၀၁ |
| ၁၁၁။ | မြွေလျှင်လှုပ်သော်လည်း မပျက်စီးနိုင်သောဂါထာ | ၃၀၁ |
| | (ရ) | |
| ၁၁၂။ | ရှင်သီဝလိဂါထာတော် | ၃၀၂ |
| ၁၁၃။ | ရှင်သီဝလိခြေတော်ရာဂါထာ | ၃၀၇ |
| ၁၁၄။ | ရှင်ဥပဂုတ္တပရိတ်တော် | ၃၀၈ |
| ၁၁၅။ | ရှိခိုးရကျိုး ၁၂ မျိုး ပါဠိနိဿယ | ၃၁၀ |
| ၁၁၆။ | ရတနသိဒ္ဓိ အန္တရာယ်ကင်း စိန္တာမဏိအထဲဂါထာ | ၃၁၇ |
| ၁၁၇။ | ရတနသိဒ္ဓိ အန္တရာယ်ကင်း စိန္တာမဏိအဖုံးဂါထာ | ၃၁၈ |
| ၁၁၈။ | ရှေ့ဆောင်ကောင်းဂါထာ | ၃၂၄ |
| ၁၁၉။ | ရတနသိဒ္ဓိ အန္တရာယ်ကင်းဂါထာ | ၃၂၅ |
| ၁၂၀။ | ရာထူးဂုဏ်သိန်အတွက် တန်ခိုးကြီးဂါထာမန္တန်များ | ၃၂၆ |
| ၁၂၁။ | ရောဂါကင်းအလင်းထွန်း | ၃၂၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၂။ | ရောဂါအန္တရာယ်ကင်းမန္တန် | ၃၂၇ |
| ၁၂၃။ | ရန်အောင်မြင်ဂါထာတော် | ၃၂၈ |
| ၁၂၄။ | ရန်အောင်–ရန်ရှောင်ဂါထာ | ၃၃၀ |
| ၁၂၅။ | ရန်အောင်ဂါထာ | ၃၃၁ |
| | (လ) | |
| ၁၂၆။ | လိုရာဂုဏ်ပြည့်စုံစေသောဂါထာ | ၃၃၂ |
| ၁၂၇။ | လိုရာရလက်ရုံးကြီးဂါထာ | ၃၃၂ |
| ၁၂၈။ | လက်နက်ရန်သူကွင်းဂါထာမန္တရား | ၃၃၃ |
| ၁၂၉။ | လာဘသိဒ္ဓိဂါထာ | ၃၃၃ |
| ၁၃၀။ | လိုတရဂါထာတော် | ၃၃၄ |
| ၁၃၁။ | လေကြောင်းခရီးအန္တရာယ်ကင်းဂါထာ | ၃၃၅ |
| ၁၃၂။ | လူမိုက်ရှောင်ကွင်းနိုင်သည့်မန္တန် | ၃၃၇ |
| | (ဝ) | |
| ၁၃၃။ | ဝိဇ္ဇာခရိကဂါထာ | ၃၃၈ |
| | (သ) | |
| ၁၃၄။ | သုမေဓာဂါထာ | ၃၃၉ |
| ၁၃၅။ | သုဂတောမူမှန် ဂါထာပြန် | ၃၃၉ |
| ၁၃၆။ | သုဂတောမူမှန် ဂါထာပြန်မှုကွဲများ | ၃၄၀ |
| ၁၃၇။ | သုဂတော ငါးချက်ဂါထာ | ၃၄၁ |
| ၁၃၈။ | သစ္စာလေးပါး ဂါထာ | ၃၄၂ |
| ၁၃၉။ | သဗ္ဗသိဒ္ဓိ ဆုတောင်းဂါထာ | ၃၄၄ |
| ၁၄၀။ | သဗ္ဗသိဒ္ဓိ ဂါထာတော် | ၃၄၅ |
| ၁၄၁။ | သရဏဂုံသုံးဆယ် ရန်မျိုးပယ် | ၃၄၆ |
| ၁၄၂။ | သရဏဂုံ ၄၅–ပါး | ၃၅၀ |
| ၁၄၃။ | သဝေမပါ ကိုးဂါထာ | ၃၅၂ |
| ၁၄၄။ | သရဏဂုံ ဂါထာတော် | ၃၅၃ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄၅။ | သရဏဂုံ ဂါထာတော်ကြီး | ၃၅၄ |
| ၁၄၆။ | သာစုမန္တန် | ၃၅၄ |
| ၁၄၇။ | သဗ္ဗဇယမင်္ဂလာဂါထာတော်ဖြစ်စဉ် | ၃၅၇ |
| ၁၄၈။ | သက်တော်မြဲဂါထာ(ခေါ်) သဗ္ဗသိဒ္ဓိဂါထာ | ၃၅၉ |
| ၁၄၉။ | သက်တော်ရှည်ဂါထာ | ၃၆၀ |
| ၁၅၀။ | သံရှစ်ချက် မိုးကြိုးကွင်းဂါထာ | ၃၆၀ |
| ၁၅၁။ | သဗ္ဗဇယမင်္ဂလာ အာယုခက်ဂါထာ | ၃၆၁ |
| ၁၅၂။ | သိရသို့ဂါထာ | ၃၆၁ |
| ၁၅၃။ | သမ္ဗုဒ္ဓေဂါထာ | ၃၆၂ |
| ၁၅၄။ | သုဝဏ္ဏဘုမ္မိ ဂါထာတော် | ၃၆၄ |
| ၁၅၅။ | သားဖွားလွယ်ဂါထာ | ၃၆၅ |
| ၁၅၆။ | သစ္စာဂါထာတော် | ၃၆၅ |
| ၁၅၇။ | သားကောင်းမိခင် ဂါထာ | ၃၆၇ |
| ၁၅၈။ | သားကောင်းသားမြတ် ဂါထာတော် | ၃၇၀ |

(အ)

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၉။ | အစိန္တေယျလေးပါး ဂါထာတော်ကြီး | ၃၇၁ |
| ၁၆၀။ | အရပ်ဆယ်မျက်နှာ ဂြိုဟ်ရှစ်လုံး စည်းချဂါထာ | ၃၇၃ |
| ၁၆၁။ | အတွင်းစည်းချဂါထာတော် | ၃၇၆ |
| ၁၆၂။ | အရဟံဂုဏ်တော်ဖွင့် | ၃၇၈ |
| ၁၆၃။ | အရဟံဂုဏ်တော်တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုး | ၃၇၉ |
| ၁၆၄။ | အမြတ်ဆုံးရတနာ ဂါထာ | ၃၈၁ |
| ၁၆၅။ | အောင်ခြင်းရှစ်ပါး ဂါထာတော် | ၃၈၂ |
| ၁၆၆။ | အောင်ခြင်းရှစ်ပါးအချုပ် | ၃၈၃ |
| ၁၆၇။ | အောင်ရှစ်ချက် ဂါထာ | ၃၈၄ |
| ၁၆၈။ | အောင်စကြာ မဟာတေဇဂါထာ | ၃၈၅ |
| ၁၆၉။ | အောင်တော်မူဂါထာ(၁) | ၃၈၆ |
| ၁၇၀။ | အောင်တော်မူဂါထာ(၂) | ၃၈၆ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၁။ | အောင်မင်္ဂလာ ဂါထာ | ၃၈၇ |
| ၁၇၂။ | အန္တရာယ်ကင်းခရီးသွားဂါထာ | ၃၈၉ |
| ၁၇၃။ | အန္တရာယ်ကင်း ဘုရားငါးဆူဂါထာတော်ကြီး | ၃၉၀ |
| ၁၇၄။ | အန္တရာယ်ကင်း အာသီသ ဆုတောင်းဂါထာ | ၃၉၁ |
| ၁၇၅။ | အန္တရာယ်ကင်း ပကိဏ္ဏကသင်္ဂဟ ပါဠိတော် | ၃၉၃ |
| ၁၇၆။ | အန္တရာယ်ကင်း ဂါထာ(၁) | ၃၉၄ |
| ၁၇၇။ | အန္တရာယ်ကင်း ဂါထာ(၂) | ၃၉၄ |
| ၁၇၈။ | အသက်အန္တရာယ်ကင်း မန္တန် | ၃၉၅ |
| ၁၇၉။ | အမြဲရွှတ်ပွားရန် အန္တရာယ်ကင်းဂါထာတော်ကြီး | ၃၉၆ |
| ၁၈၀။ | အသက်အန္တရာယ်ကင်းဂါထာ | ၃၉၇ |
| ၁၈၁။ | အန္တရာယ်ကင်း အဌဝီသတိဂါထာ | ၃၉၈ |
| ၁၈၂။ | အမြတ်ဆုံးရတနာဂါထာ | ၃၉၉ |
| ၁၈၃။ | အာယုခက် ဂါထာ | ၃၉၉ |
| ၁၈၄။ | အမှုအခင်းနိုင် ဂါထာ | ၄၀၀ |
| ၁၈၅။ | အသောကမန္တန် | ၄၀၁ |
| ၁၈၆။ | အာရောဂျ ဂါထာ | ၄၀၃ |
| ၁၈၇။ | ရောဂါဥပဒ်ကင်း ဂါထာ | ၄၀၃ |
| ၁၈၈။ | အခြံအရံပေါ ဂါထာ | ၄၀၄ |
| ၁၈၉။ | အသက်ကယ်ဂါထာ | ၄၀၄ |
| ၁၉၀။ | အနန္တဂါထာကျော် | ၄၀၅ |
| ၁၉၁။ | အနန္တသုခရတနာဒီပံဂါထာတော် | ၄၀၆ |
| ၁၉၂။ | ဣစ္ဆန္တောဂါထာ | ၄၀၉ |
| ၁၉၃။ | ဣစ္ဆိတဂါထာ | ၄၁၀ |
| ၁၉၄။ | ဣစ္ဆသဃ လိုတိုင်းရဂုဏ်တော် | ၄၁၀ |
| ၁၉၅။ | ဤသာနရန်အောင် ဂါထာ | ၄၁၂ |
| ၁၉၆။ | ဗောဟိမိတ္တံမန္တန်တော်ပါဠိအနက် | ၄၁၃ |
| ၁၉၇။ | ဧကိုးချက်ဂါထာတော် | ၄၁၄ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဆရာတော်ကြီးများ လက်သုံးဂါထာတော်များ** | |
| ၁၉၈။ | ရှင်အရဟံပုတီးစိပ်နည်း နိဿရည်း | ၄၁၅ |
| ၁၉၉။ | အနော်ရထာမင်းအား ရှင်အရဟံ ပေးသနားတော်မူသော ဂါထာတော် | ၄၁၆ |
| ၂၀၀။ | ဗားမဲ့ဆရာတော်ကြီး အမြဲရွတ်သောဂါထာတော် | ၄၁၇ |
| ၂၀၁။ | တောင်ဖီလာဆရာတော်ဘုရားကြီး၏စက်ဂါထာ | ၄၂၀ |
| ၂၀၂။ | ဗားမဲ့ဆရာတော်ကြီး၏ သမိုင်းဝင်ဂါထာတော် | ၄၂၁ |
| ၂၀၃။ | တောင်ဖီလာဆရာတော်ဘုရားကြီး၏ အန္တရာယ်ကင်းမင်္ဂလာဂါထာ | ၄၂၃ |
| ၂၀၄။ | လယ်တီဆရာတော်ဘုရားကြီး၏ အန္တရာယ်ကင်းဂါထာတော်များ | ၄၂၅ |
| ၂၀၅။ | လယ်တီဆရာတော်ဘုရားကြီး၏ပဋ္ဌာန အန္တရာယ်ကင်းဂါထာ | ၄၂၉ |
| ၂၀၆။ | လယ်တီဆရာတော်ကြီး၏ ခုနစ်ဆူ စက်ပရိတ်တော်ကြီး | ၄၃၁ |
| ၂၀၇။ | ရွှေကျင်ဆရာတော်ဘုရားကြီး၏ အတုမရှိ ဂါထာသုံးပုဒ် | ၄၃၇ |
| ၂၀၈။ | အုတ်ဖိုဆရာတော်ကြီးနှင့် ဓမ္မစေတီမင်းတို့၏ စိန္တာမုနိ ဂါထာတော်ကြီး | ၄၄၀ |
| ၂၀၉။ | ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ ရန်အောင်မြင်ဂါထာတော် | ၄၄၈ |
| ၂၁၀။ | ဆီးပန်းနီဆရာတော်ဘုရားကြီး၏ ဣဿရွှော(၈)ဂါထာ | ၄၅၀ |
| ၂၁၁။ | လုံးတော်ဆရာတော်ဘုရားကြီး၏ အဖွင့်နှင့် ဣဿရွှော(၁၂)ဂါထာပါဠိ | ၄၅၄ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁၂။ | မန္တလေးတောင် ရသေ့ကြီးဦးခန္တီ၏ အိပ်မက်အရအန္တရာယ်ကင်းဂါထာတော် | ၄၅၉ |
| ၂၁၃။ | မိုးညှင်းဆရာတော်ဘုရားကြီး၏ အန္တရာယ်ကာကွယ်နည်းမန္တန် | ၄၆၁ |
| ၂၁၄။ | ဇာလီတောင်ဆရာတော်ဘုရားကြီး၏ မာရဝိဇယပဌမ ဂါထာ | ၄၆၃ |
| ၂၁၅။ | ဝန်းသိုဆရာတော်ကြီး၏ဂါထာ | ၄၆၅ |
| ၂၁၆။ | ဆရာတော်အရှင်ဇနကာဘိဝံသ၏ အန္တရာယ်ကင်းဂါထာတော် | ၄၆၆ |
| ၂၁၇။ | တောင်တန်းနယ်ခြားဆရာတော်ကြီးရွတ်ဆိုသော အဖိုးတစ်ထောင်ထိုက်ဂါထာတော်ကြီး (၄)ပုဒ်(သဟဿရဟ) | ၄၆၇ |
| ၂၁၈။ | နတ်ပို့ပါဌ်အနက် | ၄၇၁ |
| ၂၁၉။ | မေတ္တာပို့လေးပါး | ၄၇၃ |
| ၂၂၀။ | ဆုတောင်း ရေစက်ချ | ၄၇၄ |
| ၂၂၁။ | အမျှဝေရန် | ၄၇၆ |
| ၂၂၂။ | ကျမ်းပြီးနိဂုံး ဆန္ဒမွန် | ၄၇၇ |
| ၂၂၃။ | ကိုးကားသောကျမ်းများ | ၄၇၈ |

# ဤစာအုပ်တွင်

* ဗုဒ္ဓ၏ ဂုဏ်တော်, ပရိတ်တော်, သုတ်တော်များနှင့်

* ဂါထာမန္တန်အမျိုးမျိုးတို့ကို အက္ခရာစဉ်အလိုက် ဖော်ပြထားပြီး

* အကျော်အမော် ဆရာတော်ကြီးများ၏ လက်သုံးဂါထာမန္တန်များကို

သီးခြားစီစဉ် ဖော်ပြထားပါကြောင်း...

# မင်းအဖြစ်ထက်မြတ်သောကုသိုလ်

ဂုဏ်တော်ရွတ်ပွား

ဝတ်တက်. ဝတ်ကပ်

ပြုသူများ၏

သဏ္ဍာန်၌ ဖြစ်ပေါ်သော ပီတိသည်

ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို

အစိုးရသော

မင်းအဖြစ်ထက်

သာလွန် မြင့်မြတ်၏။

(ဒီ၊ ဋ္ဌ၊ ၁။ ၅၄။ ဣတိဝုတ်၊ ဋ္ဌ၊ ၂၇၁-၂-၃)

# စီစဉ်သူ၏ အမှာလွှာ

စာရေးသူသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးဖြစ်ရကား ငယ်စဉ်ကတည်းက ပညာရေးအစတွင် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ဖြင့် စတင် သင်ကြားခဲ့ရပါသည်။ ထို့ကြောင့် ဘုန်းတော်ကြီး၊ သင်ပုန်းကြီး၊ ဆယ်စောင်တွဲစသည်တို့မှာ စာရေးသူတို့နှင့် လက်ပွန်းတတီး ရင်းနှီးခဲ့ပြီး ဖြစ်သည်။ ဆယ်စောင်တွဲသည် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်၌ မသင်မနေရ ကျမ်းစာတစ်ခုဖြစ်လေရာ ထိုဆယ်စောင်တွဲမှပင်' စာရေးသူတို့ အပါအဝင် ခေတ်ပြိုင်များ အားလုံးတို့သည် ဘာသာယဉ်ကျေးမှု လွန်စွာမှ နှီးကပ်၍ ဘဝတည်ဆောက်ကြသည်အထိ အသုံးဝင်ခဲ့ကြပါသည်။

ထိုဆယ်စောင်တွဲစာအုပ်တွင် ဘုရားဟော ပိဋကတ်တော်နှင့်တကွ နီတိများ၊ ဆုံးမစာများ၊ ဘုရားရှိခိုးများ ပါဝင်နေသည်ဖြစ်ရာ လွန်စွာမှပင် ဘဝအတွက် အကျိုးများခဲ့ပါသည်။ ထိုကျမ်းတွင် လူထုနှင့် အနီးစပ်ဆုံး တရားတော်မှာ ပရိတ်တရားတော်များပင် ဖြစ်ပါသည်။ ပရိတ်တော်၏ အနက်အဓိပ္ပာယ်ကို သေချာစွာ လေ့လာကြည့်သောအခါ အမြင့်ဆုံး နိဗ္ဗာန်ရရေးမှ အနိမ့်ဆုံး အမျိုးသမီးများ မီးဖွားရေးအထိပင် အသုံးဝင်အကျိုးပြုကြောင်း တွေ့ရှိရပါသည်။

စာရေးသူတို့နှင့် အရင်းနှီးဆုံး တွေ့ထိခဲ့ရသည်မှာ ပရိတ်တရားတော်ပင် ဖြစ်ပါသည်။ ထို့နောက် ဆက်နွယ်လျက်ရှိသော ဂါထာများ၊ မန္တန်များ၊ ယင်းတို့၏ အကျိုးကျေးဇူးကား သတ္တဝါများအတွက် များစွာပင် အကျိုးကြီးမားစေခဲ့ပါသည်။ အောက်ပါ မိလိန္ဒပဉှ အမေးအဖြေကို ကြည့်ရှုခြင်းအားဖြင့် ပရိတ်မန္တန်တို့၏ အကျိုးကြီးမားကြောင်းကို တွေ့နိုင်ပါသည်။

## ပရိတ်၏ တန်ခိုး

<u>မိလိန္ဒမင်းကြီး။</u> ။ အရှင်ဘုရား၊ ဆေးသောက်ခြင်း၊ ဆေးလိမ်းခြင်းတို့ကြောင့် အနာရောဂါတို့သည် လျော့ကျပျောက်ကင်းသွားပါ၏။ ပရိတ်ရွတ်ခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

<u>ရှင်နာဂသိန်။</u> ။ မင်းကြီး ထိုသို့ ပရိတ်တို့ကို ရွတ်ဖတ်သည်ရှိသော် အလုံးစုံသော ရောဂါတို့သည် ငြိမ်းကုန်၏။ အလုံးစုံသော ဘေးရန်တို့သည် ဖဲရှောင်ကုန်၏။ မင်းကြီး မြွေကိုက်ခံရသောသူအား မန္တန်ကို မန်းမှုတ်သဖြင့် အဆိပ်လျော့ကျ ယိုစီးသွားသည်ကို မြင်ဖူးသလော။

<u>မိလိန္ဒမင်းကြီး။</u> ။ အရှင်ဘုရား မြင်ဖူးပါ၏။ လောကတွင် ယခုအထိ ထိုအဆိပ်ချခြင်း ရှိပါသေး၏။

<u>ရှင်နာဂသိန်။</u> ။ မင်းကြီး ထိုသို့ဖြစ်လျှင် ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်းကို ပြုခြင်းသည် အကျိုးမရှိဟု မဆိုနိုင်ချေ။ မင်းကြီး ပရိတ်အရံအတား ပြုသောသူကို ကိုက်လိုသော မြွေသည်ပင် မကိုက်ဝံ့။ ဖွင့်ဟသော မြွေပါးစပ်သည် ပိတ်သွား၏။ လူဆိုးတို့၏ ချိန်ရွယ်ထားသော တင်းပုတ်လက်နက်သည်လည်း ရိုက်နှက်ရန်မဖြစ်မြောက်၊တင်းပုတ်ကိုင်သူတို့သည်လည်း တင်းပုတ်ကို လွှတ်ချပြီး ချစ်ခင်ကြကုန်၏။ အမျက်ထွက်သော ဆင်ပြောင်ကြီးသည်လည်း ထိုးရန်လာပြီးသော် ဖဲသွား၏။ တောက်လောင်သော မီးပုံကြီးသည် အနီးရောက်လာသော် ငြိမ်းသွား၏။ စားမိသော အဆိပ်အတောက်သည်လည်း ဆေးဖြစ်သွား၏။ အာဟာရ ဖြစ်သွား၏။ သတ်ပုတ်လိုသူလည်း အနီးရောက်လာသော် ကျွန်အဖြစ်သို့ ရောက်သွား၏။ နင်းမိသော ကျော့ကွင်းသည်လည်း မဖွဲ့မိချေ။

မိလိန္ဒမင်းကြီး။ ။ အရှင်ဘုရား၊ ပရိတ်အရံအတားသည် အလုံးစုံသော သူတို့ကိုပင် ကာကွယ် စောင့်ရှောက်ပါသလော။

ရှင်နာဂသိန်။ ။ မင်းကြီး အချို့ကိုကားစောင့်ရှောက်၏။ အချို့ကိုကား မစောင့်ရှောက်ပေ။

မိလိန္ဒမင်းကြီး။ ။ အရှင်ဘုရား၊ ထိုသို့ဖြစ်မူ ပရိတ်အရံအတားသည် အလုံးစုံသော အကျိုးကို မပြီးစေနိုင်တကား။

ရှင်နာဂသိန်။ ။ မင်းကြီး အစားအစာသည် အလုံးစုံသောသူတို့၏ အသက်ကို စောင့်ရှောက်သလော။

မိလိန္ဒမင်းကြီး။ ။ အရှင်ဘုရား၊ အချို့ကိုသာ စောင့်ရှောက်၏၊အချို့ကိုကား မစောင့်ရှောက်ပါ။

ရှင်နာဂသိန်။ ။ မင်းကြီး၊ အဘယ့်ကြောင့်နည်း။

မိလိန္ဒမင်းကြီး။ ။ အရှင်ဘုရား၊ အစားအစာသည် အလွန်အမင်းစားသူ၊ ဝမ်းမီးအားနည်းသူတို့ကို သေစေနိုင်ပါ၏။ အစာသည် အသက်ကို ပေးလင့်ကစား မကောင်းသဖြင့် မှီဝဲခြင်းကြောင့် အသက်သေစေတတ်ပါ၏။

ရှင်နာဂသိန်။ ။ မင်းကြီး၊ ထို့အတူပင် ပရိတ်သည် အချို့သောသူတို့ကို စောင့်ရှောက်၏။ အချို့သော သူတို့ကို မစောင့်ရှောက်။ မင်းကြီး ပရိတ်သည်(၁) ကံကြီးငါးပါးကို ကျူးလွန်သူ။ (၂)နိယတမိစ္ဆာဒိဋ္ဌိ ဟူသော ကိလေသာရှိသူ။ (၃)ပရိတ်တန်ခိုးကို မယုံကြည်သူ။ ဤသုံးမျိုးတို့ကို မစောင့်ရှောက်ပေ။မင်းကြီး၊ ပရိတ်အရံအတားသည် သတ္တဝါတို့ကိုစောင့်ရှောက်လင့်ကစား မကောင်းမှု အဖြစ်ရှိသူတို့ကို မစောင့်ရှောက်နိုင်ပေ။ ထိုသူတို့၏ မကောင်းမှုအဖြစ်က တားမြစ်သောကြောင့် ပရိတ်သည် အစွမ်းမရှိနိုင်ပေ။ အကျိုးမပေးနိုင်၊ မြုံသွားပေ၏၊ မင်းကြီး၊ ဥပမာအားဖြင့် အမိသည် ပြစ်မှုကျူးလွန်၍ မင်းပြစ် မင်းဒဏ်သင့်သော မိမိ၏

သားမိုက်ကို မကယ်နိုင်၊ မစောင့်ရှောက်နိုင်သကဲ့သို့ပင်တည်း။

မိလိန္ဒမင်းကြီး။ ။ အရှင်ဘုရား၊ ပြဿနာကို ကောင်းစွာ ဆုံးဖြတ်ပါပေ၏။ အရှင်ဘုရားကို ဆည်းကပ်ရသောကြောင့် မိစ္ဆာဒိဋ္ဌိကွန်ယက်ကို ဖြေရှင်းနိုင်ပါ၏။

## ဤသို့ကောက်ချက်ချနိုင်ပါသည်

မန္တန်တန်ခိုး၊ ပရိတ်တန်ခိုးတို့သည် သိပ္ပံနည်း ယုတ္တိနည်းတို့ဖြင့် စူးစမ်းကြံစည်၍ မသိနိုင်သောအရာများဖြစ်သည်။ မန္တန်၊ ပရိတ်တို့ကို ယုံယုံကြည်ကြည်ဖြင့် အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်နေလျှင် များစွာ တန်ခိုးသတ္တိအကျိုးအာနိသင်ရှိပါသည်။ ဝေသာလီပြည်ကြီး၌ ဘေးကြီး ကပ်ကြီးသုံးပါး ဆိုက်ရောက်သည်ကို ရတနပရိတ်တော်ဖြင့် ကင်းငြိမ်းနိုင်ခဲ့ပေသည်။ ယနေ့ခေတ် တိုင်အောင်ပင် ဆေးဆရာတို့သည် မန္တန်ကိုစုတ်၍ မြွေဆိပ်ကင်းအောင် ကုသနိုင်ကြ၏။ ပရိတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်မှ ကင်းလွတ်အောင် ပြုနိုင်လေသည်။ သို့ရာတွင် ဒုစရိုက်အကုသိုလ်ကံ အားကြီးသော သူတို့အဖို့မူ ပရိတ်တန်ခိုးမှာမစူး၍၊ မထက်မြက် မထိရောက်ဘဲ ရှိပေလိမ့်မည်။

သီလလုံခြုံ၊ သမာဓိ အားကောင်း၊ စိတ်ကောင်းရှိ၊ သီလမြဲသူတို့ အဖို့ကား ဤဗုဒ္ဓမန္တန်များ ပရိတ်ကြီးနှင့် မန္တန်ဂါထာတို့သည် ဘုရားရှင် လက်ထက်မှစ၍ ယခုအချိန်အထိ မျက်မှောက်ဘဝ၌ပင် မကောင်းသော တစ္ဆေ၊ ပြိတ္တာ၊ မြေဖုတ်ဘီလူး စသည့် ဘေးအန္တရာယ်တို့မှလည်းကောင်း၊ ကြောက်မက်ဖွယ်ရာ ရောဂါတို့အပြင် ဘေးအန္တရာယ် ဥပဒ်တို့မှလည်း ကင်းငြိမ်းချမ်းသာရကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နေကြရလေသည်။

## ဤသို့စီစဉ်

ယခု စီစဉ်လိုက်သည့် ဂါထာမန္တန်ပေါင်းချုပ် ကျမ်းစာအုပ်တွင် ပါဝင်သည့် ပရိတ်တော်၊ မန္တန်တော်၊ ဂါထာတော်တို့ကို မိမိကိုယ်တိုင် တစ်ဦးတည်းသော်လည်းကောင်း၊ အသင်းအဖွဲ့ဖြင့်သော် လည်းကောင်း ရွတ်ဖတ်ပူဇော်နိုင်ရန် စီစဉ်ထားပါသည်။ အချို့မှာ ပရိတ်တော် သက်သက်ကိုသာ ရွတ်ကြသည်။ အချို့မှာ ဘုရားပင့်၊ နတ်ပင့်မှ ပရိတ်ကြီး၊ မိမိတို့နှစ်သက်ရာ မန္တန်စသည်တို့ကို ရွတ်ဆိုပူဇော်ပြီး နတ်ပို့ဆုတောင်း အမျှဝေ စသည်တို့ကိုပါ တစ်ဆက်တည်း ကိစ္စပြီးအောင် ဆောင်ရွက်နိုင်ရန် ဤကျမ်းစာက စီစဉ်ပေးထားပါသည်။

တစ်ဦးချင်း ရွတ်ဖတ်လိုသူတို့သည် ပါဠိရွတ်ဖတ်ရန် အခက်အခဲ ရှိပါက အဆင်ပြေစေရန် ပါဠိရွတ်ဖတ်နည်းကိုလည်း ဖော်ပြထားပါသည်။ အခက်အခဲ ရှိက နားလည်သူတစ်ဦးဦးထံချဉ်းကပ်၍ မေးမြန်း၊ မှတ်သားကြရန် ဖြစ်ပါသည်။ အသင်းအဖွဲ့များအနေဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ ဂါထာမန္တန် ပရိတ်တို့ကို ရွေးချယ်ထုတ်နှုတ်၍ ရွတ်ဖတ် ပူဇော်သွားကြရုံပင် ဖြစ်ပါသည်။

ဤကျမ်းစာ ဖြစ်ပေါ်လာရခြင်းမှာလည်း လွန်ခဲ့သောနှစ်များစွာတွင် ဆရာကြီးဓမ္မာစရိယ ဦးတင်မြင့်၏ ပရိတ်တော် ၃၇-သုတ် ထွက်ပေါ်ခဲ့ခြင်းမှ အခြေခံခဲ့ပေသည်။ ပရိတ်တော် ၃၇-သုတ်ကို မိမိတို့အနေဖြင့် နှစ်အတန်ကြာ သုံးစွဲခဲ့ရာမှ ထို့ထက် ပရိတ်တော်၊ ဂါထာတော်၊ မန္တန်တော်တို့ကို ပိုမို များပြားစွာ ရှာဖွေစုဆောင်းရလျှင် ဖတ်ရှုရသူတို့ အလွယ်တကူ ဖတ်ရှုကြည့်ညို နိုင်ပေမည်ဟု သဘောပိုက်မိခဲ့ပါသည်။ ထိုသို့ သဘောပိုက်မိသည့်အတိုင်း မိမိအနေဖြင့် ဂါထာမန္တန် ခြောက်ဆယ်ကျော်ပါဝင်သော စာအုပ်တစ်အုပ်ကို စီစဉ်ခဲ့ဖူးပါသည်။

သို့သော် ယနေ့အချိန်ကာလတွင် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း တို့သည် တစ်နေ့တခြား ပရိတ်တော်၊ ဂဏ်တော်၊ မန္တန်တော်တို့ကို ပိုမို ယုံကြည်၍ ရွတ်ဖတ်သရဇ္ဈာယ်သူတို့ များပြားလာရကား ခေတ်နှင့်အညီ လိုက်လျောညီထွေစွာ ရွတ်ဖတ်ပူဇော်ရန်အတွက် စာအုပ်တစ်အုပ် လိုအပ်လာပြီဟု မိမိတို့ယူဆမိပါသည်။

သဘောပေါက်မိသည့်အလျောက်လည်း ယခု စာရှုသူလက်ဝယ် ရောက်ရှိနေသည့် ပရိတ်တော်၊ ဂါထာ၊ မန္တန်တော် ၂၀၀ ကျော်ပါဝင်သည့် ဤကျမ်းစာသည် ပေါ်ပေါက်လာခဲ့ရခြင်း ဖြစ်ပါသည်။ ဖတ်ရှုရ ရွတ်ဖတ်ရ လွယ်ကူစေရန် ရှေ့ပိုင်းတွင် ဘုရားပင့် နတ်ပင့်မှ ပရိတ်တော် ၁၁-သုတ် အစထား၍ ဓမ္မစကြာ၊ ပဋ္ဌာန်းအနတ္တတို့အပြင် မဟာသမယ၊ ရတနာရွှေချိုင့် စသည်တို့ကို သီးခြား ဖေါ်ပြထားပါသည်။

ထို့နောက် ဂါထာမန္တန်တို့ကို အက္ခရာစဉ်လိုက် ဖေါ်ပြထားပါသည်။ အလွယ်တကူ ဖေါ်ထုတ်ရွတ်ဖတ်ရုံပင် ဖြစ်ပါသည်။ ရွတ်ဖတ်လိုရာများပြီးသောအခါ၌လည်း အဆင်ပြေစေရန် နတ်ပို့၊ ဆုတောင်း၊ အမျှဝေတို့ကိုလည်း အသင့်စီစဉ် ဖေါ်ပြထားပါသေးသည်။ နောက်ဆုံးကဏ္ဍတွင် ရှေးရှေးဆရာတော်ကြီးများ လက်သုံးထား၍ ရွတ်ဖတ်ပူဇော်ခဲ့ကြသော ဂါထာ၊ မန္တန်၊ ပရိတ်များကို သီးခြားဖေါ်ပြထားပါသည်။ ကျမ်းပေါင်း ၅၀-ကျော်မှ ထုတ်နုတ်ထားပါသဖြင့် မိမိတို့လိုရာ ပရိတ်၊ ဂါထာ၊ မန္တန်တို့ကို လွယ်လင့်တကူ ရှာဖွေ၍ ရွတ်ဖတ် ပူဇော်နိုင်ကြပေလိမ့်မည်ဟု မျှော်မှန်းရပါသည်။

ဤမျှ ပရိတ်၊ ဂါထာ၊ မန္တန်တို့ များပြားသော်လည်း ပြီးပြည့်စုံပြီဟု မခံယူပါ။ အချို့ အချို့သော ရွတ်ဖတ်ပူဇော်ဖွယ်ရာ ဂါထာ၊ မန္တန်များ ကျန်ကောင်း ကျန်ရှိပါလိမ့်ဦးမည်၊ တွေ့ရှိပါက စိတ်စေတနာကောင်းဖြင့် ညွှန်ကြားတော်မူကြပါရန် ဤနေရာမှ အနူးအညွတ် ပန်ကြားအပ်ပါသည်။

ဤကျမ်းစာ ဖြစ်မြောက်ရေးအတွက် စာအုပ်စာတမ်း ကူညီခြင်း၊ အကြံဉာဏ်ပေး၍ ကူညီခြင်း၊ နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း၊ အစရှိသည့် ရဟန်းရှင်လူ ဓမ္မမိတ်ဆွေအပေါင်းတို့အားလည်း ကျေးဇူးတင် ဂါရဝပြုပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

## ဆန္ဒမွန်

### ဝမ်းမြောက် ပျော်ရွှင်ချစ်ခင်ကြပါစေ

ပဇာ သဗ္ဗာ သုခါယန္တု၊
ပိယာယန္တု ပမောဒိတာ။
ဝဍ္ဎ န္တု သိရိယော လောကေ၊
ဓမေန္တု အဝမင်္ဂလေ။

ပဇာ သဗ္ဗာ၊ ဘုံသုံးဆယ့်တစ် ဖြစ်ကြဆန်းစုံ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့သည်။ သုခါယန္တု၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ် ခပ်သိမ်း ကင်းငြိမ်းလွင့်စင် လိုအင်ပြည့်စုံ အချမ်းသာကြီး ချမ်းသာကြပါစေကုန်သတည်း။ ပမောဒိတာ၊ ကိုယ်ရွှင်စိတ်ရွှင် ကြည်လင်ပျော်ပိုက်၊ နှစ်ခြိုက်ကြည်နူး၊ အထူးဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ပိယာယန္တု၊ ချစ်ခင်မြတ်နိုး၊ ချစ်ကြိုးနှယ်တန်း၊ ချစ်ပန်းပွင့်ကာ ချစ်ခင်ကြပါစေကုန်သတည်း။ လောကေ၊ လောကဓါတ်အများ တိုက်တလွှား၌။ သိရိယော၊ ကောင်းကျိုးချမ်းသာ မင်္ဂလာ အထွေထွေ ကျက်သရေအမျိုးမျိုး ဣဋ္ဌာရုံ ဘုန်းတန်ခိုးတို့သည်။ ဝဍ္ဎ န္တု၊ လဆန်းပက္ခ တူမျှမသွေ တိုးတက်ကြပါစေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပဇာ၊ သတ္တဝါအပေါင်းတို့သည်။ အဝမင်္ဂလေ၊ အနိဋ္ဌာရုံ လုံးစုံများ တောင်း အမင်္ဂလာအပေါင်းတို့ကို ။ ဓမေန္တု၊ လေပြင်းတိုက်ဖို့ တိမ်တိုက် ရွေ့သို့ နေ့တိုင်းရက်ဆင့် ပျောက်ကုန်လွင့်အောင် မှုတ်လွှင့်နိုင်ကြပါစေကုန် သတည်း။

**မဏိဇောတ**

**(စီစဉ်စုဆောင်းသူ)**



# ပဏာမ ဘုရားရှိခိုး

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နမော တဿ ဟူသည်

နမော တဿ စသည်ကား ဗုဒ္ဓရှင်တော်မြတ်အား ရှိခိုးပူဇော်သော ပဏာမ ဥဒါန်းဖြစ်၏။

ဘာရဒွါဇ ပုဏ္ဏား၏ဇနီး ဓနဉ္စာနီမည်သော သောတာပန် ပုဏ္ဏေးမသည် အမြဲအသုံးပြုခဲ့၏။ ပုဏ္ဏားတို့စားပွဲသို့ ထမင်းလာပေးပို့စဉ် ချော်လဲသောအခါ မှာပင် ဘုရားရှင်ကို သတိရကာ ဤ နမော တဿ ပဏာမဖြင့် သုံးကြိမ် ကျူးရင့်ရှိခိုး၏။

ဗြဟ္မာယုမည်သော ဒိသာပါမောက္ခပုဏ္ဏားဆရာကြီးသည် နှစ်ပေါင်းများစွာ ဗုဒ္ဓရှင်တော်မြတ်ကို စုံစမ်းရှာဖွေ၍ နေခဲ့ရာ တပည့်ဥတ္တရလုလင်ထံမှ ဗုဒ္ဓ ရှင်တော်မြတ်၏ ဂုဏ်တော်များကို ကြားသိရသောအခါ ဝမ်းသာအားရ ကြည်ညိုလှ၍ ဗုဒ္ဓရှင်တော်မြတ်ရှိရာသို့ ရည်မှန်းကာ လက်အုပ်ချီလျက် ဤ နမော တဿဖြင့် ကျူးရင့် ရှိခိုးခဲ့လေသည်။

စတုမဟာရာဇ် တာဝတိံသာနတ်နှစ်ရွာ အစိုးရသော သိကြားမင်းကြီး သည်လည်း သေရမည်ကိုကြောက်လွန်းရကား စုတိပြတ်ကြွေ သေခါနီးမှာ

ဗုဒ္ဓရှင်တော်မြတ်ရှိရာသို့ ရောက်လာ၍ တရားနာခဲ့၏။ တရားနာရင်း သောတာပန် ဖြစ်ခဲ့ရ၏။ အပါယ်လေးပါးတံခါးပိတ်ခဲ့၏။ သောတာပန်ဖြစ်ပြီး တရားနာရင်းပင် စုတေသေလွန်ခဲ့၏။ သိကြားအသစ် ချက်ချင်းပြန်ဖြစ်ခဲ့၏။ မဆုံးသေးသော တရားကို သိကြားအသစ်ဘဝဖြင့် နာကြားခဲ့၏။ တရားတစ်ပုဒ်ကို နှစ်ဘဝ တစ်ဆက်တည်းနာကြားရ၏။ အခြားနတ်များ မသိလိုက်ကြပေ။ ယခင်သိကြားဟောင်းဘဝက နတ်စည်းစိမ်အားလုံးကို ပြန်လည်ခံစားရ၏။ အားရဖွယ်ကောင်းပေစွတကား။ တရားနာပြီး ပြန်ခါနီးသော် သိကြားမင်းကြီးသည် ဗုဒ္ဓရှင်တော်မြတ်ကို ကြည်ညိုလွန်း၍ တရားတော်ကို ကျေနပ်အားရလွန်း၍ မြေကြီးကို လက်ဖဝါးဖြင့် ပွတ်၍ ပွတ်၍ နမော တဿ အစချီသော ဤပဏာမ ဥဒါန်းကို အားပါးတရ ကျူးရင့်ခဲ့လေသည်။

ထိုမှတစ်ပါး နမော တဿဖြင့် ဗုဒ္ဓရှင်တော်မြတ်ကို ရှိခိုးကြသော ပုဂ္ဂိုလ်များမှာ–

(၁) ကောသလမင်းကြီး (မ၊ ၂–၃၁၄)

(၂) ဓာဏဉ္စာနိပုဏ္ဏားကြီး (မ၊ ၁–၂၃၅)

(၃) အာရာမဒဏ္ဍ ပုဏ္ဏားကြီး (အံ၊ ၁–၆၈)

(၄) ကရဏပါလီ ပုဏ္ဏားကြီး (အံ၊ ၂–၂၀၆)

(၅) မဟာနာမ်မင်းကြီး (ဓမ္မပဒ–ဋ္ဌ၊ ၁–၆၄) တို့ဖြစ်ကြသည်။

နမော တဿချီ ဥဒါန ပဏာမဖြင့် ရှိခိုးကြသော ပုဂ္ဂိုလ်များကို ရှစ်ယောက်မျှ ပိဋကတ်တော်၌ ရှာဖွေတွေ့ရှိလေသည်။

သာသနာ၀င် ကျမ်းအမျိုးမျိုးကို ပြုစုတော်မူကြသော ကျမ်းပြုပုဂ္ဂိုလ်အသီးသီးသည်လည်း ကျမ်းအသီးသီး၏ အစ၀ယ် နမော တဿဖြင့် ဝန္ဒနာမှု ပြုလေ့ရှိကြပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်များသည်လည်း ဘာသာရေးလုပ်ငန်းများ၊ ဘာသာရေး အခမ်းအနားများ ဆောင်ရွက်ကျင်းပတိုင်း နမော တဿ မပါလျှင် မပြီး ဖြစ်ပါသည်။

ကလေးသူငယ်များသည်ပင် အခြားသော ဘုရားရှိခိုးများ ခမ်းခမ်းနားနား မရစေကာမူ နမော တဿကိုတော့ ရလေ့ရှိကြပါသည်။ သို့ဖြစ်၍ အလွန်ရေးကျ၍ အဓိပ္ပာယ် လေးနက်ပြည့်ဝပြီး လူတိုင်းလည်း လွယ်ကူလှသော နမော တဿဖြင့် ကျမ်းဦးပဏာမ ဘုရားရှိခိုးအပ်ပါသည်။

## (၁) နမော တဿ ဝန္ဒနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရ-ဟတော၊ သဝါသနာ ကိလေသာမှ လေးဖြာမြိုက်မဂ် စိန်သန်လျက်ဖြင့် ချိုးဖျက်မလှ ဝေးတော်မူ ကင်းကွာတော် မူတတ်ပါပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သခ်တာ သခ်တ တစ်စမကြွင်း ခပင်းအောက်ထက် ဘဝဂ်မကျန် ဉေယျဓံကို မဂ်ဉာဏ်တည်းဟူ သယမ္ဘူဖြင့် လွယ်ကူထင်ထင် သိမြင်တော်မူတတ်ပါပေထသော။ တဿ ဘဂဝတော၊ လောကီ လောကုတ္တရာ ချမ်းသာကောင်းကျိုး ပြည့်ဖြိုးစေတတ် အမြတ်တမွတ် အထွတ်တိုင်ပြီးကြီးသောဒါန စသည်ကောင်းမှု ဆယ်ခုပါရမီ ငါးလီစွန့်ခြင်း အရင်းများစွာ ဖို့ဘာဂနှင့် ကြွယ်ဝကုံလုံ ပြည့်စုံတော်မူသော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးအား။ မေ၊ ဘုရားတပည့်တော်၏။ နမော၊ ကာယဝစီ မနောချီလျက် အဉ္ဇလီညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးရခြင်းသည်။ အတ္ထု-ဘဝတု၊ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

## (၂) နမော တဿ ဝန္ဒနာ

နမော တဿ ဘဂဝတော အရ-ဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရ-ဟတော၊ လောဘ ဒေါသ မောဟ ကခ်ါ မိစ္ဆာဒိဋ္ဌိ အဟိရိကနောတ္တပ္ပနှင့် ထိန, မာန, ဥဒ္ဓစ္စဟု ဒသကိလေ ရန်ညစ်တောကို လေးထွေသောမဂ်ဉာဏ်လက်နက်ဖြင့် ထောင်းထောင်းထဖျက်ဖြုန်း သတ်ဖြတ်မှုန်း၍ ပျက်ပြုန်းစေတော် မူတတ်ပါပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ရှည်လျားလှစွာ သံသရာ၌ ဝါသနာနှင့်တကွ မောဟ ထန်ပြင်း အိပ်ပျော်ခြင်းမှ လွတ်ကင်းတော်မူသဖြင့်၊ စင်စစ်နိုးကြားတော် မူတတ်ပါပေထသော။ တဿဘဂဝတော၊ ဒေဝပုတ္တ ကိလေသနှင့် ခန္ဓသခ်ါရာ တစ်ဖြာမစ္စု မာရ်ငါးခုတို့ကို တစ်ခုမကြွင်း ခုတ်ဖြတ်ရှင်းတော်မူပြီးသော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင် ကိုယ်တော်မြတ်အား။ မေ၊ ဘုရားတပည့်တော်၏။ နမော၊ ကာယဝစီ မနောချီလျက် အဉ္ဇလီညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးရခြင်းသည်။ အတ္ထု-ဘဝတု၊ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

## (၃) နမော တဿ ဝန္ဒနာ

နမော တဿ ဘဂဝတော အရ-ဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရ-ဟတော၊ အဝိဇ္ဇာနှင့်တဏှာပုံတောင်း အပေါင်းသုံးတန်. အကန့်.

သင်္ခါရာ ဇရာမရဏာ အကွပ်ပြသား အာသဝဝင်ရိုး လျှို့ထိုးယှဉ်စပ် ဘဝသုံးပွါး ဝဋ်ရထား၌ ရှည်လျားတတ်သည့် ရဟတ်သံသာ ဝဋ်စကြာ၏ ပုညာဒိက သင်္ခါရကို ဝီရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် ကမ္မက္ခယိန် ဉာဏ်ပုဆိန် ကို ရွယ်ချိန် မိုးလျက် ချိုးဖျက်တော် မူတတ်ပါပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ နေအရုဏ်သင့် ကြာပဒုံပွင့်သို့ လေးဆင့်မဂ်မြတ် နေခြည်ဟပ်၍ များမြတ်သည့် ဂုဏ်သတတ်ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် လျှောက်ပတ် ဇွင့်ဇွင့် ပွင့်တော်မူပြီးထသော။ တဿ ဘဂဝတော၊ ဝိဝေက သုံးပါး ဝိဟာရသုံးပါး ဝိမောက္ခသုံးပါး စသည်များဘိ ဥတ္တရိမနုဿ ဓမ္မ တွင်မှတ် တရားမြတ်ကို မပြတ်မှီဝဲတော်မူသော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင် ကိုယ်တော်မြတ်အား။ မေ၊ ဘုရား တပည့်တော်၏။ နမော၊ ကာယဝစီ မနောချီလျက် အဥ္ဇလီညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးရခြင်းသည်။ အတ္ထု–ဘဝတု၊ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

## (၄) နမော တဿ ဝန္ဒနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ ပစ္စည်းလေးထွေ၊ မဟေသက္ခ လူနတ်စသည့် ပူဇာဝိသေသ ဟူသမျှကို ခံယူတော်မူတတ်သော အလှူခံမြတ် ဖြစ်တော်မူတတ်ပါပေ ထသော။

သမ္မာသမ္ဗုဒ္ဓဿ၊ ဒုက္ခကို ပိုင်းခြား သမုဒယကို ပယ်သောအားဖြင့် လည်းကောင်း၊ နိရောဓကို မျက်မှောက်ပြု မဂ္ဂကို ပွားများမှုဖြင့် လည်းကောင်း ဤလေးခုသော သစ္စာကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မဖောက်မပြန် မှန်ကန် စွာ ထိုးထွင်း၍ သိမြင်တော်မူတတ်ပါပေထသော။ တဿ ဘဂဝတော၊ မာတိကာ နယ ပဒ ဘာဇနီ တိက် ဒုက်စီ၍၊ ဂမ္ဘီရတ္ထ ဓမ္မနက်စွာ ခန္ဓာ အာယတန သစ္စာဓာတု ပိုင်းခြားပြု၍ တစ်ခုမကျန် ဝေဖန်ပိုင်းခြား ဟော ကြားတော်မူတတ်သော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင် ကိုယ်တော် မြတ်အား။ မေ၊ ဘုရားတပည့်တော်၏။ နမော၊ ကာယဝစီ မနောချီလျက် အဥ္ဇလီညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးရခြင်းသည်။ အတ္ထု–ဘဝတု၊ ကောင်းစွာ မသွေ ဖြစ်ပါစေသတည်း။

## (၅) နမော တဿ ဝန္ဒနာ

နမော တဿ ဘဂဝတော အရ–ဟတော သမ္မာသမ္ဗုဒ္ဓဿ။

အ–ရဟတော၊ ပညာရှိယောင် လူမိုက်ခေါင်တို့ လူ့ဘောင်မလှ အရက်

ရမည်ကြောင့် ကွယ်ပညစ်ကျူ မကောင်းမှုကို ပြုကြပမာ ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျူ မကောင်းမှုတို့ကို ဗောဓိပင်မင်း ပလ္လင်ရင်းကပင် ပယ်ရှင်းဟောတု ဘယ်တစ်ခုကိုမျှ ပြုကျင့်တော်မမူ တတ်ပါပေထသော။

သမ္မာသမ္ဗုဒ္ဓဿ၊ သဉ်္ါရ ဝိကာရ လက္ခဏာ ပညတ်နိဗ္ဗာန်ဓာတ်ဟု ငါးရပ် သိရန် ဉေယျဓမ်ကို ဖောက်ပြန်မရှိ မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ထိုးထွင်း ၍ သိမြင်တော် မူတတ်ပါပေထသော။

တဿ ဘဂဝတော၊ ဘုံသုံးပါး၌ တမှုန်မွှားမွှား ရဟတ်ချားပမာ သွားလာကျင်လည် တာရှည်စေတတ် တဏှာငတ်ကို ပြတ်ထွက်လွတ်ကင်း၊ မဂ်ခံတွင်းဖြင့်၊ မကြွင်းမကျန် ထွေးအန်စွန့်ပယ်တော်မူသော ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်အား။ မေ၊ ဘုရားတပည့်တော်၏။ နမော၊ ကာယဝစီ မနောချီလျက် အဥ္စလီညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးရခြင်းသည်။ အတ္ထု ဘဝတု၊ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

## (၆) နမော တဿ ဝန္ဒနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ တစ်ထောင့်ငါးရာ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးသန့်ရှင်းတော် မူတတ်ပါပေထသော။

အရ + ဟတော၊ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့ကို သတ်တော်မူအောင်တော်မူ နိုင်တော်မူတတ်ပါပေထသော။

အရ + ဟတော၊ အတွင်းရန် အပြင်ရန်တို့ကို အကြွင်းအကျန်မထားမည်သူ့ကိုမျှ အကူအညီမခေါ် ပါရမီဘုန်းဟုန် တန်ခိုးဂုဏ်တို့ဖြင့် ကောင်းစွာအောင်တော်မူ နိုင်တော်မူတတ်ပါပေထသော။

အရ + ဟတော၊ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ အကန့်အကွပ်တို့ကို အရဟတ္တမဂ် ဓားသန်လျက်ဖြင့် ချိုးဖျက်ခုတ်ထွင် သုတ်သင်တော်မူတတ်ပါပေထသော။

အရဟတော၊ ဗြဟ္မာ နတ်လူ သုံးဘုံတို့၏ ပူဇော်အထူးကို ခံယူခြင်းငှာ ထိုက်တော်မူတတ်ပါပေထသော။

အ + ရဟတော၊ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုမှန်သမျှတို့ကို ပြုကျင့်တော်မမူ ပြောဆိုတော်မမူ ကြံစည်တော် မမူတတ်ပါပေထသော။

သမ္မာသမ္ဗုဒ္ဓဿ၊ ဒုက္ခ သမုဒယနိရောဓနှင့် မဂ္ဂမည်သာ လေးသစ္စာကို ဆရာမဆို မိမိအလိုလို ကိုယ်တော်တိုင် မဖေါက်မပြန် မှန်ကန်စွာ ထိုးထွင်း၍ သိမြင်တော် မူတတ်ပါပေထသော။

သမ္မာသမ္ဗုဒ္ဓဿ၊ သဉ်္ါရ ဝိကာရ လက္ခဏာ နိဗ္ဗာန်ပညတ်ဟု ဆိုအပ်သော

ဥယျာဉ်ကစ် ဓမ္မက္ခန်ကို ဆရာမဆို မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် မဖေါက်မပြန် မှန်ကန်စွာ ထိုးထွင်း၍ သိမြင်တော်မူတတ်ပါပေထသော။

ဘဂဝတော၊ ဘဝသုံးပါး ဝဋ္ဋရထား၌ ပြေးသွားစေတတ် ကျင်လည်စေတတ်သော တဏှာကို ထွေးအန်စွန့်ပယ်တော် မူတတ်ပါပေထသော။

ဘဂဝတော၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ ကိလေသာမာရ်။ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တမာရ် တည်းဟူသော မာရ် ငါးစင်းတို့ကို ချိုးဖျက်ခုတ်ထွင် သုတ်သင် ရှင်းလင်းတော် မူတတ်ပါပေထသော။

ဘဂဝတော၊ ဣဿရိယ-ဓမ္မ-ယသ-သိရီ-ကာမ-ပယတ္တ ဟူသော ဘုန်းတော်မြတ်ခြောက်ဆူဖြင့် ဘော်ကြူငွေနှစ် ဇမ္ဗူရာဇ်နီဖလံ မင်းစံရောင်ညီး ရွှေတောင်ကြီးအလား ထင်ရှားတော်မူတတ်ပါပေထသော။

တဿ တာဒိသဿ၊ လာဘ အလာဘ စသည် ရှစ်တန်လောကဓံတို့ကြောင့် ဖောက်ပြန်တုန်လှုပ်ခြင်းမရှိ ပကတိတည်ကြည်သော တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော ထိုဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးအား။ မေ၊ ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို၊ သူငါမှည့်ခေါ် တပည့်တော်၏။ နမော၊ ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုး၍ ရှိခိုးရခြင်းသည်။ ဘဝတု၊ ကောင်းစွာမသွေ ဖြစ်ပါစေသတည်း။

[စိစဥ်သူ]

[သပိတ်အိုင်ဆရာတော်၏ နမော တဿ ဝန္ဒနာမှ]

●

# မသုံးလုံးကျော်မန္တန်

## ဦးဆန်းထွန်း (မန်းတက္ကသိုလ်)

## (၁)

မသုံးလုံးကျော်အကြောင်း မရေးခင် "မန္တန်" အကြောင်းရေးရဦးမည်။
"မန္တန် မန္တရားဟု မပြောနိုင်သောအက္ခရာမရှိ။
ဆေးဖက်မဝင်သော နွယ်မြက်သစ်ပင်ဟူ၍ မရှိ။
အသုံးမဝင်သော သူဟူ၍ မရှိ။
အသုံးချတတ်သော သူသာ ရှား၏"

"အမန္တ မက္ခရံ နတ္ထိ
နတ္ထိ မူလမနောသဓံ
အယောဂျော ပုရိသော နတ္ထိ
ယောဇကော တတြဒုလ္လဘာ"

အမန္တံ၊ မန္တရား မဟုတ်သော။ အက္ခရံ၊ အက္ခရာမည်သည်။ နတ္ထိ၊ မရှိ။
အနောသဓံ၊ ဆေးဖက်မဝင်သော။ မူလံ၊ သစ်မြစ်သစ်ဥ၊ သစ်ဖု စသား ပဋ္ဌငါးပါးသည်။ နတ္ထိ၊ မရှိ။
အယောဂျော၊ အသုံးမဝင်သော။ ပုရိသော၊ ယောကျ်ားမိန်းမသည်။ နတ္ထိ၊ မရှိ။
တတြ၊ မရှားမပါး အများကြီးရှိရှိနေသော ထိုလောကကြီးထဲ၌။ ယောဇကော၊ အသုံးကျအောင် အသုံးချတတ်သော ပုဂ္ဂိုလ်သာ။ ဒုလ္လဘော၊ ရှားပါး၏။
အဆိုပါ စကားကောင်းတစ်ခု "သုဘာသိတ" ရတနာကို သက္ကဋ ဘာသာဖြင့် ရှိနေသေးသော သုက္ကနီတိတွင် တွေ့ရပါသည်။

## (၂)

မန္တန် မန္တရားဂါထာဆိုလျှင် ပါဠိလိုရှိမလား၊ သက္ကဋလို ရှိမလား၊ အဆင့်မြင့်၍ တွေးလေ့ရှိကြသည်။ ဤသို့ချည်း တွေးတွေးနေကြသဖြင့် မိမိနှင့် အလှမ်းဝေးသော အနက်မရသော အတိအလင်း ပြောရသော် အချို့ အချို့မှာ အနက်မရှိသော မန္တန်များ ဂါထာများကို အားကိုးကြီးတစ်ခုနှင့် ဖိရွတ်ကြရသည်။ အနက်မရှိသော မန္တန်ဖြစ်သော်လည်း ဖိရွတ်လျှင် အာနိသင်ရှိကြောင်း သိပါသည်။ သို့သော် အနက်အဓိပ္ပာယ် သိထားနှင့်ပြီးမှ "ဖိ"ရွတ်ရလျှင် ပို၍ အာနိသင်ရှိကြောင်းကိုကား မလွဲမသွေ ပြောထားရပါမည်။
မြန်မာဘာသာထဲမှာ မန္တန်ကောင်းတွေ အများကြီးရှိကြောင်း ပြောလိုက်လျှင် မြန်မာတွေ အံ့အားသင့်ကောင်း သင့်သွားကြမည် ထင်ပါသည်။

"မန်+တန်"ဆိုသည်မှာ အသိဉာဏ် သက်ဝင်စေသော ဆောင်ပုဒ်ကလေးများဟု အဓိပ္ပာယ်ရှိပါသည်။ နောက်မှ တဖြည်းဖြည်း ကြိုက်သလို အဓိပ္ပာယ် အမျိုးမျိုး ပြောလာကြသည်များလည်း ရှိပါသည်။

သာဓကအနေအားဖြင့် ပြောရသော်–

"မုလေးပန်းရှိထားပြီးသား ပုဂ္ဂိုလ်တစ်ယောက်သည် မုလေးပန်းနှင့် ဘာမှမထူးခြားလှသော စံပယ်ပန်းကို ထပ်မဝယ်ဖို့" အသိဉာဏ်ပေးထားသော ဆောင်ပုဒ်ကလေးတစ်ခု အင်းဝခေတ်ကပင် ရှိခဲ့ပါသည်။ ထိုဆောင်ပုဒ်ကလေးသည် မြန်မာတို့ အမြဲရွတ်မန်းနေသင့်သော မန္တန်ကောင်းတစ်ပုဒ် ဖြစ်ပါသည်။

ထိုမန္တန်ကို ရွတ်မန်းနေလျှင် အိမ်ထောင်ရေးပြဿနာ အရှုပ်အထွေး ပေါ်မလာသောအကျိုးမှစ၍ ငွေကုန်ကြေးကျနည်းသော ချွေတာရေးအကျိုးအထိ အကျိုးအမျိုးမျိုး ရနိုင်မည် ဖြစ်ပါသည်။

ထိုမန္တန်ကို မြန်မာတို့ ကျော်လွှားသွားကြသဖြင့် မသုံးကြပါ။ အမွေမခံကြရပါ။ မြန်မာပိုင် ဂါထာတွေ မန္တန်တွေ အများကြီးရှိပါသည်။ သို့သော် နယ်သတ်၍ သတ်သတ်မှတ်မှတ် 'ဖိ' ရွတ်မှ တန်ခိုးအာနိသင် ရှိလာမည်ကိုကား မေ့မထားသင့်ပါ။

အောက်ပါမန္တန်ကလေးကို အခေါက်ခေါက် ရွတ်ကြည့်စမ်းပါ။ နာနာရွတ်ပါ။ ဖိရွတ်ပါ။

"ငွေကြေးပြည့်စုံ ကုံလုံပကောဟု အလောတကြီး မဆင်မခြင် မြင်လျှင်လိုချင်သော သဘောဖြင့် မုလေး (မြတ်လေး)ပန်း ရှိနေလျက်နှင့် စံပယ်ကို မဝယ်လိုက်ပါလေနှင့်"

"မုလေးရှိလျက်
စံပယ်ခက်ကို
ငွေလျက်ကိုကာ
မဝယ်ရာ"

(ဘုံခန်းပျို့)

## (၃)

"မြင်တိုင်း လိုချင်သူ" သည် လူမိုက်ရှစ်ဦးတွင် တစ်ဦးအဖြစ် ပါဝင်နေကြောင်း ကင်းဝန်မင်းကြီးက အောက်ပါလေးချိုးလေးဆစ်ဖြင့် သတိပေးခဲ့ဖူးပါသည်။ ထိုလေးချိုး လေးဆစ်မျိုးကို အဓိပ္ပာယ်ပေါက်သည်အထိ လက်တွေ့ကျင့်သုံးနိုင်သည်အထိ အထပ်ထပ် ရွတ်မန်းနေပါက ထိုလေးဆစ်သည်

"လူမိုက်ဝင့်ကျွတ်" မန္တန်ကောင်းတစ်ခု ဖြစ်မလာဟု အသူဆိုဝံ့ပါအံ့နည်း။

(၁) သူခိုက်ပွားဝင်စားတတ်တဲ့သူ၊

(၂) မြင်တိုင်းလိုချင်လို့၊

(၃) စာသာသင် စာမရေး မနိုင်နှင့်၊

(၄) စာရေးလျှင် ပြင့်မတည်းတဲ့ပြင်၊

(၅) ကပ်ဆည်း သဿုရ(ယောက္ခမ) ယမ်းခဘိမူ၊

(၆) မျိုးဆွေပေသုညနှင့် (ကတွန်းကတိုက်ပြုခြင်း)

(၇) မိန်းမ မခွာအား၊

(၈) အများလက်ခံသူ၊ မှတ်ယူရစ်ဦး

မှန်ဘိစေ၊ ပဏ္ဍိမဟူစေနှင့်၊ ဇမ္ဗူမြေ မြလျှံပိုင်းမှာ ရိုင်းခေါင်ထိမှူး။

## (၄)

လောက၌ "မ" သုံးလုံး ကြောက်စရာကောင်းလှ၏။

(၁) မူးခြင်း

(၂) မော်ခြင်း

(၃) မေ့ခြင်း

ဤ မသုံးလုံးကို အဓိပ္ပာယ်ဖွင့်လျှင်–

"မူး" အတွက် စာအုပ်ကြီးတစ်အုပ်၊

"မော်" အတွက် စာအုပ်ကြီးတစ်အုပ်၊

"မေ့" အတွက် စာအုပ်ကြီးတစ်အုပ် ထုတ်ဝေ ဖြန့်ချိရသည်အထိ ကျယ်ပွားလာနိုင်ပါသည်။ အောက်ပါ ပါဠိမန္တန်ကလေးကို ရွတ်မန်းနေဖို့ မကောင်းပါလား။

တထာ တထာ ဖလ ဘရိတောဝိယသာလိသုဠုတရ

သြနမထိ (မူလပံ၊ ဝိမံသကသုတ် အဠကထာ)

"ထင်ရှားလေလေ ကြီးပွားလေလေ လူကောင်းသည် အလေးနှံ အဆန်ထည့် သည့်အလား မကြွား မကြွ ငိုက်စိုက်ကျ၏"

လောက၌ လူတစ်ယောက်သည် ကံကောင်းထောက်မ၍ တစ်လှည့် တစ်ပတ် ကြီးပွားလာ၏။ နေရာကောင်းရ၏။ ထွန်းကား စည်ပင်လာ၏။ ပြည့်ပြည့်စုံစုံ ဖြစ်လာ၏။ နာမည်ကောင်း ထွက်လာ၏။ အတိုချုပ်၍ ပြောရသော် ကောင်းစားလာ၏။ ထိုအခါ ထမင်းအိုး ဝေလာသောအခါ အမြုပ်တွေ အညှီတွေ ထွက်တတ်လာသကဲ့သို့ မူးခြင်း၊ မော်ခြင်း၊ မေ့ခြင်း

အမြုပ်တွေ အညှိတွေ ထ၍ ဝေကျတတ်သည်။ ထမင်းအိုးတစ်လုံး ကောင်း ကောင်း ကျက်နပ်ဖို့ပင် သတိကြီးစွာ ထားရသေးသည်။ ဘဝတစ်ခု နပ်နပ် နူးနူးဖြစ်ဖို့ အဘယ်မှာ သတိမထားဘဲနေ၍ သင့်ပါအံ့နည်း။ အောက်ပါမန္တန်ကို နာနာဖိရွတ်ပါ၊ မသုံးလုံး ကြွေသွားပါလိမ့်မည်။

"ကောင်းကျိုးအလျောက်၊ ကောင်းရာရောက်၍
ကောင်းမြောက်စည်ပင်၊ ကောင်းအင်ခွင်နှင့်
ကောင်းထင်ကောင်းကျော်၊ ကောင်းတုံသော်လည်း
မူးမော်လှည့်တွန်၊ မမေ့ကျန်နှင့်၊ တစ်ဖန်ဒုက္ခ၊ ယုတ်ရာကျအံ့"

(ဘုံခန်းပျို့)

ဦးဆန်းထွန်း (မန်းတက္ကသိုလ်)





# ပရိတ်တော်နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများ

ပရိတ်တော်ဟူသော စကားမှာ ပရိတ္တဟူသော ပါဠိမှ ဆင်းသက်လာခြင်း ဖြစ်ပေသည်။

ပရိတ္တ၏ အနက်မှာ အရံအတားကို ဆိုလိုကြောင်း ပရိတ်တော်၏ အဖွင့်ကျမ်းများ၌ အတိအကျ ဖော်ညွှန်းပြသထားပေသည်။ ယင်းကဲ့သို အဓိပ္ပာယ်ဖွင့်ပေးထားသဖြင့် ပရိတ်ရွတ်ဖတ်ကြသူ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် မမြင်ရသော ဘေးအန္တရာယ် အသွယ်သွယ်တို့ မပေါ်ပေါက် မကျရောက်စေရန် ကြိုတင်တားဆီးလျက် "ဘေးကြီးမရောက်၊ လွင့်ပြယ်ပျောက်၍၊ ပြီးမြောက်သိဒ္ဓိ တန်ခိုးရှိစေသော" အကျိုးအမြတ် ဖြစ်ထွန်းစေသည်ကို "ပရိတ်တော်" ဟု ခေါ်ဆိုသတ်မှတ် ရွတ်ဖတ်ကြသည်ဟူ၍ အနှစ်သာရအားဖြင့် ပြန်ဆိုရပေမည်။

ထို့ကြောင့် ပရိတ်တော်များကို ရှေးပညာရှိ ဆရာကြီးများက ဥုံရှေ့က ခံကာ မန္တန်တော်မြတ်များ 'ဟု ခေါ်ဝေါ်ရွတ်ဆိုသုံးစွဲခဲ့ကြသလို အချို့ပညာရှင်များကလည်း ဩောင်း ထပ်ကာ လောကီသိဒ္ဓိအမျိုးမျိုးကို ဖွင့်နှိုးပေါက်မြောက်စေရန် စီရင်သုံးစွဲခဲ့ကြပေသည်။

မည်သို့ပင်ဖြစ်စေ ပရိတ်တော်ဟု ခေါ်ခေါ်၊ ဂါထာတော်ဟု ခေါ်ခေါ် မန္တန်ကော်ဟု ခေါ်ခေါ် ယင်းပါဠိတော်များမှာ မြတ်စွာဘုရား၏ ပိဋကဒေသနာတော်များ ဖြစ်သဖြင့် မွန်မြတ်လှ တန်ဖိုးရှိလှသည် ဖြစ်ရာ–

ဗုဒ္ဓပရိတ်တော် မန္တန်တော်များအကြောင်း သိအောင် နားလည်အောင် ဖတ်ခြင်း မှတ်ခြင်း ရွတ်ဆိုခြင်းဖြင့်လည်းကောင်း၊ ရွတ်ရာဖတ်ရာ ပွားများရာ၌

ကြည်ညိုသဒ္ဓါ ပီတိဖြာသော စိတ်ဖြင့်လည်းကောင်း ရွတ်ဖတ်ပါလျှင် ဗုဒ္ဓ၏ အလိုတော်ကျ မင်္ဂလာတရားတော်နှင့် ကိုက်ညီသောသူ ဖြစ်ကြောင်း ဂုဏ်ယူနိုင်ပါသည်။

ထိုနည်းတူစွာ စနစ်တကျ ရွတ်ဖတ်ပွားများသူတို့၏ ပရိတ်တော် မန္တန်တော် အသံကို မိမိက ယုံယုံကြည်ကြည် လေးလေးစားစားဖြင့် သဒ္ဓါတရားရှေထားကာ နားကြားပါလျှင်လည်း ဗုဒ္ဓအလိုတော်ကျ မင်္ဂလာ တရားတော်နှင့် ကိုက်ညီသောသူဖြစ်ကြောင်း ဂုဏ်ယူနိုင်ပါလိမ့်မည်။

ဗုဒ္ဓသာသနာအဓွန့်ရှည်ကာ ကမ္ဘာသို့ပျံ့နှံ့စေလိုသော ဗုဒ္ဓဘာသာဝင် အကြင် သူတော်စင်အပေါင်းတို့သည် မိမိတို့နှလုံးသည်းပွတ်၌ အလေးအနက်ပင် သက်ဝင်ယုံကြည်နေကြရန်လည်း အထူးလိုအပ်လှပါသည်။ "ယုံကြည်ချက်" ဟူသည် အရာရာတိုင်း၌ ပင်မအားပေး တန်ခိုးကြီးပင် ဖြစ်သည်။

သို့ရာတွင် ဗုဒ္ဓသာသနာ ဗုဒ္ဓဘာသိတ ဒေသနာတော်များကို ဗွတ်မိုတ်၍ ယုံကြည်ရန် မတိုက်တွန်း၊ လက်တွေ့ ကျင့်သုံးခြင်းဖြင့် ဘယ်လို အကျိုးဖြစ်ထွန်းစေသည်ကို တိတိကျကျ လိုက်နာ၍သာလျှင် ယုံကြည်အားထားရမည် ဖြစ်ပါသည်။

## ပရိတ်တော် ရွတ်ဖင်တတ်ရန် သင်ကြားသင့်ပုံ

ဗုဒ္ဓပရိတ်တော်များသည် မြန်မာစကားပြေဖြင့် မဟုတ်ဘဲ မာဂဓဘာသာ ဂါထာ စုဏ္ဏိယပါဠိတော်ဖြင့် ရှိနေလေရာ ယေဘုယျအားဖြင့် ပရိတ် ရွတ်ဖတ်ကြသူများသည် ပါဠိဘာသာနှင့် မနီးစပ် အလှမ်းဝေးနေကြသူများသာ ဖြစ်နေကြသဖြင့် ရွတ်ဖတ်ရာ၌ အခက်အခဲနှင့် ရင်ဆိုင်၍ မချောမွေ့ဘဲ ရှိနေကြမည်မှာ အမှန်ပင် ဖြစ်ပေသည်။

ယင်းအခက်အခဲကို ကျော်လွှားနိုင်ရန် သူတော်စင်များ၏ ကျင့်မြတ်စာဂီ ပါရမီကို တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်စွမ်းသောအားဖြင့် ပရိတ်ကြီးပါဠိတော်နှင့် ပါဠိဘာသာများကို အသံထွက်မှန်ကန်စွာဖြင့် လွယ်ကူစွာ ဖတ်ရှုနိုင်ကြစေရန် ရည်သန်ရှိရင်း နှလုံးသွင်းဖြင့် ဤမည်သော "ပါဠိရွတ်နည်း အပါအဝင် ဂါထာမန္တန်" စာအုပ်ကို ကျွန်ုပ်တို့အနေဖြင့် စီရင်ရသည် ဖြစ်ပါကြောင်း ပြောလိုပါ၏။

မြန်မာသင်ပုန်းကြီး စာအုပ်ကို ကြေကြေညက်ညက် လေ့ကျက်သင်ယူပြီးသူတိုင်း ဖေါ်ပြပါ ပရိတ်ကြီးနှင့် ဂါထာမန္တန်များ ကို မှန်မှန်လေ့လာဖတ်ရှုသွား

ပါက ပရိတ်တော် ဂါထာတော်တို့ကို ရွတ်ဖတ် သရဇ္ဈာယ် ပူဇော်ကြလိုသူ သူတော်စင် ဗုဒ္ဓဘာသာဝင်တို့အတွက် အခက်အခဲမရှိ ပါဠိများကို လွယ်ကူစွာ ဖတ်ရှုနိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ထိုမှတစ်ဆင့်တက်၍ တတ်မြောက်နိုင်ရေးအတွက် မိမိတို့ကိုးကွယ်ရာ ဆရာတော် သံဃာတော်များထံ၌ လည်းကောင်း၊ ရပ်ကွက်အတွင်းရှိ ပရိတ်တော် ရွတ်ပွားဝတ်အသင်းများတွင် ပါဝင်ရွတ်ဆိုကာ ပါဠိဘာသာ ကျွမ်းကျင်လိမ္မာ ခေါင်းဆောင်ပရိတ်ဆရာ အထံတွင် လည်းကောင်း သင်ကြားပါက ဧကန်ပင် တတ်မြောက်သွားမည် ဖြစ်ပေသည်။

ထို့ပြင်တဝ သာသနာရေးဦးစီးဌာန သံဃနာယကအဖွဲ့ ဆရာတော်များ စီစဉ်ပေးသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ၊ မြို့နယ်အနှံ့ သင်ကြားပေးနေပြီဖြစ်ရာ လူမျိုးမရွေး၊ ကျားမ မရွေး၊ အရွယ်မရွေး သင်ကြားပေးနေသောကြောင့် ယင်းသင်တန်းများကို တက်ရောက် သင်ကြားပေးပါက ပရိတ်တော် ပါဠိရွတ်ဖတ်နည်းများကို တတ်သိနားလည်လာမည် ဖြစ်ပေသည်။

အခြေခံသင်တန်းဖြစ်သဖြင့် မှုမှန်ကျကျ စနစ်နှင့် တတ်ကြစေရန် သင်ကြားပေးနေခိုက် မှန်မှန်တက်ရောက် သင်ကြားလျက် ပရိတ်တော် ရွတ်ဖတ်ပုံ ရွတ်ဖတ်နည်းသာမက သိသင့်သိထိုက်သော ဘာသာရေး ဗဟုသုတများကို ပါရအောင် စုဆောင်းထားသင့်ပေသည်။

နွေရာသီကျောင်းပိတ်ရက်တိုင်း သင်ကြားပေးနေသော သင်တန်းရှိနေသဖြင့် ကျောင်းသူကျောင်းသားများရော မိဘများပါ တက်ရောက် သင်ကြားခြင်းအားဖြင့် ပရိတ်ရွတ်ပါဠိဖတ်နည်းကို စာတွေ့ရော လက်တွေ့ပါ တတ်မြောက်နိုင် ကြပေမည်။

သံနေသံထား လေယူလေသိမ်းတို့မှာ စာဖြင့်ရေးပြခြင်းထက် ကိုယ်တွေ့အသံထွက်ကိုကြားရမှ ပိုမို၍မှန်ကန်မည် ဖြစ်ပါသည်။ ဝတ်ရွတ်သံသည် ညီညာဖြိုဖြို သပ်ရပ်ခံ့ထည်ဖြစ်ပါမူ ကြားရသူ၏ ဟဒယနှလုံးအိမ်တွင် အစဉ်စွဲငြိလျက် ကြည်နူးမှုရသကို ကိုယ်လုံးထုံမြိန့် ကျော့စိမ့်အောင်ပင် ခံစားရပြီးသကာလ ပရိတ်တော်အာရုံ မွေ့ထုံသက်ဝင် လာကြသည့် အစွမ်းသတ္တိထူးများ မုချပင် ရရှိခံစားကြရမည် ဖြစ်ပေသည်။

## ကြည်ညိုဖွယ် ရွတ်ဖတ်တတ်ရန်

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ပရိတ်တော်ဒေသနာတော်များသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ဗုဒ္ဓ၏ ကိုယ်တော်စား ထားခဲ့သော

အဆုံးအမတော်များ ဖြစ်သဖြင့် ကြည်ညိုဖွယ် ဖြစ်အောင် ရွတ်ဖတ်ကြမှသာ လေးစားရာ ရောက်ပေမည်။

ထို့ကြောင့် ပရိတ်တော်ဒေသနာကို ရွတ်ဖတ်သရဇ္ဈာယ်မည့် ပုဂ္ဂိုလ်များသည် အောက်ပါအချက်အလက်များကို လိုက်နာသင့်ပေသည်။

(၁) ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ရေချိုးခြင်း။

(၂) လျှော်ဖွပ်ပြီး သန့်ပြန့်သော အဝတ်ကို ဝတ်ဆင်ခြင်း။

(၃) ဝမ်းဗိုက်တောင့်တင်း မအောင့်အင်းစေရန် သင့်တင့်ရုံမျှသာ စားသောက်ထားခြင်း။

(၄) ပတ်ဝန်းကျင် ဆူညံမှု မဖြစ်စေရန် စီစဉ်ထားခြင်း။

(၅) ရွတ်ဖတ်သည့်နေရာ သန့်ရှင်းစွာ သုတ်သင်ထားခြင်းတို့ ဖြစ်ပေသည်။

ဤကဲ့သို့ သန့်ပြန့်စွာ စီစဉ်ထားသော နေရာတွင် သန့်ရှင်းစင်ကြယ်စွာ ရေချိုး၊ သန့်ပြန့်စွာ ဝတ်ဆင်ထားသော ခန္ဓာကိုယ်ဖြင့် မြတ်စွာဘုရားကို အာရုံပြု ရွတ်ဖတ်သင့်ပေသည်။

ပရိတ်တော် ရွတ်ပွားရာတွင် ဝေး-နီး လေညာ၊ မြင့်ရာရှေ့နောက် အပြစ်ခြောက်ပါးကင်းကွာ ဗုဒ္ဓရုပ်ပွားတော်နှင့် မနီးလွန်း၊ မဝေးလွန်းသော သင့်တင့်လျောက်ပတ်သောနေရာ ဖြစ်သင့်ပေသည်။

ပရိတ်တော်ရွတ်ရာ၌ပြည့်စုံရမည့် အင်္ဂါ(၃)ရပ်ကိုလည်းရှေးဆရာမြတ်များ၏ ကျမ်းအသီးသီးတို့တွင် ပြဆိုထားပေသည်။

ထိုအင်္ဂါ(၃)ရပ်မှာ–

၁။ ပရိတ်တော်၏ ပါဠိအက္ခရာများကို စနစ်တကျ အသံထွက် ပီပြင်အောင် ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်တတ်ခြင်း။

၂။ မိမိရွတ်ဖတ်သော ပရိတ်တော်အပေါ်၌ ယုံကြည်မှုအပြည့်ရှိခြင်း၊ ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာသိရှိနားလည်ခြင်း။

၃။ မိမိရွတ်ဖတ်သော ပရိတ်ဒေသနာ ကြားနာသူတို့အပေါ်၌ မေတ္တာကရုဏာ အပြည့်အဝဖြင့် လာဘ်လာဘကို မငဲ့ကွက်ဘဲ ရွတ်ဖတ်ခြင်း။

စသည်တို့နှင့် ပြည့်စုံရမည် ဖြစ်လေသည်။ ထိုအင်္ဂါရပ်များနှင့် ညီညွတ်စွာ ရွတ်ဖတ်ပါက များစွာသော ကောင်းကျိုးအမျိုးမျိုးတို့ ရရှိနိုင်လေသည်။

## ကြည်ညိုဖွယ်ရာ ပရိတ်နာသူ

ပရိတ်ရွတ်ဖတ်သူ၌ အင်္ဂါ(၃)ပါးရှိသလို ပရိတ်ရွတ် နာသူများလည်း အင်္ဂါ(၃)ပါးနှင့်အညီ နာယူမှ အကျိုးရှိလေသည်။ ဤအချက်အလက်တို့ကို

လည်း သိရှိထားမှသာ ပရိတ်တော်မြတ်၏ အကျိုးကျေးဇူးတရားကို ခံစားနိုင်ကြပေမည်။

ပရိတ်နာယူသူတို့၌ ရှိရမည့် အင်္ဂါ(၃)ပါးမှာ–

(၁) အမိအဖသတ်ခြင်း စသော ပဉ္စာနန္တရိယကံ မရှိခြင်း။

(၂) အယူမှားသော မိစ္ဆာဒိဋ္ဌိဝါဒတို့မှ ကင်းလွတ်ခြင်း။

(၃) ပရိတ်တော် တန်ခိုးကို စွဲမြဲစွာ ယုံကြည်ခြင်း။

ထိုအင်္ဂါရပ်များနှင့် ပြည့်စုံမှသာ ပရိတ်တော်ဒေသနာ နာရခြင်းအကျိုးအပြည့်အဝ ရရှိနိုင်လေသည်။

## နေ့အလိုက် ပရိတ်ရွတ်ခဲ့ကြပုံ

ဗုဒ္ဓဘာသိတ မန္တန် ပရိတ်ဒေသနာတော်များကို နေ့အလိုက်သတ်မှတ်လျက် တနင်္ဂနွေနေ့မှသည် စနေနေ့တိုင်အောင် အလှည့်ကျ ရွတ်ဆိုသည့် အစီအစဉ်တစ်ရပ်ကိုလည်း ရှေးဆရာမြတ်တို့ သတ်မှတ်ထားခဲ့ဖူးလေသည်။

ပရိတ်တော်မြတ်ကို နေ့အလိုက် ရွတ်ဆိုရန် ပညာပြည့်ဝန်း ရှေးရှေးသောသူတော်မွန်တို့ စီစဉ်ခဲ့ပုံမှာ–

၁။ တနင်္ဂနွေနေ့တွင် သမန္တာမှစ၍ မင်္ဂလသုတ် အကုန်ထိ။

၂။ တနင်္လာနေ့တွင် ရတနသုတ်။

၃။ အင်္ဂါနေ့တွင် မေတ္တသုတ်။

၄။ ဗုဒ္ဓဟူးနေ့တွင် ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်။

၅။ ကြာသပတေးနေ့တွင် ဓဇဂ္ဂသုတ်။

၆။ သောကြာနေ့တွင် အာဋာနာဋိယသုတ်။

၇။ စနေနေ့တွင် အင်္ဂုလိမာလသုတ် ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်။

ပရိတ်တော်များ နေ့အလိုက် ရွတ်ဆိုပြီးတိုင်း မေတ္တာပို့ရမည်။ အမျှပေးဝေရမည်။

အချို့က တနင်္ဂနွေနေ့ ပရိတ်တော် တစ်သုတ်မှ သုံးသုတ်ထိရွတ်၍ မေတ္တာပို့ အမျှပေးဝေရမည်။

တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး ပရိတ်တော်တစ်သုတ် လက်ကျန်ကို မှတ်၍ အခြားပရိတ်များကို ရွတ်ဖတ်ကြသည်။ ဒေသအလိုက် အသင်းအဖွဲ့အလိုက် မိမိတို့ သဘောတူ ညီညွတ်သလို ရွတ်ဆိုကြသည်။

ဗုဒ္ဓ၏ မုက္ခပါဌ် ပါဠိတော် ဒေသနာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် အခြား ကောင်းမြတ်သော အမှုကိစ္စတို့ကို ပြုလုပ်ရာဝယ် ဘယ်နေ့

ဘယ်အချိန် ပြုလုပ်ရမည်ဟု သတ်မှတ်ချက် မရှိပါပေ။ မိမိအားလပ်မှု ရသည့်အချိန်တွင် ပရိတ်တော်ဒေသနာများကို ရွတ်ဖတ်သရဇ္ဈာယ်မှု ပြုလုပ်သည်နှင့်တစ်ပြိုင်တည်း ပြုလုပ်သူကို အမြန်မနေး အကျိုးပေးသဖြင့် "မည်သည့်နေ့၊ မည်သည့်အချိန်" ဟု သတ်မှတ်ပြဋ္ဌာန်းမှု ဥပဒေသ မရှိပါပေ။ ဝယမ္မော သန်္ဒါရာ အပ္ပနာဒေန သမ္မာဒေထ ဟူသော အဆုံးအမတော်အရ ထာဝစဉ်အချိန်တိုင်း ဓမ္မဒေသနာ အဆုံးအမတော် တစ်ခုခုကို စိတ်လက်ကြည်သာ သက်ဝင်နေခြင်းသာ ပဓာန ဖြစ်ပေသည်။

ပရိတ္တ-ပရိတ်ဟူသည် "ပရိသမန္တတော တာယတိ ရက္ခတီတိပရိတ္တံ" ဟူသော ဝိဂ္ဂြိုဟ်အရ ထက်ဝန်းကျင် အရပ်မျက်နှာတို့မှ အထူးထူး အထွေထွေ ကျရောက်တတ်သော ဘေးဥပဒ်အန္တရာယ် အနှောင့်အယှက် အမျိုးမျိုးတို့ကို ကာကွယ်စောင့်ရှောက် တတ်သောကြောင့် ပရိတ်မည်၏။

## ပရိတ်ရွတ်ဖတ်မည့်သူ ပြည့်စုံရမည့်အချက်များ

၁။ ပရိတ်တော်ကို ရိုသေလေးစားသည့် အနေအထားရှိခြင်း။
၂။ ပရိတ်တော်၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ခြင်း။
၃။ ပရိတ်တရားတော်၌ ယုံကြည်မှု အပြည့်အဝရှိခြင်း။
၄။ လာဘ်လာဘကို မငဲ့ကွက် မမျှော်လင့်ခြင်း။
၅။ ပရိတ်တရားတော် နာယူသူတို့အပေါ်၌ သန့်ရှင်းသော မေတ္တာစိတ်၊ သနားစိတ် ကရုဏာစိတ်ရှိခြင်း။
၆။ အသံထွက်၍ ရွတ်ဆိုခြင်း။
၇။ ပုဒ် ပါဠ် အက္ခရာ ပီသမှန်ကန်အောင် ရွတ်ဆိုခြင်း။

ဤ အင်္ဂါခုနစ်တန်နှင့် ပြည့်စုံလျှင် ရွတ်ဖတ်သူတို့အတွက် တာဝန်ကျေ၍ ပရိတ်တော်အကျိုး ရရှိခံစားရပေမည်။

## ပရိတ်နာယူသူ ပြည့်စုံရမည့်အချက်များ

၁။ ပရိတ်တော်ကို ထက်သန်သော သဒ္ဓါတရား ယုံကြည်မှု အပြည့်အဝဖြင့် ရိုသေလေးစားစွာ နာယူခြင်း။
၂။ အမိအဖကို သတ်ခြင်းစသော ကြီးစွာသော ပဉ္စာနန္တရိယ ကံကြီး ငါးပါးမှ လွတ်ကင်းသူဖြစ်ခြင်း။
၃။ ဖောက်ပြန်စွဲလမ်းသော နိယတ မိစ္ဆာဒိဋ္ဌိအယူ မရှိသူ ဖြစ်ခြင်း။

ဤ အင်္ဂါသုံးတန်နှင့် ပြည့်စုံလျှင် နာယူသူတို့အတွက် တာဝန်ကျေ၍ ပရိတ်တော်အကျိုး ရရှိခံစားရပေမည်။

## ပရိတ်တော် ရွတ်ဖတ်ရကျိုး

အစိန္တေယျ၊ ဂုဏ်ပေါင်းခသည့် လောကတန်ဆောင်၊ ငါးမာရ်အောင်ဟု၊ ဘုန်းရောင်လျှံကြွား၊ ရှင်တော်ဘုရား၏ ဟောကြားညွှန်ပြီး ပရိတ်ကြီးလာ အကျိုးမှာကား-

၁။ မဟာမင်္ဂလသုတ်၊ ကျိုးညွှန့်ထုတ်သော်၊ လောကုတ်လောကီ၊ နှစ်လီမင်္ဂလာ၊ ချမ်းသာကောင်းကျိုး၊ ရွာသွန်းမိုးသို့၊ စွေဖြိုးလျှံပ၊ တိုးပွားလှ၏။

၂။ သုတ်ရတန၊ သုံးကြိမ်ဖတ်က၊ သတ်ဖြတ်ခန္ဓာ၊ ရောဂါဥပဒ်၊ ငတ်မွတ်ခေါင်းပါး၊ ကပ်သုံးပါးတို့၊ ရှောင်ရှားပြေးကြ၊ ငြိမ်းအေးလှ၏။

၃။ မေတ္တသုတ်မှာ၊ ဒေဝနတ်များ၊ ချစ်ခင်ပွား၍၊ ဆိုးရွားအိပ်မက်၊ မမြင်မက်ဘဲ၊ အိပ်စက်နိုးထ၊ ချမ်းသာရလျက်၊ ရန်စရန်ငြောင့်၊ မြန်ပျောက်လိုက ရွတ်ကြအဟုတ်၊ ခုနစ်အုပ်တည်း။

၄။ ခန္ဓသုတ်မွန်၊ ဆိပ်ထန်ဆိုးရွား၊ မြွေကင်းများနှင့်၊ သစ်ကျား၊ ဝံ၊ အောင်း၊ သားရဲပေါင်းတို့၊ ကွာရှောင်ဝေးရာ၊ ဖဲသွားခွာအောင်၊ ရွတ်ပါနေ့ည၊ ကိုးကြိမ်ပတည်း။

၅။ မောရသုတ်မှာ၊ ရာဇဝတ်ဘေး၊ ပြေး၍မလွတ်၊ မချုတ်ရောက်ငြား၊ ရှင်ဆိုင်ထား‌သော်၊ စိတ်အားမပျက်၊ နေထွက်နေဝင်၊ မြဲလျှင်မပြတ်၊ ရွတ်ဆိုအပ်၏။

၆။ ဝဋ္ဋသုတ်မှာ၊ ရွာမီး၊ မြို့မီး၊ တောမီးမကျန်၊ မီးဘေးရန်မှ၊ အမှန်မုချ၊ ကင်းဝေးရ၏။

၇။ ဓဇဂ္ဂသုတ်မှာ၊ ပြင်းစွာကြောက်လှ၊ တုန်လှုပ်ကြ၍၊ စိတ်ကချောက်ချား၊ ထိတ်လန့်များလျက်၊ ကြောက်အားဖိစီး၊ ကြက်သီးဖြန်းလာ ရွတ်ဆိုရာ၏။

၈။ အာဋာနာဋိယ၊ ရွတ်ဖတ်ကြလေ၊ တစ္ဆေ, မှင်စာ၊ မာတြာမြေဖုတ်၊ ဖုတ်၊ သဘက်၊ ကျတ်၊ နတ်ဆိုးမကျန်၊ ကုမ္ဘဏ်၊ ဘီလူး၊ ထူးထူးနှောင့်ယှက်၊ နှိပ်စက်မရှိ၊ ချမ်းသာဘိ၏။

၉။ အင်္ဂုလိမာလ၊ သုတ်အရမူ၊ မိန်းမဓမ္မတာ၊ မီးဖွားခါနီး၊ ဆင်းရဲကြီးက၊ မညည်းသန့်စင်၊ ဖွားမြင်စေလို၊ ရေကိုသုံးခါ၊ စစ်ပြီးခါမှ၊ ခုနစ်ခါ

မန်းတိုက်၊ ကိုယ်၌ဓာတ်ဝင်၊ ဘေးဘျမ်းစင်၏။

၁၀။ ဗောဇ္ဈင်သုတ်မြတ်၊ သုံးကြိမ်ဖတ်မူ၊ ဓွဲလတ်ရောဂါ၊ ဝေဒနာမှာ၊ ပိန်းကြာဖက်တွင်၊ ရေမတင်သို့၊ ကြည်လင်အေးမြ ချမ်းသာရ၏။

၁၁။ ပုဗ္ဗဏှသုတ်ကို၊ ရွတ်ဖတ်ဆိုသော်၊ ဂြိုဟ်စီးဂြိုဟ်နင်း၊ ဆိုးရွားကင်းရှင်း၊ နိမိတ်ဆင်းကြမ္မာ၊ ဆိုးဒုသာနှင့်၊ ဇာတာစန်းလဂ်၊ ညှိုးနွမ်းချက်မှ၊ ဆက်ဆက်မုချ၊ လွတ်ကင်းကြသည်၊ ဒိဋ္ဌလက်ငင်း၊ ကောင်းကျိုးတည်း။

## ပရိတ်တော်ရွတ်ချိန်ကာလ

၁။ ရွတ်ကြဖတ်ကြ၊ ပရိတ္တ၊ ခပ်သိမ်း ချိန်ကာလ။

၂။ ပရိတ်တော်မြတ်၊ ရွတ်ဆိုအပ်၊ မှတ်ကြချိန်ကာလ။

၃။ မင်္ဂလမေတ္တာ၊ နှစ်ဝထိုသုတ်၊ ပြုလုပ်မင်္ဂလာ၊ အိမ်တက်ရာ၊ မှန်စွာရွတ်ဆိုကြ။

၄။ အန္တရာယ်ဥပဒ်၊ ဖြစ်တုံလတ်၊ ရွတ်ဖတ်ရတန။

၅။ ရန်ငြိုးဖွဲ့ခါ၊ ထိတ်လန့်ခါ၊ ရွတ်ပါသုတ်မေတ္တာ။

၆။ မြွေကင်းထူပြော၊ အန္တရာယ်တော၊ ရွတ်တော့သုတ်ခန္ဓ။

၇။ မင်းဘေးကြုံသော်၊ လွတ်ရန်မျှော်၊ ရွတ်နော် သုတ်မောရ။

၈။ မီးဘေးသင့်က၊ မှန်မုချ၊ ရွတ်ကြသုတ်ဝဋ္ဋ။

၉။ စစ်ဘေး၊ စစ်မီး၊ တောက်လောင်ညီး၊ အပြီးရွတ်ကြ ဓဇဂ္ဂ။

၁၀။ နာနာဘာဝ၊ နှောင့်ယှက်က၊ ရွတ်ကြအာဋာနာဋိယ။

၁၁။ မီးဖွားသန့်စင်၊ ခက်ခဲလျှင်၊ သုတ်အင်္ဂုလိမာလ။

၁၂။ ရောဂါဝေဒနာ၊ ဖြစ်သောအခါ၊ ရွတ်ပါ ဗောဇ္ဈင်။

၁၃။ စန်း-လဂ်ဇာတာ၊ ညှိုးသောခါ၊ ရွတ်ပါပုဗ္ဗဏှ။

၁၄။ ကာယသုခ၊ စိတ်သုခ၊ မုချရကုန်ကြ။

ပရိတ်ကြီး ၁၁-သုတ် အညွှန်းပြီး၏။

# ပါဌ်ဆင့်အသံထွက်ပုံအကျယ်

## ၁။ က–ဂ–ဆင့် ဖတ်ထုံးလင်္ကာ

က။ အ–နှင့်ဩ–နောက်၊ က–ဂ–ရောက်၊ မဖောက်(က)သက်ပါ။

ခ။ ဣ–ဥ–နောက်ပါး၊ က–ဂ–များ၊ မမှား(တ) သတ်ပါ။

**ရှင်းလင်းချက်။** အ–နှင့် ဩ–နောက်" ဆိုရာ၌ သရကို ပဓာနပြု၍ ဆိုထားသော်လည်း သရကိုသာ မယူလင့်။ အ–သရ၊ ဩ–သရနှင့်တကွ အ–သရဆုံးသောဗျည်း၊ ဩ–သရဆုံးသော ဗျည်းတို့ကိုပါ ယူရမည်။

"က–ဂ" ရောက် ဆိုရာ၌ က–ဂ အပေါ်ဆင့်ရှိသော အက္ခရာများကို ဆိုလိုသည်။ ဆင့်–ဟူရာ၌လည်း ပုံတူဆင့်, ပုံမတူဆင့်, ဝဂ်တူဆင့်, ဝဂ်မတူဆင့်, အားလုံးပင် မှတ်အပ်၏။

နောက်နောက် လင်္ကာများ၌လည်း ဤနည်းတူ သိအပ်၏။ ရှင်းလင်းချက်ကိုကား အက္ခရာဆင့် ပြယုဂ်ပုံစံများကို ထုတ်ပြခြင်းဖြင့် အလွယ်တကူ ရှင်းလင်းသိသာလောက်ပြီ ဖြစ်သောကြောင့် အထူးထုတ်ဆောင်ပြဆိုခြင်း မပြုတော့ပြီ။

### [က–ဂ–ဆင့်ပုံစံများ]

(က) စက္က=စက်က။ စက္ခု=စက်ခု။ သဂ္ဂ=သက်ဂ။ အနဃ္ဃ=အနက်ဃ။ ဝေါက္ကန္တိ=ဝေါက်ကန်တိန်။ မောက္ခံ=မောက်ခံ။ မောဂ္ဂလ္လာနံ=မောက်ဂန်လာနံ။ သက္ယ=သက်ကျ။ ဘဂျဝါ=ဘက်ဂျဝါ။ (အ–နှင့်ဩ နောက်က သတ်သံထွက်ပုံ)

(ခ) အဘိက္ကန္တာယ=အဘိတ်ကန်တာယ။ သုသိက္ခိတော =သုသိတ်ခိတော။ ဝိဂ္ဂဟ=ဝိတ်ဂဟ။ နိက္ကာမိနော=နိတ်ကာမိနော။ ကုက္ကုရ= ကုတ်ကုရ။ ဒုက္ခ=ဒုတ်ခ။ ပုဂ္ဂလ=ပုတ်ဂလ။ (ဣ-နှင့် ဥ-နောက် တ-သတ်သံထွက်ပုံ)

## ၂။ စ-ဇ-ဆင့် ဖတ်ထုံးလင်္ကာ

က။ အရဲ့နောက်တွင်၊ စ-ဇ-မြင်၊ (စ) ပင်သတ်လေပါ။
ခ။ ဣ-နှင့် ဥ-နောက်၊ စ-ဇရောက်၊ မဖောက် (တ) သတ်ရာ။
ဂ။ ဩရဲ့ နောက်ပါး၊ စ-ဇများ၊ မှတ်သား(အွတ်) သံသာ။

## [ စ-ဇ-ဆင့် ပုံစံများ။ ]

(က) သစ္စံ=သစ်စံ။ ပစ္စုပ္ပန္န=ပစ်စုတ်ပန်န။ တိရစ္ဆာန=တိရစ်ဆာန။ မစ္ဆေရ =မစ်ဆေရ။ အဇ္ဇ=အစ်ဇ။ အနဝဇ္ဇ=အနဝစ်ဇ။ ယဒိဇ္ဈာဂါ=ယဒစ်ဈာဂါ။ မဇ္ဈိမ= မစ်ဈိမ။ အဇ္ဈာသယ=အစ်ဈာသယ။ (အ-နောက် စ-သတ်သံထွက်ပုံ)

(ခ) ကိစ္စ=ကိတ်စ။ ဝိစ္ဆိက=ဝိတ်ဆိက။ မိစ္ဆာ=မိတ်ဆာ။ ဝိနိစ္ဆယ =ဝိနိတ်ဆယ။ ဝိဇ္ဇာ=ဝိတ်ဇာ။ ဣစ္ဆာသယ =အိတ်ဆာသယ။ အဘိဇ္ဈာ =အဘိတ်ဈာ။ ဒုစ္စရိတ=ဒုတ်စရိတ။ ပုစ္ဆာ =ပုတ်ဆာ။ ဗုဇ္ဈိတွာ =ဗုတ်ဈိတ်တဝါ။ (ဣ-နှင့် ဥ-နောက် တ-သတ်သံထွက်ပုံ)

(ဂ) ဗောဇ္ဈင်္ဂ=ဗွတ်ဈင်ဂ။ ပါမောဇ္ဇ=ပါမွတ်ဇ။ အဇ္ဈောစ္ဆိန္န =အတ်ဘွတ်ဆိန်န။ (ဩ-နောက် အွတ်-သံထွက်ပုံ)

## ၃။ ဋ-ဍ-တ-ဒ-ပ-ဗ-ဆင့် ဖတ်ထုံးလင်္ကာ

က။ ဋ-ဍ-တ-ဒ၊ ပနှင့်ဗ၊ ဣ-ဥ-အ-နောက် (တ) သတ်ရာ။
ခ။ ဧ-နောက် (စ) သတ်၊ ဩ-နောက်မှတ်၊ ဖတ်လေ (အွတ်) သံသာ။

## [ဋ-ဍ-ဆင့် ပုံစံများ]

(က) အဋ္ဌ=အတ်ဋ္ဌ။ ကုဋ္ဌ=ကုတ်ဋ္ဌ။ ဃဋ္ဋန=ဃတ်ဋ္ဋန။ အဍ္ဎ=အတ်ဎ။ ပဍ္ဍာယ=ပတ်ဍာယ။ အဓိဋ္ဌေယျ=အဓိတ်ဌေယ။ ပတိဋ္ဌ=ပတိတ်ဌ။ သန္တုဋ္ဌိ= သန်တုတ်ဌိ။ ဖုဋ္ဌသ=ဖုတ်ဌတ်သ။ ခိဍ္ဍ=ခိတ်ဍ။ အဗ္ဘ =အတ်ဗ။ ဝဗ္ဘန္တိ= ဝတ်ဗန်တိ။ ဝုဗ္ဘိ =ဝုတ်ဗိ။ (ဣ-ဥ-အ-နောက် တ-သတ်သံထွက်ပုံ)

(ခ) သေဋ္ဌော=သစ်ဌော။ ဇေဋ္ဌံ=ဇစ်ဌံ။ သေဋ္ဌိ=သစ်ဌိ။ (ဧ-နောက် စ-သတ်သံထွက်ပုံ)

(ဂ) ကောဋ္ဌာသ=ကွတ်ထာသ။ ဖောဋ္ဌဗ္ဗ=ဖွတ်ထပ်ဗ။ (သြနောက် အွတ် သံထွက်ပုံ)

[တ–ဒ–ဆင့် ပုံစံများ]

(က) စိတ္တ=စိတ်တ။ ဗာတ္တိံသ=ဗတ်တိန်သ။ သတ္ထ=သတ်ထ။ သဗ္ဗတ္ထ= သတ်ဗတ်ထ။ သဒ္ဒါ=သတ်ဒါ။ သဒ္ဒါယတန=သတ်ဒါယတန။ သဒ္ဓါ= သတ်ဓာ။ သိဒ္ဓိ=သိတ်ဓိ။ ဗုဒ္ဓ=ဗုတ်ဓ။ အတြာ=အတ်တရာ။ ဥတြာသိ= အုတ်တရာသိ။ ဘဒြာနိ=ဘတ်ဒရာနိ။ ပတွာ=ပတ်တဝါ။ ဒတွာ=ဒတ်တဝါ။ (ဣ–ဥ–အနောက် တ–သတ်သံထွက်ပုံ)

(ခ) ခေတ္တ=ခစ်တ။ ဧတ္တာဝတာ=အစ်တာဝတာ။ မေတ္တာ=မစ်တာ။ အဘိဝါဒေတွာ=အဘိဝါဒစ်တဝါ။ (ဧ–နောက် စ–သတ်သံထွက်ပုံ)

(ဂ) သောတ္ထိနာ=သွတ်ထိနာ။ ပေါတ္ထက=ပွတ်ထက။ ဂေါတ္တ=ဂွတ်တ။ (သြ–နောက် အွတ်–သံထွက်ပုံ)

[ပ–ဗ–ဆင့် ပုံစံများ]

(က) သပ္ပေါ=သတ်ပေါ။ သိပ္ပဋ္ဌ=သိတ်ပင်ဌ။ သုပ္ပဋိပန္နော=သုတ်ပဋိပန် နော။ ဒုပ္ပညော=ဒုတ်ပင်ညော။ ပုပ္ဖ=ပုတ်ဖ။ သဗ္ဗ=သတ်ဗ။ ပုဗ္ဗ=ပုတ်ဗ။ နိဗ္ဗာန=နိတ်ဗာန။ ဂဗ္ဘ=ဂတ်ဘ။ ဒုဗ္ဘိက္ခ=ဒုတ်ဘိတ်ခ။ ဆဗ္ဗျာ=ဆတ်ဗျာ။ (ဣ–ဥ–အနောက် တ–သတ်သံထွက်ပုံ)

(ခ) ယောဗ္ဗနာ=ယွတ်ဗနာ။ ပေါနောဗ္ဘဝိကာ=ပေါနွတ်ဘဝိကာ။ (သြ–နောက်အွတ်–သံထွက်ပုံ)

## ၄။ င–ဉ ဆင့် ဖတ်ထုံးလက္ခဏာ

(က) အ–ရဲ့နောက်တွင် င–ဉ–မြင်၊ ဖတ်လျှင် (င) သတ်ပါ။

(ခ) ဣ–ဥ–ဆုံးနောက်၊ င–ဉ–ရောက်၊ မဖောက် (န) သတ်ရာ။

[င–ဉ–ဆင့် ပုံစံများ]

(က) မင်္ဂလ=မင်ဂလ။ သင်္ခါရ=သင်ခါရ။ ပဉ္စလီသံ=ပင်စသီလံ။ ပညာ= ပင်ညာ။ အညမည=အင်ညမင်ည။ မဉ္ဇူသက=မင်ဇူသက။ ပဉ္စ=ပင်စ (အ– နောက် င–သတ်သံထွက်ပုံ)

(ခ) ယံကိဋ္ဌိ=ယံကိန်စိ။ ဝိညာဏ်ဏ=ဝိန်ညာဏယံ။ ပုည=ပုန်ည။ သုညာဂါရ= သုန်ညာဂါရ။ အနုယုဥ္စန္တော=အနုယုန်ဇန်တော။ ပိင်္ဂလ=ပိန်ဂလ။ ဟိင်္ဂုလ= ဟိန်ဂုလ။ သိင်္ဂါလ=သိန်ဂါလ။ (ဣ–ဥ–နောက် န–သတ်သံထွက်ပုံ)

## ၅။ ဏ–န–မ–လ–ဟ–ဆင့် ဖတ်ထုံးလင်္ကာ

က။ ဏ–န–မ–လ၊ ဟ–မှတ်ကြ၊ ဣ–ဥ–အ–နောက် (န) သတ်ရာ။
ခ။ ဧ–နောက် (င)သတ်၊ ဩ–နောက်မှတ်၊ ဖတ်လေ (အွန်) သံသာ။

### [ဏ–န–မ–ဆင့် ပုံစံများ]

(က) ဝဏ္ဏ=ဝန်ဏ။ အဏ္ဏဝါ=အန်ဏဝါ။ တိဏ္ဏန္နမ္ပိ=တိန်ဏန်နန်ပိ။ ဆန္န=ဆန်န။ ကိန္နရီ=ကိန်နရီ။ အဒိန္န=အဒိန်န။ ပုဏ္ဏမိ=ပုန်ဏမိ။ ဓမ္မ=ဓန်မ။ ဘုမ္မ=ဘုန်မ။ သမန္တာ=သမန်တာ။ စိန္တယိံသု=စိန်တယိံသု။ ပဏ္ဍိတ=ပန်ဍိတ။ ကဏ္ဍုလ=ကုန်ဍုလ။ ပဏ္ဍုကမ္ဗလာ=ပန်ဍုကန်ဗလာ။ ဆန္ဒ=ဆန်ဒ။ ဂဏှန္တု= ဂန်နှန်တု။ ကဏှာ=ကန်နှာ။ တဏှာ=တန်နှာ။ အမှေဟိ=အန်မှေဟိ။ ဂိမှာန= ဂိန်မှာန။ တုမှာကံ=တုန်မှာကံ။ (ဣ–ဥ–အ–နောက် န–သတ်သံထွက်ပုံ)

(ခ) ပူရေန္တံ=ပူရင်တံ။ ဒသေန္တိ=ဒတ်သင်တိ။ ဝိနာသမေန္တု= ဝိနာသမင်တု။ (ဧ–နောက် င–သတ်သံထွက်ပုံ)

(ဂ) ကရောန္တော=ကရွန်တော။ ဟောန္တိ=ဟွန်တိ။ ကောဏ္ဍညော= ကွန်ဍင်ညော။ (ဩ–နောက် အွန်–သံထွက်ပုံ)

### [လ–ဟ–ဆင့် ပုံစံများ]

(က) ပလ္လင်္က=ပန်လင်က။ သလ္လဟုက=သန်လဟုက။ မောဂ္ဂလ္လာနဥ္စ= မောက်ဂန်လာနင်စ။ ဥလ္လောကေယျာထ=အုန်လောကေယျာထ။ သုခလ္လိကာ= သုခန်လိကာ။ ဗြဟ္မကာယိကာ=ဗြန်မကာယိကာ။ ဗြဟ္မာဏေန=ဗြန်မဏေန။ ဗြဟ္မစရိယံ=ဗြန်မစရိယံ။ (ဣ–ဥ–အ–နောက် န–သတ်သံထွက်ပုံ)

**မှတ်ချက်။ ။** "ဗြဟ္မဏ" ၌ ဆရာမြတ်တို့ကား "ဗရန်ဟမဏ" ဟု အသံ ထွက်၍ ဖတ်ကြသည်။ "အက္ခရာမတူ ဝဂ်မတူ မှတ်ယူသတ် သံပါ"ဟူသော အသံထွက်ဥပဒေသနှင့် ကိုက်ညီ၏။ (သတိပြု)

(ခ) လ–ဟ–ဆင့်ရာ၌ ဧ–နောက် (င)သတ်သံထွက်ပုံနှင့် ဩ–နောက် (အွန်) သံထွက်ပုံတို့ကား မထင်ရှားပေ။ ဤ၌ လ–ကို ပြဆိုထားသည်။ "ဠ" ကိုလည်း နည်းတူသိပါ။

## ၆။ ယဆင့် ဖတ်ထုံးလကာ်

က။ ဣ–ဥ–နောင်–ယ၊ (န) သတ်ပြ၊ သတ်မရ ဧ–နောက်မှာ။
ခ။ အ–နောင်–ယ–ကပ်၊ (အယ်) သံဖတ်၊ မှတ်အပ်လွန်သေချာ။

## [ယ–ဆင့် ပုံစံများ]

(က) နိယျာနိက=နိန်ယာနိက။ ဘိယျော=ဘိန်ယော။ ဥယျာန=အုန်ယာန။ ယေဘုယျ=ယေဘုန်ယ။ တုယ့်=တုန်ယ့်။ (ဣ–ဥ–နောက် န–သတ်သံထွက်ပုံ)

(ခ) ဥပဝဒေယျံ=ဥပဝဒေယံ။ လဘေယျံ=လဘေယံ။ မိစ္ဆေယျ= မိတ်ဆေယ။ ဒက္ခိဏေယျော=ဒက်ခိဏေယော။ ဓေယျ=ဓေယ။ (ဧ–နောက် ယ–ရိုးရိုးကဲ့သို့ အံသတ်သံ လုံးဝမထွက်ပုံ)

(ဂ) အယျ=အယ်ယ။ ဝိဂယှ=ဝိဂယ်ယှ။ မယှံ=မယ်ယှံ။ (အ–နောက် အယ်–သံထွက်ပုံ)

**မှတ်ချက်။** ။ "ဆွဲ၊ ထိုး၊ ရစ်၊ ပင့်" ပါဌ်ဆင့် အက္ခရာတို့၌ အပေါ်ဆင့် အက္ခရာတို့၏ အသံထွက်ဖတ်ထုံး ဥပဒေသအတိုင်း အသံ ထွက်ပုံကို သတိပြုအပ်၏။ "ကတွာ=ကတ်တဝါ။ မယှံ=မယ် ယှံ။ တတြ=တတ်တရ။ သကျ=သက်ကျ" ဟူသော ပြယုဂ် တို့၌ "တ–ယ–တ–က" ဟူသော အပေါ်ဆင့် အက္ခရာတို့၏ အသံထွက် ဖတ်ထုံး ဥပဒေသို့ လိုက်၍ တ–သတ်၊ ယ–သတ်၊ က–သတ်သံများ အသီးသီး ထွက်နေပုံသိပါလေ။၏

## ၇။ သ–ဆင့် ဖတ်ထုံးလကာ်

ကး ဣ–ဥ အ–နောက်၊ သ–ဆင့်ရောက်၊ မဖောက်(တ)သတ်ပါ။
ခ။ ဧ–နောင်–သ–ကို၊ (စ) သတ်ဆို၊ ဖတ်လိုမြဲမကွာ။

## သ–ဆင့် ပုံစံများ

(က) တဿ=တတ်သ။ တိဿော=တိတ်သော။ နိဿက္ကာ= နိတ်သော ကာ။ ဒုဿုပိန်=ဒုတ်သုပိန်။ ပရိဿယံ=ပရိတ်သယံ။ ဧကသ္မိံ=ဧကတ်သမိန်။ တသ္မာ=တတ်သမာ။ အာယသ္မာ=အာယတ်သမာ။ (ဣ–ဥ–အ–နောက်–တ– သတ်သံထွက်ပုံ)

(ခ) ဝေဿဘုသ=ဝစ်သဘုတ်သ။ ဟေဿတိ=ဟစ်သတိ။ (ဇ–နောက် –စသတ်သံထွက်ပုံ)

## ပါဠိဖတ်မှု သတိပြုဖွယ်များ
## ရကောက်သံ

က။ ရကောက်တွေ့ပြန်၊ လျှာလိပ်သံ၊ ဖတ်ရန်ပါဠိမှာ။
ခ။ မုနိရာဇ၊ အဟရ၊ သရဏ သရဏာ။ (ပုံစံ)
(က၊ ခ) မုနိရာဇ–ကို (မုနိယာဇ–ဟု မဖတ်ရ)
အရဟ–ကို (အယဟ–ဟု မဖတ်ရ)
သရဏ သရဏာ–ကို (သယဏ သယဏာ–ဟု မဖတ်ရ)
အင်္ဂလိပ်အက္ခရာ (အာရ်) ကဲ့သို့ လျှာလိပ်၍ ဆိုရမည်။

## [ပ–ဗ–မ–သံ]

က။ ပ–ဗ–မ–ကို၊ ဖတ်စေလို၊ ယ–ပိုမထည့်ရာ။
ခ။ မေတ္တာ, ပဉ္စ၊ သမ္ဗုဒ္ဓ၊ ထုတ်ပြ ပုံစံမှာ။ (ပုံစံ)
(က၊ ခ) မေတ္တာ–ကို မစ်တာ–ဟု ဖတ် (မျစ်တာ–ဟု မဖတ်ရ)
ပဉ္စ–ကို ပင်စ–ဟု ဖတ် (ပျင်စ–ဟု မဖတ်ရ)
သမ္ဗုဒ္ဓ–ကို သတ်ဗင်ညဟု ဖတ် (သတ်ဗျင်ည–ဟု မဖတ်ရ)
ထို့အတူ ပစ္စယော–ကို ပစ်စယော–ဟု ဖတ် (ပျစ်စယော–ဟု မဖတ်ရ)
အညမည–ကို အင်ညမင်ည–ဟု ဖတ် (အင်ညမျင်ည–ဟု မဖတ်ရ)
ပည–ကို ပင်ညာ–ဟု ဖတ် (ပျင်ညာ–ဟု မဖတ်ရ)

## [ဝစ္စပေါက်သံ]

က။ ဝစ္စနှစ်လုံး၊ ပါဠိထုံး၊ အသုံးမရှိပါ။
ခ။ သီလံ ဒေထ၊ ဆိုကုန်ကြ၊ ဒေးထ မဆိုရာ။ (ပုံစံ)
(က၊ ခ) သီလံ ဒေထ–ကို သီလံ ဒေထ–ဟု ဖတ်(သီလံဒေးထ–ဟု မဖတ်ရ)
ဂစ္ဆန္တု–ကို ဂစ်ဆန်တု–ဟု–ဖတ် (ဂစ်ဆန်းတု–ဟု မဖတ်ရ)
ဒါနဉ္စ–ကို ဒါနင်စ–ဟု ဖတ် (ဒါနင်းစ–ဟု မဖတ်ရ)
တံ ဘဏာမ–ကို၊ တံ ဘဏာမ–ဟုဖတ်( တန်းဘဏာမ–ဟု မဖတ်ရ)

ပါဠိဆင့် အသံထွက်ပုံ အကျယ်ပြီး၏။
**[သာသနာရေးဦးစီးဌာန ဝတ်ရွတ်စဉ်မှ]**



# ဘုရားပင့်

## ရောင်ခြည်တော်ဖွင့် ဘုရားပင့်

၁။ နက္ခတ္တေဟိ ပရိဝါရော
သိနေရု ဂိရိမုတ္တမော။
ဝိရောစတိ သကာဘာယ၊
ဩဘာသယံ သမန္တတော။

၂။ တတောပိ အတိက္ကန္တေဝ၊
ဆဟိရသ္မိဟိ ယောဓိနော။
ဇဝမာဒိ ဂုဏူပေတော၊
ဥာတု မေ ဝရသီသကော။

နက္ခတ္တေဟိ–ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ပဝင်း ရှင်နေမင်းမှ စသည်များစွာ နက္ခတ်တာရာ အပေါင်းတို့ဖြင့်၊ ပရိဝါရော–ခြံရံအပ်သော၊ သိနေရုဂိရိမုတ္တမော–လောကတွင် ရှိရှိသမျှ တောင်တကာတို့ထက် ဆထက်လွန်ကြူး တောင်ထူး တောင်မြတ် ဆတ်ဆတ်ဖြစ်လျှင်း မြင်းမိုရ် တောင်မင်းသည်၊ သကာဘာယ–မိမိဝဲယာ ခြံရံကာ၍ ရောင်ဝါတင့်ထူး နက္ခတ် စုံ ဝင့်ကာမြူးသဖြင့် တင့်ထူးကျက်သရေ လက်လက်ဆေသော မိမိ၏ရောင်ခြည် ဝန်းဖြင့်၊ ဩဘာသယံ ဩဘာသယန္တော–ရောင်ဝါရွှန်းအိ ထွန်းလင်း ဘိလျက်၊ သမန္တတော–ဝန်းကျင်ဒိသာ ရပ်မျက်နှာမှ၊ ဝိရောစတိ–တောင်မင်း ကျက်သရေ ပြီးပြင်လေအောင် ထွန်းပြောင်ရွှန်းမြ တင့်တယ်တောက်ပပါပေ၏။

တတောပိ–တောင်တကာ့ထွတ်မှူး လွန်ကြူး မြင့်ပို ထိုမြင်းမိုရ်တောင်မင်း၏ တင့်တယ်ခြင်းထက်လည်း၊ အတိက္ကန္တော၀–ဤမှေ့ ဤမှူ ဂဏန်းချ၍ မမှန်းဆနိုင်အောင် ကဲလွန်၍သာလျှင်၊ ယောဇိနော–အကြင်ငါးမာရ်အောင်မြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ သဟိရသ္မိဟိ–ကြာညိုရောင် မည်းညို ရောင် ပုလဲညိုရောင် ဖဲအညိုရောင် မြစိမ်းညိုရောင် အဆင်းကဲ့သို့ ညိုဝင်းသော **နီလ ရောင်ခြည်တော်**, နေမင်းအရောင် ရွှေအဆင်းရောင် ပယင်းအဝါရောင် သလင်း အဝါရောင် သလွဲအဝါရောင် ရွှဲအဝါရောင် အဆင်းကဲ့သို့ ဝါဝင်းသော **ပီတရောင်ခြည်တော်** တိမ်နီရောင် စိန်နီရောင် ကြာနီရောင် ကမ္ဗလာနီရောင်, ပတ္တမြားအနီရောင် အဆင်းကဲ့သို့ နီဝင်းသော **လောဟိတရောင်ခြည်တော်** ဘော်သာခွာရောင် သော်တာလရောင် မကန်းအဖြူရောင် ငွမ်းအဖြူရောင် ပုလဲအဖြူရောင် ရွှဲအဖြူရောင် စံပယ်အဖြူရောင် ကြယ်အဖြူရောင် ဝရမိန်အဖြူ ရောင် ပွတ်သစ်စခရုသင်းကဲ့သို့ ဖြူဝင်းသော **ဩဒါတရောင်ခြည်တော်** မည်း ရောင် နီရောင် ညိုရောင် ထည့်လျောင်း ယှက်ကူးပေါင်းသဖြင့် မှည့်မောင်း မှိုင်းအုံ ရည်မှုန်သော အဆင်းရှိသော **မဉ္ဇိဋ္ဌရောင်ခြည်တော်** မင်းလွင်မြုံးခုန် ကဆုန်မာသ သမယ၌ မိုးဝပြင်ကျယ် ကောင်းကင်လယ်က လျှပ်ပန်းနွယ် ယှက်ကူး ပိုးစုန်းကြူးသဏ္ဌာန် မီးပန်းတွေ ပျံသလို အလျှံတစ် လက်လက် တက်တဲ့ချည် သက်တဲ့ချည် ဝဲတဲ့ချည် ပျံတဲ့ချည် ဤမှထိုမှ ထိုမှဤမှ ကူးကာပြိုးပြက် တစ်ခဲနက်သော **ပဘဿရရောင်ခြည်တော်** တည်းဟူသော ခြောက်ပါးသော ရောင်ခြည်တော်တို့ဖြင့်၊ ဝိရောစတိ–ဖူးမြင်ရသူ နတ်ဗြဟ္မာ သတ္တဝါဟူသမျှ ဖူးမြော်၍ မဝအောင် ခြောက်ရောင်ခြည် စုံဖြာလင်း၍ ထွန်း လင်းတောက်ပတော် မူပါပေ၏။ ဧဝမာဒိဂုဏူပေတော– ဤသို့ ဆိုအပ်ခဲ့ပြီး ရောင်ခြည်ခြောက်လီ တင့်ထူးစည်သည့် များဘိလုံးစုံ ဂုဏ်ကျေးဇူးတော် အပေါင်းနှင့် ပြည့်စုံတော်မူသော ငါးမာရ်အောင်မြင် ဘုရားရှင် ကိုယ်တော်မြတ် ကြီးသည်၊ မေ–မမ– ရှင်မင့်ကိုးဂုဏ် ကြည်ယုံမပြတ် ပွားများအပ်သော အကျွန်ုပ်၏၊ ဝရသီသကေ–ကိုယ်အင်္ဂါတွင် အမြတ်တင်သည့် ဥတ္တမင် ဦးသီသ ၌၊ ဌာတု–မယိမ်းမယိုင် ကျောက်စာတိုင်သို့ ခိုင်ခိုင်မတ်မတ် ရပ်တန့်ခွင်ပြုး သီတင်းသုံးတော်မူလှည့်ပါ ရောင်ခြည်တော် နေတစ်နှန်းတစ်မျှကဲ့သို့ ရွှေဘုန်း တော် အလျှံကြွပါသည့် အောင်တော်မူသခင် အရှင်မြတ်ကြီးဘုရား။

# နတ်ပင့်၊ စည်းချ၊ ဘုရားကန်တော့၊ သီလဆောက်တည်၊ ပန်း၊ ရေချမ်း ဆီမီးကပ်လှူ စသည်

ဝတ်ရွတ်လိုသူတို့အတွက် ဝတ်ရွတ်အစီအစဉ်အရ ဘုရားပင့်ပြီးပါလျှင် နတ်ပင့်ရမည်ဖြစ်ပါသည်။ သို့သော် ပရိတ်ကြီးနိဒါန်းတွင် နတ်များကို ပင့်ဖိတ်ခြင်း ပါဝင်ပြီးဖြစ်၍ ဤနေရာတွင် နတ်ပင့်ခြင်းကို ချန်လှပ်ခဲ့ပါသည်။

ထို့နောက် စည်းချရန်ဖြစ်သည့် စည်းချခြင်းသည် ဤစာအုပ်၏ (အ) ကဏ္ဍတွင် ပါဠိ+ မြန်မာ ပါပြီးဖြစ်၍ ထပ်မံဖော်မပြတော့ပါ။ စည်းချပြီးလျှင် ဩကာသဖြင့် ဘုရားကန်တော့ခြင်း၊ မိမိတို့ ဆောက်တည်ရန် ရည်စူးထားသော ငါးပါးသီလ (သို့) ရှစ်ပါး၊ ကိုးပါးသီလ စသည်တို့ကို ဗုဒ္ဓဘာသာဝင်တိုင်း နားလည်ကြပါသဖြင့် စာမျက်နှာကိုငဲ့၍ ဤနေရာတွင် ဖော်မပြတော့ပြီ။

သီလဆောက်တည်ပြီးလျှင် မိမိတို့ နှုတ်လွတ်ရွရွရထားကြသော ပန်းကပ်၊ ဆီမီးကပ်၊ ရေချမ်းကပ် လင်္ကာတို့ဖြင့် ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို ရွတ်ဆိုပူဇော်ဆက်ကပ်ကြပါလေ။

အထက်ဖော်ပြပါ ကိစ္စရပ်များ ပြီးစီးပါက ဤစာအုပ်ပါ ပရိတ်ကြီး ၁၁-သုတ်မှ စ၍ မိမိတို့အလိုရှိရာ သုတ်တော်၊ ဂါထာတော်၊ မန္တန်တို့ကို ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်နိုင်ကြပြီ ဖြစ်ကြောင်း ညွှန်းဆိုလိုက်ရပါသည်။

●



ဆဋ္ဌသင်္ဂီတျာရုဠှာ

# ပရိတ္တပါဠိ

# ဆဋ္ဌသင်္ဂါယနာမူ ပရိတ်ကြီး ပါဠိတော်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပရိတ်နိဒါန်းခေါ် နတ်ပင့်

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။
၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။
၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ, ဧတ္ထလောကန္တရေ ဝါ။
ဘုမ္မာ ဘုမ္မာ စ ဒေဝါ, ဂုဏဂဏ ဂဟဏ, ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ, ဝရ ကနကမယေ, မေရုရာဇေ ဝသန္တော။
သန္တော သန္တောသ ဟေတုံ, မုနိဝရဝစနံ, သောတုမဂ္ဂံ သမဂ္ဂါ။
၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါ စ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။
၆။ သဗ္ဗေ တံ အနုမောဒိတွာ၊ သမဂ္ဂါသာသနေ ရတာ။
ပမာဒရဟိတွာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝေါ ရက္ခန္တု သဗ္ဗဒါ။
၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ အဟိဝိစ္ဆိကမဏိသပ္ပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိံသ ယက္ခရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

## ၁။ မင်္ဂလသုတ်သမိုင်း

ဂေါတမမြတ်စွာဘုရား မပွင့်သေးမီအချိန်က ထိုခေတ်လူသားများအဖို့ အနှစ်သာရရှိသော အဖိုးတန်တရားစကားမျိုးကို မကြားဖူးချေ၊ မင်္ဂလာဆိုတာ ဘာလဲဟူသော ပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့ဖူးသည်။ အမြင်ကောင်းကို မင်္ဂလာ၊ အကြားကောင်းကို မင်္ဂလာ၊ အတွေ့ကောင်းကို မင်္ဂလာဟူ၍ မိမိတို့ ထင်ရာမြင်ရာ ပြောဆို၍ ငြင်းခုံလာသည်မှာ ၁၂-နှစ်မျှ ကြာသွားလေသည်။ အဖြေမှန်ကိုကား မသိရ၊ လူ နတ် ဗြဟ္မာ မည်သူတစ်ဦးတစ်ယောက်မျှ မင်္ဂလာ၏ အဓိပ္ပာယ်ကို မဖွင့်ဆိုနိုင်ကြ၊ ဂေါတမမြတ်စွာဘုရား ပွင့်ပေါ်လာမှ ဤပြဿနာ ငြိမ်းသွားတော့သည်။ မင်္ဂလာ၏ အဓိပ္ပာယ်ကို သိခွင့်ရကြတော့သည်။ မင်္ဂလာတရားကို သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ကြီး၌ အညတရနတ်သားတစ်ဦး လျှောက်ထား၍ မြတ်စွာဘုရားက ဖြေရှင်းဟောကြားတော်မူခဲ့ပါသည်။ (ခုဒ္ဒကပါဌ ပါဠိနှင့် သုတ္တနိပါတပါဠိတွင် လာရှိသည်။)

# ၁။ မင်္ဂလသုတ္တ

၁၀။ ယံ မင်္ဂလံ ဒွါဒသ ဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။
၁၁။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။
၁၂။ ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။
၁၃။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။
၁၄။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၅။ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၆။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၇။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။
၁၈။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၉။ အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။
၂၀။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။
၂၁။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။
၂၂။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။
၂၃။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။
၂၄။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

## မင်္ဂလသုတ် ရွတ်ဖတ်ရခြင်း အကျိုး

မင်္ဂလသုတ်ပရိတ်တော်အတိုင်း လိုက်နာပြုကျင့်ပါလျှင် ရန်သူအားလုံးအပေါ် မိမိကအောင်နိုင်ခြင်း၊ အရပ်ဒေသ ခပ်သိမ်းတို့၌ ချမ်းသာစွာနေရခြင်း အကျိုးများကို ရနိုင်ပါသည်။

## ၂။ ရတနသုတ်သမိုင်း

ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက ဝေသာလီပြည်တွင် ငတ်မွတ်ခေါင်းပါးခြင်း၊ အနာရောဂါနှိပ်စက်ခြင်း၊ ဘီလူးဖမ်းစားခြင်း၊ ဘေးကြီးသုံးပါး (ကပ်ကြီးသုံးပါး) ဆိုက်ရောက်၍ လူပေါင်းများစွာ သေကျေပျက်စီးကြရသည်။ ထိုဘေးကြီးသုံးပါးမှ လွတ်ကင်းရန် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားကို ပင့်၍ ဤရတနသုတ်ပရိတ်ကို မြတ်စွာဘုရားက အရှင်အာနန္ဒာအား သင်ကြား ရွတ်ဖတ်စေသောအခါ ထိုဘေးဆိုးကြီးသုံးပါးမှ လွတ်ကင်း ငြိမ်းအေးသွားလေသည်။ (ခုဒ္ဒက

ပါဠိနှင့် သုတ္တနိပါတ်တွင်လာသည်။)

## ၂။ ရတနသုတ္တ

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ,
လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ
ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ
မာရဝိဇယံ သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပဝတ္တနံ နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ–

၂၆။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခ–သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၂၈။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

၂၉။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ။
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ။
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၃၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၁။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၂။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကည မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၃။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၄။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ခာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓါ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။
၃၅။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၆။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။

ကိဋ္ဌာပိတေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃၇။ သဟာဝဿ ဒဿန သမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
၃၈။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဋ္ဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။
၃၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၄၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၄၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၄၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။

တေ ခီဏာဗီဇာ အဝိရူဠ္ဟိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၄၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ။
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၄၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

## ရတနသုတ် ရွတ်ဖတ်ရခြင်းအကျိုး

ရတနသုတ် ပရိတ်တော်ကို ပွားများသရဇ္ဈာယ်ခြင်းကြောင့် ရောဂါဘေး၊ ဘီလူးဘေး၊ ငတ်မွတ်ခေါင်းပါးဘေးတို့မှ ကင်းလွတ်နိုင်သည်။

●

## ၃။ မေတ္တသုတ်သမိုင်း

ရဟန်းတော် ငါးရာတို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကိုယူ၍ တောအုပ်တစ်ခုတွင် နေထိုင်လျက်ရှိ၏။ နေ့ရက်ကြာသောအခါ ရဟန်းတော်များကြောင့် နေရာဖယ်ပေးကြရသော နတ်အချို့က အမျိုးမျိုး ခြောက်လှန့်သော

ကြောင့် တရားဖြောင့်ဖြောင့် နှလုံးမသွင်းနိုင်ဘဲ စိတ်ဓါတ်ချောက်ချားပြီး ဘုရားထံ ပြန်သွားကြလေသည်။ မြတ်စွာဘုရားက မေတ္တာလက်နက်ကို ယူ၍ ထိုနေရာသို့ ပြန်သွားကြဟု တိုက်တွန်းသောကြောင့် ပြန်သွားကြသည်။ ရဟန်းတို့ မေတ္တာဓါတ်ကြောင့် နတ်များက ချစ်ခင်မြတ်နိုးကြပြီး အန္တရာယ် မပြုမူ၍ ငြိမ်းအေးစွာ နေသွားကြရလေသည်။ (ခုဒ္ဒကပါဠ၊ သုတ္တနိပါတ် နှင့် ဓမ္မပဒတွင် လာသည်။)

## ၃။ မေတ္တသုတ္တ

၄၆။ ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါနုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။
၄၇။ သုခံ သုပတိ သုတ္တောစ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၄၈။ ကရဏီယမတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။
၄၉။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ' နနုဂိဒ္ဓေါ။
၅၀။ န စ ခုဒ္ဒ, မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနောဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
၅၁။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ' နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅၂။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
၅၃။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နံ ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။
၅၄။ မာတာ ယထာ နိယံ ပုတ္တ-
မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။
၅၅။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ' မသပတ္တံ။
၅၆။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ' ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ' မေတံ ဝိဟာရ' မိဓ မာဟု။
၅၇။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ။
န ဟိ ဇာတု' ဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

## မေတ္တသုတ် ရွတ်ဖတ်ရခြင်းအကျိုး

မေတ္တသုတ်ပရိတ်တော်ကို ပွားများသရဇ္ဈာယ်ခြင်းကြောင့် ဘီလူးစသော မကောင်းဆိုးဝါးတို့က ကြောက်မက်ဖွယ်အာရုံကို မပြနိုင်၊ ချမ်းသာစွာ အိပ်ခြင်း နိုးခြင်း စသော မေတ္တာအကျိုး ၁၁-ပါးကို ရနိုင်သည်။

## ၄။ ခန္ဓသုတ်သမိုင်း

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ စဉ်အခါက ဖရုံးအိမ်(မီးတင်းကုတ်) တံခါး၌ ထင်းခွဲနေသော ရဟန်းတစ်ပါးကို ထင်းပုံအကြားမှ မြွေထွက်၍ ကိုက်ရာ ထိုဝေဒနာဖြင့် သေဆုံးရလေသည်။ ထိုအကြောင်းကို သိ၍ မြတ်စွာဘုရားက အဆိပ်ရှိသတ္တဝါများ ဘေးရန်မှ ကင်းစေရန် ဒုကနိပါတ် ခန္ဓဇာတ်ကို အတိတ်ဆောင်၍ ဟောတော်မူလေသည်။ (ခန္ဓဇာတ်၊ စူဠဝါနှင့် အင်္ဂုတ္တိုရ် တွင်လာသည်။)

## ၄။ ခန္ဓသုတ္တ

၅၈။ သဗ္ဗာသီဝိတာ ဇာတီနံ၊ ဒိဗ္ဗမန္တာဂဒံ ဝိယ။
ယံ နာသေတိ ဝိသံ ဃောရံ၊ သေသဉ္စာပိ ပရိဿယံ။
၅၉။ အာဏာက္ခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။
၆၀။ ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာဂေါတမကေဟိ စ။
၆၁။ အပါဒကေဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။
၆၂။ မာမံ အပါဒကော ဟိံသိ၊ မာ မံ ဟိံသိ ဒွိပါဒကော။
မာမံ စတုပ္ပဒေါ ဟိံသိ၊ မာ မံ ဟိံ သိ ဗဟုပ္ပဒေါ။
၆၃။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ စ ကေဝလာ။
သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကဉ္စိ ပါပ' မာဂမာ။
၆၄။ အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘီ သရဗူ မူသိကာ။
၆၅။ ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။

သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။
ခန္ဓသုတ္တံ နိဋ္ဌိတံ။

## ခန္ဓသုတ် ရွတ်ဖတ်ရခြင်းအကျိုး

ခန္ဓသုတ်ပရိတ်တော်ကို ပွားများသရဇ္ဈာယ်ခြင်းကြောင့် သတ္တဝါအားလုံးတို့၏ ပြင်းထန်သော အဆိပ်နှင့် အဆိပ်မှ ကြွင်းသော ဘေးရန်အမျိုးမျိုးကို ပပျောက်စေနိုင်ပါသည်။

●

## ၅။ မောရသုတ်သမိုင်း

ဂေါတမမြတ်စွာဘုရားအလောင်း နစဉ်အခါက ဥဒေါင်းငှက်မျိုး၌ ဖြစ်၍ ဟိမဝန္တာ၌ နေထိုင်ကျက်စားလေသည်။ အိပ်တန်းဆင်းချိန်တွင် အပေတယံ ဂါထာကို ရွတ်အံသောကြောင့် မုဆိုး ခုနစ်ဆက် (အနှစ် ၇၀၀) တိုင် ဖမ်းယူသော်လည်း မောရပရိတ်အာနိသင်ကြောင့် ဖမ်း၍ မရဘဲရှိလေသည်။ ဘုရား ဖြစ်သောအခါ ထိုမောရသုတ်ပရိတ်တော်ကို တပည့်သာဝကတို့အား ပြန်လည် ဟောကြားတော်မူလေသည်။ (ဒုကနိပါတ် မောရဇာတ် တွင်လာသည်။)

# ၅။ မောရသုတ္တ

၆၆။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။
၆၇။ စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ခိံသု ဂဏှိတုံ။
“ဗြဟ္မမန္တ” န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမဟေ။
၆၈။ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။
၆၉။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊

နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ။
၇၀။ အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။
၇၁။ ယေ ဗြဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊ မောရော ဝါသ မကပ္ပယိ။

မောရသုတ္တံ နိဋ္ဌိတံ။

## မောရသုတ် ရွတ်ဖတ်ရခြင်းအကျိုး

မောရပရိတ် အကာအကွယ်ကြောင့် ဘုရားအလောင်း ဥဒေါင်းမင်းကို မုဆိုးတို့က အနှစ် (၇၀၀)ဖမ်းသော်လည်း မဖမ်းနိုင်ကြ။ အချုပ် အနှောင် အဖွဲ့တို့မှ လွတ်မြောက်စေနိုင်ပါသည်။

●

## ၆။ ဝဋ္ဋသုတ်သမိုင်း

အခါတစ်ပါး မြတ်စွာဘုရားသည် မဂဓတိုင်း ရွာငယ်တစ်ခုမှ နောက်ပါ သံဃာများနှင့်အတူ ဆွမ်းခံပြန်လာရာ တောမီးလောင်မြိုက်ခြင်းနှင့် ကြုံတွေ့ရ လေသည်။ မြတ်စွာဘုရား၏ သစ္စာအာနုဘော်ကြောင့် တောမီးသည် ငြိမ်းစဲ၍ သွားလေရာ ရဟန်းတို့က တအံ့တသြ ချီးကျူးမဆုံး ရှိကြလေသည်။ ထိုအခါ မြတ်စွာဘုရားက ငုံးမင်း၏ သစ္စာကြောင့် မီးကွင်းရပုံအကြောင်း ငုံးမင်းဇာတ် ကို ဟောကြားတော်မူလေသည်။ (ဒုကနိပါတ်၊ ဝဋ္ဋဇာတ်နှင့် စရိယာပိဋကတွင် လာသည်။)

# ၆။ ဝဋ္ဋသုတ္တ

၇၂။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

၇၃။ ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပာဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၇၄။ အတ္တိ လောကေ သီလဂုဏော၊
သစ္စံ သောစေယျ’ နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊
သစ္စကိရိယ မုတ္တမံ။

၇၅။ အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿယ၊ သစ္စကိရိယ မကာသ’ ဟံ။

၇၆။ သန္တိပက္ခာ အပတနာ၊ သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

၇၇။ သဟ သစ္စေ ကတေ မယှံ။
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊
ဧသာ မေ သစ္စပါရမီ။

ဝဋ္ဋသုတ္တံ နိဋ္ဌိတံ။

## ဝဋ္ဋသုတ် ရွတ်ဖတ်ရခြင်း အကျိုး

ဝဋ္ဋပရိတ် သစ္စာတန်ခိုးကြောင့် ဘုရားအလောင်း ငုံးမင်းကို တောမီးက မလောင်မြိုက်ဘဲ ကွင်း၍ သွားသည်။ မီးဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်သည်။

●

## ၇။ ဓဇဂ္ဂသုတ်သမိုင်း

ဓဇဂ္ဂဆိုသော အမည်မှာ တံခွန်များဟု အဓိပ္ပာယ်ရသည်။ ရှေးအခါက သိကြားမင်း၏ နတ်စစ်သည်များနှင့် အသုရာစစ်သည်တို့ စစ်ပွဲကြီး ဆင်နွှဲကြရာ သိကြားမင်းက သူ၏စစ်သည်များ ကြောက်စိတ်ပြေစေရန် ‘ငါ၏တံခွန်များကို ကြည့်ကြ’ဟု အားပေးစကား ပြောကြားခဲ့လေသည်။ သိကြားမင်းနည်းတူ မြတ်စွာဘုရားကလည်း ‘ရဟန်းတို့ သင်တို့ ကြောက်စိတ် ဖြစ်ပေါ်လာသောအခါ ငါဘုရား၏ဂုဏ်ကို အောက်မေ့ကြ၊ တရားတော်၏ဂုဏ်ကို

အောက်မေ့ကြ၊ သံဃာတော်၏ဂုဏ်ကို အောက်မေ့ကြ'ဟု တိုက်တွန်း စကား ပြောကြားတော်မူလေသည်။ ဓဇဂ္ဂသုတ်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူသည်။ (သဂ္ဂသံယုတ်၌ လာသည်။)

## ၇။ ဓဇဂ္ဂသုတ္တ

၇၈။ ယဿာနုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

၇၉။ သဗ္ဗုပဒ္ဒဝဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၈၀။ ဧဝံ မေ သုတံ–
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

၈၁။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"
တိ။ ဘဒန္တေ တိ တေ ဘိက္ခူ ဘဂဝတော
ပစ္စဿောသုံ။ "ဘဂဝါ" ဧတဒဝေါစ–
ဘူတပုဗ္ဗံ ဘိက္ခဝေ။
ဒေဝါသုရသင်္ဂါမော သမုပဗျူဠှော အဟောသိ။
အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော ဒေဝေ တာဝတိံသေ
အာမန္တေသိ–
"သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ။ မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၂။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။ ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သောပဟီယိဿတိ။

၈၃။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ

ယံဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၄။ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ဤသာနဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ၊ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ” တိ။

၈၅။ တံ ခေါ-ပန ဘိက္ခဝေ သက္ကဿ ဝါ ဒေဝါနမိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ပဇာပတိဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ဝရုဏဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ဤသာနဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယေထာပိ နောပိ ပဟီယေထ။

၈၆။ တံ ကိဿ ဟေတု
သက္ကော ဟိ ဘိက္ခဝေ ဒေဝါနမိန္ဒော အ ဝီတရာဂေါ အ ဝီတဒေါသော အ ဝီတမောဟော ဘီရု ဆမ္ဘီ ဥတြာသီ ပလာယီတိ။

၈၇။ အဟဉ္စ ခေါ ဘိက္ခဝေ ဧဝံ ဝဒါမိ-
သစေ တုမှာကံ ဘိက္ခဝေ အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ မမေဝ တသ္မိံ သမယေ အနုဿရေယျာထ။

၈၈။ “ဣတိပိသော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ” တိ။

၈၉။ မမံဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ လောမဟံသော ဝါ၊ သောပဟီယိဿတိ။

၉၀။ နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ။

၉၁။ ”သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ” တိ။

၉၂။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၉၃။ နော စေ ဓမ္မံ အနုဿရေယျာထ၊ အထ သံဃံ အနုဿရေယျာထ။
၉၄။ "သုံပ္ပင္ပိုငံနော ဘဂဝတော သာဝကသံဃော, ဥဇုပ္ပဋိပန္နော ဘဂဝ
တော သာဝကသံဃော, ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော, သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ယဒိဒံ
စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော
သာဝကသံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော,
အဉ္ဇလိ ကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ" တိ။
၉၅။ သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ
ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။
၉၆။ တံ ကိဿဟေတု?
တထာဂတော ဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝီတရာဂေါ
ဝီတဒေါသော ဝီတမောဟော အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ။
၉၇။ ဣဒမဝေါစဘဂဝါ၊ ဣဒံဝတွာန သုဂတော အထာပရံ ဧတဒဝေါစ
သတ္ထာ။
၉၈။ အရညေ ရုက္ခမူလေ ဝါ၊ သုညာဂါရေဝ ဘိက္ခဝေါ။
အနုဿရေထ သမ္ဗုဒ္ဓံ၊ ဘယံ တုမှာက နော သိယာ။
၉၉။ နော စေ ဗုဒ္ဓံ သရေယျာထ၊ လောက ဇေဋ္ဌံ နရာသဘံ။
အထဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
၁၀၀။ နော စေဓမ္မံ သရေယျာထ၊ နိယျာနိကံ သုဒေသိတံ။
အထ သံဃံ သရေယျာထ၊ ပုညက္ခေတ္တံ အနုတ္တရံ။
၁၀၁။ ဧဝံ ဗုဒ္ဓံ သရန္တာနံ၊ ဓမ္မံ သံဃဉ္စ ဘိက္ခဝေါ။
ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော န ဟေဿတိ။

ဓဇဂ္ဂသုတ္တံ နိဋ္ဌိတံ။

## ဓဇဂ္ဂသုတ်ရွတ်ဖတ်ရခြင်းအကျိုး

ဓဇဂ္ဂသုတ်ကို စိတ်ထဲမှ ဆင်ခြင်အောက်မေ့ရုံမျှဖြင့် အာကာသ၌ မြေပြင်အလား ရပ်တည်နေနိုင်ခြင်း၊ ဘီလူး၊ သူခိုး စသော ဘေးရန်တို့မှ လွတ်မြောက်နိုင်သူ အရေအတွက်မနည်းခြင်း အကျိုးများကို ရနိုင်ပါသည်။

●

## ၈။ အာဋာနာဋိယသုတ်သမိုင်း

အာဋာနာဋိယဆိုသောအမည်မှာ စတုမဟာရာဇ်ပြည်ရှိ အာဋာနာဋခေါ်သော နတ်မြို့ တစ်မြို့၏ အမည်ဖြစ်သည်။ အာဋာနာဋမြို့၌ စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့ စည်းဝေး၍၊ ဝိပဿီစသော ဘုရား(၇)ဆူကို အကြောင်းပြုပြီး 'အာဋာနာဋိယပရိတ်' ကို စီကုံးဖွဲ့ဆိုကြသည်။ ရည်ရွယ်ချက်မှာ မြတ်စွာဘုရား၏ ဓမ္မစက်နှင့် ငါတို့၏ဓမ္မစက်ကို မလိုက်နာသော နတ်ကြမ်း၊ ဘီလူးကြမ်းတို့အား ဤမည်သော ဒဏ်ကို ခတ်မည်ဟု အသိပေးကြေညာပြီး အာဋာနာဋိပရိတ်ကို ဖွဲ့ဆိုသည်။ ဝေဿဝဏ် နတ်မင်းကြီးက ဤအကြောင်းကို လျှောက်ထားရာ မြတ်စွာဘုရားက သဘောတူ လက်ခံပြီး ရဟန်းတို့အား အာဋာနာဋိယပရိတ်ကို သင်ကြားရန် တိုက်တွန်းတော်မူခဲ့သည်။ (ပါထိကဝဂ်၌ လာသည်။)

## ၈။ အာဋာနာဋိယသုတ္တ

၁၀၂။ အပ္ပသန္နေဟိ နာထဿ၊ သာသနေ သာဓုသမ္မတေ။
အမနုဿေဟိ စဏ္ဍေဟိ၊ သဒါ ကိဗ္ဗိသကာရိဘိ။

၁၀၃။ ပရိသာနံ စတဿန္နံ၊ အဟိံသာယ စ ဂုတ္တိယာ။
ယံ ဒေသေသိ မဟာဝီရော၊ ပရိတ္တံ တံ ဘဏာမ ဟေ။

၁၀၄။ ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

၁၀၅။ ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

၁၀၆။ ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၁၀၇။ အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

၁၀၈။ ယေ စာပိ နိဗ္ဗုတာ လောကေ၊
ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊
မဟန္တာ ဝီတသာရဒါ။

၁၀၉။ ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

၁၁၀။ ဧတေ စညေ စ သမ္ဗုဒ္ဓါ၊
အနေကသတကောဋိယော။
သဗ္ဗေ ဗုဒ္ဓါ သမသမာ၊
သဗ္ဗေ ဗုဒ္ဓါ မဟိဒ္ဓိကာ။

၁၁၁။ သဗ္ဗေ ဒသဗလူပေတာ၊ ဝေသာရဇ္ဇေဟု, ပါဂတာ။
သဗ္ဗေ တေ ပဋိဇာနန္တိ၊ အာသဘံ ဌာနမုတ္တမံ။

၁၁၂။ သီဟနာဒံ နဒန္တေတေ၊ ပရိသာသု ဝိသာရဒါ။
ဗြဟ္မစက္ကံ ပဝတ္တေန္တိ၊ လောကေ အပ္ပဋိဝတ္တိယံ။

၁၁၃။ ဥပေတာ ဗုဒ္ဓဓမ္မေဟိ၊ အဋ္ဌာရသဟိ နာယကာ။
ဗာတ္တိံသလက္ခဏူပေတာ၊ သီတာနုဗျဉ္ဇနာဓရာ။

၁၁၄။ ဗျာမပ္ပဘာယ သုပ္ပဘာ၊ သဗ္ဗေ တေ မုနိကုဉ္ဇရာ။
ဗုဒ္ဓါ သဗ္ဗညုနော ဧတေ၊ သဗ္ဗေ ခီဏာသဝါ ဇိနာ။

၁၁၅။ မဟာပဘာ မဟာတေဇာ၊
မဟာပညာ မဟဗ္ဗလာ။
မဟာကရုဏိကာ ဓီရာ၊
သဗ္ဗေသာနံ သုခါဝဟာ။

၁၁၆။ ဒီပါ နာထာ ပတိဋ္ဌာ စ၊
တာဏာ လေဏာ စ ပါဏိနံ။
ဂတီ ဗန္ဓူ မဟေဿသာ၊
သရဏာ စ ဟိတေသိနော။

၁၁၇။ သဒေဝကဿ လောကဿ၊
သဗ္ဗေ ဧတေ ပရာယဏာ။
တေသာဟံ သိရသာ ပါဒေ၊
ဝန္ဒာမိ ပုရိသုတ္တမေ။

၁၁၈။ ဝစသာ မနသာစေဝ၊ ဝန္ဒာမေ’ တေ တထာဂတေ။
သယနေ အာသနေ ဌာနေ၊ ဂမနေ စာပိ သဗ္ဗဒါ။

၁၁၉။ သဒါ သုခေန ရက္ခန္တု၊
ဗုဒ္ဓါ သန္တိကရာ တုဝံ။

တေဟိ တွံ ရက္ခိတော သန္တော၊
မုတ္တော သဗ္ဗဘယေဟိ စ။
၁၂၀။ သဗ္ဗရောဂ ဝိနိမုတ္တော၊ သဗ္ဗသန္တာပ ဝဇ္ဇိတော။
သဗ္ဗဝေရ မတိက္ကန္တော၊ နိဗ္ဗုတော စ တုဝံ ဘဝ။
၁၂၁။ တေသံ သစ္စေန သီလေန၊ ခန္တိမေတ္တာဗလေန စ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၂။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊ သန္တိ ဘူတာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၃။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊ သန္တိ ဒေဝါ မဟိဒ္ဓိကာ
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၄။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ သန္တိ နာဂါ မဟိဒ္ဓိကာ။
တေပိအမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၅။ ဥတ္တရသ္မိံ ဒိသာဘာဂေ၊ သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၆။ ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။
၁၂၇။ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ နုရက္ခန္တု၊
အရောဂေန သုခေန စ။
၁၂၈။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၂၉။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊ ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။
၁၃၀။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝတွန္တရာယာ၊
သုခီ ဒီဃာယုကော ဘဝ။
၁၃၁။ အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

အာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။

## အာဋာနာဋိယသုတ် ရွတ်ဖတ်ရခြင်းအကျိုး

အာဋာနာဋိယသုတ် ပရိတ်တော်ကို ပွားများ သရဇ္ဈာယ်ခြင်းကြောင့် နတ်ကြမ်း ဘီလူးကြမ်းတို့က မညှဉ်းဆဲ မနှိပ်စက်နိုင်။

●

## ၉။ အင်္ဂုလိမာလသုတ်သမိုင်း

အင်္ဂုလိမာလ လူဆိုးကြီးသည် ရဟန်းအဖြစ်သို့ရောက်ရှိပြီးနောက် နေ့စဉ်မြို့တွင်းသို့ ဆွမ်းခံကြွသောအခါ လုံလောက်မျှတသော ဆွမ်းကို မရရှာချေ။ ရေးယခင် လူ့ဘဝတုန်းက လူသတ်ခဲ့သော အရှိန်ကြောင့် ဆွမ်းလောင်းဖို့ မဆိုထားဘိ အနားသို့ ချဉ်းကပ်လိုသူပင် မရှိဘဲ ဟိုကခဲနှင့်ပစ်၊ ဒီကခဲနှင့်ပစ် ခံရ၍ ဆင်းရဲဒုက္ခရောက်ရရှာလေသည်။ တစ်နေ့သ၌ ဆွမ်းခံကြွရင်း မီးမဖွားနိုင်၍ တအော်အော်တအင်အင် ညည်းတွားနေရသော ကိုယ်ဝန်သည်အမျိုးသမီးတစ်ဦးကို တွေ့ရ၍ သနားကရုဏာစိတ် ဖြစ်မိလေ၏။ လူ (၉၉၉)ဦးကို သတ်ခဲ့စဉ်အခါက သနားကြင်နာစိတ် တစ်ချက်မျှ မဖြစ်ဘူးသော အင်္ဂုလိမာလသည် ယခု ကိုယ်ဝန်သည်အမျိုးသမီး၏ ဒုက္ခကို တွေ့ရသောအခါ ကရုဏာစိတ် အကြိမ်ကြိမ်ဖြစ်မိလေ၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား ပြန်၍ လျှောက်ထားရာ မြတ်စွာဘုရား ညွှန်ကြားသည့်အတိုင်း အမျိုးသမီးရှိရာသို့ သွားပြီး အင်္ဂုလိမာလ ပရိတ်တည်းဟူသော သစ္စာစကားကိုဆိုလေရာ ထိုအမျိုးသမီးသည် ကိုယ်ဝန်ကို လွယ်ကူချောမောစွာ ဖွားမြင်လေ၏။ (မဇ္ဈိမပဏ္ဏာသ၌ လာသည်။)

## ၉။ အင်္ဂုလိမာလသုတ္တ

၁၃၂။ ပရိတ္တံ ဘဏန္တဿ၊ နိသိန္နဋ္ဌာန ဓောဝနံ။
ဥဒကမ္ပိဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။
၁၃၃။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။
ထေရဿ' င်္ဂုလိမာလဿ၊ လောက နာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမဟေ။
၁၃၄။ ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

အင်္ဂုလိမာလသုတ္တံနိဋ္ဌိတံ။

## အင်္ဂုလိမာလသုတ် ရွတ်ဖတ်ရခြင်းအကျိုး

အင်္ဂုလိမာလ ပရိတ်တော်ကို ပွားများ သရဇ္ဈာယ်ခြင်းကြောင့် ကိုယ်ဝန်ဆောင် မိခင်များ လွယ်ကူစွာ သားဖွားနိုင်ပါသည်။

●

## ၁၀။ ဗောဇ္ဈင်္ဂသုတ်သမိုင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ်က ပိပ္ပလိလိုဏ်ဂူ၌နေသော ရှင်မဟာကဿပမထေရ်ကြီး မကျန်းမမာ ဖျားနာ၍ ဗောဇ္ဈင်တရားကို ဟောတော်မူသည်။ ကဿပဗောဇ္ဈင်ဟု ထင်ရှားသည်။ မဟာဝဂ္ဂသံယုတ်၌ ပဌမဂိလာနသုတ် အမည်တပ်၍ ဟောထားသည်။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အခါ ဂိဇ္ဈကုဋ်တောင်၌နေသော ရှင်မဟာမောဂ္ဂလ္လာန်မထေရ် မကျန်းမာ၍ ထိုနေရာသို့ ကြွပြီး ဗောဇ္ဈင်တရားကို ဟောတော်မူရာ ဝေဒနာ ပျောက်ကင်းသွားလေသည်။ မဟာဝဂ္ဂသံယုတ်၌ ဒုတိယဂိလာနသုတ် အမည်တပ်၍ ဟောထားသည်။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် မမာမကျန်းဖြစ်၍ စုန္ဒမထေရ်ဟောကြားသော ဗောဇ္ဈင်တရားကို ကိုယ်တော်တိုင် နာယူတော်မူရာ ဝေဒနာမှ ပျောက်ကင်းသွားလေသည်။ မဟာဝဂ္ဂသံယုတ်၌ တတိယ ဂိလာနသုတ်အမည်တပ်၍ ဟောထားသည်။ မူရင်းပါဠိတော်၌ စုဏ္ဏိယအဖြစ် ဟောထားသည်ကို ရှေးပညာရှိတို့က ဂါထာဗန္ဓစီကုံး၍ ဗောဇ္ဈင်္ဂသုတ်အဖြစ် ပရိတ်ပါဠိ၌ ထည့်သွင်းထားကြသည်။

## ၁၀။ ဗောဇ္ဈင်္ဂသုတ္တ

၁၃၅။ သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။

၁၃၆။ ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊ တိဘဝါမုတ္တကု'တ္တမာ။
အဇာတိ' မဇရာဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။

၁၃၇။ ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

၁၃၈။ ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။

ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာပရေ။

၁၃၉။ သာမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ။

၁၄၀။ သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၄၁။ ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

၁၄၂။ တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါမုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၄၃။ ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာဘိပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။

၁၄၄။ သမ္မောဒိတွာန အာဗာဓာ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိတေ ဟောတု သဗ္ဗဒါ။

၁၄၅။ ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊ ပတ္တာ’ နုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိတေဟောတု သဗ္ဗဒါ။

ဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။

## ဗောဇ္ဈင်္ဂသုတ် ရွတ်ဖတ်ရခြင်းအကျိုး

ဗောဇ္ဈင်္ဂသုတ် ပရိတ်တော်ကို ပွားများ သရဇ္ဈာယ်ခြင်းကြောင့် ဆင်းရဲဒုက္ခကို ပျောက်နိုင်ခြင်း၊ မာရ်စစ်သည်ကို နှိမ်နင်းချေဖျက်နိုင်ခြင်း၊ ဘဝသုံးပါးမှ လွတ်မြောက်နိုင်ခြင်း၊ ပဋိသန္ဓေ အို, နာ, သေ လွတ်ရာနိဗ္ဗာန်သို့ ရောက်နိုင်ခြင်း အကျိုးများကို ရနိုင်ပါသည်။

## ၁၁။ ပုဗ္ဗဏှသုတ်သမိုင်း

ပုဗ္ဗဏှသဒ္ဒါသည် နံနက်ချိန်ခါဟူသော ကာလကိုဟောသည်။ မြတ်စွာဘုရားက အင်္ဂုတ္တိုရ်ပါဠိ ပုဗ္ဗဏှသုတ်၌ ကောင်းသော နံနက်ခင်းအဖြစ် 'ကာယ၊ ဝစီ၊ မနော သုစရိုက်သုံးပါးနှင့်အညီ ကျင့်ကြံနေထိုင်သူအဖို့ ကောင်းသော နံနက်ခင်းမည်၏'ဟု ဟောကြားတော်မူခဲ့သည်။ ယင်းပုဗ္ဗဏှသုတ်၌ နက္ခတ် ကောင်း၊ မင်္ဂလာကောင်း၊ မိုးသောက်ကောင်း၊ ထခြင်းကောင်း၊ ခဏကောင်း၊ မုဟုတ်ကောင်း ဖြစ်လိုပါက သုစရိုက်နှင့် ပြည့်စုံအောင် နေပါဟု တိုက်တွန်းထားပါသည်။ သုနက္ခတ္တံ စသော ဂါထာပါသော မူလ အင်္ဂုတ္တိုရ်သုတ်ရင်း၏ အမည်ကိုယူ၍ ပရိတ်အမည်ကိုလည်း ပုဗ္ဗဏှသုတ်ဟု ရှေးဆရာတို့က အမည်ပေးထားကြသည်။

## ၁၁။ ပုဗ္ဗဏှသုတ္တ

၁၄၆။ ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ မေန္တု။

၁၄၇။ ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ မေန္တု။

၁၄၈။ ယံဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ မေန္တု။

၁၄၉။ ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာ စ နိဗ္ဘယာ။
သောကပ္ပတ္တာ စ နိဿောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

၁၅၀။ ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

၁၅၁။ ဒါနံ့ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
၁၅၂။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။
၁၅၃။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၅၄။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၅၅။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၅၆။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၁၅၇။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗဓမ္မာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၁၅၈။ ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ။
သဗ္ဗသံဃာ နုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
၁၅၉။ မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊
ပတ္တော သမ္ဗောဓိ' ပုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

၁၆၀။ ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။

၁၆၁။ အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပတ္တော ပမောဒတိ။

၁၆၂။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

၁၆၃။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏာ။

၁၆၄။ ပဒက္ခိဏာနိ ကတွာန၊
လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊
ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

**ပုဗ္ဗဏှသုတ္တံနိဋ္ဌိတံ။**
**ပရိတ္တပါဠိနိဋ္ဌိတာ။**

## ပုဗ္ဗဏှသုတ်ရွတ်ဖတ်ရခြင်းအကျိုး

ပုဗ္ဗဏှသုတ် ပရိတ်တော်ကို ပွားများ သရဇ္ဈာယ်ခြင်းကြောင့် မကောင်းသော အတိတ် နိမိတ်များ၊ မကောင်းသော အမင်္ဂလာဟူသမျှ ငှက်ဆိုးသံ၊ ပါပဂြိုဟ်၊ မကောင်းသော အိပ်မက်ဆိုးများ ပျောက်ကင်းနိုင်ပါသည်။

●

# ဗောဇ္ဈင်သုတ်တော်(၅)မျိုး

ပရိတ်ကြီး ၁၁–သုတ်တွင်ပါရှိသော ဗောဇ္ဈင်သုတ်သည် သမ္မာ သမ္ဗုဒ္ဓ ဗောဇ္ဈင်၊ ကဿပဗောဇ္ဈင်၊ မောဂ္ဂလ္လာနဗောဇ္ဈင်၊ စုန္ဒဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင်သုတ်တော် (၄)မျိုးနှင့် အကျုံးဝင်အောင် ရှေးပညာရှိကြီးများက အတိုချုံး၍ထားသော (သဗ္ဗဗောဇ္ဈင်)ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဗောဇ္ဈင်သုတ်တော် (၄)မျိုးတို့ကိုလည်း ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါသည်။

## သမ္မာသမ္ဗုဒ္ဓဗောဇ္ဈင်သုတ်

၁။ ဧဝံ မေ သုတံ၊ ဧကံ သမယံ
ဘဂဝါ ရာဇဂဟေ ဝိဟရတိ
ဝေဠုဝနေ ကလန္ဒက နိဝါပေ။
တတြ ခေါ ဘဂဝါ ဘိက္ခူ
အာမန္တေသိ ဘိက္ခဝေါတိ။
ဘဒန္တေတိ တေ ဘိက္ခူ ဘဂဝတော
ပစ္စဿောသုံ၊ ဘဂဝါ ဧတ ဒဝေါစ။
၂။ သတ္တိမေ ဘိက္ခဝေ ဗောဇ္ဈင်္ဂါ
ဘာဝိတာ ဗဟုလီကတာယ နိကတာ
တတ္ထုကြထာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ
အပရာ ပါရံ ဂမနာယ သံဝတ္တန္တိ။

၃။ ကတမေ သတ္တ-သတိသမ္ဗောဇ္ဈင်္ဂေါ
ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ, ဝီရိယသမ္ဗောဇ္ဈင်္ဂေါ,
ပီတိသမ္ဗောဇ္ဈင်္ဂေါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ,
သမာဓိသမ္ဗောဇ္ဈင်္ဂေါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ,
ဣမေ ခေါ ဘိက္ခဝေ သတ္တ ဗောဇ္ဈင်္ဂါ
ဘာဝိတာ ဗဟုလီကတာ ယာနိကတာ
ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ-သုသမာရဒ္ဓါ
အပရာ ပါရံ ဂမနာယ သံဝတ္တန္တိ။

၄။ ဣဒ မဝေါစ ဘဂဝါ၊
ဣဒံ ဝတွာန သုဂတော။
အထာ ပရံ ဧတ ဒဝေါစ သတ္ထာ။

၅။ အပ္ပကာ တေ မနုဿေသု၊
ယေဇနာ ပါရဂါမိနော။
အထာယံ ဣတရာ ပဇာ၊
တီရမေဝ နုဓာဝတိ။

၆။ ယေ စ ခေါ သမ္မဒက္ခာတေ၊
ဓမ္မေ ဓမ္မာနုဝတ္တိနော။
တေ ဇနာ ပါရ မေဿန္တိ၊
မစ္စုဓေယျံ သုဒုတ္တရံ။

၇။ ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊
သုက္ကံ ဘာဝေထ ပဏ္ဍိတော။
ဩကာ အနောက မာဂမ္မ၊
ဝိဝေကေ ယတ္ထ ဒူရမံ။

၈။ တတြာဘိရတိမိစ္ဆေယျ၊
ဟိတွာ ကာမေ အကိဉ္စနော။
ပရိယောဒပေယျ အတ္တာနံ။
စိတ္တက္လေသေဟိ ပဏ္ဍိတော။

၉။ ယေသံ သမ္ဗောဓိယင်္ဂေသု၊
သမ္မာ စိတ္တံ သုဘာဝိတံ။
အာဒါနပ္ပဋိနိဿဂ္ဂေ၊

အနုပါဒါယ ဝုတ္တိမန္တော၊
တေ လောကေ ပရိနိဗ္ဗုတာတိ။

သမ္ဗာသမ္ဗုဒ္ဓဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။

●

# ကဿပဗောဇ္ဈင်သုတ်

၁။ သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ
မယာ သမ္မဒက္ခတာ ဘာဝိတာ ဗဟုလီကတာ
အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တန္တိ။
ကတမေ သတ္တ-
၂။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ(ကဿပ)
မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
၃။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ(ကဿပ)
မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
၄။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ(ကဿပ)
မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
၅။ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ(ကဿပ)
မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
၆။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ(ကဿပ)
မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
၇။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ(ကဿပ)
မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၈။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ(ကဿပ)
မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
ဧတေန ခေါ (ကဿပ)သတ္တ ဗောဇ္ဈင်္ဂါ
မယာ သမ္မာဒက္ခာတော ဘာဝိတာ ဗဟုလီကတာ
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

**ကဿပဗောဇ္ဈင်္ဂ သုတ္တံနိဋ္ဌိတံ။**

**မှတ်ချက်။** ။( )၄င်းအတွင်း၌ လူနာ၏ အမည်ကို ထည့်ပြီးရွတ်ဆိုပါ။

●

## မောဂ္ဂလ္လာနဗောဇ္ဈင်သုတ်

၁။ သတ္တိမေ (မောဂ္ဂလ္လာန) ဗောဇ္ဈင်္ဂါ
မယာ သမ္မဒက္ခာတော ဘာဝိတာ ဗဟုလီကတာ
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။
ကတမေ သတ္တ-
၂။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ
၃။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ
၄။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ
၅။ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ
၆။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ
၇။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ
၈။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ
ဧတေန ခေါ (မောဂ္ဂလ္လာန) သတ္တဗောဇ္ဈင်္ဂါ
မယာ သမ္မသက္ခာတာ ဘာဝိတ ဗဟုလီကတာ
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

**မောဂ္ဂလ္လာနဗောဇ္ဈင်္ဂသုတ္တံနိဋ္ဌိတံ။**

●

## စုန္ဒဗောဇ္ဈင်္ဂသုတ်

၁။ သတ္တိမေ ဘန္တေ ဗောဇ္ဈင်္ဂါ
ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။
ကတမေ သတ္တ-
၂။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ)
ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော
ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။
၃။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ
၄။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ
၅။ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ
၆။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ
၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ
ဣမေ ခေါ (ဘန္တေ) သတ္တ ဗောဇ္ဈင်္ဂါ
ဘဂဝတာ သမ္မဒက္ခာတာ
ဘာဝိတာ ဗဟုလီကတာ
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

**စုန္ဒဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။**

●

ဗောဇ္ဈင် ၃-မျိုး ရွတ်ဖတ်ရခြင်း၏ အကျိုးကျေးဇူးများ ရှေ့အခန်း ဗောဇ္ဈင်သုတ်တော် ရွတ်ဖတ်ခြင်းအကျိုး၌ ပြဆိုခဲ့ပြီးဖြစ်ပါသည်။

## အာဋာနာဋိယသုတ် (၂)မျိုး

ပရိတ်ကြီး (၁၁)သုတ်တော်ပါ အာဋာနာဋိယသုတ်သည် မူရင်း အာဋာနာဋိယ သုတ်တော်ကြီး ရှည်လျားလွန်းလှသဖြင့် အတိုချုံး၍ ရွတ်ဆိုနိုင်ရန် ရှေးဆရာမြတ်တို့ စီမံခဲ့ခြင်းဖြစ်ပေသည်။

ဂိဇ္ဈကုဋ်တောင်တွင် မြတ်စွာဘုရား သီတင်းသုံးစံနေတော်မူစဉ် နတ်မင်းကြီးလေးပါးလာရောက်လျှောက်ထားသဖြင့် မန္တန်ပြုထားသော မဟာအာဋာနာဋိယသုတ်တော်ကြီးကိုမူ စာမျက်နှာကိုငဲ့၍ မဖော်ပြတော့ပါ။



# ရတနာရွှေချိုင့် သိမှတ်ဖွယ်

ဆယ်စောင်တွဲ၌ စတုတ္ထမြောက် သင်ကြားရသော စာမှာ ရတနာရွှေချိုင့် သဖွယ် အကာအကွယ်ပြု၍ ထားသောကြောင့် ရတနာ ရွှေချိုင့်ဟု ခေါ်သည်။ အကာကွယ်ပြုစီမံထားပုံမှာ—

ဘုရားရတနာကို ဦးခေါင်းအရပ်၌၊

တရားရတနာကို မျက်စိအရပ်၌၊

သံဃာရတနာကို ရင်ဘတ်၊ နှလုံးသား၊ ယာ၊ ဝဲ၊ နောက်၊ နား၊

ကျောက်ကုန်း၊ နဖူး၊ မြတ်သောအင်္ဂါတို့၌—

အသီးသီးစိတ်ဖြင့် ပင့်ဆောင်ပြီး ဘေးမသီ ရန်မခစေရန် ရွှေချိုင့်သဖွယ် အကာအကွယ် ပြုလုပ်ထားလေသည်။ ဤမျှမက ပရိတ်တော် ၁၁–သုတ်ကို လည်း ရှေ့နောက်ဝဲယာ အထက်ပါမကျန် အကာအကွယ် ပြုထားပြန်သေး သည်။

ဤသို့ "ရတနာသုံးပါးတည်းဟူသော ရွှေချိုင့်အတွင်း၌ နေခွင့်ရသော အကျွန်ုပ်အဖို့ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် အတွင်းအပ ဘေးရန်များ ပျောက်ကင်းရပါလို၏၊ ပျောက်ကင်းပါစေ၊ သူတော်ကောင်းများ၏ အစောင့် အရှောက်ကို ခံရပါလို၏၊ ခံရပါစေ၊ ကိလေသာရန်ကို ပယ်သတ်နိုင် ရပါလို ၏။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါလို၏"ဟု ဆုတောင်းပတ္ထနာပြုပုံကို ဖော်ပြထား၍ ရတနာရွှေချိုင့်ပါ စာများကို နှစ်သက်သူများကြသည်။

## အင်းဝခေတ်

ဤရတနာရွှေချိုင့်နှင့်အလားတူ ရတနာရွှေထီးဟူသော စာမူတစ်ပုဒ်လည်း ရှိသေးသည်။ ဆယ်စောင်တွဲ စာရင်းဝင် မဟုတ်၍ လူသုံးမများသော

ကြောင့် သိသူနည်းလှသည်၊ ရတနာရွှေချိုင့်ပါ ဂါထာများကို အင်းဝခေတ်၌ တွင်ကျယ် စွာ သင်ကြားပို့ချမှု ပြုနေပြီ ဖြစ်ကြောင်း ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌ သာရတို့၏ စုတင်ဖွဲ့ ရတုစာများကို ဖတ်ကြည့်သောအားဖြင့် သိနိုင်ပါသည်။ ရှင်မဟာရဋ္ဌသာရ၏ ရတုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မယှဉ်သဘာ၊ စိတ်ကိုခွာ၍၊ တောမှာသေခွေ၊ နေသည်ပြီပြီ၊ မှိုင်းရီချုပ်တက်၊ ညန်နက်လည်း၊ တံမြက်လှည်းခေတ်၊ စကြံဝတ်နှင့်၊ ဖြည့်မှတ်ပင်ပန်း၊ ကိုယ်ကျန်းလက်သာ၊ ရှိစေပါဟု၊ သန့်စွာသုတ်သင်၊ စေတီပြင်၌၊ ညောင်ပင်ညွှတ်ညောင်း၊ ညောင်ရေလောင်းလျက်၊ ရှိပြောင်းညွှတ်သင်၊ ကျောင်းသို့ဝင်မှ၊ သန့်စင်ထက်မြက်၊ ဓမ္မစက်နှင့်၊ အနမတဂ္ဂ၊ လက္ခဏာသုတ်၊ ရွှေနှုတ်ဟောချို၊ သတိပဋ္ဌာန်၊ စောင့်ရန်မကွာ၊ ရတနာရွှေချိုင့်၊ တံတိုင်းအထုံစောင်းရန် ပြုလျက်။

ရတနာရွှေချိုင့်ရေးသူ၏ အမည်ကို မသိရ၊ ရွတ်ဖတ်သူ သင်ကြားသူတို့ သဒ္ဓါကြည်ညိုစိတ် ဖြစ်စေရန် အလွယ်တကူ သိနိုင်စေရန် မူရင်း ပါဠိနှင့် မြန်မာသက်သက် ပြန်ဆို ဖော်ပြပေးလိုက်ပါသည်။

●

## ရတနာရွှေချိုင့် ပါဠိ

၁။ ဇယာသနဂ္ဂတော ဗုဒ္ဓေါ၊ ဇိတွာ မာရံ သဝါဟနံ။
စတုသစ္စမတရသံ၊ ယေ ပိဝိံသု နရာသဘာ။

၂။ တဏှင်္ကရာဒယော ဗုဒ္ဓါ၊ အဋ္ဌဝီသတိ နာယကာ။
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊ မတ္ထကေ တေ မုနိဿရာ။

၃။ သီသေ ပတိဋ္ဌိတော မယှံ၊ ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊ ဥရေ သဗ္ဗဂုဏာကရော။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ၊ သာရိပုတ္တော စ ဒက္ခိဏေ။
ကောဏ္ဍညော ပစ္ဆာဘာဂသ္မိံ၊ မောဂ္ဂလ္လာနောစ ဝါမကေ။

၅။ ဒက္ခိဏေ သဝနေ မယှံ၊ အာသုံ အာနန္ဒရာဟုလာ။
ကဿပေါ စ မဟာနာမော၊ ဥဘောသုံ ဝါမသောတကေ။

၆။ ကေသန္တေ ပိဋ္ဌိဘာဂသ္မိံ၊ သူရိယောဝ ပဘင်္ကရော။
သော မယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာကရော။

၇။ ကုမာရကဿပေါ နာမ၊ မဟေသီ စိတြဝါဒကော။
သော မယှံ ဝဒနေ နိစ္စံ၊ ပတိဋ္ဌာသိ ဂုဏာကရော။

၈။ ပုဏ္ဏော အင်္ဂုလိမာလော စ၊ ဥပါလိ နန္ဒ သီဝလိ။
ဣမေ ပဉ္စ မဟာထေရာ၊ နလာဋေ တိလကာ ဝိယ။

၉။ တေဟိ သေသာ မဟာထေရာ၊ ဇိတဝန္တော ဇိနောရသာ။
ဇလန္တာ သီလတေဇေန၊ အဂ္ဂမင်္ဂေသု သဏ္ဌိတာ။

၁၀။ ရတနံ ပုရတော အာသိ၊ ဒက္ခိဏေ မေတ္တသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊ ဝါမေ အင်္ဂုလိမာလကံ။

၁၁။ ခန္ဓ မောရ ပရိတ္တဉ္စ၊ အာဋာနာဋိယသုတ္တကံ။
အာကာသေ ဆဒနံ အာသိ၊ သေသာ ပါကာရသဏ္ဌိတာ။

၁၂။ ဇိနာနံ ဗလသံယုတ္တေ၊ ဓမ္မပါကာရလင်္ကတေ။
ဝသတော မေ အကိစ္စေန၊ သမ္မာသမ္ဗုဒ္ဓပဉ္စရေ။

၁၃။ ဝါတပိတ္တာဒိသဉ္ဇာတာ၊ ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊ အနန္တဂုဏတေဇသာ။

၁၄။ ဇိနပဉ္စရမဇ္ဈမှိ၊ ဝိဟရန္တံ မဟီတလေ။
သဒါ ပါလေန္တု မံ သဗ္ဗေ၊ တေ မဟာပုရိသာ သဘာ။

၁၅။ ဣစ္စေဝ မေကန္တံ ကတော၊ သုရက္ခော ဇိနာနုဘာဝေ။
ဟတာရိသံဃော သံဃဿ၊ တေဇေန ဂုဏာကရဿ။

ရတနာရွှေချိုင့်ပါဠိ နိဋ္ဌိတံ။

●



# ရတနာရွှေချိုင့် မြန်မာပြန်

၁။ အောင်မြင်ခြင်း၏အနီး (အပရာဇိတပလ္လင်)သို့ ရောက်တော်မူကုန်သော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ထက်လည်း မြတ်တော်မူကုန်သော ဘုရားရှင်တို့သည် စစ်သည်နှင့်တကွ မာရ်နတ်သားကို အောင်တော်မူပြီး၍ သစ္စာလေးဖြာ မြိုက်ရသာကို (တပည့်သား သာဝကတို့အား) သောက်စေတော်မူကုန်ပြီ။

**မှတ်ချက်။** ။ "ဇယာ သနာ ဂတာ" ဟု ရှိခဲ့သော် အောင်နေရာခွင် အပရာဇိတပလ္လင်သို့ ရောက်တော်မူကုန်သော" ဟု မြန်မာပြန်ဆိုပါလေ။

၂။ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ခရီးလမ်းညွှန်သဖွယ် ဖြစ်တော်မူကုန်သော၊ ရသေ့, ရဟန်းအပေါင်းတို့ကို အစိုးရတော်မူကုန်သော၊ ရသေ့ ရဟန်းအပေါင်းတို့ကို အစိုးရတော်မူကုန်သောတဏှင်္ကရာ အစရှိသော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့သည် အကျွန်ုပ်၏ ဦးခေါင်းထက်၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။

၃။ ဂုဏ်တော် ကျေးဇူးတော်အပေါင်းတို့၏ တည်ရာဖြစ်တော်မူသော အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဂေါတမမြတ်စွာဘုရားသည် အကျွန်ုပ်၏ ဦးခေါင်း၌ သီတင်းသုံး တည်နေတော်မူပြီ (တည်နေတော်မူပါစေ)၊ ကိုးပါးသော လောကုတ္တရာ တရားတော်သည် အကျွန်ုပ်၏ မျက်စိနှစ်ဖက်၌ တည်နေတော်မူပြီ (တည်နေပါစေ)၊ ရှစ်ယောက်သော အရိယာသံဃာတော်သည် အကျွန်ုပ်၏ရင်၌ တည်နေတော်မူပြီ (တည်နေပါစေ)။

၄။ အရှင်အနုရုဒ္ဓါသည် အကျွန်ုပ်၏ နှလုံးသား၌ တည်တော်မူပြီ (တည်တော်မူပါစေ)၊ အရှင်သာရိပုတ္တရာသည် အကျွန်ုပ်၏ လက်ယာဖက်၌

တည်တော်မူပြီ (တည်တော်မူပါစေ)၊ အရှင်ကောဏ္ဍညသည် အကျွန်ုပ်၏ နောက်အဖို့၌ တည်တော်မူပြီ (တည်တော်မူပါစေ)၊ အရှင်မောဂ္ဂလ္လာန်သည် အကျွန်ုပ်၏ လက်ဝဲဖက်၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၅။ အရှင်အာနန္ဒာနှင့် အရှင်ရာဟုလာတို့သည် အကျွန်ုပ်၏ လက်ယာနား၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)၊ မဟာကဿပနှင့် မဟာနာမ် အရှင်နှစ်ပါးတို့သည် အကျွန်ုပ်၏ လက်ဝဲနား၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။

၆။ နေမင်းကဲ့သို့ အရောင်ကို ပြုတတ်သော ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ရဟန်းမြတ် ဖြစ်တော်မူသော သောဘိတ အရှင်သည် အကျွန်ုပ်၏ ဆံပင်အဆုံး ကျောက်ကုန်းအဖို့၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၇။ သီလက္ခန္ဓစသည့် ကျေးဇူးဂုဏ်အထူးကို ရှင်မြူးဝမ်းသာရာတော်မူလေ့ရှိထသော, ဆန်းကြယ်သော တရားစကားကို ဆိုတော်မူတတ်သော, ကျေးဇူးတော်အပေါင်း၏ တည်ရာဖြစ်တော်မူသော ကုမာရကဿပမထေရ်သည် အကျွန်ုပ်၏ နှုတ်ခမ်း၌ တည်တော်မူပြီ (တည်တော်မူပါစေ)။

၈။ အရှင်ပုဏ္ဏ, အရှင်အင်္ဂုလိမာလ, အရှင်ဥပါလိ, အရှင်နန္ဒ, အရှင်သီဝလိ ဤမထေရ်ငါးပါးတို့သည် အကျွန်ုပ်၏ နဖူးပြင်၌ မှန်ကူကဲ့သို့ တည်တော်မူကုန်ပြီ (တည်တော်မူပါစေ)။

၉။ ထိုဆိုအပ်ပြီးသော မထေရ် ၁၅–ပါးမှ ကြွင်းကျန်ကုန်သော ကိလေသာရန်ကို အောင်ကုန်ပြီး၍ သီလတန်ခိုးအားဖြင့် ထွန်းတောက်ပကုန်သော ဘုရား သားတော် မထေရ်ကျော်တို့သည် အကျွန်ုပ်၏ မြတ်သောအင်္ဂါတို့၌ တည်တော်မူကုန်ပြီ (တည်တော်မူကြပါစေ)။

၁၀+၁၁။ ၁။ ရတနသုတ် ပရိတ်တော်သည် အကျွန်ုပ်၏ ရှေ့မှ တည်တော်မူပြီ။

၂။ မေတ္တာသုတ် ပရိတ်တော်သည် အကျွန်ုပ်၏ လက်ယာ၌ တည်တော်မူပြီ။

၃။ ဓဇဂ္ဂသုတ် ပရိတ်တော်သည် အကျွန်ုပ်၏ နောက်မှ တည်တော်မူပြီ။

၄။ အင်္ဂုလိမာလသုတ် ပရိတ်တော်သည် အကျွန်ုပ်၏ လက်ဝဲ၌ တည်တော်မူပြီ။

၅။ ခန္ဓသုတ်, မောရသုတ်, အာဋာနာဋိယသုတ် ပရိတ်သုံးစောင်

သည် အကျွန်ုပ်၏ အထက်ကောင်းကင်၌ ထီးသဖွယ် တည်တော်မူပြီ။

၆။ ကြွင်းကုန်သော မင်္ဂလသုတ် ဝဋ္ဋသုတ် ဗောဇ္ဈင်္ဂသုတ် ပုဗ္ဗဏှ သုတ် ပရိတ်လေးစောင်တို့သည် တံတိုင်းသဖွယ် တည်နေတော်မူပြီ၊ (တည်နေတော်မူကြပါစေ)။

၁၂+၁၃။ ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်တို့၏ အားတော်ဆယ်ပါးနှင့် ယှဉ်သော တရားတည်းဟူသော မြို့တံတိုင်းဖြင့် တန်ဆာဆင် ကာရံထားသော မြတ်စွာဘုရားတည်းဟူသော ရွှေချိုင့်၌ မငြိုမငြင်နေရသော အကျွန်ုပ်အား လေ သည်းခြေ စသည်တို့ကြောင့် ဖြစ်ကုန်သော အပြင်ရန် အတွင်းရန်တို့သည် မြတ်စွာဘုရား၏ ဂုဏ်တော် အနန္တ တန်ခိုးတော်အနန္တကြောင့် အကြွင်းအကျန်မရှိ ပျောက်ပျက်ခြင်း ရောက်ပါစေ။

၁၄။ မြတ်စွာဘုရားတည်းဟူသော ရွှေချိုင့်အလယ်၌ နေရသော အကျွန်ုပ်ကို မြေအပြင်၌ ကြီးမြတ်ကုန်သော ယောကျ်ားမြတ်အားလုံးတို့က အခါခပ်သိမ်း စောင့်ရှောက်ကြပါစေ။

၁၅။ ဆိုခဲ့ပြီးသော နည်းဖြင့် ငါသည် ကောင်းသော အစောင့်အရှောက်ကို ပြုအပ်ပြီ။

(၁) မြတ်စွာဘုရား၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ဘေးရန်အပေါင်းကို ပယ်သတ်နိုင်ရပါလို၏။

(၂) သီလ, သမာဓိ, စသော ဂုဏ်ကျေးဇူးအပေါင်းတို့၏ ကည်ရာဖြစ်သော ပရမတ္ထသံဃာတော်၏ တန်ခိုးကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါလို၏။

**မှတ်ချက်။** ။ဆယ်စောင်တွဲစာအုပ်များ၌ ဟရိတသံယော မာရိတသံယော ဟတာရိသံယော ဟူ၍ ပါဠိအမျိုးမျိုးရှိနေသည်။ သဒ္ဒါအနက် အသင့်လျော်ဆုံးဖြစ်သည့် ဟတာရိသံယော ပုဒ်ကို ထည့်သွင်းဖော်ပြပါသည်။

ရတနာရွှေချိုင့် ပါဠိနှင့် မြန်မာပြန်ပြီး၏။

●

[မာဂဓိ (သာစည်)၏ ဆယ်စောင်တွဲသင်တန်း မြန်မာပြန်ကျမ်းမှ ကူးယူဖော်ပြပါသည်။]

# နမက္ကာရ သိမှတ်ဖွယ်

ဆယ်စောင်တွဲ၌ ပဋ္ဌမမြောက် သင်ကြားရသော စာမှာ နမက္ကာရ ဖြစ်သည်၊ ကြည်ညိုဖွယ်ရာ ကောင်းသော မြတ်စွာဘုရား၏ ရူပကာယ ဓမ္မကာယ စရိယဂုဏ်တော်များ အကြောင်းကို ဂါထာဖွဲ့၍ ရေးစီထားသော ဗုဒ္ဓဝန္ဒနာကို နမက္ကာရဟု ခေါ်သည်၊ ဘုရားရှိခိုးစာဟု အလွယ်တကူ မှတ်သားနိုင်သည်။

ဤနမက္ကာရ ဘုရားရှိခိုး ဂါထာများကို ရှင်မဟာဗုဒ္ဓဃောသ ရေးသား ရွတ်ဖတ် ပူဇော်ကြောင်း ဆရာစဉ်ဆက်ပြောဆိုသည်ကို သုတစကား ကြားရဖူးသည်။ ရှင်မဟာဗုဒ္ဓဃောသသည် ဘုရားဟော ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သော ရှေးအဋ္ဌကထာဟောင်းများကို ကြည့်ရှုခွင့်ပြုရန် သီဟိုဠ် ဆရာတော်များအား တောင်းပန်ရာ အထင်သေးပြီး ပိဋကတ်တိုက်ကိုပင် ဝင်ခွင့်မပေးဘဲ နေသည်ဆို၏၊ ထိုအခါ ရှင်မဟာ ဗုဒ္ဓဃောသက ပိဋကတ် တိုက်အဝတွင် ထိုင်၍ ဤနမက္ကာရ ဘုရားရှိခိုးဂါထာများကို ရွတ်ဖတ်ပူဇော်ရာ "တဟိ " "တဟိ "ဂါထာအရောက်တွင် ခတ်ထားသော သော့ခလောက်မှာ အလိုလိုပွင့်လာသော ဟူ၏။ ဤဖြစ်ရပ်ထူးကို မြင်တွေ့ရသောအခါမှ သီဟိုဠ ဆရာတော်များက ရှင်မဟာဗုဒ္ဓဃောသ၏ သဒ္ဓါတရားကို အံ့သြချီးကျူးပြီး သာဓုခေါ်ကာ သဘောကျသလို ကူးယူခွင့်ပြုကြလေ၏။ ဤကား သုတစကား တည်း။

## သီဟိုဠ်ရေး ဂါထာမဟုတ်

နမက္ကာရ ဂါထာများကို သီဟိုဠ် ဆရာတော်များ ရေးသားကြောင်းလည်း ပြောကြသေးသည်၊ ဆဋ္ဌသင်္ဂါယနာ ပထမဦးစီးနာယက အဘိဓေ မဟာရဋ္ဌဂုရု

ဘဒ္ဒန္တ ရေဝတမထေရ်က ဇူဠဂန္ထဝံသကျမ်းကို ကိုးကား၍ သီဟိုဠ်ဆရာတော်များ ရေးသားသော ဂါထာများ မဟုတ်ကြောင်း နမက္ကာရဋီကာ နိဒါန်းတွင် ရှင်းပြထားသည်၊ ဇူဠဂန္ထဝံသကျမ်းသည် သီဟိုဠ်ဖြစ် ကျမ်းတစ်ဆူ ဖြစ်ပြီး ထိုကျမ်းတွင်–

–အနန္တဗုဒ္ဓဝန္ဒနာဂါထာ ဘုရားရှိခိုး၊

–အနာဂတဗုဒ္ဓဝန္ဒနာ ဂါထာ ဘုရားရှိခိုး၊

–အဋ္ဌဝီသတိ ဗုဒ္ဓဝန္ဒနာ ဂါထာ ဘုရားရှိခိုး၊

–အတီတာနာဂတပစ္စုပ္ပန္နဗုဒ္ဓဝန္ဒနာ ဂါထာ ဘုရားရှိခိုး၊

–အသီတိ မဟာသာဝကဗုဒ္ဓဝန္ဒနာ ဂါထာ ဘုရားရှိခိုး–

စသော အမည်များကို ဖော်ပြထားသော်လည်း ဤ နမက္ကာရ ဘုရားရှိခိုးအမည်ကိုမူ ဖော်ပြထားသည်ကို မတွေ့ရ၊ အကယ်၍ သီဟိုဠ် ဆရာတော်များ ရေးသား ပြုစုခဲ့ပါလျှင် ဤမျှထင်ရှား၍ အသုံးများသော နမက္ကာရ ဘုရားရှိခိုးကို ဇူဠဂန္ထဝံသ ကျမ်းပြုဆရာက မဖော်ပြဘဲ နေလိမ့်မည်မဟုတ်။

ထို့ကြောင့် ဤ နမက္ကာရဂါထာများကို သီဟိုဠ်ဆရာတော်များ ရေးသားထားသည်ဟုမဆိုနိုင်ပါ၊ မြန်မာနိုင်ငံသား ပိဋကတ္တယဝိဒူ ကျမ်းဂန်တတ်ရှေးဆရာတော်များ ရှိခိုးရေးသားသော ဂါထာသမူဟအဖြစ် ယူဆမှသာ သင့်လျော်မည်ဖြစ်ကြောင်း နမက္ကာရ ဋီကာနိဒါန်းတွင် ညောင်ရမ်း ဆရာတော်ကြီးက–

တသ္မာစ အယံ နမက္ကာရပါဠော မရမ္မရဋ္ဌေ ဝသန္တေဟိ ပိဋကတ္တယ ဝိဒူဟိ ပဏ္ဍိတာစရိယေဟိ ဝန္ဒိတဂါထာသမူ–

ဟောတိ ဂဟိတေ ယုတ္တံ ဝိယ ဒိဿတိ–

ဟု မှတ်ချက်ချထားပါသည်။

## ဆန်းလည်းညီ၊ အလင်္ကာလည်းပီ၊ ဂုဏ်လည်းမြောက်

ဆန်းဂိုဏ်းနှင့်အညီ ရေးဖွဲ့ထားသောကြောင့် နမက္ကာရဂါထာများသည် အလွန်ရွတ်ဆို၍ ကောင်းလှသည်၊ သဒ္ဒါရော အနက်ပါ အလင်္ကာဂုဏ်မြောက်အောင် ဖွဲ့ဆိုထားသောကြောင့် နှစ်သိမ့်မှုလည်း တိုးပွားရပါသည်၊ ပါဠိကဗျာများမှာ အသံနိမ့်မြင့် ငြိမ့်ငြိမ့်ငြောင်းငြောင်းရှိလှသည်၊ ဖုထစ်မထင် ပီပြင်ညီညာ သာသာယာယာရှိလှသည်၊ အမည်တူ အစုံဖွဲ့ ပါဠိယမကများကို ဆန်းအလင်္ကာနှင့်အညီ ဖွဲ့စီထားသောကြောင့် ရွတ်ဆို ဖတ်ကြားရသည်မှာ

သာယာနာပျော်ဖွယ် ရှိလှသည်၊ ၈ လုံးဖွဲ့မှစ၍ ၂၁-လုံးဖွဲ့အထိ တစ်ဆင့်ထက် တစ်ဆင့် တစ်လုံးစီ တစ်လုံးစီ တိုးကာ တိုးကာ ဖွဲ့နွဲ့ထားသောကြောင့် ပါဠိဂါထာ စီကုံးလိုသူတို့အဖို့ နည်းယူစရာ ကောင်းလှသည်။

## ဩဇဂုဏ်မြောက်

နမက္ကာရတွင် ဂါထာ ပုဒ်ရေ ၃၃-ပုဒ်ပါရှိရာ ဘုရားရှိခိုးဂါထာ ၂၅၊ တိုက်တွန်းဂါထာ ၁၊ ဆုတောင်းဂါထာ ၂၊ အကျိုးပြဂါထာ ၅-ပုဒ် အသီးသီး ရေးဖွဲ့ထားသည်ကို တွေ့ရသည်၊ ဘုရားရှိခိုး ၂၅-ဂါထာအနက်-

- နမေ ကြိယာဖြင့် ၃-ကြိမ်၊
- အဘိနမေ ကြိယာဖြင့် ၁-ကြိမ်၊
- နမာမိ ကြိယာဖြင့် ၁၀-ကြိမ်၊
- ဝန္ဒေ ကြိယာဖြင့် ၄-ကြိမ်၊
- ဝန္ဒာမ ကြိယာဖြင့် ၂-ကြိမ်၊

ရှိခိုးထားသည်ကို တွေ့ရသည်။

သုတ်မဟာဝါ မဟာပဒာနသုတ်နှင့် သုတ်ပါထေယျ လက္ခဏာသုတ်တို့တွင် ကျယ်ဝန်းစွာ ပြဆိုထားသော ဒွတ္တိံသ မဟာပုရိသ လက္ခဏာများကို ဤ နမက္ကာရတွင် ဂါထာသုံးပုဒ်မျှဖြင့် ဩဇဂုဏ်မြောက်အောင် ဖွဲ့စီထားသည်မှာ အတုယူဖွယ် ကောင်းလှပါသည်။

## နမက္ကာရပါဠိ၊ မြန်မာပြန်နှင့် အကျိုးကျေးဇူး

၁။ သုဂတံ သုဂတံ သေဋ္ဌံ၊
ကုသလံ ကုသလံ ဇဟံ။
အမတံ အမတံ သန္တံ၊
အသမံ အသမံ ဒဒံ။

၂။ သရဏံ သရဏံ လောကံ၊
အရဏံ အရဏံ ကရံ။
အဘယံ အဘယံ ဌာနံ။
နာယကံ နာယကံ နမေ။

(မြတ်စွာဘုရားသည်)–
စကားကောင်းကို ဆိုတော်မူတတ်၏။
နိဗ္ဗာန်သို့ ကောင်းစွာ ကြွသွားတော်မူတတ်၏။
အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူ၏။
ကုသိုလ် အကုသိုလ်ကို စွန့်တော်မူပြီးဖြစ်၏။
(သေခြင်းကောင်းသော အမြိုက်အရသာနှင့် ပြည့်စုံသော ငြိမ်သက်သော အတုမရှိသော) အတုမဲ့ဖြစ်သော မဂ် ဖိုလ် နိဗ္ဗာန်ကို ပေးတော်မူတတ်၏။
ကိုးကွယ်ရာ ဖြစ်တော်မူ၏။
လောကကို သိတော်မူတတ်၏။
ကိလေသာမြူ ကင်းစင်တော်မူ၏။
ကိလေသာမြူ ကင်းခြင်းကို ပြုတော်မူတတ်၏။
ဘေးမရှိရာ ဘေးကင်းရာ နိဗ္ဗာန်အရပ်သို့ ပို့ဆောင်တော်မူတတ်၏။
လူသုံးဦးတို့၏ အကြီးအမှူး ဖြစ်တော်မူ၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၃။ နယနသုဘဂကာယင်္ဂ၊
မဓုရဝရသရောပေတံ။
အမိတဂုဏဂဏာဓာရံ၊
ဒသဗလမတုလံ ဝန္ဒေ။

(မြတ်စွာဘုရားသည်)
ဖူးမြင်ရသူတို့၏ မျက်စိအမြင် တင့်တယ်သော ကိုယ်အင်္ဂါ ရှိတော်မူ၏။
သာယာချိုအေးသော အသံတော်မြတ်နှင့်လည်း ပြည့်စုံတော်မူ၏။
မနှိုင်းယှဉ်အပ်သော ကျေးဇူးတော် အပေါင်း၏ တည်ရာ ဖြစ်တော်မူ၏။
အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူ၏။
သီလစသော ဂုဏ်တို့ကြောင့် တစ်စုံတစ်ယောက်သော သူနှင့် တူတော်မမူ၊
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၄။ ယော ဗုဒ္ဓေါ ဓိတိမာညာဓာရကော၊
သံသာရေ အနုဘောသိ ကာယိကံ။

ဒုက္ခံ စေတသိကဉ္စ လောကတော၊
တံ ဝန္ဒေ နရဒေဝမင်္ဂလံ။
(မြတ်စွာဘုရားသည်)-
တည်ကြည်သော သမာဓိရှိတော်မူ၍။
အရဟတ္တဖိုလ်ကို ဆောင်တော်မူတတ်၍။
လူ, နတ်, ဗြဟ္မာတို့ အကျိုးငှာ သံသရာ တစ်လျှောက်လုံး
ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုကို အစဉ်အမြဲ ခံစားတော်မူ၍။
လူနတ်တို့အဖို့ မင်္ဂလာ ဖြစ်တော်မူ၍။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။
၅။ ဗာတ္တိံ သတိလက္ခဏစိတြဒေဟံ၊
ဒေဟဇ္ဇုတိနိဂ္ဂတပဇ္ဇလန္တံ။
ပညာဓိတိသီလဂုဏောဃဝိန္ဒံ၊
ဝန္ဒေ မုနိမန္တိမဇာတိယုတ္တံ။
(မြတ်စွာဘုရားသည်)-
သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့
ဖြင့် ဆန်းကြယ်သော ခန္ဓာကိုယ် ရှိတော်မူ၍။
ခန္ဓာကိုယ်မှ ထွက်သော အရောင်တို့ဖြင့် တပြောင်ပြောင်
ထွန်းတောက်ပတော်မူ၍။
ပညာဂုဏ်, သမာဓိဂုဏ်, သီလဂုဏ်အပေါင်းတို့ကို ရတော်
မူ၍။ အဆုံးစွန်သော ဘဝနှင့် ယှဉ်တော်မူ၍။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။
၆။ ပါတောဒယံ ဗာလဒိဝါကရံဝ၊
မဇ္ဈေ ယတီနံ လလိတံ သိရီဟိ။
ပုဏ္ဏိန္ဒုသင်္ကာသမုခံ အနေဇံ၊
ဝန္ဒာမိ သဗ္ဗညုမဟံ မုနိန္ဒံ။
(မြတ်စွာဘုရားသည်)-
နံနက်အခါ၌ ထွက်ပေါ်လာသော တက်သစ်စနေလုလင် ကဲ့
သို့ ရဟန်းတို့၏ အလယ်၌ ကျက်သရေတို့ဖြင့် တင့်တယ်
တော်မူ၍။
လပြည့်ဝန်းနှင့်တူသော မျက်နှာတော်ရှိတော်မူ၍။

တဏှာကင်းစင်တော်မူ၏။
ဉေယျမ်တရား ငါးပါးကို သိတော်မူ၏။
ရဟန်းတို့ကို အစိုးရတော်မူ။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၇။ ဥပေတပုညော ဝရဗောဓိမူလေ၊
သသေနမာရံ သုဂတော ဇိနိတွာ။
အဗောဓိ ဗောဓိံ အရဟော ဒယမှိ၊
နမာမိ တံ မာရဇိနံ အဘင်္ဂံ။

(မြတ်စွာဘုရားသည်)-
ဘုန်းကံနှင့် ပြည့်စုံတော်မူ၏။
မြတ်သော ဗောဓိပင်၏အနီး၌ စစ်သည် ဗိုလ်ပါနှင့်တကွ မာရ်နတ်သားကို အောင်တော်မူပြီး၍ နေအရဏ်တက်သောအခါ ၌ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို သိတော်မူပြီ။
မာရ်ငါးပါးကို အောင်တော်မူလေပြီ။
မာရ်စစ်သည်တို့က မဖျက်ဆီးနိုင်တော့ပြီ။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၈။ ရာဂါဒိဆေဒါမလဉာဏခဂ္ဂံ၊
သတိသမညာဖလကာဘိဂါဟံ။
သီလောဃလင်္ကာရဝိဘူသိတံ တံ၊
နမာမိ ဘိညာဝရ မိဒ္ဓုပေတံ။

(မြတ်စွာဘုရားသည်)-
ရာဂ-အစရှိသော ကိလေသာကို ဖြတ်တတ်သော အညစ်အကြေးကင်းသော အရဟတ္တမဂ် ဉာဏ်သန်လျက်ရှိတော်မူ၏။
သမ္မာသတိ-အမည်ရှိသော ကာကို မြဲစွာ ကိုင်စွဲတော်မူ၏။
သီလ အပေါင်းတည်းဟူသော ချပ်ဝပ် တန်ဆာတို့ဖြင့် တန်ဆာဆင်၍ ထားတော်မူ၏။
အဘိညာဉ် တန်ခိုးနှင့် ပြည့်စုံတော်မူ၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၉။ ဒယာလယံ သဗ္ဗမိ ဒုက္ကရံ ကရံ၊
ဘဝဏ္ဏဝါတိက္ကမမဂ္ဂတံ ဂတံ။

တိလောကနာထံ သုသမာဟိတံ ဟိတံ၊
သမန္တစက္ခုံ ပဏ္ဍမာမိ တံ မိတံ။

(မြတ်စွာဘုရားသည်)–
မဟာကရုဏာတော်၏ တည်ရာ ဖြစ်တော်မူ၏။
ခပ်သိမ်းသောဘဝ၌ ပြုနိုင်ခဲသော စွန့်ခြင်းကြီးငါးပါးစသော အမှုကို ပြုတော်မူတတ်၏။
ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာမှ လွန်မြောက်တော်မူပြီး၍ မြင့်မြတ်ခြင်းသို့ ရောက်တော်မူ၏။
လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူ၏။
ကောင်းစွာတည်ကြည်သော သမာဓိရှိတော်မူ၏။
လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အစီးအပွားကို ဆောင်တော်မူတတ်၏။
ထက်ဝန်းကျင် မြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ်မျက်လုံးရှိတော်မူ၏။
မနှိုင်းယှဉ်အပ်သောဂုဏ် ရှိတော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၀။ တဟိံ တဟိံ ပါရမီသဥ္စယံ စယံ၊
ဂတံ ဂတံ သမ္ဘိ သုခပ္ပဒံ ပဒံ။
နရာ နရာနံ သုခသမ္ဘဝံ ဘဝံ၊
နမာနမာနံ ဇိနပုင်္ဂဝံ ဂဝံ။

(မြတ်စွာဘုရားသည်)–
ထိုထို ဘဝမျိုးစုံတို့၌ ပါရမီအပေါင်းကို ဆည်းပူးတော်မူတတ်၏။
သူတော်ကောင်းတို့ ဆည်းကပ်အပ်သော ချမ်းသာခြင်း၏ အကြောင်းဖြစ်သော နိဗ္ဗာန်သို့ ရောက်တော်မူ၏။
လူ, နတ်တို့၏ အကျိုးငှာ ချမ်းသာခြင်း၏ အကြောင်းကို ဖြစ်စေတော် မူတတ်၏။
မကိုင်းညွတ် မရှိသေသော နွားနှင့်တူသော လူမိုက်တို့ကို အောင်တော်မူသော ယောကျ်ားမြတ် ဖြစ်တော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၁။ မဂ္ဂင်္နာဝံ မုနိဒက္ခနာဝိကော၊
ဤဟာဖိယံ ဥာဏကရေန ဂါဟကော။
အာရယှ ယော တာယ ဗဟူ ဘဝဏ္ဏဝါ၊
တာရေ တံ ဗုဒ္ဓမဃပ္ပဟံ နမေ။

လိမ္မာကျွမ်းကျင်သော သင်္ဘောလှေမှူးနှင့် တူသော မြတ်စွာဘုရားသည်–
ဝီရိယတည်းဟူသော တက်မကို ဉာဏ်တော်တည်း ဟူသော လက်တော်ဖြင့် မြဲစွာကိုင်၍ မဂ္ဂင်ရှစ်ပါးတည်း ဟူသော သင်္ဘောလှေထက်သို့ တက်စီးတော်မူပြီး ထိုမဂ္ဂင်ရှစ်ပါးတည်း ဟူသော သင်္ဘောလှေဖြင့် များစွာကုန်သော သတ္တဝါတို့ကို ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာမှ ကယ်တင်တော်မူလေပြီ။
သတ္တဝါတို့၏ ဆင်းရဲခြင်းကို ပယ်ပျောက်တော်မူတတ်၏။
သစ္စာလေးပါးကို သိတော်မူတတ်၏။
(ထို့ကြောင့်) လိမ္မာကျွမ်းကျင်သော သင်္ဘောလှေမှူးနှင့် တူသော မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၂။ သမတိံ သတိပါရမိသမ္ဘရဏံ၊
ဝရဗောဓိဒုမေ စတုသစ္စဒသံ။
ဝရမိဒ္ဓိဂတံ နရဒေဝဟိတံ၊
တိဘဝူပသမံ ပဏာမာမိ ဇိနံ။

(မြတ်စွာဘုရားသည်)–
အမျှသုံးဆယ်သော ပါရမီကို ဖြည့်ကျင့်တော်မူပြီး မြတ်သော ဗောဓိပင်ရင်း၌ သစ္စာလေးပါးကို သိမြင်တော်မူ၍ မြတ်သော တန်ခိုး၌ တည်တော်မူ၏။
လူ, နတ်တို့၏ အစီးအပွားကို ဆောင်တော်မူ၏။
ဘဝသုံးပါးမှ ငြိမ်းအေးတော်မူ၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၃။ သတပုညဇလက္ခဏိကံ ဝိရဇံ၊
ဂဂနူပမဓိံ ဓိတိမေရုသမံ။
ဇလဇူပမသီတလသီလယုတံ၊
ပထဝီသဟနံ ပဏာမာမိ ဇိနံ။

(မြတ်စွာဘုရားသည်)–

များစွာသော ဘုန်းတော်ကြောင့်ဖြစ်သော လက္ခဏာရှိတော်မူ၏။
ရာဂ–တည်းဟူသောမြူ ကင်းစင်တော်မူ၏။
ကောင်းကင်နှင့်တူသော ပညာရှိတော်မူ၏။
မြင်းမိုရ်တောင်မင်းနှင့် တူသော သမာဓိရှိတော်မူ၏။
ကြာနှင့်တူသော ချမ်းမြေ့သော သီလနှင့်ယှဉ်တော်မူ၏။
မြေကြီးနှင့်တူသော သည်းခံသော စိတ်နှလုံးရှိတော်မူ၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၄။ ယော ဗုဒ္ဓေါ သုမတိ ဒိဝေ ဒိဝါကရောဝ၊
ဧသောဘဏ္ဍော ရတိဇနနေ သိလာသနမှိ။
အာသီနော သိဝသုခဒံ အဒေသိ ဓမ္မံ၊
ဒေဝါနံ တမသဒိသံ နမာမိ နိစ္စံ။

(မြတ်စွာဘုရားသည်)–

ကောင်းသော ပညာရှိတော်မူ၏။
နေ့အခါ၌ နေမင်းကဲ့သို့ တင့်တယ်တော်မူဖြစ်၍ မွေ့လျော်ဖွယ်ကောင်းသော ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ နေတော်မူလျက် နိဗ္ဗာန်ချမ်းသာကို ပေးတတ်သော အဘိဓမ္မာတရားကို နတ်ဗြဟ္မာတို့အား ဝါတွင်း သုံးလပတ်လုံး ဟောတော်မူလေပြီ။
တုဘက် ပြိုင်ဘက်ကင်းတော်မူ၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် အမြဲရှိခိုးပါ၏။

၁၅။ ယော ပါဒပင်္ကဇမုဒုတ္တလရာဇိကေဟိ၊
လောကေဟိ တီဟိ ဝိကလေဟိ နိရာကုလဟိ။
သမ္ဘာပုဏ္ဏော နရုပမေယျတမေဝ နာထော၊
တံ သဗ္ဗလောကမဟိတံ အသမံ နမာမိ။

(မြတ်စွာဘုရားသည်)–

မချို့တဲ့ကုန်သော နှောင့်ယှက်ခြင်းကင်းကုန်သော ခြေဖဝါးတော်တည်းဟူသော ကြာ၏ နူးညံ့သော အပြင်၌ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ အရေးတို့ဖြင့် သုံးဘုံသူတို့နှင့် မနှိုင်းယှဉ်အပ်သည်၏ အဖြစ်သို့ ကောင်းစွာရောက်တော်မူ၏။
လောကသားအားလုံးတို့၏ အပူဇော်ကို ခံတော်မူထိုက်၏။

အတုမရှိ။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။
၁၆။ ဗုဒ္ဓံ နရာနရသမောသရဏံ မိတတ္တံ၊
ပညာပဒီပဇုတိယာ ဝိဟတန္ဓကာရံ။
အတ္ထာဘိကာမနရဒေဝဟိတာဝဟံ တံ၊
ဝန္ဒာမိ ကာရုဏိကမဂ္ဂမနန္တဉာဏံ။
(မြတ်စွာဘုရားသည်)-
လူနတ်တို့၏ စုဝေးရာ ဖြစ်တော်မူ၏။
တည်ကြည်သောစိတ် ရှိတော်မူ၏။
ပညာတည်းဟူသော ဆီမီးရောင်ဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူ၏။
လူနတ်တို့၏ အကျိုးစီးပွားကို အလွန်အလိုရှိတော်မူ၏။
လူနတ်တို့၏ အကျိုးစီးပွားကို ရွက်ဆောင်တော်မူတတ်၏။
မဟာကရုဏာနှင့် ယှဉ်သော မြတ်သော အဆုံးမရှိသော သဗ္ဗညုတဉာဏ် ရှိတော်မူ၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၇။ အခိလဂုဏနိဓာနော ယော မုနိန္ဒောပဂန္တွာ၊
ဝနမိသိပတနဝှံ သဉ္ဉတာနံ နိကေတံ။
တဟိံမကုသလဆေဒံ ဓမ္မစက္ကံ ပဝတ္တော၊
တမတုလမဘိကန္တံ ဝန္ဒနေယျံ နမာမိ။
ခပ်သိမ်းသော လောကီ, လောကုတ္တရာ ဂုဏ်တို့၏ သိုမှီးရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကိုယ်နှုတ်နှလုံးကို စောင့်ကုန်သောအရှင်မြတ်တို့၏ ကိန်းအောင်းမွေ့လျော်ရာဖြစ်သော ဣသိပတန အမည်ရှိသော မိဂဒါဝုန်တောသို့ ကြွတော်မူ၍ ထိုမိဂဒါဝုန်တော၌ အကုသိုလ်ကို ဖြတ်တတ်သောဓမ္မစကြာ တရားတော်ကို ဟောတော်မူလေပြီ။
အတုမရှိ အလွန်နှစ်သက်လိုဖွယ်သော ဂုဏ်ရှိတော်မူ၏။
ရှိခိုးခြင်းကို ခံတော်မူထိုက်၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၈။ သုစိပရိဝါရိတံ သုရုစိရပ္ပဘာဟိ ရတ္တံ၊
သိရိဝိသရာလယံ ဂုပိတမိန္ဒြိယေဟုပေတံ။
ရဝိသသိမဏ္ဍလပ္ပဘုတိလက္ခဏောပစိတ္တံ၊
သုရနရပူဇိတံ သုဂတမာဒရံ နမာမိ။

(မြတ်စွာဘုရားသည်)–
သန့်ရှင်းစင်ကြယ်သော အခြံအရံ ရှိတော်မူ၏။
ပြိုးပြိုးပြက် နှစ်သက်ဖွယ်သော အရောင်တို့ဖြင့် ဆိုးထားသော ကိုယ်တော်ရောင် ရှိတော်မူ၏။
ဘုန်းပညာ ကျက်သရေအပေါင်းတို့မှ တည်ရာဖြစ်တော်မူ၏။
ဣန္ဒြေ စောင့်စည်းမှုတို့နှင့် ပြည့်စုံတော်မူ၏။
နေဝန်း, လဝန်း အစရှိသော စက်လက္ခဏာတော်တို့ဖြင့် များစွာ ဆန်းကြယ်ခြင်း ရှိတော်မူ၏။
နတ်, လူတို့၏ အပူဇော်ကို ခံတော်မူထိုက်၏။
(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၁၉။ မဂ္ဂေါဠုမ္ပေန မုဟပဋ္ဋဃာသာဒိဥလ္လောလဝီစိ၊
သံသာရောဃံ တရိ တမဘယံ ပါရပတ္တံ ပဇာနံ။
တာဏံ လေဏံ အသမသရဏံ ဧကတိတ္ထံ ပတိဋ္ဌံ။
ပုညက္ခေတ္တံ ပရမသုခဒံ ဓမ္မရာဇံ နမာမိ။

တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်–
မောဟ, ဒေါသ, လောဘ အစရှိသော ထကြွလှုပ်ရှားကြီးမားသော လှိုင်းတံပိုးတို့ဖြင့် ပြွမ်းထသော သံသရာတည်းဟူသော ပင်လယ်ရေအလျဉ်ကို မဂ္ဂင်ရှစ်ပါးတည်းဟူသော သင်္ဘောဖောင်ဖြင့် ကူးတော်မူလေပြီ။
ဘေးမရှိရာ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်တော်မူလေပြီ။
သတ္တဝါတို့၏ ကိုးကွယ်ရာ, ပုန်းအောင်းရာ, အတုမရှိ လဲလျောင်းရာ ဖြစ်တော်မူ၏။
နိဗ္ဗာန်ပြည်သို့သွားရာ တစ်ခုတည်းသော ရေဆိပ်သဖွယ် ဖြစ်တော်မူ၏။
မိခိုရာကျွန်းကြီးနှင့် တူတော်မူ၏။
ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးရာ လယ်မြေကောင်းနှင့်တူတော်မူ၏။

မြတ်သော နိဗ္ဗာန်ချမ်းသာကို ပေးတော်မူတတ်၏။

(ထို့ကြောင့်) တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၂၀။ ကပ္ပဒ္ဒုမ္မမူလေ ပရဟိတကရဏေယော မုနိန္ဒော နိသိန္နော၊
အစ္ဆေရံ သိဿံ နယနသုဘဂံ အာကုလဏ္ဏင္ဂဇာလံ။
ဒုဗ္ဗာလဒ္ဓံသံ မုနိဘိဇဟိတံ ပါဋိဟေရံ အကာသိ၊
ဝန္ဒေ တံ သေဋ္ဌံ ပရမရတိဇံ ဣဒ္ဓိဓမ္မေဟုပေတံ။

(မြတ်စွာဘုရားသည်)-

သူတစ်ပါးတို့၏ အကျိုးစီးပွားကို ရွက်ဆောင်တော်မူတတ်၏။
ကပ္ပမည်သော ဥယျာဉ်စောင့် စိုက်ပျိုးထားသော သရက်ပင်
အနီး၌ နေတော်မူလျက် အံ့ဖွယ်ကောင်းသော လူနတ်တို့၏
မျက်စိအမြင် တင့်တယ်၍ ရေအလျဉ်, မီးအလျှံရောပြွမ်းပြီး
မိစ္ဆာကွန်ယက်ကို ဖျက်ဆီးတတ်သော ဘုရားရှင်တိုင်း မစွန့်
သော ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကို လျှင်စွာပြတော်မူပြီ။
အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူ၏။
မြတ်သော နှစ်သက်ခြင်းကို ဖြစ်စေတတ်၏။
တန်ခိုးကျေးဇူးတို့နှင့် ပြည့်စုံတော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၂၁။ မုနိန္ဒက္ခော ယေ့ကော ဒယုဒယရဏော
ဉာဏဝိတ္ထိဏ္ဏဗိမ္ဗော၊
ဝိနေယျပ္ပါဏောဃံ ကမလကထိတံ
ဓမ္မရံသီဝရေဟိ။
သုဗောဓေသိ သုဒ္ဓေ တိဘဝကုဟရေ
ဗျာပိတက္ကိတ္တိနဍ္ဎ၊
တိလောကေကစက္ခုံ ဒုခမသဟနံ
တံ မဟေသိံ နမာမိ။

မြတ်စွာဘုရားတည်းဟူသော နေမင်းသည်-

တုဘက် ပြိုင်ဘက်မပြု တစ်ဆူတည်းသာ ဖြစ်တော်မူ၏။
မဟာကရုဏာ သမာပတ်တည်း ဟူသော တက်လတ်သော
နေအရုဏ် ရှိတော်မူ၏။

ဘဝသုံးပါး (လူသုံးပါး)တို့၏ တစ်လုံးတည်းသော မြတ်သော မျက်စိ ဖြစ်တော်မူ၏။
သူတစ်ပါးတို့ သည်းခံနိုင်ခဲသော အရာကို သည်းခံတော်မူ၏။
သီလက္ခန္ဓ စသည့်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးတော်မူတတ်၏။

(ထို့ကြောင့်) မြတ်စွာဘုရားတည်းဟူသော နေမင်းကို အကျွန်ုပ် ရှိခိုးပါ၏။

၂၂။ယော ဓိနော အနေကဇာတိယံ
သပုတ္တဒါရမင်္ဂဓိဝိတမ္ပိ၊
ဗောဓိပေမတော အလဂ္ဂမာနသော၊
အဒါသိယေဝ အတ္ထိကာယ။
ဒါနပါရမိံ တတော ပရံ အပူရိ
သီလပါရမာဒိကမ္ပိ၊
တာသမိဒ္ဓိယောပယာတမဂ္ဂတံ
တမေက ဒီပင်္ကံ နမာမိ။

(မြတ်စွာဘုရားသည်)–

များစွာသောဘဝ၌ သဗ္ဗညုတ ဉာဏ်ကို ချစ်မြတ်နိုးသောကြောင့် သား မယားနှင့်တကွ အင်္ဂါကြီးငယ် အသက်ကိုပင် ငြိတွယ်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ အလိုရှိသူအား ပေးလှူတော်မူခဲ့ပြီ။
ဒါနပါရမီကို လည်းကောင်း, တစ်ပါးသော သီလစသော ပါရမီကိုးပါးကို လည်းကောင်း ဖြည့်ဆည်းတော်မူခဲ့ပြီ။
ထိုဆယ်ပါးသော ပါရမီတို့၏ ပြည့်စုံခြင်းကြောင့် မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူပြီ။
လူနတ်တို့၏ ကိုးကွယ်မှီခိုရာ မြတ်သော ကိုင်းကျွန်းသဖွယ် ဖြစ်တော်မူ၏။

(ထို့ကြောင့်) မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

၂၃။ ဒေဝါဒေဝါတိဒေဝံ နိဓနဝပုဓရံ
မာရဘင်္ဂ အဘင်္ဂံ၊
ဒီပံ ဒီပံ ပဇာနံ ဇယဝရသယနေ
ဗောဓိပတ္တံ ဓိပတ္တံ။

ဗြဟ္မာဗြဟ္မာဂဏာနံ ဝရဂိရကထိကံ
ပါပဟိနံ ပဟိနံ၊
လောကာလောကာဘိရမံ သတတမဘိနမေ
တံ မုနိန္ဒံ မုနိန္ဒံ။

(မြတ်စွာဘုရားသည်)–

သမ္မုတိနတ်, ဥပပတ္တိနတ်တို့ထက် လွန်မြတ်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူ၏။
နောက်ထပ် ဘဝအသစ် ဖြစ်တော်မမူ။
မာရ်ငါးပါးကို ဖျက်ဆီးတော်မူတတ်၏။
မာရ်စစ်သည်တို့က ဖျက်ဆီးခြင်းငှာ မတတ်နိုင်ပြီ။
သတ္တဝါတို့၏ အကျိုးငှာ ပညာတည်းဟူသော ဆီမီးရောင်ကို ညှိထွန်းတော်မူပြီ။
မာရ်ငါးပါးကို အောင်မြင်ရာ မြတ်သော ဗောဓိပင်နေရာ၌ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရတော်မူပြီး၍ ကြီးမြတ်လွန်ကဲသည်၏ အဖြစ်သို့ ရောက်တော်မူ၏။
ဆည်းကပ် ရောက်လာကုန်သော ဗြဟ္မာ, လူ, နတ်ပရိတ်သတ်တို့အား မြတ်သော တရားစကားကို ဟောတော်မူတတ်၏။
ညစ်ညမ်းယုတ်မာ ကိလေသာကို ပယ်ခွာတော်မူတတ်၏။
လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ မွေ့လျော်ရာ ဖြစ်တော်မူ၏။

(ထို့ကြောင့်)ဝိသုဒ္ဓိနတ် ဘုရားမြတ်ကို အမြဲမပြတ် အကျွန်ုပ် ရှိခိုးပါ၏။

## ၃၂–ပါးသော မဟာပုရိသ လက္ခဏာများ

၂၄။ ဗုဒ္ဓေါ နိဂြောဓဗိမ္ဗော မုဒုကရစရဏော
ဗြဟ္မဃောသေဏိဇင်္ဃော၊
ကောသစ္ဆာဒင်္ဂဇာတော ပုနရပိ သုဂတော
သုပ္ပတိဋ္ဌိတပါဒေါ၊
မူဒေါဒါတုဏ္ဏလောမော အထမပိ သုဂတော
ဗြဟ္မုဇုဂ္ဂတ္တဘာဝေါ၊
နီလက္ခိ ဒီဃပဏှိ သုခုမမလဆဝိ
ထောမျရသဂ္ဂသဂ္ဂီ။

၂၅။ စတ္တာလီသဂ္ဂဒန္တော သမကာလပနဓော
အန္တရံသပ္ပပီနော၊
စက္ကေနကိတပါဒေါ အဝိရဠဒသနော
မာရဖုသာယဿ ါပါဒေါ။
တိဋ္ဌန္တော နော နမန္တော ဘယကရမုဒုနာ
ဇဏ္ဏုကာနာမသန္တော။
ဝဋ္ဋက္ခန္ဓော ဇိနော ဂေါတရဏပခုမကော
သီဟပုဗ္ဗမု ကာယော။
၂၆။ သတ္တပ္ပီနော စ ဒီဃင်္ဂုလိ မထ သုဂတော
လောမကူပေကလောမော၊
သမ္ပန္နောဒါတဒါဌော ကနကသမတစော
နီလမုဒ္ဒဂ္ဂလောမော။
သမ္ဗုဋ္ဌော ထူလဇိဝေါ အထ သီဟဟနုကော
ဓာလိကပ္ပါဒဟတ္တော၊
နာထော ဥဏှိသသီသော ဣတိဂုဏသဟိတံ
တံ မဟေသိ နမာမိ။

(မြတ်စွာဘုရားသည်)–

၁။ အရပ်နှင့် အလံမျှသဖြင့် ပညောင်၏ အဝန်းကဲ့သို့ ဝန်းသောကိုယ် ရှိတော်မူ၏။

၂။ အကြိမ်တစ်ရာ ဖတ်အပ်သော ဝါဂွမ်းကဲ့သို့ နူးညံ့သော လက်ဖဝါးတော် ခြေဖဝါးတော် ရှိတော်မူ၏။

၃။ ဗြဟ္မာမင်း၏ အသံကဲ့သို့ သာယာသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မြင်းခေါင်း ရှိတော်မူ၏။

၄။ ဇာတိမည်သော သားကောင်၏ မြင်းခေါင်းကဲ့သို့ ပြည့်ဖြိုးသော မြင်းခေါင်း ရှိတော်မူ၏။

၅။ ရွှေပဒုမ္မာကြာချပ်နှင့်တူသော အိမ်ဖြင့် ဖုံးလွှမ်းထားသည်ဖြစ်၍ ကျစ်လျစ်သော ယောကျ်ားမြတ်၏ နိမိတ် ရှိတော်မူ၏။

၆။ ရွှေခြေနင်းအပြင်ကဲ့သို့ ညီညွတ်စွာတည်သော ခြေဖဝါး ရှိတော်မူ၏။

၇။ မျက်မှောင်နှစ်ခုတို့၏ အလယ်၌ နူးညံ့ဖြူစင်သော ဥဏ္ဏာလုံ မွေးရှင်တော် ရှိတော်မူ၏။

၈။ ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိတော်မူ၏။
၉။ ညိုသော မျက်လုံး ရှိတော်မူ၏။
၁၀။ ရှည်သော ဖနောင့် ရှိတော်မူ၏။
၁၁။ သိမ်မွေ့သော အညစ်အကြေးမတင် သန့်ရှင်းစင်ကြယ်သော အရေ ရှိတော်မူခြင်း။
၁၂။ ချီးမွမ်းအပ်သော (နှမ်းစေ့ပမာဏ အာဟာရပင် ဖြစ်သော်လည်း လျှာဖျားဝယ် တင်ထားခါမျှ၌) အရသာကို ဆောင်နိုင်သော ခုနစ်ထောင်သော အကြောတို့၏ ပေါင်းဖွဲ့ စုရုံးသော အဖျား ရှိတော်မူ၏။
၁၃။ အညီအမျှ လေးဆယ်စေ့သော မြတ်သော သွားရှိတော်မူ၏။
၁၄။ လွှဖြင့် ဖြတ်သကဲ့သို့ ညီညာသော သွားရှိတော်မူ၏။
၁၅။ ရေစီးကြောင်းမထင် ပြည့်ဖြိုးစင်သော ကျောပြင် ရှိတော်မူ၏။
၁၆။ တစ်ရာ့, ရှစ်ကွက် စက်လက္ခဏာဖြင့် မှတ်အပ်သော ခြေဖဝါး ရှိတော်မူ၏။
၁၇။ မကျဲသော သွားရှိတော်မူ၏။
၁၈။ မြင့်သော ဖမျက် ရှိတော်မူ၏။
၁၉။ ရပ်တော်မူလျက် မကိုင်းညွတ်ဘဲ သိမ်မွေ့နူးညံ့သော လက်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်း နှစ်ဖက်တို့ကို သုံးသပ်တော်မူနိုင်၏။
၂၀။ ရွှေမှုရီးစည်ငယ်သဏ္ဌာန်ကဲ့သို့ လုံးသော လည်ပင်းရှိတော်မူ၏။
၂၁။ ဖွားသစ်စ နွားငယ်၏ မျက်မွေးကဲ့သို့ အလွန်နုပျို နူးညံ့သည့် မျက်မွေး ရှိတော်မူ၏။
၂၂။ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်သော ကိုယ်နှင့်တူသော ပြည့်ဖြိုးသော ကိုယ်ရှိတော်မူ၏။
၂၃။ ခြေဖမိုးတော်နှစ်ဖက် လက်ဖမိုးတော်နှစ်ဖက် ပခုံးတော်နှစ်ဖက်, လည်ကုပ်တော်ဟု ဆိုအပ်သော ဤခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားရှိတော်မူ၏။
၂၄။ ရှည်သွယ်သော လက်ချောင်း, ခြေချောင်း ရှိတော်မူ၏။
၂၅။ မွေးညင်းတွင်း တစ်တွင်းတစ်တွင်းလျှင် မွေးညင်းတော် တစ်ပင် တစ်ပင် စီသာ ပေါက်ရောက်တော်မူ၏။
၂၆။ ပြည့်ဖြိုးဖြူစင်သော စွယ်တော်ရှိတော်မူ၏။

၂၇။ ဓမ္မုရာဇ် ရွှေစင်နှင့်တူသော အရေရှိတော်မူ၏။
၂၈။ မျက်နှာတော်ကို မော်ဖူးသည့်ပမာ အထက်သို့ အဖျားကော့သော မွေးညင်းရှိတော်မူ၏။
၂၉။ ရှည်လျား နူးညံ့ ကျယ်ပြန့်သော လျှာ ရှိတော်မူ၏။
၃၀။ ခြင်္သေ့မင်း၏ အောက်မေးနှင့်တူသော ပြည့်ဖြိုးသော မေး ရှိတော်မူ၏။
၃၁။ လေသွန်တံခါး၌ လက်သမား တပ်စီထားသော ရွှေပွတ်လုံး (ဇာလိတိုင်) ကဲ့သို့ တင့်တယ်စွာ ရှည်သော ခြေချောင်း, လက်ချောင်း ရှိတော်မူ၏။
၃၂။ သရဖူအလား နဖူးသင်းကျစ်ပြား ရှိတော်မူ၏။

ဤဆိုအပ်ပြီးသော ၃၂–ပါးသော ဂုဏ်ကျေးဇူးအပေါင်းတို့နှင့် ပြည့်စုံတော်မူသောကြောင့် မြတ်စွာဘုရားကို အကျွန်ုပ် ရှိခိုးပါ၏။

## တိုက်တွန်းချက်

၂၇။ ဗုဒ္ဓေါ ဗုဒ္ဓေါတိဃောသော အတိဒုလဘတရော ကာ ကထာ ဗုဒ္ဓဘာဝေ။
လောကေ တသ္မာ ဝိဘာဝိ ဝိဝိဓဟိတသုခံ သာဓဝေါ ပတ္ထယန္တာ။
ဣဋ္ဌံ အတ္ထံ ဝဟန္တံ သုရ နရ မဟိတံ နိဗ္ဗယံ ဒက္ခိဏေယျံ၊
လောကနံ နန္ဒိဝဍ္ဎံ ဒသဗလ မသမံ တံ နမဿန္တု နိစ္စံ။

လောက၌ ဘုရားဟူသော အသံကိုပင် ကြားဖို့ရာ အလွန်ခဲယဉ်းလှ၏။ ဘုရားအဖြစ်မှာမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ထိုသို့ ခဲယဉ်းသောကြောင့် စီးပွားချမ်းသာ အမျိုးမျိုးကို လိုလား တောင့်တကုန်သော ပညာရှိ အမျိုးကောင်းသား (အမျိုးကောင်းသမီး) တို့သည် မြတ်စွာဘုရားကို အမြဲရှိခိုးကြစေကုန်သတည်း။ (ရှိခိုးကြပါကုန်လော့)။

(မြတ်စွာဘုရားသည်)–

အလိုရှိအပ်သော အကျိုးစီးပွားကို ရွက်ဆောင်တော်မူတတ်၏။
နတ် လူတို့၏ အပူဇော်ကို ခံတော်မူထိုက်၏။
ဘေးမရှိသော မြတ်သောအလှူကို ခံတော်မူထိုက်၏။
လူသုံးပါးတို့၏ နှစ်လိုခြင်းကို ပွားစေတော်မူတတ်၏။

ဆယ်ပါးသော အားတော်နှင့် ပြည့်စုံတော်မူ၏။
တုဘက် ပြိုင်ဘက် ကင်းတော်မူ၏။

ထို့ကြောင့် ပညာရှိ အမျိုးကောင်းသား (အမျိုးကောင်းသမီး) တို့သည် မြတ်စွာဘုရားကို အမြဲရှိခိုးကြစေကုန်သတည်း (ရှိခိုးကြပါကုန်လော့)။

## တမလွန်အတွက် ဆုတောင်း

ဤသို့ မြတ်စွာဘုရားအား ရှိခိုးရသော ကောင်းမှုကုသိုလ်ကြောင့် ရှိခိုးသူ အကျွန်ုပ်သည် တမလွန်ဘဝ၌-

၁။ သိမ်မွေ့သော ပညာရှိသူ ဖြစ်ရပါလို၏။
၂။ သတိနှင့်ပြည့်စုံသူ ဖြစ်ရပါလို၏။
၃။ ရောင့်ရဲလွယ်သူ ဖြစ်ရပါလို၏။
၄။ လိမ္မာသူ ဖြစ်ရပါလို၏။
၅။ ဖြောင့်မတ်သောအယူ ပညာရှိသူ ဖြစ်ရပါလို၏။
၆။ လုံ့လဝီရိယ မပေါ့မလျော့သူ ဖြစ်ရပါလို၏။
၇။ စည်းစိမ်ဥစ္စာရှိသူ ဖြစ်ရပါလို၏။
၈။ ခွဲခြမ်းဝေဖန်တတ်သူ ဖြစ်ရပါလို၏။
၉။ ထက်မြက်သူ ဖြစ်ရပါလို၏။
၁၀။ ရဲရင့်သူ ဖြစ်ရပါလို၏။
၁၁။ တည်ကြည်သော စိတ်ရှိသူ ဖြစ်ရပါလို၏။
၁၂။ မိမိအကျိုးစီးပွားနှင့် သူတစ်ပါးအကျိုးစီးပွားကို ကျင့်ဆောင်သူ ဖြစ်ရပါလို၏။
၁၃။ အသက်ရှည်သူ ဖြစ်ရပါလို၏။
၁၄။ အနာရောဂါကင်းသူ ဖြစ်ရပါလို၏။
၁၅။ ဘုန်းရှိသူ ဖြစ်ရပါလို၏။
၁၆။ အဆင်းလှသူ ဖြစ်ရပါလို၏။
၁၇။ အခြံအရံများသူ ဖြစ်ရပါလို၏။
၁၈။ ခွန်အားကြီးသူ ဖြစ်ရပါလို၏။
၁၉။ ကျော်စော ထင်ပေါ်သူ ဖြစ်ရပါလို၏။
၂၀။ သည်းခံသူ ဖြစ်ရပါလို၏။

## မျက်မှောက်အတွက် ဆုတောင်း

မြတ်စွာဘုရားအား ရှိခိုးသူ အကျွန်ုပ်သည် မျက်မှောက်ဘဝ၌-

၁။ သဒ္ဓါတရားရှိသူ ဖြစ်ရပါလို၏။
၂။ ပေးလှူစရာ ဝတ္ထုပစ္စည်းနှင့် ပြည့်စုံသူ ဖြစ်ရပါလို၏။
၃။ မြတ်သော ဘုန်းကျက်သရေကို ဆောင်နိုင်သူ ဖြစ်ရပါလို၏။
၄။ တပ်မက်ခြင်း ကင်းသူ ဖြစ်ရပါလို၏။
၅။ မကောင်းမှုမှ ရှက်တတ်သူ ဖြစ်ရပါလို၏။
၆။ မိတ်ကောင်းဆွေကောင်းရှိသူ ဖြစ်ရပါလို၏။
၇။ ကုသိုလ်ကောင်းမှုတို့၌ အလွန်မွေ့လျော်သူ ဖြစ်ရပါလို၏။
၈။ ငါးပါးသီလ စသည်ကို လုံခြုံအောင် စောင့်ထိန်းသူ ဖြစ်ရပါလို၏။
၉။ အလိုနည်းသူ ဖြစ်ရပါလို၏။
၁၀။ အမျက်နည်းသူ ဖြစ်ရပါလို၏။
၁၁။ နှလုံးစိတ်ဓါတ် အလွန်ဖြောင့်မတ်သူ ဖြစ်ရပါလို၏။
၁၂။ တန်ခိုးနှင့်ပြည့်စုံသူ ဖြစ်ရပါလို၏။
၁၃။ မနိုင်းယှဉ်အပ်သော ဂုဏ်ရှိသူ ဖြစ်ရပါလို၏။
၁၄။ ချီးမွမ်းထိုက်သူ ဖြစ်ရပါလို၏။
၁၅။ ချစ်ဖွယ်သောစကားကို ဆိုတတ်သူ ဖြစ်ရပါလို၏။
၁၆။ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးကို သိတတ်သူ ဖြစ်ရပါလို၏။
၁၇။ သူတော်ကောင်းတို့ကို မြတ်နိုးသူ ဖြစ်ရပါလို၏။

## အကျိုးကျေးဇူးများ

ပညာရှိသော အမျိုးကောင်းသားသည် ဤသို့ သုဂတ်သုဂတ်သေဠ္ဌ စသည် ဖြင့် တစ်စိတ်တစ်ဒေသ နည်းအားဖြင့် ပြဆိုထားသော မရေမတွက်နိုင်အောင် များသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို ဖော်ပြထားသော ဂါထာတို့တွင် တစ်ဂါထာမျှကိုသော်လည်း အောက်မေ့ရာ၏။ ထိုသို့ အောက်မေ့သောသူသည်-

၁။ အပါယ်လေးပါးမှ လွတ်နိုင်၏။
၂။ ပစ္စုပ္ပန်သံသရာအကျိုး ၂-ပါးကို ပြီးစေနိုင်၏။
၃။ ဘေးဥပါဒ်အန္တရာယ်တည်းဟူသော ကွန်ယက်ကို ဖျက်ဆီးနိုင်၏။
၄။ စီးပွားချမ်းသာကို ရနိုင်၏။
၅။ နတ်, လူတို့ကို အစိုးရသော နတ်မင်း ဖြစ်နိုင်၏။

၆။ လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်နိုင်၏။

၇။ နောက်ဆုံးဘဝ၌ အကျင့်ကောင်းသောကြောင့် ဘာဝနာ တည်းဟူသော ယာဉ်ထက်သို့ တက်စီး၍ အရဟတ္တဖိုလ်တည်း ဟူသော ထီးဖြူကို ဆောင်းလျက် ဝဋ္ဋဒုက္ခအားလုံးတို့၏ အေးငြိမ်းရာ နိဗ္ဗာန်သို့ ရောက်လတ္တံ့ (ရောက်နိုင်၏)။

၈။ ဤ မျက်မှောက်ဘဝ၌ အနာရောဂါ ကင်းနိုင်၏။

၉။ အသက်ရှည်နိုင်၏။

၁၀။ လောကသားအားလုံးတို့၏ အပူဇော်ကို ခံရ၏။

၁၁။ တရားဘာဝနာ၌ မွေ့လျော်သောစိတ်ရှိ၏။

၁၂။ လူအားလုံးတို့၏ ချစ်ခင်နှစ်သက်မှုကို ခံရ၏။

၁၃။ လူအားလုံးတို့၏ စိတ်နှလုံးကို တိုးပွားစေနိုင်၏။

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပြဆိုထားသော ဂါထာအားလုံးကို ဆောင်ခြင်း, မှတ်ခြင်း, ပွားများခြင်း ပြုရာ၌ ရရှိသော အကျိုးကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း ဆိုဖွယ်မရှိပြီ။

**မှတ်ချက်။** ။နမက္ကာရ ပါဠိကို ညောင်ရမ်းဆရာတော် ပြုစုသော နမက္ကာရဋီကာဖြင့် တိုက်ဆိုင်၍ ဖော်ပြပါသည်။

**နမက္ကာရပါဠိနှင့် မြန်မာပြန်ပြီး၏။**



## အပြင်အောင်ခြင်းရှစ်ပါးသိမှတ်ဖွယ်

မြတ်စွာဘုရား၏ အောင်မြင်မှုမှာ အသင်္ချေအနန္တ ဖြစ်သော်လည်း ဗုဒ္ဓစာပေ ကျမ်းဂန်ထဲမှ လူသိများ၍ ထင်ရှားသော ၈(၈)မျိုးကိုသာ ထုတ်နုတ်ပြီး ဂါထာစီထားသောကြောင့် အောင်ခြင်းရှစ်ပါးဟု တွင်ကျယ်နေခြင်း ဖြစ်သည်။ မြတ်စွာဘုရား၏ ခန္ဓာကိုယ်မှအပဖြစ်သော အပြင်ရန် အောင်မြင်မှုကို စွဲ၍ အပြင်အောင်ခြင်း ဟုခေါ်ဆိုသည်။ ကျမ်းဂန်များတွင် အဋ္ဌဇယမင်္ဂလာဟု သုံးနှုန်းသည်။ မြတ်စွာဘုရား၏ အောင်မြင်ပုံ(၈)မျိုးကို ပြဆိုပြီး အကျွန်ုပ်အား အလားတူ အောင်မြင်မှုမင်္ဂလာ ရရှိပါစေဟု အာသီသပြု၍ ဖွဲ့ဆိုထားသော ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်းက အလွန်နှစ်သက်ကြသည်။

### သီဟိုဠ်မှာလည်း အသုံးများ

အပြင်အောင်ခြင်း ဂါထာများကို မြန်မာနိုင်ငံနည်းတူ သီဟိုဠ်နိုင်ငံတွင် လည်း ဘာသာရေးအခမ်းအနားများ၌ အမြတ်တနိုး ရွတ်ဆို ဖတ်ကြားလေ့ရှိ ကြသည်။ မြန်မာနိုင်ငံ ရဟန်း ရှင် လူတို့က ဆယ်စောင်တွဲ၌ ပါသည့်အတိုင်း ဂါထာအဆုံးတွင် ဇယမင်္ဂလဂ္ဂဟု ဧကဝုစ်ဖြင့် အဆုံးသတ်သည်။ သီဟိုဠ် နိုင်ငံကမူ ဇယမင်္ဂလာနိဟု ဗဟုဝုစ်ဖြင့် အဆုံးသတ်လေ့ရှိသည်။ ဂါထာအားလုံး ၁၄–လုံး ဖွဲ့ချည်း စီထားသည်။ ဂါထာအားလုံး တစ်ပုံစံတည်း တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂ ဟူသော ဆုတောင်းအဓိဋ္ဌာန်စာဖြင့် အဆုံးသတ်ထား သည်။

### ကျမ်းဂန်နှင့်အညီ ရေးဖွဲ့ထား

အပြင်အောင်ခြင်း ဂါထာများနှင့် ပတ်သက်၍ ရေးသူ၏အမည် ရေးသည့် နေရာ ရေးသည့်ခေတ် စာပြီးနှစ်စသည်တို့ကို အတိအကျမသိရ၊ ပိဋကစာပေ နှံ့စပ်ကျွမ်းကျင်ပြီး အလွန်သဒ္ဓါတရားကောင်းသော ပညာရှင်တစ်ဦးက ဖွဲ့ဆို ထားခြင်းဖြစ်သည်ဟုသာ မှတ်ချက်ချ၍ ကြည်ညိုရပါသည်။



# အပြင်အောင်ခြင်းရှစ်ပါး

## ပါဠိနှင့် မြန်မာပြန်

### ၁။ မာရ်နတ်သားကို အောင်မြင်ခြင်း

ဗာဟုံသဟဿမဘိနိမ္မိတ သာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ။
ဒါနဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၁။ လက်ရုံးတစ်ထောင် လက်နက်တစ်ထောင် ဖန်ဆင်းကာ ဂိရိမေခလာ ဆင်ကိုစီး၍လာသော ကြမ်းတမ်းသော စစ်သည်ဗိုလ်ပါနှင့်တကွ မာရ်နတ်သားကို မြတ်စွာဘုရားသည် ဒါနပါရမီ စသောတရားတော် အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

### ၂။ အာဠာဝက ဘီလူးကို အောင်မြင်ခြင်း

မာရာတိရေကမဘိယုဇ္ဈိတ သဗ္ဗရတ္တိံ၊
ဃောရံပနာဠဝကမက္ခမထဒ္ဓယက္ခံ။
ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၂။ မာရ်နတ်သားထက် လွန်ကဲစွာ ညဥ့်လုံးပေါက်စစ်ထိုးနိုင်၍ ကြောက်ဖွယ်ကောင်းပြီး သူတစ်ပါးတို့ သည်းမခံနိုင်အောင် ကြမ်းတမ်း ခက်မာသော အာဠဝက ဘီလူးကြီးကို မြတ်စွာဘုရားသည် သည်းခံတော်မူခြင်း, ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်း အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ အာဠဝကဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာဖြစ်ပါစေ။

### ၃။ နာဠာဂိရိဆင်ကို အောင်မြင်ခြင်း

နာဠာဂိရိ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိစက္ကမသနီဝ သုဒါရုဏန္တံ။
မေတ္တမ္ဗုသေကဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၃။ တောမီးမိုးကြိုးစက်ကဲ့သို့ ကြမ်းကြုတ်၍ အလွန် မုန်ယစ်နေသော အဇာတသတ်၏ စီးတော်ဆင် နာဠာဂိရိကို မြတ်စွာဘုရားသည် မေတ္တာတော် ရေသွန်းခြင်း အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ နာဠာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာ ဖြစ်ပါစေ။

### ၄။ အင်္ဂုလိမာလကို အောင်မြင်ခြင်း

ဥက္ခိတ္တခဂ္ဂမတိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိယောဇနပထင်္ဂုလိမာလဝန္တံ။
ဣဒ္ဓီဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၄။ သန်လျက်ကို လက်၌မြှောက်မိုး၍ အလွန်ကြမ်းကြုတ်ရက်စက်သူ, သုံးယူဇနာခရီးကို မမောပန်း တဟုန်းတည်း ပြေးစွမ်းနိုင်သူ, လက်ညှိုးပန်းကုံး ဆွဲထားသူ အင်္ဂုလိမာလ လူဆိုးကြီးကို မြတ်စွာဘုရားသည် ဖန်ဆင်းထားသော စိတ်တန်ခိုးဖြင့် အောင်တော်မူလေပြီ၊ အင်္ဂုလိမာလ လူဆိုးကြီးကို အောင်တော် မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာ ဖြစ်ပါစေ။

**၅။ စိဉ္စမာဏကို အောင်မြင်ခြင်း**

**ကတွာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနီယာ၊**
**စိဉ္စာယဒုဋ္ဌဝစနံဇနကာယမဇ္ဈေ၊**
**သန္တေန သောမဝိဓိနာ ဇိတဝါမုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

၅။ တရားနာကြသော လူရှင်ရဟန်း ပရိတ်သတ်တို့၏ အလယ်၌ သစ်သားကို ကိုယ်ဝန်ဆောင်မိန်းမ၏ ဝမ်းဗိုက်ကဲ့သို့ အတုပြု၍ လုပ်ဆောင်လာသူ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမယုတ်၏ မဟုတ်မတရား စွပ်စွဲ ဖျက်ဆီးသောစကားကို မြတ်စွာဘုရားသည် ငြိမ်သက်ဖြူစင် ချမ်းအေးသော အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ စိဉ္စမာဏမိန်းမယုတ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

၆။ သစ္စကပရိဗိုဇ်ကို အောင်မြင်ခြင်း

သစ္စံ ဝိဟာယ အတိသစ္စကဝါဒကေတုံ၊
ဝါဒါဘိရောပိတမနံ အတိအန္ဓဘူတံ။
ပညာပဒီပဇလိတော ဇိတဝါမုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၆။ မှန်သောစကားကို ပယ်၍ မမှန်ကို အမှန်လုပ်ကာ ဝါဒများကို တံခွန်အလား လွှင့်ထူသွားသူ မိမိ၏ဝါဒဖြင့် သူတစ်ပါးတို့အား နိုင်နင်းလိုသော စိတ်ထားရှိသူ အလွန်မိုက်မဲသည့် ကူဋ္ဌဒန္တခေါ်သော သစ္စကပရိဗိုဇ်ကို မြတ်စွာဘုရားသည် ပညာတန်ဆောင် ဆီမီးရောင်ကို ညှိထွန်းတော်မူခြင်းဖြင့် အောင်တော်မူလေပြီ။ သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

**၇။ နန္ဒောပနန္ဒနဂါးကို အောင်မြင်ခြင်း**

နန္ဒောပနန္ဒဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ ၊
ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော။
ဣဒ္ဓူပဒေသဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၇။ အထူးထူးအပြားပြား တန်ခိုးကြီးမားသော နန္ဒောပနန္ဒ နဂါးမင်းကို မြတ်စွာဘုရားသည် တပည့်သားဖြစ်သူ ရှင်မောဂ္ဂလာန်ကို နှစ်ဆကြီးသော နဂါးအသွင်ဖြင့် အခိုးအလျှံကို လွှတ်စေလျက် တန်းခိုးဖန်ဆင်းခြင်း၌ နည်းညွှန်း ဥပဒေပေးသော အစီအရင်ဖြင့် အောင်တော်မူလေပြီ။ နန္ဒောပနန္ဒ နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

### ၈။ ဗကဗြဟ္မာကို အောင်မြင်ခြင်း

ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန သုဒဋ္ဌဟတ္ထံ၊
ဗြဟ္မံ သုတံ ဇုတိမဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါမုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၈။ မကောင်းသောအယူ မိစ္ဆာဒိဋ္ဌိမြွေဆိုး လက်၌ကိုက်ခဲခြင်းခံရသူ ကျော်စော၍ ထွန်းလင်းတောက်ပသော ကြီးမားသော တန်ခိုးရှင် ဗကဗြဟ္မာကြီးကို မြတ်စွာဘုရားသည် ဉာဏ်တော်တည်းဟူသော အဆိပ်ဖြေဆေး အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ ဗကဗြဟ္မာကြီးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

အောင်ခြင်းရှစ်ပါး ပါဠိနှင့် မြန်မာပြန်ပြီး၏။

●



# အတွင်းအောင်ခြင်းရှစ်ပါး

## ပါဠိနှင့် မြန်မာပြန်

၁။ အဝိဇ္ဇာအဏ္ဏကောသမှိ၊
သတ္တေ တဏှာဇလမ္ဗုဇေ။
တမှာဌာနာ နိက္ခာမေသိ၊
ဒေသနာဉာဏတေဇသာ။
ဇောေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလဂ္ဂံ။

၁။ (မြတ်စွာဘုရားသည်) အဝိဇ္ဇာ ဥခွံအတွင်း၌ ဖြစ်ကုန်သော သတ္တဝါများနှင့် တဏှာတံလျှပ်၌ ဖြစ်ကုန်သော သတ္တဝါတို့ကို ဒေသနာ ဉာဏ်တန်ခိုးဖြင့် ထိုနေရာမှ ထွက်မြောက်စေတော်မူပြီ။ ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

**မှတ်ချက်။** ။ "တဏှာဇလာဗုဇေ"ဟု ရှိခဲ့သော် တဏှာ–တည်းဟူသော သားအိမ်၌ ဖြစ်ကုန်သောဟု မြန်မာပြန်ပါ။

၂။ မဟာမောဟန္ဓကာရေန၊
အဘိဘူတေ မဟာဇနေ။
ပညာစက္ခုံ လဘာပေသိ၊
ဉာဏာလောကန သော ဇိနော။

ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

၂။ မြတ်စွာသည် မောဟမှောင်ကြီး ဖိစီးနှိပ်စက်ခြင်းခံနေရသော သတ္တဝါများကို ဉာဏ်တော်တည်းဟူသော အလင်းရောင်ဖြင့် ပညာမျက်လုံးကို ရစေတော်မူပြီ။ ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာဖြစ်ပေါစေ။

၃။ ရာဂါဒိအဂ္ဂိဇာလေဟိ၊
ဉဍှ ကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရနာထော၊
အဋ္ဌမင္ဂင်္ဂဝါရိနာ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

၃။ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ရာဂစသော မီးလျှံတို့ဖြင့် ပူလောင်သော ကိုယ်ရှိသော သတ္တဝါများကို မဂ္ဂင် ရှစ်ပါးတည်းဟူသော ရေစင်ဖြင့် ငြိမ်းစေတော်မူပြီ၊ ဤမှန်သောသစ္စာကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာဖြစ်ပါစေ။

၄။ စတုရောဃေဟိ ဝုယှန္တေ၊
ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဉတ္တာရေသိ မဟာဝီရော၊
ဓမ္မနာဝါယ နာယကော၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

၄။ ကြီးမြတ်သော လုံ့လရှိတော်မူသော လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူသော မြတ်စွာဘုရားသည် အလွန် နက်စောက်သော သံသရာတည်းဟူသော သမုဒ္ဒရာ၌ ဩဃလေးပါးတည်းဟူသော ရေအလျဉ်တို့ဖြင့် ကယ်တင်တော်မူပြီ၊ ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာဖြစ်ပါစေ။

၅။ သံသာရစာရကံ လောကံ၊
နိစ္စံ ဒုက္ခေန ပီဠိတံ။

နိဗ္ဗာနပုရံ ပါပေသိ၊
ယာနတ္တယေနသော ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

၅။ ထိုမြတ်စွာဘုရားသည် သံသရာ၌ ကျင်လည်လှုပ်ရှား ပြေးသွားနေရပြီး ဇာတိစသော ဆင်းရဲဒုက္ခဖြင့် အမြဲမပြတ် နှိပ်စက်ခြင်းခံနေရသော လူအပေါင်းကို အနိစ္စ, ဒုက္ခ, အနတ္တ, ဝိပဿနာယာဉ်သုံးပါးဖြင့် နိဗ္ဗာန်ပြည်မြတ်သို့ ရောက်စေတော်မူပြီ၊ ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား၊ အောင်ခြင်းမင်္ဂလာဖြစ်ပါစေ။

၆။ ကဏ္ဍမ္ဗမူလေ ပရိသာယ မဇ္ဈေ,
ဉဏ္ဍကာယံ မဟာဇနံ။
နိဗ္ဗာပေသိ မဟာဝီရော၊
နာထော တိလောကဝေဇ္ဇကော၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

၆။ ကြီးမြတ်သော ပညာရှိတော်မူသော လူသုံးပါးတို့၏ ဆေးသမားသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကဏ္ဍမ္ဗ–စသော မြွေလေးကောင်တို့၏ ကိုက်ခဲခြင်းကို ခံရသော ကိုယ်ရှိသော များစွာသော သတ္တဝါအပေါင်းကို (ဒေသနာအမြိုက်ဆေး တိုက်ကျွေးသောအားဖြင့်) ငြိမ်းစေတော်မူပြီ၊ ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

၇။ သံသာရဒုက္ခကန္တာရာ၊
ကိလေသစောရ ပီဠိတံ။
ခေနန္တဘူမိံ တာရေသိ၊
သတ္တဝါဟော ဝိနာယကော၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

၇။ ယာဉ်မှူးသဖွယ် ဖြစ်တော်မူသော သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် ကိလေသာခိုးသူတို့၏ နှိပ်စက်ခြင်းကို

ခံနေရသော သတ္တဝါအပေါင်းကို သံသရာဆင်းရဲ ခရီးခဲမှ ဘေးမရှိရာ နိဗ္ဗာန်သို့ ပို့ဆောင်ထုတ်ချောက် ကူးမြောက်စေတော်မူပြီ၊ ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

၈။ ပဉ္စတာလီသဝဿနိ၊
ဌတွာ လောကံ သဒေဝကံ။
ပိဝယိတွာ ဓမ္မရသံ၊
နိဗ္ဗုတောသော သသာဝကော၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

၈။ ဆိုခဲ့ပြီးသော ကျေးဇူးဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါပတ်လုံး ဘုရားအဖြစ်၌ တည်တော်မူ၍ နတ်နှင့်တကွသော လူအပေါင်းကို တရားတည်းဟူသော အမြိုက်အရသာကို သောက်စေတော်မူပြီး တပည့်သား သံဃာတော်အပေါင်းနှင့်အတူ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ၊ ဤမှန်သော သစ္စာစကားကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

အတွင်းအောင်ခြင်းရှစ်ပါး ပါဠိနှင့် မြန်မာပြန် ပြီး၏။

[မာဂဓီ(သာစည်)၏ ဆယ်စောင်တွဲသင်တန်း မြန်မာပြန်ကျမ်းမှ ကူးယူဖော်ပြပါသည်။]

●



# ဓမ္မစကြာရေးဦး သိဖွယ်အညွန်း

ဗုဒ္ဓမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် နေ့ညတွင် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ ဝါဆိုလပြည့် စနေနေ့ နေဝင်လုလု တစ်ခြမ်းမြုပ်၊ လထွက်လုလု တစ်ခြမ်းပေါ် အချိန်တွင် မိဂဒါဝုန်တော၌ တရားဦးဓမ္မစကြာကို ပဥ္စဝဂ္ဂီငါးဦးတို့အား ဟောကြားသော တရားဖြစ်သဖြင့် တရားဦး ဓမ္မစကြာဟု တင်စားခေါ်ဝေါ်ကြပါသည်။

နောက်ပွင့်ဦးမည့် အရိမေတ္တေယျ မြတ်စွာဘုရားသည်လည်း ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ဤဓမ္မစကြာတရားကိုပင် တရားဦးဟောပေလိမ့်မည်။ ပွင့်တော်မူလေကြကုန်ပြီးသော ဘုရားရှင်တိုင်းသည် ဓမ္မစကြာတရားကို ဦးစွာ ဟောကြားကြသည်ချည်းဖြစ်ပါသည်။

ပဥ္စဝဂ္ဂီငါးဦးတွင် ကောဏ္ဍညပုဏ္ဏားသည် ဦးစွာပထမ သောတာပန်တည်ပါသည်။ မိဂဒါဝုန်ဥယျာဉ်သည် ရှေးအခါ ကာသိတိုင်း ဗာရာဏသီပြည်မှ ၆-မိုင်အကွာတွင် တည်ရှိသည်။ ယခု အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ်၊ ဗာရာဏသီမြို့အနီး ဆာရနက်ဟုခေါ်တွင်လေသည်။

ဓမ္မစကြာသုတ် တရားတော်သည် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဆိုသည့် ပိဋကတ်သုံးပုံရှိရာတွင် သုတ္တန်ပိဋကတ်မှဖြစ်သည်၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်ဆိုသည့် နိကာယ်ငါးရပ်တွင် သံယုတ္တနိကာယ်မှ ဖြစ်သည်။ ထိုနိကာယ်တွင် သဂါထာ ဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သဠာယတန ဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ် စသည် ငါးမျိုးရှိရာတွင် မဟာဝဂ္ဂသံယုတ်မှ ဖြစ်သည်။ ယင်း မဟာဝဂ္ဂသံယုတ်တွင် မဂ္ဂသံယုတ်၊ ဗောဇ္ဈင်္ဂသံယုတ်၊ သတိပဋ္ဌာနသံယုတ် စသည်ဖြင့် ၁၂-ပါးရှိရာ နောက်ဆုံး သစ္စသံယုတ်ထဲမှ ဖြစ်ပေသည်။ ထိုသစ္စသံယုတ်မှာ ဒုတိယဝဂ် ပထမသုတ် အဖြစ်ဖြင့် သင်္ဂါယနာတင်ထားတော်မူကြလေသည်။

ဘုရားရှင်တိုင်း ဦးစွာဟောကြားတော်မူသော ဓမ္မစကြာတရားတော်ကို ဖော်ပြအပ်ပါသည်။

# ဓမ္မစကြာ

## ဓမ္မစက္က ပဝတ္တနသုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဓမ္မစကြာအမွှန်း

ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊ ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာန ပါပကံ။
သဟမ္ပတိနာမကေန၊ မဟာဗြဟ္မေန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊ လောကနာထော အဒေသယိ။
နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိ သာဓကံ။
သဗ္ဗလောကဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမဟေ။

### ဓမ္မစကြာနိဒါန်း

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ၊ တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။

## အယုတ်တရားနှစ်ပါး

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ၊ ကတမေဒွေ၊ ယော စာယံကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊ ယော စာယံ အတ္တကိလမထာ နုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

ဧတေ ခေါဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါတထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာ စသာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ–

သမ္မာဒိဋ္ဌိ သမာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော  သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေ  သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

### ဒုက္ခသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

### သမုဒယသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။

### နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

## မဂ္ဂသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ–

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

## ဒုက္ခသစ္စာ၌ သစ္စဉာဏ်

ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ဒုက္ခသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာ၌ သစ္စဉာဏ်

ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာ၌ ကိစ္စဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ

အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာ၌ သစ္စဉာဏ်

ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာ၌ ကိစ္စဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ သစ္စဉာဏ်

ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ ကတဉာဏ်

တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗ န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယာထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ။

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာ သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ တိ ပစ္စညာသိံ ။

## ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာ သမ္ဗောဓိ အဘိသမ္ဗုဒ္ဓေါ တိ ပစ္စညာသိံ ။

## ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

## ပဉ္စဝဂ္ဂီရဟန်းတို့ တရားကို နှစ်သက်ကြပုံ

ဣဒ မဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

## အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ ယံ ကိဉ္စိ သမုဒယ ဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မ န္တိ။

## နတ်ဗြဟ္မာတို့ ကောင်းချီးပေးပုံ

ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ န္တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ န္တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ န္တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ န္တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒ မနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ " န္တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါသဒ္ဒ မနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေနဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ " န္တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ သဒ္ဒ မနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိယံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ " န္တိ။

ပရိနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မာကာယိကာ ဒေဝါသဒ္ဒ မနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ " န္တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

## တစ်သောင်းသော လောကဓါတ် တုန်လှုပ်ပုံ

အယဉ္စ ဒသသဟဿီ လောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

## အရောင်အလင်း ဖြစ်ပေါ်လာပုံ

အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

## မြတ်စွာဘုရား ဥဒါန်းကျူးပုံ

အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော တိ။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ “အညာသိ ကောဏ္ဍညော” တွေဝ နာမံ အဟောသိ။

## အညာသိကောဏ္ဍည ရှင်ရဟန်းအဖြစ် တောင်းပုံ

အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ “လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒ” န္တိ။

## ဧဟိဘိက္ခု ရဟန်းအဖြစ်ရပုံ

“ဧဟိ ဘိက္ခူ တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယာ” တိ။ သာဝ တဿအာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ဓမ္မစက္ကပဝတ္တနသုတ္တံနိဋ္ဌိတံ။



# ပဋ္ဌာန်းဥဒ္ဒေသနှင့် နိဒ္ဒေသ

မြတ်စွာဘုရား ဟောကြားတော်မူသော ခုနစ်ဆင့်မြောက် အဘိဓမ္မာကျမ်းကြီးသည် ပဋ္ဌာန်းကျမ်းကြီးပင် ဖြစ်ပါသည်။

ပဋ္ဌာန်းဆိုသည့် စာလုံး၏ အဓိပ္ပာယ်ကို လေ့လာကြည့်ပါလျှင် ပ–သည် တစ်ပုဒ်၊ ဋ္ဌာန်း–သည် တစ်ပုဒ် ဖြစ်ပါသည်။ ပ–၏ အဓိပ္ပာယ်မှာ အမျိုးမျိုး အဖြာဖြာဟု အဓိပ္ပာယ်ထွက်ပါသည်။ ဋ္ဌာန်း–၏ အဓိပ္ပာယ်မှာ အကြောင်းဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ပဋ္ဌာန်းဆိုသည့် စာ၏အဓိပ္ပာယ်မှာ အမျိုးမျိုး အပြားပြား များသည့်အကြောင်းဟူ၍ အဓိပ္ပာယ်ပေါ်ထွက်သဖြင့် ပဋ္ဌာန်းဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။

ပဋ္ဌာန်းကျမ်းတော်မြတ်သည် အဘိဓမ္မာ ခုနစ်ကျမ်း အပါအဝင် ဖြစ်ပေသည်။ အဘိဓမ္မာခုနစ်ကျမ်းသည် (၁) ဓမ္မသင်္ဂဏီကျမ်း၊ (၂) ဝိဘင်းကျမ်း၊ (၃) ဓာတုကထာကျမ်း၊ (၄) ပုဂ္ဂလပညတ်ကျမ်း၊ (၅) ကထာဝတ္ထုကျမ်း၊ (၆) ယမိုက်ကျမ်း၊ (၇) ပဋ္ဌာန်းကျမ်းဟူ၍ ဖြစ်ပါသည်။

ဤပဋ္ဌာန်းကျမ်းကြီးသည် အဆုံးမရှိအောင် နည်းပေါင်းများစွာတို့ဖြင့် တန်ဆာဆင်၍ ဟောကြားထားတော်မူလေသည်။ ထက်ဝန်းကျင် အလုံးစုံသော ပစ္စည်းတရားများအထိသာ တည်ရှိနေပါသောကြောင့် အနန္တနယ၊ သမန္တပဋ္ဌာန မဟာပကရဏဟူ၍ အဋ္ဌကထာကျမ်းများ၌ ချီးကျူးဖွင့်ဆိုတော် မူထားပါသည်။

(အဘိဋ္ဌ ၃၊ ၄၉၇)။

ယင်း အနန္တနယ+သမန္တပဋ္ဌာန+မဟာပကရဏ ဟူသောအမည်သည်-

အနန္တနယ-အဆုံးမမြင်သော နည်းလမ်းများရှိ၍၊

သမန္တပဋ္ဌာန-အလုံးစုံပစ္စည်း တရားများအတိဖြစ်သည်၊

မဟာပကရဏ-ကျမ်းတော်ကြီးဟူသော အနက်အဓိပ္ပာယ်ကို ဆောင်ပါသည်။

ထို့ကြောင့်ပင်လျှင် ဗုဒ္ဓဘာသာ သာသနာတော်၌ ပဋ္ဌာန်းကျမ်းကြီးကို-

၁။ ဇလသာဂရ - ရေပင်လယ်၊

၂။ သံသာရသာဂရ - သံသရာပင်လယ်၊

၃။ နယသာဂရ - နည်းပင်လယ်၊

၄။ ဉာဏသာဂရ - ဉာဏ်ပင်လယ်

ဟူသော ပင်လယ်ကြီးလေးစင်းတို့တွင် (၃)နံပါတ်နယသာဂရ နည်းပင်လယ်ဟူ၍ အသိအမှတ်ပြုအပ်ပါသည်။ (အဘိဋ္ဌ၊ ၁၊ ၁၂)။

ယင်းသို့ အနန္တနယ, သမန္တပဋ္ဌာန, မဟာပကရဏဟူ၍လည်းကောင်း၊ နယသာဂရ-နည်းပင်လယ်ကျမ်းကြီးဟူ၍လည်းကောင်း ဂုဏ်ပြုခေါ်ဆိုအပ်သည့် ပဋ္ဌာန်းကျမ်းကြီး၏အစ၌ ဟေတုပစ္စယော စသည့် (၂၄)ပစ္စည်းကို ဟောကြားတော် မူထားပါသည်။ ပဋ္ဌာန်းကျမ်းတော်ကြီး၌ ဟောတော်မူသမျှသော ပစ္စည်းအားလုံးတို့၏ အကျဉ်းချုပ်အဆီအနှစ်မှာ (၂၄)ပစ္စည်းပင်ဖြစ်ပါသည်။ ပဋ္ဌာန်းကျမ်းတော်ကြီးရှိ ပစ္စည်းအားလုံး၏ အကျဉ်းချုပ်မှာ ဥဒ္ဒေသပါဠိတော် ဖြစ်ပါသည်။

ယင်း (၂၄)ပစ္စည်း ဥဒ္ဒေသပါဠိတော်၏ ဆိုလိုရင်းသဘော အဓိပ္ပာယ်ကိုပင်ဆက်လက်၍ "ဟေတုပစ္စယော-တိ" အစချီဖွင့်ဆိုကာ နိဒ္ဒေသပါဠိတော်ကို ဟောတော်မူပါသည်။ ဖော်ပြခဲ့သည့်အတိုင်း ဥဒ္ဒေသနှင့် နိဒ္ဒေသပါဠိတော် နှစ်မျိုးလုံးကို ဟောပြီးမှ ပဋ္ဌာန်းပါဠိတော်ကြီး (၂၄)ကျမ်းကို ဆက်လက်၍ ဟောတော်မူပါသည်။

## ပဋ္ဌာန်း (၂၄)ကျမ်း

ပဋ္ဌာန်းကျမ်းကြီးတွင် ပဋ္ဌာန်းကျမ်းငယ်ပေါင်း (၂၄)ကျမ်းပါဝင်သည်။ ယင်းတို့မှာ-

၁။ ဓမ္မာနုလောမပဋ္ဌာန်း၊

၂။ ဓမ္မာပစ္စနီယပဋ္ဌာန်း၊

၃။ ဓမ္မာနုလောမပစ္စနီယပဋ္ဌာန်း၊

၄။ ဓမ္မာပစ္စနီယာ နုလောမပဋ္ဌာန်းဟူ၍ ဟောပုံဟောနည်းအရ ကျမ်း (၄)ကျမ်းရှိပါသည်။

ယင်း ပဋ္ဌာန်း (၄)ကျမ်းတိုင်းတွင်-

၁။ တိကပဋ္ဌာန်း၊

၂။ ဒုကပဋ္ဌာန်း၊

၃။ ဒုကတိကပဋ္ဌာန်း၊

၄။ တိကဒုကပဋ္ဌာန်း၊

၅။ တိကတိကပဋ္ဌာန်း၊

၆။ ဒုကဒုကပဋ္ဌာန်း ဟူ၍ ကျမ်းငယ် (၆)ကျမ်းစီ ပါဝင်ဟောကြားထားလေရာ စုစုပေါင်း (၄ x ၆)=၂၄ ကျမ်းပါဝင်နေပါသည်။ ထို့ကြောင့် ပဋ္ဌာန်း (၂၄)ကျမ်းဟု ဆိုနေကြခြင်း ဖြစ်ပါသည်။

ယင်းသို့ ပဋ္ဌာန်း (၂၄)ကျမ်းရှိသည်ကို သတိမထားမိသည့် အချို့တို့သည် ဟေတုပစ္စယောမှ အဝိဂတပစ္စယောတိုင်အောင်သော ပဋ္ဌာန်း (၂၄)ပစ္စည်းကိုပင် ပဋ္ဌာန်း(၂၄)ကျမ်းဟု ထင်မြင်တတ်ကြပေသည်။

အမှန်တွင်မူ ဟေတုပစ္စယောမှ အဝိဂတပစ္စယောတိုင်အောင်သော (၂၄) ပစ္စည်းမှာ ပဋ္ဌာန်း (၂၄)ကျမ်း၌ ဟောပုံဟောနည်း၌ ပါဝင်သော ပစ္စည်းများသာ ဖြစ်ပေသည်၊ ပဋ္ဌာန်း (၂၄)ကျမ်းမဟုတ်ချေ။ အထက်တွင် ဖော်ပြခဲ့သည့် ကျမ်းတို့သာလျှင် ပဋ္ဌာန်း (၂၄)ကျမ်း ဖြစ်ပေသည်။

## ပဋ္ဌာန်းကျမ်း(၃)မျိုး

ဖော်ပြခဲ့သည့်အတိုင်း တန်ခိုးကြီးလှစွာသော ပဋ္ဌာန်းကျမ်းကြီးသည်-

(က) အတိဝိတ္ထာရ ဒေသနာ၊

(ခ) အတိသင်္ခေပ ဒေသနာ၊

(ဂ) နာတိဝိတ္ထာရ နာတိသင်္ခေပ ဒေသနာဟူ၍ (၃)မျိုးရှိပေသည်။

ယင်း(၃)မျိုးတို့တွင် အတိဝိတ္ထာရ ဒေသနာဟူသည်မှာ အလွန်ကျယ်ဝန်းသော တရားတော်ဟု အဓိပ္ပာယ်ရပါသည်။ မြတ်စွာဘုရား တာဝတိံသာနတ်ပြည်၌ နတ်ဗြဟ္မာ ပရိတ်သတ်တို့အား ဟောကြားတော်မူသော ပဋ္ဌာန်းဒေသနာသည် အလွန် ကျယ်လွန်းသောကြောင့် အတိဝိတ္ထာရဒေသနာ မည်ပေသည်။

အတိသင်္ခေပဒေသနာဟူသည်မှာ အလွန်ကျဉ်းသော ဒေသနာဟု အဓိပ္ပာယ်ရသည်။ နတ်ပြည်၌ ပဋ္ဌာန်းတရားတော်ကို ဟောကြားနေစဉ် မြတ်စွာဘုရားသည် ခန္ဓာကိုယ်တော် မျှတစေရေးပြုလုပ်ရန် လိုအပ်ပေသည်။ ထိုအခါ မြတ်စွာဘုရားသည် နတ်ပြည်၌ တရားဟောရန် နိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်းထားခဲ့ပြီး လူ့ပြည်သို့ ကြွခဲ့ကာ မျက်နှာတော်သစ်ခြင်း၊ ရေသုံးသပ်ခြင်း စသောကိစ္စများကို ပြုလုပ်တော်မူသည်။ ထို့နောက် မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူကာ ဆွမ်းဘုဉ်းပေးပြီး ဟိမဝန္တာရှိ စန္ဒကူးတော၌ နေသန့်တော်မူသည်။

ယင်းသို့ နေ့သန့်နေစဉ်အခါ တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ကြွလာပြီး ဝတ်ကြီးဝတ်ငယ် ပြုစုတော်မူသည်။ အရှင်သာရိပုတ္တရာ ဝတ်ပြုနေစဉ် မြတ်စွာဘုရားရှင်က နတ်ပြည်၌ ပဋ္ဌာန်းတရားဟောပုံ အစီအစဉ်ကို အကျဉ်းမျှ ပြန်လည်ဟောပြတော်မူလေသည်။

မြတ်စွာဘုရားက အကျဉ်းမျှ ဟောပြသော်လည်း အရှင်သာရိပုတ္တရာက နည်းပေါင်းများစွာဖြင့် တန်ဆာဆင်ပြီး အကျယ်ကိုသိရှိလေသည်။

ယင်းသို့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ဟောကြားတော်မူသည့် ပဋ္ဌာန်းဒေသနာတော်သည် အလွန်ကျဉ်းသောကြောင့် အတိသင်္ခေပဒေသနာ မည်ပေသည်။

နာတိဝိတ္ထာရ, နာတိသင်္ခေပ ဒေသနာဟူသည်မှာ မကျယ်လွန်း မကျဉ်းလွန်းသော တရားတော်ဟု အဓိပ္ပာယ်ရသည်။

အရှင်သာရိပုတ္တရာက မြတ်စွာဘုရားထံမှ မိမိကြားနာခဲ့ရသော အဘိဓမ္မာဒေသနာတော်တို့ကို မိမိ၏တပည့် လင်းနို့ငါးရာ ဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား တစ်ဆင့်ပြန်၍ ဟောတော်မူသည့် အဘိဓမ္မာ ဒေသနာတော်သည် မကျယ်လွန်း မကျဉ်းလွန်းသောကြောင့် နာတိဝိတ္ထာရ နာတိသင်္ခေပ ဒေသနာ မည်ပေသည်။

(အဘိဋ္ဌ ၁၊ နှာ၊ ၁၇)

ယခုအခါ သေရဝါဒ ဗုဒ္ဓဘာသာ၌ သင်ကြားပို့ချ လေ့လာသုံးစွဲနေကြသည့် ပဋ္ဌာန်းကျမ်းကြီးမှာ အရှင်သာရိပုတ္တရာကတစ်ဆင့် ပြန်လည်ဟောကြားသည့် နာတိသင်္ခေပ (မကျယ်လွန်း မကျဉ်းလွန်းသော) ပဋ္ဌာန်းဒေသနာကျမ်းဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ကောင်းရာမြတ်နိုး ကောင်းအောင်ကြိုးပမ်း နေသူတို့အတွက် ကောင်းကျိုးတွေ ဖြိုးဝေအောင် တန်ခိုးရှိန်စော် အာနုဘော်တို့တိုးစေသည့် ပဋ္ဌာန်းဒေသနာတော်ကြီးကို နေ့ညမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ကြရပေမည်။ သို့မှသာလျှင် မိမိတို့သန္တာန်၌ ကိန်းအောင်းနေသော ဉာဏအား၊ ကာယအား အစွမ်းသတ္တိတို့ ပေါ်လွင်မည်။ ထွန်းတောက်မည်၊ ထက်မြက်မည်၊ ပေါ်လွင်ထက်မြက်သည့် ဉာဏ်အား၊ ကိုယ်အား၊ စိတ်အား ရှိသည့်အတိုင်းလည်း မျှော်မှန်းသည့် ကောင်းကျိုးဟူသမျှ အခါမလင့် မျက်မှောက်ချက်ချင်းပင် ဖြစ်ထွန်းကာ အောင်ပန်း ဆွတ်ခူးနိုင်ကြရပေမည်။

ထို့ကြောင့် ဖြူစင်ကောင်းမြတ်သည့် စေတနာရှင်တို့သည် မိမိတို့မျှော်မှန်းသော ကောင်းမြတ်သည့် ကောင်းကျိုးဟူသမျှကို မုချ အောင်မြင်ရရှိနိုင်ကြစေရန် ရည်သန်၍ ပဋ္ဌာန်းဥဒ္ဒေသကို ဖော်ပြလိုက်ပါသည်။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်နှင့် မြန်မာပြန်တို့ကိုမူ စာမျက်နှာငဲ့၍ ချန်လှပ်ခဲ့ပါသည်။ ဆိုင်ရာစာအုပ်တို့တွင် ရှာဖွေဖတ်ရှုပူဇော်လျက် အခါမလပ် ထက်ကြပ်မကွာ ပြုနိုင်၍ ကောင်းကျိုးချမ်းသာ မင်္ဂလာကိစ္စတို့နှင့် ပြည့်စုံနိုင်ကြပါစေသတည်း။

## ပဋ္ဌာန်းပါဠိတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

### ပစ္စယုဒ္ဒေသ

၁။ ဟေတုပစ္စယော
၂။ အာရမ္မဏပစ္စယော
၃။ အဓိပတိပစ္စယော
၄။ အနန္တရပစ္စယော
၅။ သမနန္တရပစ္စယော
၆။ သဟဇာတပစ္စယော
၇။ အညမညပစ္စယော
၈။ နိဿယပစ္စယော
၉။ ဥပနိဿယပစ္စယော
၁၀။ ပုရေဇာတပစ္စယော

၁၁။ ပစ္ဆာဇာတပစ္စယော
၁၂။ အာသေဝနပစ္စယော
၁၃။ ကမ္မပစ္စယော
၁၄။ ဝိပါကပစ္စယော
၁၅။ အာဟာရပစ္စယော
၁၆။ ဣန္ဒြိယပစ္စယော
၁၇။ ဈာနပစ္စယော
၁၈။ မဂ္ဂပစ္စယော
၁၉။ သမ္ပယုတ္တပစ္စယော
၂၀။ ဝိပ္ပယုတ္တပစ္စယော
၂၁။ အတ္ထိပစ္စယော
၂၂။ နတ္ထိပစ္စယော
၂၃။ ဝိဂတပစ္စယော
၂၄။ အဝိဂတပစ္စယော

## ဥဒ္ဒေသမြန်မာပြန် အကျဉ်းချုပ်

၁။ **ဟေတုပစ္စယော။** ဟိတ် (၆)ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ပဉ္စောင်ပင် အစရှိသည်တို့၏အမြစ်သည် ထိုသစ်ပင်အား မြဲမြံခိုင်ခံ့စွာတည်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ (ဟိတ် ၆-ပါးသည် သမ္ပယုတ်တရားတို့အား မြဲမြံခိုင်ခံ့အောင် အမြစ်သဖွယ်) ကျေးဇူးပြုတတ်သောတရား။

(ကျေးဇူးပြုသည်ဆိုရာ၌ မဖြစ်ပါသေးသည်ကို ဖြစ်ပေါ်စေခြင်း၊ ဖြစ်ပေါ်ပြီးသည်ကို တည်နေစေခြင်း၊ တည်နေသည်ကို တိုးပွားစေခြင်းတို့ပင်တည်း။)

၂။ **အာရမ္မဏပစ္စယော။** အာရုံ(၆)ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ကြိုးတန်း၊ တောင်ဝှေး အစရှိသည်တို့သည် မစွမ်းမသန်သောသူတို့အား ထခြင်း၊ ရပ်ခြင်း၊ သွားခြင်းကိစ္စကို ပြီးစေသကဲ့သို့ အာရုံသည် စိတ်စေတသိက်တို့အား ဖြစ်ပေါ်လာစေရန် ကျေးဇူးပြုတတ်သောတရား။

၃။ **အဓိပတိပစ္စယော။** အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-စကြဝတေးမင်းသည် အထွတ်အထိပ် အချုပ်အချာ အာဏာတန်ခိုးဖြင့် တစ်ပါးသောသူတို့၏ ကြီးသောသတ္တိကို တားမြစ်၍ တိုင်းနိုင်ငံသူ

နိုင်ငံသားတို့အား အကြီးအကဲ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (**ပစ္စယ**ပုပ္ပန်တရားတို့အား အကြီးအမှူးအဖြစ်ဖြင့်) ကျေးဇူးပြုတတ်သောတရား။

**၄။ အနန္တရပစ္စယော။** အခြားမဲ့ (တစ်ဆက်တည်းအကြားရှိ)ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း–စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား မင်းအဖြစ် အဘိသိက်ခံခြင်း၌ ကျေးဇူးပြုသကဲ့သို့ အခြားမဲ့ အခြားမရှိ (တစ်ဆက်တည်း) ကျေးဇူးပြုတတ်သောတရား။

**၅။ သမနန္တရပစ္စယော။** ကောင်းစွာအခြားမဲ့(တစ်ဆက်တည်းအကြောင်းမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း–စကြဝတေးမင်း၏ အရညဝါသီတောထွက်တော်မူ၍ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကို ရစေခြင်း၌ ကျေးဇူးပြုသကဲ့သို့ ကောင်းစွာအခြားမဲ့ အခြားမရှိ ကျေးဇူးပြုတတ်သော တရား။

**၆။ သဟဇာတပစ္စယော။** အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တစ်နည်း–ဆီမီးသည် မီးတောက်သည်နှင့် တစ်ပြိုင်နက် အတူတကွ အလင်းကို ဖြစ်စေသကဲ့သို့ ထို့အတူ အကြောင်းတရားတို့သည် မိမိတို့ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပစ္စယုပ္ပန်အကျိုးတရားတို့ကိုလည်း တစ်ပြိုင်နက် အတူတကွဖြစ်ပေါ်လာစေအောင် ကျေးဇူးပြုတတ်သောတရား။

**၇။ အညမညပစ္စယော။** အချင်းချင်းအပြန်အလှန် ကျေးဇူးပြုတတ်သော တရား။

တစ်နည်း–သစ်သားသုံးခု တိဒဏ္ဍသည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းအား ထောက်ပံ့ခိုင်စေခြင်း၌ အပြန်အလှန် ကျေးဇူးပြုသောတရား။

**၈။ နိဿယပစ္စယော။** မှီရာတည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တစ်နည်း–မြေကြီးသည် သစ်ပင် အစရှိသည်တို့အား မှီရာ တည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မှီရာတည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

**၉။ ဥပနိဿယပစ္စယော။** အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တစ်နည်း–မိုးတွင်းသုံးလပတ်လုံး ရွာသောမိုးကြီးသည် ထိုမိုးကို မှီကုန်သော သစ်ပင် သတ္တဝါ အစရှိသည်တို့အား အားကြီးသော အကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၀။ ပုရေစာတပစ္စယော။** ရှေ့၌ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း–ကမ္ဘာဦး၌ဖြစ်သော နေ လ တို့သည် မိမိတို့ထင်ရှားရှိနိုက် အလင်းကိုမှီကုန်သော သတ္တဝါတို့အား ရှေ့၌ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ (ရှေး၌ဖြစ်နှင့်၍) ကျေးဇူးပြုတတ်သောတရား။

**၁၁။ ပစ္ဆာဇာတပစ္စယော။** နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တစ်နည်း–လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်း စေတနာသည်နောက်မှ ဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်၍ ကျေးဇူး ပြုတတ်သောတရား။

အရှင်ဗာကုလ ရဟန္တာအလောင်းသည် မွေးကာစ နို့စို့အရွယ်အခါက သမုဒ္ဒရာအလယ်၌ ရေထဲသို့ကျသွားရာ ရေနစ်၍မသေ၊ ထိုသို့မသေရခြင်းမှာ နောင်အခါ ရဟန္တာ ဖြစ်မည့်သတ္တိက အရှင်ဗာကုလအား မသေစေရန် အကျိုး ပြုသောကြောင့်တည်း။

**၁၂။ အာသေဝနပစ္စယော။** အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း–ရှေးရှေးအခါ၌ ထုံအပ်သောနံ့သာသည် နောက်၌ထုံအပ်သော နံ့သာအား အဆင်းအနံ့ လွန်စွာတို့ပွားခိုင်မြဲစွာ ဖြစ်ခြင်းငှာ ကျေးဇူးပြုတတ် သကဲ့သို့ လည်းကောင်း၊ ရှေးရှေး သင်အပ်သော ကျမ်းဂန်သည် နောက်နောင် သင်အပ်သော ကျမ်းဂန်အား လေ့ကျက်ခြင်းငှာ အားရှိ၍ ကျေးဇူးပြုသကဲ့သို့ လည်းကောင်း အဖန်တလဲလဲ မှီဝဲထုံအပ်သည်၍ ကျေးဇူးပြုတတ်သောတရား။

**၁၃။ ကမ္မပစ္စယော။** စီရင်ခြင်း၊ သံဝိဓာနကိစ္စနှင့် မျိုးစေ့ဖြစ်စေခြင်း ဗီဇနိဓာနကိစ္စဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း–ကောင်းစွာသိုမှီး သိမ်းဆည်းစီရင်အပ်သော မျိုးစေ့သည် အညွန့်အညှောက်၏ ဖြစ်ခြင်းငှာ အမူအရာလုံ့လ၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့ သို့ မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၄။ ဝိပါကပစ္စယော။** အကျိုးပြု၍ ကျေးဇူးပြုတတ်သော တရား။

တစ်နည်း–ချမ်းအေးသောလေသည် ချမ်းအေးသောအရိပ်၌ နေသောသူအား ချမ်းငြိမ်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကံတို့၏ အကျိုးအဖြစ်ဖြင့် (ငြိမ်းသတ် သည်ဖြစ်၍) အထောက်အပံ့ပြုမှုဖြင့် ကျေးဇူးပြုတတ်သော တရား။

**၁၅။ အာဟာရပစ္စယော။** ထောက်ပံ့ခိုင်ခံ့စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ထောက်ကန်သော တိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံခိုင်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ (ထောက်ပံ့တတ်)ဆောင်တတ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၆။ ဣန္ဒြိယပစ္စယော။** အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-တစ်နိုင်ငံ တစ်ပြည်တည်း၌ အသီးသီးဆိုင်ရာ ကိစ္စတာဝန်ကို ပေးခံရအပ်သည့် အစိုးရသော လက်အောက်ခံမင်းတို့သည် (အချင်းချင်းထို အစိုးရသောသတ္တိကို မခြင်မူ၍) မိမိတို့၏ တာဝန်အရာ၌ အစိုးရပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-တောင်ဖျား၊ သစ်ပင်ဖျားသို့တက်၍ ကြည့်သောသူသည် အဝေးအနီးအရပ်တို့ကို မြင်ခြင်း၊ ထိုမြင်ခြင်း၌ အလိုရှိသောသူအား ကျေးဇူးပြုသကဲ့သို့ ကပ်၍ ရှုတတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၇။ ဈာနပစ္စယော။** ကပ်၍ စူးစူးစိုက် ရှုတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-တောင်ဖျား၊ သစ်ပင်ဖျားသို့တက်၍ ကြည့်သောသူသည် အဝေးအနီးအရပ်တို့ကို မြင်ခြင်း၊ ထိုမြင်ခြင်း၌ အလိုရှိသောသူအား ကျေးဇူးပြုသကဲ့သို့ ကပ်၍ ရှုတတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၈။ မဂ္ဂပစ္စယော။** ထွက်မြောက်ကြောင်း နည်းလမ်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ လည်းကောင်း၊ ထိုမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ လည်းကောင်း၊ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ဆောင်ပို့ထွက်မြောက်ကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

**၁၉။ သမ္ပယုတ္တပစ္စယော။** ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း-နို့ရည်၊ ထောပတ်၊ ပျား၊ သကာ ဟူသော စတုမဓု အရသာသည် အချင်းချင်း နှီးနှောရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ အတူတကွ ယှဉ်ခြင်းဖြင့် ကျေးဇူးပြုတတ်သောတရား။

၂၀။ **ဝိပ္ပယုတ္တပစ္စယော။** မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တစ်နည်း–ခြောက်ပါးသော အရသာသည် အချင်းချင်း မနှီးမနှော မရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ မနှီးမနှောမယှဉ်ခြင်းဖြင့် ကျေးဇူးပြုတတ်သော တရား။

၂၁။ **အတ္ထိပစ္စယော။** ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တစ်နည်း–ဟိမဝန္တာတောင်မင်းသည် မိမိကို မှီသောအားဖြင့် သစ်ပင်၊ မြက်ပင် စသည်တို့အား ပြန့်ပွားစေခြင်းမှာ မိမိ ထင်ရှားရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့ ထင်ရှားရှိနေသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

၂၂။ **နတ္ထိပစ္စယော။** မရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သောတရား။

တစ်နည်း–ညဉ့်၏ ကင်းခြင်းသည် နေ့ဖြစ်ခြင်း၌ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်ခြင်း၌ ကျေးဇူးပြုသကဲ့သို့လည်းကောင်း မရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

၂၃။ **ဝိဂတပစ္စယော။** ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တစ်နည်း–နေ၏ဝင်ခြင်းသည် လရောင်လင်းစေခြင်း၌ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

၂၄။ **အဝိဂတပစ္စယော။** မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တစ်နည်း–မဟာသမုဒ္ဒရာသည် မိမိကိုမှီကုန်သော ငါးမကာန်းအစရှိသည်တို့၏ ပီတိသောမနဿပွားများခြင်း၌ မိမိ၏ မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

(၂၄–ပစ္စည်း အဓိပ္ပာယ်အကျဉ်း ပြီး၏။)

# ပစ္စယနိဒ္ဒေသပါဠိ

## ၁-ဟေတုပစ္စယ

ဟေတုပစ္စယောတိ-

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## ၂-အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ-

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

## ၃–အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ–

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

## ၄–အနန္တရပစ္စယ

အနန္တရပစ္စယောတိ–

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ခန္ဓာနံ အနန္တရာ ယေ ယေ ခန္ဓာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ခန္ဓာ၊ တေ တေ ခန္ဓာ တေသံ တေသံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယော။

## ၅–သမနန္တရပစ္စယ

သမနန္တရပစ္စယောတိ–

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သနမန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သနမန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ သနမန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သနမန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သနမန္တရပစ္စယေန ပစ္စယော။

မနောဓာတုဝ တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သနမန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သနမန္တရပစ္စယေန ပစ္စယော။

မနောဓာတုဝ တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သနမန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သနမန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သနမန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သနမန္တရပစ္စယေန ပစ္စယော။

ဤဂါထာသည်လည်း သစ္စာစကားဖြစ်သောကြောင့် စိတ်လိုဆန္ဒပြည့်ဝစေ နိုင်သည်မှာ ယုံမှားသံသယ မရှိသင့်ပေ။ ရွှေတိဂုံဘုရားကြီး၏ ကြေး စလောင်းမှာ ထိုးလှူထားသဖြင့် မည်မျှတန်ဖိုးထားပြီး တန်ဖိုးကြီးမားသည်ကို ခန့်မှန်းနိုင်၏။ ရေးထိုးလှူသူ၏ အဆင့်ကိုလည်း သိနိုင်၏။ လူသာမညတော့ မဟုတ်တန်ရာ။ အောင်မြင်လိုသူများ အမြဲရွတ်သင့်၏။ ကာယ သိဒ္ဓိလိုက်စား သူများအတွက် အထူးကောင်း၏။ စိတ်ချယုံကြည်စွာ ရွတ်ဆိုပါက လက်တွေ့ အကျိုးခံစားရပေမည်။

### အကျိုးပေးမြန်သော

## ကျေးဖြူမင်း ဂါထာတော်

အဂ္ဂေါ ဗုဒ္ဓေါ ·အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော။
အဂ္ဂေါ မေ ဝိပါကော ဟောတု၊
ယံယံ ဣစ္ဆိ သမိဇ္ဈတု။

- ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အဂ္ဂေါ၊ အထွတ်ဆုံး, အသာဆုံး, အလွန်ဆုံး, အမြတ်ဆုံးသာတည်း။
- ဓမ္မော၊ တရားတော်သည်။ အဂ္ဂေါ၊ အထွတ်ဆုံး, အသာဆုံး, အလွန်ဆုံး, အမြတ်ဆုံးသာတည်း။
- သံဃော၊ သံဃာတော်သည်။ အနုတ္တရော၊ အတုမရှိ။ အဂ္ဂေါ၊ အထွတ်ဆုံး, အသာဆုံး, အလွန်ဆုံး, အမြတ်ဆုံးသာတည်း။
- မေ၊ ရတနာ့မြတ်သုံး၊ အမြတ်ဆုံးကို၊ လုံးလုံးကြည်ညို၊ မှီခိုအား ထား၊ တပည့်များအား၊ အဂ္ဂေါ၊ အမြတ်ဆုံး အသာဆုံး အထူးချွန် ဆုံးဖြစ်သော။ ဝိပါကော၊ ကောင်းမျိုးအထွေထွေ ကျက်သရေ မင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။
- ယံယံ၊ အကြင်အကြင်၊ လူတွင်တောင့်တ မနဉစ္စာ ပညာရာထူး အထူးထူးကို။ ဣစ္ဆိ၊ ဣစ္ဆန္တော၊ စိတ်ကလိုလျှင် နှုတ်တွင်တောင့်တ

ရရှိလိုကြောင်း ဆုပန်တောင်း၏။ (တံတံ၊ ထိုထို တောင့်တသမျှ အရာရာသည်။)

– သမိဇ္ဈတု၊ ဘုရားလည်းမ, နတ်လည်းမ, ၍ ခဏမသွေ ပြည့်စုံနိုင်ပါစေသတည်း။

**ရည်ညွှန်းချက်။** ။ ဤဂါထာကို ရှေးက ကျေးမင်းဂါထာဟူ၍ ခေါ်ဝေါ် သမုတ်ကြ၏။ အချို့ ဆရာမြတ်များကမူ ဤဂါထာကို ကုဿာသယဂါထာဟူ၍လည်း သတ်မှတ်ကြကုန်၏။

## ကုန်းလမ်းခရီး အန္တရာယ်ကင်း ဂါထာတော်

ဧဝံ သဗ္ဗင်္ဂသမ္ပန္နော၊
ကမ္ပယန္တော ဝသုန္ဓရံ။
အဟေဌယန္တော ပါဏိနံ၊
ယာတိ လောကဝိနာယကော။

### ဂါထာအနက်

ဧဝံ၊ ဤသို့. . . ဤသို့လျှင်။ သဗ္ဗင်္ဂသမ္ပန္နော၊ လက္ခဏာဂုဏ်အင် စုံလင်ပြည့်ဝတော်မူပေသော။ လောကဝိနာယကော၊ လူသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်တစ်ဆူ လောကသရဖူ ဖြစ်တော်မူသော ရှင်တော်မြတ်စွာဘုရားသည်။ ဝသုန္ဓရံ၊ ကမ္ဘာမြေပြင်ကို။ ကမ္ပယန္တော၊ အုတ်အုတ်ကျက်ကျက် လှုပ်လျက်တုန်ခါစေလျက်။ ပါဏိနံ၊ ကြွတော်မူရပ်ရွာက ဒကာ ဒကာမတို့ကို။ အဟေဌယန္တော၊ ဘယ်လိုနည်းနှင့်မှ ညည်းတွားစိတ်ပျက်အောင် နှိပ်စက်ခြင်း ပြုတော်မမူပါဘဲ။ ယာတိ၊ ကြွသွားတော် မူတတ်ပါပေ၏။ ဧဝံ၊ ဤသို့။ သောဘနဂမနတ္တာ၊ တင့်တယ်ရပ်ရပ် သပ္ပာယ်ကြည်ညိုဖွယ် ကြွသွားတော် မူတတ်ပါသောကြောင့်။ သောဘဂဝါ၊ ထိုသည့် ဘုန်းတော်ကြီးသခင် ဘုရားရှင်သည်။ သုဂတောနာမ၊ သုဂတမည်တော်မူပါပေသည်ဘုရား။

**မှတ်ချက်။** ။ အထက်ဖော်ပြပါ ပဏာမဂါထာနှင့် သုဂတောဂုဏ်တော်ကို ထောမနာပြုပြီးနောက် (သုဂတော)ဟု (၉)ကြိမ်ရွတ်ဆိုရပါမည်။ ဆက်လက်၍ အောက်ပါ ကုန်းလမ်းခရီးသွား ဂါထာကို

ရွတ်ဆိုပါ။ဂါထာ၏အနက်ကို သိထားရုံမျှသာဖြစ်ပြီး ပါဠိ သက်သက်ကိုသာ တတ်အားသမျှ ရွတ်ဆိုပါ။ ထို့နောက် ရပြီးသားဖြစ်သော သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုလည်း (၈)ခေါက် ရွတ်ဆိုပါလေ။

## ကုန်းလမ်းခရီးသွားဂါထာ

ဧဝံ သဗ္ဗင်္ဂသမ္ပန္နော၊
ကမ္ပယန္တော ဝသုန္ဓရံ။
အဟေဌယန္တော ပါဏာနိ၊
ယာတိ လောကဝိနာယကော။

ဧဝံ၊ ဤသို့...ဤသို့လျှင်။ သဗ္ဗင်္ဂသမ္ပန္နော၊ လက္ခဏာဂုဏ်အင် စုံလင် ပြည့်ဝတော်မူပေသော။ လောကဝိနာယကော၊ လူသုံးပါးတို့၏ ရှေ့သွားခေါင်း ဆောင်တစ်ဆူ လောကသရဖူဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည်။ ဝသုန္ဓရံ၊ ကမ္ဘာမြေပြင်ကို။ ကမ္ပယန္တော၊ အုတ်အုတ်ကျက်ကျက် လှုပ်လှုပ် တုန်ခါစေလျက်။ ပါဏာနိ၊ ကြွတော်မူရပ်ရွာက သတ္တဝါ ဒကာ ဒကာမတို့ကို။ အဟေဌယန္တော၊ ဘယ်လိုနည်းနှင့်မှ ညည်းတွားစိတ်ပျက်အောင် နှိပ်စက်ခြင်း ပြုတော်မမူပါဘဲ။ ယာတိ၊ ကြွသွားတော်မူတတ်ပါပေ၏။

ဧဝံ၊ ဤသို့။ သောဘနဂမနတ္တာ၊ တင့်တယ်သပ်ရပ် သပ္ပာယ်ကြည်ညို ဖွယ် ကြွသွားတော်မူတတ်ပါသောကြောင့်။ သောဘဂဝါ၊ ထိုသည့် ဘုန်းတော် ကြီးသခင် ဘုရားရှင်သည်။ သုဂတောနာမ၊ သုဂတ မည်တော်မူပါသည်ဘုရား။ (ဖတ်ရုံဖတ်)

သုဂတော
သုဂတော
သုဂတော
သုဂတော
သုဂတော
သုဂတော
သုဂတော
သုဂတော
သုဂတော

(သုဂတော...သုဂတော...ဟု ကိုးကြိမ်ရွတ်)

# ကုန်းလမ်းခရီးသွားဂါထာ

ပါသာဏာ သက္ခရာစေဝ၊
ကဋ္ဌလာ ခါဏုကဏ္ဍကာ။
သဗ္ဗေမဂ္ဂါ ဝိဝဇ္ဇန္တိ၊
ဂစ္ဆန္တေ လောကနာယကေ။
ဧတေန သစ္စဝဇ္ဇေန၊
ဂမနံ မေ သမိဇ္ဈတု။

## ဂါထာအနက်

လောကနာယကေ၊ လူသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်တစ်ဆူ လောကသရဖူ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဂစ္ဆန္တေ၊ ဒေသစာရီ ကြွချီကွန့်မြူးတော်မူသည် ရှိသော်။ ပါသာဏောစေဝ၊ ကျောက်တုံး ကျောက်ခဲတို့သည်လည်းကောင်း။ သက္ခရာစ၊ ကျောက်စရစ်တို့သည် လည်းကောင်း။ ကဋ္ဌလာ စ၊ အိုးခြမ်းကွဲတို့သည် လည်းကောင်း။ ခါဏုကဏ္ဍကာ စ၊ သစ်ငုတ်ခလုတ် တုတ်ချွန် ဆူးငြောင့်တို့သည် လည်းကောင်း၊ သဗ္ဗေ၊ လမ်း၏အန္တရာယ်အသွယ်သွယ်တို့သည်။ မဂ္ဂါ၊ ရှင်တော်ဘုရား ကြွတော်မူရာလမ်းခရီးမှ။ ဝိဝဇ္ဇန္တိ၊ ဝေးစွာရှောင်ဖဲ–ရှဲခွာသွားကြလေကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့နှုတ်အန် ဟုတ်အမှန်ကို ထုတ်ပြန်လှစ်ကြား သစ္စာစကားကြောင့်။ မေ၊ ဘုရားတပည့်တော် တပည့်တော်မ၏။ ဂမနံ၊ သိန္တိမှန်းပြီး လမ်းခရီးသွားမှုသည်။ သမိဇ္ဈတု၊ ငအောင်မြင်ပြီးမြောက် ခရီးရောက်ပါစေသတည်း။

●

# (ခ)

## ချမ်းသာကြီး ဂါထာတော်

တွံပိ သေဋ္ဌော လောကသ္မိံ၊
တွံပိ လောကာ မဟိဒ္ဓိကော၊
လောကာဟံ မင်္ဂလံ သေဋ္ဌံ၊
လောက ပါပံ ပဝါဟနံ။
ဇယံ တဿ မယှံ ဘန္တေ၊
ပုညကမ္မံ ကရောမဟံ၊
ရတနံ တွေဝ ယာစာမိ၊
ဒုက္ခပ္ပတ္တံ ပမောစယံ။
ရာဇာပိ သဗ္ဗသတ္တေသု၊
ယဒိ မေတ္တံ ဥပ္ပဇ္ဇယံ။
ဇဝံ သတိ မမ သိဒ္ဓိ၊
ဘဝတု မံ သဗ္ဗပိယံ။

### အနက်အဓိပ္ပာယ်

(၁) တွံပိ သေဋ္ဌော လောကသ္မိံ =သင်ဘုရားရှင်သည်သာလျှင် လောက၌ အမြင့်ဆုံးဖြစ်တော်မူပါပေ၏။

- တွံပိလောကာ မဟိဒ္ဓိကော=သင် ဘုရားရှင်သည်သာလျှင် ဖြဟ္မာ လူ နတ် သုံးရပ်သော တန်ခိုးရှင် အပေါင်းထက် အဆလွန်ကျူး အထူးအားဖြင့် ကြီးသောတန်ခိုး ရှိတော်မူပါပေ၏။
- လောကပါပံ ပဝါဟနံ လောကညစ်ကျူ မကောင်းမှုဟူသမျှတွေကို ဖျက်ဆီးကာ ရေမျှောပစ်ပြီးသော။
- လောကာဟံ မင်္ဂလံ သေဋ္ဌံ =လောကေအဟံ မင်္ဂလံ သေဋ္ဌံ
- လောက၌ မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ အလွန်ချီးကျူးအပ်မြတ်သော (သင်ရှင်တော်မြတ်ဘုရားကို)အကျွန်ုပ် (ရှိခိုးပါ၏)။

(၂) ဇယံ တဿ မယှံ ဘန္တေ =အရှင်ဘုရား ထိုတပည့်တော်အား အောင်ခြင်းမင်္ဂလာ အဖြာဖြာသည် (ဖြစ်ပါစေသတည်း။)

- ပုညကမ္မံ ကရောမဟံ =အကျွန်ုပ်သည် ကောင်းမှု ကုသိုလ်ကံ ပြုလုပ်ပါ၏။
- ဒုက္ခပ္ပတ္တံ ပမောစယံ =ဆင်းရဲဒုက္ခရောက်နေသူ လူအပေါင်းကို ကယ်တင်လွတ်မြောက်စေလို၍။
- ရတနံ တွေဝယာစာမိ =(လောကီရတနာ ၁၀ပါး) ဥစ္စာရတနာကို သာလျှင် တောင်းပါ၏။

(၃) ရာဇာပိသဗ္ဗသတ္တေသု၊ ယဒိမေတ္တံ ဥပ္ပဇ္ဇယံ=အစိုးရမင်းသည်လည်း သတ္တဝါခပ်သိမ်းတို့၌ ကျောသားရင်သား မခွဲခြားဘဲ မေတ္တာတရားကိုသာ အကယ်၍ ဖြစ်စေသည် (ဖြစ်အံ့)။

- ဧဝံ သတိ မမ သိဒ္ဓိ =ဤသို့ဖြစ်သည်မှန်လျှင် အကျွန်ုပ်အား ပြီးမြောက်ခြင်း သိဒ္ဓိဟူသမျှ အဝဝသည် ဖြစ်ပါစေသတည်း။
- ဘဝတု မံ သဗ္ဗပိယံ =ကျွန်ုပ်အား ဗြဟ္မာ နတ် လူ ခပ်သိမ်းသူတို့၏ ချစ်ခင်မြတ်နိုးခြင်းသည် ဖြစ်ပါစေသတည်း။

## ချမ်းသာကြီးဂါထာ

သုခံ ဘဂ္ဂံ ဗလံ ဇေယံ၊ ယသတေဇော လာဘံ အာယု၊
အဠ္ဌဝရာနိမာနေဝ၊ ဝန္ဒ တ္တံ ဇိနတေဇသာ။

ဘုရားအားရှိခိုးပါသည်။ ရှိခိုးခြင်းကိုပြုသူအား ချမ်းသာခြင်း၊ ကုသိုလ်ကံကောင်းရှိခြင်း၊ အားအင်ရှိခြင်း၊ အောင်မြင်ခြင်း၊ အခြံအရံများခြင်း၊ အာဏာရှိခြင်း၊ ဥစ္စာပေါခြင်း၊ လာဘ်များခြင်း၊ အသက်ရှည်ခြင်း၊ ဤမြတ်တရားရှစ်ပါးတို့သည်သာ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် တိုးပွားစေကုန်သတည်း။

## ခရီးသွားအန္တရာယ်ကင်းဂါထာ

ကတာ မေ ရက္ခာ၊
ကတံ မေ ပရိတ္တံ။
ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော။
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

## အဓိပ္ပာယ်မှာ

ငါသည် အစောင့်ချအပ်ပြီ။

ငါသည် ပရိတ်အကာအကွယ်ပြုအပ်ပြီ။ အန္တရာယ်ပြုမည့် သတ္တဝါတွေ နောက်ဆုတ်သွားကြပါလော့။

ငါသည် ဂေါတမဘုရားရှင်အား ရှိခိုးပါ၏။

ဝိပဿီဘုရား၊ သိခီဘုရား၊

ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊

ကဿပဘုရား၊ ဂေါတမဘုရား၊ အရိမေတ္တေယျဘုရား ဟူသော ၇-ဆူသော ဘုရားရှင်တို့အား ရှိခိုးပါ၏။

ဤဂါထာသည် ခန္ဓသုတ်ပရိတ်တော်မှလာသည်။ ဤဂါထာကို အမြဲရွတ်ဆို ပါက မည်သည့်အန္တရာယ်မှ မတွေ့နိုင်၊ အထူးသဖြင့် ခရီးသွားခါနီးတွင်ရွတ်၍ သွားမည့် လမ်းနေရာအရပ်ကို မေတ္တာပို့ အမျှဝေပါ၊ အန္တရာယ်ကင်းပြီး၊ ကိုယ့်စိတ်တိုင်းကျ ချမ်းသာစွာ သွားရမည်။

●

## (ဂ၊ ဃ၊ င)

# သူတစ်ပါးတို့၏ စိတ်အကြံကို သိနိုင်သော ဂါထာတော်

ဃန္တေသိ ဃန္တေသိ၊ ကိံ ကရဏာ ဃန္တေသိ။
အဟံ ပိတံ ဇာနာမိ ဇာနာမိ။

### ဂါထာတော်အနက်

ဃန္တေသိ ဃန္တေသိ၊ ကြံစည်ကြကုန်၏၊ ကြံစည်ကြကုန်၏။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဃန္တေသိ၊ ကြံစည်ဘိသနည်း။

အဟံ၊ ငါသည်လည်း။ တံ (ကာရဏံ)၊ ထိုကြံစည်သော အကြံအစည်ဟူသမျှကို။ ဇာနာမိ၊ ဇာနာမိ၊ သိပါ၏၊ သိပါ၏။

## ဂေါတမ ဂါထာ

အဋ္ဌာရသဟတ္တုဗ္ဗေဓော၊ ဂေါတမသက္ယဝံသ နော။
သဗ္ဗညူ သဗ္ဗတိလောကာ၊
သဗ္ဗလောက သုခပ္ပဒေါ၊ သမ္ဗုဒ္ဓေါ သဗ္ဗဓမ္မာနံ၊
သက္ယာတိဘဂျဝါယုတ္တော၊
ဝိဇ္ဇာစရဏသမ္ပန္နော၊ သောတ္ထာရောဂျ ဒဒါတု မေ။

သာကီမင်းမျိုး၌ ကြီးပွားသော ဂေါတမ မြတ်စွာဘုရားသည် အတောင်အားဖြင့် ၁၈–တောင် အရပ်ကို ဆောင်တော်မူပါပေ၏။ အလုံးစုံသော လောကသုံးပါးကို အကုန်အစင် အကြွင်းအကျန်မရှိ သိတော်မူ၏။ အလုံးစုံသော လောကအား ချမ်းသာကို ပေးတော်မူတတ်ပါပေ၏။ အလုံစုံသော တရားတို့ကို ကိုယ်တိုင်သိတော်မူ၏။ သာကီဝင်မင်းမျိုးတို့ကို ဘုန်းတော်ခြောက်ပါးနှင့် ယှဉ်တော်မူပါ၏။ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ ၁၅–ပါးတို့နှင့် ပြည့်စုံတော်မူ၏။ ထိုဂေါတမ မြတ်စွာဘုရားသည် အကျွန်ုပ်အား ချမ်းသာခြင်း ရောဂါကင်းခြင်းတို့ကို ပေးတော်မူပါစေသတည်း။

# ငါးရံ့မင်းပရိတ်ခေါ် မစ္ဆရာဇသုတ်

(၁) ပူရေန္တံ ဗောဓိ သမ္ဘာရေ၊
နိဗ္ဗတ္တံ မစ္ဆ ယောနိယံ။
အစရိ ဟိတဗ္ဗ ညာတတ္တံ၊
မဟာမေဃံ ပဝဿိယ။

(၂) ဝဿာပေသိ ဂိမှာနေပိ၊
မစ္ဆရာဇာ မဟာဒယော။
သုတ္တာဿ တေဇသာ ယဿ၊
သုတ္တန္တံဝ ဘဏာမ ဟေ။

(၃) ပုနာပရံ ယဒါ ဟောမိ၊
မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယ သန္တာပေ။
သရေ ဥဒက ခီယထ။

(၄) တတော ကာကာ စ ဂိဇ္ဈာ စ၊
ကင်္ကာ ကုလလ သေနကာ။
ဘက္ခယန္တိ ဒိဝါရတ္တိံ၊
မစ္ဆေ ဥပနိသီဒိယ။

(၅) ဧဝံ စိန္တေ သဟံ ဘတ္တ၊
သဟ ညာတီဟိ ပီဠိတော။
ကေန နု ခေါ ဥပါယေန၊
ညာတိဒုက္ခာ ပမောစယေ။

(၆) စိန္တယိတွာန ဓမ္မတ္တံ၊
သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိံ၊
ညာတီနံ တံ အတိက္ခယံ။

(၇) အနုဿရိတွာ သတံ ဓမ္မံ။
ပရမတ္တံ ဝိစိန္တယံ။
အကာသိံ သစ္စကိရိယံ၊
ယံ လောကေ ဓူဝသဿတံ။

(၈) ယတော သရာမိ အတ္တာနံ၊
ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိ ဇာနာမိ သဉ္စိစ္စ၊
ဧကံ ပါဏံပိ ဟိံသိတံ။
ဧတေန သစ္စဝဇ္ဇေန၊
ပဇ္ဇုန္နော အဘိဝဿတု။

(၉) အဘိတ္ထနယ ပဇ္ဇုန္န၊
နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊
မဉ္စ သောကာ ပမောစယ။

(၁၀) သဟာကတေ သစ္စဝရေ၊
ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပုရေန္တော၊
ခဏေန အဘိဝဿထ။

(၁၁) ဧဝရူပံ သစ္စဝရံ၊
ကတွာ ဝီရိယမုတ္တမံ။
ဝဿာပေသိ မဟာမေဃံ၊
သစ္စတေဇဗလဿိတော။
သစ္စေန မေ သမော နတ္ထိ၊
ဧသော မေ သစ္စပါရမီ။

## ငါးရံ့မင်းသုတ်တော် ရွတ်ဆိုရခြင်းအကျိုး

ငါးရံ့မင်းသုတ်တော်ကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်းအားဖြင့် ရွာစေချင်သော မိုးကို သွန်းဖြိုးရွာစေနိုင်ပါသည်။ အလွန်ပူလောင် ပြင်းပြသော ရာသီတွင် ရွတ်ဖတ်ပါက မိုးကာလမဟုတ်၍ မိုးမရွာသည့်တိုင် အုံ့အုံ့မှိုင်းမှိုင်းနှင့် အပူရှိန်လျော့ပါးပြီး လေပြည်လေအေး တိုက်ခတ်ခြင်းအားဖြင့် အပူရှိန်ကြောင့်ဖြစ်သော ရောဂါဘေးများ ကင်းဝေးစေနိုင်ပါသည်။

# လျှင်ကာကွယ်ဂါထာ

ယော ဒေတိ ဒေဝဒေဝေါဂ္ဂံ၊
ဓမ္မမဂ္ဂဖလံ ဒဒေါ။
နမာမိ တံ အရဟံ မဂ္ဂံ၊
နော သော ပါလေတု ပါတုရဟော။

ဤဂါထာကို အရကျက်၍ အိမ်၊ ကျောင်း စသည်တို့၌ ရေးဆွဲထားပါ၊ လျှင်လျှပ်သော်လည်း မပျက်စီးနိုင်။

# (စ)

## စ-ဓ-ဘ-ဝ-ဂါထာ

စက္ခုမာရ စရ မာစိဏ္ဏော၊
ဓမ္မညူ ဓမ္မာသိမိကော။
ဗလူပေတာ ဗလဓရော၊
ဝရဒေါ ဒေတုမေဓေယျံ။

### ဂါထာအနက်

စက္ခုမာ၊ လောကသုံးရပ် ဘုံသုံးထပ်ကို နံ့စပ်ကုန်စင် သိမြင်လေငြား စက္ခုငါးပါး၏ အရှင်ဖြစ်တော်မူသော။ စရ မာစိဏ္ဏော၊ ရှေးရှေးဘုရား နောင်တော်များနှင့် မခြားပုံယူ နည်းတူထပ်ပွား အကျင့်မြတ်များကို မရပ်မနား လေ့ကျင့်တော်မူနိုင်ထသော။ ဓမ္မညူ၊ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ် ကိုးထပ်အင်္ဂါ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာ တရားရတနာကို သေချာပိုင်ပိုင် ကိုယ်တော်တိုင် သိမြင်တော်မူနိုင်ထသော။ ဓမ္မသာမိကော၊ သောင်းတိုက်သတ္တဝါ ခေါင်းငိုက်ရာအစစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူ တရာမင်းလည်း ဖြစ်တော်မူထသော။ ဗလူပေတော၊ ကြီးကျယ်ခွန်အား စွမ်းပကားနှင့် ပြည်စုံလေကြား ဆယ်ပါးသောအားတော်လည်း ရှိတော်မူထသော။ ဗလဓရော၊ မြင်းမိုရ်မေရု နှိုင်းတုမမှီ ဂုဏ်ရည်ထက်သန် မြဲမြံခိုင်ခံ့ တည်တံ့သောအားတော်လည်း ရှိတော်မူထသော။ ဝရဒေါ၊ လတ်တလော လက်ငင်း ချက်ချင်းခဏ ချမ်းသာလိုက ဆင်းရဲကင်း၍ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ထက် ဆထက်လွန်ကြူး နိဗ္ဗာန်တည်းဟူသော ဆုထူးမြတ်ကို ပေးသနားတော်မူနိုင်ထသော။ ဗုဒ္ဓေါ၊ ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသစ္စာကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သိမြင်တော်မူသော မြတ်စွာဘုရား သည်။ မေ၊ နိဗ္ဗာန်ရောက်ရန် ရည်သန်အားထုတ် နာမ်ရုပ်အစုဖြစ်သော ဘုရားတပည့်တော်ဟူသော စမလေးဖြာ အောင်ဆုရတနာ အောင်မင်္ဂလာ အောင်ချမ်းသာကို။ ဒေတု၊ ရာဟုလာသားပမာထား၍ သနားငဲ့ညှာ ပေးသနား တော်မူပါ အရှင်ဘုရား။

**မှတ်ချက်။** ။မြန်မာစာပေတွင် စာဖိုစာမဟူ၍ရှိရာ နေညွှန်းစာကို စာဖို၊

လည္ဒွန်းစာကို စာမဟူ၍ ခေါ်ဝေါ်ပါသည်။ နေသည် တစ်နေ့သုံးကြိမ် အကွာရာပြပါသည်။ နေည္ဒွန်းစာမှာ နေထွက်စ (ဂ)ငယ်ပုံ၊ မွန်းတည့် (ဝ)ပုံ၊ နေဝင် (ဂ)ပုံဖြစ်၍ လည္ဒွန်းစာမှာ လဆန်း (၃)ရက် (ဂ)ငယ်ပုံ၊ လဆန်း(၈) ရက် (ခ)ပုံ၊ လပြည့် (ဝ)ပုံ၊ လဆုတ် (ဂ)ရက်၊ (ဗ)ပုံ၊ လကွယ်ခါနီး (ပ)ပုံဖြစ်သည်။

ဤတွင် ရှေးဆရာမြတ်တို့သည် နေလပြအကွာရာများ၊ မူလအကွာရာတို့ကိုယူ၍ (စ–ခ–ဗ–ဝ) ကာယသုခ ပိယနေသိဒ္ဓိကြီးလေးပါးကို စီရင်ကြပါသည်။

ဤစာအုပ်တွင်မူ ဗဟုသုတရရှိရုံမျှသာ တင်ပြခြင်း ဖြစ်ပါသည်။ **အဓိကမှာ** ဘုရားရှင် ဂုဏ်တော်များကိုသာ အဓိကပြုလျက် ဗုဒ္ဓါနုဿတိ ပွားများရန်ဖြစ်ပါသည်။

ဤဂါထာကို နေ့စဉ်မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် မိမိကိုယ်ကိုလောင်မြိုက်နေသော မီးဘေးများမှ ကင်းဆေးစေပါသည်။ ထို့အပြင် စိတ်လိုအင်ဆန္ဒများ ပြီးပြည့်စုံ၍ ချမ်းသာမှုများ ရရှိစေနိုင်ပါသည်။

●

## စက်ကြီး ၁၃–ပါး ဂါထာပါဠိ

အောင်–တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်။
တစ်ဆယ့်လေးချက် ဓမ္မစက်။
တစ်ဆယ့်ရှစ်ချက် သံဃစက်။
လရောင်ဝင်းလျက် ရှင်ပစ္စေကဗုဒ္ဓ ရဟန္တာစက်။
မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်။
ဂုဏ်ကျေးဖူးအထူးသိလျက် ဆရာ့စက်။
ဗြဟ္မစိုရ်လက်နက် သိကြားစက်။
လောင်မီးကျလျက် နတ်တို့စက်။
ဘွဲ့ဖြူလက်နက် ဘီလူးစက်။
တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်။
အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်။
သုံးထောင်သချာ ဟေမဝန္တာ အာဏာစိုးလျက် သီဟစက်။
စက်ကြီး တစ်ဆယ့်သုံးပါး၊ ရွတ်သံကြားက ဘေးများမြင်မှု၊

မကောင်းစုတို့၊ ဝေးကကြဉ်ရှောင်
အောင်စေတတ်သည်၊ မြတ်သည့်ဆရာ ပညာတည်း။
အောင်–နမော ဗုဒ္ဓါနုဘာဝေန
အောင်–နမော ဓမ္မာနုဘာဝေန
အောင်–နမော သံဃာနုဘာဝေန
အောင်–ဒုရေ၊ ဒုရေ၊ သွားဟုံဟုံ။

## စက်ကြီး (၁၃)ပါး ဂါထာမန္တန်တော် ရွတ်ဆိုရခြင်းအကျိုး

စက်ကြီး (၁၃)ပါး ဂါထာမန္တန်တော်ကို နေ့စဉ်ရွတ်ဖတ်ခြင်းဖြင့် မိမိတို့အိမ်၌ ကျက်သရေမင်္ဂလာ တိုးတက်ပွားများစေပါသည်။ ကျရောက်ဆဲ ကျရောက် လတ္တံ့သော ဘေးအန္တရာယ်များလည်း ကင်းဝေးစေပါသည်။ ထို့ပြင် အမိအဖ၊ ဆရာသမား စသော ချစ်ခင်နှစ်သက်သူတို့နှင့် မကွဲမကွာ အတူတကွ နေထိုင် ရသော အကျိုးတို့ကိုလည်း ရရှိစေနိုင်ပါသည်။

ဤဂါထာမန္တန်တော်ကို ကုန်းလမ်း၊ ရေလမ်း၊ လေယာဉ်ခရီးလမ်းတို့ သွားရာ လာရာ၌ အထူးသတိပြုကာ တလေးတစား ရွတ်ဆိုပွားများသင့်ပါ သည်။ ယင်းဂါထာမန္တန်တော်ကို ရွတ်ဖတ်ပွားများပြီးသောအခါ မိမိကိုယ်စောင့် နတ်အပါအဝင် နတ်တို့အား အမျှပေးဝေပါ။ လမ်းခရီး၌ အန္တာရာယ်တစ်စုံ တစ်ခု ကြုံလာသည့်တိုင်း ၎င်းနတ်တို့က မိမိအား ကျေးဇူးတင်သောအားဖြင့် တုံ့ပြန် ကူညီကြပါလိမ့်မည်။ သူတော်ကောင်း နတ်ကောင်းမ ဆိုသည့် သဘောကို စဉ်းစားဆင်ခြင်ရန်ဖြစ်ပါသည်။

●

## စာမေးပွဲအောင်ဂါထာ

ဒေဝါနံ နန္ဒနော ဒေဝေါ၊
ဒေဝ ဒေဝေ န နိန္ဒနော။
ဝေဒ ဒိနေထ ဝေဒေန၊
ဝေဒိ ဝေဒေန ဝေဒိနော။

## ဂါထာအနက်

ဒေဝါနံ၊ စတုမဟာ တာဝတိံသာဘုံစံ လှုံပျော်အောင်း နတ်ပရိတ်သတ် အပေါင်းတို့ကို။ နန္ဒနော၊ နှစ်သက်စေနိုင်သော။ ဒေဝေါ၊ နတ်သေဋ္ဌနင်း သိကြားမင်းသည်။ နော–အမှာကံ၊ အကျွန်ုပ်တို့၏။ ဒေဝဒေဝေါ၊ နတ်တကာ တို့ထက် မြတ်သော ဝိသုဒ္ဓိသခင် ဘုရားရှင်၌။ ဝေဒဒိနေ၊ ပညာနှံ့နှေး အထင်သေးခြင်းကြောင့်။ နနန္ဒိနော၊ အားရစုံမက် နှစ်သက်ရောင့်ရဲခြင်း မရှိပေ။ အထ၊ ထို့နောက်မှ။ ဝေဒိနော၊ တုဘက်မစံ ဉာဏ်တော် သခင် ဘုရားရှင်၏။ ဝေဒေန၊ ဉာဏ်ပညာတော်၏ တန်ခိုးတေဇော် အာနုဘော် တော်ကြောင့်။ ဒေဝေါ၊ နတ်တို့သေဋ္ဌနင်းသိကြားမင်းသည်။ ဝေဒေန၊ ဆင်ခြင် နှိုင်းကြဲ ကိုယ်ပိုင်ဉာဏ်ဖြင့်။ ဝေဒိ၊ မြတ်စွာဘုရား၏ ကြီးမားဆင့်ဆင့် မြင့်မြတ် တော်မူဟန်ကို ကောင်းစွာမသွေ အမှန်သိလေပြီးတကား။

မှတ်ချက်။ ဤဂါထာကို ပြည်မြို့ အဂ္ဂမဟာပဏ္ဍိတ ကန်တွင်းဆရာတော် ဘုရားကြီး၏ "ကဗျာအမြုတေကျမ်း" တွင် ဘုန်းတော်ဂုဏ်တော် ဖွင့် ဒ၀နကာရဂါထာဟူ၍ အမည်ပေးကာ ထည့်သွင်းဖော်ပြထားပါ သည်။ ယင်းဂါထာကို စာမေးပွဲမဖြေခင် ရတနာသုံးပါး ဆရာ သမား မိဘများကို အာရုံပြု၍ (၇)ခေါက်ရွက်ဆိုပြီး ဖြေဆိုပါ။ စာမေးပွဲကို လွယ်ကူချောမောစွာ ဖြေဆိုနိုင်မည် ဖြစ်ပါသည်။

●

## စီးပွားရေး

ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ
ကေနစိ အန္တရာယော ကာတုံ၊ ဝဒ္ဓာမဟံ တံ၊ ဧဝံ
မေ ဟောတု။

- ဘုရားသခင်တို့၏ ပစ္စည်းအန္တရာယ်ကို မည်သူတစ်ဦး တစ် ယောက်မျှ မပြုစွမ်းနိုင်၊ ပစ္စည်းရေးအန္တရာယ်ကင်းတော်မူသော ထို ဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။
- ဤနည်းတူပင် အကျွန်ုပ်အား စီးပွားရေး အန္တရာယ်ကင်းပါစေ သား။ ဝါ–အန္တရာယ်ကင်းပျောက် စီးပွားရေး ထိပ်ဆုံးသို့ ရောက် ပါစေသား။

●

## စတုလောကပါလဂါထာ

ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရုဋ္ဌကော။
ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံဒိသံ။
စတ္တာရော တေ မဟာရာဇာ။
လောကပါလာ ယသဿိနော၊ တေပိ အမှေ အနုရက္ခန္တု၊
အရောဂေန သုခေနစ။

အရှေ့ဓတရဋ္ဌ၊ အနောက်ဝိရူပက္ခ၊ တောင်ဝိရူဠှက၊ မြောက်ကုဝေရတည်းဟူသော စတုလောကပါလ နတ်မင်းကြီးလေးပါးတို့သည် လူကို စောင့်ရှောက်တတ်ကုန်၏၊ အခြံအရံကြွယ်ဝကုန်၏။ ထိုစတုမဟာရာဇ်နတ်မင်းကြီးတို့သည် အကျွန်ုပ်အား အနာရောဂါမရှိ ချမ်းသာအတိဖြင့် အလိုပြည့်အောင် အစဉ်စောင့်မကြပါစေကုန်သတည်း။ (ကျန်းမာရေး၊ ချမ်းသာရေး)။

●

## စည်းစိမ်ချမ်းသာ ခိုင်မြဲစေသော သိဒ္ဓတ္ထဂါထာတော်

သိဒ္ဓတ္ထော နာမ သမ္ဗုဒ္ဓေါ၊ သဗ္ဗိရတန ပုဂ္ဂလော။
တိဘဝေ သောတ္ထိဓနကော၊ ဝဿ သတ သဟဿံယု။
သံသာရ သာဂရော လောကေ။
သံသာရေတွာ သဒေဝကေ၊
နိဗ္ဗာပေတိ စ သော သတ္တာ၊ စ သဒါ သောတ္ထိ ကရောတု မေ

## စိန္တာမဏိမန္တန်ပါဠိ

စိန္တာမဏိ ရတနာဒိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာဒိ၊ ဓမ္မံ ဓမ္မရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာဒိ၊ သံဃံ သံဃရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

## စိန္တာမဏိ ဂါထာတော် ရွတ်ဖတ်ခြင်းအကျိုးများ

ဤစိန္တာမဏိ ဂါထာတော် ရွတ်ဆိုခြင်းဖြင့် အကြံအောင်မြင်စေတတ်သည်။ ရာထူးဌာနန္တရ ရရှိစေတတ်သည်။ လူနတ်တို့ ချစ်ခင်နှစ်သက်ခြင်း ခံရတတ်သည်။ မိမိတို့၏ ပစ္စည်းဘဏ္ဍာ ရတနာ ရွှေ ငွေ စသည်တို့ကို တစ်ပါးသူတို့ ခိုးဝှက်ယူငင်မရနိုင်ဘဲ အကြိတ်အခဲအမြဲတည်ရှိခြင်း၊ လိုချင်တောင့်တသော ပစ္စည်းများ ရရှိတတ်ခြင်း အကျိုးများကို ခံစားရရှိနိုင်လေသည်။

●

## [ဆ]

# ဆုတောင်းပြည့် အနန္တသုခဂါထာတော်

(၁)ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
(၂)ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
(၃)သံဃော လောကေ သမုပ္ပန္နော၊ ပုညာယ သဗ္ဗပါဏိနံ။

(၁)ဗုဒ္ဓတေဇေန အရိန္ဒမော၊ ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ။
(၂)ဓမ္မတေဇေန မဟာလာဘော၊ ဓမ္မော မေ ရက္ခတု သဒါ။
(၃)သံဃတေဇေန မဟာယသော၊ သံဃော မေ ရက္ခတု နိစ္စံ။

(၁)နမော တေ ဗုဒ္ဓ ဝိရတ္ထု
ဝိပ္ပ မုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နောသ္မိ၊
တဿ မေ သရဏံ ဘဝ။
(၂)အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အကာလိကော ဓမ္မော ဓမ္မံ သရဏံ ဂစ္ဆာမိ။
သုပ္ပဋိပန္နော သံဃော သံဃံ သရဏံ ဂစ္ဆာမိ။
(၃)ဗုဒ္ဓေါ သဗ္ဗညုတဉာဏော၊ ဓမ္မော လောကုတ္တရာနဝ။
သံဃော မဂ္ဂဖလသေဋ္ဌော၊ တ္တစ္စေတံ ရတနတ္တယံ။
ယေနသစ္စေန သင်္ဂါမော၊
ဟောတု မေ ဇယမင်္ဂလံ။

### ပထမဂါထာအနက်

(၁)ဗုဒ္ဓေါ၊ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာဟု ဆိုအပ်ကုန်သော သစ္စာလေးပါး မြတ်တရားကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့၏။ ဟိတာယ၊ မင်္ဂလိနိဗ္ဗာန်တည်း ဟူသော အကျိုးစီးပွားအလို့ငှာ။ လောကေ၊ သတ္တလောက၌။ သမုပ္ပန္နော၊ သိစရာတရားများကို သိမြင်ကြားနာနိုင်ကြစေရန် ပွင့်ထွန်းကြွရောက်တော် မူခဲ့လေပြီ။

(၂)ဓမ္မော၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်တည်းဟူသော ဆယ်ပါးသောတရားတော်မြတ် အပေါင်းသည်။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့၏။ သုခါယ၊ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟု ဆိုအပ်သော ချမ်းသာ သုခရကြစေခြင်းအလို့ငှာ။ လောကေ၊ သတ္တလောက၌။ သမုပ္ပန္နော၊ ဟောကြား ပွင့်ထွန်း ပေါ်ပေါက်တော်မူခဲ့လေပြီ။

(၃)သံဃော၊ မဂ္ဂဋ္ဌာန် လေးပါး ဖလဋ္ဌာန် လေးပါး အပေါင်းအားဖြင့် ရှစ်ပါးကုန်သော ရဟန်းသံဃာတော် အရှင်သူမြတ်တို့သည်။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့၏။ ပုညာယ၊ ကောင်းမှုကုသိုလ် အကျိုးများ ဖြစ်ထွန်းတိုးပွားစေခြင်းအလို့ငှာ။ လောကေ၊ သတ္တလောက၌။ သမုပ္ပန္နော၊ ထင်ရှားစွာ ပေါ်ထွန်းတော်မူခဲ့ကြလေပြီ။

## ဂါထာအနက်

(၁)မေ၊ ဘုရားတပည့်တော်သည်။ ဗုဒ္ဓတေဇေန၊ ရှင်တော်မြတ်ဘုရား၏ တန်ခိုးရှိန်စော်မေတ္တာတော် အာနုဘော်ကြောင့်။ အရိန္ဒမော၊ ရန်အပေါင်းကို အောင်နိုင်ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်အား။ နိစ္စံ၊ ထာဝစဉ်အမြဲ။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

(၂)မေ၊ ဘုရားတပည့်တော်သည်။ ဓမ္မတေဇေန၊ တရားတော်မြတ်၏ ဘန်ခိုးရှိန်စော် မေတ္တာတော် အာနုဘော်ကြောင့်။ မဟာ လာဘော၊ ကြီးမားသော လာဘ်လာဘ ပေါများခြင်းသည်။ မေ၊ ဘုရားတပည့်တော်အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

(၃)မေ၊ ဘုရားတပည့်တော်အား။ သံဃတေဇေန၊ သံဃာတော်မြတ်တို့၏ တန်ခိုးရှိန်စော် မေတ္တာတော် အာနုဘော်ကြောင့်။ မဟာယသော၊ ကြီးမြတ်သော အခြံအရံ ပေါများခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ သံဃော၊ သံဃာတော်မြတ်အပေါင်းသည်။ မေ၊ ဘုရားတပည့်တော်အား။ ဒိနေ၊ နေ့တိုင်း နေ့တိုင်းသာလျှင်။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

## ဂါထာအနက်

(၁)ဝိရ၊ လွန်စွာ ကြီးမားတော်မူလှသော လုံ့လ ဝီရိယလည်း ရှိတော်မူထသော။ ဗုဒ္ဓ၊ သုံးလူ့ထွက်ထား ရှင်တော်မြတ်ဘုရား။ တေ၊ အရှင်ဘုရားအား။ မေ၊ ဘုရားတပည့်တော်၏။ နမော၊ ပူဇော်ဝပ်စင်း ရှိခိုးခြင်းသည်။ သတ္တု၊

ဖြစ်ပါစေသတည်း။ တွံ၊ ရှင်တော်မြတ်ဘုရားသည်။ သဗ္ဗဓိ၊ အထက်ဘဝဂ်အောက်အဝီစိ ရှိရှိသမျှ ရပ်ဌာနတို့၌။ ဝိပ္ပမုတ္တော၊ နှိပ်စက်ကလူ ရန်သူဟူသမျှကင်းပလှသည်။ အသိ၊ ကေန်စင်စစ် အမှန်ဖြစ်ပါ၏ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်မှာမူကား။ သမ္ဗာဓပဋိပန္နော၊ ကျဉ်းမြောင်း ချုပ်ချယ်ရန်သူ့လက်ဝယ်၌ ဒုက္ခအခက်အခဲနှင့် ရင်ဆိုင်တွေ့ကြုံနေရသည်။ အသ္မိ၊ ဖြစ်ပါတော့သည်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ တဿမေ၊ ချမ်းသာရင်းဝေးဒုက္ခဘေးရောက်၍နေသော ဘုရားတပည့်တော်၏။ သရဏံ၊ ကိုးကွယ်အားထားပုန်းအောင်းမှီခိုရာသည်။ ဘဝ၊ ဖြစ်တော်မူပါ အရှင်ဘုရား။

(၂)ဗုဒ္ဓေါ၊ သုံးလူရှင်ပင် မြတ်သခင်သည်။ အရဟံ၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ပါပေ၏။ အဟံ၊ အကျွန်ုပ်သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်အားထားရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည် ဆည်းကပ်ပါ၏။ ဓမ္မော၊ တရားတော်မြတ်သည်။ အကာလိကော၊ အချိန်အခါမလင့် ကောင်းကျိုးချမ်းသာကို ပေးသနားတော်မူတတ်၏။ အဟံ၊ အကျွန်ုပ်သည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်အားထားရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်စွာဆည်းကပ်ပါ၏။ သံဃော၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်အရှင် သူမြတ်တို့သည်။ သုပ္ပဋိပန္နော၊ ကောင်းမွန်စွာကျင့်တတ်၏။ အဟံ၊ အကျွန်ုပ်သည်။ သံဃံ၊ သံဃာတော် အရှင်သူမြတ်အပေါင်းကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်စွာ ဆည်းကပ်ပါ၏။

(၃)သဗ္ဗညုတဉာဏော၊ နှိုင်းဆမတန် သဗ္ဗညုတဉာဏ်တော် ရှိတော်မူသော ပုဂ္ဂိုလ်သည်။ ဗုဒ္ဓေါ၊ ဘုရားစင်စစ် ကေန်ဖြစ်တော်မူပါပေ၏။ နဝလောကုတ္တရော၊ ကိုးပါးသော လောကုတ္တရာတရားသည်။ ဓမ္မော၊ တရားတော်စင်စစ် ကေန်ဖြစ်တော်မူပါပေ၏။ မဂ္ဂဖလသမ္ပန္နော၊ မဂ်ဖိုလ်တို့၌ တည်သော ပုဂ္ဂိုလ်အပေါင်းသည်။ သံဃော၊ သံဃာတော်စင်စစ် ကေန်ဖြစ်တော်မူပါပေ၏။

ဧတေန၊ ဤရတနာမြတ်သုံးပါးသာလျှင်။ ရတနာတ္တယံ၊ အမြတ်ဆုံးသော ရှိခိုးပူဇော်စရာ ရတနာတို့မည်ပါပေ၏။ ဧတေန သစ္စေန၊ ထိုသို့မှန်စွာ ပြောဆိုရသော သစ္စာစကားကြောင့်။ သင်္ဂါမေ၊ တွေ့ဆုံသမျှ ရန်အန္တရာယ်ဒုက္ခအခက်အခဲဟူသမျှကို။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်မြင်လွတ်ကင်း ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**မှတ်ချက်။ ။** အထက်ပါ ဂါထာမှာ နမောတေ ဂါထာနှင့် ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးများကို ပေါင်းစပ်ထားသောဂါထာဖြစ်ပါသည်။

## ဆုတောင်းပြည့်ဂါထာတော်

စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ၊
ကရံ ကရ တိသရဏံ ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မ ရတနာနံ၊
ကရံ ကရ တိသရဏံ ခိပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃ ရတနာနံ၊
ကရံ ကရ တိသရဏံ ခိပ္ပမေဝ သမိဇ္ဈတု။

ကြံဆမှုဆန္ဒကို အမြန်တစ်ခဏ ပြည့်ဝစေသော ထိုတြိရတနာဟူသည် ဘုရားဟူသော ရတနာသာတည်း။ (တရားတည်းဟူသော ရတနာသာတည်း၊ သံဃာတည်းဟူသော ရတနာသာတည်း။)

ဘုရား၊ တရား၊ သံဃာတို့သည် ကိုးကွယ်ခြင်း ပြုထိုက်သော ရတနာများ တည်း၊ ကိုးကွယ်ခြင်း ပြုသောသူတွင် လိုရာဆန္ဒသည် မုချပြည့်ဝပါစေသ တည်း။

●

## ဆေးသိဒ္ဓိမန္တန်

ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းသည် အခန်းအပိုင်းပေါင်း ၆၀–ဖြင့် တန်ဆာ ဆင်အပ်သော ခမ်းနားကြီးကျယ်သော ဆေးကျမ်းကြီး တစ်ဆူဖြစ်သည်။

အခန်း ၆၀–အနက် ဒုတိယအခန်းတွင် ဆေးသိဒ္ဓိမန္တန် သုံးပုဒ်ပါသည်။

၁။ ဣဓဟဗုဒ္ဓေါ စ ဓမ္မောစ၊ သံဃော စ သရဏံ ဝရံ။
အနေန သစ္စဝါကျေန၊ တိကိစ္ဆာ သိဒ္ဓိရတ္ထု မေ။

ဣဓဟ၊ ဤလောက၌။ ဗုဒ္ဓေါစ၊ ဘုရားသည် လည်းကောင်း။ ဓမ္မောစ၊ တရားသည် လည်းကောင်း။ သံဃောစ၊ သံဃာသည် လည်းကောင်း။ ဝရံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာပေတည်း။ အနေန သစ္စဝါကျေန၊ ဤသစ္စာစကားကြောင့်။ မေ၊ ကျွန်ုပ်၏။ တိကိစ္ဆာသိဒ္ဓိ၊ ဆေးပေးကုမမှု ပြီးစီးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

၂။ ဗာလာ သဗ္ဗ မကလျာဏံ၊ ကလျာဏံ ပဏ္ဍိတာသဒါ။
အနေန သစ္စဝါကျေန၊ တိကိစ္ဆာ သိဒ္ဓိရတ္ထု မေ။

ဗာလာ၊ လူမိုက်တို့သည်။ သဗ္ဗံ၊ အလုံးစုံသော။ အကလျာဏံ၊ မကောင်းမှု

ကို။ သဒါ၊ အခါခပ်သိမ်း။ ကရောန္တု၊ ပြုကုန်၏။ အနေနသစ္စဝါကျေန၊ ဤသစ္စာစကားကြောင့်။ မေ၊ ကျွန်ုပ်၏။ တိကိစ္ဆာသိဒ္ဓိ၊ ဆေးပေးကုမှု ပြီးစီးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

၃။ အပ္ပမာဒါ သိဝံ သဗ္ဗံ၊ ပမာဒါ အသိဝံ သဒါ၊ အနေန သစ္စဝါကျေန၊ တိကိစ္ဆာ သိဒ္ဓိရတ္ထု မေ။

အပ္ပမာဒါ၊ မပေါ့ဆခြင်းကြောင့်။ သဗ္ဗံ၊ အလုံးစုံသော။ သိဝံ၊ ချမ်းမြေ့မှုကို။ သဒါ၊ အခါခိပ်သိမ်း။ လဘန္တိ၊ ရကုန်၏။ ပမာဒါ၊ ပေါ့ဆခြင်းကြောင့်။ သဗ္ဗံ၊ အလုံးစုံသော။ အသိဝံ၊ မချမ်းမြေ့မှုကို။ သဒါ၊ အခါခပ်သိမ်း။ လဘန္တိ၊ ရကုန်၏။ အနေန သစ္စဝါကျေန၊ ဤသစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်၏။ တိကိစ္ဆာသိဒ္ဓိ၊ ဆေးပေးကုမှု ပြီးစီးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

ဆေးဆရာများနှင့် ဆေးပေးကုမှု လိုအပ်လာသူတိုင်း အထက်ပါ မန္တန်ဖြင့် သစ္စာပြု၊ ဆုမွန်တောင်းလျက် အသက်တစ်ချောင်းကို ကယ်ကြပါလေ။ တောဘဇ္ဇ မဥ္စုသာနိဿယရည်း ဆရာတစ်ဆူဖြစ်သော ဗင်္ဂလားဆရာတော်ဘုရား အလိုမန္တန်ကို ခုနစ်အုပ်မန်းပါ။

# (၄)

# ဇလွန်မြို့ မာရ်အောင်မြင်ဘုရားကြီးမှ ဂါထာတော်များ ခမ္မခဏ် ဂါထာတော်

ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ၊
သတ္တဗောဇ္ဈင်္ဂေါ၊ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ၊
စတု သတိပဋ္ဌာနံ၊ သဗ္ဗဿ ဣန္ဒော၊
သဟာဿ သုရိယော၊
အောင်-နမော မေတ္တာနံ ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘယံ၊
အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊ ဇေယျော ဇယတုမင်္ဂလံ၊
အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂါဓမ္မံ၊
နိရောဓဓမ္မံ ခမတိ။

## စကားပြေ

သုံးပုံပိဋကတ် တရားမြတ်သည် ဤသို့ဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိခြင်း အကြောင်းကြောင့်လည်း အနိစ္စမည်ပါပေ၏။ ဤသို့ဖြစ်ခြင်း ပျက်ခြင်းတရားတို့သည် မပြတ်နှိပ်စက်ခြင်း ရှိသော အကြောင်းကြောင့်လည်း ဒုက္ခမည်ပါပေ၏။ ဤသို့လျှင် မိမိအလိုသို့ မလိုက်သောကြောင့် အနတ္တမည်ပါပေ၏။

ခုနစ်ပါးသော ဗောဇ္ဈင်တရားသည်လည်းကောင်း၊ အင်္ဂါရှစ်ပါးသော မြတ်သော မဂ်တရားသည်လည်းကောင်း၊ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာဟု ဆိုအပ်သော သတိပဋ္ဌာန် လေးပါးသည် လည်းကောင်း၊ အလုံးစုံသောတရား အပေါင်းကို အစိုးရသော (တရားမင်းသည်လည်းကောင်း)၊ ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းသည်လည်းကောင်း၊ ဤသို့ ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိသောကြောင့် အနိစ္စမည်ပါပေ၏။ ပျက်ခြင်း တရားသည် မပြတ်နှိပ်စက်ခြင်းရှိသောကြောင့် ဒုက္ခမည်ပါပေ၏။ အစိုးမရ၊ မိမိအလိုသို့မလိုက်သော သဘောရှိသောကြောင့် အနတ္တမည်ပါပေ၏။

အထူးသဖြင့် မြင့်မြတ်တော်မူကုန်သော မဟာမေတ္တာရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်တို့အား ရှိခိုးပါ၏။ ထိုဘုရားရှင်တို့၏ တန်ခိုးမေတ္တာတော် အာနုဘော်ကြောင့် မင်းဘေး အလုံးစုံသောဘေးတို့ကို အောင်မြင်နိုင်သည် မုချမသွေ ဖြစ်ပါစေသတည်း။ ကုသိုလ်မင်္ဂလာဟူသမျှသည် အောင်ပါစေသတည်း။

အကြင်ကြောင့် အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရားသည် ကံ၊ စိတ်၊ ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပေါင်းကာ ပြုပြင်စီရင်အပ်သည်ဖြစ်၍ အမြဲမရှိ၊ ကုန်ခန်းခြင်းသဘောရှိ၏။ ပျက်စီးခြင်း သဘောရှိ၏။

ရာဂကင်းရာဖြစ်သော ခန္ဓာ၊ အာယတန၊ ဓာတ်တို့ချုပ်ရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ပညာရှိတို့သည် နှစ်သက်မြတ်နိုးကြပါကုန်၏။

ဤစမ္မခဏ်ဂါထာတော်နှင့် ပတ်ကသ်၍ လက်ငင်း လက်တွေ့ အကျိုးပေးခြင်းကို ခံစားရသူများ၏ ကိုယ်တွေ့မှတ်တမ်းမှတ်ရာများအရ ဂါထာကို ယုံကြည်စိတ်အပြည့်၊ ကြည်ညိုစိတ်အပြည့်ဖြင့် ရွတ်ဆိုပူဇော်သူသည် ပါဋ္ဌိသက်သက်ကိုသာရွတ်ပါက ကြည်း၊ ရေ၊ လေ ခရီးသွားရာတွင် ဘေးအန္တရာယ် ကင်း၏။ ပါဋ္ဌိရောအနက်ပါရွတ်ပါက ကြောက်လန့်ခြင်း ကင်း၏။

ပါဋ္ဌိသက်သက်ဖြစ်စေ၊ အနက်ပါဖြစ်စေ မပြတ်ရွတ်ပါက ဘေးဥပဒ်ရန် အသွယ်သွယ် အန္တရာယ်အမျိုးမျိုးကင်း၏။ အနာရောဂါကင်းရှင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံ၏။ အလုပ်အကိုင် အရောင်းအဝယ် အစစအရာရာ အဆင်ပြေပြီး စီးပွားလာဘ်လာဘ ပေါများ၏။ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံပြီး သွားလေရာ ရောက်လေရာတွင် လူချစ်လူခင် ပေါများ၏။ မိမိအားငြူစူသူမရှိ။ ကူညီသူသာရှိ၏။ မျက်နှာမြင်ချစ်ခင်၊ အသံကြားသနားဟူသော အကျိုးထူးကိုရ၏။ ရန်သူပင်လျှင် မိမိအား တစ်စုံတစ်ရာကြောင့် မကျေနပ်၍ ရန်ပြုရန်လာသူပင်လျှင် မေတ္တာစိတ်ဝင်ပြီး လိုအပ်သမျှကူညီသွားရ၏။

ပညာဉာဏ်ထက်မြက်ပြီး ကျက်မှတ်ရလွယ်ကူ၏။ စာမေးပွဲဖြေဆိုမည့် ကျောင်းသားများ၊ ဝန်ထမ်းများ ဤဂါထာကို အမြဲမပြတ်ရွတ်ဆိုပူဇော်ပါက ကျက်ထားသမျှစာများ မှတ်မိနေပြီးလျှင် စာမေးပွဲအချိန်ကြောင့် ကျက်မှတ်ထားသမျှ မေ့ ပျောက်တတ်ခြင်းအလျဉ်းမရှိဘဲ ချောမောစွာ ဖြေဆိုနိုင်၏။

ရွတ်ဖတ်ပူဇော်ခြင်းများက ကိလေသာလျော့ပါးပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုရန် အထောက်အပံ့ရရှိနိုင်သည်ဟုပင် အဆိုရှိသည်။

အရေးကြီးသည်မှာ ယုံကြည်ရန်ဖြစ်၏။ ယုံကြည်မှုဖြင့် လုပ်သော အလုပ်သည် မလုပ်မီကပင် တစ်ဝက် အောင်မြင်နေပြီဟု ရှေးအစဉ်အဆက် ဆိုစမှတ်ပြုကြသည်။ ယုံယုံကြည်ကြည်ဖြင့် ရွတ်ဆိုပူဇော်ကြရန်သာ ဖြစ်ပါသည်။

## ၁။ သင်းကျစ်တော်ဂါထာပါဠ်အနက်

အောင်-ကာသပဋ္ဌာယ ဥပသိမာ၊
မမ မောလိ ဇေဟိ ဇေဟိ၊ ဗုဒ္ဓ ဝါ သံဃ ဝါ
သင္ဂေသုဝါ ဟုရံဝါ။

သင္ဂေသုဝါ၊ နတ်ပြည်ဗြဟ္မာပြည်တို့၌လည်းကောင်း။ ဟုရံဝါ၊ လူ့ပြည် နဂါးပြည် ဂဠုန်ပြည် စသည်တို့၌လည်းကောင်း။ ယံ ကိဉ္စိ၊ ကြွင်းမဲ့ဥဿုံ ကုန်အောင်စုံသော။ ယံ ရတနံ၊ အကြင်ရတနာသည်။ ပဏီ၏၊ မွန်မြတ်၏။ တံ ရတနံ၊ ထိုရတနာသည်။ ယေန၊ အကြင် ဘုရားရတနာ တရားရတနာ သံဃာရတနာနှင့်။ သမံ၊ တူသည်။ နတ္ထိ၊ မရှိ။ တံ-ဗုဒ္ဓံဝါ၊ ထိုဘုရားရတနာ သည်လည်းကောင်း။ တံ-ဓမ္မံဝါ၊ ထိုတရားရတနာသည်လည်းကောင်း။ တံ-သံဃံဝါ၊ ထိုသံဃာရတနာသည်လည်းကောင်း။ မမ၊ အကျွနုပ်၏။ မောလိ၊ မြင့်မြတ်သောဦးခေါင်းထက်သို့။ ကာသပဋ္ဌာယ၊ ပွင့်လင်းသော အရောင်အဝါ ဖြင့်။ ဥပသိမာ-ဥပသိမာယ၊ နှိပ်စက်တတ်သော ဘေးရန်အပေါင်းတို့ကို ငြိမ်းအေးစေခြင်းငှာ။ ဇေဟိ ဇေဟိ၊ မဆိုင်းမတွ လျင်မြန်စွာ ကြွတော်မူပါဘုရား။

●

## ၂။ လက်ယာလက်ရုံးတော်ဂါထာ ပါဠ်အနက်

သံသာရစက္ကဝိဒ္ဓံသံ၊
သံသုဒ္ဓမဿ ဩရသံ။
သံဆိန္နကံ ဘဝေ အာသံ၊
သံဃံ အပိ သုမာနသံ။

သံသာရစက္ကဝိဒ္ဓံသံ၊ သံသရာတည်းဟူသော စက်အကန့်တို့ကို ချိုးဖဲ့ဖျက် ဆီးတော်မူတတ်ထသော။ သံသုဒ္ဓံ၊ ညစ်ကျုယုတ်မာ ကိလေသာတို့မှ ကောင်း စွာ စင်ကြယ်ပြီးသောစိတ်ရှိတော်မူထသော။ ဘဝေ၊ ဘဝသုံးပါး၌။ အာသံ၊ ချစ်ခင်တွယ်တာ အာသာတဏှာကို။ သံဆိန္နကံ၊ ကောင်းစွာပယ်သတ် တကယ် ဖြတ်တော်မူပြီးထသော။ သုမာနသံ၊ အံ့ချီးခြင်းငှာ စွမ်းနိုင်ရာလွန်စွာကောင်း မြတ်သော ရွှေနှလုံးတော်ရှိထသော။ ဗုဒ္ဓံအပိ၊ မြတ်စွာဘုရားကိုလည်းကောင်း။

သံသရာစက္ကဝိဒ္ဓံသံ၊ သံသရာတည်းဟူသော စက်အကန့်တို့ကို ချိုးဖွဲ့ဖျက်ဆီး တော်မူတတ်ထသော။ သံသုဒ္ဓံ၊ ညစ်ကျုယုတ်မာ ကိလေသာတို့မှ ကောင်းစွာ စင်ကြယ်ပြီးထသော့။ ဘဝေ၊ ဘဝသုံးပါး၌။ အာသံ၊ ချစ်ခင်တွယ်တာ အာသာ တဏှာကို။ သံဆိန္နကံ၊ ကောင်းစွာဖြတ်တော်မူပြီးထသော။ အဿ၊ ထိုမြတ်စွာ ဘုရား၏။ ဓမ္မံအပိ၊ မဂ်လေးတန်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံသာရစက္ကဝိဒ္ဓံသံ၊ သံသရာတည်းဟူသော စက်အကန့်တို့ကို ချိုးဖွဲ့ ဖျက်ဆီးတော်မူတတ်ထသော။ သံသုဒ္ဓံ၊ ညစ်ကျုယုတ်မာ ကိလေသာတို့မှ ကောင်းစွာစင်ကြယ်ပြီးသော စိတ်ရှိတော်မူထသော။ ဘဝေ၊ ဘဝသုံးပါး၌။ အာသံ ချစ်ခင်တွယ်တာ အာသာတဏှာကို။ သံဆိန္နကံ၊ ကောင်းစွာ ဖြတ်တော်မူပြီးထသော။ သုမာနသံ၊ အံ့ချီခြင်းငှာ မစွမ်းနိုင်ရာ လွန်စွာကောင်းမြတ်သော ရွှေနှလုံးတော်ရှိထသော။ သံဃံအပိ၊ ရှစ်ယောက်သော အရိယာသံဃာတော်မြတ်အပေါင်းကို လည်း ကောင်း။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ အဥ္ဇလီညွှတ်ကာ ရှိခိုးပါ၏ အရှင်ဘုရား။

# ၃။ လက်ဝဲလက်ရုံးတော်ဂါထာ ပါဠိအနက်

တ မေ သ ဒီ ကော မံ သု ရေ၊
သော မ ပ နာ ပ သု သု ပိ၊
အ ခံ သိ တိ ဖု ဝိ သိ ဝေ၊
ကကော ကဂေါ နမာမဟံ။

တ၊ တဏှင်္ကရာ မြတ်စွာဘုရားကိုလည်းကောင်း။ မေ၊ မေဓင်္ကရာ မြတ်စွာ ဘုရားကိုလည်းကောင်း။ သ၊ သရဏင်္ကရာ မြတ်စွာဘုရားကိုလည်းကောင်း။ ဒီ၊ ဒီပင်္ကရာမြတ်စွာဘုရားကိုလည်းကောင်း။ ကော၊ ကောဏ္ဍည မြတ်စွာဘုရား ကိုလည်းကောင်း။ မံ၊ မင်္ဂလမြတ်စွာဘုရားကိုလည်းကောင်း။ သု၊ သုမန မြတ်စွာ ဘုရားကိုလည်းကောင်း။ ရေ၊ ရေဝတမြတ်စွာဘုရားကို လည်းကောင်း။ အ၊ အနောမဒဿီမြတ်စွာဘုရားကိုလည်းကောင်း။ ပ၊ ပဒုမမြတ်စွာဘုရားကို လည်းကောင်း။ နာ၊ နာရဒမြတ်စွာဘုရားကိုလည်းကောင်း။ ပ၊ ပဒုမုတ္တရ မြတ်စွာဘုရားကိုလည်းကောင်း။ သု၊ သုမေဓ မြတ်စွာဘုရားကိုလည်းကောင်း။ သု၊ သုဇာတ မြတ်စွာဘုရားကိုလည်းကောင်း။ ပိ၊ ပိယဒဿီ မြတ်စွာဘုရားကို

လည်းကောင်း။ အ၊ အတ္တဒသီ မြတ်စွာဘုရားကိုလည်းကောင်း။ ဓံ၊ ဓမ္မဒသီ မြတ်စွာဘုရားကိုလည်းကောင်း။ သိ၊ သိဒ္ဓတ္ထ မြတ်စွာဘုရားကိုလည်းကောင်း။ တိ၊ တိဿမြတ်စွာဘုရားကိုလည်းကောင်း။ ဖု၊ ဖုဿမြတ်စွာဘုရားကို လည်းကောင်း။ ဝိ၊ ဝိပဿီ မြတ်စွာဘုရားကိုလည်းကောင်း။ သိ၊ သိခီ မြတ်စွာဘုရားကို လည်းကောင်း။ ဝေ၊ ဝေဿဘူမြတ်စွာဘုရားကို လည်းကောင်း။ က၊ ကကုသန် မြတ်စွာဘုရားကိုလည်းကောင်း။ က၊ ကကုသန် မြတ်စွာဘုရားကိုလည်းကောင်း။ ကော၊ ကောဏာဂုံ မြတ်စွာဘုရားသည် လည်းကောင်း။ က၊ ကဿပ မြတ်စွာဘုရားကိုလည်းကောင်း။ ဂေါ၊ ဂေါတမ မြတ်စွာဘုရားကိုလည်းကောင်း။ နမာမိ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

မာရ်အောင်မြင် မုနိရုပ်ပွားတော်၏ စမ္မခဏ်ဂါထာနည်းတူ သင်းကျစ်တော် ဂါထာ၊ လက်ယာလက်ရုံးတော်ဂါထာနှင့် လက်ဝဲ လက်ရုံးတော် ဂါထာသုံးပုဒ်သည်လည်း ထူးခြားဆန်းကြယ်သော ကောင်းကျိုး ချမ်းသာမှန်သမျှကို ပေးနိုင်စွမ်းရှိသည်။ တန်ခိုးသိဒ္ဓိ ထက်မြက်သည်ဟု သက်ဝင်ယုံကြည်ကြပါသည်။

တန်ခိုးကြီးဘုရား ဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရာလည်းရောက်သည်။ ဝစီဒုစရိုက်လေးပါးကို ကျူးလွန်ခြင်းမှ အလိုအလျောက် ကာကွယ်ရာလည်း ရောက်ပါသည်။ ဘုရားဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် စိတ်နှလုံးတည်ကြည်ငြိမ်သက်ကာ စိတ်စွမ်းအင် တန်ခိုးများ အလိုလို တိုးပွားလာတတ်ပါသည်။ ကြံတိုင်းအောင်၍ ဆောင်တိုင်း မြောက်လာတတ်ပါသည်။ ထို့ကြောင့် မာရ်အောင်မြင်မုနိမှ တန်ခိုးသိဒ္ဓိထက်မြက်လှသော ဂါထာတော်များကို အများပြည်သူ ရွတ်ဖတ် ကြည်ညိုပူဇော်နိုင်ကြစေရန် ကုသိုလ်လည်း ဝေငှရခြင်း ဖြစ်ပါသည်။

## ၆ ဆယ်ချက်အောင်ဂါထာ

ဓိနံ ပါပံ-ဓိနံ သေဋ္ဌော၊
ဓိနံ ပါပံ-ဓိနံ ဓမ္မော။
ဓိနံ ပါပံ-ဓိနံ သံဃော၊
ဓိနော ရသံ-ဓိနံ ဂုရု။
ဓိနံ ဗိဇံ-ဓိနံ ဝန္ဒေ။

## ဂါထာအနက်

သေဋ္ဌော၊ မြတ်စွာဘုရားသည်။ ဓိနံပါပံ၊ မကောင်းမှုမှန်သမျှ အောင်အပ်သည်ကို။ ဓိနံ၊ အောင်မြင်တော်မူ၏။ ဓမ္မော၊ တရားတော်သည်။ ဓိနံပါပံ၊ အဝိဇ္ဇာနှင့်တဏှာမှုတည် အောင်အပ်သည်ကို။ ဓိနံ၊ အောင်မြင်တော်မူပါပေ၏။ သံဃော၊ ပရမတ်ရှစ်ဖော်သံဃာတော်သည်။ ဓိနံပါပံ၊ မကောင်းသော အကျင့်မှန်သမျှ အောင်အပ်သည်ကို။ ဓိနံ၊ အောင်မြင်တော်မူ၏။ ဂုရု၊ ငါတို့၏ ဆရာသည်။ ဓိနောရသံ၊ မြတ်စွာဘုရား၏ သားတော် ရင်နှစ်ဖြစ်၍။ ဓိနံ၊ အောင်ထိုက်ရာရာ ရန်များစွာကို အောင်တော်မူပေ၏။ ဓိနံ ဗီဇံ၊ ဘုရားတည်းဟူသော အောင်မျိုးစေ့မှဖြစ်သော။ ဓိနံ၊ အောင်သူတကာ မြတ်ရတနာကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

**မှတ်ချက်။ ။** ဤဂါထာသည် ပဒတိုင်း၌ "ယ" ဂိုဏ်းချည်းသာ ဖွဲ့အပ်သော ဝတ္တဂါထာ၊ အမွန္တရနတ်စောင့်သည်ဖြစ်၍ အလွန်ချမ်းမြေ့သော အကျိုးပေးတတ်သည်။

●

## ဇယမင်္ဂလာအောင်ဂါထာ

**ဇယစက္ကော** ဇယန္တော့ယော၊ ဇယိ တဗ္ဗေ ဇယာသနေ။
**ဇယာပေသိ** ဇယေသိနံ၊ ဇယံ ဒေတု ဇယုတ္တယော။

## ဂါထာအနက်

ယော ဇယစက္ကော၊ ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်**ကြီးသည်**။ ဇယာသနေ၊ အောင်သိဒ္ဓိဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း အောင်ဗောဓိ**ပင်ရင်း**၌။ ဇယိတဗ္ဗေ၊ အောင်အပ်သည့် တရား မာရ်ငါးပါး အပေါင်းတို့ကို။ ဇယန္တော၊ အကြွင်းမဲ့ချေမှုန်းလျက် ဖျက်ဖြုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး **အောင်တော်**မူခဲ့လေပြီ။ ဇယေသိနံ၊ မြတ်နိဗ္ဗာန် အောင်ခန်းနှင့် အောင်ဘိသိက်ပန်း**မင်္ဂလိကို** များထိုထိုဝဋ်အတွင်းမှ လွတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန်သူတို့အား။ ဇယာပေသိ၊ ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍ ထွက်အငူ အမြိုက်ဓာတ်သို့ ဆိုက်ကပ်တော်မူစေ၍ အောင်စေတော်မူလေပြီ။ ဇယုတ္တယော၊ အောင်သူ တကာတို့၏ မှန်ကင်း အောင်ခြင်းတကာတို့၏ဦးသျှောင်ထွက်ခေါင်

မြတ်သရဖူ သယမ္ဘူမကိုင်္ဃထီးကို အောင်ပွဲဝင်ပုဂ္ဂိုလ်ကြီး ဖြစ်ဆဲထသော။ သောဇယ-စက္ကော၊ အလုံးစုံအောက်မင်းနှင့် ပြည့်စုံတော်မူသော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ၊ မြေတ်နိဗ္ဗူအောင်ပန်းကို ဆွတ်ချူရန် တက် လှမ်း၍ ကြိုးပမ်းကာ အာသာကြီးဖြင့် ရှာမှီးသူအကျွန်ုပ်အား။ ဇယ်၊ အောင်ခြင်း ကို (ဝါ)အောင်ပန်းဝေမြိုင် အောင်ဖူးတွေကြိုင်လှိုင်သည့် အောင်သိဒ္ဓိ ပန်းခိုင် ကြီးကို။ ဒေတု၊ ပေးသနားတော်မူပါ အရှင်ဘုရား။

**မှတ်ချက်။ ။** ဤဂါထာကို အောင်ရစ်ချက် သစ္စာပန္နက်ဂါထာတော်ဟု ခေါ် ပါသည်။ အောင်ပွဲအဆင့်ဆင့်ခံတော်မူခဲ့သော အောင်ပွဲများ ပိုင်ရှင်မြတ်စွာဘုရားက အောင်မြင် ချမ်းသာချင်သူတို့အား အလိုရှိသလို အောင်မြင်စေရန် နည်းပေး ညွှန်ပြတော်မူသည်။ ထိုအချက်ကို ဖော်ကျူးခြင်းသည် သစ္စာစကားပင် ဖြစ်၏။ ဤဂါထာကို ရွတ်ဆိုခြင်းသည်ပင်လျှင် သစ္စာဆိုခြင်းမည်တော့ သည်။

●

# [တ]

# တပ္ပုဿဘလ္လိက သရဏဂုံဂါထာတော်

၁။ သော အဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿစ သုဓမ္မတံ။

၂။ သော အဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမံ နဂါ နဂံ။
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿစ သုဓမ္မတံ။

သောအဟ၊ ထိုငါသည်။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿမာနော၊ ရှိခိုးလျက်။ ဓမ္မဿ၊ ဗုဒ္ဓတရားတော်၏။ သုဓမ္မတံစ၊ ကောင်းစွာဟောကြားတော်မူအပ်သော တရားကောင်း၏အဖြစ်ကိုလည်းကောင်း။ သံဃဿ၊ ဗုဒ္ဓတပည့်သံဃာတော်၏။ သုပ္ပဋိပန္နတဥ္စ၊ ကောင်းစွာကျင့်သူ၏ အဖြစ်ကို လည်းကောင်း။ အဘိထဝိတွာ၊ ချီးမွမ်းတော်မူ၍။ ဂါမာ၊ တစ်ရွာမှ။ ဂါမံ၊ တစ်ရွာသို့။ ပုရာ၊ တစ်မြို့မှ။ ပုရံ၊ တစ်မြို့သို့။ ဝိစရိဿမိ၊ လှည့်လည်ပါတော့အံ့။

၂။ **နဂါးတစ်တောင်မှ။ နဂံ၊ တောင်တစ်တောင်သို့။**

ဤဂါထာတော်များသည် ဘီလူးကြမ်းကြီးအာဠဝက ဗုဒ္ဓတရားတော်နာရ၍ အကျွတ်တရားရသောအခါ ဗုဒ္ဓနှင့်ဗုဒ္ဓတရားတော်ကို အလွန်ကြည်ညိုပြီး သွား လာတိုင်း အမြဲရွတ်ဆိုသောဂါထာဖြစ်၏။ တပ္ပုဿဘလ္လိက သရဏဂုံ–ဘုရား၊ တရား၊ သံဃာလျှင် အားကိုးရာရှိသူအဖြစ် ဆည်းကပ်ခြင်းပင် သာတာဂီနိနတ်မင်း၊ ဟေမဝတနတ်မင်းတို့လည်း ရွတ်ဆိုကြ၏။

အမြဲတမ်းရွတ်ဆိုပါက ခရီးသွားလာရာအခါတို့၌ ဘေးအန္တရာယ်တို့မှ လွတ်ကင်းခြင်း၊ ရောက်ရာအရပ်၌ မိတ်ဆွေကောင်းတို့နှင့် တွေ့ကြုံရခြင်း၊ နတ်ဘီလူးတို့ ချစ်ခင်နှစ်သက်ခြင်း၊ ကြည့်ရှုစောင့်ရှောက်ကြခြင်း စသော အကျိုးများကို ခံစားရ၏။ ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီး လက်သုံးအမြဲ ရွတ်ဆိုတော်မူလေ၏။

●

## တ–သ–ဥ–ခ ဂါထာပါဌ်

တရိတဗ္ဗတရော နာသော၊
သမေတိ သရဏံ ဂတော။
ဥဇု ယျုမမွေသု ဉာဏိတော၊
ခေမံ သုဒေတု မေ ဇိနော။

၎င်းဂါထာကို နေ့ညမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် သမာဓိအား ကောင်းခြင်း၊ စိတ်အားငယ်မှု ကြောက်ရွံ့မှုများ ပြေပျောက်စေခြင်း၊ မကောင်းမှု ဒုစရိုက်သမားများနှင့် မတွေ့မဆုံရ လွဲဖယ်စေခြင်း၊ သူတော်ကောင်းတို့နှင့် တွေ့ရခြင်း အကျိုးကိုရရှိစေနိုင်ပါသည်။

●

## [၈]

## ခါတ်ကြီး ၄ ပါးဂါထာပါဠိ

စက္ခုမြာစရ မာစိဏ္ဏော၊ ခမ္မည္ဟူ ခမ္မသာမိကော။
ဗလ္လူပေတော ဗလခရော၊ ဝရဒေါ ဒေတု မေ ဝရံ။

ဓာတ်ကြီးလေးပါး ဂါထာတော်ကို နေ့စဉ် ရွတ်ဖတ်ခြင်းဖြင့် ကိုယ်ခန္ဓာ၏ ကြံ့ခိုင်ကျန်းမာမှု၊ ရောဂါဘယကင်းဝေးမှုနှင့် ကပ်ရောဂါများ၏ ဘေးမှ ကင်းဝေးစေနိုင်ပါသည်။ ကိုယ်ကျန်းမာမှုသာမက စိတ်လေလွင့်ခြင်း၊ ဦးခေါင်း မကြည်လင်ခြင်း၊ တွေဝေခြင်းတို့ကိုပင် ပျောက်ကင်းစေသော ဂါထာဖြစ်သည်။

အချို့က စမကြီး ၄-လုံးဂါထာဟုခေါ်သည်။ ဂါထာအစလုံးများကို ကောက်ယူလျှင် စ-ခ-ဗ-ဝ ဖြစ်သဖြင့် လောကီသိဒ္ဓိလမ်းတွင် သုံးသော အခြေခံစမကြီးဖြစ်သဖြင့် အကျိုးကျေးဇူးများသော ဂါထာဖြစ်သည်။

[စ-ခ-ဗ-ဝ ဂါထာဟုလည်း ခေါ်ကြပါသည်။]

●

## ဒုဋ္ဌဂါမဏီဂါထာတော်ပါဠိ

ဗုဒ္ဓေါ တိလောကသရဏော၊
ဗုဒ္ဓေါ သူရိယော တမောနုဒေါ။
ဂစ္ဆတော သရဏံ ခေမံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ။

### ဒုဋ္ဌဂါမဏီဂါထာတော်နိဿယ

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ တိလောကသရဏော၊ လောကသုံးပါး၏ ကိုးကွယ်ရာဖြစ်တော်မူ၏။ ဗုဒ္ဓေါသူရိယော၊ ဘုရားတည်းဟူသော နေမင်းသည်။ တမောနုဒေါ၊ အမိုက်မှောင်အဝိဇ္ဇာကို ပယ်ဖျောက်တော်မူတတ်၏။ ဂစ္ဆတော၊ သွားနေဆဲ ဖြစ်သော အကျွန်ုပ်၏။ ခေမံ၊ ဘေးရန်ခပ်သိမ်း အေးချမ်းသော။ သရဏံ၊ ကိုးကွယ်ရာဖြစ်တော်မူပါစေ၏။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်၏။ ဝရံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာ ဖြစ်တော်မူပါစေ၏။

## ဂါထာရွတ်နည်းအညွှန်း

ဤဂါထာမှာ သွားနေစဉ် ရွတ်ဆိုရသော ဂါထာဖြစ်သည်။ အခြား ဣရိယာပုတ်များဖြစ်သော ရပ်နေစဉ် ထိုင်နေစဉ် စသည်တို့၌ တတိယပါဒ ဖြစ်သော 'ဂစ္ဆတော်သရဏံ ခေမံ' ကို ဣရိယာပုတ် အားလျော်စွာ ပြောင်းရွတ်ရမည်။ ပြောင်းပုံမှာ–

ရပ်နေစဉ်ဖြစ်မူ 'တိဋ္ဌတော သရဏံ ခေမံဟု ပြောင်းရသည်။ ယင်းကို တိဋ္ဌတော၊ ရပ်နေဆဲဖြစ်သော အကျွန်ုပ်၏။ ခေမံ၊ ဘေးရန်ခပင်း အေးချမ်းသော။ သရဏံ၊ ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏ဟူ၍ အနက်ပြန်ရသည်။

ဤနည်းအတိုင်း ဥဒ္ဒေါက်ဖြင့်မှီ၍ ထိုင်နေသောအခါ 'နိသိဒတော သရဏံ ခေမံ' ဟူ၍ ပြောင်းရွတ်ရသည်။ ယင်းကို နိသိဒတော–ထိုင်နေသော အကျွန်ုပ်၏ ဟူ၍ ပြန်ရသည်။ 'သရဏံ ခေမံ'မှာ ရှေးနည်းအတိုင်းဖြစ်သည်။

လျောင်း၍ အိပ်နေသောအခါ 'သယတော သရဏံ ခေမံ'ဟု ပြောင်းပါ။ ယသတော–အိပ်နေဆဲဖြစ်သောဟု အနက်ပြန်ပါ။

အစာစားသောအခါ 'ဘုဉ္ဇတော သရဏံ ခေမံ'ဟု ပြောင်း၍ ဘုဉ္ဇတော–စားနေဆဲဖြစ်သော အကျွန်ုပ်၏ဟု အနက်ပြန်ပါ။

သောက်ဖွယ်ကို သောက်သောအခါ 'ပိဝတောသရဏံ ခေမံ'ဟု ပြောင်း၍ ပိဝတော–သောက်နေဆဲဖြစ်သော အကျွန်ုပ်၏ဟု အနက်ပြန်ပါ။

အဝတ်ကို ဝတ်ဆင်သောအခါ၌ 'ဓာရတော သရဏံ ခေမံ'ဟု ပြောင်း၍ ဓာရတော–ဝတ်ဆင်နေဆဲဖြစ်သော အကျွန်ုပ်၏ဟု အနက်ပြန်ပါ။

ကျင်ကြီး ကျင်ငယ်စွန့်သောအခါ၌ 'စဇတော သရဏံ ခေမံ'ဟု ပြောင်း၍ စဇတော–ကျင်ကြီး ကျင်ငယ် စွန့်နေဆဲဖြစ်သော ဟူ၍ အနက်ပြန်ပါ။

အကျင့်ရ၍ ပါဠိကိုအနက်ပြန်နိုင်သောအခါ အနက်ကို မဆိုဘဲ ပါဠိ ဂါထာသက်သက်ကိုသာ ရွတ်ဆိုနိုင်ကြပါသည်။

ဤဂါထာကို ရွတ်ဆို၍ အလေ့အကျင့်များသောအခါ သမာဓိအားကောင်း၍ လောကီအကျိုးနှင့် လောကုတ္တရာအကျိုးများကို ရရှိနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။

●

## [၁]

# နော(၇)တန် တ္တ(၈)တန် ဂါထာတော်

နောရဇ္ဇတိ ရဇ္ဇိမာနော၊ နနော နေနော ဥတ္တမော။
မာနော နနော-နနော ဘုမ္မိရာဇာနေ နေနော သတ္တမော။
တ္တတိမန္တာ သုခါ-ဝဟော။
တ္တတိဗုဒ္ဓေဟိ သရဏံ၊ သဗ္ဗဒေဝါ ပိယံ မမ။
တ္တတိဓမ္မေဟိ သရဏံ၊ စတုရာဇာ ပိယံ မမ။
တ္တတိသံဃေဟိ သရဏံ၊ သဗ္ဗေရာဇာ ပိယံ မမ။
တ္တတိရတန သရဏံ၊ ပုရိသ တ္တတ္တိ ပိယံ မမ။
တ္တတိသဗ္ဗေ အန္တရာယော၊ ဝိနာသန္တု အသေသတော။

### ဂါထာအနက်

ရဇ္ဇိမာနော၊ သတ္တဝါအရပ်ရပ်ကို တွင်တွင်သတ်တတ် တဏှာမာရ်နတ်သည် ပူးကပ်သော်လည်း။ နောရဇ္ဇတိ၊ ငါဘုရားအား။ န၊ ကိလေသာမာန်သည် အနည်းငယ်မျှမရှိ။ နော၊ ဘုရားအား။ န၊ တပ်မက်တဏှာ ကိလေသာမာန် ကြွင်းကျန်တစိမရှိခြင်းကြောင့်။ ဥတ္တမော၊ လောကသုံးရပ် ဘုံသုံးထပ်ထက် မြတ်တော်မူပေ၏။

မာနော၊ တက်ကြွမောက်မာ ကိလေသာ မာနတရားသည်။ နော၊ ငါဘုရားအား။ န၊ ရှိတော်မမူ။ ဘုမ္မိရာဇာနော၊ ကိလေသာ အာသာဝေါတည်းဟူသော မြေကို အစိုးရ မင်းရာဇာသည်။ နနော၊ ကိုင်းရှိုင်းညွှတ်လာရှိသေစွာဖြင့်။ န၊ ရှိခိုးခြင်းသည် မဟုတ်။ တသ္မာ၊ ထို့ကြောင့်။ သတ္တမော၊ လူသုံးပါးတို့ထက် မြတ်တော်မူပေ၏။

တ္တတိသော၊ ဤသို့သော ကိလေသာရမ္မတ်မြူမျှမထွက်သော။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တ္တတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ ဝုတ္တော၊ ဟောတော်မူအပ်လေပြီ။ တ္တတိမန္တာ၊ ဤမန္တန်သည်။ သုခဝဟာ၊ လောကီ, လောကုတ္တရာ ချမ်းသာကောင်းကျိုး အမျိုးမျိုးကို တိုးတက်ပွားအောင် ဆောင်ရွက်တတ်ကုန်သည်။

ဣတိ၊ ဤသို့။ ဗုဒ္ဓေဟိ၊ မြတ်စွာဘုရားကို။ သရဏံ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ဆောက်ရာတည်ရာဟူ၍ ကိုးကွယ်ခြင်းကြောင့်။ သဗ္ဗဒေဝါ၊ အလုံးစုံသော နတ်အပေါင်းတို့သည်။ မမ၊ ငါ့အား။ ပိယံ-ပိယာ၊ ချစ်မြတ်နိုးကုန်သည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ဣတိ၊ ဤသို့။ ဓမ္မေဟိ၊ တရားတော်ကို။သရဏံ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ဆောက်တည်ရာဟူ၍ ကိုးကွယ်ခြင်းကြောင့်။ စတုရာဇာ၊ နတ်မင်းကြီးလေးပါးတို့သည်။ မမ၊ ငါ့အား။ ပိယံ-ပိယာ၊ ချစ်မြတ်နိုးကုန်သည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေကုန်သတည်း။

ဣတိ၊ ဤသို့။ သံဃေဟိ၊ သံဃာတို့ကို။ သရဏံ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ဆောက်ရာတည်ရာဟူ၍ ကိုးကွယ်ခြင်းကြောင့်။ သဗ္ဗေရာဇာ၊ အလုံးစုံသောမင်းတို့သည်။ မမ၊ ငါ့အား။ ပိယံ-ပိယာ၊ ချစ်မြတ်နိုးကုန်သည် ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ဣတိရတနာသရဏံ-သရဏေန၊ ဤသို့ ရတနာ သုံးပါးတို့ကို ဆောက်ရာတည်ရာဟူ၍ ကိုးကွယ်ခြင်းကြောင့်။ ပုရိသဣတ္ထိ၊ ယောက်ျား၊ မိန်းမ အပေါင်းတို့သည်။ မမ၊ ငါ့အား။ ပိယံ-ပိယာ၊ ချစ်မြတ်နိုးကုန်သည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

ဣတိ၊ ထို့ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အန္တယော၊ အန္တရာယ်တို့သည်။ အသေသတော၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနဿန္တု၊ ပျောက်လွင့် ပျက်စီးပါစေကုန်သတည်း။

**မှတ်ချက်။ ။** အထက်ပါ နေ့ကိုးတန် ဣရှစ်တန်ဂါထာတော်ကို စစ်ကိုင်း တောင်ရိုး တောင်ဖီလာ ဆရာတော်ဘုရားကြီး အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်တော်မူသောကြောင့် တောင်ဖီလာဆရာတော် ဂါထာကျော်ဟူ၍ ကျမ်းအချို့၌ ဖော်ပြထားသည်။ အချို့က ရှင်သူငယ် ဂါထာဟုလည်း ခေါ်ဆိုကြသည်။ ရွတ်ရန်အညွှန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

- အမှုကြီးငယ်ရှိလျှင် အရှေ့အရပ်သို့ မျက်နှာမူလျက် လေးကြိမ် ရွတ်ပါ။
- မီးလောင်သော် တောင်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။
- ပင်လယ်ခရီး၌ လေပြင်းကျလျှင် မြောက်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။

- မင်းပြစ်မင်းဒဏ်ရှိလျှင် အရှေ့မြောက်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။
- သူခိုးဓားပြမကပ်စေလိုလျှင် အရှေ့တောင်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။
- လာဘ်လာဘနှင့် စည်းစိမ်ကို အလိုရှိလျှင် အနောက်မြောက်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။
- အုပ်ဆိုင်းဝေမှိုင်းခြင်းရှိလျှင် အနောက်တောင်အရပ်သို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။
- မြစ်ကူးချောင်းခြားသွားလျှင် ရေညာသို့ မျက်နှာမူလျက် လေးကြိမ်ရွတ်ပါ။
- အထူးသဖြင့် ည နံနက် ကိုးကြိမ် အမြဲနိစ္စဖတ်ရွတ်ဆိုပါက အလွန်အကျိုးကြီးမား၍ ထူးခြားအောင်မြင်မှုကို ရရှိပေမည်။

●

# နှစ်ကျိပ်ရှစ်ဆူ အကျဉ်းပါဠိ

အဋ္ဌဝီသတိမေ ဗုဒ္ဓါ၊ ဘဂဝန္တော အရဟန္တော၊
အနန္တပုညာ အနန္တဂုဏာ၊ အနန္တဉာဏာ အနန္တတေဇာ။
အနန္တဣဒ္ဓိမန္တော၊ အနန္တဇုတိမန္တော၊
နမော တေသံ အဋ္ဌဝီသတိနံ ဗုဒ္ဓါနံ၊
ဘဂဝန္တာနံ အရဟန္တာနံ သမ္မာသမ္ဗုဒ္ဓါနံ။

ဤ ဂါထာတော်ကို နေ့စဉ်မပြတ် ရွတ်ဖတ်သော် ဘေးရန်အန္တရာယ်ကင်းရှင်း၍ စိတ်ချမ်းသာ-ကိုယ်ကျန်းမာ ဖြစ်စေနိုင်ပါသည်။ စီးပွားလာဘ်လာဘလည်း တိုးတက်စေပါသည်။ နာမည်သတင်းကျော်စောခြင်းလည်း ဖြစ်စေနိုင်ပါသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်ပွားများ အားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။

●

## နမောတေ ဂါထာပါဠိ

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

## နမော တေ ဂါထာတော် ရွတ်ဆိုရခြင်းအကျိုး

ဤ နမော တေ အစချီသော ဂါထာတော်မှာ ဘုရားဟော ဂါထာတော် ဖြစ်သည်။ ဘုရားတိုင် ဂါထာတော်လည်း ဖြစ်သည်။ ယင်းဂါထာတော်ကို ရွတ်ဖတ်ခြင်းအားဖြင့် စီးပွားရေးအကြပ်အတည်း မကောင်းသော အနှောင်အဖွဲ့ စသည်တို့မှ လွတ်မြောက်နိုင်ပါသည်။

### နေထိုင်ရေး

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ၊ ကေနစိ အန္တရာယော ကာတုံ၊ ဝန္ဒာမဟံ တံ၊ ဇဝံ မေ ဟောတု။
- ဘုရားသခင်တို့၏ အသက်အန္တရာယ်ကို မည်သူတစ်ဦး တစ်ယောက်မျှ မပြုနိုင်၊ အသက်မန္တရာယ် ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။
- ဤနည်းတူပင် အကျွန်ုပ်အား အသက်အန္တရာယ်ကင်းပါစေသား။ ဝါ-အန္တရာယ်ကင်းကွာ အသက်ရှည်စွာတည်ပါစေသား။

### ပညာရေး

၂။ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ၊ ကေနစိ အန္တရာယော ကာတုံ၊ ဝန္ဒာမဟံ တံ၊ ဇဝံ မေ ဟောတု။
- ဘုရားသခင်တို့၏ သဗ္ဗညုတဉာဏ်အန္တရာယ်ကို မည်သူ တစ်ဦး တစ်ယောက်မျှ မပြုစွမ်းနိုင်၊ သဗ္ဗညုတဉာဏ်တော် အန္တရာယ်ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ်ရှိခိုးပါ၏။
- ဤနည်းတူပင် အကျွန်ုပ်အား အသိဉာဏ်အန္တရာယ် ကင်းပါစေသား။ ဝါ-အန္တရာယ်ကင်းပျောက် ပညာရေးထိပ်ဆုံးသို့ ရောက်ပါစေသား။

## စီးပွားရေး

၃။ ဗုဒ္ဓါနံ့ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ၊
ကေနစိ အန္တရာယော ကာတုံ၊ ဝန္ဒာမဟံ တံ၊ ဧဝံ မေ ဟောတု။
- ဘုရားသခင်တို့၏ ပစ္စည်းအန္တရာယ်ကို မည်သူ တစ်ဦး တစ်ယောက်မျှ မပြုစွမ်းနိုင်၊ ပစ္စည်းရေးအန္တရာယ်ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။
- ဤနည်းဖြင့် အကျွန်ုပ်အား စီးပွားရေး အန္တရာယ်ကင်းပါစေသား။ ဝါ–အန္တရာယ်ကင်းပျောက် စီးပွားရေးထိပ်ဆုံးသို့ ရောက်ပါစေသား။

●

## လက္ခဏာတော်ကြီးငယ်နှင့်ရောင်ခြည်တော်ခြောက်သွယ်အား အန္တရာယ်မပြုနိုင်သောဂုဏ်တော်

ဗုဒ္ဓါနံ့ အသီတယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါန သက္ကာ၊
ကေနစိ အန္တရာယော ကာတုံ၊ ဝန္ဒာမဟံ တံ၊ ဧဝံ မေ ဟောတု။
- ဘုရားသခင်တို့၏ လက္ခဏာတော်ကြီးငယ် ရောင်ခြည်တော် ခြောက်သွယ် အန္တရာယ်ကို မည်သူ တစ်ဦးတစ်ယောက်မျှ မပြုစွမ်းနိုင်၊ ကိုယ်ရေအဆင်း ပျက်စီးခြင်း အန္တရာယ်ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။
- ဤနည်းတူပင် အကျွန်ုပ်အား ကိုယ်ရေအဆင်းပျက်စီးခြင်း အန္တရာယ်ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။
- ဤနည်းတူပင် အကျွန်ုပ်အား ကိုယ်ရေအဆင်းပျက်စီးခြင်း အန္တရာယ်ကင်းပါစေသား။ ဝါ–အန္တရာယ်ကင်းပျောက် အလှကျက်သရေ ထိပ်ဆုံးသို့ ရောက်ပါစေသား။

### အညွှန်းလမ်းညွှန်း

နေ့စဉ် အသက်စေ့ ရွတ်ပွားပါ၊ ပို၍လည်း ရွတ်ပွားပါ။

●

# နှစ်ကျိပ်ရှစ်ဆူ လက်ရုံးတော်အလင်းထွန်း

တဲ မေ သဒီ၊ ကောမင်သုရေ
သောအပနာပ သုသုပိ
အဓမ်သိတိ ဖုဝိသိဝေ
ကကော ကဂေါ နာမာမဟံ။

(၁) တဏှင်္ကရာမြတ်စွာဘုရားကိုလည်းကောင်း၊
(၂) မေဓင်္ကရာမြတ်စွာဘုရားကိုလည်းကောင်း၊
(၃) သရဏင်္ကရာမြတ်စွာဘုရားကိုလည်းကောင်း၊
(၄) ဒီပင်္ကရာမြတ်စွာဘုရားကိုလည်းကောင်း၊
(၅) ကောဏ္ဍညမြတ်စွာဘုရားကိုလည်းကောင်း၊
(၆) မင်္ဂလမြတ်စွာဘုရားကိုလည်းကောင်း၊
(၇) သုမနမြတ်စွာဘုရားကိုလည်းကောင်း၊
(၈) ရေဝတမြတ်စွာဘုရားကိုလည်းကောင်း၊
(၉) သောဘိတမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၀) အနောမဒဿီမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၁) ပဒုမမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၂) နာရဒမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၃) ပဒုမုတ္တရမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၄) သုမေဓာမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၅) သုဇာတာမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၆) ပိယဒဿီမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၇) အတ္ထဒဿီမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၈) ဓမ္မဒဿီမြတ်စွာဘုရားကိုလည်းကောင်း၊
(၁၉) သိဒ္ဓတ္ထမြတ်စွာဘုရားကိုလည်းကောင်း၊
(၂၀) တိဿမြတ်စွာဘုရားကိုလည်းကောင်း၊
(၂၁) ဖုဿမြတ်စွာဘုရားကိုလည်းကောင်း၊
(၂၂) ဝိပဿီမြတ်စွာဘုရားကိုလည်းကောင်း၊
(၂၃) သိခီမြတ်စွာဘုရားကိုလည်းကောင်း၊

(၂၄) ဝေဿဘူမြတ်စွာဘုရားကိုလည်းကောင်း၊
(၂၅) ကကုသန်မြတ်စွာဘုရားကိုလည်းကောင်း၊
(၂၆) ကောဏာဂုံမြတ်စွာဘုရားကိုလည်းကောင်း၊
(၂၇) ကဿပမြတ်စွာဘုရားကိုလည်းကောင်း၊
(၂၈) ဂေါတမမြတ်စွာဘုရားကိုလည်းကောင်း။

ဘုရားတပည့်တော်သည် ရိုသေမြတ်နိုး လက်စုံမိုး၍ အားကိုးလှစွာ ရှိခိုးပါသည်ဘုရား။ (အနည်းဆုံး ခုနစ်ကြိမ် ဦးနှိမ်ချပါ။)

သုခံ ဘဂျံ၊ ဗလံ ဓေယျံ၊
ယသံ တေဇော လာဘံ အာယု။
အဋ္ဌဝရာနိ မာနေဝ၊
ဝမှ န္တု ဇိနတေဇသာ။

ချမ်းသာခြင်း၊ ကုသိုလ်ကံကောင်းရှိခြင်း၊ အင်အားရှိခြင်း၊ အောင်မြင်ခြင်း၊ အခြံအရံများခြင်း၊ အာဏာရှိခြင်း၊ ဥစ္စာပေါခြင်း၊ လာဘ်များခြင်း၊ အသက်ရှည်ခြင်း ဤအမြတ်တရား ရှစ်ပါးတို့သည်သာ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် တိုးပွားစေကုန်သတည်း။

●

## နှစ်ကျိပ်ရှစ်ဆူ အတိုကောက်ဘုရားရှိခိုးဂါထာ

တံ မေ သ ဒီ၊ ကော မံ သု ရေ။
သော အ ပ နာ၊ ပ သု သု ပိ။
အ ခံ သိ တိ၊ ဖု ဝိ သိ ဝေ။
က ကော က ဂေါ၊ နမာမဟံ။
တေသံဓမ္မဉ္စ၊ သံဃဉ္စ
အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။

## ဂါထာမြန်မာပြန်

တကျောက်ရာအစ ဓါတမမြတ်စွာဘုရားရှင်အဆုံး နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားမြတ် အပေါင်းတို့အား ရှိခိုးပါ၏။

ထိုဘုရားရှင်၏ တရားတော်မြတ်အပေါင်းနှင့်· သံဃာတော်အရှင်မြတ် အပေါင်းတို့အားလည်း ရိုသေစွာ ရှိခိုးပါ၏။

ဤသို့ရွတ်ဆို မြတ်ကုသိုလ်ကြောင့် အလုံးစုံသော လိုအင်ဆန္ဒ ကြံစည် သမျှတို့သည် ပြီးပြည့်စုံပါစေသတည်း။

**မှတ်ချက်။** ။ ဤဂါထာတော်သည် နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဘုရားရှင် တို့၏ အမည်နာမကို အတိုကောက်ယူကာ စပ်ဆိုထားခြင်း ဖြစ်သည်။ ဤ ဂါထာကို အစဉ်မပြတ်ရွတ်ဆို ပွားများ ခြင်းအားဖြင့် လက်နက်ဘေးဒဏ် အမျိုးမျိုး၊ ရောဂါကပ်ဆိုး အမျိုးမျိုးတို့မှ ကင်းဝေးစေနိုင်သည့်အပြင် သူတစ်ပါးတို့၏ လုံ့လ ပယောဂဖြင့် မသေနိုင်ကြောင်း ရှေးဆရာမြတ်များ သည် ဤဂါထာဖြင့်ပင် တစ်ပွဲပြန်အတွက် ထုံးချိတ်ကိုမန်း ပြီး တပည့်များအား ဆောင်စေခဲ့ကြသည်။ ဓားပြီး တုတ်ပြီး သေနတ်ပြီး ဂါထာဟု ပန်းတနော်မြို့ မြတောင်စာသင်တိုက် ဒုတိယနာယက ဦးကုမာရ အမိန့်ရှိပါသည်။

●

## နမောလေးချက် စီးပွားတက်

၁။ နမော တဿ ဘဂဝတော၊ (ပုတီးတစ်လုံးစီချ၍ သုံးပတ်စိပ်)

၂။ နမော တဿ အရဟတော၊ (ပုတီးတစ်လုံးစီချ၍ သုံးပတ်စိပ်)

၃။ နမော တဿ သမ္မာသမ္ဗုဒ္ဓဿ၊ (ပုတီးတစ်လုံးစီချ၍ သုံးပတ်စိပ်)

၄။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အထက်ပါ "နမောလေးချက်" ကို အချိန်လေးပိုင်း ပိုင်းခြား၍ နေ့စဉ် အချိန်မှန်မှန် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အခွင့်သာန် ပုတီးစိပ်လျှင်လည်း စိပ်ပါ။ အဆိုပါ နမောလေးချက်ကို ပုတီးစိပ်မည်ဆိုလျှင် အနည်းဆုံး နမောတစ်ချက် ကို ပုတီး(၃)ပတ်စိတ်ပါ။ (တစ်ရာ့ရှစ်လုံးပုတီး)။

ပုတီးစိပ်လျှင်ဖြစ်စေ ရွတ်ဖတ်လျှင်ဖြစ်စေ ဘုရားရှေ့တော်၌ လျှုဒါန်းဖွယ်ရာ ဝတ္ထုများဖြင့် လှူဒါန်းပြီးလျှင် တစ်ပုဒ်လျှင် အနည်းဆုံး ဆယ့်ငါးမိနစ်ခန့် ရွတ်ဆိုရှိခိုးပါ။ နမောလေးချက်ဆိုလျှင် တစ်နာရီခန့်ကြာပါမည်။ ဤသို့ အမြဲဒွန်ပုတီး စိပ်သည်ဖြစ်စေ၊ ပွားများရွတ်ဖတ်လျှင်ဖြစ်စေ အမြဲဒွန်ပြီးစီးပါက လာဘ်လာဘရွှင်ခြင်း၊ ဝင်ငွေပိုလာခြင်း၊ စိတ်နှလုံးချမ်းမြေ့ခြင်း၊ ရောင်းဝယ်ဖောက်ကား၍ ကောင်းခြင်း စသော ဝိသေသထူးများကို တွေ့ကြုံရပါမည်။ နမော တဿ ဂုဏ်တော်၏ တန်းခိုးကို သိသာထင်ရှားစွာ တွေ့ကြုံခံစားစံစားကြရမည်ဖြစ်ပါသည်။

●

## နမောငါးမျိုး စီးပွားတိုး

ထို့နောက် နမောငါးချက်ကို ထပ်မံတင်ပြပါမည်။ သို့မှသာ နမော တဿ နှင့်ပတ်သက်၍ ရှေးသူတော်စင်ကြီးများ ကျင့်ကြံအားထုတ်မှုများမှာ ပိုမိုပြည့်စုံပါမည်။ ရှေးဆရာမြတ်တို့သည် နမောလေးချက်နှင့် ငါးချက်ကို အထူးဂရုတစိုက် နေ့စဉ်ဝတ်ထားလျက် ရှိခိုးပူဇော်လေ့ရှိပါသည်။

ဤနမောငါးချက်ကို ပုတီးတစ်လုံးစီချ၍ တစ်ပုဒ်လျှင် တစ်ပုဒ်လျှင် ပုတီးတစ်လုံးစီချ၍ ပုတီးစိပ်အဖြစ်လည်း စိပ်နိုင်ပါသည်။ ရှိခိုးရွတ်ဖတ် သရဇ္ဈာယ်လျှင် တစ်ပုဒ် (၁၅)မိနစ်ခန့် နေ့စဉ်ဝတ်ထား ရွတ်ပွားနိုင်ပါသည်။

(၁)နမော တဿ (ပုတီးတစ်လုံးစီ သုံးပတ်စိပ်ပါ)
(၂)နမော တဿ ဘဂဝတော (ပုတီးတစ်လုံးစီ သုံးပတ်စိပ်ပါ)
(၃)နမော တဿ အရဟတော (ပုတီးတစ်လုံးစီ သုံးပတ်စိပ်ပါ)
(၄)နမော တဿ သမ္မာသမ္ဗုဒ္ဓဿ (ပုတီးတစ်လုံးစီ သုံးပတ်စိပ်ပါ)
(၅)နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(ပုတီးတစ်လုံးစီ သုံးပတ်စိပ်ပါ)

ဤ နမောငါးချက်ကို ရှိခိုးပူဇော်ပြီးနောက် မေတ္တာဘာဝနာများကို ဆက်၍ ပွားများအားထုတ်ပါ။ ဤ နမော တဿ ဂုဏ်တော်မြတ်တန်ခိုးကြောင့် မကြောင့်မကြ မတောင့်မတရှိပါမည်။ စီးပွားတိုး၍ စိတ်နှလုံးချမ်းသာစေနိုင်သည်ဟု ရှေးဆရာမြတ်အမှာ ရှိပါသည်။

### မြန်မာပြန်

အရဟာတော၊ လူ နတ် ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံတော်မူသော။ သမ္မာသမ္ဗုဒ္ဓဿ၊ အလုံးစုံသောတရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော။ တဿ ဘဂဝတော၊ ထိုဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏ဘုရား။

●

## နေနတ်သားအတွက်

### ရွတ်ဆိုမိန့်ကြားသော ဂါထာတော်

တထာဂတံ အရဟန္တံ၊ (သူရိယော)သရဏံ ဂတော။
ရာဟု (သုရိယံ) ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

### ဂါထာတော်အနက်

သူရိယော၊ နေနတ်သား သည်။ အရဟန္တံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ တထာဂတ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ဆည်းကပ်ခြင်းသို့။ ဂတော၊ ရောက်ပေ၏။

ရာဟု၊ ရာဟုအသူရိန်နတ်မင်းသည်။ တွံ၊ အသင်သည်။ သုရိယံ၊ နေနတ်သားကို။ ပမုဉ္စဿု၊ အမြန် လွှတ်လိုက်ပါလော့။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့မည်သည်။ လောကာနုကမ္ပကာ၊ လောက၌ ရှိရှိသမျှ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အစဉ်သနား စောင့်ရှောက်တတ်ကုန်၏။

●

## နာဠာဂိရိဂါထာတော် ပါဠိအနက်

၁။ နာဠာဂိရိ ဗောဓိဍ္ဍာတပသာ၊ နာဠာဂိရိန္ဒြိယသံဝရာ။
နာဠာဂိရိ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိ ပဿာမိပါဏိနာ။

## နာညတြဂါထာအနက်

၁။ ဗောဓ္ဓာတပသာ၊ ဗောဓိပင်ခုနစ်ပါး တရားအကျင့်ကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။ ဣန္ဒြိယ သံဝရာ၊ ဣန္ဒြိယ သံဝရ ခြောက်ပါး မြတ်တရားကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ၊ တင်တို့ဆရာ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။ သဗ္ဗနိဿဂ္ဂါ၊ အလုံးစုံ တပ်နှစ်သက်ခြင်း ကင်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာရာ ချမ်းသာခွင့်ကို။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ နပဿာမိ၊ မြင်တော်မမူ။

●

# လနတ်သားအတွက်

## ရွတ်ဆိုမိန့်ကြားသော ဂါထာတော်

တထာဂတံ အရဟန္တံ၊ (စန္ဒိမာ) သရဏံ ဂတော။
ရာဟု (စန္ဒံ) ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

## ဂါထာတော်အနက်

စန္ဒိမာ၊ လနတ်သားသည်။ အရဟန္တံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ တထာဂတံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ဆည်းကပ်ခြင်းသို့။ ဂတော၊ ရောက်ပေ၏။

ရာဟု၊ ရာဟုအသူရိန်နတ်မင်း။ တွံ၊ အသင်သည်။ စန္ဒံ၊ လနတ်သားကို။ ပမုဉ္စဿု၊ အမြန်လွှတ်လိုက်ပါလော့။ ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့မည်သည်။ လောကာနုကမ္ပကာ၊ လောကဥ္စရှိရှိသမျှ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အစဉ်သနား စောင့်ရှောက်တတ်ကုန်၏။

အထက်ဖော်ပြပါ ဂါထာတော်နှစ်ပုဒ်ကို မိမိကိုယ်မိမိ လနတ်သား၊ နေနတ်သားပမာထား၍ ဤအတိုင်းလည်း ရွတ်ဆိုနိုင်ပါသည်။

- အကယ်၍ မိမိတွင် တစ်စုံတစ်ခုသော အခက်အခဲအတွက် ရွတ်ဆို၍ ယတြာပြုလုပ်လိုပါက လက်သည်းကွင်းအတွင်း ပြထားသည့် (စန္ဒိမာ)၊ (စန္ဒ)၊ (သူရိယော) (သူရိယံ)နေရာများတွင် မိမိအမည်ကို ထည့်၍ ရွတ်ဆိုနိုင်ပါသည်။
- မိမိကိုယ်တိုင်ကလည်း သီလ၊ သမာဓိ တည်ကြည်ဖြောင့်မတ်၍ အကျင့်စရဏများ ပြည့်စုံရန် လိုအပ်ပါသည်။
- ရွတ်ဆိုရာတွင်လည်း ဂါထာ၏ပုဒ်အက္ခရာများ ပီပီသသ ဌာန်ကရိုဏ်းကျ၍ ယုံယုံကြည်ကြည် စိတ်အားထက်သန်စွာ ကြိုးစားအားထုတ်ပါ။ အခက်အခဲ အကျပ်အတည်း ဒုက္ခအမျိုးမျိုးမှ မုချ လွတ်ကင်း ချမ်းသာနိုင်ပါသည်။

●

# သစ္စာအနက် (၁၆)ချက် ဂါထာ

ပဌမံ သကလက္ခဏံ မေကပဒံ၊
ဒုတိယာဒိပဒဿ နိဒဿနတော။
သမနိ ဒုနိမာ သမဒူ သနိဒူ၊
ကမတော ဝိဘဇေ ပဌမေန ဝိနာ။

## ဂါထာအနက်

ပဌမံ၊ ရှေးဦးစွာသော။ မေကပဒံ၊ တစ်ခုသောအနက်အဖို့သည်။ သကလက္ခဏံ၊ မိမိ၏ သဘောလက္ခဏာ အနက်သည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယာဒိပဒဿ၊ ဒုတိယအစရှိသော အနက်အဖို့ကို။ သမနိ၊ သမုဒယ မဂ္ဂ နိရောဓ သစ္စာကိုလည်းကောင်း။ သမဒူ၊ သမုဒယ မဂ္ဂ ဒုက္ခသစ္စာကိုလည်းကောင်း။ နိဒဿတော၊ ထောက်ထား၍ မြင်အပ်သောကြောင့်။ ပဌမေန၊ ပထမအနက်နှင့်။ ဝိနာ၊ ကင်း၍။ ကမတော၊ အစဉ်အတိုင်း။ ဝိဘဇေ၊ ဝေဖန်ရာ၏။

**မှတ်ချက်။** ။ အထက်ပါဂါထာကို ရွှေတောင်မြို့ ကျီးလည်းလေးထပ်ဆရာတော်ဘုရားကြီး စီရင်တော်မူသော မနောရထပူရဏီကျမ်းတွင် "ဋီကာအလာလာ အရာရာသိဒ္ဓိပေါက် အဆောင်

ဂါထာ” ဟူ၍ ပြဆိုထားပါသည်။ ထို့ပြင် သစ္စာအနက် (၁၆)ချက် အနက်သဘောမှန်ကန်သည်ဖြစ်၍ အာနုဘော် ထက်မြက်လှသည်။ အကျိုးများစွာရှိနိုင်ပေသည်။ထို့ကြောင့် “ရှေးသူဟောင်းတို့ အဆောင်အရွက်ပြုကြကုန်သည်” ဟု ရေးသားထားသည်။ မိုးနံကုန်းဆရာတော်၏ တိပိဋက ပကိဏ္ဏက ဝိနိစ္ဆယကျမ်း၌ကား “ပဌမံဂါထာ” ဟူ၍ အမည်ပေးထားပေသည်။

●

## ပထမဗုဒ္ဓဝစန ဥဒါန်းဂါထာတော်ကြီး

အနေက ဇာတိ သံသာရံ၊
သန္ဓာ ဝိဿံ အနိဗ္ဗိသံ၊
ဂဟာကာရံ ဂဝေသန္တော၊
ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟာကာရက ဒိဋ္ဌောသိ၊
ပုနဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယမဇ္ဈဂါ။

ဂဟကာရံ၊ ခန္ဓာအိမ်ဆောက်ထား တဏှာလက်သမားကို။ ဂဝေသန္တော၊ ရှာမှီးသောငါဘုရားသည်။ အနိဗ္ဗိသံ၊ မရလတ်သော်။ အနေကဇာတိသံသာရံ၊ တစ်ပါးမက များစွာသော ဘဝသံသရာပတ်လုံး။ သန္ဓာဝိဿံ၊ ကျင်လည်ရလှ လေပြီ။ ပုနပ္ပုနံ၊ ထပ်ခါထပ်ခါ။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲလှ၏။

ဂဟကာရက၊ ခန္ဓာအိမ်ဆောက်သမား၊ တဏှာယောကျ်ား။ တွံ၊ သင့်ကို။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တစ်ဖန်။ ဂေဟံ၊ ခန္ဓာအိမ်ကို။ န ကာဟသိ၊ မဆောက်လုပ်ရတော့။ တေ၊ သင်၏။ သဗ္ဗာ၊ အားလုံးကုန်သော။

ဖာသုကာ၊ ကိလေသာအချဉ်နယ်တို့ကို။ ဘဂ္ဂါ၊ ဖျက်ချိုးအပ်ကုန်ပြီ။ ဂဟကူဋ်၊ ခန္ဓာအိမ်၏ အဝိဇ္ဇာအယွတ်ကို။ ဝံသင်္ခတံ၊ ဖျက်ဆီးအပ်ပြီ။ စိတ္တံ၊ စိတ်သည်။ ဝိသင်္ခါရဂတံ၊ သင်္ခါရကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ။တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာနိဗ္ဗာန်ကို။ အဇ္ဈဂါ၊ ရပြီ။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး၍ ဆင်ခြင်လတ်သော် တဏှာလက်သမားကို သဗ္ဗညုတဉာဏ်တော်ဖြင့် မြင်တော်မူ၍ အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်တော်မူပြီး ခန္ဓာအိမ်ကို အဆောက်မခံရတော့သဖြင့် လွန်စွာ ဝမ်းမြောက်ကာ ဤဂါထာကို ပထမဆုံး ဥဒါန်းကျူးတော်မူလေသည်။ ဘုရားရှင်ကို အာရုံပြု၍ ရွတ်ဖတ်သရဇ္ဈာယ်သူတိုင်း ကောင်းကျိုးတရားကို ရကြလေသည်။ နေ့-ည မပြတ် ရွတ်ဖတ်ကြပါကုန်။

●

## [ပ]

## ပညာရေး

ဗုဒ္ဓါနံ သဗ္ဗညုတဉာဏာသ န သက္ကာ၊ ကေနစိ အန္တရာယော ကာတုံ၊ ဝန္ဒာမဟံ တံ၊ ဇဝံ မေ ဟောတု။

- ဘုရားသခင်တို့၏ သဗ္ဗညုတဉာဏ်တော် အန္တရာယ်ကို မည်သူ တစ်ဦးတစ်ယောက်မျှ မပြုစွမ်းနိုင်၊ သဗ္ဗညုတဉာဏ်တော် အန္တရာယ် ကင်းတော်မူသော ထိုဘုရားသခင်ကို အကျွန်ုပ် ရှိခိုးပါ၏။
- ဤနည်းတူပင် အကျွန်ုပ်အား အသိဉာဏ်အန္တရာယ် ကင်းပါစေ သား။ ဝါ-အန္တရာယ်ကင်းပျောက် ပညာရေး ထိပ်ဆုံးသို့ရောက်ပါ စေသား။

●

## ပွဲတိုင်းအောင်ဂါထာ

ဒေဝါနံ နန္ဒနော ဒေဝေါ၊
ဒေဝ ဒေဝ န နန္ဒိနော၊
ဝေဒ ဒိနေန ဝေဒေန၊
ဝေဒိ ဝေဒေန ဝေဒိနော။
(ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ)

ဒေဝါနံ၊ နတ်တို့၏။ နန္ဒနော၊ နှစ်သက်မြတ်နိုးရာဖြစ်သော။ ဒေဝေါ၊ သိကြားမင်းသည်။ နော၊ ငါတို့၏။ ဒေဝ ဒေဝေ၊ နတ်ထက် နတ်တစ်ပါး မြတ်ဘုရား၌။ န နန္ဒိ၊ မနှစ်သက်ပြီ။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ ဝေဒဒိနေန၊ သိကြားမင်းမှာ ပညာ၏ အားနည်းခြင်းကြောင့်သာတည်း။

အထ၊ ထိုမှတစ်ပါး။ ဝေဒိနော၊ ပညာရှိရှင်တော်မြတ်ဘုရား၏။ ဝေဒေန၊ ပညာစွမ်းကြောင့်။ ဝေဒိ၊ စွမ်းပကားကို ထင်ရှားသိခဲ့လေပြီ။

ဧတေန သစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ပထဝီဇယ မန္တန်တော်ဖြစ်စဉ်

ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ရသေ့ဘဝနှင့် ဟိမဝန္တာတော၌ သီတင်းသုံးစဉ်အခါက အမြဲစားသော သဗ္ဗဒါဠိက အမည်ရှိ မြေခွေးသည် အလောင်းတော် ရသေ့ထံမှ ပထဝီဇယမန္တန်တော်ကို သင်ယူ၍ ရှိသေစွာ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်သဖြင့် တောနေသတ္တဝါများက ဝန်းရံခစား ကြကုန်သည်။

မြေခွေးအား အမြဲမပြတ် ရန်မူသတ်ဖြတ်လေ့ရှိသော သစ်၊ ကျား၊ ဆင်၊ ခြင်္သေ့ စသည်တို့ကပါ ဝိုင်းအုံမြှောက်ပင့်၍ တောဘုရင်အဖြစ် တင်မြှောက်ခံ ရခြင်းကိုစွဲ၍ ပထဝီဇယမန္တန်တော် ဖြစ်ပေါ်ရွတ်ဆို ပွားများခဲ့ကြပါသည်။

## ပထဝီဇယမန္တန်ပါဠိ

၁။ ပထဝီ ဇယံ သဗ္ဗံ၊ အနေက အန္တရာယိကံ။
ဇယံ ပစ္စေကဗုဒ္ဓါ စ၊ ဇယံ ပရိ မဟေသယော။

၂။ ဇယံ ဟာရော ဟာရိဒေဝေါ၊ ဇယံ ဗြဟ္မာ စတေရဗ္ဗော။
ဇယံ နာဂေါ စ ဝိရုဠှော၊ ဝိရူပက္ခော စ စန္ဒိမာ။

၃။ ဝိတ္ထုဗ္ဗော ဝေနတေယျော စ၊ ကုဝေရော ဝရုဏော ပိစ။
အဂ္ဂိ ဝါရုဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလကော။

၄။ အဋ္ဌာရသ မဟာဒေဝါ၊ သုခိတာ စ ပသိဒ္ဓိယော။
အသီတိ မဟာသာဝကာ၊ သဗ္ဗံ ဇယံ ဒဒန္တု မေ။

၅။ ဇေယျော ဓမ္မော စ သံဃော စ၊
ဒသဗလော စ ဇေယျကော။
ဇတေန သစ္စဝဇ္ဇေန၊ ဇေယျာ သုခီ ဘဝန္တု မေ။

၆။ နရာဒေဝါစ ဗြဟ္မာနော၊ ယက္ခာ နာဂါစ ဂရုဠာ။
တေ ပိ ဒိသွာ ပိယာ မယှံ၊ ပုတ္တံ မမေဝ သိနေဟာ။

၇။ ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ၊ အရဟာ အဂ္ဂသာဝကာ။
သဗ္ဗေ ကရောန္တု မေ ခမတ္တံ၊ သဗ္ဗေ တိဋ္ဌန္တု မတ္တကေ။

၈။ တေသံ မေတ္တာနုဘာဝေန၊ သဗ္ဗေ ရောဂါ သုသီတလာ။
သဗ္ဗေ ဘယာ ဝိနဿန္တု၊ သဗ္ဗေ နဿန္တုပဒ္ဒဝါ။

၉။ ဣမသ္မိံ စက္ကဝါဠေစ၊ ဗဟူ အနန္တပါဏိနော။
အနန္တစက္ကဝါဠေ စ၊ ဗဟူ အနန္တပါဏိနော။
၁၀။ ဣမေ သတ္တာ အဝေရာ စ၊ အညမည် ပိယာ ဟောန္တု။
ဣမေ သတ္တာ အဝေရာ စ၊ အညမည် သုခါ ဟောန္တု။
၁၁။ နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ။
ဣမေ သဗ္ဗေ ယထာ သတ္တာ၊ ဒုက္ခာ မုစ္စန္တု တတ္တကာ။
၁၂။ ဒသကောဋိ ဒကာဇာ စ၊ ထလဇာ နဝကောဋိယော။
သံသေဒဇောပပါတိကာ၊ ဒီဃာယုကာ ဘဝန္တု တေ။
၁၃။ ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
၁၄။ အဗျာပဇ္ဈာ နိဝေရာစ၊ နိဒ္ဒုက္ခာ စ နုပဒ္ဒဝါ။
သဗ္ဗေ သတ္တာ အဝေရာ စ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ပထဝီဇယမန္တံ နိဋ္ဌိတံ။

## ပထဝီဇယမန္တန် (၁၄)ဂါထာ အနက်

၁။ အနေက အန္တရာယိကံ၊ တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်ကို ပြုတတ်သော။ ပထဝီ ဇယံ သဗ္ဗံ၊ မြေအပြင်၌ အောင်မြင်ဖွယ်ဟူသမျှ တစ်စ မကြွင်း ရန်ခပင်းကို။ ဩ၊ ကောင်းကျိုးလျှမ်းတောက် ချမ်းသာရောက်အောင် မျက်မှောက်ထင်ထင် အောင်မြင်ပါစေသတည်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်လည်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား)ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးတော်မူပါစေကုန်သတည်း။ မဟာသယောစ၊ မြတ်သော သီလက္ခန္ဓ စသည်ကို ရာတော်မူကုန်ပြီးသော ပညာဓိက သဒ္ဓါဓိက ဝီရိယာဓိက ဘုရားသခင် အရှင်အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ရဟန္တာမြတ်တို့သည်လည်း။ ပရိ၊ ထက်ဝန်းကျင် အကြွင်းမရှိသောအားဖြင့်။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးတော်မူကြပါစေကုန်သတည်း။

၂။ ဟရော၊ ဟရမည်သော နတ်သည်လည်းကောင်း။ ဟရိဒေဝေါ၊ ဟရိ မည်သော နတ်သည်လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ် တို့အား) ဇယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ ဗြဟ္မာ၊ ဗြဟ္မာသည်လည်းကောင်း။ ဓတရဋ္ဌော၊ ဓတရဋ္ဌနတ်မင်းသည်လည်းကောင်း။

မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ဓယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။ နဂေါ စ၊ မဟာနာဂ နတ်မင်းသည်လည်းကောင်း။ ဝိရူဠှော စ၊ ဝိရူဠှက နတ်မင်းသည်လည်းကောင်း။ ဝိရူပက္ခော စ၊ ဝိရူပက္ခ နတ်မင်းသည်လည်းကောင်း။ စန္ဒိမာပိ၊ လနတ်သားသည်လည်းကောင်း။

၃။ ဝိတ္တနွေ့ော စ၊ အထူးထူးသော နတ်တို့ကို အစိုးရသော သိကြားမင်းသည် လည်းကောင်း။ ဝေနတေယျော စ၊ ဝိနတာ အမည်ရှိသော နတ်သမီး၏ သားဖြစ်သော နတ်မင်းသည်လည်းကောင်း။ ကုဝေရော စ၊ ကုရေနတ်မင်းသည် လည်းကောင်း။ ဝရုဏောပိ စ၊ ဝရုဏ နတ်မင်းသည်လည်းကောင်း။ အဂ္ဂိစ၊ မီးနတ်သားသည်လည်းကောင်း။ ဝါရုဏော စ၊ လေနတ်သားသည်လည်းကောင်း။ ပဇ္ဇုန္နော စ၊ မိုးနတ်သားသည်လည်းကောင်း။ စတုလောကပါလော စ၊ လောကပါလနတ်သားလေးယောက်သည်လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ဓယံ၊ အောင်ဆုကို။ ဒဒန္တု၊ ပေးကြပါစေကုန်သတည်း။

၄။ သုခိတာ၊ ချမ်းသာအောင်ဆောင်နိုင်ကုန်သော။ အဋ္ဌာရသ မဟာဒေဝါ၊ တစ်ဆယ့်ရှစ်ယောက်ကုန်သော နတ်မင်းကြီးတို့သည်လည်းကောင်း။ ပသိဒ္ဓိယော၊ အထူးထူးအပြားပြား စီးပွားချမ်းသာကို ပြီးစေတတ်ကုန်သော။ အသီတိ မဟာသာဝကာစ၊ ရှစ်ကျိပ်သော မဟာသာဝက ရဟန္တာအရှင်မြတ်တို့သည် လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) သဗ္ဗံ ဓယံ၊ အောင်ဆုဟူသမျှကို။ ဒဒန္တု၊ ပေးတော်မူကြပါစေကုန်သတည်း။

၅။ ဓမ္မော စ၊ ဆယ်ပါးသော တရားတော်သည်လည်းကောင်း။ သံဃော စ၊ သမုတိ ပရမတ် နှစ်ရပ်သော သံဃာသည် လည်းကောင်း။ ဇေယျော၊ ရန်ဟူသမျှကို အထူးအောင်မြင်တော်မူပေ၏။ ဒသလောစ၊ ကာယဉာဏ်တော်အားဆယ်ဖော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည်လည်း။ ဇေယျကော၊ ရန်မျိုး ဥဿုံ အလုံးစုံကို ချက်ကုန်မကြွင်း ခုတ်စင်းဖျက်ခြွေ အထူးအောင်မြင်တော်မူပေ၏။ တေန သစ္စဝဇ္ဇေန၊ ဤသို့ဆိုငြား မှန်ကန်သော သစ္စာစကားကြောင့်။ ဇေယျာ၊ ရန်အပေါင်းကို အထူးအောင်မြင်ကုန်သည် လည်းကောင်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည် လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

၆။ နရာ စ၊ လူတို့သည်လည်းကောင်း။ ဒေဝါ စ၊ နတ်တို့သည်

လည်းကောင်း။ ဗြဟ္မာနော စ၊ ဗြဟ္မာတို့သည်လည်းကောင်း။ ယက္ခာ စ၊ ဘီလူးတို့သည်လည်းကောင်း။ နာဂါ စ၊ နဂါးတို့သည်လည်းကောင်း။ ဂရုဠာ စ၊ ဂဠုန်တို့သည်လည်းကောင်း။ တေပိ၊ ထို လူ၊ နတ်၊ ဗြဟ္မာ၊ ဘီလူး၊ နဂါး၊ ဂဠုန်တို့သည်လည်း။ ဒိသွာ၊ မြင်သည်ရှိသော်။ မယှံ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ပိယ၊ မြတ်နိုး ချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ ပုတ္တံ၊ မိမိတို့၏သားကို။ သိနေဟာ ဣဝ၊ ချစ်ခင်ကြကုန်သကဲ့သို့။ မမ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) ပိယာ၊ မြတ်နိုးချစ်ခင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၇။ ဗုဒ္ဓါ စ၊ မြတ်စွာဘုရားတို့သည်လည်းကောင်း။ ပစ္စေကဗုဒ္ဓါ စ၊ ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း။ အရဟာ စ၊ ရဟန္တာတို့သည်လည်းကောင်း။ အဂ္ဂသာဝက စ၊ အဂ္ဂသာဝကတို့သည်လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ သာဝကတို့သည်။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) မေတ္တံ၊ ချစ်ခြင်းမေတ္တာကို။ ကရောန္တု၊ ပြုတော်မူကြပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ သာဝကတို့သည်။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့အား။) မေတ္တံ၊ ချစ်ခြင်းမေတ္တာကို။ ကရောန္တု၊ ပြုတော်မူကြပါစေကုန်သတည်း၊ သဗ္ဗေ၊ အလုံးစုံကုန်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အဂ္ဂသာဝကတို့သည်။ မေ၊ အကျွန်ုပ်အား။ (နော၊ အကျွန်ုပ်တို့၏။) မတ္ထကေ၊ ဦးခေါင်းထက်၌ တိဋ္ဌန္တု၊ ရပ်တည်တော်မူပါစေကုန်သတည်း။

၈။ တေသံ၊ ထိုဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အဂ္ဂသာဝကတို့၏။ မေတ္တာနုဘာဝေန၊ မေတ္တာ၏ အာနုဘော်တော်ကြောင့်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ရောဂါ၊ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတို့သည်။ သုသီတလာ၊ အလွန်ငြိမ်းအေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဘယာ၊ ကြောက်မက်ဖွယ်ဘေးတို့သည်။ ဝိနဿန္တု၊ ပျောက်ကွယ်ကြပါစေကုန်သတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဥပဒ္ဒဝါ၊ ကပ်၍ နှိပ်စက်တတ်ကုန်သော ဥပဒ္ဒဝေါတို့သည်။ နဿန္တု၊ ပျက်စီးကြပါစေကုန်သတည်း။

၉။ ဣမသ္မိံ-စက္ကဝါဠေ၊ ဤစကြဝဠာ၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါဏိနော စ၊ အဆုံး အပိုင်းအခြား မရှိကုန်သော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ အနန္တစက္ကဝါဠေ၊ အဆုံး အပိုင်းအခြား မရှိသော စကြဝဠာတိုက်အပေါင်း၌။ ဗဟူ၊ များစွာကုန်သော။ အနန္တပါဏိနော စ၊ အဆုံး

အပိုင်းအခြား မရှိကုန်သော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။

၁၀။ ဣမေ သတ္တာ၊ ဤဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ အညမညံ၊ အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား။ အဝေရာ၊ ရန်မရှိကြကုန်သည်ဖြစ်၍။ ဝိယာ စ၊ မြတ်နိုးချစ်ခင်ကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဣမေ သတ္တာ၊ ဤဆိုအပ်ပြီးသော သတ္တဝါအပေါင်းတို့သည်။ အညမညံ၊ အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား။ အဝေရာ၊ ရန်မရှိကြကုန်သည်ဖြစ်၍။ သုခါ စ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၁၁။ နေရယိကာ စ၊ ငရဲသားတို့သည်လည်းကောင်း။ တိရစ္ဆာ နာ စ၊ တိရစ္ဆာန်တို့သည်လည်းကောင်း။ ပေတာ စ၊ ပြိတ္တာတို့သည်လည်းကောင်း။ အသုရကာ စ၊ အသူရကာယ်တို့သည်လည်းကောင်း။ ယမာ စ၊ ငရဲသနင်း ယမမင်းတို့သည်လည်းကောင်း။ ယထာ၊ အကြင်သို့သော အခြင်းအရာအား ဖြင့်။ ဇာတာ၊ ဖြစ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေ သတ္တာ၊ ဤဆိုအပ်ပြီးသော သတ္တဝါအပေါင်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ တတ္ထကာ၊ ထိုမျှလောက်ကုန်သော သတ္တဝါအပေါင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စန္တု၊ ကင်းလွတ်ကြပါစေကုန်သတည်း။

၁၂။ ဝသ ကောဋိ ဒကဇာ စ၊ ရေနေ ဆယ်ကုဋေသော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ တလဇာ နဝကောဋိယော စ၊ ကုန်းနေ ကိုးကုဋေသော သတ္တဝါအပေါင်းတို့သည်လည်းကောင်း။ သံသေဒဇော ပပါတိကာ စ၊ အညိ၌ဖြစ်သော သတ္တဝါကိုယ်ထင်ရှားဖြစ်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း။ တေ၊ ထိုဆိုအပ်ကုန်ပြီးသော သတ္တဝါအပေါင်းတို့သည်။ ဒိဃာယုကာ၊ အသက်ရှည်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

၁၃။ သမန္တာ၊ ထက်ဝန်းကျင်အရပ်မှ။ စက္ကဝါဠေသု၊ အဆုံးအပိုင်းအခြား မရှိကုန်သော စကြဝဠာ တိုက်အပေါင်းတို့၌။ ဥဒ္ဓံ၊ အထက်၌။ ယာဝ ဘဝဂ္ဂါ စ၊ နေဝသညာ နာသညာ ယတန ဘဝဂ်ဘုံ တိုင်အောင်လည်းကောင်း။ အဓော၊ အောက်၌။ ယာဝ အဝီစိတော စ၊ အဝီစိ ငရဲဘုံတိုင်အောင် လည်းကောင်း။ ယေသတ္တာ၊ အကြင်သတ္တဝါအပေါင်းတို့သည်။ ပထဝီ စရာ၊ မြေ ရေ နှစ်ဖြာထက်ကောင်းကင်၌ ကျင်လည်လှည့်သွား ကျက်စားကြကုန်၏။

၁၄။ သဗ္ဗေ၊ အလုံးစုံသော။ တေ သတ္တာ၊ ထိုသတ္တဝါအပေါင်းတို့သည်။

သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ အဗျာပဇ္ဇာ စ၊ စိုးရိမ်ကြောင့်ကြ မရှိကြကုန်သည်လည်းကောင်း။ နိဝေရာ စ၊ အပရန် မရှိကြကုန်သည်လည်းကောင်း။ နိဒုက္ခာ စ၊ အပရန် မရှိကြကုန်သည်လည်းကောင်း။ နိဒုက္ခာ စ၊ ဆင်းရဲဒုက္ခ မရှိကြကုန်သည်လည်းကောင်း။ အနုပဒ္ဒဝါစ၊ ဥပဒ္ဒဝေါ၊ မရှိကြကုန်သည်လည်းကောင်း။ အဝေရာစ၊ အတွင်းရန် မရှိကြကုန်သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

### ပထဝီဇယမန္တန်တော် ရွတ်ဆိုရခြင်းအကျိုး

ပထဝီဇယမန္တန်တော်ကို အမြဲမပြတ် ရွတ်ဖတ်ရခြင်းဖြင့် မရသေးသော စည်းစိမ်များ ရတတ်ခြင်း၊ မြေယာ-တိုက်-အိမ်များ ဖြစ်ထွန်းခြင်း၊ သြဇာအာဏာ ကြီးမားခြင်း၊ အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေပါသည်။

## ပဌာနပတိစစ်ထွက်ဂါထာ

ဒေဝါကာနိ-နိကာပါဒေ၊
ဝါဟိကာသုံ-သုကာဟိဝါ။
ကာယာရေဘာ-ဘရေကာကာ၊
နိသုဘာယံ-ယံဘာသုနိ။

### ပဌာနပတိနတ်မင်းကြီး စစ်ထွက်ဂါထာမန္တန်တော် ရွတ်ဖတ်ရခြင်းအကျိုး

ဤဂါထာမန္တန်တော်ကို ရွတ်ဆိုပွားများခြင်းဖြင့် အောင်မြင်မှုအဖြာဖြာ ရရှိစေနိုင်ပါသည်။ အထူးသဖြင့် ရန်သူနှင့် ရင်ဆိုင်ရာတွင် အောင်မြင်မှု ရရှိစေနိုင်ပါသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်ပွားများကြရန် ဖြစ်ပါသည်။

●

### ပရိမိတ္တဇာလ သုတ်တော်ဖြစ်စဉ်

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ပထမသင်္ဂါယနာတင်ရန် အရှင်မဟာကဿပမထေရ်ကြီးက ရှင်အာနန္ဒာအား ဘုရားဟောခဲ့သမျှ

သုတ်တော်များကိုမေးရာ ရှင်အာနန္ဒာ ကြားသရွေ့ သိသရွေ့ မှတ်သရွေ့ ပြန်လည်တင်ပြလျှောက်ထားရာတွင် ဤပရိမိတ္တဇာလသုတ်တော် ပါရှိလေသည်။

ရှင်တော်ဘုရား ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်ပေါ်တွင် စံပျော်နေခိုက် ၎င်းဂိဇ္ဈကုဋ်တောင်ပေါ်မှာနေသော လူကိုဖမ်းဆီး နှိပ်စက်ညှဉ်းပန်းတတ်သော နတ်နဂါး၊ နတ်ဂဠုန်၊ နတ်ဘီလူးတို့၏ အကြီးအမှူး (၁၈)ယောက်တို့သည် ရှေးယခင်က လူကိုဖမ်းစားတတ်သော်လည်း မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်ပေါ်တွင် သီတင်းသုံးတော်မူသည့်အချိန်ကစ၍ သတ္တဝါတို့အား ညှဉ်းဆဲဖမ်းစားခြင်းမရှိကြောင်းကို ဘုရားရှင်က ရဟန်းတော်များအား ဟောကြားခဲ့သည်မှစ၍ ပရိမိတ္တဇာလသုတ်တော် ဖြစ်ပေါ်ရွတ်ဆိုပွားများခဲ့ကြပါသတည်း။

# ပရိမိတ္တဇာလသုတ္တ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

၁။ ဧဝံ မေ သုတံ–ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ တေန ခေါ ပန သမယေန ကုမ္ဘဏ္ဍေန ယက္ခေန၊ ဒေဝေန ယက္ခေန၊ တုန္နေန ယက္ခေန၊ ပြယောဂေန ယက္ခေန၊ သုပဏ္ဏေန ယက္ခေန၊ နာဂေန ယက္ခေန၊ ဂန္ဓဗ္ဗေန ယက္ခေန၊ ပုဗ္ဗဒိသေန ယက္ခေန၊ အဂ္ဂိဒိသေန ယက္ခေန၊ ဒက္ခိဏာဒိသေန ယက္ခေန၊ နရုတိမဒိသေန ယက္ခေန၊ ပစ္ဆိမဒိသေန ယက္ခေန၊ ပါရပ္ပဒိသေန ယက္ခေန၊ ဥတ္တရဒိသေန ယက္ခေန၊ ဧသနဒိသေန ယက္ခေန၊ သမုဒ္ဒဒိသေန ယက္ခေန၊ အာကာသဒိသေန ယက္ခေန၊ ဘူမဒိသေန ယက္ခေန။

၂။ အပ္ပမေယျော ဗုဒ္ဓေါ၊ အပ္ပမေယျော ဓမ္မော၊ အပ္ပမေယျော သံဃော၊ ဘယဿန္တိ မဟာမောဂ္ဂလ္လာနံ။

၃။ ယတ္ထ ယတ္ထ အပါဒကာ၊ ယတ္ထ ယတ္ထဒွိပါဒါ၊ ယတ္ထ ယတ္ထ စတုပ္ပါဒါ၊ ယတ္ထ ယတ္ထ ဗဟုပ္ပါဒါ၊ ပါဒအန္တံ ဥရအန္တံ စက္ခုအန္တံ မုခအန္တံ ဓိဝှာအန္တံ။

၄။ နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ။ သကလလောက ဓာတုမာတာပိတုဗုဒ္ဓရက္ခနံ ကတံ၊ သကလလောကဓာတုမာတာပိတုဓမ္မရက္ခနံ ကတံ၊ သကလလောကဓာတု မာတာပိတုဓမ္မရက္ခနံ ကဟံ၊ သကလလောက ဓာတုမာတာပိတု သံဃရက္ခနံ ကတံ၊ ရတ္တိံ ဝါဒိဝါ ပါ သဒါ မံ ရက္ခန္တု။

၅။ သဗ္ဗဒေဝတာယ ဏ္ဍမဿ ပရိမိတ္တဇာလဿ တေဇေန ဏ္ဍမသ္မိံ အပါကဋ္ဌာ သရီရေ ယေ ကေစိ ဥပဒ္ဒဝါ အာနုဘာဝေန တေဇေန ဏ္ဍမသ္မိံ လောကေ၊ ဏ္ဍမသ္မိံ ဇမ္ဗုဒီပေ၊ ဏ္ဍမသ္မိံ ပဗ္ဗတေ၊ ဏ္ဍမသ္မိံ နာဂရေ၊ ဏ္ဍမသ္မိံ ဂေဟေ သဗ္ဗသတြူ ဝိနဿန္တု၊ သဗ္ဗေ ဥပဒ္ဒဝါ ဝိနဿန္တုတိ။

ပရိမတ္တဇာလသုတ္တံ နိဋ္ဌိတံ။

## ပရိမိတ္တဇာလသုတ်တော် ရွတ်ဖတ်ရခြင်းအကျိုး

၎င်းသုတ်တော်ကို နေ့စဉ်မပြတ် ရွတ်ဖတ်ပွားများပါက မကောင်းဆိုးဝါး ဖမ်းစားခြင်းအန္တရာယ် မည်သည့်အခါမှ မငြိတွယ်ဘဲ ရောဂါကင်းရှင်း ကျန်းမာ ခြင်းနှင့် ပြည့်စုံရပေမည်။ တန်ခိုးဣဒ္ဓိပါဒ်ရှိသော နဂါး၊ ဂဠုန် စောင့်ရှောက် ခြင်းကို ခံရမည်ဖြစ်ပေသည်။

●

## [၀]

# ဖုဋ္ဌသဿမန္တန်တော်

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ-သွားဟ။

ဤမန္တန်ဖြင့် ရေကိုသက်စေ့မန်း၍ သောက်က သောကကင်း၏။ အနန္တ ငါးပါးကို ရေငါးခွက်ပူဇော်ပြီးလျှင် တစ်ခွက်ကို မိမိက ဖုဋ္ဌဿမန္တန်ရွတ်ပြီး သောက်သော် ကြံတိုင်းအောင်၏။

●

## [၁]

### ဗုဒ္ဓဏ္ဍြစ္စိတဝရဂါထာ

နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ အာယုဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ သုခဝဍ္ဎနံ။

### ဓမ္မဏ္ဍြစ္စိတဝရဂါထာ

နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ အာယုဝဍ္ဎနံ။
ဧတေန၊ သစ၀ဇ္ဇေန၊ ဟောတု မေ သုခဝဍ္ဎနံ။

### သံဃဏ္ဍြစ္စိတဝရဂါထာ

နတ္ထိမေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ အာယုဝဍ္ဎနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ သုခဝဍ္ဎနံ။

ဤဂါထာတို့ကို နေ့ညဥ့်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်ပါက အာယုဝဏ္ဏ သုခဗလ ပဋိဘာန် ငါးတန်နှင့် ပြည့်စုံ၏။ လိုရာဆုတောင်းလေ၊ ပြည့်စုံ၏။

### အနက်

မေ၊ တပည့်တော်အား။ အညံ၊ တစ်ပါးသော၊ သရဏံ၊ ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိပါ။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ (ဓမ္မော၊ တရားတော်သည်။ သံဃော၊ သံဃာတော်သည်။) မေ၊ တပည့်တော်၏။ ဝရံ၊ အမြတ်ဆုံးသော။ သရဏံ၊ ကိုးကွယ်ရာပါတည်း။ ဧတေန သစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်။ မေ၊ တပည့်တော်အား။ အာယုဝဍ္ဎနံ၊ အသက်ရှည်ခြင်းသည်။ (သုခဝဍ္ဎနံ၊ စည်းစိမ်ချမ်းသာတိုးပွားခြင်းသည်။) ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

●

# ဗလဝမှ နမန္တက်

အဂ္ဂေါဟမသ္မိ လောကဿ။
ဇေဋ္ဌောဟမသ္မိ လောကဿ။
သေဋ္ဌောဟမသ္မိ လောကဿ။

လောကမှာ ငါသာအမြတ်ဆုံးဖြစ်တယ်။
လောကမှာ ငါသာအကြီးဆုံးဖြစ်တယ်။
လောကမှာ ငါသာ အချီးမွမ်းခံရဆုံးဖြစ်တယ်။

ဤမန္တန်သည် ဘုရားလောင်းဖွားဖွားချင်း ရွတ်ဆိုသော ဥဒါန်းဖြစ်၏။ ရွတ်ဆိုလိုက်သဖြင့် စိတ်တန်ခိုးသတ္တိပြည့်ဖြိုးလာ၏။ ဘာမဆိုလုပ်က အောင်မြင်သည်။ အမြဲမပြတ်ရွတ်သင့်၏။ အထူးသဖြင့် အမှုကိစ္စဆောင်ရွက်တိုင်း ရွတ်ရမည်။ အစည်းအဝေး ဟောပြောပွဲဖြစ်စေ၊ တရားရုံးဖြစ်စေ၊ ပရိသတ် အဆောက်အအုံထဲ ဝင်ခါနီးတိုင်း ရွတ်ပေးပါ။ အမှုကိစ္စပြီးစီးအောင်မြင်ပါလိမ့်မည်။

●

# ဗုဒ္ဓါဒိဂုဏာစ္ဆရမန္တန်တော်

အစိန္တေယျ-အစိန္တေယျ-အစိန္တေယျ-အပ္ပမေယျ-အပ္ပမေယျ-အပ္ပမေယျ-ဥဏာ သမ္ပန္နဿ-ဘဂဝတော-အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဇာတ္တိ်သ မဟာ ပုရိသ လက္ခဏာ နုဘာဝေန အသီတာ နုဗျဉ္ဇနာ နုဘာဝေန သဗ္ဗဏ္ဏုရံသိယာ နုဘာဝေန သီလ သမာဓိ ပညာ နုဘာဝေန မဂ္ဂ ဖလ ဉာဏာနုဘာဝေန သဗ္ဗညုတ ဉာဏာနုဘာဝေန စတုသစ္စညာဏာနုဘာဝေန စတုဝေသာရဇ္ဇ ဉာဏာနုဘာဝေန ဆ အ-သာ ဓာ ရ ဏ ဉာဏ နုဘာဝေန ဆဠဘိညာ နုဘာဝေန အဋ္ဌသမာပတ္တိယာနုဘာဝေန နဝလောကုတ္တရာရမ္မာ နုဘာဝေန စတုရာသီတိ သဟဿာနိ ဓမ္မက္ခန္ဓာ နုဘာဝေန ဗုဒ္ဓဂုဏာ နုဘာဝေန ဓမ္မ ဂုဏာ နုဘာဝေန သံဃဂုဏာ နုဘာဝေန ဒိယာယုကော မယှံ ဟောတု သဗ္ဗရောဂါ ဝိနဿန္တု သမ္မာသက်ပ္ပာ သမိဇ္ဈတု သဗ္ဗဘောဂါ ပဝဍ္ဍန္တု သဗ္ဗ ကမ္မာနိ သမိဇ္ဈန္တု အနန္တ ဉာဏေန သမ္ပန္နာနံ-အနန္တ သမ္မာသမ္ဗုဒ္ဓါနံ ဗလေန

တေဇေန အာကာသဠ္ဌာစ ဘုမ္မဋ္ဌာ ရုက္ခဋ္ဌာစ မဟိဒ္ဓိကာ သဗ္ဗေဒေဝါ သဗ္ဗေဟ္ဘုန္နာ ပဟာဗြဟ္မာ အမှေ ရက္ခန္တု သဗ္ဗဒါ။

## အနက်မြန်မာပြန်

အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ ဉာဏသမ္ဘုန္နသဿ၊ မကြံစည်အပ်၊ မကြံစည်နိုင်၊ မကြံစည်ကောင်း၊ မနှိုင်းယှဉ်အပ်၊ မနှိုင်းယှဉ်နိုင်၊ မနှိုင်းယှဉ်ကောင်းသော ဉာဏ်တော် အပေါင်းနှင့် ပြည့်စုံတော် မူသော။ ဘဂဝတော၊ ဘုန်းတော်အစုံခြောက်ပါး ဂုဏ်ရှိတော်မူသော။ ဘဂဝတော၊ ဘုန်းတော်အစုံခြောက်ပါး ဂုဏ်ရှိတော်မူသော။ အရဟတော၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဗာတ္တိံသ မဟာပုရိသလက္ခဏာ နုဘာဝေန၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ား မြတ်လက္ခဏာတော်၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်လည်းကောင်း။ အသီတာနုဗျဉ္ဇနာနုဘာဝေန၊ ရှစ်ဆယ်သော လက္ခဏာငယ်တော်တို့၏ တနခိုး ရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ ဆဗ္ဗဏ္ဏရံသိယာ နုဘာဝေန၊ ထွန်းပြောင် တင့်တယ် ခြောက်သွယ်သောရောင်ခြည်တော်တို့၏ တန်ခိုးရှိန် စော် အာနုဘော်ကြောင့် လည်းကောင်း။ သီလသမာဓိ၊ ပညာနုဘာဝေန၊ သီလတော်၊ သမာဓိတော်၊ ပညာတော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော် ကြောင့်လည်းကောင်း။ မဂ္ဂဖလဉာဏာနုဘာဝေန၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တော် တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ စတုသစ္စ ဉာဏာ နုဘာဝေန၊ လေးပါးသော သစ္စာဉာဏ်တော်တို့၏ တန်ခိုးရှိန်စော်အာနုဘော်တော်ကြောင့် လည်းကောင်း။ စတုဝေသာရဇ္ဇဉာဏ နုဘာဝေန၊ လေးပါးသော ဝေသာရဇ္ဇဉာဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ ဆ-အ သာဓာရဏဉာဏာနုဘာဝေန၊ ပစ္စေက ဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံသော ခြောက်ပါးသော ဉာဏ်တော်တို့၏ တနခိုး ရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ အဋ္ဌသမာ ပတ္တိယာ နုဘာဝေန၊ ရှစ်ရပ်သော သမာပတ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် လည်းကောင်း။ နဝလောကုတ္တရဓမ္မာ နုဘာဝေန၊ ကိုးပါးသော လောကုတ္တရာ တရားတို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ စတုရာသီ

တိသဟာသာနံ ဓမ္မက္ခန္ဓာနဘာဝေန၊ ရှစ်သောင်းလေးထောင် မြားမြောင်သော ဓမ္မက္ခန္ဓာတော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ ဗုဒ္ဓဂုဏာ နုဘာဝေန၊ အရဟတ္တာ စသည်များဖော် ဘုရားဂုဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ ဓမ္မဂုဏာ နုဘာဝေန၊ သွာက္ခာတတာ စသည်များဖော် တရားဂုဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ သံဃဂုဏာ နုဘာဝေန၊ သုပ္ပဋိပန္နတာ စသည်များဖော် သံဃဂုဏ်တော်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ မယံ၊ အကျွန်ုပ်အား။ ဒီဃာယုကော၊ အသက်ရာကျော် ရှည်မြင့်ကျော်သည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

သဗ္ဗရောဂါ၊ အလုံးစုံသော ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာတို့သည်။ ဝိနဿန္တု၊ ကင်းစင်လွင့်ပ ပျောက်ပျက်ကြပါစေသတည်း။ သမ္မာသင်္ကပ္ပာ၊ မဖောက်မပြန် မှန်ကန်သော အကြံအစည်တို့သည်။ သမိဇ္ဈန္တု၊ ဆောလျင်မကြာ ပြည့်စုံလာကြပါစေသတည်း။ သဗ္ဗဘောဂါ၊ အလုံးစုံသော စည်းစိမ်ဥစ္စာ ရတနာတို့သည်။ ပဝဍ္ဎန္တု၊ တစ်နေ့တခြား တိုးပွားပြည့်ဝ လိုတိုင်းရလာကြပါစေသတည်း။ အနန္တဉာဏေန၊ အဆုံးအပိုင်းအခြားမထင် သဗ္ဗညုတဉာဏ်တော်အမြင်နှင့်။ သမ္ပန္နာနံ၊ ကောင်းစွာကုံလုံ ပြည့်စုံတော်မူကြကုန်သော။ အနန္တ သမ္မာသမ္ဗုဒ္ဓါနံ၊ အဆုံးအပိုင်း အခြားမထင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏။ ဗလေန၊ ကိုယ်အားဉာဏ်အား စွမ်းပကားကြောင့်လည်းကောင်း။ တေဇေန၊ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့်လည်းကောင်း။ အာကာသဋ္ဌာစ၊ ဝေဟင်တစ်ခွင် ကောင်းကင်ပြင်၌ အစဉ်ကြီးစိုး အာကာသစိုး နတ်မင်းကြီးတို့သည်လည်းကောင်း။ ဘုမ္မဋ္ဌာစ၊ ပထဝီတစ်ခွင် မြေအပြင်၌ အစဉ်ကြီးစိုး ဘုမ္မစိုးနတ်မင်းကြီးတို့သည်လည်းကောင်း။ ရက္ခဋ္ဌာစ၊ သစ်ပင်တောတောင် လျှိုမြောင်ကြီးစိုး ရက္ခစိုးနတ်မင်းကြီးတို့သည်လည်းကောင်း။ မဟိဒ္ဓိကာ၊ တန်ခိုးရှိန်စော် အာနုဘော်ကြီးမားကြကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ ဒေဝါရက္ခာ မဟာဗြဟ္မာစ၊ စတုလောကပါလ နတ်ဒေဝါနှင့် ရက္ခာသိကြား ကြီးမားတေဇာ နတ်ဗြဟ္မာကြီးများတို့သည်လည်းကောင်း။ အမှေ၊ အကျွန်ုပ်တို့ကို။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါမပြတ်။ ရက္ခန္တု၊ အစဉ်တောက် လျှောက် စောင့်ရှောက်ကူညီကြပါစေသတည်း။

ဗုဒ္ဓါဒိဂုဏသ္တရ မန္တန်တော်ပြီး၏။

ဤဂါထာတော်မြတ်ကို နေ့စဉ်ညစဉ် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် သမ္မာဒေဝနတ်များ ချစ်ခင်စောင့်ရှောက်ခြင်း၊ ခရီးသွားလာရာတွင် အန္တရာယ်ကင်းခြင်း၊ ရန်သူမရှိ၊ ချစ်ခင်သူ ပေါများခြင်း အကျိုးများကို ရရှိနိုင်ပါသည်။

●

# ဗောဓိပက္ခိယသင်္ဂဟပါဠိတော်

၁။ ဗောဓိပက္ခိယသင်္ဂဟေ စတ္တာရော သတိပဋ္ဌာနာ ကာယာနုပဿနာ သတိပဋ္ဌာနံ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာနံ၊ စိတ္တာ နုပဿနာ သတိပဋ္ဌာနံ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာနံ။

၂။ စတ္တာရော သမ္မပ္ပဓာနံ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော၊ အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော၊ အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော၊ ဥပ္ပန္နာနံ ကုသလာနံ ဘိယျော ဘာဝါယ ဝါယာမော။

၃။ စတ္တာရော ဣဒ္ဓိပါဒေါ ဆန္ဒိဒ္ဓိပါဒေါ ဝီရိယဒ္ဓိပါဒေါ စိတ္တိဒ္ဓိပါဒေါ ဝီမံသိဒ္ဓိပါဒေါ။

၄။ ပဉ္စိန္ဒြိယာနိ သဒ္ဓိန္ဒြိယံ ဝီရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ။

၅။ ပဉ္စဗလာနိ သဒ္ဓါဗလံ ဝီရိယဗလံ သတိဗလံ သမာဓိဗလံ ပညာဗလံ။

၆။ သတ္တဗောဇ္ဈင်္ဂါ သတိသမ္ဗောဇ္ဈင်္ဂေါ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ပီတိသမ္ဗောဇ္ဈင်္ဂေါ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။

၇။ အဋ္ဌမဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပော သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ဗောဓိပက္ခိယ သင်္ဂဟံ နိဋ္ဌိတံ။

(ဤ ဗောဓိပက္ခိယ သင်္ဂဟပါဠိတော်ကား ပိဋကတ်သုံးပုံ အကျဉ်းချုံးထားသဖြင့် ၎င်းကို ရွတ်ဆိုလျှင် ဉာဏ်ပညာပွင့်လင်း၍ ဘယ်အမှုမဆို အောင်မြင်နိုင်ပါသည်။)

# ဗုဒ္ဓအဘိဉာဏ်ဂါထာ

ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရိစိတ္တဝိဇာနနံ။
ပုဗ္ဗေ နိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဉ္စဓာ။
ဗုဒ္ဓပစ္စေက ဗုဒ္ဓါနံ၊ အဂ္ဂသာဝကာ
နုဘာဝေန၊ သမိဇ္ဈတု မယှံ သဒါ။

## ဂါထာအနက်

ဣဒ္ဓိဝိဓံ၊ အထူးထူးသော တန်ခိုးတို့ကို ဖန်ဆင်းနိုင်သော။ ဒိဗ္ဗသောတံ၊ နတ်နားကဲ့သို့ အထူးထူးသော အသံတို့ကို ကြားသိနိုင်သော။ ပရိစိတ္တံ၊ သူတစ်ပါး၏ စိတ်အကြံအစည်ကို။ ဝိဇာနနံ၊ သိစွမ်းနိုင်သော။ ပုဗ္ဗေနိဝါသာနုဿတိ၊ ရှေ့အဖို့၌ ဖြစ်ပြီးသော ခန္ဓာအစဉ်ကို အောက်မေ့သိမြင်နိုင်စွမ်းသော။ ဒိဗ္ဗစက္ခု၊ နတ်၏ မြင်ခြင်းကဲ့သို့ အထူးထူးသော အရာအားလုံးကို ဖောက်မြင်နိုင်စွမ်းသော။

ဣတိပဉ္စဓာ၊ ဤသို့ ငါးပါးအပြားရှိကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ တန်ခိုးတော်တို့သည်လည်းကောင်း။ ဗုဒ္ဓပစ္စေက အဂ္ဂသာဝကာ နုဘာဝေန၊ ဘုရားပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက အစရှိကုန်သော အရိယာအပေါင်းသူတော်ကောင်းတို့၏ တန်ခိုးတေဇော် မေတ္တာအာနုဘော်ကြောင့်၊ မယှံ၊ ဘုရား တပည့်တော်အား။ သဒါ အခါခပ်သိမ်း။ သမိဇ္ဈတု၊ ပြည့်စုံခြင်း ဖြစ်ပါစေ သတည်း။

**မှတ်ချက်။** ။ ဗုဒ္ဓရှင်တော်မြတ်၏ အဘိဉာဏ်ငါးပါးကို ဖော်ကျူးဆုတောင်းသော ဂါထာဖြစ်သည်။ လိုအင်ဆန္ဒ အဝဝကို ပြည့်စုံစေနိုင်သော ဂါထာဟုလည်း အဆိုရှိပါသည်။ ဉာဏ်ရှိသလို အသုံးပြုနိုင်ပါသည်။

# ဗုဒ္ဓနိမိတ္တဂါထာ

- ဗုဒ္ဓေါ ဗုဒ္ဓဿ၊ ဣဒ္ဓိ ဗုဒ္ဓဿ၊
  နိမိတ္တ ဓာတု ဗုဒ္ဓေါ။
- ဘဂဝါ တုမှာကံ၊ အတ္တဘာဝံ၊ နိမိတ္တံ ဗုဒ္ဓေါ
- ဗုဒ္ဓေါ ဗုဒ္ဓဿ၊ ဣဒ္ဓိ ဗုဒ္ဓဿ၊
  နိမိတ္တ မိတ္တံ ဗုဒ္ဓေါ။
- နိမိတ္တံ ကာယ ဗုဒ္ဓေါ။
- ဗုဒ္ဓေါ ဗုဒ္ဓဿ၊ ဣဒ္ဓိ ဗုဒ္ဓဿ၊
  နိမိတ္တံ သညာဏ ဗုဒ္ဓေါ။

## လင်္ကာ

အမှန်နေ့ည၊ တစ်လကြာအောင်၊ ကိုးကွယ်ဆောင်မူ၊ ကြီးခေါင်အာဏာ၊ ပညာလျှင်လျား၊ စွမ်းပကားနှင့်၊ ခွန်အားကြီးလှ၊ ကျိုးဖြစ်သိဒ္ဓိ၊ သိရိထင်ပေါ်၊ တန်ခိုးကျော်သည်၊ တေဇော်ဂါထာ ကောင်းကျိုးတည်း။

**မှတ်ချက်။** ။ ဤဂါထာသည် (၁.၃.၈၈)နေ့ထုတ် သတင်းထူး စာစောင်ပါ ဆရာဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၏ ဆောင်းပါးမှ ထုတ်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ "ပီသထင်ရှားစွာရေး၍ မြင့်မြတ်သောနေရာ၌ထား၍ ကိုးကွယ်သော် အလိုဆန္ဒပြည့်ဝ၏" ဟူ၍ ရေးသားထားပါကြောင်း။

●

## [၁]
# ဘုရားကိုးဆူ နဝင်းမန္တန်တော်

- ဗုဒ္ဓေါစ မဂ္ဂိမေ သေဋ္ဌော၊
 သာရိပုတ္တော စ ဒက္ခိဏော။
- ပစ္ဆိမေန စ အာနန္ဒော၊
 ဥတ္တရေ မောဂ္ဂလ္လာယနော။
- ကောဏ္ဍညော ပုဗ္ဗဘာဂသ္မိံ၊
 ပါရပွေ စ ဂဝမ္ပတိ။
- ဥပါလိ နရတိ စေဝ၊
 အဂ္ဂိနေယျ ရေဝတော။
- ရာဟုလောစေဝ ဧသနေ၊
 တေ မေ ဒဒန္တု မင်္ဂလံ။

### မြန်မာပြန်အနက်

၁။ သေဋ္ဌော၊ သေဋ္ဌ ဇေဋ္ဌ၊ စသည့် ကျေးဇူးဂုဏ်အထူးဖြင့် ချီးကျူးထပ်ထပ် ကြီးမြတ်တော်မူသော။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားသိမြင် ငါးမာရ်နှင်သည်။ မဇ္ဈိမေ၊ ရွှေပလ္လင်ဟူ ဥဏ္ဏာဂူသို့ ညီမှုစံရာ အလယ်ချာဌ်။ တိဋ္ဌတု၊ မာရ်စစ် သဖွယ် အန္တရာယ်ကို ဖျောက်ပယ်ဟန့်တား ဘုရားမြတ်တည်နေတော်မူပါ ဘုရား။

၂။ သာရိပုတ္တော၊ သာရီမယ်တော် ဝမ်းတိုက်ပျော်သော ရှင်ကျော်မဟာ သာရိပုတ္တရာ ထေရ်မြတ်စွာသည်။ ဒက္ခိဏော၊ ဂြိုဟ်ဘောမနှင့် ယမဒေဝရာဇ် နတ်စစ်ပျော်ရာ တောင်မျက်နှာဌ်။ တိဋ္ဌတု၊ ယမတမန် ကဲ့သို့ရန်ကို ကျောက်ကန်မကြာ ထီးဝန်းကာသို့ တည်နေတော်မူပါဘုရား။

၃။ အာနန္ဒော၊ ငါးဖြာဇာတဒင် ရစ်ချက်ဆုပန် ဖွားဘက်မှန်သော အာနန် ညီတော် ထေရ်အကျော်သည်။ ပစ္ဆိမေနစ၊ စနေဂြိုဟ်ပြင်း ရေနတ်မင်းတို့ ပျော်ခင်းပျော်ရာ နောက်မျက်နှာဌ်။ တိဋ္ဌတု၊ နောက်ကအန္တရာယ် လာတိုင်း ပယ်လျက် ဘုန်းကြွယ်ရှင်မြတ် တည်နေတော်မူပါဘုရား။

၄။ မောဂ္ဂလ္လာယနော၊ ပျံတက်မြေလျှိုး ထိန့်ထိန့်ကြိုးလျက် တန်ခိုးပေါ်ထင် ဘက်မမြင်သော အရှင်မောဂ္ဂလ္လာန် မထေရ်မွန်သည်။ ဥတ္တရေ၊ ကုဝေရနတ် ဂြိုဟ်မြတ်ဇိဝ နေထတင့်အပ် မြောက်အရပ်၌။ တိဋ္ဌတု၊ မြောက်မှလာနိုး ရန်အမျိုးကို တန်ခိုးဘုန်းဖုံ့ ရှိတိုင်းလွှဲလျက် အမြဲတည်နေတော်မူပါဘုရား။

၅။ ကောဏ္ဍညော၊ ကိုးကြိမ်ကောက်ဦးစ လျှုဖူးရေ့ဖျား တရားလက်မွန် သိခြင်းလွန်သော အရှင်ကောဏ္ဍညမည် မဟာထေရ်သည်။ ပုဗ္ဗဘာဂသ္မိံ၊ ဝဇိ ရာဟု ဘဂုဂြိုဟ်မြတ် နေမှတ်ပျော်ရာ အရှေ့မျက်နှာ၌။ တိဋ္ဌတု၊ ရှေ့ကသိန်း သောင်း ရန်အပေါင်းကို ထောင်းထောင်းခုတ်ဖြတ် မင်္ဂဖြင့်သတ်၍ ထေရ်မြတ် တည်နေတော်မူပါဘုရား။

၆။ ဂဝမ္ပတိ၊ ကုဋ္ဌေပြည့်နက် စဉ်ဆက်သူဌေး သားမြေးမှန်ဘိ တရားရှိ သော ဂဝမ္ပတိမည်မူ မထေရ်မြတ်သည်။ ဗာရပွေ၊ ကေတုဂြိုဟ်မြတ် လေနတ် ပြင်းထန် ပျော်ရာမှန်သော နောက်စွန်မြောက်ယွန်း အထောင့်စွန်း၌။ တိဋ္ဌတု၊ လေမုန်တိုင်းသို့ ခတ်လှိုင်းဘေးရန် အတန်တန်ကို မှောက်လှန်ပယ်ရှား ဟန့် ကားကာလျက် မြဲစွာတည်နေတော်မူပါဘုရား။

၇။ ဥပါလိ၊ ဝိနည်းပိဋကတ် ဆုံးဖြတ်လိမ္မာ သူ့ထက်သာသော ပဟာဥပါလိ ထေရ်မုနိသည်။ နရတိစေဝ၊ ရာဟုဂြိုဟ်နှင့် လူကိုစီးတတ် ရက္ခိုသ်နတ်တို့ နေမှတ်မြဲစောင့် နောက်တောင်ထောင့်၌။ တိဋ္ဌတု၊ နရတိရပ် ဘေးရန်ကပ်လည်း ရှုပ်ရှုပ်မကြာ ဘေးကိုကာ၍ တည်နေတော်မူပါဘုရား။

၈။ ရေဝတော၊ လယ်ယာနေမှတ် မထေရ်မြတ်၏ ညီလတ်ကျွမ်းဝင် တော ရပ်ခင်သော အရှင်ခဒိရ ရေဝတသည်။ အဂ္ဂိနေယဋ္ဌ၊ သီတဂူနှင့် ရှိန်းပူမီးနတ် နေမှတ်ပျော်မွေ့ ရှေ့ဆောင်ကွေ့၌။ တိဋ္ဌတု၊ မီးသို့ရှိန်ပြင်း ဥပဒ်ချည်းလည်း ငုံးမင်းနေရာ တောမီးကွသို့ ကာလျက်တည်နေတော်မူပါဘုရား။

၉။ ရာဟုလော၊ ဘုရားသားတော် ယသော်ရင်သွေး သုဒ္ဓေါမြေးဟု နီးဝေး ကျော်ထင် အရှင်ရာဟုလာ သိက္ခာကာမ ဓုတင်ရသည်။ ဧသန္နေ၊ ပရမေသွာ ဤသာနနှင့် ဗုဓဂြိုဟ်မင်း နေခင်းစောင့်ရှောက် အရှေ့မြောက်၌။ တိဋ္ဌတု၊ ဥပဒ်ဖြင့်မူ ရှိလှည့်ကြလည်း လ၏အန္တရာယ် ရှင်းရှင်းပယ်သို့ ပျောက်ပြယ် စေရ ထေရ်မြတ်ကြွ၍ တည်နေတော်မူပါဘုရား။

တေ ဗုဒ္ဓေါ၊ ထိုသို့ ကိုးဆူဘုရား ၅င်တော်များတို့သည်။ မေ မယှံ၊ ချတနာသုံး ပုလဲကုံးသို့ စွဲသုံးရွှင်ပျော် တပည့်တော်အား။ မင်္ဂလံ၊ အသက်ရှည်

စွာ အနာမဲ့ကြောင်း ကောင်းသောချမ်းသာ မင်္ဂလာကို။ ဒဒန္တ၊ ကြံတိုင်းထတိုင်း ချိန်မဆိုင်းဘဲ တုနိုင်းစရာ မရှိကွာအောင် ကောင်းစွာမသွေ ပေးသနားတော်မူပါစေကုန်သတည်း။

**မှတ်ချက်။** ။ ဤဘုရားကိုးဆူဂါထာတော်မြတ်ကြီးသည် သဒ္ဒါရေးလည်းကောင်း၊ အနက်လည်း ကောင်းမွန်လှပါသည်။ နေ့စဉ် အနည်းဆုံး ကိုးခေါက်ရွတ်ဆိုပါက နေ့စဉ် ဘုရားကိုးဆူ ဆွမ်းကပ်လှူဒါန်းသကဲ့သို့ အကျိုးထူး ကြီးမြတ်လှပါသည်။

## တိုက်တွန်းချက်

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်များ အန္တရာယ်ဆိုး၊ ဘေးဆိုး၊ ရန်ဆိုး၊ လက်နက်ဆိုးအမျိုးမျိုးမှ ကင်းဝေးစေရန် နေ့စဉ် ဝပ်တွား၍ အနက်နှင့်တကွ ရွတ်ဆိုပူဇော်ကြပါကုန်ဟု တိုက်တွန်းလိုက်ရပါသည်။

●

## ဘေးမသိဂါထာတော်

မာ မံ အပါဒကော ဟိံသိ၊ မာ မံ ဟိံသိ ဒွိပါဒကော၊
မာ မံ စတုပ္ပဒေါ ဟိံသိ၊ မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

ဘုရားတပည့်တော်အား-

အခြေမရှိသော သတ္တဝါသည် မညှဉ်းဆဲစေသတည်း။
အခြေနှစ်ခုရှိသော သတ္တဝါသည် မညှဉ်းဆဲစေသတည်း။
အခြေလေးခုရှိသော သတ္တဝါသည် မညှဉ်းဆဲစေသတည်း။

ဘုရားတပည့်တော်အား အခြေများစွာရှိသော သတ္တဝါသည် မညှဉ်းဆဲစေသတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူ၍ ကိလေသာတဏှာ သံသရာကင်းပြတ်တော်မူသော မြတ်စွာဘုရားအား အထပ်ထပ်အဖန်ဖန် ရှိခိုးပါသည်ဘုရား၊ ဘဝဘေး ကင်းဝေးရပါလို၏ဘုရား။

●

# ဘီလူးဘေးနင့်

## မကောင်းသော ဘေးအမျိုးမျိုးမှ ကင်းဝေးသည့်ဂါထာ

သုဝဏ္ဏဘူမိ ဂန္တွာန၊
သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိတ္ဘွာန၊
ဗြဟ္မဇာလ မဒေသယျုံ။

### မြန်မာပြန်အနက်

မဟိဒ္ဓိကာ၊ အဘိညာဉ်ဈာန်မျိုး ကြီးမားသော ဘုန်းတန်ခိုးရှိကုန်သော။ သောဏုတ္တရာ၊ အရှင်သောဏ အရှင်ဥတ္တရ မထေရ်တို့သည်။ သုဝဏ္ဏဘူမိ၊ ရွှေမြစုပုံ မြို့သထုံသို့။ ဂန္တွာန၊ ကြွတော်မူကုန်၍။ ပိသာစေ၊ အသားစား ကြူး ရက္ခိုသ်ဘီလူးတို့ကို။ နိဒ္ဓပိတ္ဘွာန၊ နှင်ထုတ်တော်မူကုန်ပြီးလျှင်။ ဗြဟ္မဇာလံ၊ ဗြဟ္မဇာလသုတ်တော်ကို။ အဒေသယျုံ၊ ဟောကြားတော်မူလေကုန်သတည်း။

**မှတ်ချက်။** ။ ဤသုဝဏ္ဏဘူမိ ဂါထာနှင့်အတူ အခြားဂါထာသုံးပုဒ်လည်း ရှိလေသည်။ သို့သော် ဤဂါထာမှာ သမိုင်းဝင် ဂါထာဖြစ်၍ အဓိကဖြစ်ပါသည်။ ရှေးဆရာမြတ်တို့က ဤဂါထာတော်ကို လောကီအစီအရင်အဖြစ် ဝင်အင်း၊ ထွက်အင်းများပြုလုပ်၍ အကာအကွယ်များအဖြစ် အဆောင်အရွက်များ ပြုကြပါသည်။

### တိုက်တွန်းချက်

ဤဂါထာတော်သည် နတ်ဆိုးနတ်ဝါးနှင့်တကွ မကောင်းသော ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲများကို အလွန်နိုင်နင်းသည်ဟု ကျော်ကြားလှပါသည်။ ဤဂါထာတော်မြတ်ကို ဤအတိုင်း ရွတ်လျှင်လည်း အကျိုးပြည့်စုံစေသတည်း။

ဤဂါထာသည် သဲ ရေကိုကိုင်၍ မန်းပြီး မိမိတို့နေရာ အိမ်၊ ကျောင်းဝင်း ပတ်လည်တို့၌ ပက်ဖျန်းထားပါ။ မကောင်းသော အန္တရာယ် ပပျောက်၍ ကောင်းကျိုးချမ်းသာ ရစေနိုင်၏။ ဉာဏ်ရှိသလို သုံးပါလေ။

●

# ဘေးရောဂါဆင်းရဲကင်း ဂါထာတော်

၁။ ဗုဒ္ဓေါ တိလောကပဒီပေါစ၊
ဗုဒ္ဓေါ သူရော တမောနုဒေါ။
အစ္စန္တံ သရဏံ ဂတော၊
နတ္ထိ မယှံ ဘယံ သဒါ။

၂။ ဓမ္မော တိလောကပဒီပေါစ၊
ဓမ္မော သူရော တမောနုဒေါ။
အစ္စန္တံ သရဏံ ဂတော၊
နတ္ထိ မယှံ ရောဂံ သဒါ။

၃။ သံဃော တိလောကပဒီပေါစ၊
သံဃော သူရော တမောနုဒေါ။
အစ္စန္တံ သရဏံ ဂတော၊
နတ္ထိ မယှံ ဒုက္ခံ သဒါ။

၁။ ဗုဒ္ဓေါ၊ ဂေါတမမြတ်စွာဘုရားသည်။ တိလောကဒီပေါစ၊ လူသုံးပါးတို့၏ ထင်ရှားရှင်းရှင်း အလင်းကို ဖြစ်စေတတ်သော ဆီမီးသဖွယ်လည်း ဖြစ်တော်မူပါပေ၏။ သူရော၊ ရဲရင့်ခြင်းကို ဖြစ်စေတတ်သော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ တမောနုဒေါ၊ အဝိဇ္ဇာတရားဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်ပေ၏။ (တစ်နည်း)သူရောသူရိယော၊ နေမင်းသည်။ တမောနုဒေါ ဣဝ၊ ပကတိအမိုက်မှောင်ကို ဖျောက်နိုင်သကဲ့သို့။ ဗုဒ္ဓေါ၊ ဆီမီးသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ တမောနုဒေါ၊ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကိုဖျောက်၍ ဝိဇ္ဇာတည်းဟူသော အလင်းရောင်ကို ရောက်စေတော်မူနိုင်၏။ အစ္စန္တံ၊ စင်စစ်။ တမောနုဒံ၊ အဝိဇ္ဇာအမိုက်မှောင်ကိုဖျောက်၍ မဂ်ဉာဏ် ဝိဇ္ဇာတည်းဟူသော အလင်းကို ရောက်စေတော်မူနိုင်သော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်၏။ မယှံ၊ ငါ့အား။ သဒါ၊ အခါခပ်သိမ်း။ ဘယံ၊ ကြောက်ဖွယ်မအေးဘေးဟူသမျှသည်။ နတ္ထိ နသန္တု၊ မရှိအရှင်း ကင်းလွတ်ပါစေသတည်း။

၂။ ဓမ္မော၊ ဆယ်ပါးသော တရားတော်သည်။ တိလောကပဒီပေါစ၊ လူသုံးပါးတို့၏ ထင်ရှားရှင်းရှင်း အလင်းကို ဖြစ်စေနိုင်သော ဆီမီးသဖွယ်လည်း

ဖြစ်တော်မူ၏။ သူရော၊ ရဲရင့်ခြင်းကို ဖြစ်စေနိုင်သော။ ဓမ္မော၊ ဆီမီးသဖွယ် ဖြစ်တော်မူသော တရားတော်သည်။ တမောနုဒေါ၊ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်ပေ၏။ (တစ်နည်း)သူရော သူရိယော၊ နေမင်းသည်။ တမောနုဒေါ၊ ပကတိ အမိုက်မှောင်ကို ပယ်ဖျောက်နိုင်သကဲ့သို့။ ဓမ္မော၊ ဆီမီးသဖွယ်ဖြစ်သော တရားတော်သည်။ တမောနုဒေါ၊ အဝိဇ္ဇာအမိုက်မှောင်ကို ဖျောက်တော်မူနိုင်၏။ အစ္စန္တံ၊ စင်စစ်။ တမောနုဒံ၊ အဝိဇ္ဇာအမှောင်ကို ပယ်ဖျောက်တော်မူနိုင်သော။ ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ အဟံ၊ ငါသည်။ ဂတော၊ ရောက်၏။ မယှံ၊ ငါ့အား။ သဒါ၊ အခါခပ်သိမ်း။ ရောဂံ၊ ကျင်နာညစ်ဆိုး ရောဂါမျိုးဟူသမျှသည်။ နဿ္သ နဿတု၊ မရှိအရှင်း ကင်းလွတ်ပါစေသတည်း။

၃။ သံဃော၊ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်သည်။ တိလောကဒီပေါစ၊ လူသုံးပါးတို့၏ ထင်ရှားရှင်းရှင်း အလင်းကိုဖြစ်စေနိုင်သော ဆီမီးသဖွယ်လည်း ဖြစ်တော်မူပါပေ၏။ သူရော၊ ရဲရင့်ခြင်းကို ဖြစ်စေနိုင်သော။ သံဃော၊ မဂ္ဂဋ္ဌာန် ရှစ်တန်ထင်ပေါ် သံဃာတော်သည်။ တမောနုဒေါ၊ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျက်နိုင်တော်မူ၏။ (တစ်နည်း) သူရော–သူရိယော၊ နေမင်းသည်။ တမောနုဒေါ၊ ပကတိအမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်သကဲ့သို့။ သံဃော၊ ဆီမီးသဖွယ်ဖြစ်သော သံဃာတော်သည်။ တမောနုဒေါ၊ အဝိဇ္ဇာအမိုက်မှောင်ကို ပယ်ဖျောက်တော်မူနိုင်ပေ၏။ အစ္စန္တံ၊ စင်စစ်။ တမောနုဒံ၊ အဝိဇ္ဇာအမိုက်မှောင် ပယ်ဖျောက်တော်မူနိုင်သော။ သံဃံ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် သံဃာတော်ကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ အဟံ၊ ငါသည်။ ဂတော၊ ရောက်ပါ၏။ မယှံ၊ ငါ့အား။ သဒါ၊ အခါခပ်သိမ်း။ ဒုက္ခံ၊ ဆင်းရဲဟူသမျှသည်။ နဿ္သ–နဿတု၊ မရှိရှင်းရှင်း ကင်းလွတ်ပါစေသတည်း။

ဤဂါထာကို အမြဲရွတ်က ဘေးရောဂါ ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်၏။ အန္တရာယ်အမျိုးမျိုးကင်း၏။ ဒေဝါနံပိယတိဿမင်းကြီး နေ့စဉ်အမြဲ ရှိခိုးရွတ်ဖတ်သော ဂါထာဟု ဆို၏။ အမြဲရွတ်ပါလေ။

●

# ဘေးရန်ကင်းကွာ ဇိနံ့ဝစ္စဂါထာ

ဇိနံ့ ဝန္ဒတ ဂေါတမံ၊
ဇိနံ့ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ ဂေါတမံ။

## ဂါထာမြန်မာပြန်

ငါးမာရ်အောင်မြင် ဂေါတမဘုရားရှင်ကို သင်တို့ရှိခိုးကြကုန်လော့၊ ငါးမာရ်အောင်မြင် ဂေါတမဘုရားရှင်ကို ကြည်လင်မြတ်နိုး အကျွန်ုပ်တို့ ရှိခိုးကြပါကုန်စို့။ ဝိဇ္ဇာရှစ်ပါး စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံ၍ သစ္စာလေးပါးကို ပိုင်းခြားထင်မြင် သိမြင်တော်မူသော ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကို ဝပ်တွားရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။

မှတ်ချက်။ ။ ဤဂါထာမှာ ရောဝတီတိုင်း ဝါးခယ်မမြို့နယ် ပိတ်ထားလေး အေးရွာကျောင်းတွင် သီတင်းသုံးတော်မူခဲ့သော မတော့ချောင်း ဆရာတော်ကြီး ဦးဝါသဝ(၁၂၂၆-၁၃၀၄၃) အမြဲရွတ်ဆို ပူဇော်တော်မူခဲ့သော ဂါထာတော်မြတ်ဖြစ်သည်။

ယင်းဆရာတော်ကြီးသည် ပဋိပတ်အကျင့်မြတ်ဖြင့် ထင်ရှားကျော်ကြားတော်မူသော ဆရာတော်တစ်ပါးဖြစ်သည်။ ဆရာတော်သည် လပွတ္တာမြို့နယ် လက်ခုတ်ကြီးရွာအနီး တောမြိုင်ကြီးအတွင်းရှိ မတော့ပင်ရင်းတွင် အမြဲသီတင်းသုံးတော်မူကာ ရက္ခမူဓုတင်ဆောက်တည်လေ့ရှိသောကြောင့် “မတော့ချောင်းဆရာတော်” ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။ ဆရာတော်သည် သုသာန်ဆေါင်း (၈၁)နှစ်တွင် လှည့်လည်၍ ဓုတင်ဆောင်တော်မူခဲ့ဖူးပါသည်။

အထက်ပါ “ဇိနံ့ဝစ္စ” ဂါထာကို ကိုယ်တိုင်လည်း အမြဲမပြတ် ရွတ်ဆို ပွားများတော်မူလျက် တပည့်ဒကာဒကာမများကိုလည်း ဖြန့်ဝေပေးတော်မူခဲ့ပါသည်။ ယင်းဂါထာကို

ယုံယုံကြည်ကြည် ရွတ်ပွားသူတိုင်း ဘေးရန်ကင်းကွာ၍
ချမ်းသာသည့်အကျိုးကို လက်တွေ့ခံစားခဲ့ကြရပေသည်။

●

## ဘဝေဝါဟံ ဂါထာတော်

ဘဝေဝါဟံ ဘယံဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပပါဒိယိံ။
(အမြဲရွတ်ဖတ်ပါ၊ အကျိုးထူးပါလိမ့်မည်။)

### အနက်

အဟံ၊ အကျွန်ုပ်သည်။ ဘဝေ၊ ဘဝသုံးဖြာသံသရာ၌။ ဘယံ၊ ဇာတိစသည် များလှသောင်းသောင်း ဘေးအပေါင်းကို။ ဒိသွာ ဧဝ၊ ဟုတ်တိုင်းမှန်ရာကောင်းစွာမြင်သောကြောင့်သာလျှင်။ ဘဝဉ္စ၊ ကာမ၊ ရူပ၊ အရူပဟူသော သံသရာကိုလည်းကောင်း။ ဝိဘဝေသိနဉ္စ၊ ဘဝကောင်းမည် ရှာကြံစည်လည်းဆိုလည်နွားမျှ နစ်မွန်းကြသူ သတ္တဝါဟူသမျှကိုလည်းကောင်း။ ဒိသွာ၊ အတပ်သေချာ ကောင်းစွာမြင်၍။ ကိဉ္စိဘဝံ၊ သုံးဖြာဘဝ သုံးလောကတွင် လူပြည်ကစနတ်ရပ်အလယ် ဗြဟ္မာဝယ်အဆုံး သုံးလောကလုံးတိုင်အောင်။ နာဘိဝဒိံ၊ တဏှာဒိဋ္ဌိ ကပ်ငြိစွဲလမ်း မယူမှန်းဘဲ။ နန္ဒိဉ္စ၊ ဘဝသုံးဖြာ တွယ်တာတတ်လှဘဝတဏှာ ယုတ်မွှောကိုလည်း။ နာဥပါဒိယိံ၊ နှစ်သက်ယူမှန်း မစွဲလမ်း။

●

## ဘုရားငါးဆူ အန္တရာယ်ကင်းဂါထာတော်

ကကုသန္ဓော ကောဏာဂမနော၊
ကဿပေါ ဂေါတမော မုနိ။
မေတ္တေယျော ပဉ္စဗုဒ္ဓေါ တေ၊ သီသေ မေ သေန္တု သဗ္ဗဒါ။
ဧတေသံ အာနုဘာဝေန၊ ယက္ခာဒေဝါ မဟိဒ္ဓိကာ။
သဗ္ဗေပိ သုခိတာ ဟောန္တု၊ မမ မိတ္တာ သဟာယကာ။

## ဂါထာအနက်

ကကုသန္ဓော၊ ကကုသန် မြတ်စွာဘုရားသည်လည်းကောင်း။ ကောဏာဂမနော၊ ကောဏာဂုံ မြတ်စွာဘုရားသည်လည်းကောင်း။ ကဿပေါ၊ ကဿပ မြတ်စွာဘုရားသည်လည်းကောင်း။ ဂေါတမော၊ ဂေါတမအမည်ရသော မုနိ မြတ်စွာဘုရားသည်လည်းကောင်း။ မေတ္တေယျော၊ မေတ္တေယျမြတ်စွာဘုရားသည်လည်းကောင်း။ ပဉ္စ၊ ငါးဆူကုန်သော။ ဧတေဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားသခင်တို့သည်။ မေ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သေန္တု၊ ကိန်းအောင်းမွေ့လျော် တည်နေတော်မူနိုင်ကြပါစေကုန်သတည်း။

ဧတေသံ၊ ထိုဘုရားငါးဆူတို့၏။ အာနုဘာဝေန၊ တန်ခိုးတော် မေတ္တာတော် အာနုဘော်တော်အားဖြင့်။ မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုးရှိကြပေကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်လည်းကောင်း။ ဒေဝါ၊ နတ်အပေါင်းတို့သည်လည်းကောင်း။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

မမ၊ အကျွန်ုပ်၏။ မိတ္တာ၊ အဆွေအမျိုးတို့သည်လည်းကောင်း။ သဟာယကာ၊ အဖော်သဟဲတို့သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

**မှတ်ချက်။** ။ ဤဂါထာကို အမြဲရွတ်ဆိုပါက ရန်သူများသည်ပင်လျှင် မိမိ၏ မိတ်ဆွေ အလုပ်အကျွေးဖြစ်လာတတ်ပါသည်။ အရေးကြုံလာလျှင် ဤဂါထာကို ဘုရားရှေ့၌ အနည်းဆုံး (၇)ခေါက်ရွတ်၍ ထုံး၊ ပန်း စသည် တို့ကို ဆောင်ထားပါက ဓား၊ သေနတ်များကိုပင် ပြီးကြောင်း၊ အန္တရာယ်မရှိကြောင်းကို ပန်းတနော်မြို့ မြတောင်စာသင်တိုက် ဒုတိယနာယက ဆရာတော် ဦးကုမာရ အမိန့်ရှိပါသည်။ ယုံယုံကြည်ကြည် လေးလေးစားစားဖြင့် ရွတ်ဆိုနိုင်ကြပါစေ။

## ဘဝတု သဗ္ဗမင်္ဂလာသုံးဂါထာ

(၁) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ။
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

(၂) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ။
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။
(၃) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ။
သဗ္ဗသံဃာနုဘာဝေန၊ သဒါ သုခီ ဘဝန္တု တေ။

## ဂါထာအနက်

(၁)သဗ္ဗမင်္ဂလံ၊ အလုံးစုံသောမင်္ဂလာသည်။ (ဝါ) ကောင်းကြွယ်စီးပွား ကြီးပွားတိုးတက်ကြောင်း မင်္ဂလာအပေါင်း အကောင်းမှန်သမျှသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။ သဗ္ဗဒေဝတာ၊ အလုံးစုံသောနတ်တို့သည်။ ရက္ခန္တု၊ စောင့်ရှောက်ကြပါစေကုန်သတည်း။ သဗ္ဗဗုဒ္ဓါနုဘာဝေန၊ အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(၂)သဗ္ဗမင်္ဂလံ၊ အလုံးစုံသော မင်္ဂလာသည်။ (ဝါ)ကောင်းကြွယ်စီးပွား ကြီးပွားတိုးတက်ကြောင်း မင်္ဂလာအပေါင်း အကောင်းမှန်သမျှသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။ သဗ္ဗဒေဝတာ၊ အလုံးစံသော နတ်တို့သည်။ ရက္ခန္တု၊ စောင့်ရှောက်ကြပါစေကုန်သတည်း။ သဗ္ဗဓမ္မာနုဘာဝေန၊ အလုံးစုံသော တရားတော်၏ သတ္တိရှိန်စော် အာနုဘော်တော်ကြောင့်၊ တေ၊ ထိုသတ္တဝါတို့သည်။ သဒါ အခါခပ်သိမ်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(၃)သဗ္ဗမင်္ဂလံ၊ အလုံးစုံသော မင်္ဂလာသည်။ (ဝါ) ကောင်းကြွယ်စီးပွား ကြီးပွားတိုးတက်ကြောင်း မင်္ဂလာအပေါင်း အကောင်းမှန်သမျှသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။ သဗ္ဗဒေဝတာ၊ အလုံးစုံသော နတ်တို့သည်။ ရက္ခန္တု၊ စောင့်ရှောက်ကြပါစေကုန်သတည်း။ သဗ္ဗသံဃာနုဘာဝေန၊ အလုံးစုံသော သံဃာတော်၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သုခ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

**မှတ်ချက်။** ။ ဤဂါထာတော်သည် မင်္ဂလာဖြစ်ရန် နတ်များချစ်ခင်စောင့်ရှောက်ရန် သတ္တဝါများ ချမ်းသာရန် ရတနာသုံးပါး၏

တန်ခိုးတေဇော် အာနုဘော်ကိုယူ၍ ဆုတောင်းသော ဂါထာများဖြစ်သည်။ နေ့စဉ် ညစဉ် ရွတ်ဆိုပွားများပါက လောကီ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားကို ရရှိခံစားကြရမည်ဖြစ်ပါသည်။

●

## ဘုရားခုနစ်ဆူ

### နမော တဿ ပူဇော်ကန်တော့ပန်း ဂါထာတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁)နမော တဿ ဝိပဿိဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(၂)နမော တဿ သိခိဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(၃)နမော တဿ ဝေဿဘုဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(၄)နမော တဿ ကကုသန္ဓဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(၅)နမော တဿ ကောဏာဂမနဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(၆)နမော တဿ ကဿပဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၇)နမော တဿ ဂေါတမဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၈)နမော ဘဂဝတော နမေ သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

အထက်ပါဂါထာတော်မြတ်ကြီးမှာ ပွင့်လေကုန်ပြီးသော ဘုရား (၇)ဆူတို့အား ကန်တော့ပန်းဆင် ပူဇော်ကန်တော့သော နမော တဿ ဂါထာတော်မြတ်ကြီး ဖြစ်ပါသည်။

### တိုက်တွန်းချက်

ဤဂါထာတော်မြတ်ကို နံနက်အိပ်ရာထ မျက်စိနှစ်လုံးပွင့်သည်မှစ၍ ရွတ်ဖတ်သရဇ္ဈာယ်၍ ပူဇော်ကန်တော့ပါ။ နံနက်တွင် အနည်းဆုံး ကိုးခေါက်၊ ညဥ့်တွင် အနည်းဆုံးကိုးခေါက်တို့ကို နေ့စဉ်မှန်မှန် ရွတ်ဖတ် ကန်တော့ပန်း

ဆင်ခြင်းပြင့် ဘေးဆိုး ရန်ဆိုး အန္တရာယ်ဆို အမျိုးမျိုးမှ ကင်းလွတ်စေနိုင်ပါသည်။

ဤဘုရား (၇)ဆူ နမော တဿ ကန်တော့ပန်းသည် သူတစ်ပါးတို့၏ လုံ့လပယောဂဘေးမှလည်းကောင်း၊ မကောင်းသော ပညာစက်တို့၏ ဘေးမှလည်းကောင်း ကင်းစင်လွင့်ပျောက်ပါစေသည်။

ဤကန်တော့ပန်းကို ရွတ်ဖတ်သရဇ္ဈာယ်သူတိုင်းအား လူ၊ နတ်တို့ အထူးချစ်ခင်၍ လာဘ်လာဘရွှင်စေပါသည်။ ကြံတိုင်း အောင်အောင် တိုင်းမြောက်သည်။ မိမိတွေ့ကြုံနေရသော အခက်အခဲ အကျပ်အတည်းများမှ လွတ်မြောက်လျက် မကြောင့်မကြ၊ မတောင့်မတ ချောင်လည်စေနိုင်သည်ဟု ရှေးဆရာမြတ်တို့ အမှာစကားရှိပါသည်။

●

## ဘေးလွတ်ရန်ကွာ ဂါထာ

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော၊
အဂ္ဂေါ စ ဝိပါကော ဟောတိ၊
ယံ ယံ ကတ္တွာ သမိဇ္ဈတု။

### ဘေးလွတ်ရန်ကွာ ကောင်းကျိုးဖြာ ဂါထာတော် ရွတ်ဆိုရခြင်းအကျိုး

ဤဂါထာတော်သည် ရတနာသုံးပါးအား အတုမရှိ အမြတ်ဆုံးဖြစ်ကြောင်း ရွတ်ဆိုပွားများ အောက်မေ့အပ်သော ဂါထာတော်ဖြစ်သည်။ ယင်းသို့ ရတနာသုံးပါးအား အတုမရှိအမြတ်ဆုံးဟု ရွတ်ဆိုပွားများ အောက်မေ့ခြင်းကြောင့် ဘေးအန္တရာယ်ကင်းရှင်း၍ မြင့်မြတ်သော အကျိုးထူးတို့ ရရှိဖြစ်ထွန်းစေနိုင်ပါသည်။ ထို့ကြောင့် ဤဂါထာတော်ကို တလေးတစား ရွတ်ဆိုပွား များသင့်ကြပေသည်။

●

## [မ]

# မကိုဋ္ဌထွတ်ဦး အောင်ဆုထူး ဘုရားရှိခိုးတော်ကြီး

ဇယ စက္ကော ဇယန္တော ယော၊
ဇယိတဗ္ဗေ ဇယာသနေ။
ဇယာ ပေသိ ဇယေသိနံ၊
ဇယံ ဒေတု ဇယုတ္တရော။

ယော ဇယ စက္ကော= ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင်ဘုရားရှင် အကိုယ်တော်မြတ်ကြီးသည်။

ဇယာသနေ= အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်နံ့မှန်ကင်း အောင်ဗောဓိပင် ရင်း၌။

ဇယိတဗ္ဗေ= အောင်အပ်သည့်တရား မာရ်ငါးပါး အပေါင်းတို့ကို။

ဇယန္တော= အကြွင်းမဲ့ ချေမှုန်းလျက် ဖျက်ဖြုန်းကာ ပယ်ရှင်း၍ အောင်ခြင်း ကြီး အောင်တော်မူခဲ့လေပြီ။

ဇယေသိနံ= မြတ်နိဗ္ဗာန် အောင်ခန်းနှင့် အောင်ဘိသိက်ပန်း မင်္ဂဖိုလ်ကို များထိုထိုဝင်္ဋအတွင်းမှ လွတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန်သူတို့အား။

ဇယာပေသိ= ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍ ထွတ်အငူ အမြိုက်သို့ ဆိုက်ကပ်တော်မူစေ၍ အောင်စေတော်မူလေပြီ။

ဇယုတ္တရော= အောင်သူတကာတို့၏မှန်ကင်း အောင်ခြင်းတကာတို့၏ ဦးသျှောင် ထွတ်ခေါင်မြတ်သရဖူ သယမ္ဘူ မကိုဋ္ဌထီး အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီး ဖြစ်ပေထသော။

သော ဇယစက္ကော= အလုံးစုံ အောင်ခြင်းနှင့် ပြည့်စုံတော်မူသော ထိုဘုရား ရှင် ကိုယ်တော်မြတ်ကြီးသည်။

မေ= မြတ်နိဗ္ဗူ အောင်ပန်းကို ဆွတ်ချူရန် လက်လှမ်း၍ ကြိုးပမ်းကာ အာသာကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား။

ဇယံ= အောင်ခြင်းကို၊ (ဝါ) အောင်ပန်းဝေမြိုင် အောင်ဖူးတွေကြိုင်လှိုင်
သည့် အောင်သိဒ္ဓိပန်းခိုင်ကြီးကို။
ဒေတု= ပေးသနားတော်မူပါ အရှင်ဘုရား။

●

## မကြံစည်နိုင်သော အကျိုးထူးများကို ပေးနိုင်သောဂါထာ

တစ်စုံတစ်ခုကြောင့် စိတ်ပင်ပန်းနွမ်းနယ်သော် ဆိတ်ငြိမ်သောအရပ်သို့ သွားရောက်ပြီးလျှင် ငါးပါးသီလခံယူ၍ အမျှမေတ္တာပေးဝေပါလေ။ ပြီးသော် ရွှေအဆင်းနှင့်တူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် နီမြန်းသော သင်္ကန်းကိုရုံလျက် မြအဆင်းနှင့်တူသည့် ပလ္လင်တော်ပေါ်ဝယ် ဖွဲ့ခွေထိုင်နေတော်မူသော "သရီရ" ဂုဏ်တော်ကိုလည်းကောင်း-

ထို့နောက် မဖောက်မပြန် မှန်ကန်သောတရားတို့ကိုလည်းကောင်း၊ ကိုယ်တော်တိုင်သိမြင်သော "ဂုဏ်" ဂုဏ်တော်ကိုလည်းကောင်း၊ အောက်မေ့ဆင်ခြင်ပြီးလျှင် အောက်ပါဂုဏ်တော်များကို တတ်စွမ်းနိုင်သလောက် ရွတ်ဆိုပွားများခြင်း၊ ပုတီးစိပ်ခြင်းတို့ကိုပြုပါ။

(၁) ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါ ပန ပသန္နာနံ၊
အဂ္ဂေါ ဝိပါကော ဟောတိ။

(၂) ယေ ဘိက္ခဝေ ဓမ္မေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါ ပန ပသန္နာနံ၊
အဂ္ဂေါ ဝိပါကော ဟောတိ။

(၃) ယေ ဘိက္ခဝေ သံဃေ ပသန္နာ၊
အဂ္ဂေ တေ ပသန္နာ။
အဂ္ဂေ ခေါ ပန ပသန္နာနံ။
အဂ္ဂေါ ဝိပါကော ဟောတိ။

ဘိက္ခဝေ၊ ချစ်သားတို့။ ယေ၊ အကြင်သူတို့သည်။ ဗုဒ္ဓေ၊ ငါဘုရား၌၊ ပသန္နာ၊ ကြည်ညိုကုန်၏။ တေ၊ ထိုသူတို့သည်။ အဂ္ဂေ၊ အထွတ်အမြတ်ဆုံး၌၊ ပသန္နာနံ၊ ကြည်ညိုကြကုန်သော သင်တို့အား။ ခေါ၊ စင်စစ်မလွဲ။ အဂ္ဂေါ၊ ထွက်မြတ်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်လတ္တံ့။

## ရည်ညွှန်းချက်

ဤနည်းဖြင့် ဒုဓိဋ္ဌာန်ရက် (၉)ရက်၊ (၁၈)ရက်၊ (၂၇)ရက် စသည်ဖြင့် အားထုတ်ရမည်။

ထိုထက်လွန်၍ တစ်လဖြစ်စေ၊ လပိုင်းနှင့်ဖြစ်စေ၊ တစ်သက်လုံးဖြစ်စေ ကြိုးစားအားထုတ်သွားပါက စီးပွားရေးကိုသော်လည်းကောင်း၊ ရာထူးအဆင့် အတန်းကိုသော်လည်းကောင်း၊ မိမိအလိုရှိရာ အဓိဋ္ဌာန်၍ ဆုတောင်းရမည်။ အဓိဋ္ဌာန်အတိုင်း ပြည့်စုံစေပါသည်။

ဤနည်းသည် ဒိဋ္ဌလက်တွေ့နည်းဖြစ်ပါသည်။ ကိုယ်စိတ်နှစ်ပါး လျင်မြန်စွာ ချမ်းမြေ့စေပါသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေပါသည်။ သမ္မာဒေဝနတ်များ ချစ်ခင်၍ အမြဲစောင့်ရှောက်ခြင်းကို ခံရသည်။

●

# မဟာကပ္ပိနသစ္စာ သုံးဂါထာ

ကုက္ကုဋဝတီပြည်ရှင် မဟာကပ္ပိနမင်းကြီးသည် မြင်းသည်ကျော်လေးဦး တို့ကို စေလွှတ်၍ နေပြည်တော်ပတ်ဝန်းကျင်၌ ရတနာသုံးပါးသတင်းကို နေ့စဉ်စုံစမ်းစေခဲ့၏။ သို့သော် သတင်းကောင်းကို မရရှိဘဲ ဖြစ်နေခဲ့သည်။ တစ်နေ့သ၌ မင်းကြီးသည် အမတ်တစ်ထောင်ခြံရံလျက် မြင်းကိုယ်စီဖြင့် ဥယျာဉ်တော်သို့ ထွက်ခွာလာခဲ့သည်။ ထိုအခါ မင်းကြီးသည် နေပြည်တော်မှ ယူဇနာ (၁၂၀)ဝေးကွာသော သာဝတ္ထိပြည်မှလာကြသည့် ကုန်သည်ငါးရာကို တွေ့၍ သတင်းစကားကိုမေးမြန်းရာ သာဝတ္ထိပြည်တွင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ပွင့်ထွန်းနေကြောင်း သတင်းကောင်းကို ကြားလိုက်ရသည်။ ထိုသတင်းကောင်းအတွက် အသပြာသုံးသိန်းကို ကုန်သည်ငါးရာအား ပေးသနားပူဇော်လိုက်သည်။

မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် အချင်းချင်းတိုင်ပင်ကြပြီးရောက်ရာ နေရာမှပင် မြတ်စွာဘုရားထံ ဆက်လက်သွားရောက်၍ ရဟန်းပြုကြရန်ဆုံးဖြတ်ကြသည်။ သိန္ဓောမြင်းကိုယ်စီစီး၍ သာဝတ္ထိပြည်သို့ ထွက်လာခဲ့ကြရာ လမ်းတွင် တစ်ဂါဝုတ်နက်၍ နှစ်ဂါဝုတ်ကျယ်သော အပရစ္ဆာမြစ်ကြီး ရှေ့က ဆီးနေသည်ကို တွေ့ကြရသည်။

ထိုအခါ မင်းကြီးသည် တစ်ဖက်ကမ်းသို့ကူးသွားနိုင်ရန် လှေမရှိ ဖောင်မရှိဖြစ်ပြီး အခက်တွေ့နေသဖြင့် "ငါသည် ရတနာသုံးပါးကို ရည်စူး၍ တောထွက်လာသူ စင်စစ်ဖြစ်ပေ၏။ ငါ့အဖို့ ရတနာသုံးပါးတို့၏ အာနုဘော်ကြောင့် ဤရေသည် ရေကဲ့သို့မဖြစ်ပါစေသတည်း"ဟု ဘုရားဂုဏ်ကို အာရုံပြု၍ ဖော်ပြလတ္တံ့ပါဂါထာကို နှုတ်မှရွတ်ဆိုကာ အခြံအရံအမတ်တစ်ထောင် သိန္ဓောမြင်းတစ်ထောင်နှင့်တကွ အပရစ္ဆာမြစ်ကိုဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် မြေပြင်ပေါ်၌ကဲ့သို့ ပြေးသွားကြရသည်။ ခွာဖျားတို့ကိုပင် ရေကြည် တစ်ပေါက်မျှ မစွတ်စိုပေ။

### ပထမအပရစ္ဆာမြစ်ကြီးကို ဖြတ်ကူးစဉ်
### မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသောဂါထာ

ဘဂဝသောတံ ဟာဝေ ဗုဒ္ဓေါ၊ တိဏ္ဏော လောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

### ဂါထာအနက်

ဗုဒ္ဓေါ၊ ဗုဒ္ဓမည်ရ လောကထွက်ထား မြတ်စွာဘုရားသည်။ ဟာဝေ၊ စင်စစ်။ ဘဂဝသောတံ၊ ဘဝသုံးသွယ် ရေပြင်ကျယ်ကို။ တိဏ္ဏော၊ နိဗ္ဗူထုတ်ခြောက် ကူးမြောက်တော်မူပြီးလေပြီ။ လောကန္တဂူ၊ လောက၏အဆုံးသို့ရောက်တော်မူလေပြီ။ ဝိဒူ၊ ခပ်သိမ်းသော တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူလေပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်၏။ ဂမနံ၊ မြတ်ဘုရားထံမှောက် သွားရောက်ခြင်းသည်။ သမိဇ္ဈတု၊ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် ထိုအပရစ္ဆာမြစ်ကို ကူး၍ ရှေ့သို့ ခရီးဆက်ခဲ့ရာ ယူဇနာတစ်ဝက်နက်ပြီး ယူဇနာတစ်ဝက်ခန့်ကျယ်သော နီလဝါဟိနီမြစ်ကြီး ဆီးနေသည်ကို တွေ့ကြရပြန်သည်။

မင်းကြီးသည် မြစ်ကိုကူးရန် လှေမရှိ ဖောင်မရှိဖြစ်နေသဖြင့် တရားဂုဏ်တော်ကို အာရုံပြု၍ ဖော်ပြလတ္တံ့ပါဂါထာကို နှုတ်မှရွတ်ဆိုလျက် အခြံအရံ အမတ်တစ်ထောင်၊ သိန္ဓောမြင်းတစ်ထောင်နှင့်အတူ နီလဝါဟိနီမြစ်ကို ဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် မြေပြင်ပေါ်မှာကဲ့သို့ ပြေးသွားကြရသည်။ ခွာဖျားတို့ကိုပင် ရေကြည်တစ်ပေါက်မျှ မစွတ်စိုပေ။

## ဒုတိယ နီလဝါဟိနီမြစ်ကို ဖြတ်ကူးစဉ် မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသောဂါထာ

ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စစ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု

## ဂါထာအနက်

မဂ္ဂေါ၊ အရိယမဂ်လေးပါးသည်။ ယဒိ၊ စင်စစ်။ သန္တိဂမော၊ နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်၏။ မောက္ခောစ၊ အရိယမဂ်ဖြင့် ရောက်အပ်သော နိဗ္ဗာန်တရားမြတ်သည်လည်း။ စစ္စန္တိကံ သုခံ၊ ချမ်းသာစင်စစ် ကေန်ဖြစ်၏။ ဧတေန သစ္စဝဇ္ဇေန၊ ဝစီမဂ်လာ ဤသစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်၏။ ဂမနံ၊ မြတ်ဘုရားထံမှောက် သွားရောက်ခြင်းသည်။ သမိဇ္ဈတု၊ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် နီလဝါဟိနီမြစ်ကို ဖြတ်ကူး၍ ရှေ့သို့ ခရီးဆက်ခဲ့ရာ တစ်ယူဇနာနက်ပြီး တစ်ယူဇနာကျယ်သော စန္ဒဘာဂါမြစ်ကြီး ဆီးနေသည်ကို တွေ့ကြရပြန်သည်။ မင်းကြီးသည် မြစ်ကို ကူးရန် လှေမရှိ ဖောင်မရှိ ဖြစ်နေသဖြင့် သံဃာ့ဂုဏ်ကို အောက်မေ့ကာ ဖော်ပြလတ္တံ့ပါဂါထာကို နှုတ်မှရွတ်ဆိုလျက် အခြံအရံအမတ်တစ်ထောင်၊ သိန္ဓောမြင်းတစ်ထောင်တို့နှင့်တကွ စန္ဒဘာဂါမြစ်ကိုဖြတ်ကူးရာ သိန္ဓောမြင်းတို့သည် မြေပေါ်၌ကဲ့သို့ ပြေးသွားကြရသည်။ ခွာဖျားကိုပါ ရေကြည်တစ်ပေါက်မျှ မစွတ်စိုချေ။

## တတိယ စန္ဒဘာဂါမြစ်ကြီးကို ဖြတ်ကူးစဉ် မဟာကပ္ပိနမင်းကြီး ရွတ်ဆိုသောဂါထာ

သံဃော စေ တိဏ္ဏောကန္တာရော၊ ပုညက္ခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

## ဂါထာအနက်

သံဃော၊ အရိယာသံဃာတော်မြတ်သည်။ ဝေ၊ စင်စစ်။ တိဏ္ဏကန္တာရော၊ သံသရာခရီးခဲကို ကူးမြောက်ပြီး ဖြစ်တော်မူပေ၏။ အနုတ္တရော၊ အတုမရှိ လွန်မြတ်ဘိသော။ ပုညက္ခေတ္တော၊ ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာ မြေစစ် ပုညခေတ်လည်း ဖြစ်ပါပေ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်၏။ ဂမနံ၊ မြတ်ဘုရားထံမှောက် သွားရောက်ခြင်းသည်။ သမိဇ္ဈတု၊ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် စန္ဒဘာဂါမြစ်ကို ဖြတ်ကူးကြပြီးနောက် မြတ်စွာဘုရားထံမှောက် ရောက်ရှိကြ၍ တရားနာ ကြရသဖြင့် အားလုံး သောတာပတ္တိဖိုလ်၌ တည်ကြပြီး ဧဟိဘိက္ခုရဟန်း ဖြစ်လာကြသည်။ ထို့နောက် ယင်းရဟန်းတော်အားလုံးသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာချည်း ဖြစ်တော်မူကြလေသည်။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ မြတ်စွာဘုရားထံ သွားရောက် ကြကြောင်း ကုန်သည်ငါးရာ၏ ပြောကြားချက်အရ သိရှိရသော အနောဇာဒေဝီ နှင့် အမတ်ကတော်တစ်ထောင်တို့သည်လည်း မဟာကပ္ပိနမင်းနှင့် အမတ် တစ်ထောင်နည်းတူ မြတ်စွာဘုရားထံ လိုက်သွားကြရာ မြစ်သုံးမြစ်ကို ဖော် ပြခဲ့ပြီးသော ဂါထာသုံးဂါထာရွတ်၍ ကူးနိုင်ကြသည်။ မြတ်စွာဘုရားထံ ရောက်သောအခါ တရားတော်ကိုနာကြားရပြီး အားလုံး သောတာပန်ဖြစ် ကြကာ ဥပ္ပလဝဏ်ထေရီမ၏ ဆောင်ရွက်ပေးမှုကြောင့် အားလုံး ဘိက္ခုနီမ ဖြစ်လာကြသည်။

မိမိတို့ခရီးသွားရာတွင် (ဝါ) စစ်ထွက်ရာတွင် ဖော်ပြပါမြစ်ကူးဂါထာ သုံးဂါထာကို ရွတ်ဆိုသွားလျှင် လမ်းခရီး အဆီးအတား အန္တရာယ် မုချကင်း မည်ဖြစ်သည်။ ရတနာသုံးပါးဂုဏ်ကို အာရုံပြု၍ ယုံကြည်စွာ ရွတ်ဆိုရန် ဖြစ်ပေသည်။

●

# မြတ်စွာဘုရားကိုယ်တိုင်ဟောကြားခဲ့သော

## ဂါထာသုံးပုဒ်

၁။ အနုစ္စာဝ စ သီလဿ၊ နိပကဿ စ ဈာယိနော။
စိတ္တံ ယဿ ဝသီဘူတံ၊ ဧကဂ္ဂံ သုသမာဟိတံ။

၂။ တံဝေ တမော နုဒံမိရုံ၊ တေဝိဇ္ဇံ မစ္စုဟာယိနံ။
ဟိတံ ဒေဝမနုဿာနံ၊ အာဟု သဗ္ဗပဟာယိနံ။
၃။ တီဟိ ဝိဇ္ဇာဟိ သမ္ပန္နံ၊ အသံမုဠှ ဝိဟာရိနံ။
ဗုဒ္ဓံ အန္တိမဒေဟိနံ၊ တံ နမဿာမိ ဂေါတမံ။
(တိကနိကာယ်-အဝံ့တွဲ့ရ်)

## မြန်မာပြန်အနက်

(၁) ပစ္စေကဗုဒ္ဓါ သာဝကတို့ထက် လွန်မြတ်သည့် သီလရှိတော်မူပေထ သော-

- ထက်မြက်ရင့်သန် အသိပညာဂုဏ်လည်း ရှိတော်မူပေထသော။
- ဈာန်ချမ်းသာကို မပြတ်မွေ့လျော် ဝင်စားလေ့လည်း ရှိတော် မူပေထသော။
- အကြင် မြတ်စွာဘုရား၏ စိတ်နှလုံးတော်တို့သည် ဈာန်အရာ၌ ပိုင်ပိုင်နင်းနင်း လေ့လာတော်မူနိုင်သည်ဖြစ်၍ တစ်ခုတည်းသော အာရုံမြတ်၌ တည်နေတော်မူပေ၏။ လွန်စွာမသေ့ ငြိမ်သက် တည်ကြည်တော်မူပါပေ၏။

(၂) ထိုရှင်တော်မြတ်ဘုရားကို-

- လွန်စွာဖိစီး အဝိဇ္ဇာအမှောင်မိုက်ကြီးကို ပယ်ဖျောက်ပြီးသော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍လည်းကောင်း။
- နှိုင်းယှဉ်မရ ထူးလွန်ထူးကဲသော ပညာရှိပုဂ္ဂိုလ်မြတ်ကြီး တစ်ပါး ဟူ၍လည်းကောင်း။
- ဝိဇ္ဇာဉာဏ် သုံးပါးရှိထသော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍ လည်းကောင်း။
- ဓမ္မတာအမှန် မစ္စုမာရ်ကို အကျန်မထား ပယ်ရှားစွန့်ပစ်ပြီး သော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍ လည်းကောင်း။
- ဗြဟ္မာ၊ နတ်၊ လူ ခပ်သိမ်းသူတို့၏ စီးပွားချမ်းသာ အဖြာဖြာ ကို ရွက်ဆောင်ပေးတတ်သော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍ လည်းကောင်း။

- အလုံးစုံသော ဝဋ်ဆင်းရဲ ဘေးရန် အထွေထွေကို အကျွန် မထား ဖယ်ရှားစွန့်ပစ်ပြီးသော ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍လည်းကောင်း။
- ပညာရှိ သူတော်ကောင်းတို့သည် မုချအမှန် ဧကန်စင်စစ် ချီးမွမ်းပြောဆိုကုန်ကြလေပြီ။

(၃) သုံးပါးသော ဝိဇ္ဇာဉာဏ်တို့နှင့် ကုံလုံကြွယ်ဝ ပြည့်စုံတော်မူထသော မတွေမဝေ သိတင်းသုံး၍ နေထိုင်လေ့လည်း ရှိတော်မူပေထသော–

- အဆုံးစွန်သော ကိုယ်ခန္ဓာဘဝကိုလည်း အောင်တော်မူပေထသော။
- ဂေါတမအမည်လည်း ရှိတော်မူပေထသော။
- ထိုရှင်တော်ဘုရားကို။
- တပည့်တော်သည် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏ ဘုရား။

**မှတ်ချက်။** ။ အထက်ပါဂါထာသည် မြတ်စွာဘုရားကိုယ်တော်တိုင် ဖွဲ့နွဲ့သီကုံး၍ ပုဏ္ဏားကြီးတစ်ယောက်အား သင်ကြားပြသပေးသော ဘုရားရှိခိုးကြီးဖြစ်ပါသည်။

## တိုက်တွန်းချက်

အထက်ပါဂါထာတော်မြတ်ကြီးကို နှုတ်ငုံအရဆောင်၍ မြန်မာပြန်ကို စိတ်နှလုံးတွင် ပီတိစိတ်များ တဖွားဖွား ပေါ်လာအောင် နှလုံးသွင်း၍ ရွတ်ဖတ်သရဇ္ဈာယ်ပါကုန်။

မြတ်စွာဘုရား၏ သွင်ပြင်လက္ခဏာတော် ကြီး,ငယ် အသွယ်သွယ်နှင့်တကွ သန့်စင်မွန်မြတ်လှသော ကိုယ်တော်၏ တည်ငြိမ်ခြင်း အသွင်သဏ္ဌာန်တို့ကို စိတ်နှလုံးတွင် ထင်ဟပ်၍ ကြည်ညိုကြပါကုန်။

ဤသို့ မြတ်စွာဘုရား၏ ကြည်လင်သန့်စင် မွန်မြတ်သော သွင်ပြင်လက္ခဏာ ဂုဏ်ဒြပ်တို့ကို နှလုံးအိမ်၌ ကိန်းဝပ်နေသူတို့သည် လောကီပူလောင်ခြင်းတို့မှ ကင်းဝေးပါသည်။ စိတ်နှလုံး တည်ငြိမ်ချမ်းမြေ့၍ မျက်နှာသည် အစဉ်ကြည်လင်နေပါသည်။ ကိုယ်စိတ်နှစ်ပါးချမ်းသာ၍ လောကီ၊လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို ပေးပါသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်မြတ်ကို ထပ်တလဲလဲ မမေ့မလျော့ ရွတ်ဖတ်သရဇ္ဈာယ်သူတို့သည် ဘုန်းတန်ခိုးကြီးခြင်း၊ အသက်ရှည်ခြင်းတို့ဖြင့် ပြည့်စုံစေပါသည်။ ထို့ကြောင့် မမေ့မလျော့သော သတိဖြင့် ပီတိပွားကြပါကုန်။

●

## မဟာဝေဒဗ္ဗ မန္တန်တော်ကြီးအကြောင်း

မဟာဝေဒဗ္ဗ မန္တန်တော်ကြီးသည် နေသိဒ္ဓိနက္ခတ်စန်းနှင့် ယှဉ်သောကာလ၌ ကောင်းကင်သို့ မော်ကြည့်၍ ရွတ်ဖတ်ပါလျှင် ရတနာမိုးရွာကြောင်း ငါးရာငါးဆယ် နိပါတ်တော်၌ လာရှိပေသည်။

ဗာရာဏသီတိုင်းမှ မဟာဝေဒဗ္ဗမန္တန်ကို တတ်မြောက်သော ဆရာပုဏ္ဏားနှင့် တပည့်ပုဏ္ဏား နှစ်ဦးသားတို့သည် စေတတိုင်းသို့ ခရီးထွက်ရာလမ်းတွင် "စောရကန္တရ" ခေါ် တောအုပ်ကြီးတစ်ခုကို ဖြတ်သန်းရာ၌ ခိုးသားငါးရာနှင့် တွေ့ပြီး အဖမ်းခံရလေသည်။

ထိုခိုးသားဓားပြတို့သည် သားနှင့်အဖ ဖမ်းမိပါက အဖကိုချုပ်နှောင်၍ သားကို ငွေယူခိုင်းခြင်း၊ သမီးနှင့်အမိ ဖမ်းမိပါက အမိကိုချုပ်နှောင်၍ သမီးကို ငွေယူခိုင်းခြင်း အလေ့ရှိကြသဖြင့် ယခု ဆရာနှင့်တပည့် ဖမ်းမိရာတွင် ဆရာကို ချုပ်နှောင်ထားပြီး တပည့်ကို ငွေရှာဖွေ၍ လာရွေးရန်မှာကြားပြီး ပြန်လွှတ်လိုက်လေသည်။

တပည့်ဖြစ်သူက ပြန်ခါနီးတွင် ဆရာအား မှာကြားသည်မှာ "ယနေ့ နှစ်ရက်-သုံးရက်အတွင်း နေသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်မည်ဖြစ်ရာ ချုပ်နှောင်ထားသော ဝေဒနာကြောင့် သည်းမခံနိုင်ဘဲ ဆရာ မန္တန်မရွတ်ပါနှင့် ခဏအောင့်အည်း သည်းခံပါ။ တပည့်ငွေရှာ၍ အမြန်ပြန်လာပါမည်" ဟု အကြိမ်ကြိမ် အထပ်ထပ် မှာကြားခဲ့လေသည်။

တပည့်ပြန်မလာမီ နေသိဒ္ဓိနက္ခတ်စန်းနှင့် ယှဉ်လတ်သောအခါ ဆရာက "ရွှေ ငွေ အသပြာလိုချင်ပါက မိမိအား ချုပ်နှောင်ထားရာမှဖြည်၍ ရေမိုးချိုးကြလော့" ဟုဆိုကာ ရေမိုးသန့်စင်စေပြီး ကောင်းကင်ယံသို့မော့ကြည့်လျက် မဟာဝေဒဗ္ဗမန္တန်တော်ကို ရွတ်ဆိုရာ ရတနာမိုး ရွာသွန်းလေတော့သည်။ သူခိုး ဓားပြများလည်း ရွှေ ငွေ ဥစ္စာများကိုရသဖြင့် ဆရာကြီးကို ပြန်လွှတ်ပေးလိုက်လေသည်။

ထိုခိုးသား ဓားပြများထံမှ ငွေကြေးအသပြာများကို မြင်တွေ့ရသော အခြား ခိုးသားငါးရာတို့က ထိုအကြောင်းကို သိသဖြင့် တစ်ဖွဲ့ကလွှတ်လိုက်သော ဆရာကြီးအား နောက်တစ်ဖွဲ့က ထပ်မံဖမ်းဆီး၍ ကောင်းကင်မှ ရွှေမိုး ငွေမိုး ရွာချစေရန် စီမံခိုင်းလေတော့သည်။

ပုဏ္ဏားဆရာကြီးက ခနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ခိုက်သာ ရွတ်၍ ရတနာမိုး ရွာနိုင်ပါတယ်။ ယခု ခနသိဒ္ဓိနက္ခတ်နှင့် စန်းမယှဉ်တော့သဖြင့် ရတနာမိုး ရွာမချနိုင်တော့ကြောင်း ပြောရာ မယုံကြည်၍ အကြိမ်ကြိမ် ခိုင်းမရသည့် အဆုံး ဆရာကြီးအား သတ်ပစ်လိုက်လေတော့သည်။

အမြော်အမြင်ရှိသော တပည့်လိမ္မာ၏ စကား နားမထောင်သဖြင့် ပညာရှိ သော်လည်း မြော်မြင်ဉာဏ်နှင့် ဆင်ခြင်တုံတရား မရှိသည့်ဆရာမှာ အသက် ဆုံးရှုံးရလေသည်။

ဤဝေဒဗ္ဗ မန္တန်ဇာတ်တော်မှာ ဘုရားဟော ငါးရာ့ငါးဆယ် ဇာတ်နိပါတ် တွင် အထက်ဖော်ပြပါအတိုင်း ပါရှိလေသည်။ ယင်းသို့ ပါရှိသော်လည်း ဇာတ်လမ်းသာ ပြည့်စုံစွာပါရှိပြီး ခနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်သည့်အခါ ရွတ် ဆိုရမည့် ဝေဒဗ္ဗမန္တန်တော်မှာမူ မပါရှိချေ။ သုတ္တန်ပိဋကတ်ပါ ဂါထာတော် များအရ ဇာတ်လမ်းကိုသာ မြန်မာပြန်ရ၍ ရွှေမိုး ငွေမိုး ရွာချစေနိုင်သည့် ဂါထာရှာမရချေ။

သို့သော် ရှေးဆရာကြီးများ စဉ်ဆက် ထိန်းသိမ်း ရွတ်ဆိုခဲ့ကြသည့် "မဟာဝေဒဗ္ဗမန္တန်တော်ကြီး" ဟု အမည်တွင်သော ဂါထာတစ်ပုဒ် ရှိနေပေ သည်။

လောကီသိဒ္ဓိလမ်းကို လိုက်စားကြသူများမှာ ၎င်းဝေဒဗ္ဗမန္တန်တော်ကြီးဟု ထင်မှတ်နေကြလေသည်။ ဘုရားဟော ဝေဒဗ္ဗဇာတ်တော်မှာ ဖြစ်ပုံပျက်ပုံကို သာ ဟော၍ ရွတ်ဆိုသောဂါထာ မန္တန်တော်ဟူ၍ ဟောကြားတော် မမူခဲ့ချေ။

ထိုသို့ မဟောခဲ့သဖြင့် မဟာဝေဒဗ္ဗဇာတ်တော်တွင် လိုနေသော ကွက်လပ် ဖြစ်နေသော ခနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန် ရွတ်ဆိုလိုက်လျှင် ရွှေ၊ ငွေ၊ ရတနာမိုး ရွာသွန်းဖြိုးချစေသော မဟာဝေဒဗ္ဗမန္တန်ဟု အမည်တွင်မည့် မန္တန် တစ်ပုဒ်ကို လောကီ လောကုတ္တရာ ပညာ ဗဟုသုတ စွယ်စုံရ ရှေးဆရာတော် ကြီးများ စီရင်၍ ထားခဲ့ကြဟန်တူပေသည်။

ထိုမဟာဝေဒဗ္ဗမန္တန်တော်မှာ ဘုရားဟော မဟုတ်သော်လည်း ရတနာသုံးပါး ၏ ဂုဏ်တော် ကျေးဇူးတော်များကို ဖွဲ့ဆိုထားသည့်ပြင် သစ္စာပြု ဆုတောင်း

ခန်း ပါရှိသဖြင့် ရှိသေလေးစားထိုက်၊ အားကိုးအားထားပြုထိုက်သော မန္တန်တော်ဖြစ်ပါသည်။

## မဟာဝေဒဗ္ဗဇာတ်တော်ပါ မန္တန်တော်ရွတ်ဆိုနည်း

(၁)မန္တန်တော် ရွတ်ဆိုကာနီးတွင် ဦးခေါင်းမှလောင်း၍ ရေချိုးရမည်။
(၂)ဝတ်ဖြူစင်ကြယ်ဝတ်၍ ငါးပါးသီလ ခံယူဆောက်တည်ရမည်။
(၃)ပြီးလျှင် အမွှေးနံ့သာလိမ်း၍ ပန်းပန်ဆင်ရမည်။
(၄)နောက် ကောင်းကင်သို့မော့ကြည့်ပြီး မဟာဝေဒဗ္ဗမန္တန်တော်ကို ရွတ်ဆိုရမည်။

●

# မဟာဝေဒဗ္ဗမန္တန်

## ဤမန္တန်တော်ကြီး မရွတ်ဖတ်မီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ဟူ၍ (၃)ခေါက် ရွတ်ဆိုပါ။

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဣတိပိ သော ဘဂဝါ အရဟံ
သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော
သုဂတော လောကဝိဒူ အနုတ္တရော
ပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ
မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။
နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ။
သွာက္ခာတော ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော အကာလိကော
ဧဟိပဿိကော ဩပနေယျိကော

ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။
နတ္ထိ မေ သရဏံ အညံ၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎ နံ၊ ဟောတု မေ သုခဝဍ္ဎ နံ။

(၃) သံဃံ သရဏံ ဂစ္ဆာမိ။
သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော။
အာဟုနေယျော၊ ပါဟုနေယျော၊
ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။
နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎ နံ၊ ဟောတု မေ သုခဝဍ္ဎ နံ။

(၄) သမာဒိယိံ ပဉ္စသီလံ၊ အဋ္ဌင်္ဂမ္ပိ သုဒေသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎ နံ၊ ဟောတု မေ သုခဝဍ္ဎ နံ။

(၅) န ဇီဝိတအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎ နံ၊ ဟောတု မေ သုခဝဍ္ဎ နံ။

(၆) န ဉာဏ အန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎ နံ၊ ဟောတု မေ သုခဝဍ္ဎ နံ။

(၇) န ရသ္မိအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎ နံ၊ ဟောတု မေ သုခဝဍ္ဎ နံ။

(၈) ဗုဒ္ဓေါ အဘိဇ္ဈကာယောပိ၊ နတ္ထိ လောဟိတ သူဒနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎ နံ၊ ဟောတု မေ သုခဝဍ္ဎ နံ။

(၉) သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
(၁၀) သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
(၁၁) သဒ္ဓါ မေ သံဃသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
(၁၂) နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠ် န ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝသ္ထု သတ္တရတနာ။
နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠ် န ဝိဇ္ဇာတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝသ္ထု သတ္တရတနာ။
နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတံ သရဏံ ဥပေမိ၊ မယိ ကာဠ် န ဝိဇ္ဇာတိ။
ဧတေန သစ္စဝဇ္ဇေန၊ ပဝသ္ထု သတ္တရတနာ။

မဟာဝေဒဗ္ဗ မန္တန်တော်ကြီးပါဠိ ပြီး၏။

## မဟာဝေဒဗ္ဗမန္တန်တော် ရွတ်ဆိုရခြင်းအကျိုး

နိပါတ်တော်လာအတိုင်း စည်းစိမ်ဥစ္စာ ရတနာ ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုး သကဲ့သို့ တိုးတက်ကြီးပွားစေနိုင်လေသည်။

ရှေးဆရာကြီးများက တစ်နေ့ (၂၇)ကြိမ် ရွတ်ဆိုရမည်ဟု ဆိုထားရာ အမိဋ္ဌာန်ထား၍ နိစ္စဗဒ် ဝတ်ပြု ရွတ်ဆိုသွားပါက မုချထူးခြားရမည်သာ ဖြစ်ပေသည်။ ရတနာ သုံးပါးအပေါ်တွင် ဂုဏ်တော်ကို ပေါ်နိုင်သလောက် ပေါ်အောင် စီမံထားသဖြင့် ပွားများရခြင်း၏ အကျိုးမှာ လွန်စွာများပြားလှ၍ အနန္တကျေးဇူးကို မုချမလွဲ ရမည်သာဖြစ်၏။

●

# မာရ်နတ်သားအောင် ဂါထာတော်

ယော မာရသေန မာသန္န၊
မာသန္န ဝိဇယုဿဂေါ။
တိဏာယပိ န မညိတ္တ၊
ဧသာမေ ဒေတု ဇယံ ဓိနော။

## ဂါထာအနက်

အာသန္နဝိဇယုဿဝေါ-

ငါးပါးမာန်ဟုန် ရန်သူပုန်ကို ဘုန်းဂုဏ်ခြောက်ဆင့် အောင်မြင်ဝင့်၍ အောင်ပွဲယူရန် ဖြစ်တော်မူသော။ ယော ဓိနော၊ အောင်ဇေယျာပိ အောင်ဒိဒ္ဓိနှင့် ဗောဓိညွန့်ရှင် အောင်ပလ္လင်ဝယ် ငါးအင်မာရ်ယုတ် ရန်ခလုတ်ကို တစ်မဟုတ်ရှောင်တခင် ဗောဓိညွန့် အောင်လံတင်၍ အောင်ပလ္လင်ထံရိပ်မှာ အောင်ဘိသိက် သွန်းလောင်းတော်မူသော မြတ်စွာဘုရားသည်။ အာသန္န၊ ဗုဒ္ဓဟောနန်းပလ္လင်ခန်းကို အရမ်းနယ်ချဲ့ လုမယ်ဟဲ့လို့ အတုမဲ့ပရမေ ဘုန်းမြတ်ထံတော်နီးသို့ တစ်ဟုန်တည်း ချီတက်လာသော။ မာရသေနံ၊ ကမ္ဘာမြေပြင် ကောင်းကင်တစ်ဝိုက် ပွဲတင်ရိုက်မျှ တိုက်ဖို့ရည်ရွယ် မာရ်နတ်မင်းနှင့်တကွ စစ်သည်ရဲမက်တွေကို။ တိဏာယပိ၊ ကြောက်စိတ်လန့်စိတ် အရိပ်မထင် ဆံခြည်တစ်မျှင် မြက်တစ်ပင်ကလေးမျှ မဟုတ်မဆွန့် နောက်မတွန့်ဘဲ။ နမညိတ္တ၊ ပါရမီဘုန်းလက်နက်ဖြင့် စစ်မက်များစွာ ချီတက်လာလည်း အရာမရောက် အရေးမယူရန် ငြိုးသူမာရ်နတ် သင်းတို့ကို ခွင်လုံးပင် ခေါင်းနင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။ သောဓိနော၊ ထိုမာရ်နတ်၏ရန်ကို အောင်မြင်တော်မူခဲ့သော သုံးလောကထွတ်တင် ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ(   )ခေါ် သမုတ် ဘုရားတပည့်တော်အား။ ဇယံ၊ ဘေးရန် အသွယ် အန္တရာယ်အပေါင်း ရန်ဆူးရန်ငြောင့်တို့ကို မကြောင့်မကျ အောင်နိုင်ရန် ဣဋ္ဌမင်္ဂလာ အဖြာဖြာနှင့် အောင်ရာအောင်ကြောင်း အောင်ဆုမြတ်အပေါင်းကို။ ဒေတု၊ ယနေ့မှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ဂုဏ်ရောင်ထွန်းတောက် တစ်မိုးအောက် တစ်ယောက်ထင်ပေါ် တိုင်းလုံးကျော်၍ ဘုန်းတေဇာ ထောင်ရောင်မီးကဲ့သို့ မြတ်စည်းစိမ် အဆောင်အယောင်ကြီးတို့ဖြင့် ပြောင်ပြောင်ညီး အောင်ပွဲဆင်ရအောင် အောင်ဆုကြီးပေးတော်မူပါ အရှင်ဘုရား။

မှတ်ချက်။ ။ အရှင် သံဃရက္ခိတ မဟာသာမိမထေရ် စီရင်ရေးသားသော "သုဗောဓာလင်္ကာရ" ကျမ်းလာ ဂါထာအမှတ် (၁၀၆)မှ ဖြစ်သည်။ ဤဂါထာကို အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက အနက်ပြန်ဆို၍ အလင်္ကာဘာသာ ဋီကာတွင် ဖော်ပြထားသည်။ မြတ်စွာဘုရားသခင်သည် အတွင်းအောင်ခြင်းတွင် ပါဝင်သော မာရ်နတ်မင်း၏ရန်ကို အောင်မြင်တော်မူသကဲ့သို့ ရန်အပေါင်းကို အောင်မြင်စေရန် အထက်ပါဂါထာတော်ကို ရွတ်ဆိုပွားများပါလေ။

●

## မနောမယိဒ္ဓိဂါထာတော်ကြီး

(၁) ယဿ–ဒသက္ခရာ–အ–သံ၊
ဝိ–သု–လော–အ–ပု–သ–ဗု–ဘ။
ဝ သော–ပဂုဏာ, တျ တ္တော၊
မနသာ–သော–သုခံ–လဘီ။

(၂) ယဿ–အဋ္ဌက္ခရာ–အဋ္ဌ၊
သော–သော–သ–သ–အ–အ–အ–အ။
ဝစသာ–ပဂုဏာ, တျာ, တ္တော၊
မနသာ–သော–သုခံ–လဘီ။

(၃) သံ–ဝိ–စာ–ပု–က–ယ–ပါဒိ၊
ပါ–ပါ–မ–ရူ–ပ–အာဒိကာ။
ဒီ–မ–သံ–အ,စုံပုဗ္ဗာဝ၊
သကလတ္တာကာသကာ။

* (–) ဤ အမှတ်ပြထားသည့်နေရာတွင် စိုးစဉ်းမျှဖြတ်၍ ရွတ်ရန်။
* ( ၊ ) သန္ဓိစပ်ဟုမှတ်ပါ။

ဤဂါထာတော်ကြီးကား အမျိုးကောင်းသားတို့အကျိုးငှာ ရေးကျမ်းဂန်တက် ဆရာတော်ကြီးများ ဉာဏ်စေစား၍ ရေးသားခဲ့သော ဂါထာတော်ကြီး ဖြစ်ပေ

သည်။ "အ-သံ-ဝိ-သု-လော-အ-ပ-သ-ဗု-ဘ" ဟူသော အက္ခရာ (၁၀)လုံး၏အနက်ကို နှုတ်ဖြင့် လေ့ကျင့်သူသည် စိတ်ချမ်းသာမှုကိုရလေသည်။ ဘုရားဂုဏ်တော် (၁၀)ပါးကို နှုတ်ဖြင့် လေ့ကျင့်ရွတ်ဆိုခြင်း ဗုဒ္ဓ-သရဏံ-ဂစ္ဆာမိ သရဏဂုံ အချုပ်ပင်ဖြစ်သည်။ စိတ်ဖြင့်ပွားများလျှင် ဗုဒ္ဓါနုဿတိ ဘာဝနာ ဖြစ်လေသည်။

အ-မှာ အရဟံ၊ သံ-မှာ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိ-မှာ ဝိဇ္ဇာစရဏသမ္ပန္နော၊ သု-မှာသုဂတော၊ လော-မှာ လောကဝိဒူ၊ သ-မှာ သတ္တာဒေဝမနုဿနံ၊ ဗု-မှာဗုဒ္ဓေါ၊ ဘ-မှာ ဘဂဝါဖြစ်၏။ ဂုဏ်တော် ၉-ပါးကို ခြုံးထားသည်။

ဒုတိယဂါထာတော်ကြီးမှာ သံဃသရဏံ ဂစ္ဆာမိ သံဃ သရဏံ အချုပ် သံဃာနုဿတိ ဘာဝနာပင်ဖြစ်၏။ "သော-သော-သ-သ-အ-အ-အ-အ-" ဟူသော အက္ခရာရှစ်လုံးအနက်ကို နှုတ်ဖြင့် ရွတ်ဆိုလေ့ကျင့်အံ့။ ထိုသူသည် စိတ်ချမ်း သာမှုကို ရရှိလေပြီဟု ဆိုထားသည်။

သော-ကား သောတာပတ္တိမဂ္ဂဋ္ဌာန်၊ သော-သောတာပတ္တိဖလဋ္ဌာန်၊ သ-ကား သကဒါမိမဂ္ဂဋ္ဌာန်၊ သ-ကား သကဒါဂါမိဖလဋ္ဌာန်၊ အ-ကား အနာဂါမိဖလဋ္ဌာန်၊ အ-ကား အနာဂါမိဖလဋ္ဌာန်၊ အ-ကား အရဟာတ္တမဂ္ဂဋ္ဌာန်၊ အ-ကား အရဟာတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ဖြစ်၏။ အရိယာ-သံဃာတော်တို့ကို ချုံးထားသည်။ ထိုအရိယ သံဃာ့ဂုဏ်တော်ကို ရွတ်ဖတ်လေ့ကျင့်လျှင် ချမ်းသာသုခ ရရှိမည်ဖြစ်၏။

တတိယဂါထာတော်ကြီးမှာ ပိဋကသုံးပုံ အကျဉ်းချုံးထားလေ၏။ သံ-ဝိ-ဓာ-ပု-က-ယ-ပ အက္ခရာ အစရှိ အဘိဓမ္မာရကျမ်း၊ ပါ-ပါ-မ-စူ-ပ အက္ခရာ အစရှိ ဝိနယပိဋကပါဠိတော် ဒီ-ပ-သံ-အ-ခုံ-အက္ခရာ ရှေးရှိတဲ့ နိကာယ်ငါးရပ်အနက် အားလုံး ထင်ရှားပြထားပါသည်။

နှုတ်ဖြင့်ရွတ်ဆို လေ့ကျင့်ပွားများပါ၊ စိတ်ချမ်းမြေ့မှုရ၏ဟု ဆိုထားပါသည်။ ဓမ္မံ သရဏံ ဂစ္ဆာမိ သရဏဂုံအချုပ်၊ ဓမ္မာနုဿတိ ဘာဝနာဖြစ်သည်။

သံ-ဓမ္မသင်္ဂဏီ၊ ဝိ-ဝိဘင်း၊ ဓာ-ဓာတုကထာ၊ ပု-ပုဂ္ဂလပညတ်၊ ယ-ယမိုက်၊ ပ-ပဋ္ဌာန်၊ အဘိဓမ္မာပိဋကပါပင်။

ပါ-ပါရာဇိကဏ်၊ ပါ-ပါစိတ်၊ မ-မဟာဝါ၊ စူ-စူဠဝါ၊ ပ-ပိရိဝါ၊ ဝိနည်း (၅)ကျမ်း ပိဋကတ်။

ဒီ–ဒီဃနိကာယ်၊ မ–မဇ္ဈိမနိကာယ်၊ သံ–သံယုတ္တနိကာယ်၊ အင်–အင်္ဂုတ္တရနိကာယ်၊ ခု–ခုဒ္ဒကနိကာယ်၊ နိကာယ် (၅)ပါးဖြစ်သည်။

ဤဂါထာတော်ကြီးသည် ခပ်သိမ်းသော အကျိုးကို ဆောင်နိုင်၏။ ထို့ကြောင့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ အကျိုးရှိစွာ ရွတ်ဖတ်နိုင်ရန် ဂါထာတော်ကြီး၏ အကျိုးများကို ဖတ်ရှုပါကုန်။

ဂါထာတော်ကြီးကို မရွတ်ဖတ်မီ ဦးစွာ သရဏဂုံ ဆောက်တည်ပါ။

ဆရာမိဘတို့ကို ရည်မှန်း၍ ဂါရဝပြုပါ။ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးသော တစ်ပါးပါး ပြစ်မှားလွန်ကျူးမိသည်ရှိက တောင်းပန်ဝန်ချပြီးမျှ လိုသလိုရွတ်ပါ။

●

## မနောမယိဒ္ဓိဂါထာတော်

၁။ အနေကသတာ သမ္ဗုဒ္ဓါ၊
ဥပန္နာ ဘယနာသကာ။
မမံ သီသေ ပတိဋ္ဌန္တု၊
ရက္ခန္တု တေ မမံ သဒါ။
၂။ သုခါဝဟံ သတံ ဓမ္မာ၊
တိဋ္ဌန္တု ဟဒယေ မမ။
အမေ့ ဧတေ ပါလယန္တု၊
သုခံဒေန္တု မမံ သဒါ။
၃။ သမ္ဗုဒ္ဓါနံ အရဟန္တာ၊
တေဇ ဝန္တော တတော တတော။
တေ မံ အံသေ ပတိဋ္ဌန္တု၊
ပါလယန္တု မမံ သဒါ။

၁၊ အနေကသတာ၊ ရာထောင်သိန်းသန်း ဂဏန်းသင်္ချာဆင့်ကာပွားတက် ရေတွက်မရ များပြားလှကုန်သော။ ဘယနာသကာ၊ ဘေးရန်အပေါင်း မကောင်းအနိဋ္ဌဟူသမျှကို မြူမျှမကျန် တွန်းလှန်ပယ်သတ် ဖျက်ဆီးတော်

မူတတ်ကုန်သော။ သမ္ဗုဒ္ဓါ၊ လောကဓာတ်အားလုံး ပဏ္ဍာကျိုးသဖြင့် အထွတ်ဆုံး အမြတ်ဆုံး ဘုန်းတော်သခင် ဘုရားရှင်တို့သည်။ ဥပန္နာ၊ ထီးဖြူရှစ်ဆင့် စွင့်ကာဖွင့်လျက် ပွင့်တော်မူကြလေကုန်ပြီ။ တေ၊ ထိုဘုန်းတော်သခင် ဘုရားရှင်တို့သည်။ မမ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းရတနာမြတ် အင်္ဂါ၌။ ပတိဋ္ဌန္တု၊ အပရာဇိတပလ္လင်ကဲ့အသွင်သို့ ကြည်ရွှင် စံပယ်တင့်တယ်ဖွဲ့ခွေ တည်နေတော်မူကြပါစေကုန်သတည်း။ တေ၊ ထိုဘုန်းတော်သခင် ဘုရားအရှင်တို့သည်။ မမံ၊ အဓိဋ္ဌာန်ချက်စိတ်မပျက်ဘဲ နှစ်သက်အားထုတ် အကျွန်ုပ်ကို။ ရက္ခန္တု၊ အန္တရာယ်ဘေးကင်းစင်ဝေး၍ ကြည်အေးချမ်းသာဖြာဖြာ သိဒ္ဓိစုံပြည့်ထမြောက် ဆုံးခန်းရောက်အောင် စောင့်ရှောက်တော်မူကြပါပေကုန်သတည်း။

၂။ သုခါဝဟံ၊ ချမ်းသာကောင်းကျိုး အမျိုးမျိုးကို တိုးတက်ပွားအောင် ရွက်ဆောင်တော်မူကြကုန်သော။ သတံ၊ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းတို့၏။ ဓမ္မာ၊ ကိုးပါး,ဆယ်ပါး ကျယ်ပွားများမြောင် လေးထောင်လွန်ဆောင်း ရှစ်သောင်းအကျော် တရားတော်တို့သည်။ မမ၊ တရားစိတ်သန် အဓိဋ္ဌာန်ဖြင့် ရက်မှန်အားထုတ် အကျွန်ုပ်၏။ ဟဒယေ၊ မနောဝိညာဉ် စိတ်အစဉ်၏ တည်ရာသတ်မှတ် နှလုံးဓာတ်၌။ တိဋ္ဌန္တု၊ ဓမ္မာသနပလ္လင် ကဲ့အသွင်သို့ အစဉ်နိစ္စ တည်နေတော်မူကြပါစေကုန်သတည်း။ တေ၊ ထွန်းပြောင်ထိန်လတ် အမြတ်အကျော် ထိုတရားတော်တို့သည်။ အမေ–အကျွန်ုပ်တို့ကို (ဝါ)ဂတိဝိသုဒ် သမုတ်သညာ တေဇာပြန့်ပွား အသင်းသူအသင်းသားတို့ကို။ ပါလယန္တု၊ ဘေးအတန်တန် ရန်အမျိုးမျိုး ကပ်ဆိုးကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။ သဒါ၊ နေ့ညဥ့်မခြား အခါခပ်သိမ်း။ သုခံ၊ လောကီလောကုတ္တရာ ချမ်းသာကောင်းကျိုးအမျိုးမျိုးကို။ ဒေန္တု၊ အလျင်မနှေး ပေးသနားတော်မူကြပါစေကုန်သတည်း။

၃။ တေဇဝန္တော၊ ကောင်းကင်တိမ်ယံ ဈာန်မြေပျံလျှိုး ကြီးမားသော ဘုန်းတန်ခိုးရှိကြကုန်သော။ သမ္ဗုဒ္ဓါနံ၊ ဘုန်းတော်သခင် ဘုရားရှင်တို့၏။ ပုတ္တာ၊ ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်ကြကုန်သော။ အရဟန္တာ၊ ရဟန္တာသခင် အရှင်မြတ်တို့သည်။ တတော တတော၊ ထိုထို အရပ်မျက်နှာတို့၌။ သန္တိ၊ ထင်ရှားအစုံ ရှိတော်မူကြကုန်၏။ တေ၊ ထိုရဟန္တာသခင် အရှင်မွန်

တို့သည်။ မမ၊ အဓိဋ္ဌာန်ဖြင့် မြဲမြဲအားထုတ် အကျွန်ုပ်၏။ အံသေ၊ ဝဲယာနှစ်ဖက် ပခုံးထက်၌။ ပတိဋ္ဌန္တု၊ ကျောင်းတော်အသွင် မြဲမှတ်ထင်၍ ကြည်လင်သပ္ပာယ် တင့်တယ်စံပျော် တည်နေတော်မူကြပါစေကုန်သတည်း။ တေ၊ ထိုဘုရားသား စစ် ရှစ်အရိယာ သံဃာတော်အပေါင်း သူတော်ကောင်းတို့သည်။ မမံ၊ အဓိဋ္ဌာန် ဖြင့် မြဲမြဲအားထုတ် အကျွန်ုပ်ကို။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ပါလယန္တု၊ အရာရာကောင်းကျိုး သဒ္ဒါပြိုးမောက် ဖက်ကမ်းရောက်အောင် စောင့်ရှောက်တော် မူကြပါစေကုန်သတည်း။

ဤဂါထာတော်ကား စိတ်လိုတိုင်း ပြီးစီးသောကြောင့် မနောမယိဒ္ဓိဟုခေါ် သည်။ သာလွန်မင်းတရားကြီး၏ ဆရာတော် သာသနာပိုင် သံဃရာဇာ ဖြစ်တော်မူသော တောင်ဖီလာ ဆရာတော်ဘုရားကြီးသည် နေထွက် မွန်းတည့် နေဝင်ချိန်တို့၌ အမြဲရွတ်ဖတ်တော်မူသော ဂါထာတို့ဖြစ်၏။ အထူးသဖြင့် ဘေးအန္တရာယ် ကင်းရှင်းလေသည်။

●

## မနောသိဒ္ဓိမင်္ဂလာဂါထာတော်

ဥဿဘံ ပဝရံ ဝီရံ၊
မဟေသိ ဝိဇိတာဝိနံ။
သုဝဏ္ဏဝဏ္ဏံ သမ္ဗုဒ္ဓံ၊
ကော ဒိသွာ နပသီဒတိ။

ဥဿဘံ၊ ဥသဘနွားမင်းကဲ့သို့ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ရှေ့ဆောင် လမ်းညွှန်ဖြစ်တော်မူသော။ ပဒိရံ၊ မြင့်မြတ်တော်မူထသော။ ဝီရံ၊ ကြီးမားသော လုံ့လ ရှိတော်မူထသော။ မဟေသိ၊ သီလ စသော ဂုဏ်ထူးတို့ကို ဆည်းပူး တော်မူပြီးထသော။ ဝိဇိတာဝိနံ၊ မာရ်ငါးပါးကို အောင်မြင်တော်မူပြီးထသော၊ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူထသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာ ဘုရားကို။ ဒိသွာ၊ ဖူးမြင်ရသော်။ ကော၊ ဘယ်သူသည်။ နပသီဒတိ၊ မကြည်ညိုဘဲ ရှိပါမည်လဲ။

ဤကား မနောသိဒ္ဓိမင်္ဂလာ ဂါထာတော်ပင်။ စိတ်အလိုရှိတိုင်း ပြီးစီး၍ မင်္ဂလာကျက်သရေ တိုးပွားစေ၏။ ဘုရားအာရုံပြု၍ ရွတ်ဖက်ပါက ပီတိတွေ တိုးပွားကာ ချက်ချင်းပင် အကျိုးပေး၏။ အမြဲရွတ်ဖတ်ပါလေ။ အနည်းဆုံး အိပ်ရာဝင် အိပ်ရာထ လုပ်ငန်းစတိုင်း တစ်ကြိမ်စီ ရွတ်ဆိုပေးပါ။

●

## မိုးကြိုးလွှဲဂါထာ

နဘံ ဖရေယျ၊ ပထဝီ စ ရေယျ၊ သဗ္ဗေပိ ပါဏာ ဥဒသံသတေယျုံ၊
တံလံပိ စေဝ ဥပရိယံ ကရေယျ၊ န ကရောန္တိ ဗုဒ္ဓါ။

ဤဂါထာကိုရွတ်ပါ။ မိုးကြိုးလွှဲ၏။

●

## မြေလျောင်လျှပ်သော်လည်း မပျက်စီးနိုင်သော ဂါထာ

ယော ဒေတိ ဒေဝ ဒေဝေါဂ္ဂ၊ ဓမ္မမဂ္ဂမလံ ဒဒေါ။
နာမာမိ တံ အရဟံ မဂ္ဂ၊ နော သော ပါလေတု ပါတုရဟော။

၎င်းဂါထာကို အရကျက်၍ထားပါ။ အိမ်၌ ရေးဆွဲထားပါ။ မြေလျောင်လျှပ်သော်လည်း မပျက်စီးနိုင်။

●

# [၇]
# ရှင်သီဝလိဂါထာတော်

၁။ သီဝလိ စ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဗ္ဗေ ဟောန္တု ပိယံ မမ။
၂။ သီဝလိ စ မဟာဝီရော၊
ယေ ယေ ပဿန္တိ မံ ပိယံ။
တေ တေ ပဿန္တု ပရမံ၊
ဇနပဒါ ပူဇယန္တု။
၃။ သီဝလိ နာမ ထေရေန၊
မမ သီသေ ဌပေတွာန၊
ဇမ္ဗုဒ္ဒီပမဏ္ဍလေန၊
ဇယောမင်္ဂလာ သုခါဝဟံ။
၄။ သီဝလိ စ မဟာနာမံ၊
ဏ္ဍနာဒေဝါ သဗြဟ္မကာ။
မနုဿပုရိသော ဏ္ဍတ္တိ၊
မဟာလာဘံ ဘဝိဿတိ။
၅။ သီဝလိ စ မဟာဘာဘံ၊
နာနာဒေတိ ဝရံဝရံ၊
ဏ္ဍဒမ္ဗိ ပူဇိတံ ဒေတိ၊
မဟာသုခံ ဘဝိဿတိ။
၆။ ဝဏ္ဏံ ဒန္တံ သုခံ ကိတ္တိ၊
အနာမယံ ဘဝေ ဘဝေ။
တဝရက္ခေ ဒေဝမိတာ၊
သဗ္ဗကောဓံ ဝိနဿန္တု။
၇။ သီဝလိ စ မဟာလာဘံ၊
သဗ္ဗလာဘံ ဘဝိဿတိ၊

ထေရဿ အာနုဘာဝေန၊
သဒါ ဟောတု ပိယံ မမ။

၈။ သီဝလိ စ မဟာထေရော၊
ယေ ယေ ပဿန္တိ မံ ပိယံ၊
တေ တေ ပဿန္တု မံ ပိယံ၊
ဇနပဒါ ပူဇယန္တု။

၉။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဌပေတွာန။
မန္တိတေန ဇယော မန္တံ။
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

၁၀။ သီဝလိ စ မဟာထေရော၊
ဒေဝနရာနံ ပူဇိတော။
သော ရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတု မေ။

ဤရှင်သီဝလိဂါထာတော်ကို နေ့စဉ်ရွတ်လျှင် ဘေးဆိုးများမှ ပယ်ရှားစေပြီး လာဘ်လာဘများ ရွှင်လန်းပေါ်များကုန်၏။

## ရှင်သီဝလိ ၁၀-ဂါထာအနက်

(၁) မဟာနာမံ၊ ရှေးဘုန်းရှေးကံ ခြယ်စီမံ၍ ပိုလျှံလာဘ်သပ် အမည်တော်အားဖြင့် ကြီးကျယ်မြင့်မြတ်တော်မူသော။ သီဝလိ စ၊ လာဘ်လာဘမည်းလွန်ကျော်ဟိုး၍ တန်ခိုးထူးခွဲ အစဉ်ရှိသည့် အရှင် သီဝလိ မထေရ်သည်လည်း။ သဗ္ဗလာဘံ၊ သူမတူတန် ရှေးဘုန်းကံကြောင့် အမွန်ဖြစ်လာ များမြတ်သော လာဘ်ရတနာသည်။ ဘဝိဿတိ၊ မြတ်စွာလှူဘာ အံ့ဩရအောင် ပြည့်ဝစုံစွာ ဖြစ်ပေါ်၍လာပေ၏။ ထေရဿ၊ လာဘ်လာဘမည်း လွန်ပြည့်ဖြိုးသည့်တန်ခိုးကြီးလတ် ထိုအရှင်သီဝလိမထေရ်မြတ်၏။ အာနုဘာဝေန၊ တန်ခိုးတော်အစုံ ဂုဏ်တော်ဟုန်ကြောင့်။ သဗ္ဗေဇ္ဇာ၊ လူနတ်မကြွင်း ဗြဟ္မာမင်းနှင့် ခပင်းဥဿုံအလုံးစုံသောသူတို့သည်။ မမ၊ ကောင်းမြတ်စိတ်ကြံ အဓိဋ္ဌာန်နှင့် အမွန်အားထုတ် အကျွန်ုပ်အား။ ပိယံ၊ မေတ္တာရေမိုး ဒီရေတိုးသို့ မြတ်နိုးခင်မင် လွန်ချစ်ခင်သည်။ ဟောတု-ဘဝတု၊ အမြဲမသွေ ဖြစ်ပါစေသတည်း။

(၂) သီဝလိ စ၊ ဘုန်းကံကြီးမား လွန်များပြား၍ ဘုရားသော်မှ အံ့ညြရသဖြင့် လာဘသိဒ္ဓိ အလွန်ပြည့်သည့် အရှင်သီဝလိ အမည်ရှိသော မထေရ်မြတ်သည်ကား။ မဟာဝီရော၊ တရားမယုတ် အမှားမလုပ်ဘဲ အားထုတ်သော ဝီရိယလည်း ရှိတော်မူပါပေ၏။ ယေယေ၊ ရာဇသေဋ္ဌနင်း ပြည့်ရှင်မင်းနှင့် ခပင်းဥသုံ အလုံးစုံသော အကြင် အကြင်သူတို့သည်။ မံ၊ သီဝလိအရှင် ဦးထိပ်တင်၍ နေ့စဉ်မန်းမှုတ် အကျွန်ုပ်ကို။ ပိယံ၊ ချစ်ခင်လေးမြတ် မေတ္တာဓာတ်ဖြင့်။ ပဿန္တု၊ ကြည်သာရွှင်ပျ မမေ့ကြဘဲ တွေ့ကြလုံးစုံ မြင်ကြကုန်၏။ တေတေ၊ တွေ့မြင်သမျှ ထိုထိုသို့သော မိတ်သင်္ဂဟတို့သည်။ ပရမံ၊ မုန်းစိတ်မဝင် ချစ်စိတ်ရှင်၍ ခင်မင်အားသည်။ မြင့်မြတ်သော မေတ္တာအရင်းအနီးဖြင့်။ ပဿန္တု၊ ကြည်လင်ညွတ်နူး ဇောစိတ်မြူး၍ အထူးမသွေ မြင်ပါစေသတည်း။ ဇနပဒါ၊ ပြည်သူပြည်သား မေတ္တာပွား၍ အများသော သူတို့သည်။ ပူဇယန္တု၊ ကြည်လင်ရိုကျိုး မပြတ်တိုး၍ မြတ်နိုးပူဇော်ကြစေသတည်း။

(၃) သီဝလိ နာမထေရေန၊ ဘုန်းကံလာဘ်မိုး လွန်ပြည့်ဖြိုး၍ ကောင်းကျိုးစုံဘိ မဟိဒ္ဓိနှင့် ကိတ္တိကျော်ကြား ထိုသီဝလိ အမည်ရှိသော အရှင်ဘုရားသည်။ မမ၊ သီဝလိဂုဏ် လွန်ကြည်ယုံ၍ လုံးစုံမြှော်ကော် တပည့်တော်၏။ သီသကေ၊ စမုတ်ကျောင်းတော်အသွင် မယုတ်လျောင်းပျော်ရှင်ဖို့ ဦးခေါင်းတော်ပလ္လင်၌။ ဌပေတွာန၊ အမြဲမပြတ် လေးပါးဓာတ်ဖြင့် ရပ်တန့်ကြည့်ဖြူ တည်တော်မူ၍။ ဇမ္ဗုဒီပ မဏ္ဍလေန၊ ယူဇနာတစ်သောင်း ကျယ်ပြန့်ညောင်း၍ အပေါင်းစုံလင် ဗမ္ဗူဒီပါကျွန်းအပြင်၌။ ဇယောမန္တာ၊ လောလိဓာတ်လိုက် နတ်အကြိုက်နှင့် လာဘ်တိုက်ကြုံဘိ မဟိဒ္ဓိကြောင့် သိဒ္ဓိပေါင်းလျှံအောင်မန္တန်ဖြင့်။ သုခါဝဟံ၊ ကျန်းမာမယွင်း လန်းဖြာလင်း၍ ချမ်းသာခြင်းကို ရွတ်ဆောင်နိုင်သည်။ ဟောတု ဘဝတု၊ သီဝလိတန်ခိုး သိဒ္ဓိန္နိုး၍ ကောင်းကျိုးစုံစွာ ဖြစ်ပါစေသတည်း။

(၄) သီဝလိ စ၊ ဘုရားလူ့ဘ ချီးမွမ်းရလျက် ရဏတိတ္တိ အမည်ရှိသော သီဝလိ မထေရ်မြတ်သည်ကား။ မဟာနာမံ၊ တေဒဂ်ရ လာဘ်လာဘကြောင့် နာမကျော်တည်း မြင့်မြတ်သော အမည်လည်း ကြီးပါပေ၏။ တဿ ထေရဿ၊ ထိုအရှင်သီဝလိမထေရ်မြတ်၏။ အာနုဘာဝေ၊ တန်ခိုးဂုဏ်တော် အာနုဘော်ကြောင့်။ သဗ္ဗဟ္မကာ၊ ဗြဟ္မာနှစ်ဆယ် အသွယ်သွယ်နှင့်တကွ ဖြစ်ကုန်သော။ ဣန္ဒာဒေဝါ၊ စတုမဟာ ဝတီသာ၌ အာဏာပိုင်နင်း သိကြားမင်းသည်လည်းကောင်း။ မနုဿပုရိသောဣတ္ထိစ၊ လူ့ဘုံပျော်ပါး လူယောကျ်ားနှင့်

များပြားစွာလှ လူမိန်းမတို့သည်လည်းကောင်း။ မဟာလာဘ်၊ မပြတ်တိုးကာ မြတ်နိုးစရာတို့ဖြင့် လာဘ်မိုးရွာခြင်းသည်။ ဘဝိဿတိ၊ စိတ်ရွှင်ပီတိ ဘဝင်ငြိ အောင် သိစုံစွာ အပြစ်မလာဘဲ ဖြစ်ပါစေသတည်း။

(၅) သီဝလိစ၊ သံဃာရဟန်း သိန်းရှစ်သန်းကို ဆွမ်း၊ ကွမ်း လုံလောက် တောင်လိုမောက်အောင် များမြောက်စွာ လှူဒါန်းနိုင်ခြင်းရှိသော အရှင်သီဝလိ မထေရ်မြတ်သည်ကား။ နာနာ ဝရံဝရံ၊ အံ့သြချီးကျူး မကြုံဖူးအောင် အထူးထူး အပြားပြား များပြားမြင့်မြတ်လှသော။ မဟာလာဘ်၊ စားသုံးမကုန် အားလုံး ခြုံ၍ ပြည့်စုံသော လာဘ်လာဘကို။ ဒေတိ၊ ယုံကြည်အားထား လူအများကို တရားပိုင်ပိုင် ပေးစွမ်းနိုင်၏။ ပူဇိတံ၊ ယုံကြည်မပြတ် ပူဇော်အပ်သော။ ဣဒမ္ပိ၊ မွန်မြတ်စွာလှ ဤသို့သဘောရှိသော လာဘ်ဟူသမျှကို။ ဒေတိ၊ အေးချမ်းပိုင်ပိုင် ဘေးဘျမ်းမလှိုင်ဘဲ ပေးစွမ်းနိုင်၏။

တဿ ထေရဿ၊ ထိုအရှင်သီဝလိမထေရ်မြတ်၏။ အာနုဘာဝေန၊ အစုံ မျှော်ကိုး ဂုဏ်တော်တန်ခိုးကြောင့်။ မဟာသုခံ၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက် ထိန်ထိန်တောက်၍ များမြောက်ဥစ္စာ ကောင်းမြတ်သော စည်းစိမ်ချမ်းသာသည်။ ဘဝိဿတိ၊ အရှင်သီဝလိက နေ့တိုင်းမ၍ ထာဝရစုံစွာ အပြစ်မလာဘဲ ဖြစ်ပါ စေသတည်း။

(၆) မမ၊ သီဝလိဂုဏ် လွန်ကြည်ယုံ၍ ခိုလှုံဖူးမြော် တပည့်တော်အား။ ဘဝေ၊ ဘဝေ၊ နောက်နောက်များစွာ သံသရာဟု မှန်စွာမဆိုင်း ဘဝတိုင်း ဘဝတိုင်း။ ဝဏ္ဏံစ၊ မြင်သူအများ မေတ္တာပွားအောင် ခြောက်ပါးပြစ်ကင်း ငါးကောင်းခြင်းနှင့် အဆင်းလှခြင်းသည်လည်းကောင်း။ ဒန္တံစ၊ ဣန္ဒြေခြောက် တန် မဖောက်ပြန်ဘဲကောက်ဉာဏ်ချွတ်ယွင်း ယဉ်ကျေးသိမ်မွေ့ရခြင်းသည် လည်းကောင်း။ သုခံစ၊ ကိုယ်စိတ်နှစ်ဖြာ လိုဣဋ္ဌာနှင့် ကျန်းမာမယွင်း ချမ်းသာ ခြင်းသည် လည်းကောင်း။ ကိတ္တိစ၊ မိမိ၏ဂုဏ် တိုင်းလုံးတုန်အောင် ပြည့်စုံ လင်းပင် ကျော်စောခြင်းသည် လည်းကောင်း။ အနာမယံ၊ အန္တရာယ်မကပ် ဥပဒ်မတွယ် ဘေးပျောက်ကွယ်၍ နုနယ်ရုပ်ဆင်း ရောဂါအနာ ကင်းခြင်းသည် လည်းကောင်း။ ဟောတု-ဘဝတု၊ သီဝလိ တန်ခိုးသိဒ္ဓိနှုန်း၍ ကောင်းကျိုး စုံစွာ ဖြစ်မလာဘဲ ဖြစ်ပါစေသတည်း။ တဝရက္ခေ၊ မဋ္ဌုသက စမုတ်ကြွနှင့် မုချအသွင် အရှင်ဘုရားတည်းဟူသော နတ်ပန်းပင်ကြီး၌။ ဒေဝတာ၊ စိုးအုပ် ပျော်မှီး တရားတော်တည်းဟူသော နတ်သမီးသည်။ သဗ္ဗကောဓံ၊ လုံးစုံများစွာ

ဂြိုဟ်ကြမ္မာနှင့် ဒသာဆိုးပျက် မကောင်းသော ရန်အများကိုတို့ကို။ ဝိနသဿန္တု၊ နတ်ရေစင်ဆေး ကြည်လင်အေးဖို့ မနှေးမြန်စွာ ဖျက်ဆီး၍ ပစ်နိုင်ပါစေ သတည်း။

(၇) မဟာလာဘံ၊ ကြီးကျယ်မြင့်မြတ် များစွာသော လာဘ်ရှိတော်မူသော။ သီဝလိစ၊ ဧတဒဂ်ရ လာဘ်လာဘကြောင့် ဂုဏာကိတ္တိ ပြည်လုံးသိသော အရှင်သီဝလိ မထေရ်သည်ကား။ သဗ္ဗလာဘံ၊ ရွှေစိတ်တော်ညွှတ် အာရုံလွတ်က အထွတ်အမြတ် ဖြစ်သော လာဘ်လာဘသည်၊ ဘဝိဿတိ၊ ရေးဘုန်း ရေးကံ ဖန်စီမံ၍ အမှန်မသွေ ဖြစ်ပေါ်လာရပေ၏၊ ထေရဿ၊ လာဘ်ပေါ်ပြည့်ရွှင် ထိုအရှင်၏။ အာနုဘာဝေန၊ တန်ခိုးဂုဏ်တော် အာနုဘော်ကြောင့်။ မမ၊ သီဝလိဂုဏ်လွှန်ကြည်ယုံ၍ ခိုလှုံဖူးမြော် တပည့်တော်အား။ သဒါ၊ နေ့ရော ညဉ့်ပါ မလပ်ပါဘဲ အခါခပ်သိမ်း။ ပိယံ၊ လူ နတ် ချစ်ခင် မေတ္တာဝင်၍ ခင်မင်ရင်းနှီး သားသမီးသို့ အားကြီးသော ချစ်ခြင်းသည်။ ဟောတု၊ ဘဝတု၊ လူ နတ် လိုကျဂြိုဟ်လည်း မ,၍ မုချမသွေ ဖြစ်ပါစေသတည်း။

(၈) သီဝလိစ၊ လူနှင့်တကွ နတ်ဗြဟ္မာ အစစတို့တွင် လာဘ်လာဘ မိုးမပြတ် တိုးသဖြင့် မြတ်နိုးခြင်းရှိသော အရှင်သီဝလိမထေရ်မြတ်သည်ကား။ မဟာထေရော၊ ကြီးကျယ်မြင့်မြတ် ဂုဏ်ဒြပ်နှင့် လူနတ်ဦးခိုက် ပူဇော်ထိုက်သော မထေရ်ကြီးလည်း ဖြစ်ပါပေ၏။ ယေယေ၊ မျက်မြင်သမျှ မပျက်ခင်ကြဖို့ အသက်ရင်ကြကုန်သော အကြင်အကြင်သူတို့သည်။ မံ၊ နေ့ညမလပ် အထပ်ထပ်ဖြင့် မပြတ်ပီတိ ဘဝင် မနသီငြိ၍ အရှင်သီဝလိ ဂုဏ်အလီလီအား ယုံကြည်သော အကျွန်ုပ်ကို။ ပိယံ၊ သားရင်းပမာ ချစ်ခင်စွာဖြင့်၊ ပဿန္တု၊ ဘဝင်ဟဒယတုန် ရင်ဝခုန်အောင် မြင်ကြကုန်၏။ တေတေ၊ လူရော နတ်ရော သောသောခြိမ့်ညာ ပြစ်မလာဘဲ မေတ္တာကြည်ဖြူ ထိုထိုသူတို့သည်။ မံ၊ ယုံယုံကြည်ကြည်ဇော မနသီဖြင့် လောကီ လောကုတ် နှစ်ပါးမယုတ်ရအောင် အားထုတ်ခြင်းရှိသော အကျွန်ုပ်ကို။ ပိယံ၊ တမင်မွေး၍ ချစ်သော ရင်သွေး အစစ်ကဲ့သို့ ကြင်ရေးမလစ် အပြစ်အစဉ် မလာဘဲ ချစ်ခင်စွာ။ ပဿန္တု၊ ရွှင်ပျစုံစုံ ရင်ဝခုန်အောင် မြင်ကြကုန်၏။ ဇနပဒါ၊ တောဖျားဇနပုဒ် မြို့ချုပ် ပြည်ကြီး အသီးသီး၌ နေသောသူတို့သည်။ ပူဇယန္တု၊ ဆီထိမနော ပီတိဇောဖြင့် သဘောစင်ဖြူ ချစ်သွေးတူ၍ သည်းအူစွဲမျှ ယူမျှော်ထ၍ ပူဇော်ကြစေသတည်း။

(၉) သီဝလိစ၊ ဘုရင်အလီလီသိကြတဲ့ အရှင်သီဝလိ မထေရ်မြတ်ကြီးသည်ကား။ မဟာထေရော၊ အပြည်ပြည်က မိုးရသော မထေရ်ကြီးလည်း

ဖြစ်တော်မူပါပေ၏။ သော၊ ထို ဘုရင်အလီလီသိကြတဲ့ အရှင်သီဝလိ မထေရ်မြတ်ကြီးသည်။ မမ၊ ခန္ဓာငါးရပ် လေးပါးဓါတ်ဖြင့် ပေါင်းစပ်မယုတ် အကျွန်ုပ်၏။ သီသေ၊ စမုတ်ကျောင်းတော်အသွင် မယုတ်လျောင်းပျော်ရွှင်ဖို့ ဦးခေါင်းတော်ပလ္လင်၌။ ဠပေတွာန၊ ကြည်သာရွှင်ပြုံး သီတင်းသုံး၍။ မန္တ၊ ဂါထာမန္တန် အတန်တန်ကို။ မန္တိတေန၊ ဖန်ဖန်မန်းမှုတ် အမိန့်တော်ထုတ်၍။ ဇယော၊ ခပ်သိမ်းကိစ္စ ဟူသမျှကို တစ်စမကျန် ခြွင်းမချန်ဘဲ အမြန်မသွေ အောင်ပါစေသတည်း။ အဟံ၊ မပြတ်တောင့်တ လာဘ်ပေါင်းရဖို့ ဇယကြိုးကုတ် အကျွန်ုပ်သည်။ သဗ္ဗဒါ၊ စက္ကန့်ဗီဇနာ မလစ်ပါဘဲ ခရာမလပ် အခါခပ်သိမ်း။ ဝန္ဒာမိ၊ ယုံကြည်မြတ်နိုး မပြတ်ကိုး၍ လာဘ်မိုးခြိမ့်ညာ ပြည့်ဖြိုးရွာဖို့ ရှိခိုးပါ၏ အရှင်ဘုရား။

(၁၀) ဒေဝမနုဿပူဇိတော၊ ဗြဟ္မာ နတ် လူ ခပ်သိမ်းသူတို့ ကြည်ဖြူလေးမြတ် ပူဇော် အပ်တော်မူထသော။ မဟာထေရော၊ ကြီးကျယ်လွှမ်းမိုး ဘုန်းတန်ခိုးနှင့် မညှိုးအံ့ချီး များသံဃာအလီလီ မှီးရသဖြင့် မထေရ်မြတ်ကြီးလည်း ဖြစ်တော်မူထသော။ သောစ သီဝလိ၊ လာဘ်အရာတွင် မြတ်စွာထွတ်ဖျား ဧတဒဂ် ထားရသဖြင့် အများသော သံဃာတို့ မှီခိုရာဖြစ်သော ထိုအရှင် သီဝလိသည်။ ပစ္စယာဒိနံ၊ လေးဖြာပစ္စည်း အသီးသီးတို့ကို။ အရဟော၊ မြူဆန့်မကြွင်း အပူအလှုံ ကင်းသဖြင့် အလှူခံခြင်းငှာ ထိုက်တော်မူပါပေ၏။ မေ၊ သီဝလိအရှင် ကျွန့်ထိပ်တင်ကို ကြည်လင်ဖူးမြော် တပည့်တော်အား။ မဟာလာဘံ၊ ရွှေ ငွေ စိန်ကျောက် ထိန်ထိန်တောက်၍ များမြောက်ပြည့်ဖြိုး ကြီးစွာသော လာဘ်မိုးကြီးကို။ ကရောတု၊ ပိုလျှံပြည့်လွှမ်း ခြိမ့်ခြိမ့်မွှန်းအောင် ရွာသွန်းခြင်း ပြုတော်မူပါစေသတည်း။

●

# ရှင်သီဝလိခြေတော်ရာ

## ဝန္ဒနာ ဂါထာ

သီဝလိထေရစရဏာ၊ ဠပေသိ ဝါမပါဒပေ။
မဟာသေလနဂရမှိ၊ ဗျာကတော ကိရ သမ္ဗုဒ္ဓေါ။
လာဘာ ဒိဂုဏာတမွန်၊ ဝန္ဒေ ပါဒံ ဂုဏာကရံ။

သမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူသော မြတ်စွာဘုရားသည်။ မဟာသေလနဂရမှို၊ ဒေသစာရီ ကြွချီစခန်း ရဟန်းများစွာကျောက်ကြီးဝန်ာ မြို့မဟာသို့ ရောက်ရာတဝ ဤဌာနဌ်။ သိဝလိထေရ စရဏော၊ ရှင်မဟာသီဝလိ ဘုန်းရှိတေဇာ ရေးအခါက ကျင့်ရာတဝ ယင်းမူလကြောင့်။ ဝါမပါဒပံ၊ များလှဝေနေ ပူဇော်စေဖို့ မြူတေကျောက်ထက် တံဆိပ်နက်သို့ ပန္နက်ခြေရာ ဝဲဘက်သာကို။ ဌပေသိ၊ ကရုဏာပွား ချထားစေတော်မူ၏။

ဣတိ၊ ဤသို့။ ဗျာကတောကိရ၊ ရွှေနှုတ်တော်ပွား မိန့်ကြားတော်မူခဲ့လေပြီ။ လာဘာဒိဂုဏာသမ္ပန္နံ၊ လာဘ်ပူဇော်သက္ကာ ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော။ ဂုဏာကရံ၊ ဆည်းကပ်ပူဇော် သူတော်စင်တို့အား လာဘ်ရအထူး ဂုဏ်ကျေးဇူးကို ပြုတော်မူတတ်သော။ ပါဒံ၊ ဇေတဒဂ် အကျော် ရှင်သီဝလိ မြတ်ဘုန်းမော်၏ ခြေတော်ရာ စေတီယကို။ အဟံ၊ သဒ္ဓါကြည်ညို အကျွန်ုပ်၏ ခန္ဓာကိုယ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ကမ္ဘသုံးလီ အဥ္ဇလီဖြင့် ငါးလီထိမျိုး ရှိခိုးပါ၏ အရှင်ဘုရား။

●

## ရှင်ဥပဂုတ္တပရိတ်တော်

ဥပဂုတ္တော မဟိဒ္ဓိကော၊
သမ္ဗုဒ္ဓေန ဝိညာဝတော။
မာရဉ္စ မာရဗလဉ္စ၊
ဒမေဿတိ အနာဂတေ။
မမ သီသေ ပတိဋ္ဌိတော၊
မာရေန သုဏာတံ ကတွာ။
မန္တရာယာ ဝိနာဿန္တု၊
အဟံ ဝန္ဒေ ဣဒါနေဝ။
ဥပဂုတ္တံ မဟိဒ္ဓိကံ၊
ရာဇဘောဝါ အဂ္ဂိတောဝါ၊
အမနုဿတောဝါ သဗ္ဗဥပဒ္ဒဝါ၊
သောကရောဂါ ဝိရောဓာယ၊
ပရိတ္တံ ဇယမင်္ဂလံ။

ဥပဂုတ္တော မဟာဝီရော၊
သမ္ဗုဒ္ဓေန ဝိညာဂတော။
မာရဉ္စ မာရဗလဉ္စ၊
အနာဂတေစ အာဂတေ။
တာဒိသော ထေရော၊
မာရေနာ ဓိနတံ ကတွာ။
သဗ္ဗေ အန္တရာယာ ဝိနဿန္တု၊
တ္တဒါနေဝ ဥပဂုတ္တော။
ယံ ယံ ဥပဒ္ဒဝါ ဇာတာ၊
ဝိဒ္ဓံသေတု အသေသတော။

## ရှင်ဥပဂုတ္တပရိတ်တော်အနက်

မဟိဒ္ဓိကော၊ ကြီးမြတ်သော တန်ခိုးရှိတော်မူသော။ ဥပဂုတ္တော၊ ဥပဂုတ္တ မထေရ်မြတ်သည်။ အနာဂတေ၊ နောင်သော အခါကာလ၌ မာရဉ္စမာရ်နတ်သားကိုလည်းကောင်း။ မာရဗလဉ္စ၊ မာရ်နတ်သား၏ စစ်သည် ဗိုလ်ပါတို့ကိုသော်လည်းကောင်း။ ဒမေဿတိ၊ ဆုံးမလတ္တံ့။

တ္တတိ၊ ဤသို့။ သမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝိညာဂတော၊ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် သိခြင်းသို့ ရောက်တော်မူလေပြီ။ တံ ထေရံ၊ ထိုမထေရ်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ တ္တဒါနေဝ၊ ဤအရပ်မှပင်လျှင်။ ဝန္ဒေဝန္ဒာမိ၊ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

မမ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းထက်၌။ ပတိဋ္ဌိတော၊ တည်တော်မူလျက်။ မာရေန၊ မာရ်နတ်သားသည်။ အသုဏံတံ၊ မနိုပ်စက် မညှဉ်းဆဲနိုင်ခြင်းကို။ ကတွာ၊ ပြု၍။ အန္တရာယော၊ အလုံးစုံသော အန္တရာယ်တို့သည်။ ဝိနဿန္တု၊ ပျောက်ပျက်ကြစေကုန်သတည်း။

ရာဇတောဝါ၊ မင်းဘေးမှသော်လည်းကောင်း။ အဂ္ဂိတောဝါ၊ မီးဘေးမှသော်လည်းကောင်း။ အမနုဿတောဝါ၊ ဆိုးသွမ်း မကောင်းသောလူဘေးမှလည်းကောင်း။ ဥပ္ပဒ္ဒဝါ၊ သောကရောဂါ (ဝါ)၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ၊ စိုးရိမ်ခြင်း၊ အနာရောဂါ နိုပ်စက်ခြင်းမှသော်လည်းကောင်း။ ဝိရောဓာယ၊ ကင်းပျောက်စေခြင်းငှာ။ မဟိဒ္ဓိကံ၊ ကြီးမြတ်သော တန်ခိုးရှိတော်မူထသော။ ဥပဂုတ္တံ၊ မထေရ်မြတ်ကို။ ပရိတ္တံ၊ အရံအတားကို။ ကရောမိ၊

ပြုပါ၏။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

မဟာဝိရော၊ ကြီးမြတ်သော လုံ့လရှိတော်မူထသော။ ဥပဂုတ္တော၊ ဥပဂုတ္တ မထေရ်မြတ်သည်။ အနာဂတေ၊ နောင်သောအခါကာလသည်။ အာဂတေ၊ ရောက်လတ်သော်။ မာရဥ္စ၊ မာရ်နတ်သားကိုသော်လည်းကောင်း။ မာရဗလဥ္စ၊ မာရ်နတ်သား၏ ရဲမက်ဗိုလ်ပါကိုသော်လည်းကောင်း။ ဒမေသသတိ၊ ဆုံးမလတ္တံ့။

ဣတိ၊ ဤသို့။ သမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ သဗ္ဗညုတဉာဏေန၊ သဗ္ဗညုတဉာဏ်တော်ဖြင့်။ ဝိညာဂတော၊ သိခြင်းသို့ ရောက်တော်မူလေပြီ။

တာဒိတော၊ ထိုသို့ သဘောရှိသော။ ထေရော၊ ဥပဂုတ္တမထေရ်မြတ်သည်။ မာရေန၊ မာရ်နတ်သားသည်။ အဖိနတံ၊ မအောင်နိုင်သည်အဖြစ်ကို။ ကတွာစ၊ ပြု၍လည်း။ သဗ္ဗေအန္တရာယော၊ အလုံးစုံသော အန္တရာယ်တို့သည်။ ဝိနဿန္တု၊ ပျောက်ပျက်ကြစေ ကုန်သတည်း။

ဣဒါဝေန၊ ယခုအခါကပင်လျှင်။ ဥပဂုတ္တော၊ တန်ခိုးသခင် ဥပဂုတ္တထေရ် အရှင်သည်။ ယံ ယံ ဥပ္ပဒ္ဒဝံ၊ အကြင်သို့သော ဘေးရန်ဥပဒ္ဒဝေါသည်။ ဇာတံ၊ ဖြစ်၏။ တံ တံ ဥပဒ္ဒဝံ၊ ထိုသို့သော် ဘေးရန်နှင့် ဥပဒ္ဒဝေါကို။ အသေသတော၊ အကြွင်းအကျန်မရှိသောအားဖြင့်။ ဝိဒ္ဓံသေတု၊ ပျက်စီးတော်မူပါစေသတည်း။

●

## ရှင်ဥပဂုတ် ရှိခိုးခြင်းအကျိုး ၁၂-ပါဋ္ဌ်နိဿယ

၁။ အသက်ရှည်ရေး
၂။ ကျန်းမာရေး
၃။ ဘေးကင်းရေး
၄။ ကြံတိုင်းအောင်ရေး
၅။ လိုတိုင်းရရေး
၆။ ကျက်သရေတိုးရေး
၇။ အခြံအရံများရေး
၈။ ခွန်အားပြည့်ဝရေး
၉။ လာဘ်ပေါ်များရေး

၁၀။ စီးပွားဥစ္စာတိုးတက်ရေး
၁၁။ ပညာတိုးတက်ရေး
၁၂။ နတ် လူ ချစ်ရေး

●

## ၁။ အသက်ရှည်ရေး

ဒီဃာယုကံ မဟာထေရံ၊ ဥပဂုတ္တံ နိရင်္ဂဏံ၊
ဝန္ဒာမိ သိရသာဒရံ၊ တေန ဒီဃာယုကော အဟံ။

ဒီဃာယုကံ၊ သက်တော်များစွာ လွန်ရှည်ကြာတော်မူလှသော။ နိရင်္ဂဏံ၊ ကိလေသာဟူက မြူမျှမထင် လွန်သန့်စင်တော်မူပေသော။ ဥပဂုတ္တံမဟာထေရံ၊ မာရ်နတ်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူခဲ့ပေးသော အရှင် ဥပဂုတ္တ မထေရ်မြတ်ကြီးကို။ အဟံ၊ အသက်ရှည်ကြာ နေလိုပါသော အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ သာဒရံ၊ လေးမြတ်ကြည်ညို သဒ္ဓါပို၍ ရှိသေလှစွာ။ ဝန္ဒာမိ၊ ပဥ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ တေန၊ ထိုသို့ တုပ်ဝပ်ရိုကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ အဟံ၊ အသက်ရှည်ကြာ နေလိုပါသော အကျွန်ုပ်သည်။ ဒီဃာယုကော၊ ဒီဃာယု သတို့သားနှယ် မခြားပုံတူ ကိုယ်ကားကျန်းမာ စိတ်ချမ်းသာလျက် အသက်များစွာ ရှည်ကြာသူသည်။ ဟောမိ၊ မုချဧကန် အမှန်စင်စစ် ဖြစ်ရပါလို၏ အရှင်ဘုရား။

●

## ၂။ ကျန်းမာရေး

နိရာတင်္ကံ မဟာထေရံ၊ ဥပဂုတ္တံ ယတုတ္တမံ၊
နမာမိ သိရသာဒရံ၊ တေန နိရာတင်္ကော သဒါ။

နိရာတင်္ကံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ ကင်းကွာသန့်စင် ကျန်းမာရှင် ဖြစ်တော်မူပေသော။ ယတုတ္တမံ၊ ထူးချွန်ဥက္ကဋ္ဌ ရဟန်းမြတ်

ကြီး ဖြစ်တော်မူသော။ ဥပဂုတ္တံ မဟာထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြို ခွင်း အောင်ပွဲကျင်းပတော်မူခဲ့သော အရှင်ဥပဂုတ်မထေရ်မြတ်ကြီးကို။ အဟံ၊ ကျန်းကျန်းမာမာ နေလိုပါသော အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ သာဒရံ၊ လေးမြတ်ကြည်ညို သဒ္ဓါပို၍ ရှိသေလှစွာ။ နမာမိ၊ ပဉ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ တေန၊ ရှိခိုး ပါရ မြတ်ပုညကြောင့်။ အဟံ၊ ကျန်းကျန်းမာမာ နေလိုပါသော အကျွန်ုပ်သည်။ နိရာတင်္ကော၊ အရှင်ဗာကုလ နာမထင်ရှား ထေရ်အလားသို့ ဘေးကားမရှိ ရန်မငြိဘဲ ကင်းဘိအနာ ရောဂါသန့်စင် ကျန်းမာရှင်သည်။ ဟောမိ၊ မုချဧကန် အမှန်စင်စစ် ဖြစ်ရပါလို၏ အရှင်ဘုရား။

●

## ၃။ ဘေးကင်းရေး

နိဗ္ဘယံ တံ မဟာထေရံ၊ ဥပဂုတ္တံ ဂုဏောရဟံ။
အဘိဝန္ဒာမိ သာဒရံ၊ ဧတေန နိဗ္ဘယော အဟံ။

နိဗ္ဘယံ၊ ကိုယ်တွင်းကိုယ်ပ နှစ်ဌာန၌ အေးမြကြည်ရှင်း ဘေးရန်ကင်းတော် မူသော။ ဂုဏောရဟံ၊ သီလသမာဓိ ပြည့်ဘိဥဿုံ ပညာဂုဏ်တို့ လျှံထုံမွှေးလျော် ပျော်ပိုက်တော်မူသော။ တံ ဥပဂုတ္တံ မဟာထေရံ မာရ်နတ်ရန်ကို တွန်းလှန် ဖြိုခွင်း အောင်ပွဲကျင်းပတော်မူပေသော ထိုအရှင်ဥပဂုတ်မထေရ်ကြီးကို။ အဟံ၊ ရန်မာန်ခပင်း ဘေးကင်းလိုပါသော အကျွန်ုပ်သည်။ သာဒရံ၊ လေးမြတ် ကြည်ညို သဒ္ဓါပို၍ ရှိသေလှစွာ။ အဘိဝန္ဒာမိ၊ ပဉ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ တေန၊ ထိုသို့ တုပ်ဝပ်ရှိကျိုး လက်စုံ မိုး၍ ရှိခိုးပါရ မြတ်ပုညကြောင့်။ အဟံ၊ ကိုယ်ပ ကိုယ်တွင်း ဘေးရန်ကင်း လိုပါသော အကျွန်ုပ်သည်။ နိဗ္ဘယော၊ ကိုယ်ပကိုယ်တွင်း ဘေးရန်ကင်းသည်။ ဟောမိ၊ မုချဧကန် အမှန်စင်စစ် ဖြစ်ရပါလို၏ အရှင်ဘုရား။

●

## ၄။ ကြံတိုင်းအောင်ရေး

စိန္တိတေ စိန္တိတေ ဌာနေ၊ ဓိတံ ဓိတံ ဥပဂုတ္တံ၊
နမာမိ မဟာထေရံ တံ၊ မမ စိန္တာ သမိဇ္ဈတု။

စိန္တိတေ စိန္တိတေ ဌာနေ၊ ကြံသမျှ စည်သမျှ ကိစ္စဥဿုံ အလုံးစုံသော ဌာန၌။ ဓိတံ ဓိတံ၊ ကြံတိုင်းဖန်တိုင်း မဆိုင်းမတွ အောင်မြင်တော်မူသော။ တံ ဥပဂုတ္တံ မဟာထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူပေသော ထိုအရှင်ဥပဂုတ်မထေရ်မြတ်ကြီးကို။ အဟံ၊ ကြံတိုင်းဖန်တိုင်း မဆိုင်းခုပင် အောင်မြင်လိုသော အကျွန်ုပ်သည်။ သာဒရံ၊ လေးမြတ်ကြည်ညို သဒ္ဓါပို၍ ရှိသေလှစွာ။ နမာမိ၊ ပဥ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ တေန၊ ထိုသို့ တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပါရ မြတ်ပုညကြောင့်။ မမ၊ ကြံတိုင်းဖန်တိုင်း မဆိုင်းခုပင် အောင်မြင်လိုပါသော အကျွန်ုပ်အား။ စိန္တာ၊ ကြံသမျှစည်သမျှ ကိစ္စဥဿုံ အလုံးစုံသည်။ သမိဇ္ဈတု၊ ကြံတိုင်းဖန်တိုင်း မဆိုင်းပြီးမြောက် သိဒ္ဓိပေါက်ပါစေသား အရှင်ဘုရား။

●

## ၅။ လိုတိုင်းရရေး

ယထာကာမံ ပဝတ္တန္တံ၊ ထေရံ ဥပဂုတ္တဝှယံ၊
နမာမိ ဂုဏံ သရန္တော၊ ယထာကာမံ သမိဇ္ဈတု။

ယထာကာမံ၊ ပဝတ္တန္တံ၊ စိတ်တော်အလျောက် အလိုရှိတိုင်းဖြစ်မြောက်တော်မူလေ့ရှိသော။ ဥပဂုတ္တဝှယံ ထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူသော အရှင်ဥပဂုတ္တ အမည်ရှိသော မထေရ်မြတ်ကြီးကို။ အဟံ၊ စိတ်တိုင်းကျ လိုတိုင်းရလိုသော အကျွန်ုပ်သည်။ ဂုဏံသရန္တော မထေရ်ဂုဏ်ကို ကြည်ညိုလှစွာ အောက်မေ့ကာဖြင့်။ နမာမိ၊ ပဥ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရိုကျိုး ရှိခိုးပါ၏။ တေန၊ ထိုသို့ တုပ်ဝပ်ရိုကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ မေ၊ စိတ်တိုင်းကျ လိုတိုင်းရလိုသော အကျွန်ုပ်တို့အား။ ယထာကာမံ သမိဇ္ဈတု၊ အလိုရှိတိုင်း မဆိုင်းမသွေ ပြည့်စုံပါစေသတည်း အရှင်ဘုရား။

●

## ၆။ ကျက်သရေတိုးရေး

သိရိမန္တံ မဟာထေရံ၊ ဥပဂုတ္တံ ဂုဏုတ္တမံ၊
နာမာမိ ဥတ္တမင်္ဂေန၊ တေန သိရိ ပဝဍ္ဎတု။

သိရိမန္တံ၊ ကျက်သရေဘုန်းဂုဏ် ကုံလုံကြွယ်ဝ ပြည့်စုံတော်မူလှသော၊ ဂုဏုတ္တမံ၊ လွန်ကဲထူးမြတ်သော လောကုတ္တရာဂုဏ်ရှိတော်မူသော။ ဥပဂုတ္တံ၊ မဟာထေရံ၊ မာရ်နတ်ကိုရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူပေသော အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို။ အဟံ၊ ကျက်သရေမင်္ဂလာ တိုးလိုပါသော အကျွန်ုပ်သည်။ ဥတ္တမင်္ဂေန၊ ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်။ နမာမိ၊ ပဉ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရိုကျိုး ရှိခိုးပါ၏။ တေန၊ ထိုသို့ တုပ်ဝပ်ရိုကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ မေ၊ ကျက်သရေမင်္ဂလာ တိုးပွား လိုပါသော အကျွန်ုပ်အား။ သိရိပဝဍ္ဎတု၊ ကျက်သရေမင်္ဂလာအဖြာဖြာတို့ ကောင်းစွာ တိုးပွားပါစေသတည်း အရှင်ဘုရား။

●

## ၇။ အခြံအရံများရေး

ယသဝန္တံ မဟာထေရံ၊ တီဟိ ဝိဇ္ဇာဟိ သံယုတံ၊
ဥပဂုတ္တံ နမဿာမိ၊ တေန ယသဝါ သုခီ။

ယသဝန္တံ၊ သိန်းသန်းမက ကြွယ်ဝပြည့်လျှံ-အခြံအရံ ရှိတော်မူသော။ တီဟိ ဝိဇ္ဇာဟိ သံယုတံ၊ 'ပု၊ ဒိ၊ အာ'ဟု သုံးခုဝိဇ္ဇာ ဗောဓိဉာဏ်တို့နှင့် ယှဉ်တော်မူသော။ ဥပဂုတ္တံ မဟာထေရံ၊ မဟာထေရ် မာရ်နတ်ရန်ကို တွန်းလှန် ဖြိုခွင်း အောင်ပွဲကျင်းပတော်မူသော အရှင်ဥပဂုတ်မထေရ်မြတ်ကြီးကို။ အဟံ၊ အခြံအရံများလိုသော အကျွန်ုပ်သည်။ နမဿာမိ၊ ပဉ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရိုကျိုး ရှိခိုးပါ၏။ တေန၊ ထိုသို့ တုပ်ဝပ်ရိုကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ အဟံ၊ အခြံအရံများလိုသော အကျွန်ုပ်သည်။ ယသဝါ သုခီ ဟောမိ အခြံအရံပြည့်စုံသော ပညာရှင်ဖြစ်ရပါလို၏ အရှင်ဘုရား။

●

## ၈။ ခွန်အားပြည့်ဝရေး

ဗလီဟိ ဗလဝတရံ၊ ဆဠဘိညံ မဟိဒ္ဓိကံ၊
ဥပဂုတ္တံ နမဿာမိ၊ ဧတေန ဗလဝါ သုခီ။

ဗလီဟိ၊ ခွန်အားဗလကြီးမားလှသောသူတို့ထက်။ ဗလဝတရံ၊ ဆထက်လွန်ကျူး အထူးသဖြင့် ကြီးမားလှသော ခွန်အားရှိတော်မူသော။ ဆဠဘိညံ၊ ခြောက်ပါး အဘိညာဉ်တို့နှင့် ပြည့်စုံတော်မူသော။ မဟိဒ္ဓိကံ၊ ကြီးမားသော တန်ခိုးရှိတော်မူသော။ ဥပဂုတ္တံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူသော အရှင်ဥပဂုတ် မထေရ်မြတ်ကြီးကို။ အဟံ၊ ခွန်အားဗလကြီးမားလိုလှသော အကျွန်ုပ်သည်။ နမဿာမိ၊ ပဉ္စပတိဋ္ဌိတဂါရဝဖြင့် တုပ်ဝပ်ရှိကျိုး ရှိခိုးပါ၏။ ဧတေန၊ တုပ်ဝပ်ရှိကျိုး ရှိခိုးပါရ ထိုမြတ်ပုညကြောင့်။ အဟံ၊ ခွန်အားဗလကြီးမားလိုလှသော အကျွန်ုပ်သည်။ ဗလဝါ သုခီဟောမိ၊ ခွန်အားဗလ ပြည့်စုံလှသော ပညာရှင်ဖြစ်ရပါလို၏ အရှင်ဘုရား။

●

## ၉။ လာဘ်ပေါများရေး

လာဘဂ္ဂ ပတ္တ နိဂ္ဂန္ထံ၊ မာရဗလဝိမဒ္ဒကံ၊
ဥပဂုတ္တံ နမဿာမိ၊ ဧတေန လာဘဝါ သုခီ။

လာဘဂ္ဂပ္ပတ္တံ၊ လာဘ်လာဘပေါများသည်၏ အဖြစ်သို့ ရောက်တော်မူသော။ နိဂ္ဂန္ထံ၊ အဖုအထစ် ကင်းရှင်းတော်မူသော။ မာရဗလ ဝိမဒ္ဒကံ၊ မာရ်နတ်မင်းနှင့် မာရ်နတ်၏ နောက်လိုက်စစ်သည်အပေါင်းတို့ကို ကောင်းစွာနှိမ်နင်းတော်မူသော။ ဥပဂုတ္တံ၊ ဥပဂုတ္တမထေရ်မြတ်ကြီးကို။ အဟံ၊ လာဘ်လာဘပေါများလိုသော အကျွန်ုပ်သည်။ နမဿမိ၊ ပဉ္စပတိဋ္ဌိတဂါရဝဖြင့် တုပ်ဝပ်ရှိကျိုး ရှိခိုးပါ၏။

ဧတေန၊ ထိုသို့ တုပ်ဝပ်ရှိကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ လာဘ ဝါ သုခီ ဟောမိ၊ လာဘ်လာဘ ပေါများသူ ပညာရှင်ဖြစ်ရပါလို၏ အရှင်ဘုရား။

●

## ၁၀။ စီးပွားဥစ္စာတိုးတက်ရေး

ဗောဓျင်္ဂနိမ္မနသမ္ဗုန္နံ၊ လောကဿ မဂ္ဂဒေသကံ၊
ဥပဂုတ္တံ နမဿာမိ၊ ဓောနေ ဓနေဝါ သုခီ။

ဗောဓျင်္ဂနိမ္မနသမ္ဗုန္နံ၊ ဗောဇ္ဈင် ဥစ္စာ ဓန နှစ်ဖြာနှင့် ကောင်းစွာလောက်လုံ ပြည့်စုံတော်မူသော။ လောကဿ၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို။ မဂ္ဂဒေသကံ၊ နိဗ္ဗာန်သွားရန် လမ်းအမှန်ကို အဖန်ဖန် ညွှန်ပြတော်မူတတ်သော။ ဥပဂုတ္တံ မဟာထေရံ၊ မာရ်နတ်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူသော အရှင်ဥပဂုတ်မထေရ်မြတ်ကြီးကို။ အဟံ၊ စီးပွားဥစ္စာ တိုးတက်လိုပါသော အကျွန်ုပ်သည်။ နမဿာမိ၊ ပဥ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရှိကျိုး ရှိခိုးပါ၏။

ဓောနေ၊ ဤသို့ တုပ်ဝပ်ရှိကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ ဓနေဝါ သုခီ၊ စီးပွားဥစ္စာ တိုးတက်ကြီးပွားသူ ပညာရှင်သည်။ ဟောမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

●

## ၁၁။ ပညာတိုးတက်ရေး

ပညာဝန္တံ ဓိတိမန္တံ၊ သမာဓိဂုဏသံယုတံ၊
ဥပဂုတ္တံ နမဿာမိ၊ တိက္ခဂမ္ဘီရပညဝါ။

ပညာဝန္တံ၊ ဝိပဿနာ မဂ်ပညာရှိတော်မူသော။ ဓိတိမန္တံ၊ လွန်ကဲထန်သီးကြီးမားသော ဝီရိယလည်း ရှိတော်မူသော။ သမာဓိဂုဏသံယုတံ၊ သမာဓိဂုဏ် လွန်ပြည့်စုံ၍ ကုံလုံကြွယ်ဝတော်မူထသော။ ဥပဂုတ္တံ မဟာထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူသော အရှင်ဥပဂုတ် မထေရ်မြတ်ကြီးကို။ အဟံ၊ ပညာတတ်တစ်ယောက်ဖြစ်မြောက်လိုသော ကျွန်ုပ်သည်။ နမဿာမိ၊ ပဥ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရှိကျိုး ရှိခိုးပါ၏။ ဓောနေ၊ ဤသို့ တုပ်ဝပ်ရှိကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ တိက္ခဂမ္ဘီရပညဝါ၊ ထက်မြက်နက်နဲ ထူကဲသောပညာရှင်သည်။ ဟောမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

●

## ၁၂။ နတ် လူ ချစ်ရေး

ဒေဝမနုဿသမ္ပိယံ၊ ရာဇာဓိရာဇပုဇိတံ၊
ဥပဂုတ္တံ ဘိပူဇာမိ၊ ဧတေန သမ္ပိယောဟောဿံ။

ဒေဝမနုဿသမ္ပိယံ၊ နတ် လူ ဗြဟ္မာတို့သည် ကောင်းစွာချစ်ခင်၍မြတ်နိုး အပ်သော။ ရာဇာဓိရာဇပုဇိတံ၊ သီရိဓမ္မာသောက စသည်များစွာ မင်းတကာတို့ ထက် ထူးကဲမွန်မြတ် နတ်မင်း၊ ဗြဟ္မာမင်းတို့သည် ဝပ်စင်းကော်ရော် ပူဇော် အပ်သော။ ဥပဂုတ္တံ မဟာထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲ ကျင်းပတော်မူသော အရှင်ဥပဂုတ် မထေရ်မြတ်ကြီးကို။ အဟံ၊ နတ်လူတကာ ချစ်ခင်စေလိုသော အကျွန်ုပ်သည်။ နမဿာမိ၊ ပဥ္စပတိဋ္ဌတဂါရဝဖြင့် တုပ်ဝပ် ရှိကျိုး ရှိခိုးပါ၏။ ဧတေန၊ ဤသို့ တုပ်ဝပ်ရှိကျိုး ရှိခိုးပါရ မြတ်ပုည ကြောင့်။ သမ္ပိယောဟောဿံ၊ နတ်လူတို့၏ ချစ်ခြင်းမေတ္တာကို ခံယူရသော အဖြစ်သည်။ ဟောမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

●

## စိန္တာမဏိဂါထာတော်ကြီး

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ရတနာသိဒ္ဓိ အန္တရာယ်ကင်း စိန္တာမဏိ အထံဂါထာပါဠိ**

ဩ နမေ အနန္တကောဋိကပ္ပော၊ သဗ္ဗညုတဉာဏံ စိန္တတိ စိန္တော။ သဗ္ဗေ ဒေဝါယ သင်္ဂမော၊ သောမနသော မနောဟရော စိန္တော စိန္တာနံ စိန္တတိ စိန္တော။ ဘုမ္မိပဒေသေ စိန္တတိ စိန္တော။ တြိဘုမ္မိရတိ စိန္တတိ စိန္တော။ သတ္တလောကံ စိန္တတိ စိန္တော။ ဩကာသလောကံ စိန္တတိ စိန္တော။ သင်္ခါရလောကံ စိန္တတိ စိန္တော။ နာမရူပံ စိန္တတိ စိန္တော။ ကုသလံ အကုသလံ အဗျာကတံ စိန္တတိ စိန္တော။ သုခံ၊ ဒုက္ခံ၊ အဒုက္ခ မသုခံ စိန္တတိ စိန္တော။ စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ စိန္တတိ စိန္တော။ မဂ္ဂ ပုဂ္ဂလံ ဖလံ စိန္တတိ စိန္တော။ ဈာနံ ဈာနင်္ဂ စိန္တတိ စိန္တော။ အရဟတ္တံ အရဟတ္တမဂ္ဂံ စိန္တတိ စိန္တော။ နိရောဓံ နိရောဓသမာ ပန္နံ စိန္တတိ စိန္တော။ သတ္တဓမ္မံ သတ္တဗောဇ္ဈင်္ဂ စိန္တတိ စိန္တော။ အရိယံ အဋ္ဌင်္ဂိကံ

ခဂ္ဂံ စိန္တတိ စိန္တော။ စတုရော ဓမ္မံ စတ္တာရိ ဣဒ္ဓိပ္ပါဒါနိ စိန္တတိ စိန္တော။ ပဋိသမ္ဘိဒါမဂ္ဂေ စတ္တာရိ ပဋိသမ္ဘိဒါမဂ္ဂါနိ စိန္တတိ စိန္တော။ အရိယသစ္စော စတ္တာရိ အရိယသစ္စာနိ စိန္တတိ စိန္တော။ အဝိဇ္ဇာသု အဝိဇ္ဇာဘာဂိယေသု စိန္တတိ စိန္တော။ ဝိမုတ္တိဉာဏေသု စိန္တတိ စိန္တော။ ပုဗ္ဗေနိဝါသဒိဗ္ဗစက္ခု အာသဝက္ခယ ဉာဏေသု စိန္တတိ စိန္တော။ လောကိယ လောကုတ္တရဉာဏေသု စိန္တတိ စိန္တော။ ကဗဠီကာရာဟာရေသု စိန္တတိ စိန္တော။ ပညတ္တိဓမ္မပရမတ္ထဓမ္မေသု စိန္တတိ စိန္တော။ ဣတ္ထိဘာဝ ပုမ္ဘာဝေသု စိန္တတိ စိန္တော။ ပဉ္စကာမဂုဏေသု စိန္တတိ စိန္တော။ အပ္ပကဗဟုကေသု စိန္တတိ စိန္တော။ အတီတာနာဂတပစ္စုပ္ပန္နေသု စိန္တတိ စိန္တော။ သဗ္ဗဇနစိတ္တေသု စိန္တတိ စိန္တော။ ဧတေန မနောဟရေန မဏိရတနံ ဝိယ သဗ္ဗကာမပူရဏော။ ဂရုဂါရဝါ ဒိဝသေန သဇ္ဈာယန္တာနံ ပဝရော သမ္မာ သမ္ဗုဒ္ဓေန ဒေသိတော။ အယံ မန္တော စိန္တနတ္ထေန စိန္တာမဏိယော နာမာတိ။ ဣစ္ဆိတံ အာသနံ တိဋ္ဌတု တိဋ္ဌတု။ ဒီပါယ ဒီပါယ။ ဝသာယ ဝသာယ။ ဒဒါတု ဒဒါတု။ စိန္တာမဏိ ရတနံ မံ ပါလေတု။ ဟုလု ဟုလု သွာဟယျ သွာဟုံဟုံ။

●

## ရတနသိဒ္ဓိအန္တရာယ်ကင်း စိန္တာမဏိအဖုံးဂါထာပါဠိ

ဩ နမော အနန္တကောဋိကပ္ပေ သဗ္ဗညုတဉာဏော သဗ္ဗဒေဝဂဏော စိန္တတိ စိန္တော။ စိန္တနတ္ထေန စိန္တာမဏိယော မနောမယဂြဟိတော အတုလျဝရဂုဏဓမ္မော သဗ္ဗကာမပူရဏော။ စိန္တာမဏိ ပြသိဒ္ဓေါ ဗြာဟ္မဏော ပဝရော တြိဘဝနသွာရော သုဂတော သဗ္ဗဝေရိနံ နိဝါရဏော။ အကာလမရဏ နိဝါရဏော မတျုဝဋ္ဋနာ ဒီဃာယုကော။ သိဒ္ဓိကရော ပုညဝန္တော မဟာတေဇော မဟာလာဘော မဟာ ယသော ဘဂျဝန္တော၊ ဒိဋ္ဌိဓမ္မဝေဒနိယဘူတော အရိယ ဖလဝရဓမ္မော။ အယံ မန္တော အနန္တသမ္မာသမ္ဗုဒ္ဓေါ ဒေသိတော၊ ဝိသုဒ္ဓိဒေဝေါ နရာသဘော။ ပရမေ သွာရော မဟာဒေဝေါ ဝရဂဏပ္ပတ္တော ဣန္ဒဒေဝေါ မဟာဗြဟ္မာ မဟေသွာရော ဘုမ္မိဝသုန္ဓရော မဉ္ဇူ သိရိကော။ မဏိမေခလော အာကာသဒေဝေါ ရက္ခဒေဝေါ နာဂေါ သုပဏ္ဏော ဂန္ဓဗ္ဗော စတုလောကပါလော သူရိယော၊ စန္ဒိမာ နက္ခတ္တ တာရကာ။ ဟိမဝန္တော။ သိနေရုပဗ္ဗတော။ စက္ကပါဠ သိလုစ္စယော။ သတ္တ ပဗ္ဗတော။ ဂင်္ဂါ ယမုနာ အစိရဝတီ မဟီသရဘူ။

ဇမ္ဗုရုက္ခော ကဒမ္ဗော ကပ္ပရုက္ခော သိရိသော ပါဋ္ဌလိ သိပ္ပလိ ပါရဆတ္တကော။ ဆဒ္ဒန္တော ဧရာဝဏ္ဏော ဥသဘော။ သိရိန္ဒဒေါ ဝေပုလ္လ ပဗ္ဗတဖဿော မနောဟရော မဏိရတနံဝိယ၊ အယံ အန္တော စိန္တနတ္တေန စိန္တာမဏိယော နာမာတိ၊ တ္တစ္စေဟံ အာသနံ တိဋ္ဌတု တိဋ္ဌတု၊ ဒီပါယ ဒီပါယ၊ ဝဿာယ ဝဿာယ၊ ဒဒါတု ဒဒါတု၊ စိန္တာ မဏိ ရတနံ မံ ပါလေတု။ ဟုလု ဟုလု သွာဟာယျ သွာဟုံဟုံ။

## ရတနသိဒ္ဓိ အန္တရာယ်ကင်းစိန္တာမဏိ အထဲဂါထာအနက်

နမော၊ ၃–ပါး ရတနာ ဆရာမိဘတို့အား ရှိခိုးခြင်းကို။ ကရောမိ၊ ပြု၏။ ဩ၊ ဥပဒ္ဒါဘေးဒဏ် ရန်မာန်အပေါင်းကို ကာရံစောင့်ရှောက်ပြီးစီး အောင်မြင်စေသတည်း။ အနန္တကောဋိကပ္ပော၊ အဆုံး အပိုင်းအခြားမရှိသော ကမ္ဘာကုဋေ ပတ်လုံး ဆည်းပူးအပ်သော ပါရမီပုညသမ္ဘာ ရှိသည်ဖြစ်၏။ သဗ္ဗညုတ ဉာဏံ၊ သဗ္ဗညုတဉာဏ်တော်ကို။ စိန္တတိ စိန္တော၊ ကြံတတ် သိတတ်ကုန်သော ပစ္စေကဗုဒ္ဓါသာဝကတို့ထက် လွန်ကဲထူးမြတ် ကြံတတ် သိတတ်တော်မူသော ဘုရားမြတ်စွာသည်။ သဗ္ဗဒေဝါယ သဗ္ဗဒေဝါနံ၊ အလုံးစုံသော နတ်အပေါင်း တို့၏။ သင်္ဂမော၊ ပေါင်းဆုံစည်းဝေးရာ ဖြစ်တော်မူ၏။ သောမနဿော၊ နှစ်သက်ဝမ်းမြောက်ခြင်းကို ပွားစေ၏။ မနောဟရော၊ စိတ်နှလုံးကို ယူကျုံး ဆောင်ယူတတ်သည်ဖြစ်၍။ စိန္တော စိန္တာနံ၊ ကြံကုန်သက်ဝင်ကုန်၍ ကြံကုန် သောသူတို့ထက်။ စိန္တတိ စိန္တော၊ သူ ကြံစည်သိမြင်သည်ထက် အထူးသဖြင့် ကြံစည်သိမြင်တတ်၏။ ဘုမ္မိပဒေသေ၊ ထိုထိုဘုံအရပ်၌ တည်နေသော သတ္တဝါ သင်္ခါရတို့ကို။ စိန္တတိ စိန္တော၊ ၏။ တြိဘုမ္မိရတိ၊ ဘုံ ၃–ပါး၌ဖြစ်သော မွေ့လျော်ခြင်းကို။ စိန္တတိ စိန္တော၊ ၏။ သတ္တလောကံ၊ သတ္တလောကကို။ စိန္တတိ စိန္တော၊ ၏။ ဩကာသလောကံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ သင်္ခါရ လောကံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ နာမရူပံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ ကုသလံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ အကုသလံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ အဗျာကတံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ သုခံ၊ သုခဝေဒနာကို။ စိန္တတိ စိန္တော၊ ၏။ ဒုက္ခံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ အဒုက္ခမသုခံ၊ အဒုက္ခမသုခ ဝေဒနာ ကို။ စိန္တတိ စိန္တေ၊ ၏။ စိတ္တံ၊ စိတ်ကို။ စိန္တတိ စိန္တော၊ ၏။ စေတသိကံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ ရူပံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ နိဗ္ဗာနံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ မဂ္ဂပုဂ္ဂလံ၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ကို။ စိန္တတိ စိန္တော၊ ၏။ ဖလံ၊ ဖိုလ်

ကို။ စိန္တတိ စိန္တော၊ ၏။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်ကို။ စိန္တတိ စိန္တော၊ ၏။ နိရောဓံ၊ နိရောဓသမာပတ်ကို။ နိရောဓသမာပန္နံ၊ နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်ကို။ စိန္တတိ စိန္တော၊ ၏။ သတ္တ ဓမ္မံ၊ ၇-ပါးသော သူတော်ကောင်းတရားကို။ သတ္တဗောဇ္ဈင်္ဂံ၊ ၇-ပါးသော ဗောဇ္ဈင်တရားကို။ စိန္တတိ စိန္တော၊ ၏။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊ ကို။ စိန္တတိ စိန္တော၊ ၏။ စတုရောဓမ္မံ စတုရောဓမ္မေ၊ ၄-ပါးသော သတိပဋ္ဌာန်၊ ၄-ပါးသော သမ္မပ္ပဓာန်တရားတို့ကို။ စတ္တာရိ ဣဒ္ဓိပါဒါနိ၊ ဣဒ္ဓိပါဒ် ၄-ပါးတို့ကို။ စိန္တတိ စိန္တော၊ ၏။ ပဋိသမ္ဘိဒါမဂ္ဂေ၊ ပဋိသမ္ဘိဒါ မဂ်ကို။ စတ္တာရိ ပဋိသမ္ဘိဒါမဂ္ဂါနိ၊ ၄-ပါးသော ပဋိသမ္ဘိဒါမဂ် ပုဂ္ဂိုလ်တို့ကို။ စိန္တတိ စိန္တော၊ ၏။ အရိယသစ္စေ၊ အရိယသစ္စာကို။ စတ္တာရိ အရိယသစ္စာနိ၊ ၄-ပါးသော အရိယသစ္စာပုဂ္ဂိုလ်တို့ကို။ စိန္တတိ စိန္တော၊ ၏။ အဝိဇ္ဇာသု၊ အဝိဇ္ဇာတို့၌။ အဝိဇ္ဇာဘာဝိယေသု၊ အဝိဇ္ဇာ၏ အဖို့၌ဖြစ်သော တရားတို့၌။ စိန္တတိ စိန္တော၊ ၏။ ဝိမုတ္တိ ဉာဏေသု၊ ဝိမုတ္တိဉာဏ်တို့၌။ စိန္တတိ စိန္တော၊ ၏။ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခုအာသဝက္ခယဉာဏေသု၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်တို့၌။ စိန္တတိ စိန္တော၊ ၏။ လောကိယ လောကုတ္တရဉာဏေသု၊ လောကီဉာဏ်၊ လောကုတ္တရာဉာဏ်တို့၌။ စိန္တတိ စိန္တော၊ ၏။ ကဗဠီကာရာဟာရေသု၊ ကဗဠီကာရအာဟာရတို့၌။ စိန္တတိ စိန္တော၊ ၏။ ပညတ္တိဓမ္မ ပရမတ္ထ ဓမ္မေသု၊ ပညတ်တရား၊ ပရမတ်တရား၊ တို့၌။ စိန္တတိ စိန္တော၊ ၏။ ဣတ္ထိဘာဝ ပုမ္ဘာဝေသု၊ ဣတ္ထိဘော၊ ပုံဘောတို့၌။ စိန္တတိ စိန္တော၊ ၏။ ပဥ္စကာမဂုဏေသု၊ ၅-ပါးသော ကာမဂုဏ်တို့၌။ စိန္တတိ စိန္တော၊ ၏။ အပ္ပကဗဟုကေသု၊ အနည်းအများတို့၌။ စိန္တတိ စိန္တော၊ ၏။ အတီတာ နာဂတပစ္စုပ္ပန္နေသု၊ အတိတ်အနာဂတ် ပစ္စုပ္ပန်တရားတို့၌၊ စိန္တတိ စိန္တော၊ ၏။ သဗ္ဗဇန စိတ္တေသု၊ အလုံးစုံသော သတ္တဝါတို့၏ စိတ်တို့၌။ စိန္တတိ စိန္တော၊ ၏။ ဧတေန၊ ဤဆိုအပ်ပြီးသော သဘောရှိသော။ အနေ္တာဟရေန၊ စိတ်နှလုံးကို ဆောင်တတ်သော သဘောကြောင့်။ အဟံ မန္တော၊ ဤ မန္တရားသည်။ မဏိရတနံ ဝိယ၊ စကြဝတေးမင်း၏ မနောမယ ပတ္တမြားရတနာကဲ့သို့။ သဗ္ဗကာမပူရဏော၊ အလုံးစုံသော အလိုဆန္ဒကို ပြည့်စေတတ်၏။ ဂရုဂါရဝါဒိ ဝသေန၊ ဆရာ၌ရိုသေလေးမြတ်ခြင်း စသည်၏ အစွမ်းဖြင့်။ သဇ္ဈာယန္တာနံ၊ သရဇ္ဈာယ်ကုန်သော သူတို့အား။ ပဝရော၊ အထူး

သဖြင့် မြတ်သော မန္တရားဟူ၍။ သမ္မာသမ္ဗုဒ္ဓေန၊ မဖောက်မပြန် ကိုယ်တိုင်သာလျှင် သစ္စာဥေယျ မြတ်ဓမ္မကို သိတော်မူသော ဘုရားမြတ်စွာသည်။ ဒေသိတော၊ ဟောတော်မူအပ်၏။ အယံ မန္တော၊ ဤမန္တရားကို။ စိန္တနတ္တေန အပိတ်အပင် အဆီးအတားမရှိ သိမြင်ကြံစည်တတ်သော အနက်ကြောင့်။ စန္တာမဏိယော နာမာတိ၊ စိန္တာမဏိ အမည်ရှိ၏ဟူ၍။ ဝုစ္စတိ၊ ၏။ တ္တတိ၊ ဤသို့။ ဇော် အယံ မန္တော၊ ဤ မန္တရားသည်။ အာသန်၊ ငါ၏ နေရာအရပ်သို့။ အာဂမ္မ၊ ကပ်၍။ ဒီပါယ ဒီပါယ၊ မီးခိုကိုးကွယ်ရာ မီခိုကိုးကွယ်ရာဖြစ်ခြင်းငှာ။ ဝသာယ ဝသာယ၊ ငါတို့အလိုအာဏာသို့ ပါခြင်းငှာ ပါခြင်းငှာ။ တိဋ္ဌတု တိဋ္ဌတု၊ တည်ရပ်စေသတည်း တည်ရပ်စေသတည်း။ ဒဒါတု ဒဒါတု၊ အောင်မြင်မင်္ဂလာ ချမ်းသာစီးပွား များသားခြွေရွေ ဘုန်းကျက်သရေတိုးခြင်းကို ပေးစေသတည်း ပေးစေသတည်း။ စိန္တာမဏိရတနံ၊ စိန္တမဏိ မန္တရားရတနာသည်။ မံ၊ အကျွန်ုပ်ကို။ ပါလေတု၊ ရုံကာစောင့်ရှောက်စေသတည်း။ ဟုလုဟုလု၊ လျင်စွာ။ သွာဟယျသုအာဟယျ၊ အောင်မြင်မင်္ဂလာ ချမ်းသာစီးပွားတိုးတက်ခြင်းကို ရှေ့ရှုလှုလှု တိုးပွားစေသတည်း။ သွာဟုံဟုံ–သုအာဟုံဟုံ၊ တိုးပွားစေကုန်။

စိန္တာမဏိ အထဲဂါထာ အနက်ပြီး၏။

●

## ရတနသိဒ္ဓိ အန္တရာယ်ကင်း စိန္တာမဏိ အဖုံးဂါထာအနက်

နမော၊ ၃–ပါးရတနာ ဆရာမိဘတို့အား ရှိခိုးခြင်းကို။ ကရောမ၊ ပြု၏။ ဩ၊ ဥပဒ်ဘေးဒဏ် ရန်မာန်အပေါင်းကို ကာရံ စောင့်ရှောက် ပြီးစီး အောင်မြင်စေသတည်း။ အနန္တ ကောဋိကပ္ပော၊ အဆုံးအပိုင်းအခြားမရှိသော ကမ္ဘာကုဋေပေတ်လုံး ဆည်းပူးအပ်သော ပါရမီပုည ဉာဏ်ကမ္ဘာရရှိသည်ဖြစ်၍။ ဝါ၊ ရှိသောကြောင့်။ သဗ္ဗညုတဉာဏော၊ သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ သဗ္ဗဒေဝဂဏော၊ အလုံးစုံသော နတ်အပေါင်းတို့ကို။ စိန္တတိ စိန္တော၊ သူကြံစည် သိမြင်သည်ထက် လွန်ကဲထူးမြတ်၍ ကြံစည်သိမြင်တော်မူတတ်၏။ စိန္တနတ္တေန၊ အပိတ်အပင် အဆီးအတားမရှိ သိမြင်ကြံစည်တတ်သော အနက်ကြောင့်။ စိန္တာမဏိယော၊ စိန္တာမဏိမည်သော မန္တရားရတနာသည်။ မနောမယဂုဏ်ဟိတော၊ အရံကျောက်ပေါင်းရှစ်သောင်းလေးထောင်

ဝေဘူလတောင်၌ရောက်သော မနောမယ ပတ္တမြားရတနာကဲ့သို့ လိုရာအကျိုးကို ပြီးစေတတ်၏။ အတုလျဝရဂုဏာဓမ္မော၊ မနှိုင်းရှည်အပ် ထူးမြတ်သော ဘုရားကျေးဇူး တရားကိုပြတတ်သည်ဖြစ်၍။ သဗ္ဗကာမပူရဏော၊ အလုံးစုံသော အလိုဆန္ဒ နှလုံးအလိုကို ပြည့်စေတတ်၏။ စိန္တာမဏိ၊ သူတစ်ပါးတို့၏ စိတ်အကြံကို လျင်မြန်စွာ သိစေတတ်၏။ ဗြသိဒ္ဓေါ၊ မြတ်သောအကျိုးကို ပြီးစေတတ်၏။ ဗြဝဏ္ဏော၊ မြတ်သောအကျိုးကို ပြစေတတ်၏။ ပဝရော၊ လွန်ကဲထူးမြတ် ထောင့်တအပ်၏။ တြိဘဝနသွာရော၊ ဘုံ ၃-ပါး၌ ကောင်းသော သွားခြင်း ရှိသည်ဖြစ်၍။ သုဂတော၊ လိုအပ်သော ကောင်းကျိုး၌ အလွန်သွားသည်။ ဟောတိ၊ ၏။ သဗ္ဗဝေရီနံ၊ အလုံးစုံသော ရန်သူတို့ကို။ နိဝါရဏော၊ စောင့်ရှောက်ကွယ်ငြား မြစ်တားတတ်သည်။ ဟောတိ၊ ၏။ အကာလမရဏာနိဝါရဏော၊ အခါမဲ့ ဥပစ္ဆေဒကကံဖြင့် သေခြင်းကို တားမြစ်ပေတတ်၏။ မတျုဝဥ္စနာ၊ သေမင်းကို လှည့်ပတ်ခြင်းဖြင့်။ ဒီဃာယုကော၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်၏။ သိဒ္ဓိကရော၊ သောကအပြီးအစီး သိဒ္ဓိအပေါင်းကို ပြုပေတတ်၏။ ပုညဝဍ္ဍော၊ ဘုန်းကြီးမားသည်ကို ပွားစေတတ်၏။ မဟာတေဇော၊ တန်ခိုးကြီးမားသည်ကို ပွားစေတတ်၏။ မဟာယသော၊ အကျော်အစော အခြံအရံ ကြီးမားသည်ကို ပွားစေတတ်၏။ ဘဂျဝဍ္ဍော၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံသည်ကို ဖြစ်စေတတ်၏။ ဒိဋ္ဌဓမ္မဝေဒနိယဘူတော၊ မျက်မှောက်ခံစားအပ်သော အကျိုးရှိ၏။ အရိယဖလဝရဓမ္မော၊ အရဟတ္တဖိုလ်ဟူသော မြတ်တရားနှင့် ပြည့်စုံသော။ ဝိသုဒ္ဓိဒေဝေါ၊ ကျော်စောထင်ရှားသော ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော။ နရာသဘော၊ နတ်လူတို့ထက် မြတ်တော်မူသော။ အနန္တသမ္မာသမ္ဗုဒ္ဓေါ၊ အဆုံးအပိုင်းအခြားမရှိ များစွာသောဘုရားရှင်တို့သည်။ ဒေသိတော၊ ဟောတော်မူအပ်သော။ အယံ မန္တော၊ ဤရတနာတည်းဟူသော မန္တန်သည်။ မံ၊ ကို။ ပါလယတု၊ စောင့်ရှောက်မစတော်မူစေသတည်း။ ပရမေသွာရော၊ ပရမေသွာရအမည်ရှိသော။ မဟာဒေဝေါ နတ်မင်းကြီးသည်။ မံ၊ ကို။ ပါလယတု၊ တည်း။ ပရဂဏာပွတ္တော၊ မြတ်သောဂိုဏ်း အခြေအနေသို့ ရောက်သော။ ဣန္ဒဒေဝေါ၊ စတုလောကပါလ နတ်မင်းကြီး၏သား ဣန္ဒမည်သော နတ်သည်လည်းကောင်း။ မဟာ၊ မြတ်သော။ ဗြဟ္မာ၊ ဗြဟ္မာမည်သော နတ်သည်လည်းကောင်း။ မဟေသွာရော၊ မဟေသွာရမည်သော နတ်သည်လည်းကောင်း။ ဘုမ္မိဝသုန္ဓရော၊ ဘုမ္မိမည်သော ဝသုန္ဓရေ နတ်သည်

လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ ဓေယျဒေါ၊ အောင်ခြင်းကိုပေးစေသတည်း။ မဠူ နန္ဒမူလဂူ၊ မဠူသကပန်းပင်၌ စောင့်သော နတ်သည်လည်းကောင်း။ သိရိကော၊ ကဏ္ဍာရတောကြမ်း လမ်းခရီး၌ စောင့်သော ငွေဗိမာန်၌ နေသော သိရိကမည်သော နတ်သည်လည်းကောင်း။ မဏိမေခလာ၊ သမုဒ္ဒရာကိုစောင့်သော မဏိမေခလာ နတ်သမီးသည်လည်းကောင်း။ အာကာသဒေဝေါ၊ အာကာသစိုး နတ်သည်လည်းကောင်း။ ရုက္ခဒေဝေါ၊ ရုက္ခစိုးနတ်သည် လည်းကောင်း။ နာဂေါ၊ ဝိရူပက္ခ စသည်အများ မျိုးကွဲပြားသော နဂါးအပေါင်းသည်လည်းကောင်း။ သုပဏ္ဏော၊ ငှက်အပေါင်းတို့၏ မင်းဖြစ်သော ဂဠုန် အပေါင်းသည်လည်းကောင်း။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗ နတ်အပေါင်းသည်လည်းကောင်း။ စတုလောကပါလော၊ စတုလောကပါလ နတ်မင်းကြီး ၄-ယောက်တို့သည် လည်းကောင်း။ သူရိယော၊ နေနတ်သည်လည်းကောင်း။ စန္ဒိမာ၊ လနတ်သည် လည်းကောင်း။ နက္ခတ္တတာရကာ၊ နက္ခတ်ဘုံ စသော နတ်အပေါင်းသည် လည်းကောင်း။ ဟိမဝန္တော၊ ဟိမဝန္တာတောင်၌ စောင့်သောနတ်သည် လည်းကောင်း။ သိနေရုပဗ္ဗတော၊ မြင်းမိုရ်တောင်၌ နေသော နတ်အပေါင်းသည် လည်းကောင်း။ စက္ကဝါဠသိလုစ္စယော၊ စကြဝဠာတောင်၌ စောင့်သော နတ်အပေါင်းသည် လည်းကောင်း။ သတ္တပဗ္ဗသော၊ တောင်စဉ် ၇-ထပ်၌ စောင့်သော နတ်အပေါင်း သည်လည်းကောင်း။ ဂင်္ဂါ ယမုနာ အစိရဝတီ မဟိသရဘူ၊ ဂင်္ဂါမြစ်၊ ယမုနာ မြစ်၊ အစိရဝတီမြစ်၊ မဟီမြစ်၊ သရဘူမြစ်၌ စောင့်သော နတ်အပေါင်းသည် လည်းကောင်း။ ဇမ္ဗုရုက္ခော၊ ကျွန်းဦးသပြေပင်၌ စောင့်သော နတ်သည်လည်းကောင်း။ ကဒမ္ဗော၊ အရှေ့ကျွန်းဦးထိပ်၌ စောင့် သော နတ်သည်လည်းကောင်း။ ကပ္ပရုက္ခော၊ မြောက်ကျွန်းဦး ပဒေသာပင်၌ စောင့်သော နတ်သည်လည်းကောင်း။ သိရိသော၊ အနောက်ကျွန်းဦး ကုက္ကိုပင်၌ စောင့်သောနတ်သည် လည်းကောင်း။ ပါဠလိ၊ အသူရာပြည် သခွတ်ပင်၌ စောင့်သောနတ်သည် လည်းကောင်း။ သိပ္ပလိ၊ ဂဠုန်ပြည် လက်ပံပင်၌ စောင့်သော နတ်သည်လည်းကောင်း။ ပါရိဆတ္တကော၊ တာဝတိံသာ ပင်လယ်ကသစ်ပင်၌ စောင့်သောနတ်သည် လည်းကောင်း။ ဆဒ္ဒန္တော၊ ဆဒ္ဒန်အိုင်၌စောင့်သော နတ်သည်လည်းကောင်း။ ဧရာဝဏ္ဏော၊ ဧရာဝဏ် နတ်သည်လည်းကောင်း။ ဥသဘော၊ ဇနဝသဘ နတ်သည်လည်းကောင်း။ ဧတေ ဒေဝါ၊ ဤဆိုအပ်ပြီးသော နတ်အပေါင်းတို့သည်။ ဧကပုတ္တံဝ၊ ရင်၌ဖြစ်သော တစ်ယောက်တည်းသော သားကဲ့သို့။ မံ၊ ကို။ သမ္မာလေန္တု၊

ကောင်းစွာစောင့်ရှောက် မစစေကုန်သတည်း။ အယ် မန္တော၊ သည်။ သိရိန္ဒဒေါ၊ အသရေကို ပေးတတ်သော။ ဝေပုလ္လပဗ္ဗတဖသော၊ ဝေပုလ္လတောင်ရံ၌ ရောက်၍ အရံရစ်သောင်း လေးထောင်ရှိသော။ မနောဟာရော၊ လူတို့နှလုံးအလိုကို ပြည့်စေတတ် ဆောင်စေတတ်သော။ မဏိရတနံ ဝိယ၊ ရေနှောက်မြူနည်ကို ကြည်စေတတ်သော လုံးပတ် ၃–ထွာ၊ အလျား ၄–တောင်ပမာဏ မနောမယ ပတ္တမြား ရတနာကဲ့သို့။ သဗ္ဗကာမပူရဏော၊ အလုံးစုံသော အလိုဆန္ဒကို ပြည့်စေတတ်၏။ ဂရုဂါရဝါဒိဝသေန၊ ဆရာ၌ ရိုသေလေးမြတ်ခြင်း စသည်တို့၏ အစွမ်းဖြင့်။ သဇ္ဈာယန္တာနံ၊ သရဇ္ဈာယ် ကုန်သောသူတို့အား။ ပဝရော၊ အထူးသဖြင့် မြတ်သော မန္တရားဟူ၍။ သမ္မာ သမ္ဗုဒ္ဓေန၊ မဖောက်မပြန် ကိုယ်တိုင်သာလျှင် သစ္စာ ၄–တန် ဥဒေယျဓမ်တရားကို သိတော်မူတတ်သော မြတ်စွာဘုရားသည်။ ဒေသိတော၊ ဟောတော်မူအပ်၏။ အယံ မန္တော၊ ဤမန္တရားကို။ စိန္တ နတ္တေန၊ အပိတ်အပင် အတားအဆီးမရှိ သိမြင် ကြံစည်တတ်သော အနက်ကြောင့်။ စိန္တာမဏိယော နာမာတိ၊ စိန္တာမဏိ အမည်ရှိ၏ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ ဧတံ အယံ မန္တော၊ ဤမန္တရား သည်။ အာသနံ၊ ငါ၏အရပ်သို့။ အာဂမ္မ၊ လာလတ်၍။ ဒီပါယ ဒီပါယ၊ ၄ာ။ ဝသာယ ဝသာယ၊ ၄ာ။ တိဋ္ဌတု၊ သတည်း။ ဒဒါတု ဒဒါတု၊ သတည်း။ စိန္တာမဏိ ရတနံ၊ သည်။ မံ၊ ကို။ ပါလေတု၊ တည်း။ ဟုလု ဟုလု၊ စွာ။ သွာဟာယျ–သုအာဟာယျ၊ တည်း။ သွာဟုံဟုံ–သုအာဟုံဟုံ၊ ကုန်။

စိန္တာမဏိ အဖုံးပါဌာ အနက်ပြီး၏။

မိမိအလိုရှိရာ ဣဋ္ဌာသယ ဉာဏ်ရှိတိုင်း သုံးစွဲတော်မူကြပါ။ နေထွက်ပါ လျှင် တစ်ခေါက်ရွတ်ပါ။ နေဝင်က တစ်ခေါက်ရွတ်ပါ။ ဘေးရန်အန္တရာယ် ခပ်သိမ်း ကင်းကုန်၏။ တစ်နေ့လျှင် ၂–ခေါက် ရွတ်တော်မူကြပါ။

●

# ရွှေဆောင်ကောင်းဂါထာ

ဗုဒ္ဓသံ မင်္ဂလံလောကေ၊ ဒုက္ခနာ သံကရံ ဝရံ၊
ဗုဒ္ဓ သံသာရ ဂစ္ဆိ၊ သောတ္ထိမေ ဟောတု သဗ္ဗဒါ၊

ဗျာဒိယန္တံတရံ ဝန္ဒေ၊ ကာမာဝါတိဝိဝါစရံ၊
တသော်ဝ အာနုဘာဝေန၊ သဒါ သောတ္ထိ ကရောတု မေ။

လောကဥ္ဓ မြတ်စွာဘုရားနှင့် တပည့်သား သံဃာတော်မြတ်သည် မကောင်းမှုကို ဖျက်ဆီးညှဉ်းသတ် ကောင်းမြတ်အောင်မြင်တတ်သော ကောင်းကျိုးဆောင် မင်္ဂလာကြီး မည်ပါပေ၏။ သံသရာမှ လွတ်မြောက်တော်မူပြီးသော မြတ်စွာဘုရားသည် ဆင်းရဲ၏ချုပ်ငြိမ်းပျောက်ပျက်ရာ နိဗ္ဗာန်ပြုတော်မူတတ်ပါပေ၏။ ဘုရားတန်ခိုးဖြင့် အကျွန်ုပ်အား အခါခပ်သိမ်း ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း။ သံသရာ၏ အစအဆုံးကို ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရားကို ရှိခိုးပါ၏။ ကာမကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုတို့၏ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ဆောင်တတ်ပါပေ၏။ ထို ကာမကုသိုလ် ဉာဏသမ္ပယုတ်လေးခု၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် အကျွန်ုပ်အား အခါခပ်သိမ်း ချမ်းသာခြင်းသည် ပြုပါစေသတည်း၊ ဖြစ်ပါစေသတည်း၊ ရှေ့ဆောင်ပါစေသတည်း။

မြတ်စွာဘုရား ဘုရားတပည့်တော်သည် သီလစောင့်တည်ခြင်း၊ ရွတ်ဖတ်ခြင်း စသော ဘာဝနာကို ပြီးစီးစေ၍ သတ္တဝါခပ်သိမ်းကိုလည်း ပြီးစီးစေတော်မူပေထသော။

သေခြင်းကင်းသော အကြောင်းကိုလည်း ပြီးစီးတော်မူပေထသော။

ပြီးသောကိစ္စ၊ ပြီးသောကိုယ်နှင့် ပြီးသောအမှုရှိတော်မူပေထသော မြတ်စွာဘုရားအား ကြိမ်ဖန်များစွာ ကန်တော့ပါသည်ဘုရား။ ကန်တော့ရသော အကျိုးအားကြောင့် အမှုကိစ္စအဝဝသည် ငြိမ်းချမ်းပြီးစီးပါစေသတည်း။ မကောင်းကြံ၊ မကောင်းပြော၊ မကောင်းပြုသူတို့၏ ကံခပ်သိမ်းသည် ပြတ်ငြိမ်းပြီးစီးပါစေသတည်း။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြောင်းနှင့် ပြီးပြည့်စုံပါစေသတည်း။

●

## ရတနာသိဒ္ဓိ အဏ္ဏရာယ်ကင်း

(ဘေးရန်အန္တရာယ်ကင်း၍ အသက်ရှည်စွာနေရသော ပုတီးစိပ် ကြံတိုင်းအောင်မြင်နိုင်၏။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပုတီးတစ်လုံးချ။

ဓမ္မံ သရဏံ ဂစ္ဆာမိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပုတီးတစ်လုံးချ။

သံဃံ သရဏံ ဂစ္ဆာမိ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပုတီးတစ်လုံးချ။

၎င်းနည်းအတိုင်း ပုတီးတစ်ပတ်ရအောင်စိပ်။ ဒိတိယမ္ပိဆို၍ အထက်နည်းအတိုင်း ပုတီးတစ်ပတ်စိပ်။

ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ပုတီးတစ်လုံးချ။ တစ်ပတ်ရအောင်စိပ်။

ဧဝံ အစိန္တိယာ ဓမ္မာ၊ ပုတီးတစ်လုံးချ။ တစ်ပတ်ရအောင်စိပ်။

ဧဝံ အစိန္တိယာ သံဃာ၊ ပုတီးတစ်လုံးချ။ တစ်ပတ်ရအောင်စိပ်။

အထက်ကအတိုင်း ပတ်မိအောင်စိပ်။ ဘုန်းကြီး၍ အသက်ရှည်စေနိုင်သော ပုတီးစိပ်။ ကြိုးစား၍ သရဏ္ဍာယ်ပြီးလျှင် အားထုတ်တော်မူကြပါကုန်။

●

## ရာထူးဂုဏ်သိန်အတွက် တန်ခိုးကြီး ဂါထာမန္တန်များ

### သာသနာရောင်ဝါ ပရိတ်

သာသနာဿစ လောကဿ၊ ဝုဍ္ဍိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ၊ လောကဉ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။

(၁) ဘုရားရှင် သာသနာတော်မြတ်ကြီး၏ စီးပွားခြင်းသည် ဖြစ်စေသတည်း။

(၂) လူအများ၏ စီးပွားခြင်းသည် ဖြစ်စေသတည်း။

(၃) ဘုရားရှင်သာသနာတော်မြတ်ကြီးကို နတ်တို့သည် အခါခပ်သိမ်း စောင့်ရှောက်ကြစေကုန်သတည်း။

(၄) လူအများကို နတ်တို့သည် အခါခပ်သိမ်း စောင့်ရှောက်ကြစေကုန်သတည်း။

●

# ရောဂါကင်း အလင်းထွန်း

## (ဘုရားဟော အာဋာနာဋိယသုတ်တော်)

တေသံ သစ္စေန သီလေန၊ ခန္တိ မေတ္တာ ဗလေန စ။
တေပိ အမှေ နုရက္ခန္တု၊ အရောဂေန သုခေန စ။

မြတ်စွာဘုရားတို့၏ သီလ သစ္စာ မေတ္တာ ခန္တီ ပါရမီတရားတို့၏ တန်ခိုးဖြင့်လည်းကောင်း၊ ထို မြတ်စွာဘုရားတို့သည်လည်း အနာရောဂါမရှိသဖြင့်လည်းကောင်း၊ ချမ်းသာသဖြင့် လည်းကောင်း အကျွန်ုပ်တို့အား စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

●

# ရောဂါအန္တရာယ်ကင်းမန္တန်

(၁) သမ္မာသမ္ဗုဒ္ဓေါ ဝတသော ဘဂဝါ။
ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနယ ဓမ္မံ ဒေသေတိ။
(၂) သုပ္ပဋိပ္ပန္နောဝ တဿ ဘဂဝတော သာဝကသံဃော၊
ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယပဋိပ္ပန္နော။
(၃) သုသုခံ ဝတ နိဗ္ဗာနံ၊ ယတ္ထ ဧဝရူပံ ဒုက္ခံ န သံဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊ သုခံ မေ ဟောတု သဗ္ဗဒါ။

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဧဝရူပဿ၊ ဤသို့ သဘောရှိသော။ ဣမဿဒုက္ခဿ၊ ဤဆင်းရဲကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဓမ္မံ၊ တရားတော်ကို။ ဒေသေတိ၊ ဟောတော်မူ၏။ သောဘဂဝါ၊ ထိုဟောသော မြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓေါဝတ၊ သဗ္ဗညုတဉာဏ်တော်ဖြင့် ကောင်းစွာ ကိုယ်တော်တိုင် သိတော်မူပါပေ၏။

ယော သာဝကသံဃော၊ အကြင်တပည့် သံဃာတော်သည်။ ဧဝရူပဿ၊ ဤသို့ သဘောရှိသော။ ဣမဿဒုက္ခဿ၊ ဤဆင်းရဲကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ပဋိပ္ပန္နော၊ ကျင့်တော်မူပါပေ၏။ အဿဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ သောသာဝက သံဃော၊ ထို တပည့်သံဃာသည်။ သုပ္ပဋိပ္ပန္နောဝတ၊ ကောင်းစွာ ကျင့်တော်မူပါပေ၏။

ယတ္ထ၊ အကြောင်နိဗ္ဗာန်၌။ ဓေရူပံ၊ ဤသို့ သဘောရှိသော။ ဒုက္ခံ၊ ဆင်းရဲသည်။ နသံဝိဇ္ဇတိ၊ မရှိ။ ကံ-ထိုနိဗ္ဗာန်သည်။ သုသုခံဝတ၊ အလွန်ချမ်းသာပါပေစွတကား။

ဧတေန သစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်။ မေ၊ ကျွန်ုပ်အား။ သုခံ၊ ချမ်းသာခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဟောတု၊ ဖြစ်ပါစေသတည်း။

သုပ္ပဝါသကား ရှင်သီဝလိ မယ်တော်ဖြစ်သည်။ ရှင်သီဝလိဖွားခါနီး ကြီးစွာသော ကိုယ်ဝန်ဒုက္ခ ခံစားနေရ၏။ နောက်ဆုံး ဤသို့ ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်ကို အာရုံပြုပွားများ ရွတ်သဖြင့် ထိုဆင်းရဲမှ လွတ်မြောက်ကာ ချမ်းသာစွာ ဖွားမြင်ရလေသည်။

ထို့ကြောင့် ရောဂါဝေဒနာ ခံစားနေရသူတိုင်း ဤမန္တန်ကို အမြဲရွတ်ဆိုသင့်၏။ အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတိုင်း ရွတ်ဆိုရပေမည်။ ရောဂါအန္တရာယ်အမျိုးမျိုးမှ လွတ်ကင်းချမ်းသာ ရလေသည်။

●

# ရန်အောင်မြင်ဂါထာတော်

(၁) ပထဝီဗလံသုန္ဒရီ၊
သဗ္ဗညု ဗောဓိမဏ္ဍလေ။
အသချေယျံ မာရသေနံ၊
ဇေယျော ဇေယျတု မင်္ဂလံ။

(၂) ဒေဝပုတ္တကိလေသဥ္စ၊
ခန္ဓမစ္စုဥ္စာဘိ သင်္ခါရာ။
ပဥ္စမာရံ ဗိနော ဗုဒ္ဓေါ၊
တံ တေဇသာ ဘဝတု မေ။

## ဂါထာအနက်

(၁) ပထဝီဗလသုန္ဒရီ၊ မြေထုမခြား ကြီးမားလွန်မင်း ကောင်းမြတ်သော သည်းခံခြင်းရှိသော။ ဗောဓိမဏ္ဍလံ၊ သဗ္ဗညုတဉာဏ် ရင့်သန်ကြွခိုင် ဗောဓိမဏ္ဍိုင်၌။ အသချေယျံ၊ သချာဖွဲ့ယှက် တွက်ရေများပြားလှသော။ မာရသေနံ၊

မာရ်နတ်မင်း၏ စစ်သည်အပေါင်းကို။ သဗ္ဗညူ၊ တရားဥဿုံ အလုံးစုံကို အကုန်သိတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဇေယျောယထာ၊ ပါရမီ အဟုန်ကြောင့် မြေဝသုန် တုန်ဟည်း အောင်ခြင်းကြီး အောင်မြင်သကဲ့သို့။ တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အား။ မင်္ဂလံ၊ အောင်သင့်အောင်ကြောင်း မင်္ဂလာအပေါင်းသည်။ ဇေယျတု၊ မုချမသွေ အောင်မြင်ပါစေသတည်း။

(၂) ဗုဒ္ဓေါ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ ဒေဝပုတ္တ ကိလေသဥ္စ၊ ဒေဝပုတ္တမာရ် ကိလေသမာရ်လည်းကောင်း။ ခန္ဓမစ္စု အဘိ သင်္ခါရာ၊ မစ္စုမာရ်၊ အဘိသင်္ခါရ မာရ်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စမာရံ၊ ငါးပါးသော မာရ်အပေါင်းကို။ ဇိနော၊ အောင်တော်မူလေပြီ။ တံ-တဿ၊ ထိုမြတ်စွာဘုရား၏။ တေဇသာ၊ အောင်မြင်တော်မူသော တန်ခိုးတော် ကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇေယျမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာ အဖြာဖြာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

**မှတ်ချက်။** ။ ဤဂါထာတော်ကြီးနှင့် စပ်လျဉ်း၍ မှတ်သားရဖူးသည်မှာ စလင်းမြို့စား စည်သူကျော်ထင်သည် ဂုဏ်တော်ကိုးပါးကို တစ်နေ့လျှင် တစ်ထောင် ပုတီးစိပ်သည်။ အထက်ပါ ရန်အောင်မြင် ဂါထာတော်ကြီးကိုလည်း တစ်နေ့လျှင် တစ်ထောင် ရွတ်ဖတ် သရဇ္ဈာယ်လေ့ရှိသည်။ ထို့ကြောင့် စည်သူကျော်ထင်သည် စစ်တိုက်တိုင်း အနိုင်ရရှိခဲ့လေသည်။ အောင်မြင်ခဲ့သည်။

တစ်နေ့သ၌ သူဆင်းရဲမတစ်ဦးသည် အိမ်တိုင်တူးရာမှ ရွှေအိုးတစ်လုံးရသဖြင့် မင်းအား ဆက်သရန် ယူဆောင် လာသည်။ ထိုအချိန်၌ စည်သူကျော်ထင်သည် ဂါထာတော် ကြီးကို ရွတ်ဖတ် သရဇ္ဈာယ်နေချိန်ဖြစ်သည်။ စည်သူ ကျော်ထင်သည် ဂါထာတော်ကြီးကို ရွတ်ဆိုပူဇော်နေချိန်၌ ရွှေအိုးလာရောက် ဆက်သသဖြင့် လွန်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်တော်မူသည်။ သူဆင်းရဲမကိုလည်း ရွှေအိုးပြန် ပေးတော်မူသည်။ စည်သူကျော်ထင်သည်လည်း ရတနာ မြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကြောင်း စစ်ကိုင်းဘုရင်အဖြစ် သို့ လည်းကောင်း ရောက်ရှိခဲ့လေသည်။ ဤဂါထာတော်

ကြီးမှာ မြတ်စွာဘုရားရှင်၏ အောင်တော်မူပုံများကို ဖွဲ့နွဲ့သီကုံးထားသည်ဖြစ်ရကား နေ့စဉ် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းအားဖြင့် မိမိတို့၏ အခက်အခဲဟူသမျှ အကြံအစည်ဟူသမျှ အောင်မြင်လိမ့်မည် ဖြစ်ကြောင်း ယုံကြည်စိတ်ချသင့်လှပေသည်။

●

## ရန်အောင်–ရန်ရှောင်ဂါထာ

### (တပွရာယန သရဏဂုံ ဂါထာတော်)

(၁) ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။

(၂) ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ။

(၃) သံဃော လောကေ သမုပ္ပန္နော၊
ပုညခေတ္တံ အနုတ္တရံ။

### ဂါထာအနက်

(၁) လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားသိမြင် ဘုရားရှင်သည်။ သဗ္ဗပါဏိနံ၊ အလုံးစုံသော သတ္တဝါတို့၏။ ဟိတာယ၊ အစီးအပွားကို ပြုခြင်းငှာ။ သမုပ္ပန္နော၊ ဖြစ်ထွန်းပေါ်ပေါက်မူခဲ့လေပြီ။

(၂) လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဓမ္မော၊ မဂ်ဖိုလ် နိဗ္ဗာန်ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်သည်။ သဗ္ဗပါဏိနံ၊ အလုံးစုံသော သတ္တဝါတို့၏။ သုခါယ၊ ချမ်းသာခြင်းကို ပြုခြင်းငှာ။ သမုပ္ပန္နော၊ ဖြစ်ထွန်းပေါ်ပေါက်တော်မူခဲ့လေပြီ။

(၃) လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ပုညခေတ္တံ၊ ကုသိုလ်မျိုးစေ့တို့ကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော။ အနုတ္တရံ၊ အတုမရှိ မြတ်ခေါင်ထိသော။ သံဃော၊ ရှစ်ပါး အရိယာမြတ် သံဃာသည်။ သမုပ္ပန္နော၊ ဖြစ်ထွန်းပေါ်ပေါက်တော်မူခဲ့လေပြီ။

မှတ်ချက်။ ။ အထက်ပါ သုံးဂါထာကို ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး ခရီးလှည့်လည်ရာတိုင်းတွင် အစဉ်ရွတ်ဆိုလေ့ရှိကြောင်း သိရပါသည်။ အချို့က ဂါထာတစ်ပုဒ်ဆုံးတိုင် "ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ၊" ဟူ၍ ထည့်သွင်းရွတ်ဆိုလေ့ ရှိသည်။ ဤသို့ ရွတ်ဆိုလိုပါလျှင် "ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ ထုတ်ပြန် ဟုတ်မှန်သော စကားကို ပြောဆိုရခြင်းကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း" ဟု အဓိပ္ပာယ်ရပါသည်။ ယင်းဂါထာကို ရွတ်ဆိုနေသူမှာ စိတ်ကြည်လင်ပြီး ကျက်သရေမင်္ဂလာအပေါင်း တိုးတက်နေမည်သာ ဖြစ်ပါသတည်း။

●

# ရန်အောင်ဂါထာ

အစောဗျဿီ၊ ကရာဝါတေ၊ တိရစ္ဆဟာရိ ဇာရိဇာ၊
ဝရဒဌတ ယေအာသော၊ ရက္ခ နော မာရဇိ ဇိနံ။

ခြင်္သေ့၊ ကျား၊ ဆင်နှင့် ရေ၊ မီး၊ ခိုးသူစသော ဘေးတို့ကို ပျောက်ပြယ်စေသော မာရ်ငါးပါးကို အောင်တော်မူပြီးသော အမြတ်ဆုကို ပေးတော်မူတတ်သော မြတ်စွာဘုရားသည် အကျွန်ုပ်တို့အား စောင့်ရှောက်တော် မူပါစေသတည်း။

●

## [လ]

## လိုရာဂုဏ် ပြည့်စုံစေသောဂါထာ

ဣစ္ဆိတာ ဣစ္ဆိတံ နာထံ၊ ဣဒ္ဓိတတ္တေဟိ သေဝိဟံ၊
ဣဒ္ဓိ တတ္တာယ ဝန္ဒာမိ၊ ဣဒ္ဓိ တတ္တံ ဒဒါတု မေ။

**အဆင့်မြင့် ရွတ်ဖွယ်**

"နမော ဗုဒ္ဓဿ" အဂ္ဂေါဟမသ္မိ လောကဿ၊
ဇေဋ္ဌောဟမသ္မိ လောကဿ၊
သေဋ္ဌောဟမသ္မိ လောကဿ၊
အယမန္တိမာဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ။

ဤလောကတွင် ငါသည်သာ အမြတ်ဆုံး၊ ဤလောကတွင် ငါသည်သာ အကြီးဆုံး၊ ဤလောကတွင် ငါသည်သာ အချီးမွမ်းထိုက်ဆုံးဟူ၍ စိတ်တွင် ယုံမှတ်၍ စိတ်ချစွာ အနိုင်အမာရွတ်ဆိုပါ။ အာရုံတွင် ဤအနက်ကို သိရှိထားပြီး အထက်ပါ ရွတ်ဖွယ်ကို စကားပြောဟောပွဲများ၊ ဌာနဆိုင်ရာ ကိစ္စဝိစ္စများ၊ ကိုယ်ရေးကိုယ်တာ ကိစ္စများနှင့် အမှုအခင်း စကားစစ်ခင်းရာ အပြိုင်အဆိုင် ကိစ္စခပ်သိမ်း စိတ်နှင့်ရွတ်ဆို၍ ပြိုင်ဆိုင်ပါ။ အောင်မြင်မည်။ အနိုင်ရမည်။ တစ်ပန်းသာမည်။ အခြေသာမည်၊ အနေသာမည်၊ အဆင့်မြင့်မည်တည်း။

●

## လိုရာရ လက်ရုံးကြီးဂါထာ

သံသာရစက္ကဝိဒ္ဓံသံ၊ သံသုဒ္ဓမဿဩရဿံ။
သံဆိန္နက်ံ ဘဝေ အာသံ၊ သံဃံ အပိ သုမာနသံ။

သံသရာ၊ ကိလေသာ တဏှာတို့ကို ကင်းကွာပြတ်ပြတ် ပယ်ဖြတ်ငြိမ်သတ်တော်မူပြီး ကောင်းမြတ်လွန်းမက ကောင်းမြတ်လှစွာသော မြတ်စွာဘုရားအားလည်းကောင်း။

သံသရာ၊ ကိလေသာ၊ တဏှာတို့ကို ပယ်ဖြတ်တော်မူသော မြတ်စွာဘုရား၏ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ် တရားမြတ်ဆယ်ပါးကိုလည်းကောင်း။

သံသရာ၊ ကိလေသာ၊ တဏှာတို့ကို ပယ်ဖြတ်တော်မူသော မြတ်နှလုံးတော်ရှင် အရိယာသံဃာတော်သူမြတ်တို့ကိုလည်းကောင်း (မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဤရှစ်ယောက်သော အရိယာသံဃာတော်အပေါင်းကိုလည်းကောင်း) ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါသည် ဘုရား။ (ကိုးကြိမ်ဦးနှိမ်ချပါ)

(ဤဂါထာရွတ်၍ လက်ရုံးဆန့်လို ရာတမ်းတဆောင်ရွက်က ပြည့်ဝ၏။)

●

## လက်နက်ရန်သူကွင်း ဂါထာမန္တရား

(၁) မာရာရိဗလဝိသဠာ၊ ကုဏ္ဍာ နာနာ ဝိဓာ ယုဓာ။
လဒ္ဓမာနညဝေသေန၊ ဇိန ပါဒါ နတာ တဝ။

(၂) ဥပေတပုညော ဝရဗောဓိမူလေ၊
သသေနမာရံ သုဂတော ဇိနိတွာ။
အဗောဇ္ဈိ ဗောဓိ အရုဏောဒယမှိ၊
နမာမိ တံ မာရဇိနံ အဘင်္ဂံ။

တစ်နေ့ ၉-ကြိမ်ရွတ်ပေးပါက လက်နက်ကွင်း၍ ရန်သူလက်မှ လွတ်မြောက်နိုင်၏။

●

## လာဘသိဒ္ဓိဂါထာ

အတ္တဓမ္မသမ္ဘိဒါစ၊
နိရုတ္တိ ပဋိဘာဏကာ။
စတုသမ္ဘိဒပတ္တာနံ၊
အဂ္ဂပတ္တံ ဇိနံ နမေ။

## ဂါထာအနက်

အတ္တဓမ္မသမ္ဘိဒါစ၊ အတ္တပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါတို့လည်းကောင်း။ နိရုတ္တိပဋိဘာဏကာစ၊ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာဏ ပဋိသမ္ဘိဒါတို့လည်းကောင်း။ ဣတိ၊ ဤသို့။ စတုသမ္ဘိဒပတ္တာနံ၊ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်တော်မူကုန်သော ပုဂ္ဂိုလ်တို့ထက်။ အဂ္ဂပတ္တံ၊ မြတ်သည်၏အဖြစ်သို့ ရောက်တော်မူသော။ ဇိနံ၊ အောင်ပွဲသခင် ဘုရားရှင်ကို။ အဟံ၊ အောင်ပွဲကိုမျှော် တပည့်တော်သည်။ နမေ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မှတ်ချက်။** ။ ရှေးဆရာတော်ကြီးများ စီရင်ရေးသားခဲ့ခြင်းဖြစ်ဟန်တူသည်။ လာဘသိဒ္ဓိဂါထာဟု အမည်တွင်သည့်အတိုင်း လာဘ်ပေါ်များနိုင်ပါသည်။ အထူးသဖြင့် ဆွမ်းချို့တဲ့သော ရဟန်းသာမဏေများ ယုံကြည်စွာ ရွတ်ဆိုပွားများပါက ဆွမ်းပေါလာမည်ဖြစ်ပါသည်။

●

# လိုတရဂါထာတော်

(၁) ဣစ္ဆန္တော သာသပဂဗ္ဘော၊
စက်မန္တော ဣတော စိတော။
စက္ကဝါဠမ္ဟိ သကလံ၊
အတ္တဘာဝေန ဆာဒယိ။

(၂) ဧဝံ ဣစ္ဆာယ သမ္ပန္နံ၊
လောကဇေဋ္ဌံ နမာမဟံ။
ဧတေန သစ္စဝဇ္ဇေန၊
ဣစ္ဆာ ပူရေတု မေ သဒါ။

## ဂါထာအနက်

(၁) အဘာဝါ၊ ဣဿရိယ ဓမ္မယသ တစ်ဝသီရိ တစ်လိကာမ ပယတ္တဟု ခြောက်ဝဘုန်းရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ သာသပဂဗ္ဘော၊ သေးငယ်လွန်းကျဉ်း မုန်ညင်းစေ့အတွင်း

၌။ ဣတော–စိတော၊ ဤမှ ထိုမှ။ စက်မန္တော၊ လူးလာတုံ့ခေါက် သွားပြန်လျှောက်၍ အခေါက် ခေါက် အခါခါ စင်္ကြံကြွတော်မူနိုင်၏။ (မူနိုင်သည်) ဟောတိ၊ ဖြစ်၏။ စင်္ကမဝါဋမ္ပိ သကလံ၊ စင်္ကြံဝဋ္ဋာ တစ်တိုက်လုံးကိုလည်း။ အတ္တဘာဝေန၊ ခန္ဓာကိုယ်အတ္တဘောဖြင့်။ ဆာဒယိ၊ ဖုံးလွှမ်းတော်မူနိုင်၏။

(၂) ဧဝံ၊ ဤသို့။ ဣစ္ဆာယ၊ အလိုဆန္ဒကြံသမျှနှင့်။ သမ္ဗန္ဓံ၊ ထမြောက်ကုံလုံ ပြည့်စုံတော်မူပေသော။ လောကဇေဋ္ဌံ၊ လောက၏ အကြီးအမှူး ဖြစ်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ခန္ဓာနာမ်ရုပ် အကျွန်ုပ်ဟု သမုတ်ခေါ်ဝေါ် ဘုရားတပည့်တော်သည်။ နမာမိ၊ နှစ်တန်ဘဝ ချမ်းသာရဖို့ တောင့်တမျှော်ရည် မနသီဖြင့် တင်ချီဂါရဝ ဦးနှိမ်ချလျက် တုပ်ဝပ်ရိုကျိုး ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား။

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ မှန်ကန်စွာဆိုရသော သစ္စာစကားကြောင့်။ သဒါ၊ နေ့ရောညပါ ဘယ်ခါမဆိုင်း အချိန်တိုင်း အချိန်တိုင်း၌။ မေ၊ တပည့်တော်၏။ ဣစ္ဆာ၊ အလိုရှိစွ အကြံအစည်ဟူသမျှတို့လည်း။ ပူရေတု၊ အန္တရာယ်မနှောက် ဘေးမရောက်ဘဲ ထမြောက်ကုံလုံ ပြည့်စုံရပါစေသတည်း။ (ပြည့်စုံရပါလို၏။)

●

# လေကြောင်းခရီး အန္တရာယ်ကင်းဂါထာ

သော အဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ။

### ဂါထာအနက်

သော အဟံ၊ သီလသရဏဂုံ မှန်းထုံပူဇော် ထိုတပည့်တော်သည်။ သမ္ဗုဒ္ဓံ၊ ဘုရားမြတ်စွာကို။ နမဿမာနော၊ ရိုသေမြတ်နိုး ရှိခိုးဦးခိုက်လျက်။ ဓမ္မဿ၊ တရားတော်မြတ်၏။သုဓမ္မတဉ္စ၊ ကောင်းသောတရား၏အဖြစ်ကိုလည်းကောင်း။ သံဃသံ၊ သံဃာတော်မြတ်၏။ သုပ္ပဋိပန္နတဉ္စ၊ ကောင်းသော အကျင့်ရှိသည်၏ အဖြစ်ကိုလည်းကောင်း။ အဘိတ္တဝမာနော၊ ချီးမွမ်း ထောမနာလျက်။

ဂါမာ၊ (နတ်)ရွာ တစ်ရွာမှ။ ဂါမံ (နတ်)ရွာတစ်ရွာသို့၊ တစ်နည်း ဂါမာ ဂါမံ၊ ရွာငယ်ရွာကြီးသို့။ ပုရာ၊ ပြည်တစ်ပြည်မှ။ (မြို့ တစ်မြို့မှ) ပုရံ၊ ပြည်တစ်ပြည်သို့။ (မြို့တစ်မြို့သို့) တစ်နည်း ပုရာ ပုရံ၊ ပြည်ငယ်ပြည်ကြီးသို့။ (မြို့ငယ်မြို့ကြီးသို့)။ ဝိစရိဿာမိ၊ သွားလာလှည့်လည်ပါအံ့။

**မှတ်ချက်။** ။ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါက သာတာဂိရိ၊ ဟေမဝတ၊ အာဠာဝက၊ အရိယာ နတ်မှူးကြီးသုံးဦးသည် ကောင်းကင်ခရီး သွားလာကြသောအခါ ဖန်ဆင်းထားသော ဆင်ပျံယာဉ်၊ မြင်းပျံယာဉ်၊ ဂဠုန်ယာဉ် စသည်တို့ဖြင့် သွားလာလေ့ရှိကြသည်။ ထိုသို့ သွားလာကြရာတွင် အဆိုပါ နတ်မင်းကြီးတို့သည် ကမ္ဘာဇိဒ္ဓိ တန်ခိုးရှင်ကြီးများ ဖြစ်ကြသည့်အလျောက် အန္တရာယ်တစ်စုံတစ်ရာ ဖြစ်ဖွယ်မရှိပါပေ။

သို့ပါလျက် သူတို့ကိုယ်တိုင်လည်း တပွရာ ယနသရဏဂုံ ဆောက်တည်ပြီးသားဖြစ်အောင် အခြားသူများကိုလည်း သူတို့နည်းတူ တပွရာယနသရဏဂုံ တည်ဆောက်ပြီးမှ ဆောက်တည်လျက် ခရီးထွက်ကြရန် သတိပေးပြီးသားဖြစ်အောင် အထက်ပါဂါထာကို ရွတ်ဆိုသိကျူးလျက် ခရီးထွက်လေ့ ရှိပါသည်။

ဖော်ပြပါဂါထာကို လေကြောင်းခရီးသွားလာရာ၌ ရွတ်ဆိုရပါမည်။ ထို့ပြင် “သမ္ဗုဒ္ဓေဂါထာတော်ကြီး” ကိုလည်း ရှစ်ခေါက်ရွတ်ဆိုရမည် ဖြစ်ပါသည်။

●

# လူမိုက်ရှောင်ကွင်းနိုင်သည့် မန္တန်

လူမိုက်ကို မမြင်ရပါလို စသော ဆုများပြည့်အောင် ဗာလနှင့် ပါပ မီးကွင်းမန္တန်ကို မှန်မှန်ရွတ်ပါလေ။

ဗာလံ န ပဿေ နသုဏော၊
နစ ဗာလေန သံဝသေ။
ဗာလေနာလာပသလ္လပံ၊
န ကရေနစ ရောစယေ။

ဗာလံ၊ လူမိုက်ကို။ နပဿေ၊ မမြင်ရလို။ နသုဏော၊ လူမိုက်ဘယ်မှာ ရှိသည်ဟူသော သတင်းကိုပင် မကြားရလို။ ဗာလေန၊ လူမိုက်နှင့်။ န သံဝသေ၊ အပေါင်းအသင်း မလုပ်ရလို။ ဗာလေန၊ လူမိုက်နှင့်။ အာလာပ သလ္လာပံ၊ စကားစမြည် ပြောဆိုမှုကိုပင်။ နကရေ၊ မပြုရလို။ ဗာလံ၊ သူမိုက်ကို။ နစ ရောစယေ၊ မကြည်ဖြူ မနှစ်ခြိုက်၊ မကြိုက်ရလို။

## [၀]
# ဝိဇ္ဇာစရိတ ဂါထာ

သုဂတော သုဂတဓာနံ၊
သုဂတော သုန္ဒရမွိစ။
နိဗ္ဗာနံ သုဂတော ယာတိ၊
သုဂတော တေ နမော နမာ။

### ဂါထာအနက်

သုဂတဓာနံ၊ ကောင်းသောစကားကို ဆိုတော်မူတတ်သောကြောင့်။ သုဂတော၊ သုဂတမည်ပါပေ၏။ သုန္ဒရမွိစ၊ ကောင်းသော သဘောရှိသောကြောင့်လည်း။ သုဂတော၊ သုဂတမည်တော်မူပါပေ၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်အမြတ်ကောင်းသောအရပ်သို့။ ယာတိ၊ သွားတော် မူတတ်သောကြောင့်လည်း။ သုဂတော၊ သုဂတမည်တော်မူပါပေ၏။ သုဂတော၊ သုဂတဂုဏ်ရှင် မြတ်ဘုရားသခင်။ တေ၊ ရှင်တော်မြတ်ဘုရားအား။ နမော–နမာ၊ လွန်ကဲထူးစွာ ရှိခိုးပါ၏ဘုရား။

**မှတ်ချက်။** ။ အဘိဓဇ မဟာရဋ္ဌဂုရု မော်လမြိုင်မြို့ တောင်လေးလုံးဆရာတော်ဘုရားကြီး အရှင်နာဂသေန မဟာထေရ်၏ ကိုယ်တွေ့ဂါထာ ဖြစ်ပါသည်။ ဝိဇ္ဇာများ ချစ်ခင်မြတ်နိုးသော ဂါထာဟူ၍ အမိပ္ပာယ်ရပါသည်။ ဤဂါထာကို အကန့်အသတ်မရှိ ရွတ်ဆိုပွားများ နိုင်ပါသည်။ အခေါက်ရေ များလေလေ ပို၍ အကျိုးကျေးဇူးများလေလေ ဖြစ်သည်။ အထူးသတိပြုရန်မှာ မြတ်စွာဘုရားသခင်၏ သုဂတ ဂုဏ်တော် ပွားဖို့သာ အဓိကဖြစ်သည်။

●

## [သ]

## သုမေဓာ ဂါထာ

အဋ္ဌာသိတိ ရတနာနိ၊ အစ္စုဂ္ဂတော မဟာမုနိ၊
သုမေဓာ နာမ သမ္ဗုဒ္ဓေါ၊ နရတိ သဟာသာယုကော၊
တဿ ပါကတိကာ ရံသိ၊ ဖရန္တာ ယောဇနေ သဒါ၊
ပါလေတု မံ သဒါ ဗုဒ္ဓေါ၊ သံဃေဟိ ဝိဝိဓေဟိ စ။

သစ္စာလေးပါး၊ ဉေယျဓမ်တရားငါးပါးတို့ကို ကိုယ်တိုင်သိတော်မူသော သုမေဓာအမည်ရှိသော မြတ်စွာဘုရားသည်၊ အစောက်အားဖြင့် ၈၀ တောင် အရပ်တော်အမြင့်ကို ဆောင်တော်မူပါပေ၏။ လူတို့၏ သက်တမ်းအားဖြင့် အနှစ်သုံးထောင်တမ်း၌ ပွင့်တော်မူ၏။ ထိုမြတ်စွာဘုရား၏ ပကတိအားဖြင့် အရောင်တို့သည် အခါခပ်သိမ်း ယူဇနာတိုင်အောင် ပျံ့နှံ့ပေကုန်၏။ အထူးထူး အပြားပြား အရိယာသံဃာ၊ သမုတိသံဃာ၊ ရောနှောအပ်ကုန်သော သံဃာတော် တို့နှင့်တကွ မြတ်စွာဘုရားသည် အခါခပ်သိမ်း အကျွန်ုပ်ကို စောင့်ရှောက်တော်မူ ပါပေသတည်း။

●

## သုဂတောမူမှန် ဂါထာပြန်

သုဂတော သုဂတဋ္ဌာနံ၊
သုဂတော သုန္ဒရံပိ စ။
သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော တေ နမော။ (နမော)

### ဂါထာအနက်

သုဂတော၊ ကောင်းသောကြွသွားရှိသော မြတ်စွာဘုရားသည်။ သုဂတဋ္ဌာနံ၊ ကောင်းသော အလှားရှိသော သူတော်ကောင်းတရား၌ တည်တော်မူပါပေ၏။ သုဂတော၊ ကောင်းမကောင်း မိန့်ခွန်းခြောက်တန် နှစ်တန်သော စကားကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရားသခင်သည်။ သုန္ဒိရံပိစ၊ သူတော်ကောင်းတို့

စက်ဆုပ်ဖွယ်မှ ကင်းသော ကာယိန္ဒြေ မနိန္ဒြေ ရှိတော်မူသဖြင့် ကောင်းလည်းကောင်း၊ မြတ်လည်းမြတ်တော်မူပါပေ၏။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသခင်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ယာတိ၊ ကြွသွားတော်မူပါပေ၏။ သုဂတော၊ ကောင်းသောကြွသွားခြင်း ရှိတော်မူပါပေ၏။ သုဂတော၊ ကောင်းသောကြွသွားခြင်းရှိတော်မူသော မြတ်စွာဘုရား။ တေ၊ မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏ မြတ်စွာဘုရား။

**မှတ်ချက်။** ။ ဤ ဂါထာတော်သည် တိုသလောက် ခရီးရောက်သောဂါထာဖြစ်၏။ အထူးသဖြင့် အိမ်မှမထွက်မီ ခရီးမသွားမီလုပ်ငန်းကိစ္စမဆောင်ရွက်မီ လူကြီးများနှင့် တွေ့ရန်ရှိက မတွေ့မီ ရောင်းဝယ်ဖောက်ကားခြင်း မပြုမီ အမြဲရွတ်ဖတ်သွားပါက အကျိုးထူး ခံစားရမည် ဖြစ်ပါသည်။

●

# သုဂတောမူမှန် ဂါထာပြန် (မူကွဲများ)

သုဂတော သုဂတဌာနံ၊ (ဌာနံ)
သုဂတော သုန္ဒရံပိစ။
သုဂတော နိဗ္ဗာနံ ယာတိ၊ (နိဗ္ဗာနံ သုဂတော ယာတိ)
သုဂတော တေ နမော–နမာ။

## မြန်မာပြန်

သုဂတော၊ ကောင်းသောကြွသွားခြင်းရှိသော မြတ်စွာဘုရားသည်။ သုဂတဌာနံ၊ ကောင်းသောအလားရှိသော သူတော်ကောင်းတရား၌ တည်တော်မူပါပေ၏။ သုဂတော၊ ကောင်းမကောင်း မိန့်ခွန်းခြောက်တန်တွင် နှစ်တန်သော စကားကိုသာ ဆိုတော်မူသော မြတ်စွာဘုရားသခင်သည်။ သုန္ဒရံပိစ၊ သူတော်ကောင်းတို့ စက်ဆုပ်ဖွယ်မှ ကင်းသော ကာယိန္ဒြေ၊ မနိန္ဒြေ ရှိတော်မူသဖြင့် ကောင်းလည်းကောင်း မြတ်လည်းမြတ်တော်မူပါပေ၏။

သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူသော မြတ်စွာဘုရားသခင်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ယာတိ၊ ကြွသွားတော်မူပါပေ၏။ သုဂတော၊

ကောင်းသောကြွသွားခြင်း ရှိတော်မူသော မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ နမာ၊ ဦးညွှတ်ကိုင်းရှိုင်းလျက်။ နမော၊ ရှိခိုးပါ၏ဘုရား။

### မှာထားချက်

ဤဂါထာတော်မြတ်သည် တိုတိုနှင့် အဓိပ္ပာယ်လေးနက် အကျိုးပေးထက်သန်သော ဂါထာတော်မြတ်ဖြစ်ပါသည်။ အရကျက်၍ နှုတ်ငုံဆောင်ကြပါကုန်။

၁။ အိမ်မှမထွက်မီ–

၂။ ခရီးမသွားမီ–

၃။ လူကြီးများနှင့် တွေ့ရန်ရှိလျှင် မတွေ့မီ–

၄။ ရောင်းဝယ်မဖောက်ကားမီတို့၌ မပြတ်ရွတ်ပွား၍ သွားပါ။

၅။ ရန်သူနှင့် ရင်ဆိုင်တွေ့ရမည့် အချိန်တွင်လည်း မမေ့မလျော့ရွတ်ပွား၍ သွားပါ။

၆။ စိတ်နှလုံး မချမ်းမြေ့လျှင် ထပ်တလဲလဲ ရွတ်ဆိုကန်တော့ပန်းဆင်ပါ။

၇။ ကြမ္မာဂြိုဟ်ဆိုး ဝင်သောအခါ အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ပုတီးစိပ်ပါ။

ဤသို့ ရွတ်ဆို ကန်တော့ပန်းဆင်ခြင်းဖြင့် အန္တရာယ်ဆိုးအမျိုးမျိုးမှ ကင်းလွတ်စေနိုင်ပါသည်။

●

## သုဂတော ငါးချက်ဂါထာ

သုဂတော သုဂတဓာန်၊
သုဂတော သုန္ဒရမ္ပိစ။
နိဗ္ဗာနံ သုဂတော ယာတိ၊
သုဂတော တေ နမော နမာ။

### ဣဋ္ဌသယဂါထာတော် ရွတ်ဖတ်ခြင်းအကျိုး

၎င်းဂါထာတော်ကို နေ့စဉ် သက်စေ့ရွတ်ပါက လိုရာဆန္ဒပြီးစီးစေပါသည်။ ပြောဆိုသမျှ သြဇာတည်စေပါသည်။ ဆရာကောင်း၊ ဆေးဝါးကောင်းများကို အထူးရရှိစေပါသည်။ နေမိန္ဒရတောင်ပေါ်မှ ဆရာတော်ကြီး ဦးတေဇနိယသည် နေ့စဉ်ရွတ်ရာ နှစ်ကြာလာသည်နှင့်အမျှ အကျိုးပွားလာခဲ့ပြီး တစ်နေ့တွင်

ဝိဇ္ဇာခိုရ်များက တပည့်တစ်ဦးလွှတ်၍ စတုမဂ္ဂကပ်သဖြင့် ဘုဦးဖေးရာ အားကုန်ညှိုးနွမ်းသော မြစ်ခြောက်နာမှာ ရုတ်တရက် ယူပစ်သလို ပျောက်ကင်းခဲ့ဖူးပါသည်။

ဤ ကရဏီယ မန္တန်တော်ကို ရှေးဆရာတော်ကြီးများက သုဂတော ငါးချက် ဂါထာဟု ခေါ်ဆိုခဲ့ကြသည်။

မြတ်ဗုဒ္ဓ၏ မုက္ခပါဌ်တော်များကို နတ်ပင့်မှ ကရဏီယ သုဂတော ဂါထာထိ အမျိုးပေါင်း ခြောက်ဆယ်ကျော်ဖြင့် ထုတ်ဖော်တင်ပြခဲ့ပြီး ဖြစ်လေပြီ။

ထိုသို့သော ဘုရားနှုတ်ခပါဌ် ဂါထာမန္တန်တော်မြတ်တည်း ဟူသော ဗုဒ္ဓပရိတ်တော်မြတ်များတွင် မိမိတို့အလိုရှိရာ အဆင်ပြေရာ ဂါထာတော်မြတ်များကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး သကာလ ထိုပရိတ်မန္တန်တော်မြတ်များ၏ အကျိုးကျေးဇူးများကို ပိုမိုခံစားနိုင်စေရန် မေတ္တာပို့သခြင်းနှင့် တွဲဖက်၍ အသုံးပြုသင့်ပေသည်။ ဥပမာ–သဗ္ဗဇယမင်္ဂလာ ဂါထာတော်ကို နေ့စဉ်အမြဲ ရွတ်ဖတ်မည်ဆိုပါက ထိုသဗ္ဗဇယမင်္ဂလာ ဂါထာတော် ရွတ်ပြီးသည်နှင့် တစ်ပြိုင်နက် မေတ္တာပို့ ဂါထာတော်ကို ဆက်လက်ရွတ်ဆိုရန် ဖြစ်ပါသည်။

ထိုကဲ့သို့ မေတ္တာပို့သပြီးသည်နှင့် တစ်ပြိုင်နက် မိမိပြုခဲ့သမျှ ကုသိုလ်ပုညအားလုံးကို ၃၁ ဘုံသို့ အမျှပေးဝေရမည် ဖြစ်ပါသည်။ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါများက မိမိ၏ ကောင်းမှုကို သာဓုအနုမောဒနာ ခေါ်ယူ၍ မှတ်တမ်းတင်ကြပါလိမ့်မည်။

မေတ္တာပို့ အမျှအတန်းပေးဝေပြီးသည့်နောက် သမ္မာဒေဝနတ် ဗြဟ္မာအပေါင်းတို့အား ၎င်းတို့ရပ်ဌာန ဘုံဗိမာန်သို့ ပြန်နိုင်စေရန် ရည်သန်ခွင့်ပြု နတ်ပို့ခြင်းအမှုကို ပြုရပါသည်။

နောက်ဆုံးတွင် အရပ်ဆယ်မျက်နှာကို စည်းချ၍ ဗုဒ္ဓပရိတ်တော် မန္တန်ရွတ်ဖတ်ခြင်း ကိစ္စကို ပြီးစီးစေရမည် ဖြစ်ပါသည်။

●

## သစ္စာလေးပါး ဂါထာ

ယေဓမ္မာ ဟေတုပ္ပဘာဝါ၊
တေသံ ဟေတုံ တထာဂတောအာဟ။

တေသဉ္စ ယော နိရောဓော၊
ဇဝံ ဝါဒီ မဟာသမဏော။

## ဂါထာအနက်

တထာဂတော၊ နိဗ္ဗာန်ဝင်သွား ရှေးဘုရားတို့နှင့်မခြား အတူကြွရောက်တော်မူငြား ရှင်ဇော်မြတ်ဘုရားကြီးသည်။ ယေဓမ္မာ ဟေတုပ္ပဘာ ဝါ၊ တဏှာရိုက ဖြစ်ပေါ်ကြသည့် ဒုက္ခသစ္စာလောကီယာဟု တဏှာကြဉ်ထား ခန္ဓာငါးပါးတရားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေသံ ဟေတုံစ၊ ဒုက္ခအကြောင်း ဖြစ်ဖို့ကြောင်းတည်း။ မကောင်းသမုဒယာ သစ္စာဟူသား တဏှာတရားကိုလည်း။ အာဟ၊ သဗ္ဗညုတ်အား စွမ်းပကားဖြင့် ဟောကြားမြွက်ဖော် ထုတ်ပြန်တော်မူခဲ့ပါပေ၏။

တေသံ ယော နိရောဓော၊ ဒုက္ခသမုဒယာ ချုပ်ငြိမ်းကြသည့် ဌာနဟူဘိ နိရောဓသစ္စာ ချမ်းသာစံရှား အကြင်နိဗ္ဗာန်တရားသည်လည်း။ အတ္ထိ၊ ရှိ၏။ တဉ္စ၊ နိဗ္ဗနနိရောဓ၊ ရောက်ကြောင်းပြသည့် မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိစရှိ ရှစ်ပါးမဂ္ဂင်တရားကိုလည်း။ အာဟ၊ သဗ္ဗညုတ်အား စွမ်းပကားဖြင့် ဟောကြားမြွက်ဖော် ထုတ်ပြန်တော်မူခဲ့ပါပေ၏။ မဟာသမဏော၊ လောဘ ဒေါသ မောဟစသွာ ကိလေသာကို ဝါသနာနှင့် အတူ ငြိမ်းတော်မူသည့် နတ်လူဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူအစစ် ဖြစ်ကြီးဖြစ်တော်မူသည့် ရှင်ချစ်သနားတို့၏ ဘုရားသည်။ ဇဝံဝါဒီ၊ အကြောင်းရိုက ကျိုးစစ်ချ၍ ဒုက္ခမှန်မှန် တဏှာသန်လျက် နိဗ္ဗာန်လိုငြား မဂ္ဂင်ပွားဟု ဟောထုတ် ဖော်ယူတော်မူလေ့ရှိသတည်း။

**မှတ်ချက်။** ။ အထက်ပါဂါထာတော်မြတ်မှာ ဝိနည်း မဟာဝါပါဠိတော်လာ ဂါထာဖြစ်သည်။ အရှင်သာရိပုတ္တရာသည် အရှင်အဿဇိမထေရ်မြတ်ထံမှ ဤဂါထာတော်တစ်ဝက်ကို ကြားနာရ၍ သောတာပန် ဖြစ်ခဲ့ရသည်။ ထို့အတူ အရှင်မဟာမောဂ္ဂလာန်သည်လည်း အရှင်သာရိပုတ္တရာထံမှ ဤဂါထာတစ်ပုဒ်လုံးကို ကြားနာရ၍ သောတာပန် ဖြစ်ခဲရလေသည်။ သို့ဖြစ်လေရာ ဖော်ပြပါဂါထာတော်မြတ်မှာ သမိုင်းဝင်တန်ဖိုးကြီးမားသော ဂါထာတော်ဖြစ်ကြောင်း သိမှတ်နိုင်ပေသည်။

အဋ္ဌကထာ ဆရာများကမူ ဤဂါထာမြတ်သည် သစ္စာလေးပါးကို ဟောကြားတော်မူသော ဂါထာတော်ဟူ၍လည်းကောင်း ဆိုကြပါသည်။

ရှေးခေတ်အခါက ဤဂါထာကို အုတ်ခွက်များတွင် ရေးထိုး၍ စေတီပုထိုးများ၌ ဌာပနာလေ့ရှိကြသည်။ ပုဂံပြည်ကြီး ကောင်းစားစဉ်က အနော်ရထာမင်းကြီးနှင့်တကွ ပုဂံပြည်သူပြည်သားများသည် ဤဂါထာကို နှုတ်တိုက်ရွတ်ဆောင်ကာ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြကြောင်း သမိုင်းအမှတ်အသားရှိသည်။ ထို့ကြောင့် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ပေးစွမ်းနိုင်သည့် ဤဂါထာတော်မြတ်ကြီးကို အမြဲရွတ်ဆို ပွားများသင့်လှကြောင်း ဖော်ပြလိုက်ရပေသတည်း။

●

# သဗ္ဗသိဒ္ဓိဆုတောင်းဂါထာ

(၁) သဗ္ဗေဒေဝါစ ယက္ခာစ၊
ဘူတာပေတာစ ဓောဂဏီ။
ရာဇမတ္တာ မနုဿာစ၊
သဗ္ဗေဒေဝါ ဝိနာမေန္တု။

(၂) ဒိသွာ ပိယတော စိတ္တံ၊
ပုတ္တောဝ သိနေဟံ မမ။
ဗုဒ္ဓဿ အာနုဘာဝေန၊
သဒါ ဟောန္တု ပိယာ မမ။

## ဂါထာအနက်

(၁+၂) သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ ယက္ခာစ၊ ဘီလူးတို့သည်လည်းကောင်း။ ဘူတာပေတာစ၊ ဖုတ် ပြိတ္တာတို့သည်လည်းကောင်း။ ဓောဂဏီစ၊ စုန်းကြမ်းကဝေ အထွေထွေ တည်တည် ဇော်ဂဏီတို့သည် လည်းကောင်း။ ရာဇမတ္တာစ၊ မင်းတို့၏အမတ်တို့သည်လည်းကောင်း။

မနုဿာစ၊ လူတို့သည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါစ၊ နတ်တို့သည် လည်းကောင်း။ မမ၊ အကျွန်ုပ်အား။ ဝိနာမေန္တု၊ ညွတ်ကြစေကုန်သတည်း။ တေသံ၊ ထိုပုဂ္ဂိုလ်တို့၏။ စိတ္တံ၊ စိတ်သည်။ ပိယတော၊ ချစ်သောအားဖြင့်။ ဒိဿာဝ၊ ကြည့်၍သာလျှင်။ မမ၊ အကျွန်ုပ်အား။ သိနေဟံ၊ ချစ်ခြင်းကို။ ပုတ္တောဝ၊ သားကဲ့သို့။ ကရောတု၊ ပြုစေသတည်း။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် အာနုဘော်အားဖြင့်။ မမ၊ အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ပိယာ၊ ချစ်မြတ်နိုးကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

**မှတ်ချက်။** ။ ဤသဗ္ဗသိဒ္ဓိ ဆုတောင်းနစ်ဂါထာကို နေလအသွင် အလွန်ထင်ရှားတော်မူသော ရှေးရှေးဆရာမြတ်တို့ အမြဲလက်သုံးပြုရွတ်ဖတ်သရဇ္ဈာယ် တော်မူကြကြောင်း သိရှိရပါသည်။ အထက်ပါ ဂါထာကို မေတ္တာပို့နှင့် အတူတွဲ၍လည်း ရွတ်ဆိုနိုင်ပါသည်။

●

## သဗ္ဗသိဒ္ဓိဂါထာတော်

၁။ သဗ္ဗေ ဒေဝါစ ယက္ခာစ၊
ဘူတာ ပေတာစ ဇောဂနီ။
ရာဇမတ္တာ မနုဿာစ၊
သဗ္ဗေ ဒေဝါ ဝိနာမေန္တု။

၂။ ဒိဿာဝ ပိယတော စိတ္တံ၊
ပုတ္တောဝ သိနေဟံ မမ။
ဗုဒ္ဓဿ အာနုဘာဝေန၊
သဒါ ဟောန္တု ပိယာ မမ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါစ၊ နတ်တို့သည်လည်းကောင်း။ ယက္ခာစ၊ ဘီလူးတို့သည်လည်းကောင်း။ ဘူတာပေတာစ၊ ဖုတ်ပြိတ္တာတို့သည် လည်းကောင်း။ ဇောဂနီ၊ စုန်းကြမ်းကဝေ ထွေထွေ တည်တည် ဇော်ဂနီတို့ သည်

လည်းကောင်း။ ရာဇမတ္တာစ၊ မင်းတို့၏အမတ်တို့သည် လည်းကောင်း။ မနုဿာစ၊ လူတို့သည်လည်းကောင်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ဒေဝါစ၊နတ်တို့သည်လည်းကောင်း။ မမ၊ ကျွန်ုပ်ထံသို့။ ဝိနာမေန္တု၊ ညွတ်ကြစေကုန်သတည်း။

တေသံ၊ ပုဂ္ဂိုလ်တို့၏။ စိတ္တံ၊ စိတ်သည်။ ပိယတော၊ ချစ်သောအားဖြင့်။ ဒိသွာဝ၊ ကြည့်၍သာလျှင်။ မမ၊ ကျွန်ုပ်အား။ ပုတ္တောဝ၊ သားကဲ့သို့။ သိနေဟံ၊ ချစ်ခြင်းကို။ ကရောန္တု၊ ပြုကြပါစေ။ ဗုဒ္ဓဿ၊ သစ္စာသိမြင်ဘုရားရှင်၏။ အာနုဘာဝေန၊ တန်ခိုးရှိန်စော်အာနုဘော်ဖြင့်။ မမ၊ ကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ပိယာ၊ ချစ်မြတ်နိုးကြသည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

●

## သရဏဂုံသုံးဆယ် ရန်မျိုးပယ်

ဤနေရာတွင် သရဏဂုံသုံးပါးနှင့် ပတ်သက်၍ တင်ပြလိုပါသေးသည်။ သရဏဂုံနှင့် ပတ်သက်၍ ရေးသူတော်စင် သူတော်မြတ်တို့ ကျင့်ကြံအားထုတ်ပုံတို့ကို ခြုံငုံမိမည် ဖြစ်ပါသည်။

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

(ဟူ၍ သုံးခေါက်ဆို ထားရမည်။)

အောက်ပါခေါင်းစဉ်များကို မှတ်၍ထားပါ။

(ဇာ၊ ဘော၊ ဓိ၊ ယာ၊ မ၊ မ၊ အ၊ အ၊ နိ၊ နိ။)

ဇာ။ (၁) ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၂) ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

(၃) ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

ဘော။ (၄) ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(၅) ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

(၆) ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

ဇီ။ (၇) ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၈) ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၉) ဇီဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
ယာ။ (၁၀) ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၁၁) ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၁၂) ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။
မ။ (၁၃) မရဏကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၁၄) မရဏကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၁၅) မရဏကာလံ သံဃံ သရဏံ ဂစ္ဆာမိ။
မ။ (၁၆) မရဏကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၁၇) မရဏကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၁၈) မရဏကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
အ။ (၁၉) အရဟတ္တမဂ္ဂကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂၀) အရဟတ္တမဂ္ဂကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၂၁) အရဟတ္တမဂ္ဂကာလံ သံဃံ သရဏံ ဂစ္ဆာမိ။
အ။ (၂၂) အရဟတ္တမဂ္ဂကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂၃) အရဟတ္တမဂ္ဂကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၂၄) အရဟတ္တမဂ္ဂကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
နိ။ (၂၅) နိဗ္ဗာနကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂၆) နိဗ္ဗာနကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၂၇) နိဗ္ဗာနကာလံ သံဃံ သရဏံ ဂစ္ဆာမိ။
နိ။ (၂၈) နိဗ္ဗာနကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
(၂၉) နိဗ္ဗာနကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
(၃၀) နိဗ္ဗာနကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

## မြန်မာပြန်

၁။ အဟံ၊ အကျွန်ုပ်သည်။ ဇာတိပရိယန္တံ၊ ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂။ အဟံ၊ အကျွန်ုပ်သည်။ ဇာတိပရိယန္တံ၊ ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၃။ အဟံ၊ အကျွန်ုပ်သည်။ ဇာတိပရိယန္တံ၊ ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၄။ အဟံ၊ အကျွန်ုပ်သည်။ ဘောဂပရိယန္တံ၊ စည်းစိမ်ချမ်းသာ ဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၅-၆။ (ဓမ္မံ၊ သံဃံ ထည့်၍ဆို။)

၇။ အဟံ၊ အကျွန်ုပ်သည်။ ဇီဝိတပရိယန္တံ၊ အသက်ဆုံး အပိုင်းအခြားတိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၈-၉။ (ဓမ္မံ၊ သံဃံ နည်းတူဆိုလေ။)

၁၀။ အဟံ၊ အကျွန်ုပ်သည်။ ယာဝဇီဝံ၊ အသက်ရှည်သမျှကာလပတ်လုံး။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

၁၁-၁၂။ (ဓမ္မံ၊ သံဃံ နည်းတူပေး။)

၁၃။ အဟံ၊ အကျွန်ုပ်သည်။ မရဏကာလံ၊ သေသည့်ကာလတိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ဆည်းကပ်ပါ၏။

၁၄-၁၅။ (နည်းတူပေး။)

၁၆။ အဟံ၊ အကျွန်ုပ်သည်။ မရဏကာလပရိတ္တံ၊ သေရသောဘဝအဆုံးသို့ကျသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။သရဏံ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၁၇-၁၈။ (နည်းတူပေး။)

၁၉။ အဟံ၊ အကျွန်ုပ်သည်။ ယာဝအရဟတ္တံ အရဟတ္တဖိုလ်သို့၊ ရောက်သည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၀-၂၁။ (နည်းတူပေး။)

၂၂။ အဟံ၊ အကျွန်ုပ်သည်။ အရဟတ္တမဂ္ဂ ပရိယန္တံ၊ အရဟတ္တဖိုလ်သို့ ရောက်၍ ဆုံးသောဘဝတိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၃-၂၄။ (နည်းတူပေး။)

၂၅။ အဟံ၊ အကျွန်ုပ်သည်။ နိဗ္ဗာနကာလံ၊ နိဗ္ဗာန်သို့ရောက်သော ဘဝကာလတိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၆-၂၇။ (နည်းတူပေး။)

၂၈။ အဟံ၊ အကျွန်ုပ်သည်။ နိဗ္ဗာနကာလပရိယန္တံ၊ နိဗ္ဗာန်သို့ရောက်သော ဘဝဆုံးသည့်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂၉-၃၀။ (နည်းတူပေး။)

အထက်ပါ သရဏဂုံ ၃၀ ပါဠ်ကို၊ ဒုတိယမ္ပိ၊ တတိယမ္ပိ ထပ်၍ဆိုလျှင် သရဏဂုံ ၉၀ ရပါသည်။ အဆိုပါ သရဏဂုံ ၉၀ ကို ၃ ကြိမ်ထပ်၍ ပွားများလျှင် သရဏဂုံပေါင်း ၂၇၀ ရမည်ဖြစ်ပါသည်။

အထက်ပါ သရဏဂုံ ၃၀ ပါဠ်ကို ရှေးသူတော်မြတ်ကြီးတို့ ကျင့်ကြံအားထုတ်ပုံမှာ စိတ်ဝင်စားဖွယ်ရာ အတုခိုးဖွယ်ရာ နည်းယူဖွယ်ရာ ဖြစ်၍ ဤသူမြတ်ကျင့်စဉ်တွင် အသေးစိတ် ကျင့်ကြံ အားထုတ်နိုင်ကြရန် တင်ပြအပ်ပါသည်။

## သရဏဂုံ (၃၀)အကျိုးနှင့် အားထုတ်နည်း

၁။ မိမိမွေးနေ့ကစ၍ ခဲဖွယ်ဘောဇဉ်တို့ကို မန်း၍ စားလျှင် ကိုးဆယ့်ခြောက်ပါးရောဂါ ကင်းသည်။

၂။ ဤသရဏဂုံ ၃၀ ကို ရွတ်ပွား၍ မိမိနေသော အိမ်မှာဖြစ်စေ၊ ဇရပ်မှာဖြစ်စေ၊ သစ်ပင်မှာဖြစ်စေ။ နေရင်း၊ ထိုင်ရင်း၊ သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်း "ငါသည် အဖိုးအနဂ္ဃထိုက်တန်သော ဂုဏ်တော်ကြီးကို စွဲစွဲမြဲမြဲ အာရုံဖြင့် ဂဟေစွဲလေပြီ" ဟုထင်မှတ်ရသည်။

၃။ အထူးသဖြင့် မိမိတို့နေအိမ်ရှိ ဘုရားဆောင်၌ ဖြစ်စေ၊ စားပွဲခုံ၌ဖြစ်စေ၊ ညောင်ရေအိုးစင်၌ဖြစ်စေ သန့်ရှင်းအောင် ဆေးကြောပြင်ဆင်၍ ထားရမည်။ ပြီးလျှင် မိမိစိတ်က မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး သီတင်းသုံးတော်မူရန် ကျောင်းအရာမ် ဟူ၍ ဆုံးဖြတ်ထားရမည်။ ဤသို့ဆုံးဖြတ်ပြီးလျှင် သရဏဂုံ ၃၀ ကို အသံထွက်၍ လေးလေးမှန်မှန် ရွတ်ဖတ်ပြီး သုံးကြိမ်၊ မိမိကိုယ်ပိုင် အဝတ်၊ ပုဆိုး၊ တဘက်၊ ပဝါဖြင့်ခင်း၍ ဘုရားကို ကြည်ညိုသဒ္ဓါ စေတနာနှင့် ပင့်ရမည်။ မြတ်စွာဘုရားနှင့်တကွ ရဟန္တာငါးရာတို့အား ပင့်ပြီး ယခုနံနက် မွန်းမတည့်မီ အသဒိသ မဟာပွဲလသံဃိတ အလှူကြီးပေးမည်ဟု သဒ္ဒါကိုအာ ရုံပြု၍ ထားရမည်။

၄။ ထို့နောက် ဆွမ်းတော် (၁၀)ပွဲ၊ ရေတော် (၁၀)ခွက်၊ ပန်းတော် (၁၀)ပွင့်၊ အမွှေးတိုင် (၁၀)တိုင်တို့ကို ထွန်းပြီးလျှင် တပည့်တော် ဒါယကာ ဒါယိကာမ (မည်သူ)တို့က သဒ္ဓါပွား၍ စိတ်ထားကြည်ဖြူ လှူဒါန်းသော ပဏီတဒါန ဆွမ်းဘောဇဉ်ကို ဘုရားရှင်ကိုယ်တော်မြတ်နှင့် ရဟန္တာငါးရာ ဘဉ်းပေး သုံးဆောင်တော်မူပါ ဘုရားဟု လျှောက်ထား၍ သရဏဂုံ (၃၀)ကို ရွတ်ပြီးလျှင် ရေစက်ချရမည်။ (သုံးကြိမ်။)

ထို့နောက် (၃၁)ဘုံသို့ အမျှပေးဝေလေ။ ထိုသို့ ဘုရားရဟန္တာတို့ကို အောက်မေ့၍ သရဏဂုံ (၃၀)ကိုရွတ်ဆိုပါ။ (သုံးကြိမ်။)

ကြံသမျှအောင်သည်။ လူနတ်တို့ချစ်သည်။ ပြောသမျှ ပြီးသည်။ နေ့စဉ်မှန် မှန် အထက်ပါအစီအစဉ်အတိုင်း အားထုတ်လျှင်(၄၅)ရက်အတွင်း ဓာတ်တော် မွေတော် ကွန့်မြူးရောင် ဒိဗ္ဗမြင်ရလိမ့်မည်ဟု ရှေးသူတော်စင်တို့က လမ်းညွှန်ခဲ့ သည်။

●

## သရဏဂုံ ၄၅ ပါး

၁။ ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဇီဝိတ ကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇီဝိတ ကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၄။ ဘောဂကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘောဂကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဘောဂကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၅။ မရဏပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၆။ မရဏကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
မရဏကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
မရဏကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၇။ အရဟတ္တမဂ္ဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၈။ အရဟတ္တမဂ္ဂကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အရဟတ္တမဂ္ဂကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၉။ နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၀။ နိဗ္ဗာနကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
နိဗ္ဗာနကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၁။ ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၂။ ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၃။ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

၁၄။ အဟော ဗုဒ္ဓေါ အစ္ဆရိယံ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အဟော ဓမ္မော အစ္ဆရိယံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အဟော သံဃော အစ္ဆရိယံ၊ သံဃံ သရဏံ ဂစ္ဆာမိ။

၁၅။ ဗုဒ္ဓေါ မေ နာထော၊
သတ္တပါကာရံ ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မော မေ နာထော၊
သတ္တပါကာရံ ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃော မေ နာထော၊
သတ္တပါကာရံ ၊ သံဃံ သရဏံ ဂစ္ဆာမိ။

၎င်း သရဏဂုံ ၄၅–ပါးကို နေ့စဉ်နေ့တိုင်း ဘုရားရှိခိုး ဝတ်တက်၊ ဝတ်ကပ်ပြုသောအခါဖြစ်စေ၊ အလွတ်သက်သက်အခါဖြစ်စေ ရွတ်ဖတ် သရဏ္ဍာယ်က ဘေးအပေါင်းမှ ကင်းလွတ်စေနိုင်သည်။

●

## သဝေမပါကိုးဂါထာ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ၊ တတိယမ္ပိ၊ ထည့်က သဝေမပါ ကိုးဂါထာ ဖြစ်၏။

## အကျိုးမှာ အနည်း

၁။ နံနက်အိပ်ရာမှ နိုးသည်နှင့် တစ်ပြိုင်နက် ခေါင်းအုံးနှင့် ခေါင်းမကွာမီ ကိုးခေါက်။
၂။ မျက်နှာသစ်စဉ် ကိုးခေါက်။
၃။ ဘုရားရှိခိုးစဉ် ကိုးခေါက်။
၄။ နောက် နံနက် သရေစာ(သွားရည်စာ) စားစဉ် ကိုးခေါက်။
၅။ အလုပ်သွားရန် အိမ်မှအထွက် ကိုးခေါက်။
၆။ လုပ်ငန်းဝင်၍ ကုလားထိုင်တွင် ထိုင်မိသည်နှင့် ကိုးခေါက်။
၇။ နံနက်စာစားစဉ် ကိုးခေါက်။
၈။ ညနေအိမ်ပြန်ရောက် ကိုးခေါက်။
၉။ ညစာ ထမင်းစားစဉ် ကိုးခေါက်။
၁၀။ ညစာ ထမင်းစားစဉ် ကိုးခေါက်။
၁၁။ ညဖက် ဘုရားရှိခိုးစဉ် ကိုးခေါက်။
၁၂။ ညအိပ်ရာဝင်၍ ခေါင်းအုံးနှင့် ခေါင်းထိသည်နှင့် ကိုးခေါက်။
စုစုပေါင်း တစ်နေ့လျှင် (၁၀၈)ခေါက်ဖြစ်သည်။

●

# သရဏဂုံ ဂါထာတော်

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်၏။ သရဏံ၊ ကိုးကွယ်ရာပါတည်း။ အညံ၊ ဘုရားမှ တခြားသော ကိုးကွယ်ရာ ဘုရားသည်။ နတ္ထိ၊ မရှိပါ။

ဓမ္မော၊ တရားတော်မြတ်သည်။ မေ၊ တပည့်တော်၏။ သရဏံ၊ ကိုးကွယ်ရာပါပေတည်း။ အညံ၊ ဗုဒ္ဓတရားမှတစ်ပါး အခြားသော ကိုးကွယ်ရာ တရားသည်။ နတ္ထိ၊ မရှိပါ။

သံဃော၊ သံဃာတော်မြတ်သည်။ မေ၊ တပည့်တော်၏။ သရဏံ၊ ကိုးကွယ်ရာပါပေတည်း။ အညံ၊ ဘုရား၏တပည့် သံဃာတော်မှတစ်ပါး အခြားသော ကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိပါ။

အကျိုးကား အဖိုးအနဂ္ဃပင်။ နေ့ညမပြတ် ရွတ်ဖတ်သရဏ္ဍာယ်အပ်ပါပေ၏။

●

# သရဏဂုံ ဂါထာတော်ကြီး

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃော မေ သရဏံ အညံ နတ္ထိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်၏။ သရဏံ၊ ကိုးကွယ်ရာပါတည်း။ အညံ၊ တစ်ပါးသော ကိုးကွယ်ရာ ဘုရားသည်။ နတ္ထိ၊ မရှိပါ။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဓမ္မော၊ တရားတော်သည်။ မေ၊ တပည့်တော်၏။ သရဏံ၊ ကိုးကွယ်ဆည်းကပ်ရာပါတည်း။ အညံ၊ ဗုဒ္ဓတရားတော်မှတစ်ပါး အခြားသော ကိုးကွယ်ရာ တရားသည်။ နတ္ထိ၊ မရှိတော့ပါ။ ဓမ္မံ၊ ဗုဒ္ဓံ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သံဃော၊ သံဃာတော်သည်။ မေ၊ တပည့်တော်၏။ သရဏံ၊ ကိုးကွယ်ရာပါတည်း။ အညံ၊ ဗုဒ္ဓတပည့် သံဃာတော်မှ တစ်ပါးသော အခြားကိုးကွယ်ရာ သံဃာသည်။ နတ္ထိ၊ မရှိတော့ပါ။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

●

# သာရမန္တန်

(၁) မန္တန်မဖြစ်သော အက္ခရာမရှိ။ "အမန္တ မက္ခရံ နတ္ထိ" ဟူသော အဆိုလည်းမှန်၏။ မှန်ပုံမှာ မန္တန်၏ အနက်အဓိပ္ပာယ်ကို အဓိကမထားဘဲ တစ်လုံးကောင်း၊ နှစ်လုံးကောင်း စသော အက္ခရာများကို အကြိမ်ပေါင်း

ထောင်သောင်း သိန်းသန်းချီ၍ "ဖိ" ရွတ်ပါက တန်ခိုးအင်အား ထွက်ပေါ်လာတတ်သည်။

အချို့သော မန္တန်တို့ကား ရွတ်ကြိမ်အများ မရွတ်ရ၊ အနက် အဓိပ္ပာယ်သိ၊ မိမိရရ ခံစား၍ ကျင့်ကြံသွားရမည့် မန္တန်များ ဖြစ်ပေသည်။ ထိုမန္တန်တို့ကို ရွတ်သောအခါ သံမြင့်၊ သံနိမ့်၊ သံရော အသံထွက်များ၊ အ-အာ စသော သရများ၊ က ခစသော ဗျည်းများ မှန်ဖို့ လိုလာပါသည်။

မန္တော ဟီနော သရတော ဝဏ္ဏတော ဝါ၊
မိစ္ဆာ ပယုတ္တော န တမတ္ထ မာဟ။

(သိက္ခာကျမ်း-၅၂။)

သရတော ဝါ၊ သံမြင့်၊ သံနိမ့်၊ သံရော အသံထွက် အမှန်မှလည်းကောင်း။ ဝဏ္ဏတော ဝါ၊ အက္ခရာအမှန်မှလည်းကောင်း။ ဟီနော၊ လျော့ယုတ်နေသော။ မိစ္ဆာပယုတ္တော၊ အလွဲအမှားရေးဆိုထားသော။ မန္တော၊ မန္တရားသည်။ တံ အတ္ထံ၊ ထိုထိုလိုအပ်သော အနက်ကို။ န အာဟ၊ မဆိုတော့ပေ၊ မညွှန်ပြတော့ပေ။

ဤသိက္ခာကျမ်းအဆိုသည် ဝေဒဝါကျများနှင့် ဆိုင်သည်။ ဗုဒ္ဓပါဝစန ပါဠိဝါကျ သုတ်တော်များ၌ကား ဗျည်းအက္ခရာစင်၍ အနက်ထင်ဖို့ အရေးကြီး၏။

(၂) သာဓုမန္တန်ကို အဌက နိပါတ်-၄၃၂ ခမြောက်၊ အိန္ဒြိယဇာတ်မှ ထုတ်ယူထားပါသည်။ ထိုမန္တန်မှုကွဲ များလွန်းသောကြောင့် သီဟိုဠ်မူ၊ အင်္ဂလန်မူ၊ ယိုးဒယားမူ၊ ရေးမြန်မာမူများမှ မယူတော့ဘဲ ဆဌသင်္ဂါယနာမူမှ ယူပါသည်။

ဒက္ခံ ဂဟပတီ သာဓု
သံဝိဘဇ္ဇဉ္စ ဘောဇနံ
အဟောသော အတ္ထလာဘေသု
အတ္ထဗျာပတ္တိ အဗျထော။

ဂဟပတီ-ဂဟပတီနံ၊ အိမ်ထောင်ရှင်တို့၏။ ဒက္ခဉ္စ၊ စီးပွားဥစ္စာ ချမ်းသာရကြောင်း၊ မနှောင်းမဖျင်း၊ မပျင်းမရိ၊ မိမိဆိုင်ရာ၊ လိမ္မာကျွမ်းကျင်ခြင်းသည်လည်း။ သာဓု၊ ကောင်းလှပါပေ၏။ သံဝိဟဇ္ဇဘောဇနဉ္စ၊ ကိုယ်ချည်းမစား၊ သူများကိုလည်းကျွေး၊ ပေးခြင်းကမ်းခြင်း ဝေခြမ်းခြင်းသည်လည်း။ သာဓု၊

ကောင်းလှပါပေ၏။ အတ္တလာဘေသု၊ စီးပွားဉစ္စာ၊ ချမ်းသာကြီးကျယ်လာသော အခါတို့၌။ အပဟောသောစ၊ ရွှင်ရွှင်မြူးမြူး၊ ရူးရူးနှမ်းနှမ်း၊ အရမ်းကာရော မလုပ်၊ ကုပ်ကုပ်နေနိုင်ခြင်းသည်လည်း။ သာဓု၊ ကောင်းလှပါပေ၏။ ယဒါ၊ အကြင်အခါ၌။ အတ္တဗျာပတ္တိ၊ လာဘ်လာဘကင်း၊ ခြွေရံရှင်း၍ သတင်းကောင်း မကျော် ထုတ်ဖော်မဲ့ရွဲ့ ကဲ့ရဲ့ခံရ၊ ချွတ်ခြုံကျလျက်၊ ဒုက္ခပေါင်းစုံ၊ ဝိုင်းအုံဆိုက် ရောက်လာ၏။ တဒါ၊ ထိုအခါ၌။ အဗျထောစ၊ သောကပူပင်၊ မြူမှုင်မရှိ ပကတိ အေးအေးဆေးဆေး နေနိုင်ခြင်းသည်လည်း။ သာဓု၊ ကောင်းလှပါ ပေ၏။

အဘယ်မျှကောင်းသော မန္တန်ပေနည်း။ ဤမန္တန်ကို မှန်မှန်ရွတ်၍ လွတ်နိုင်ခဲ သော လောကဓံတစ်ဝက် အဆိုးဘက်လေးပါးကို တရားအသိ သမာဓိတံ့တံ့ဖြင့် ကြံ့ကြံ့ခံကြရမည် ဖြစ်ပါသည်။

ဤစကားသည် ပရိယောသာန ကလျာဏ- အဆုံးကောင်း စကားမျှသာ ဖြစ်ပါသည်။ အိမ်ထောင်ရှင်ဟူ၍ ဖြစ်လာကြသော အမျိုးသား အမျိုးသမီးတို့ သည် လူရေးလူရာ အဖြာဖြာ၌ နေဘက် [illegible] င်းဖို့ လိုပါသည်။ အသက်မွေး မှုတစ်ခုပညာ ကိုယ်စီပါ၍ ဆိုင်ရာဆိုင်ရာ [illegible] ဖို့ လိမ္မာဖို့ လာဘ်မြင်ဖို့ အကင်းပါးဖို့လိုပါသည်။ ဤစကားသည် အာဒိ [illegible] ဏ အစကောင်းစကား ဖြစ်ပါသည်။

လုပ်တတ်၊ ကိုင်တတ်၊ ရှာတတ်၊ ဖွေတတ်၊ စုတတ်၊ ဆောင်းတတ်၍ စီးပွားဖြစ်လာသောအခါ တစ်ကိုယ်ကောင်းဆန်သော မစ္ဆေရစိတ်ချွန်းချိတ်မရ အတ္တဟိတသဘောဆိုးကို ချိုးနှိပ်ကွပ်ကာ လက်ဆုပ်ဖြန့်ကား သူတစ်ပါးအား လည်း ဝေခြမ်းမျှတ စားသောက်ရတတ်သည်။ လူ့မတန်းမှ ဝေခြမ်းမျှတမှုများ၌ စိတ်မငြိုငြင် ရွှင်ရွှင်ပျပျ (ဒါန သံဝိဘာဂရတ) ဖြစ်ရသည်။ အကောင်းကို ကိုယ်ချည်း စားခြင်းသည် ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သည်ဟု ပရာဘဝ သုတ်၌ ဘုရားမြတ်စွာ ဟောတော်မူပါသည်။

ကောင်းစားလာသောအခါ ခြတ်ပြောင်း၍ သွားတတ်သည်။ သွေးကြီးလာ တတ်သည်။ အောက်ခြေလွတ်တတ်သည်။ အပေါင်းအသင်း ရောင်းရင်း ရိုးရင်း တို့ကို မေ့သွားတတ်သည်။ နတ်ပြည်ကို မေ့တောမော်တော မေ့ပင်တွေ ပေါက်နေသော နေရာဟု ဆိုကြသည်။ (မောဟနဝန)။ အရှိ အရှိအတိုင်း ဆိုရသော လူ့လောကကြီးမှာလည်း မေ့တော မောတောတွေရှိသည်။

အတိတ်မြေက
မိတ်ဆွေကိုပစ်
ချောင်းမချစ်သား
အပြစ်ကြီးစွာ
မြစ်ကြီးရှာနှင့်
သာရာမှာနား
ငါတကားဟု

မလုပ်ကောင်း။ အဆန်အန့် ကောင်းလျှင် စိုက်ရသည်။ သို့မှ ကောင်းစားမြဲ ကြာကြာ ကောင်းစားသည်။ ဤစကားတို့ကား မဇ္ဈေကလျာဏ-အလယ်ကောင်း-ကောင်းသော စကားများပေတည်း။

●

## သမ္ဗဇယမင်္ဂလာ ဂါထာတော်ဖြစ်စဉ်

ဤ သမ္ဗဇယမင်္ဂလာ ဂါထာတော် ဖြစ်ပေါ်လာပုံမှာ ဤသို့ဖြစ်ပါသည်။

မြတ်စွာဘုရား သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတုပြာသဒ်၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာ၏ လျှောက်ထားမှုကို အကြောင်းပြု၍ ဘုရားရှင်သည် ဤဂါထာကို ဟောကြားတော်မူပါသည်။

အရှင်အာနန္ဒာသည် သီတင်းကျွတ်လပြည့်နေ့ ညနေဆည်းဆာအချိန်တွင် အနောက်ဂေါယာကျွန်း ယွန်းမည့်ဆဲဆဲ နေအရောင်၏ တင့်တယ်မှုနှင့် အရှေ့လောကဓါတ်မှ ထွက်ပြူစလမင်း၏ အရောင်အဆင်း တင့်တယ်မှုတို့ကို တွေ့မြင်၍ နှစ်သက်မှုပီတိ ဖြစ်နေပါသည်။

ထိုသို့ အာရုံခံစားမှုဖြစ်နေစဉ် စစ်အင်္ဂါလေးပါး ခြံရံကာ မင်းမြောက်တန်ဆာ ဝတ်ဆင်လာပြီး ပန်းနံ့သာ စွဲကိုင်လျက် ဘုရားရှင်ထံ ရှေးရှုလာနေသော ပသေနဒီကောသလမင်းကြီး၏ တင့်တယ်မှုကို မြင်ရ၍လည်း နှစ်သက်မှုပီတိ ဖြစ်ရပြန်သည်။ ထို့ပြင် အရှင်အာနန္ဒာသည် ကာဠုဒါယီ ရဟန္တာမထေရ် ဈာန်ဝင်စားသဖြင့် ကိုယ်တော်မှ အရောင်အဆင်းများ တောက်ပထွန်းပေါ်နေသည်ကို ဖူးမြင်ရပြန်ရာ နှစ်သက်ပီတိ ဖြစ်ရပြန်လေတော့၏။

ထို့နောက် အရှင်အာနန္ဒာသည် ဘုရားရှင်၏ အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းမှာ အထက်ဖော်ပြပါ နေမင်း လမင်း စသည်တို့၏ ထွန်းပတင့်တယ်ခြင်းကို သာလွန်လွှမ်းမိုး ထူးကဲကြောင်း ဖူးတွေ့ရသဖြင့် အကြောင်းအကျိုးဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က အောက်ပါ ဒိဝါတပတိ အစရှိသော သဗ္ဗဇယမင်္ဂလာဂါထာတော်ကို ဟောကြားတော်မူသည်မှ စ၍ ဤဂါထာတော် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသတည်း။

(ဓမ္မပဒ၊ ၄၊ ၃၉၆)

## သဗ္ဗဇယမင်္ဂလာဂါထာပါဠိ

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ
နမက္ကာရာနုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။

## သဗ္ဗဇယမင်္ဂလာဂါထာတော် ရွတ်ဖတ်ရခြင်းအကျိုး

ဤဂါထာတော်ကို လာဘ်ရွှင်ဂါထာတော်ဖြစ်ကြောင်း ပညာရှင်များ အသိအမှတ်ပြုခဲ့ကြသည်။ သီဟိုဠ်ကျွန်း ဘာတိကမင်းကြီးသည် သူ့အမတ်တစ်ဦးအား ရတနာသုံးပါးနှင့်စပ်သော ဇယမင်္ဂလာမည်သော ဂါထာတစ်ပုဒ် ဖော်ထုတ်ရွတ်ဆို ချီးကျူးပြလေသည်။

မင်းကြီးသည် ရွတ်ဆိုပြချက်ကို ကြားနာကာ ကြည်ညိုလှ၍ အမတ်ကြီးရွတ်ဆိုပြီးနောက် လက်အုပ်မချရန် တောင်းပန်လျက် အမတ်ကြီး၏ လက်အုပ်ကြားသို့ အသပြာငွေတစ်ထောင်ကျပ် ချီးမြှင့် အပ်နှင်းလိုက်ကြောင်း သံယုတ်အဋ္ဌကထာ၌ ပြဆိုထားပါသည်။

●

# သက်တော်မြဲဂါထာ (ခေါ်) သမ္ဗုဒ္ဓိဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော
ယံ ပစ္ဆပက္ကမေန တထာဂတံ
ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ
တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

## ဂါထာတော်အနက်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယံ၊ အကြင်အကြောင်းကြောင့်။ ပစ္ဆပက္ကမေန၊ သူတစ်ပါးတို့၏ လုံ့လပယောဂဖြင့်။ တထာဂတံ၊ သင်တို့ဆရာ ငါဘုရားကို။ ဇီဝိတာ၊ ရုပ်နာမ်နှစ်ထွေ မြွတ်ဖော်အသက်တော်မှ။ ဝေါရောပေယျ၊ ခွင်းခါပျက်ခြေ၊ ချသတ်လေရာ၏။

ဧတံ၊ ဤသို့ ရုပ်နာမ်ပျက်ခွင်း ချသတ်နိုင်ခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းခြင်းရာ မဟုတ်သည်သာတည်း။

ဧတံ–ဧသော၊ ဤသို့ ရုပ်နာမ်ပျက်ခွင်း ချသတ်နိုင်ခြင်းသည်။ အနဝကာသော၊ အခွင့်အခါမဟုတ်သည်သာတည်း။

ဘိက္ခဝေ၊ ငါဘုရားကို စောင့်ရှောက်နေကြသော အို–ချစ်သားတို့။ တထာဂတာ၊ ရှေးရှေးအတူ ကြွလာတော်မူကြကုန်သော မြတ်စွာဘုရားတို့ သည်။ အနုပက္ကမေန၊ သူတစ်ပါးတို့လက်နက် လုံ့လပယောဂတို့ လုံးဝမရှိဘဲနှင့်သာလျှင်။ ပရိနိဗ္ဗာယန္တိ၊ နိဗ္ဗာန်စံကိန်း ငြိမ်းတော်မူကြပေကုန်၏။

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ထုတ်ပြန် ဟုတ်မှန်သောစကားကို မြွက်ကြားရ ပေသောကြောင့်။ မေ၊ ချမ်းသာလိုလား ဘုရားတပည့်တော်အား။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ သောတ္ထိ၊ လက်နက်ပယောဂ ကင်းစင်ပ၍ ဘေးရန်ကင်းကွာ ချမ်းသာခြင်းသုခအဝဝနှင့် ပြည့်စုံခြင်းသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

●

# သက်တော်ရှည်ဂါထာ

နာညသြ ဗောဇ္ဈင်္ဂပသာ၊ နာညတြ ဣန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

## သက်တော်ရှည်ဂါထာတော် ရွတ်ဆိုပွားများရခြင်းအကျိုး

ဤသက်ရှည်ဂါထာကို ရွတ်ဆိုပွားများသူအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကောင်းကျိုးချမ်းသာမင်္ဂလာ ကျက်သရေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မိမိ၌ ကျရောက်လာနိုင်သော အသက်ဘေး အန္တရာယ် အသွယ်သွယ်ကို ဤဂါထာက အကာအကွယ်ပြုနိုင်ပါသည်။ ထို့ကြောင့် ဤဂါထာ ရွတ်ဆိုသူမှာ အသက်ရှည်ခြင်းအကျိုးကို ပြည့်ဝစွာ ခံစားရမည်ဖြစ်ပါသည်။

●

# သံ ဂ–ချက်မိုးကြိုးကွင်းဂါထာ

သံသာရ စက္က ဝိဒ္ဓံသံ။
သံ သုဒ္ဓ မဿ သြရသံ၊
သံဆိန္နကံ ဘဝေ အာသံ။
သံဃံ အပိ သုမာနသံ။

သံသာရ စက္က ဝိဒ္ဓံသံ၊ သံသရာစက်ကို ချိုးဖျက်တော်မူပြီးထသော။ သံသုဒ္ဓံ၊ အဝိဇ္ဇာအမှောင် ကင်းသဖြင့် ဖြူဝင်းစင်ကြယ်သော စိတ်ရှိထသော။ အဿ၊ ထိုဘုရားရှင်၏။ သြရသံ၊ သဒ္ဓမ္မသမ္ဘူတခေါ် ရင်သွေးတော်အစစ်ဖြစ်တော်မူထသော။ ဘဝေ၊ သုံးဆယ့်တစ်ထပ်ဘဝရပ်၌။ အာသံ၊ ခင်မင်တွယ်တာ တဏှာတရားကို။ သံဆိန္နကံ၊ ကောင်းကောင်းကြီးတော်လှန် ဖြတ်တောက်တော်မူပြီးထသော။ သုမာနသံ၊ ရွှင်ကြည်အေးမြ ကောင်းမွန်လှသော ရွှေနှလုံးရှိတော်မူထသော။ သံဃံအပိ၊ အရိယာရှစ်ဖော် သံဃာတော်မြတ်ကိုလည်း။ အဟံ၊ တပည့်တော် (မ)သည်။ ဝန္ဒာမိ၊ ညွတ်နူးကြည်သာထိငါးဖြာဖြင့် ကြည်စွာရိုကျိုး ရှိခိုးပါ၏ဘုရား။

ဤဂါထာသည် သရဲသဘက်တို့ကို နိုင်နင်းရုံမျှမက အပြိုင်အဆိုင်များကို လည်း နိုင်နင်းစေသည်။ လာဘ်လည်းရွှင်စေသည်ဟု ရှေးဆရာများ မိန့်ဆို ထားခဲ့၏။ အမြဲရွတ်ပါ။ အနည်းဆုံးတစ်နေ့ ၃–ခေါက်ရွတ်ပေးလျှင် အလွန် ကောင်း၏။ မိုးကြိုးမပစ်၊ ကွင်း၏။ ပွဲတွေ့။

●

## သဗ္ဗဇယမင်္ဂလာ အာယုဓက်ဂါထာ

စိရံ တိဋ္ဌတု မေ အာယု၊
လာဘံ လဘတု သဗ္ဗဒါ၊
ဇယော ဘဝတု သဒါ မေ၊
သောကရောဂါ ဝိနာသန္တု။

မေ၊ ငါ၏။ အာယု၊ အသက်သည်။ စိရံ၊ ကြာရှည်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။ သဗ္ဗဒါ၊ အချင်းခပ်သိမ်း။ လာဘံ၊ လာဘ်သည်။ ဘဝတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။ သောကရောဂါ၊ စိုးရိမ်ခြင်း ပူပန်ခြင်း တည်းဟူသော အနာရောဂါတို့သည်။ ဝိနာသန္တု၊ ကင်းငြိမ်းချုပ်ပျောက် ခြင်းသို့။ ပါပုဏန္တု၊ ရောက်ကြပါစေကုန်သတည်း။

●

## သိရသိမ်ဂါထာ

သိရသိမေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏော။
ဝါမအံသေ မောဂ္ဂလ္လာနော၊ ပုရတော ပိဋကတ္တယံ။
ပစ္ဆိမေ မမ အာနန္ဒော၊ စတုဒိသာ ခိဏာသဝါ။
သမန္တာ လောကပါလာ စ၊ တုဋ္ဌာ ဒေဝါ သဗြဟ္မကာ။
ဇတေသံ အာနုဘာဝေန၊ သဗ္ဗဘယဥပဒ္ဒဝါ။
အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

## ရွတ်ဖတ်ခြင်းအကျိုး

လောကီအကျိုး လောကုတ္တရာအကျိုး နှစ်မျိုးစလုံး ပေးစွမ်းနိုင်စေသည်။ အရပ်လေးမျက်နှာမှ ဘေးအန္တရာယ်များ ပယ်ရှား လွင့်စင်စေပါသည်။ ၁၆-ပါးသောဘေး၊ ၂၅-ပါးသော ဥပဒ္ဒဝေါ၊ ၃၂-ပါးသော ကံကြမ္မာဆိုးတို့မှ လွတ်မြောက်စေပါသည်။

●

# သမ္ဗုဒ္ဓေဂါထာ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါလုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

### သမ္ဗုဒ္ဓေဂါထာအနက်

အဋ္ဌဝီသံ၊ သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ၊ တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကို လည်းကောင်း။ ဒွါဒသဉ္စသဟဿကေ။ နိဗ္ဗာန်ကိန်းအောင် စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော။ သမ္ဗုဒ္ဓေ၊ လရောင်ပမာ ဉာဏ်ဝါရောင်ဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကို လည်းကောင်း။ ပဉ္စသတသဟဿာနိ၊ သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ၊ နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသော၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရိုသေညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ-ဂင်္ဂါယ၊ ဂင်္ဂါမြစ်တွင်း၌။ ဝါလုကာ၊ ရှိကြကုန်သော သဲတို့သည်။ အပ္ပကာ၊ နည်းကြကုန်သေး၏။ နိဗ္ဗုတာ၊ ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်

မူကြကုန်ပြီးသော။ ဓိနာ၊ နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူအောင်တော်မူသော ဘုရားရှင် အပေါင်းတို့အား။ အနန္တော၊ သချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ တေဓိနေစ၊ ထို ဘုရားရှင်တို့ကိုလည်းကောင်း။ တေသံ၊ ထိုငါးသိန် တစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန် ဘုရားရှင်၊ မရေမတွက်နိုင်သော ဘုရားရှင်တို့၏။ ဓမ္မဥ္စ၊ တရားတော်မြတ်ကိုလည်းကောင်း။ သံဃဥ္စ၊ တပည့်သား သံဃာတော်မြတ်ကိုလည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ အာဒရေန-အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန၊ ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမ ကုသိုလ် စေတနာကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ၊ ဘေးရန်တို့ကို။ ဟိတွာ၊ ပယ်ဖျောက်၍။ အနေကအန္တရာယာပိ၊ တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်ဖြင့်။ ဝိနဿန္တု၊ ပျောက်ပျက်ပါစေကုန်သတည်း။

မြတ်သမ္ဗုဒ္ဓေ၊ ဆူဝေကျော်ကြား၊ နိဒါန်းအားဖြင့်၊ ကွမ်းစားသတ္တော်၊ ခေါင်းလျှော်ဒသ၊ သတ္တတြိန်း၊ ဆီလိမ်းပဥ္စ၊ စီးထလေ့မှာ၊ ရှစ်ကြိမ်သာတည့်၊ နံ့သာပန်းမျိုး၊ ကိုးကြိမ်နှိုးလော့၊ ချုပ်မိုးညဥ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏။ ရန်သူတွေ့မြောက်၊ ဆယ့်တစ်ခေါက်တည့်၊ စစ်ထိုးသောအခါ၊ ရွတ်ပါကိုးကြိမ်၊ စံအိမ်သန္ဓေ၊ မဖွားနေမူ၊ ရေမှာကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက်ခဏ ချမ်းသာရ၏။

ခေတ္တနှောင်သွင်း၊ သံခြေကျင်းနှင့်၊ အပြင်းတိုက်လှောင်၊ တစ်ထောင်ရွတ်လေ၊ လွတ်ထွက်ပေ၏။ ပန်းမွှေး၊ နှစ်ခေါက်၊ ခရီးလျှောက်မူ၊ ခေါင်းမှာတင်စိုက် ရန်ဘေး၌လည်း၊ မြူဆိုက်မလိမ်း၊ ကင်းလွတ်ငြိမ်း၏။

ခပ်သိမ်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရင်း၍၊ မင်းမင်းတကာ ကြည်စွာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညိုးပန်းသွင်၊ နေ့တိုင်းပင်တည့်၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့၊ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ပွင့်လင်းသာသနာ၊ ပွားကြောင်းရာ၍၊ စန္ဒာလမင်း၊ ကောင်းကင်ချဉ်းသို့၊ ကောင်းခြင်းထွေထွေ၊ ကောင်းကျိုးဝေသည်။ သမ္ဗုဒ္ဓေ၏ တန်ခိုးတည်း။

၎င်းလင်္ကာ၏ အဓိပ္ပာယ်မှာ သမ္ဗုဒ္ဓေဂါထာကို ကွမ်းစားလျှင် ၇-ခေါက်၊ ခေါင်းလျှော်လျှင် ၁၀-ခေါက်၊ ထမင်းစားလျှင် ၃-ခေါက်၊ ဆီလိမ်းလျှင် ၅-ခေါက်၊ လေ့စီးလျှင် ၈-ခေါက်၊ ပန်းနံ့သာလိမ်းလျှင် ၉-ခေါက်၊ စစ်တိုက်သောအခါ ၉-ခေါက်၊ အချုပ်အနှောင်ခံရသောအခါ အခေါက်ရေ ၁၀၀၀၊

လမ်းခရီးသွားလျှင် ၂-ခေါက်၊ အသီးသီးရွတ်ဆိုပါက လိုရာကိစ္စအဝဝ ပြီးမြောက်နိုင်သည်။ ထို့ပြင် မွှေးသောပန်းကိုကိုင်၍ သမ္ဗုဒ္ဓေဂါထာကို ၉-ခေါက်ရွတ်ပြီး ခေါင်းမှာ ပန်ဆင်ပါက ဘေးအန္တရာယ်ဟူသမျှကင်းလွတ်သည်။ နေ့စဉ် ၉-ခေါက် မှန်မှန် ရွတ်ဆိုပါကလည်း ရောဂါကင်းခြင်း၊ သောကကင်းခြင်း၊ မင်းတကာတို့ပူဇော်ခြင်း ခံရမည်ဟု အဓိပ္ပာယ်ရပေသည်။

●

# သုဝဏ္ဏဘုမ္မိ ဂါထာတော်

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလမဒေသယုံ။

(၎င်းဂါထာသည် သဲကိုမန်း၍ မိမိတို့နေရာ အိမ်ပတ်လည်ကိုပက်၍ထားပါ။ ထို့နောက် ရေကိုလည်းမန်း၍ပက်ပါ။ မကောင်းသော အန္တရာယ်ပပျောက်၍ ကောင်းကျိုးချမ်းသာ ရောက်စေနိုင်၏။ ဉာဏ်ရှိသလိုသုံးပါလေ၊ ဘုတ် ပြိတ္တာ တစ္ဆေသရဲတို့ ကြောက်ရွံ့ကုန်၏။)

### အနက်ကား

မဟိဒ္ဓိကာ၊ မြေလျှိုးမိုးပျံ၊ ဈာန်ဘိညာဉ်မျိုး၊ တန်ခိုးကြီးမားကျော်ထင်ရှားကုန်သော။ သောဏုတ္တရာ၊ အရှင်သောဏမထေရ် အရှင်ဥတ္တရမထေရ်တို့သည်။ သုဝဏ္ဏဘူမိံ၊ သုဝဏ္ဏဘုမ္မိ၊ အမည်ရှိသား၊ သီရိမျိုးစုံ၊ မြို့သထုံသို့။ ဂန္တွာန၊ သာသနာပြုချင်၊ အကြောင်းအင်ဖြင့်၊ ကောင်းကင်ခရီး၊ ဈာန်ယာဉ်စီးလျက်၊ ကြွသွားတော်မူကြကုန်ပြီး၍။ ပိသာစေ၊ သူ့အသက်ကို လုယက်ကြိတ်ခြေ၊ နှိပ်စက်၍နေကြကုန်သော။ နိဒ္ဓမိတွာန၊ ၎င်းတို့ထက် နှစ်ဆထက်ကြီးသော ကိုယ်ကို ဖန်ဆင်းလျက်၊ မည်ရတွင်လတ်၊ သုတ်တော်မြတ်ကို။ အဒေသယုံ၊ ငလျှင်တော်လည်း၊ ပွဲတင်ဟည်းအောင်၊ ပုဒ်ဗျည်းတွတ်တွတ်၊ အာဂုံလွတ်၍ ဟောရွတ်တော် မူကြလေကုန်ပြီ။

●

## သားဖွားလွယ်သောဂါထာ

ပရိတ္တံ ယံ ဘဏာန္တဿ၊ နိသန္နဋ္ဌာန ဓောဝနံ။
ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။
သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။
ဟေရဿင်္ဂုလိမာလဿ၊ လောကနာထေန ဘာသိတံ။
ကပ္ပဋ္ဌာယိံ မဟာ တေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊ နာဘိဇာနာမိ၊ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

၎င်းဂါထာတော်သည် အင်္ဂုလိမာလ ရဟန္တာ၏ လက်သုံးတော်ဖြစ်သည်။ ယုံကြည်စွာ ရွတ်ဖတ်တော်မူကြပါ။ မိန်းမများသာ၍ ကျက်မှတ်ထားဖို့ ကောင်းပါသည်။ မီးမဖွားနိုင်သော မိန်းမတို့၏အနီး၌ ရွတ်ဖတ်လျှင် နာကျင်ခြင်း ဒုက္ခမရှိ၊ ကရားမှ ရေသွန်းလောင်းသလို တစ်ခဏချင်း ဖွားနိုင်လေ၏။

၎င်းဂါထာသည် တစ်ကမ္ဘာပတ်လုံးတည်၏။ ကိုယ်ဝန်ဆောင် မိန်းမများမှာ အရှင်အင်္ဂုလိမာလရဟန္တာကို ရည်မှတ်ကာအကြောင်းပြု၍ ဆွမ်းတော်တင်ခြင်း၊ ရေချမ်းတော်တင်ခြင်း၊ ဘုရားဂုဏ်တရားဂုဏ် သံဃာဂုဏ်ပါသော ဂါထာတို့သည် ဤနေရာဌာနတွင် သုံးလို့မဆုံးနိုင် တစ်ကမ္ဘာပတ်လုံး တည်သေး၏။ အခြားသောနေရာကို သုံးစွဲရွတ်ဖတ် သရဇ္ဈာယ်လျှင် ပြောဖွယ်ရာမရှိပြီ။

ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ။

ဘုရားယုံကြည်ပါ၏။ တရား ယုံကြည်ပါ၏။ သံဃာ ယုံကြည်ပါ၏။

## သစ္စာဂါထာတော်

(၁) သမ္မာသမ္ဗုဒ္ဓေါဝတ သောဘဂဝါ၊
ယော ဣမဿ ဇဝ ရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။

(၂) သုပ္ပဋိပန္နောဝတ တဿ ဘဂဝတော သာဝကသံဃော၊
ယော ဏ္ဍမဿ ဝေရူပဿ ဒုက္ခဿ ပဟာနာယ
ပဋိပန္နော။

(၃) သုသုခံဝတ တံ နိဗ္ဗာနံ၊ ယတ္ထယိဒံ ဝေရူပံ ဒုက္ခံ နံ၊
သံ ဝိဇ္ဇတိ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

## ဂါထာအနက်

(၁) သောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဝေနရူပဿ၊ ဤသို့ ဖန်ခါ မပြတ် နိပ်စက်တတ်သော သဘောရှိသော။ ဏ္ဍမဿ–ဒုက္ခဿ၊ ဤဆင်းရဲ၏။ (ဝါ) ဤဆင်းရဲကို။ ပဟာနာယ၊ ကင်းပျောက်ခြင်းငှါ။ (ဝါ) ပယ်ဖျောက်ခြင်း အကျိုးငှာ။ ဓမ္မံ၊ ဆင်းရဲပျောက်ကြောင်း တရားကောင်း ကို။ ဒေသေတိ၊ ကရုဏာရှေ့ထား ဟောကြားတော်မူ၏။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသခင်သည်။ သမ္မာသမ္ဗုဒ္ဓေါဝတ၊ သိစရာရှိ သမျှ တစ်စမကျန် ကေန်ပိုင်ပိုင် ကိုယ်တော်တိုင် သိတော်မူတတ်ပါပေစွ တကား။

(၂) ယောသာဝကသံဃော၊ အကြင်တပည့်သာဝက သံဃာတော်အပေါင်း သည်။ ဝေရူပဿ၊ ဤသို့ ဖန်ခါမပြတ် နိပ်စက်တတ်သော သဘောရှိသော။ ဏ္ဍမဿ–ဒုက္ခဿ၊ ဤဆင်းရဲ၏။ (ဝါ)ဤဆင်းရဲကို။ ပဟာနာယ၊ ပျောက် ကင်း ခြင်းငှာ။ (ဝါ) ပယ်ခြင်းငှာ။ ပဋိပန္နော၊ ကျင့်ကြံတော်မူတတ်ပါပေ၏။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ သောသာဝကသံဃော၊ ထိုတပည့် သား သာဝက သံဃာတော်အပေါင်းသည်။ သုပ္ပဋိပန္နောဝတ၊ ကောင်းသော အကျင့်ရှိတော်မူပေစွတကား။

(၃) ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ ဝေရူပံ၊ ဤသို့ ဖန်ခါမပြတ် နိပ်စက်တတ် သော သဘောရှိသော။ ဒုက္ခံ၊ ဆင်းရဲဒုက္ခအဝဝသည်။ နသံဝိဇ္ဇတိ၊ မရှိ။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သုသုခံဝတ၊ အလွန်ချမ်းသာပေစွတကား။

ဧတေန သစ္စဝဇ္ဇေန၊ ဤသို့ ထုတ်ပြန် ဟုတ်မှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ကြောင်းမင်္ဂလာ အဖြာဖြာ သည်။ ဟောတု၊ မုချပုံသေ ဖြစ်ပါစေသတည်း။

မှတ်ချက်။ ။ အထက်ပါဂါထာသည် ဓမ္မပဒအဋ္ဌကထာ သီဝလိထေရ်ဝတ္ထုလာ ဂါထာဖြစ်သည်။ အရှင်သီဝလိ၏ မယ်တော် သုပ္ပဝါသမင်းသမီး သည် အရှင်သီဝလိအလောင်းလျာ၏ သန္ဓေကို (၇)နှစ်ပတ်လုံး လွယ်ထားရပြီး မီးဖွားခါနီး၌လည်း (၇)ရက်ပတ်လုံး ဆင်းရဲဒုက္ခခံစားခဲ့ရသဖြင့် ရတနာသုံးပါး၏ ဂုဏ်တော်ကို အာရုံပြု၍ ဒုက္ခဝေဒနာကို သည်းခံခဲ့လေသည်။ သုပ္ပဝါသ၏ ခင်ပွန်းက ဘုရားရှင်ထံသွား၍ လျှောက်ထားရာ ဘုရားရှင်က သုပ္ပဝါသ ချမ်းသာစေသတည်း။ ကျန်းမာချမ်းသာစွာ သားရတနာဖွား မြင်စေသတည်းဟု မိန့်ဆိုတော်မူလေရာ သီဝလိလောင်းလျာကို လွယ်ကူစွာဖွားမြင်ခဲ့လေသည်။ ထို့ကြောင့် ယင်းသစ္စာဂါထာတော်ကို ဆင်းရဲ ဒုက္ခနှင့် တွေ့ကြုံလျှင် ရွတ်ဆိုသင့်ကြပေသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ မွေးဖွားရန် အခက်အခဲကြုံလျှင် ယင်းဂါထာကို အထူးရွတ်ဆိုသင့်ကြောင်း တင်ပြလိုက်ရပေသည်။

●

## သားကောင်းမိခင်ဂါထာ

ယောမေ အယံ ဘန္တေ၊
ကုစ္ဆိဂတော ကုမာရကော ဝေါ၊
ကုမာရိကာဝါ၊
သော ဘဂဝန္တံ သရဏံ ဂစ္ဆတိ ဓမ္မဉ္စ။
ဘိက္ခုသံဃဉ္စ ဥပါသကံ တံ
ဘဂဝါ ဓာရေတု၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

### ဂါထာအနက်

ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်၏။ ကုစ္ဆိဂတော၊ ဝမ်း၌တည်သော။ ယော အယံကုမာရကောဝါ၊ အကြင်သတို့သားသည်လည်းကောင်း။ ယာ

ကုမာရိကာဝါ၊ အကြင်သတို့သမီးသည် လည်းကောင်း။ အတ္တိ၊ ရှိ၏။ သော၊ ထိုသနွေသားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ ဓမ္မဉ္စ။ တရားတော်မြတ်ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာတော်ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တံ၊ ထိုပဋိသနွေသားကို။ အဇ္ဇတဂ္ဂေ၊ ယနေ့မှစ၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ သရဏံ၊ ဆည်းကပ်ခြင်းသို့။ ဂတံ၊ ရောက်သော။ ဥပရသကံ၊ ရတနာသုံးပါးကို ဆည်းကပ်တတ်သူဟူ၍။ ဓာရေတု၊ မှတ်ယူတော်မူပါဘုရား။

**မှတ်ချက်။** ။ ဤဂါထာသည် မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်တွင် ဘုရားမြတ်စွာကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ဂါထာတော်ဖြစ်သည်။

ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့အနီး ပဲစင်းငုံတော၌ ဘုရားရှင်သီတင်း သုံးတော်မူနေစဉ် ဗောဓိမင်းသားသည် သူ၏ နန်းပြာသာဒ်သစ်ဖွင့်ပွဲအတွက် သဉ္စိကာပုတ္တမည်သော လုလင်ကိုစေလွှတ်၍ မြတ်စွာဘုရားကို ဆွမ်းစား ပင့်ဖိတ်စေသည်။ နောက်တစ်နေ့နံနက်တွင် ဘုရားရှင်နှင့်အတူ သံဃာတော်များ ကြွရောက်တော်မူကာ ဆွမ်းဘုဉ်းပေးတော်မူသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဗောဓိမင်းသားက ဘုရားရှင်အား ချမ်းသာနှင့်ရင်းနှီးသဖြင့် ချမ်းသာကို မရနိုင်။ ဆင်းရဲဒုက္ခနှင့် ရင်းနှီးမှသာ ချမ်းသာကိုရနိုင်သည်ဟူ၍ လျှောက်ထားခဲ့သည်။ ဗောဓိမင်းသား၏ လျှောက်ထားချက်နှင့် ပတ်သက်၍ ဘုရားရှင်က အကျယ်တဝင့် ဟောကြားတော်မူခဲ့ပေသည်။

ဗောဓိမင်းသားသည် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို အံ့ဩချီးကျူးမဆုံး ရှိနေပါသည်။ ဤတွင် အနီး၌ရှိသော သဉ္စိကာပုတ္တလုလင်က အရှင်မြတ်သည် ချီးကျူးစကားများသာ ပြောကြားပြီး၊ မြတ်စွာဘုရားနှင့် တရားတော် သံဃာတော်တို့ကိုမူ ကိုးကွယ်ဆည်းကပ်ခြင်းမပြုသေးပါဟု လျှောက်ထားလေသည်။ ထိုအခါ ဗောဓိမင်းသားက မိမိသည် မိခင်ဝမ်း၌ တည်စဉ်က တစ်ကြိမ်၊ နို့စို့အရွယ်ကလေးငယ်ဘဝက တစ်ကြိမ်၊ မြတ်စွာဘုရားနှင့် တရားတော်သံဃာတော်တို့ကို ကိုးကွယ်ဆည်းကပ်ခြင်းပြုခဲ့ဖူးကြောင်း ပြောကြားခဲ့သည်။

မင်းသား၏ မယ်တော်သည် မင်းသားအား ကိုယ်ဝန်ရှိစဉ်က ကျွန်ုပ်၏ ဝမ်းတိုက်၌ရှိသော ကလေးငယ်သည် မြတ်စွာဘုရားနှင့် တရားတော်သံဃာတော်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ ဟု မြတ်စွာဘုရားအား အထက်ဖော်ပြပါ ဂါထာဖြင့် လျှောက်ထားခဲ့လေသည်။

သို့ပါ၍ ယင်းဂါထာသည် သားကောင်း သမီးကောင်းတို့၏ မိခင်ဖြစ်လိုသော အမျိုးသမီး အိမ်ထောင်ရှင်များအတွက် အထူးရွတ်ဆို ပွားများသင့်သော ဂါထာဖြစ်ပါသည်။ မိမိတို့၏ဝမ်း၌ ကိန်းအောင်းသန္ဓေတည်နေသော ကလေးများအား မွေးဖွားလာချိန်၌ လိမ္မာယဉ်ကျေး၍ ဆိုဆုံးမလွယ်သည် သားကောင်း သမီးကောင်းများဖြစ်လာစေရန်အတွက် ကိုယ်ဝန်ဆောင်သည့် အချိန်မှစ၍ ကိုယ်စိတ်နှစ်ပါး ကြည်လင်စွာထား၍ ရွတ်ဆို ပွားများရပါမည်။

ဗောဓိမင်းသား၏ မယ်တော်သည် ယခင်က သားသမီးများမွေးဖွားခဲ့သော်လည်း အဖတ်မတင်ခဲ့ပါ။ သို့နှင့် ဗောဓိရာဇကုမာရမင်းသား ကိုယ်ဝန်ပဋိသန္ဓေဆောင်မိသည်နှင့်အထက်ပါ သားကောင်းမိခင်ဂါထာကို ရွတ်ဆို၍ ဘုရားရှင်အား ကန်တော့ခဲ့ပါသည်။

ဤသို့ဖြင့် ဗောဓိမင်းသားနှင့် နောင်မွေးဖွားလာသမျှ သား သမီးများမှာ လိမ္မာယဉ်ကျေး၍ အသက် (၁၂၀) ရှည်သည်ဟု မှတ်သားရပါသည်။

အချုပ်ဆိုရသော်–

- သားသမီးအဖတ်တင်လိုသူများ ဖော်ပြပါ သားကောင်း မိခင်ဂါထာကို ယုံကြည်စွာ ရွတ်ဆိုပွားများပါ။
- မွေးဖွားလာသောကလေးများအား လိမ္မာရေးခြားရှိရေး၊ လူကောင်းလူတော်ကလေးများဖြစ်လာကြပြီး အသက်ရှည်ကြစေလိုလျှင် ဤဂါထာကို ရွတ်ဆိုပွားများပါဟူ၍ တိုက်တွန်းလိုပေသည်။

တစ်ဖန် ဆက်လက်၍ ဗောဓိမင်းသား၏ အထိန်းတော် ရွတ်ပွားသည့် ဂါထာကို ဖော်ပြပါဦးမည်။ မိမိတို့၏ သားသမီးများ အရွယ်ရောက်လာကြပြီးနောက် လိမ္မာရေးခြားမရှိပါက ရတနာသုံးပါးနှင့် ဆရာသမား လူကြီးမိဘများအပေါ် ရိုသေကိုင်းရှိုင်းမှုမရှိပါက အောက်ပါဂါထာကို ရွတ်ဆိုရပါမည်။ ထိုသို့သော ကလေးများအတွက် မိခင် ဖခင် အဘိုး အဘွား အဒေါ် ဦးလေး စသူတို့က ရွတ်ပေးနိုင်သည်။ ထိုသို့ရွတ်ဆိုရာတွင် (ဗောဓိရာဇကုမာရ)ဆို

သည့်နေရာတွင် မိမိတို့ရွတ်ဆိုလိုသည့် သား သမီးကလေး စသူတို့၏ အမည်ကို ထည့်၍ ရွတ်ဆိုနိုင်ပါသည်။ သို့မဟုတ် ယောကျ်ားဖြစ်ပါက (ဒါယကော ဒါယကာ) ဟူ၍လည်းကောင်း။ မိန်းကလေးဖြစ်ပါက (ဒါယိကာ၊ ဒါယိကာမ) ဟူ၍လည်းကောင်း ထည့်သွင်း ရွတ်ဆိုရပါသည်။

●

## သားကောင်း သားမြတ် ဂါထာတော်

အယံ ဘန္တေ၊ (ဗောဓိရာဇကုမာရော)
ဘဂဝန္တံ သရဏံ ဂစ္ဆတိ ဓမ္မဉ္စ
ဘိက္ခုသံဃဉ္စ ဥပါသကံ တံ ဘဂဝါ ဓာရေတု
အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

### ဂါထာအနက်

ဘန္တေ၊ အရှင်ဘုရား။ အယံ၊ ဤဗောဓိကုမာရ အမည်ရှိသော သတို့သား သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကိုလည်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ ဘိက္ခု-သံဃဉ္စ၊ ရဟန်း သံဃာကိုလည်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ၊ ဆည်းကပ်ပါ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တံ၊ ထိုဗောဓိကုမာရ သတို့သားကို။ အဇ္ဇတဂ္ဂေ၊ ယနေ့မှအစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ သရဏံ၊ ဆည်းကပ်ခြင်းသို့။ ဂတံ၊ ရောက်သော။ ဥပါသကံ၊ ရတနာသုံးပါး ဆည်းကပ်သူဟူ၍။ ဓာရေတု၊ မှတ်ယူတော်မူပါ အရှင်ဘုရား။

●

## [အ]

# အစိန္တေယျလေးပါး ဂါထာတော်ကြီး

### ဝါစာအစိန္တေယျဂါထာ

ဝါစာ ဝါစာ ဝိလာသဂ္ဂ၊ ဝါစာ စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရ ဂုဏော ပေတံ၊ တေနမှာ-တုလ ဝါစကော။

ဝါစာ ဝါစာ ဝိလာသဂ္ဂ ဝါစာ စိန္တေယျ သံယုတ္တံ၊ ပြကတေ့သော စကား၊ အလွန်တင့်တယ်သောစကား၊ မြတ်သောစကား၊ မကြံစည်နိုင်သောစကားနှင့် ပြည့်စုံသောမူသော။ သာရ ဂုဏော ပေတံ၊ ကျေးဇူးတော်စစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ ကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ အတုမရှိသောစကားနှင့် ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

### ရူပအစိန္တေယျဂါထာ

ရူပရူပ ဝိလာသဂ္ဂ၊ ရူပါ-စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရ ဂုဏော ပေတံ၊ တေနမှာ-တုလရူပဝါ။

ရူပ ရူပ ဝိလာသဂ္ဂ ရူပါစိန္တေယျ သံယုတ္တံ၊ ပြကတေ့သောအဆင်း၊ အလွန်တင့်တယ်သောအဆင်း၊ မြတ်သောအဆင်း၊ မကြံစည်နိုင်သောအဆင်းနှင့် ပြည့်စုံတော်မူသော။ သာရ ဂုဏော ပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလရူပဝါ၊ အတုမရှိသော အဆင်းနှင့် ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

### ဉာဏအစိန္တေယျဂါထာ

ဉာဏ ဉာဏ ဝိလာသဂ္ဂ၊ ဉာဏစိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရ ဂုဏော ပေတံ တေနမှာ-တုလ ဉာဏဝါ။

ဉာဏ ဉာဏ ဝိလာသဂ္ဂ ဉာဏ စိန္တေယျ သံယုတ္တံ၊ ပြကတေ့သော ဉာဏ်၊ အလွန်တင့်တယ်သောဉာဏ်၊ မြတ်သောဉာဏ် မကြံစည်နိုင်သော ဉာဏ်နှင့် ပြည့်စုံတော်မူသော။ သာရဂုဏော ပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်

တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ရှိခိုးပါ၏။ ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့် အတုလ ဉာဏဝါ၊ အတုမရှိသောဉာဏ်နှင့် ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

## ဣဒ္ဓိအစိန္တေယျ ဂါထာ

ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ၊ ဣဒ္ဓိ–စိန္တေယျ သံယုတ္တံ။
ဝန္ဒေ သာရ ဂုဏော ပေတံ။ တေနမှာ–တုလ ဣဒ္ဓိမာ။

ဣဒ္ဓိ ဣဒ္ဓိ ဝိလာသဂ္ဂ ဣဒ္ဓိ စိန္တေယျ သံယုတ္တံ၊ ပြကတော့ သောတန်ခိုး၊ အလွန်တင့်တယ်သော တန်ခိုး၊ မြတ်သောတန်ခိုး၊ မကြံစည်နိုင်သော တန်ခိုးနှင့် ပြည့်စုံတော်မူသော။ သာရ ဂုဏော ပေတံ၊ ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ၊ ရှိခိုးပါ၏။ တေန၊ ထိုသို့ ရှိခိုးရသော ကောင်းမှုကြောင့်။ အတုလ ဣဒ္ဓိမာ၊ အတုမရှိသော တန်ခိုးနှင့်ပြည့်စုံသည်။ အမို၊ ဖြစ်ရပါလို၏။

ဤ အစိန္တေယျလေးပါး ဂါထာတော်ကြီးကား မကာရလောပဆရာတော် ခင်ကြီးပျော် ရွတ်ဆိုသော ဂါထာများဖြစ်၏။ ခင်ကြီးပျော် ဆရာတော်ကား ပညာအရာ၊ ဘုန်းကံအရာတွင် ပြိုင်ဘက်ရှားခဲ့၏။ မကာရလောပ–မအက္ခရာ ကျေ မသိတာမရှိ၊ မဖြစ်တာမရှိ ဘွဲ့ရပုဂ္ဂိုလ်ပင်။ လောကီရော လောကုတ္တရာပါ ထူးချွန်ကြောင်း အများအသိပင်။ လောကီရော လောကုတ္တရာပါ ထူးချွန်ကြောင်း အများအသိပင် ဖြစ်ခဲ့၏။ ထိုဆရာတော်ကြီးကား ဤဂါထာတော်များကို လက်သုံးပြုခဲ့လေသည်။

ဂါထာ၏ အဓိပ္ပာယ်မှာလည်း အလွန်ကောင်းလှ၏။ ဘုရားရှင်၏ အစိန္တေယျ ဂုဏ်တော်လေးပါးကို ဖွဲ့ဆိုထားပေသည်။ ဝါစာအစိန္တေယျ၊ ရူပအစိန္တေယျ၊ ဉာဏအစိန္တေယျ ဣဒ္ဓိအစိန္တေယျ၊ စကားတော် အစိန္တေယျ၊ အဆင်းတော် အစိန္တေယျ၊ ဉာဏ်တော် အစိန္တေယျ ဂုဏ်တော်၊ တန်ခိုးတော် အစိန္တေယျ ဂုဏ်တော်၊ ဤဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိခိုးပြီး ထိုကောင်းမှုကြောင့် ထိုအစိန္တေယျလေးပါးနှင့် ပြည့်စုံရလိုပါ၏ဟု ဆုခြွေထားသည်။

ထို့ကြောင့် အစိန္တေယျလေးပါးနှင့် ပြည့်စုံလိုသူတိုင်း နေ့စဉ်မပြတ် ရွတ်ဖတ်သင့်၏။ ပါဠိအနက်ကို ဉာဏ်၌ထင်အောင် စူးစိုက်ရွတ်ရမည်။ အထူးသဖြင့်

စကားပြော အောင်မြင်မှု၊ စာရေးအောင်မြင်မှုအတွက် ဝါစာ အစိန္တေယျဂါထာ၊ ရုပ်လှလိုသူတို့အတွက် ရူပအစိန္တေယျဂါထာ၊ ဉာဏ်ကောင်းလိုသူတို့အတွက် ဉာဏ အစိန္တေယျဂါထာ၊ သိဒ္ဓိရလိုသူတို့အတွက် ဣဒ္ဓိအစိန္တေယျဂါထာတို့ကို အကြိမ်ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်သင့်၏။ အနည်းဆုံး စာရေးခါနီး၊ စကား ပြောခါနီး၊ အလုပ်ကိစ္စပြုလုပ်ခါနီးတိုင်း ဘုရားရှင်အား အာရုံပြု၍ တစ် ကြိမ်စီ ရွတ်ဆိုပေးပါလေ။ အလွန်ကောင်းလှ၏။ များများလုပ်က များများ အကျိုးရမှုအတိုင်း များများရွတ်ဖတ်ပါက ပြောဖွယ်ရာမရှိတော့ပေ။ တန်ဖိုး အနန္တပင်။

●

## အရပ်ဆယ်မျက်နှာ ဂြိုဟ်ရှစ်လုံးစည်းချ ဂါထာများ

| | |
|---|---|
| အရှေ့မြောက် | သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊ |
| (တနင်္ဂနွေ) | ပစ္စေကာနဉ္စ ယော ဣဒ္ဓိ။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အရှေ့ | သဗ္ဗေ ဗုဒ္ဓါ ခေမပ္ပတ္တာ၊ |
| (တနင်္လာနေ့) | ပစ္စေကာနဉ္စ ယော ခေမော။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အရှေ့တောင် | သဗ္ဗေ ဗုဒ္ဓါ ဓိနပ္ပတ္တာ၊ |
| (အင်္ဂါ) | ပစ္စေကာနဉ္စ ယော ဓိနော။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| တောင် | သဗ္ဗေ ဗုဒ္ဓါ လာဘပ္ပတ္တာ၊ |
| (ဗုဒ္ဓဟူး) | ပစ္စေကာနဉ္စ ယော လာဘော။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အနောက်တောင် | သဗ္ဗေ ဗုဒ္ဓါ တေဇပ္ပတ္တာ၊ |
| (စနေ) | ပစ္စေကာနဉ္စ ယော တေဇော။ |

| | |
|---|---|
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အနောက် | သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ |
| (ကြာသပတေး) | ပစ္စေကာနဉ္စ ယံ ဗလံ။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အနောက်မြောက် | သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊ |
| (ရာဟု) | ပစ္စေကာနဉ္စ ယော ယသော။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| မြောက် | သဗ္ဗေ ဗုဒ္ဓါ သီရိပ္ပတ္တာ၊ |
| (သောကြာ) | ပစ္စေကာနဉ္စ ယာ သိရီ။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အရှေ့မြောက် | သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိပ္ပတ္တာ၊ |
| (တနင်္ဂနွေ) | ပစ္စေကာနဉ္စ ယာ ဣဒ္ဓိ။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အထက်အရပ် | သဗ္ဗေ ဗုဒ္ဓါ ဈာနပ္ပတ္တာ၊ |
| | ပစ္စေကာနဉ္စ ယံ ဈာနံ။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |
| အောက်အရပ် | သဗ္ဗေ ဗုဒ္ဓါ နိစ္စပ္ပတ္တာ၊ |
| | ပစ္စေကာနဉ္စ ယံ နိစ္စံ။ |
| | အရဟန္တာနဉ္စ တေဇေန၊ |
| | ရက္ခံ ဗန္ဓာမိ သဗ္ဗသော။ |

## ကြည့်ရှုမှတ်သားဖွယ် အနက်အဓိပ္ပာယ်

**စည်းချပုံ** ။ ။ စည်းချရာတွင် အရှေ့မြောက် (တနင်္ဂနွေ)အရပ်မှစ၍ လက်ယာရစ်ဂြိုဟ်စဉ်အတိုင်း စည်းချပြီး ၎င်းအရှေ့မြောက်

(တနင်္ဂနွေ)အရပ်တွင်ပြန်၍ စည်းကိုသတ်ရမည်။ သုံးတန်ကာရံနိုင်လျှင် ပို၍ လုံခြုံမှုရှိသည်။ ရွတ်ဆိုသည့်အခါ ထိုင်၍သော်လည်းကောင်း၊ ဆိုင်ရာအရပ် မျက်နှာသို့ မျက်နှာမူ၍သော် လည်းကောင်း၊ မျက်နှာမမူဘဲ အာရုံပြု၍သော် လည်းကောင်း သုံးကြိမ်ရွတ်ဆိုနိုင်ပါသည်။ ယင်းစည်းချမှုကို မေတ္တာပို့အမျှဝေ ပြီးမှ ပြုလေ့ရှိသော်လည်း ဤဒွိ လုံခြုံစိတ်ချစွာ ဝတ်ပြုနိုင်ရန် ကြိုတင်စည်းချ ကာရံမှု ပြုထားခြင်းဖြစ်ပါသည်။ ဤကား အများစည်းချပုံတည်း။ မိမိတစ်ဦး တည်း စည်းချလိုခဲ့သော် မိမိနေရာ အရပ်မှစ၍ ဂြိုဟ်စဉ်အတိုင်း စည်းချရမည်။ နေ့သင့်နံသင့် ဂြိုဟ်ရှစ်လုံး ဂါထာများ ဖြစ်ကြောင်း သတိပြုပါ။

## စည်းချဂါထာအနက်များ

၁။ ဣဒ္ဓိပ္ပတ္တာ၊ အထွေထွေ အမျိုးမျိုးပြီးစီးအောင်မြင်သော တန်ခိုးသို့ ရောက်ကုန်ပြီးသော။
သဗ္ဗေ၊ အလုံးစုံသော။ ဗုဒ္ဓါစ၊ ဘုရားရှင်တို့၏ လည်းကောင်း။ ပစ္စေကာနဉ္စ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ လည်းကောင်း။ ယာ ဣဒ္ဓိ၊ အကြင်တန်ခိုးသည်။
အတ္ထိ၊ ရှိ၏။ တာယ ဣဒ္ဓိယာစ၊ ထို တန်ခိုးတော်အားဖြင့် လည်းကောင်း။ အရဟန္တာနံ၊ ရဟန္တာသခင် အရှင်မြတ်တို့၏။ တေဇေန စ၊ ထက်မြက်တေဇော်အာနုဘော်တော်အားဖြင့် လည်းကောင်း။ သဗ္ဗသော၊ အခါခပ်သိမ်း။ ရက္ခံ၊ အကာကွယ် အစောင့်အရှောက်ကို။ အဟံ၊ ငါသည်။ ဗန္ဓာမိ၊ အန္တရာယ်ပေါင်းစုံ ဘေးရန်လုံအောင် အာရုံယူမှတ် မျှော်မှန်းလတ်၍ စည်းကြပ်ရံကာ ဖွဲ့ထားပါ၏။

၂။ ခေမပ္ပတ္တာ ၊ ချမ်းသာအေးမြ ဘေးမခခြင်းသို့ ရောက်တော်မူကုန် ပြီးသော။ (ပ)။
ယောခေမော၊ အကြင်ချမ်းသာအေးမြ ဘေးမခခြင်းသည်။ (ပ)။

၃။ ဇိနပ္ပတ္တာ၊ အောင်မြင်ခြင်းသို့ ရောက်တော်မူကုန်ပြီးသော။ (ပ)။
ယော ဇိနော၊ အကြင် အောင်မြင်တော်မူခြင်းသည်။ (ပ)။

၄။ လာဘပ္ပတ္တာ၊ လာဘ်ပေါများခြင်းသို့ရောက်တော်မူကုန်ပြီးသော။ (ပ)။ ယောလာဘော၊ အကြင် လာဘ်ပေါများခြင်းသည်။ (ပ)။

၅။ တေဇပ္ပတ္တာ၊ တန်ခိုးတေဇော် အာနုဘော်နှင့် ပြည့်စုံတော်မူခြင်းသို့ ရောက်တော်မူကုန်ပြီးသော။ (ပ)။
ယော တေဇော၊ အကြင်တန်ခိုးတေဇော် အာနုဘော်သည်။ (ပ)။
၆။ ဗလပ္ပတ္တာ၊ ကိုယ်အားဉာဏ်အား ထိုနှစ်ပါးနှင့် ထင်ရှားကုံလုံ ပြည့်စုံခြင်းသို့ ရောက်တော်မူကုန်ပြီးသော။ (ပ)။
ယံ ဗလံ၊ အကြင်စွမ်းအားရှိန်စော် အာနုဘော်သည်။ (ပ)။
၇။ ယသပ္ပတ္တာ၊ အခြံအရံ အကျော်မစောနှင့် ပြည့်စုံတော်မူခြင်းသို့ ရောက်တော်မူကုန်ပြီးသော။ (ပ)။
ယော ယသော၊ အကြင်ကျော်စောခြင်းသည်။ (ပ)။
၈။ သိရိပ္ပတ္တာ၊ လက္ခဏာကြီးငယ် ရောင်ခြောက်သွယ်တည်းဟူသော အသရေနှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကုန်ပြီးသော။ (ပ)။
ယာ သိရီ၊ အကြင်အသရေတော်သည်။ (ပ)။
၉။ ဈာနပ္ပတ္တာ၊ ဈာန်သမာပတ်နှင့် ပြည့်စုံခြင်းသို့ ရောက်တော်မူကုန်ပြီးသော။ (ပ)။
ယံ ဈာနံ၊ အကြင် ဈာန်သမာပတ်သည်။ (ပ)။
၁၀။ နိစ္စပ္ပတ္တာ၊ အမြဲတည်ရှိ သင်္ခတလက္ခဏာ ပြည်ခေမာသို့ ရောက်တော်မူကုန်သော။ (ပ)။ ယံ နိစ္စံ၊အကြင်အမြဲတည်ရှိ သင်္ခတလက္ခဏာ ပြည်ခေမာသည်။ (ပ)။

(အထက်၌ သိလောက်၍ မြုပ်ထားခဲ့သော အနက်များကို ဖော်ဆို ပါလေ။)

●

## အံတွင်းစည်းချ ရတနာရွှေချိုင့် ဂါထာတော်

၁။ သိရသ္မိံ (မေ) ဗုဒ္ဓသေဋ္ဌော၊
သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလ္လာနော၊
ပုရတော ပိဋကတ္တယံ။

၂။ ပစ္ဆိမေ မမ အာနန္ဒော၊
စတုဒ္ဒိသာ ခီဏာသဝါ။
သမန္တော လောကပါလာစ၊
ဣန္ဒာ ဒေဝါ သဗြဟ္မကာ။
၃။ ဧတေသံ အာနုဘာဝေန၊
သဗ္ဗေ ဘယဥပဒ္ဒဝါ။
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

၁။ ဗုဒ္ဓသေဋ္ဌော၊ ဘုရားမြတ်သည်။ မေ၊ တပည့်တော် (မ)၏။ သိရသ္မိံ၊ ဦးခေါင်းထက်၌။ တိဋ္ဌတု၊ ရွှင်ပျော်နှလုံး သီတင်းသုံးတော်မူပါစေသတည်း။

သာရိပုတ္တောစ၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည်လည်း။ မေ၊ တည့်တော်၏။ ဒက္ခိဏေ၊ ညာဘက်ပခုံးထက်၌။ တိဋ္ဌတု၊ ရပ်တည် သီတင်းသုံးတော်မူပါစေသတည်း။

မောဂ္ဂလ္လာနော၊ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးသည်။ မေ၊ တပည့်တော်၏။ ဝါမအံသေ၊ လက်ဝဲပခုံးထက်၌။ တိဋ္ဌတု၊ ရပ်တည် သီတင်းသုံးတော်မူစေသတည်း။

ပိဋကတ္တယံ၊ ပိဋကသုံးတန် ဓမ္မက္ခန်သည်။ မေ၊ တပည့်တော်၏။ ပုရတော၊ မျက်နှာမူလတ် အရှေ့အရပ်၌။ တိဋ္ဌတု၊ စံပယ်ကိန်းဝပ် ရပ်တည်နေပါစေသတည်း။

၂။ အာနန္ဒော၊ အရှင်အာနန္ဒာ မထေရ်မြတ်ကြီးသည်။ မေ၊ တပည့်တော်၏။ ပစ္ဆိမေ၊ မျက်နှာကွယ်ထား နောက်ရပ်ပါး၌။ တိဋ္ဌတု၊ ရပ်တည်သီတင်းသုံးတော်မူပါစေသား။

ခီဏာသဝါ၊ ရဟန္တာအရှင်မြတ်ကြီးတို့သည်။ မမ၊ တပည့်တော်၏။ စတုဒ္ဒိသာ၊ ခန္ဓာတည်ရာ အရပ်လေးမျက်နှာတို့၌။ တိဋ္ဌန္တု၊ ရပ်တည်နေကြပါစေသား။

သဗြဟ္မကာ၊ ဗြဟ္မာအပေါင်းတို့နှင့်တကွ ဖြစ်ကုန်သော။ ဣန္ဒာဒေဝါစ၊ သိကြားနတ်အပေါင်းတို့သည် လည်းကောင်း။ လောကပါလာစ၊ လောကစောင့်ကြပ် နတ်မြတ်အပေါင်းတို့သည် လည်းကောင်း။ မမ၊ ကျွန်ုပ်၏။ သမန္တာ၊ ထက်ဝန်းကျင်ဝယ် ပတ်ပတ်လည်တို့၌။ တိဋ္ဌတု၊ နှလုံးရွှင်ပျ ရပ်တည်နေကြပါစေသား။

၃။ ဇေတဝံ၊ ထိုရတနာ ၃-ပါး နတ်သိကြား ပြဟ္မာအပေါင်းတို့၏။ အာနုဘာဝေန၊ ရှိန်ဝါတန်ခိုး စွမ်းရည်အမျိုးမျိုးကြောင့်။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဘယဥပဒ္ဒဝါ၊ ဘေးဥပဒ်တို့သည်လည်းကောင်း။ အနေကာ၊ တစ်ပါးမက များလှကုန်သော။ အန္တရာယာပိ၊ ကပ်အန္တရာယ် အသွယ်သွယ်တို့သည် လည်းကောင်း။ အသေသသော ကြွင်းကျန်မရှိ ပကတိအားဖြင့်။ ဝိနဿန္တု၊ ဗိန်းကြာဖက်တွင် ရေမတင်သို့ ကင်းစင် လွင့်ပျောက်ကြပါစေကုန်သတည်း။

ဤဂါထာတော်ကြီးကို သူတစ်ပါးအတွက် သို့မဟုတ် လူမမာအတွက် ရွတ်ဆိုလျှင် (မေ) ကို (တေ)၊ (မမ) ကို (တဝ) ဟု ပြင်ရွတ်ပါ။ (တေ-သင်) (တဝ-သင်၏)။

ရတနာသုံးပါး နတ်ပြဟ္မာများကို ယုံကြည်စိတ်ထားဖြင့် ဂုဏ်တော်ပွားကာ ရွတ်ဆိုပါက ချက်ချင်းပင် စိတ်စွမ်းအင်တက်လာ၏။ ကိစ္စအမျိုးမျိုးဆောင်ရွက်က ပြီးစီး၏။ မကျန်းမာချိန် ရွတ်က လူမမာပင် ချက်ချင်းရောဂါမှ သက်သာနိုင်၏။

ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ စသော သိဒ္ဓိ အမျိုးမျိုးတို့အတွက် ရှေးဆရာတို့သုံးစွဲကြ၏။ ဤဂါထာဖြင့် အတွင်းစည်းချကြလေသည်။

●

## အရဟံဂုဏ်တော်ဖွင့်

(၁) အရဟံ၊ နတ်လူပြဟ္မာ ကောင်းစွာဦးတိုက် ပူဇော်ထိုက်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

(၂) အရ-ဟံ၊ ကိလေသာရန် တော်လှန် ချေမှုန်းတော်မူနိုင်စွမ်းသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား။

(၃) အ-ရဟံ၊ သူတစ်ပါးမသိအောင် မကောင်းမှုပြုလုပ်ဖို့ လုံခြုံဆိတ်ကွယ်ရာ ရှိတော်မမူသော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား။

(၄) ဣတိပိ သော ဘဂဝါ .အရဟံ၊
အရဟံ ဝတ သော ဘဂဝါ၊

အရဟန္တံ့ သရဏံ ဂစ္ဆာမိ၊
အရဟန္တံ့ သိရသာ နမာမိ၊
အရဟံ မေ သုခံ ဒေတု၊
အရဟံ မေ သီသေ တိဋ္ဌတု–ပါဘုရား။

## မြန်မာပြန်

- သောဘဂဝါ၊ ဘုန်းတော်ပိုင်ရှင် ထိုဘုရားသခင်သည်။ ဣတိပိ၊ နတ်လူဦးတိုက်ပူဇော်ထိုက်သော ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟံခေါ် အမည်မော်ကို ရရှိတော်မူပါပေ၏။
- သော ဘဂဝါ၊ ဘုန်းတော်ပိုင်ရှင် ထိုဘုရားသခင်သည်။ ဝတ ဧတေန၊ စင်စစ်ဧကန်။ အရဟံ၊ နတ်လူဦးတိုက် ပူဇော်ထိုက်ပါပေ၏။
- အရဟန္တံ၊ နတ်လူဦးတိုက် ပူဇော်ထိုက်သော ဘုရားသခင်ကို။ သရဏံ၊ ကိုးကွယ်ရာဟု။ ဂစ္ဆာမိ၊ သိမှတ်စိတ်စွဲ မှီဝဲဆည်းကပ်ပါ၏ဘုရား။
- အရဟံ၊ နတ်လူဦးတိုက် ပူဇော်ထိုက်သော ဘုရားသခင်ကို။ မေ၊ အကျွန်ုပ်အား။ သုခံ၊ ချမ်းသာကို။ ဒေတု၊ ပေးတော်မူပါဘုရား။
- အရဟံ၊ နတ်လူဦးတိုက် ပူဇော်ထိုက်သော ဘုရားသခင်ကို။ မေ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းထက်၌။ တိဋ္ဌတု၊ သီတင်းသုံး တည်နေတော်မူပါဘုရား။

## အညွှန်း

- အရဟံ ကိုအထူးရွတ်ပွားလျှင် စီးပွားရေး၊ ပညာရေး၊ ရာထူးတိုးမြှင့်တည်တံ့ရေး၊ အထွေထွေ အရေးများ အောင်မြင်၍ မီး၊ ရေ၊ လေ၊ လက်နက်၊ အဆိပ်၊ ရောဂါဘေး၊ အနုမြူဘေး စသော အန္တရာယ်ကင်းစင် နိဗ္ဗာန်တိုင်ဝင်နိုင်သည်။

●

# အရဟံဂုဏ်တော်တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုး

- အာရကတ္တာ ဟတတ္တာစ၊
  ကိလေသာရီန သော မုနိ။

- ဟာတသံသာရ စက္ကာရော၊
  ပစ္စယာဒိန စာရဟော။
- န ရဟော ကရောတိ ပါပါနိ၊
  အရဟံ တေန ဝုစ္စတိ။
- ဧတေန သစ္စဝဇ္ဇေန၊
  သောတ္ထိမေ ဟောတု သဗ္ဗဒါ။

## မြန်မာပြန်အနက်

မြတ်စွာဘုရားသည် ကိလေသာတို့မှ ဝေးကွာတော်မူသောကြောင့်လည်း အရဟံ–အရဟံ မည်တော်မူပေ၏။

မြတ်စွာဘုရားသည် တရစပ် လှည့်ပတ်လျက်ရှိသော သံသရာစက်ဝိုင်းကို ချိုးဖျက်တော်မူသောကြောင့်လည်း အရ–ဟံ၊ အရ–ဟံ မည်တော်မူပါပေ၏။

မြတ်စွာဘုရားသည် လူမြင်ကွင်းတွင်မဆိုထားဘိ၊ ဆိတ်ကွယ်ရာ အရပ်တို့၌ ပင်လျှင် မကောင်းမှုကို ပြုတော်မမူသောကြောင့်လည်း အ–ရဟံ၊ အ–ရဟံ မည်တော်မူပါပေ၏။

ဤသို့ မှန်ကန်လှသော သစ္စာစကားကိုဆိုပါ၏။ ထို့ကြောင့် တပည့်တော်အား အမြဲ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းတို့သည် ဖြစ်ပါစေသတည်း။

**မှတ်ချက်။** ။ ဤဂါထာတော်မြတ်ကို မြန်မာနိုင်ငံ၌ အလွန်ကျော်ကြားသည့် ဝိသုဒ္ဓိမဂ်ကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသ ကိုယ်တော်တိုင် ဖွဲ့နွဲ့သီကုံးခဲ့ခြင်း ဖြစ်ပါသည်။ အရှင်မဟာဗုဒ္ဓဃောသသည် ခရစ်နှစ် ၅–ရာစုတွင် ပွင့်ထွန်းသော အိန္ဒိယပြည်ဖွား သာဝကကြီးတစ်ပါးဖြစ်ပါသည်။ သာသနာတော်နှစ် ၉၃၀၊ ခရစ်နှစ် ၄၄၀–ခန့်တွင် သီဟိုဠ်ကျွန်းသို့ ရောက်၍ မဟာနာမမင်းလက်ထက်၌ အဋ္ဌကထာဖွင့်ကျမ်းကြီးများကို ရေးသားခဲ့သူ အရှင်မြတ်ကြီးဖြစ်ပါသည်။

ဤဂါထာတော်မြတ်၌ မြတ်ဘုရားအား–

၁။ ပူဇော်အထူးကို ခံယူတော်မူထိုက်ပေ၏။

၂။ သံသရာစက်ကို ချိုးဖျက်တော်မူပေ၏။

၃။ ဆိတ်ကွယ်ရာ၌ မကောင်းမှုကိုပြုတော်မမူ။
၄။ ကိလေသာတို့မှ ဝေးကွာတော်မူလေ၏ ဟူသော အရဟံ ဂုဏ်တော်၏ အနက်သုံးချက်ကို ဖွင့်ဆိုထားပါသည်။

## တိုက်တွန်းချက်

ဤဂါထာတော်မြတ်ကို နေ့ညမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ စိပ်ပုတီးဖြင့် ပုတီးစိပ်ခြင်းတို့ကို နေ့စဉ်ပြုလုပ် အားထုတ်ပါ။ သို့တည်းမဟုတ် အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ဤသို့ နေ့စဉ် ဝတ်မပျက် ကျင့်ကြံအားထုတ်သွားခြင်းဖြင့် လာဘ်ထူး၊ ပစ္စည်းထူးတို့ကိုရမည်။ ဥစ္စာတိုးပွားမည်၊ စိတ်နှလုံး ချမ်းမြေ့မည်။ အေးချမ်းမည်၊ ကိလေသာတို့ကြောင့် ပူလောင်နေမှုများ ကင်းဝေးစေပါမည်၊ ဤသည်မှာ ရှေးဆရာမြတ်တို့၏ မိန့်မှာချက်များ ဖြစ်ပါသည်။

●

## အမြတ်ဆုံးရတနာဂါထာ

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော။
အဂ္ဂေါ ဝိပါကော မေ ဟောတု၊
ယံ ယံ ဣစ္ဆံ သမိဇ္ဈတု။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အနုတ္တရော၊ အတုမရှိအောင်။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်တော်မူပါ၏။ ဓမ္မော၊ တရားတော်သည်။ အနုတ္တရော၊ အတုမရှိအောင်။ အဂ္ဂေါ၊ အမြတ်ဆုံး ဖြစ်တော်မူပါ၏။ သံဃော၊ သံဃာတော်သည်။ အနုတ္တရော၊ အတုမရှိအောင်။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်တော်မူပါ၏။ မေ၊ အကျွန်ုပ်အား။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်သော။ ဝိပါကော၊ အကျိုးတရားသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ယံ ယံ ဣစ္ဆံ၊ အရှိလိုတိုင်း။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။ နေ့ရောညပါ အမြဲမပြတ်ရွတ်ဆိုပါလေ။

●

# အောင်ခြင်းရှစ်ပါး ဂါထာတော်

မာရာဠ္ဟဝက နာဂလာဂိ၊
အင်္ဂုလိ ဝိဋ္ဌ သစ္စကံ။
နန္ဒောပနန္ဒ ဗြဟ္မဋ္ဌ၊
ဇေယျော ဟောတု တတောပရံ။
ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ၊
ဓမ္မော မေ ရက္ခတု သဒါ။
သံဃော မေ ရက္ခတု ဒိနေ၊
အာယုဒီဃံ သုခံ ဘဝေ။

## ဂါထာတော်အနက်

လောကဂ္ဂေါ၊ လောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည်။ မာရာဠ္ဟဝက နာဂလာဂိ၊ လက်ရုံးတစ်ထောင် ကြံဆောင်ဖန်ဆင်းမာရ်နတ်မင်းနှင့် ကိုယ်တွင်း ခက်ထန် မျက်ရည်ကြီးလှ အာဠဝက နာဂလသွင်ဆန်း ဆင်ကြမ်းကြီးကို လည်းကောင်း။ အင်္ဂုလိ၊ အင်္ဂုလိမာလ နာမထင်ရှား ဟိံသက ခိုးသားကိုလည်းကောင်း။ ဝိဋ္ဌသစ္စကံ၊ ပရိသတ်အလယ် စွပ်စွဲမယ်ဟု ကြံရွယ် ပြီးလာ စိဉ္စမာနှင့်၊ ဝါဒါဝါဒပြိုင်လိုလှသော ကုဋ္ဌန္တအမိုက် သစ္စက ပရိဗိုဇ်ကို လည်းကောင်း။ နန္ဒောပနန္ဒဗြဟ္မဋ္ဌ၊ တန်ခိုးအနန္တကြီးမားလှသော နန္ဒောပနန္ဒနာမ ထင်ရှား မြွေနဂါးနှင့် ဖောက်ပြားမိစ္ဆာဒိဋ္ဌိမာဖြင့် လွန်စွာပွင့်လင်းဗကဗြဟ္မာ မင်းကိုလည်းကောင်း။ ဇေယျော၊ ဒေသနာအမြိုက်ဆေး တိုက်ကျွေး၍ ယဉ်ကျေး သမှု အောင်ပွဲယူတော်မူပေ၏။

တတောတထာ၊ အောင်ပွဲယူပြား မြတ်ဘုရားနှင့်မခြား တမူ အလားတူစွာ။ ပရံ၊ မိမိကြဉ်ထား သူတစ်ပါးကို။ (ဝါ) အပဖြစ်လာ များစွာသောင်းသောင်း ဘေးရန်အပေါင်းကို။ ဇေယျော၊ မိမိထံမှောက် မကပ်မရောက်အောင် ပြီးမြောက် အောင်မြင်ရခြင်းသည်။ ဟောတု၊ မြတ်စွာဘုရား၏ တန်ခိုးအားကြောင့် ထင်ရှား မသွေဖြစ်ပါစေသတည်း။

ဗုဒ္ဓေါ၊ သစ္စာသိမြင် ဘုရားရှင်သည်။ နိစ္စံ၊ ရှည်ကြာမစဲအမြဲသာလျှင်။ မေ၊ မြတ်စွာဘုရား၏ တပည့်သားဖြစ်သော အကျွန်ုပ်အား။ ရက္ခတု၊ ဘေးရန် ခပ်သိမ်း ကင်းလွန်ငြိမ်းအောင် စောင့်ထိန်းတော်မူပါစေသတည်း။

ဓမ္မော၊ မြတ်စွာဘုရား ဟောကြားမြွက်ဖော် ဆယ်ပါးသော တရားတော် မြတ်သည်။ မေ၊ တရားဂုဏ်ကို ယုံကြည် ကိုးစား အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း နေ့ညဉ့်မကွာ။ ရက္ခတု၊ အမြဲမသွေ စောင့်ရှောက်ပါစေသတည်း။

သံဃော၊ သမုတိပရမတ် နှစ်ရပ်သော သံဃာဇာတ်မြတ်အပေါင်းသည်။ မေ၊ သံဃာ့ဂုဏ်ကို ယုံကြည်ကိုးစား အကျွန်ုပ်အား။ ဒိနေ၊ နေ့တိုင်း နေ့တိုင်း။ ရက္ခတု၊ ကောင်းစွာနိစ္စ ကောင်းကျိုးရအောင် စောင်မတော်မူပါစေသတည်း။

မေ၊ ရတနာသုံးစုံ တန်ခိုးဂုဏ်ကို ခိုလှုံကိုးစား အကျွန်ုပ်အား။ အာယုဒီဃံ၊ ဘေးတကာရန်ကင်း၍ အသက် တစ်ရာ့နှစ်ဆယ်သာအောင် ရှည်ကြာခြင်းသည် လည်းကောင်း။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည် လည်းကောင်း။ ဘဝေ၊ ရတနာသုံးပါးတန်ခိုးအားကြောင့် ထင်ရှားမသွေ ဖြစ်ပါစေသတည်း။

### ဂါထာတော်အညွှန်း

ဖော်ပြပါ အောင်ခြင်းရှစ်ပါး ဂါထာတော်သည် ဘေးရန်အန္တရာယ်အပေါင်း ကို အထူးအောင်နိုင်သည့် တန်ခိုးထက်မြက်သော ဂါထာတော်ဖြစ်ပါသည်။

●

## အောင်ခြင်းရှစ်ပါး အချုပ်

### ဂါထာပါဠိ

၁။ မာရံ ယက္ခံ ဂဇံ စောရံ၊ စိဉ္စမာနန္ဒ သစ္စကံ။
နာဂံ ဗကံ ဓိနိ ဓိနေ၊ ဟောတု မေ ဇယမင်္ဂလံ။
၂။ မာရံ အာဠဝကံ ဟတ္ထိ၊ အင်္ဂုလိမာလ စိဉ္စမာ။
ကုဋိနံ့ နာဂရာဇန္တ၊ ဗကံ အဓိနိ တေဇသာ။

### အောင်ခြင်းရှစ်ပါး အချုပ်ဂါထာတော်များ ရွတ်ဆိုရခြင်းအကျိုး

ယင်းဂါထာနှစ်ပုဒ်မှာ အောင်ခြင်းရှစ်ပါးကိုဖွဲ့ဆိုကာ ဘုရားရှင်၏ ဂုဏ်တော် များကို ရှိခိုးအောက်မေ့သောဂါထာများဖြစ်သည်။

ယင်းဂါထာနှစ်ပုဒ်ကို ဘားမဲ့ဆရာတော် ချီးမြှင့်ပေးသနားတော်မူ၍ ညောင် ရမ်းမင်းသားသည် နေ့စဉ်အမြဲ ရွတ်ဖတ်ခဲ့သည်။ ဤဂါထာနှစ်ပုဒ်၏ ပံ့ပိုးပေးမှု များလည်း ပါဝင်ခဲ့ကြောင်း သမိုင်းစာပေ မှတ်တမ်းများကဆိုသည်။

သို့ဖြစ်၍ ဘဝ၏ အထွေထွေသော အောင်မြင်မှုတို့ကို ရယူလိုသူများ၊ အခက်အခဲကို အောင်မြင်လိုသူများသည် ဤဂါထာနှစ်ပုဒ်ကို အမြဲမပြတ် ရွတ်ဖတ်ကာ အောင်ပန်းကို လှမ်းဆွတ်ကြရန် ဖြစ်ပါသည်။

●

## အောင်ရှစ်ချက်ဂါထာ

မာရံ အာဠဝကံ ဟတ္ထိံ၊ အင်္ဂုလိမာလ စိဉ္စမံ၊
ကုဋ္ဌဒန္တံ နာဂရာဇံ၊ ဗကံ အဇိနိ တေဇသာ။

### အောင်ခြင်းရှစ်ပါး–ဂါထာ

မာရံ ယက္ခံ ဂဇံစောရံ၊ စိဉ္စမာနဥ္စ သစ္စကံ၊
နာဂ ဗြဟ္မဇိနော ဇိနိ၊ သော မေ ဒေတု ဇယမင်္ဂလံ။
(ကြိုက်ရာတစ်ပုဒ်ကိုဆောင်ပါ)

၁။ ဘုရားကိုယှဉ်တု ပလ္လင်လုသော မာရ်နတ်၊
၂။ ယမ်းပုံမီးကျ ဒေါသ ထောင်းထောင်းထသော ဘီလူး အာဠဝက၊
၃။ အရက်အမျိုးမျိုး တိုက်၍ မြှောက်ပေးထားသော ဆင်မိုက်ကြီး နာဠာဂီရိ၊
၄။ လက်ညှိုးတစ်ထောင် တွေ့မရှောင် ဖြတ်သတ်နေသည့် အင်္ဂုလိမာလ၊
၅။ ဘုရားဂေါတမနှင့် မကင်းလေဟန် ယုတ်ယုတ်မာမာ စွပ်စွဲရက်သော မိန်းမယုတ်ကြီးစိဉ္စမာန၊
၆။ ဒိဋ္ဌိဆရာများအား ချီးနှိမ်သကဲ့သို့ ဗုဒ္ဓကိုပါ ချီးနှိမ်လိုသည့် ပရိဗိုဇ် သစ္စက၊
၇။ ဒေါသကြီးမား ထောင်လွှား မောက်မာလှသော နဂါးမင်း နန္ဒောပနန္ဒ၊
၈။ ဘုရားရှင်နှင့်ပင် တန်ခိုးပြိုင်·အနိုင်ကြဲလိုသော ဗြဟ္မာကြီးဗကတို့အား မေတ္တာတန်ခိုး တရားတန်ခိုးဖြင့် အောင်နိုင်တော်မူခဲ့သော မြတ်စွာ

ဘုရား၏ တန်ခိုးအာနုဘော်တော် တို့ကြောင့် ဘုရားတပည့်တော်တို့၏ ကိုယ်တွင်းကိုယ်ပ ဘေးရန်ဟူသမျှသည် ပျက်ပြယ်ပါစေသတည်း။ ရန်မာန ကင်းကင်းဖြင့် အောင်ခြင်းကြီးအောင်ပါစေသတည်း။

●

## အောင်စကြာ မဟာတေဇဂါထာ

မဟာဒယံ မဟာပညံ၊
မဟာတေဇံ မဟာဝီရံ။
ဂုဏာလယံ ကတပုညံ၊
ဓမ္မရာဇံ နမေ ဇိနံ။

### မြန်မာပြန်အနက်

- မဟာဒယံ၊ ကြီးမြတ်သော သနားကြင်နာခြင်းနှင့် ပြည့်စုံတော်မူထသော။
- မဟာပညံ၊ ကြီးမြတ်သော ပညာနှင့်လည်း ပြည့်စုံတော်မူထသော။
- မဟာတေဇံ၊ ကြီးမြတ်သော ဘုန်းတန်ခိုးနှင့်လည်း ပြည့်စုံတော်မူထသော။
- မဟာဝီရံ၊ ကြီးမြတ်သော လုံ့လလည်း ရှိတော်မူထသော။
- ဂုဏာလယံ၊ ဂုဏ်ကျေးဇူးအပေါင်းတို့၏ စုဝေးတည်ရာလည်း ဖြစ်ထသော။
- ကတပုညံ၊ ပြုအပ်ပြီးသော ဘုန်းသမ္ဘာပါရမီလည်း ရှိထသော။
- ဇိနံ၊ မာရ်ငါးပါးကိုလည်း အောင်မြင်တော်မူထသော။ ဓမ္မရာဇံ၊ တရားမင်း မြတ်စွာဘုရားကို။
- နမေ နမာမိ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးလိုက်ပါ၏။

### အမှာ

ဤဂါထာတော်မြတ်သည် အောင်စကြာဟူသည့်အတိုင်း အစဉ်မပြတ် စကြာအသွင် လှည့်ပတ်၍ နေပါသည်။ ရှေးဆရာမြတ်များက ဤဂါထာကို အစီအမံပြု၍ အဆောင်အဖြစ် ဆောင်ထားလေ့ရှိပါသည်။

ဤဂါထာတော်မြတ်ကို နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဘုန်းတန်ခိုးကြီးခြင်း၊ မြင့်မြတ်သော အိုးအိမ်၊ ရာထူး၊ ကား စသည့် လာဘ်လာဘထူးများကို ရရှိစေတတ်ပါသည်။

ဤဂါထာတော်မြတ်သည် လောကီသာမက လောကုတ္တရာအကျိုး ကျေးဇူးတို့ကိုပါ ပေးစွမ်းနိုင်ပါသည်။ (နမေ–ဟု ရွတ်ဆိုပါ)။

●

## အောင်တော်မူဂါထာတော်(၁)

မာရံ အာဠာဝကံ ယက္ခံ၊
အင်္ဂုလိမာလ စိဉ္စမာဏဝိကံ။
နန္ဒောပနန္ဒ သစ္စကံ၊
ဗကံ အဓိနိ တေဇသာ။
ဇိတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

အဓိပ္ပာယ်မှာ မာရ်နတ်၊ အာဠာဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလလူဆိုး၊ စိဉ္စမာနမိန်းမယုတ်၊ နန္ဒောပနန္ဒ နဂါးမင်း၊ ဗက ဗြဟ္မာမင်း၊ သစ္စကပရိဗိုဇ်တို့ကို ပါရမီတော်အစွမ်းဖြင့် အောင်မြင်တော်မူပြီ၊ ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း။

ဤဂါထာကို အမြဲရွတ်ဖတ်ပါက ဘေးအန္တရာယ် အောင်မြင်ပြီး အမှုကိစ္စဆောင်ရွက်တိုင်း ပြီးစီးမည်။ ယုံကြည်စွာ ရွတ်ပါလေ။

●

## အောင်တော်မူဂါထာတော် (၂)

ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝံ မေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။

သကျာန်၊ သာကီမျိုးနွယ် တန်ခိုးကြွယ်ကြကုန်သော သူတို့၏။ နန္ဒိဝနုနေ၁၊ စိတ်နှလုံးကို ရွှင်ပြုံးစေတတ် ဘုရားမြတ်သည်။ ဗောဓိယာ၊ သဗ္ဗညုတဉာဏ ပုဏ်ရောင် ထွန်းပြောင်ရာရှိ ပင်ဗောဓိ၏။ မူလေ၊ နဝရတ်ကိုးသွယ်ဖြိုး ကြွယ်ရောင်လျှင် စံတော်မူနေရာ အပရာဇိတ ပလ္လင်မ၏ တည်ရာမယွင်းပင်ခြေရင်း၌။ ဇယန္တော ယထာ၊ ငါးပါးမာန်ခြွေ အောင်မြင်တော်မူလေသကဲ့သို့။ ဧဝမေဝ၊ ပမာထားယူ အလားတူသာလျှင်။ ဇယော၊ ကောင်းမြတ်ယှဉ်ရာအောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ အောင်သံလှစ်ခြွေ ဖြစ်ပါစေသတည်း။

ဇယမင်္ဂလေ၊ ဘေးရန်ရှောင်ကွင်း အောင်မြင်းယှဉ်ရာမင်္ဂလာ၌။ ဇယသု၊ ကျက်သရေမျိုး နေ့စဉ်တိုး၍ ကောင်းကျိုးဖြာဝေ အောင်မြင်တော်မူစေသတည်း။

ဤဂါထာကို နေ့စဉ်ရွတ်ဆိုပါက ကြံသမျှအောင်၍ လုပ်သမျှပြီးစီးလေသည်။ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံ၍ စီးပွားလာဘ်လာဘ ဖွံ့ဖြိုး၏။ ရာထူးဂုဏ်ရှိန်တက်သည်။ အနည်းဆုံး နေထွက် ၃–ခေါက်၊ နေဝင် ၃–ခေါက် ရွတ်ဆိုပေးပါ။

●

## အောင်မင်္ဂလာဂါထာ

၁။ ဗုဒ္ဓေါဝ မင်္ဂလော လောကေ၊
သမ္ဗုဒ္ဓေါစာပိ လောကဂ္ဂေါ။
ဗုဒ္ဓံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

၂။ ဓမ္မောဝ မင်္ဂလော လောကေ၊
ဂမ္ဘီရောစာပိ ဒုဒ္ဒသော။
ဓမ္မံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

၃။ သံဃောဝ မင်္ဂလော လောကေ၊
ဒက္ခိဏေယျောစ ဥတ္တမော။
သံဃံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

၁။ လောကေ၊ လောကသုံးအင် ဘုံတစ်ခွင်၌။ သမ္ဗုဒ္ဓေါစာပိ၊ သစ္စာလေးရပ် တရားမြတ်ကို သိတော်မူပြီးသည်လည်း ဖြစ်ထသော။ လောကဂ္ဂေါ၊ သုံးလောကထက် အမြတ်ဆုံး ဖြစ်တော်မူထသော။ ဗုဒ္ဓေါဝ၊ မြတ်စွာဘုရား သည်သာလျှင်။ မင်္ဂလော၊ စီးပွားချမ်းသာတိုးတက်ကြောင်း မင်္ဂလာကောင်း ကြီးအစစ် ဖြစ်တော်မူပါပေ၏။ ဗုဒ္ဓံ သရဏံ၊ မြတ်စွာဘုရားတည်းဟူသော သရဏဂုံကို (ဗုဒ္ဓံမြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟု ယုံကြည်ကာ ဆည်းကပ် သဒ္ဓါစာတ်ကို။) အာဂမ္မ၊ အာရုံစွဲမှု အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော ဒုက္ခအဝဝမှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ သတ္တဝါတသင်းတို့ အကြည်ညိုဓာတ် ပြင်းသဖြင့် လွှတ်ကင်းကြရလေကုန်၏။

၂။ လောကေ၊ လောကသုံးအင် ဘုံသုံးခွင်၌။ ဂမ္ဘီရောစာပိ၊ အလွန်ခက်ခဲ နက်နဲသည်လည်း ဖြစ်ထသော။ ဒုဒ္ဒသောစာပိ၊ သိမ်မွေ့နုယဉ် မြင်နိုင်ခဲသည် လည်း ဖြစ်ထသော။ ဓမ္မောဝ၊ တရားတော်မြတ်သည်သာလျှင်။ မင်္ဂလော၊ စီးပွားချမ်းသာကို တိုတက်ကြောင်း မင်္ဂလာကောင်း ကြီးအစစ် ဖြစ်တော်မူပါ ပေ၏။ ဓမ္မံ သရဏံ၊ တရားတော်မြတ်တည်းဟူသော သရဏဂုံကို (ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟု ယုံကြည်ကာ ဆည်းကပ် သဒ္ဓါဓာတ်ကို။) အာဂမ္မ၊ အာရုံစွဲမှု အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော ဒုက္ခအဝဝမှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ သတ္တဝါတသင်းတို့ အကြည်ညို ဓာတ် ပြင်းသဖြင့် လွတ်ကင်းကြရလေကုန်၏။

၃။ လောကေ၊ လောကသုံးအင် ဘုံတစ်ခွင်၌။ ဒက္ခိဏေယျောစ၊ မြတ်သော အလှူကို ခံယူခြင်းငှာ ထိုက်သည်လည်းဖြစ်ထသော။ ဥတ္တမောစ၊ အမှောင်ဝိဇ္ဇာ ကိလေသာကို ပယ်ခွာပြီးလတ် အရိယာမြတ်လည်း ဖြစ်ထသော။ သံဃောဝ၊ သံဃာတော်မြတ်သည်သာလျှင်။ မင်္ဂလော၊ စီးပွားချမ်းသာကို တိုတက် ကြောင်း မင်္ဂလာကောင်းကြီးအစစ် ဖြစ်တော်မူပါပေ၏။ သံဃံ သရဏံ၊ သံဃာတော်တည်းဟူသော သရဏဂုံကို (သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟု ယုံကြည်ကာ ဆည်းကပ် သဒ္ဓါဓာတ်ကို။) အာဂမ္မ၊ အာရုံစွဲမှု အကြောင်းပြု၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော ဒုက္ခအဝဝမှ ပမုစ္စရေ-ပမုစ္စန္တိ၊ သတ္တဝါတသင်းတို့ အကြည်ညိုဓာတ် ပြင်းသဖြင့် လွတ်ကင်း ကြရလေကုန်၏။

ဇေတေန သစ္စဝဇ္ဇေနဤသို့မယွင်းမှန်စွာသစ္စာစကားထုတ်ဖော် ကြားခြင်းကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ကြောင်း မင်္ဂလာ အဖြာဖြာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

အမှုကိစ္စကြုံတွေ့က ဤဂါထာတော်ရွတ်၊ ကောင်း၏။ အမြဲရွတ်လျှင် အမှုကိစ္စအောင်မြင်၍ စီးပွားလာဘ်လာဘ တိုးတက်ပြီး ဆင်းရဲမှ လွတ်မြောက်နိုင်၏။

●

## အန္တရာယ်ကင်းခရီးသွားဂါထာ

ကတာ မေ ရက္ခာ၊ ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ၊ သော ဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

### အနက်

အကျွန်ုပ်သည် အစောင့်အရှောက်ကို ပြုလုပ်အပ်ပြီ။ . အကျွန်ုပ်သည် အကာအကွယ်ကိုပြုအပ်ပြီ။ အကျွန်ုပ်သည် ဘုရားသခင်အား ရှိခိုးပါ၏။ နှိပ်စက်တတ်သော သတ္တဝါတို့သည် ဆုတ်ခွာဖယ်ရှား သွားကြကုန်လော့။

### အစီအစဉ်

ခရီးသွားရန် ပြင်ဆင်ပြီးပါက အိမ်မှမထွက်မီ ဘုရားရှင်အား ဝတ်ပြုပြီးမှ အထက်ပါ ဂါထာတော်မြတ်ကို မိမိတတ်စွမ်းနိုင်သလောက် ရွတ်ပါ။ သွားမည့် အရပ်ဒေသများရှိ လူ၊ နတ်၊ သတ္တဝါတို့ ကျန်းမာ ချမ်းသာကြပါစေဟု နှလုံးသွင်းလျက် မေတ္တာပို့သပါ။

ဤပရိတ်မန္တန်တော်မြတ်၏ တန်ခိုးကြောင့် လမ်းခရီးတွင် မည်သည့် အန္တရာယ်မှ မဖြစ်နိုင်ပါ။ ခရီးမှ မိမိနေရပ်သို့ ပြန်မည်ဟု ဆိုလျှင်လည်း အထက်ပါနည်းအတိုင်း ပြုလုပ်၍ ပြန်ခဲ့ခြင်းဖြင့် အန္တရာယ်ဆိုး၊ ဘေးဆိုး၊ ရန်ဆိုးတို့မှ ကင်းလွတ်လျက် မိသားစု ရွှင်လန်း ချမ်းမြေ့စွာ တစ်သက်တာ နေထိုင်နိုင်ကြမည် ဖြစ်ပါသည်။

ဤနည်းကို ရှေးဆရာတော်ကြီးများ၊ ဆရာကြီးများ အန္တရာယ်ကင်း ခရီးသွားခြင်းအဖြစ် ပြုလုပ်ခဲ့ကြပါသည်။

●

## အန္တရာယ်ကင်း ဘုရားငါးဆူဂါထာတော်ကြီး

– ကကုသန္ဓော ကောဏာဂမနော၊
ကဿပေါ ဂေါတမော မုနိ။
မေတ္တေယျော ပဉ္စ ဗုဒ္ဓေ တေ၊
သိသေ မေ သန္တု သဗ္ဗဒါ။
– ဧတေတံ အာနုဘာဝေန၊
ယက္ခာ ဒေဝါ မဟိဒ္ဓိကာ။
သဗ္ဗေပိ သုခိတာ ဟောန္တု၊
မမ မိတ္တာ သဟာယကာ။
– တေသံ မေတ္တာနုဘာဝေန၊
သဗ္ဗေရာဂါ သုခီဟောန္တု။
သဗ္ဗေ ဘယာ ဝိနဿန္တု၊
သဗ္ဗေ နဿန္တု ပဒ္ဒဝါ။

### အနက်

ကကုသန္ဓော၊ ကကုသန် မြတ်စွာဘုရားသည် လည်းကောင်း။ ကောဏာဂမနော၊ ကောဏာဂုဏ် မြတ်စွာဘုရားသည်လည်းကောင်း။ ကဿပေါ၊ ကဿပ မြတ်စွာဘုရားသည် လည်းကောင်း။ ဂေါတမော၊ ဂေါတမ အမည်ရှိသော။ မုနိ၊ မြတ်စွာဘုရားသည် လည်းကောင်း။ ပဉ္စ၊ ငါးဆူကုန်သော။ ဧတေ ဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားသခင်တို့သည်။ မေ၊ မြတ်ဘုရားကိုပူဇော်၊ တပည့်တော်၏။ သိသေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါ၌။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သန္တု၊ ကိန်းအောင်းမွေ့လျော် တည်နေတော်မူကြပါကုန် ဘုရား။

တေဟတံ၊ ထိုမြတ်စွာဘုရား ငါးဆူတို့၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ မဟိဒ္ဓိကာ၊ ကြီးမြတ်သော တန်ခိုးရှိပေကုန်သော။ သဗ္ဗေပိ၊ အလုံးစုံဖြစ်ကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်လည်းကောင်း။ ဒေဝါ၊ နတ်တို့သည် လည်းကောင်း။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ မမ၊ အကျွန်ုပ်၏။ မိတ္တာ၊ အဆွေအမျိုးတို့သည် လည်းကောင်း။ သဟာယကာ၊ အဖော်သဟဲတို့သည်လည်းကောင်း။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

တေသံ၊ ထိုဆိုအပ်ပြီးသော မြတ်စွာဘုရားငါးဆူတို့၏။ မေတ္တာ နုဘာဝေန၊ တန်ခိုးတေဇော် မေတ္တာ အာနုဘော်တော်ကြောင့်။ သဗ္ဗေ၊ အကြွင်းမဲ့ ဥဿုံ အလုံးစုံကုန်သော သတ္တဝါတို့သည်။ အရောဂါ၊ နာကျင်ခံခက်၊ နှိပ်စက်တတ်သော အနာရောဂါတို့မှ ကင်းကုန်သည်ဖြစ်၍။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ထင်ရှားမသွေ ဖြစ်ကြပါစေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော၊ ဘယာ၊ ကြောက်မက်ဖွယ်ကောင်း ဘေးရန်အပေါင်းတို့သည်။ ဝိနဿန္တု၊ ကင်းစင်ပပျောက်စေကုန်သတည်း။ ဥပဒ္ဒဝါ၊ ကိုယ်ဝတွင်စွဲကပ်၊ နှိပ်စက်တတ်သော ဥပဒ္ဒဝေါတို့သည်။ ဝိနဿန္တု၊ ဆီးနှင်းနေကြောက်၊ ပမာ လျောက်သို့၊ ကင်းပျောက်ပါစေကုန်သတည်း။

## တိုက်တွန်းချက်

ဤဘုရားငါးဆူ ဂါထာတော်ကြီးကို နေ့စဉ် ဝတ်ထားပြီး မှန်မှန်အဓိဋ္ဌာန် ပြု၍ ရွတ်ဖတ်သရဇ္ဈာယ်ပါ။ မိမိ၏ မိသားစုကျန်းမာရေး၊ သာယာချမ်းမြေ့ရေး၊ အန္တရာယ်ကင်းရေးတို့ကို ပြည့်စုံစေပြီး တရားထူးတရားမြတ်များကို ကျင့်ကြံ အားထုတ်နိုင်ကြမည် ဖြစ်ပါသည်။

●

# အန္တရာယ်ကင်း အာသီသ ဆုတောင်းဂါထာ

စိရံ ပါလေတု မံ ဗုဒ္ဓေါ၊
ဓမ္မော ရမတု မာနသေ။

သံဃော ဒါတု သုခံ သဗ္ဗေ၊
ဒေဝါ မာနေန္တု မံ သဒါ။

## ဂါထာအနက်

ဗုဒ္ဓေါ၊ သစ္စာလေးရပ်တရားတော်မြတ်ကိုဆတ်ဆတ်သိမြင်ဘုရားရှင်သည်။ မံ၊ ယုံကြည်မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဝပ်တုပ် အကျွန်ုပ်ကို။ စိရံ၊ ကာလများစွာ မြင့်ရှည်ကြာအောင်။ ပါလေတု၊ ဘေးဒဏ်ရန်မှောင့်မလာရောက် ' အောင်စောင့်ရှောက်တော်မူပါစေသတည်း။

ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းဖြတ် တရားတော်မြတ်တို့သည်။ မေ၊ ယုံကြည်မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဝပ်တုပ် အကျွန်ုပ်၏။ မာနသေ၊ သဒ္ဓါဇောဖိတ်ကုသိုလ်စိတ်၌။ စိရံ၊ ကာလများစွာမြင့်ရှည်ကြာအောင်။ ရမတု၊ ကိန်းအောင်းမွေ့လျော် တည်တော်မူပါစေသတည်း။

သံဃော၊ မဂ္ဂဖလဋ္ဌာန် ရှစ်တန်အရိယာ မြတ်သံဃာသည်။မေ ယုံကြည်မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဝပ်တုပ် အကျွန်ုပ်အား။ သုခံ၊ လောကုတ်လောကီ နှစ်လီစီးပွား ချမ်းသာများကို။ စိရံ၊ ကာလများစွာ မြင့်ရှည်ကြာအောင် ချီးမြှင့် ပေးသနားတော်မူပါစေသတည်း။

သဗ္ဗေ၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံသော။ ဒေဝါ၊ သမ္မာဒေဝ နာမပညတ် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်။ မံ၊ ချမ်းသာကြီးပွား အကျိုးများ ကို ကိုးစားပြုလုပ် အကျွန်ုပ်အား။ သဒါ၊ နေ့ရောညပါ ဘယ်ခါမလပ်။ မာနေန္တု၊ နှစ်ရပ်အကျိုး မပြတ်တိုးအောင် မြတ်နိုး ချစ်ခင်ကြပါစေသတည်း။

**မှတ်ချက်။** ။ ဤဂါထာကို နေ့စဉ်အမြဲ ရွတ်ဆိုပွားများသော ပုဂ္ဂိုလ်များ မှာ ဘုန်းတန်ခိုးကြီးခြင်း၊ ဉာဏ်ပညာတိုးပွားခြင်း၊ စည်းစိမ် ဥစ္စာ တိုးတက်ခြင်း စသည့်ကောင်းကျိုးကို ခံစားနိုင်ပါ သည်။

အရှင်ဇောတိပါလ ပြုစုသော ဝိဇ္ဇာဓရ အာရက္ခမန္တန် ပေါင်းချုပ်ကျမ်းတွင် ယင်းဂါထာတော်ကို အမြဲမပြတ်ရွတ် ဖတ် သရဇ္ဈာယ် သူများသည် အကြံအစည်များ အောင်မြင် ၍ လာဘ်လာဘ ပေါများသည်ဟူ၍ ဖော်ပြထားပေသည်။

●

# အန္တရာယ်ကင်း ပကိဏ္ဏကသင်္ဂဟ ပါဠိတော်

၁။ ဩဇာဒီပံ ဇိနော ဂန္တွာ၊ ကကုသန္ဓော မဟာဒယော။
ပဇ္ဇရံ ရောဂံ သမေတွာ၊ ဓမ္မဝရံ အဒေသယိ။
၂။ ဝရဒီပံ ဇိနော ဂန္တွာ၊ ကောဏာဂမန နာမကော။
ဒုဗ္ဘိက္ခဘယံ သမေတွာ၊ ဓမ္မရံ အဒေသယိ။
၃။ မဏ္ဍဒီပံ ဇိနော ဂန္တွာန၊ ကဿပေါ ဒွိပဒုတ္တနော။
ဝိဝါဒံဝူပသမေတွာ၊ ဓမ္မဝရံ အဒေသယိ။
၄။ သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလံ အဒေသယုံ။
၅။ နာညတြ ဗောဇ္ဈာ တပသာ၊ နညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿမိ ပါဏိနံ။
၆။ တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟုစန္ဒံ ပမုစ္စဿု၊ ဗုဒ္ဓါ လောကာ နုကမ္ပကာ။
၇။ နမော တေ ဗုဒ္ဓ ဝိရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။
၈။ ဝိသုဒ္ဓါဝတ မေ ဝါသော၊ နိမ္မလံ မံ နပဿတိ။
မာတွံ ဝိသုဒ္ဓံ ဒုသေဟိ၊ နိက္ခမာဟိ ဝနာ တုဝံ။
၉။ သဗ္ဗပါပဿ အကာရဏံ၊ ကုသလဿူပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။
၁၀။ ဘဝသောတံ ဟဝေ ဗုဒ္ဓေါ၊ တိဏ္ဏောလောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

**ပကိဏ္ဏကသင်္ဂဟံ နိဋ္ဌိတံ။**

●

# အန္တရာယ်ကင်းဂါထာတော် (၁)

ဗုဒ္ဓေါ မေ သီသေ တိဋ္ဌတု၊
ဓမ္မော မေ သီသေ တိဋ္ဌတု၊
သံဃော မေ သီသေ တိဋ္ဌတု၊
မာတာပိတု အာစရိယာ မေ သီသေ တိဋ္ဌတု။

မြတ်စွာဘုရားသည် တပည့်တော်၏ ဦးခေါင်းထက်၌ သီတင်းသုံးနေတော်မူပါစေသတည်း။

တရားတော်သည် တပည့်တော်၏ ဦးခေါင်းထက်၌ သီတင်းသုံးနေတော်မူပါစေသတည်း။

သံဃာတော်သည် တပည့်တော်၏ ဦးခေါင်းထက်၌ သီတင်းသုံးတော်မူပါစေသတည်း။

မိခင်၊ ဖခင်၊ ဆရာရှင်တို့သည် တပည့်တော်၏ ဦးခေါင်း၌ နေတော်မူကြပါစေသတည်း။

ဤမန္တန်ကို အိပ်ရာဝင်-ထ ၉-ခေါက်ရွတ်လျှင် အကြံအစည်အောင်မြင်မည်။ အန္တရာယ်ကင်းမည်။ စီးပွားရေး တိုးတက်မည်။ အသက်ရှည်၊ အဆင်းလှ၊ ချမ်းသာရ၊ ခွန်အားဗလပြည့်စုံပြီး ဉာဏ်ပညာ ထက်မြက်မည်မှန်၏။ ဗုဒ္ဓက ကြီးသူတို့၌ ရှိခိုးမှု၊ အရိုအသေပြုမှုရှိသူအား အသက်ရှည်၊ အဆင်းလှ၊ ချမ်းသာရ၊ ခွန်အားဗလပြည့်စုံပြီး ဉာဏ်ပညာထက်ခြင်း ၅-ပါးကို လက်တွေ့ခံစားရမည်ဟု မိန့်ကြားတော်မူခဲ့လေသည်။ ထို့ကြောင့် ယုံကြည်စိတ်ချစွာဖြင့် ရွတ်ဖတ်ကြပါကုန်လော့။

●

# အန္တရာယ်ကင်းဂါထာ (၂)

၁။ သက္ကတွာ ဗုဒ္ဓရတနံ၊ ဩသဓံ ဥတ္တမံ ဝရံ။
ဟိတံ ဒေဝမနုဿာနံ၊ ဗုဒ္ဓတေဇေန သောတ္ထိနာ။
နဿန္တုပဒ္ဒဝါသဗ္ဗေ၊ ဒုက္ခာ ဝူပသမေန္တု မေ။

၂။ သက္ကတွာ ဓမ္မရတနံ၊ ဩသဓံ ဥတ္တမံ ဝရံ။
ပရိဠာဟံ ဝူပသမံ၊ ဓမ္မတေဇေန သောတ္ထိနာ။
နဿန္တုပ္ပဒ္ဒဝါ သဗ္ဗေ၊ ဘယာ ဝူပသမေန္တု မေ။
၃။ သက္ကတွာ သံဃရတနံ၊ ဩသဓံ ဥတ္တမံ ဝရံ။
အာဟုနေယျံ ပါဟုနေယျံ၊ သံဃတေဇေန သောတ္ထိနာ။

နံနက်တိုင်း အမြဲမပြတ် ရွတ်ဖတ်ပါက ဘေးရန်ကင်းငြိမ်း၍ ချမ်းသာသုခ နှင့် ပြည့်ဝမည်။

●

## အသက်အန္တရာယ်ကင်းမန္တန်

– ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ၊
ကေနစိ အန္တရာယော ကာတုံ။
တဒေဝ ဝစနံ သစ္စံ။
ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊
ဟောတု မေ ဇယမင်္ဂလံ။

ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဇီဝိတဿ၊ သက်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ ဗြဟ္မာနတ်လူ တစ်စုံတစ်ယောက်သောသူမျှ။ ကာတုံ၊ ပြုခြင်းငှာ၊ န သက္ကာ၊ မစွမ်းနိုင်။

တဒေဝ ဝစနံ၊ ထိုစကားသည်။ သစ္စံ၊ မှန်ပေ၏။ တံ လောကနာယကံ၊ ထိုဘုရားရှင်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

တေန သစ္စေန၊ ထိုသို့ဆိုထားသစ္စာစကားကြောင့်လည်းကောင်း။ တေန ပုညေန၊ ရှိခိုးပြုစု ထိုကောင်းမှုကြောင့်လည်းကောင်း။ မေ၊ တပည့်တော် အား။ ဇယမင်္ဂလံ၊ ကောင်းမြတ်ယှဉ်ရာ အောင်ခြင်းမင်္ဂလာကို။ ဒေတု၊ ပေးသနားတော်မူပါအရှင်ဘုရား။

ဘုရားရှင်တို့၏ သက်တော်ကို တစ်ယောက်တလေမျှ အန္တရာယ်မပြုနိုင်ဟု သစ္စာဆို၏။ ထိုဘုရားရှင်ကိုရှိခိုး၏။ ဤသစ္စာကုသိုလ်ကြောင့် အောင်ဆုပေး ပါလို့ ဆုတောင်းထားသည်။ ဘုရားရှင်၏ သက်တော်အန္တရာယ်မရှိမှုကို

သစ္စာဆိုထားသဖြင့် အနက်မှာ အလွန်ကောင်းလှသည်။ မှန်၏။ ဘုရားရှင်တို့သည် ဥပဇ္ဈေဒကကက ဗောဓိပင်ရင်း၌ပင် အကြွင်းမဲ့ ပယ်သတ်ခဲ့ကြလေပြီ။

ဤဂါထာကိုလည်း ရွှေတိဂုံဘုရားကြီး ထီးတော်ကြေးစလောင်းတွင် ရေးသားလှူဒါန်းသဖြင့် မည်မျှအဖိုးထိုက်မည်ကို ခန့်မှန်းနိုင်ပေသည်။ ဘုရားရှင်၏ သက်တော် အန္တရာယ် မရှိပုံကို အာရုံပြုပြီး ရွတ်ဆိုသစ္စာပြုပါက ရည်ရွယ်ချက် အောင်ဆုပြည့်ရမည်မှာ အမှန်ပင်။ များများရွတ်နိုင်လေ ကောင်းလေ၊ အနည်းဆုံး အိပ်ရာဝင် ၉–ခေါက်၊ အိပ်ရာထ ၉–ခေါက် ရွတ်ပေးပါက ရွတ်ဖတ်မှု စွမ်းအင်အလိုက် အကျိုးခံစားရပေမည်။ ကြိုးစားပါက အထူးသဖြင့် အသက်အန္တရာယ်ကင်း၍ အောင်မြင်မှုရှိပြီး ကာယသိဒ္ဓိပင် ရရှိနိုင်ပါသည်။ ကြိုးစား၍ ရွတ်ပါလေ။

●

## အမြဲရွတ်ပွားရန် အန္တရာယ်ကင်းဂါထာတော်ကြီး

– အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
(ဝိ–၄–၃၅၅)

– ရဟန်းတို့ သူတစ်ပါးတို့၏ လုံ့လ ပယောဂကြောင့်
ငါဘုရား ပရိနိဗ္ဗာန် စံတော်မူရန် အကြောင်းအခွင့်မရှိ။
ရဟန်းတို့ သူတစ်ပါးတို့၏ လုံ့လပယောဂ မရှိဘဲသာ
ငါဘုရားတို့သည် ပရိနိဗ္ဗာန် စံတော်မူကြရကုန်၏။
(ဝိ–၄–မာ–၃၆၁)

●

# အသက်အန္တရာယ်ကင်းဂါထာ

တိဋ္ဌေယျ အန္တ၀သာမှိ၊
ဇယသဝေါ သမာပန္နော။
တဒေ၀ ၀စနံ သစ္စံ၊
၀န္ဒေ တံ လောကနာထံ။
တေန သစ္စေန ပုညေန၊
ဟောတု မေ ဇယမင်္ဂလံ။

ဇယုဿဝေါ၊ အတွင်းအပ နှစ်ဌာနဌ လုံး၀ကုန်စင်အောင် ပန်ဆင်တော်မူပြီးထသော။ သမာပန္နော၊ နေ့စဉ်မပြတ် သမာပတ်ကို ၀င်စားတော်မူနိုင်သော မြတ်စွာဘုရားသည်။ အန္တ၀သာမှိ၊ သက်တော်တွက်စစ် ခုနှစ်ကာလ အဆုံးကျအောင်။ တိဋ္ဌေယျ၊ တည်နေတော်မူနိုင်ပါပေ၏။

တဒေ၀ ၀စနံ၊ ထိုစကားသည်။ သစ္စံ၊ မှန်ပေ၏။ တံလောကနာယကံ၊ လောကသုံးပါး၏ အကြီးအမှူး ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ၀န္ဒေ-၀န္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

တေန သစ္စေန၊ ထိုသို့ဆိုထား သစ္စာစကားကြောင့်လည်းကောင်း။ တေန ပုညေနစ၊ ထိုသို့ရှိခိုးပြုစု မြတ်ကောင်းမှုကြောင့်လည်းကောင်း။ မေ၊ အောင်မြင်လိုငြား တပည့်တော်အား။ ဇယမင်္ဂလံ၊ ကောင်းခြင်းယှဉ်ရာ အောင်မြင်မှုမင်္ဂလာကို။ ဒေတု၊ ပေးသနားတော်မူပါ အရှင်မြတ်ဘုရား။

မြတ်စွာဘုရားသည် တွင်းပရန်တွေ အောင်မြင်တော်မူပြီးသမာပတ် ၀င်စားတော်မူလျက် သက်ဆုံးတိုင်နေနိုင်၏ဟု သစ္စာပြုသည်။ ထိုမြတ်စွာဘုရားကိုပင် ရှိခိုးပြန်၏။ ဤသစ္စာကုသိုလ်နှစ်မျိုးကြောင့် အောင်ဆုပေးရန် ဆုတောင်းထား၏။ အလွန်ကောင်းပါသည်။

မြတ်စွာဘုရားတို့သည် ဘုရားတို့ဓမ္မတာအရ သက်တမ်း ၅-ပုံ ၄-ပုံအထိ အသက်ရှည်၏။ အလိုရှိက ကမ္ဘာတိုင်အောင် နေနိုင်၏။ ဤအတွင်း မည်သည့် အန္တရာယ်မျှမရှိဘဲ တည်နေနိုင်လေသည်။ အတွင်းရန် အပြင်ရန်တွေလည်း အောင်မြင်တော်မူ၏။ သမာပတ် ၈-ပါး ၉-ပါးလုံး ၀သီတော် ၅-တန်ဖြင့် ၀င်စားနိုင်သည်။

ဘုရားရှင်၏ ဂုဏ်တော်ကို အာရုံပြု၍ သစ္စာဆိုသဖြင့် ကောင်းမှုမှန်သမျှ ကောင်းကျိုးရပေမည်။ ရှိခိုးခြင်းပဏာမ ကုသိုလ်ပါ ဖြည့်စွက်ထားသဖြင့် အောင်ဆိုရဖို့ရန် ပို၍ပင် ကျိန်းသေပေ၏။ သို့သော် အကျိုးဟူသည် အကြောင်းနှင့်မကင်းစမြဲ၊ အကြောင်းကောင်းမှ အကျိုးကောင်းပေမည်။ ဤ၌လည်း ယုံကြည်စွာဖြင့် ပုဒ်အက္ခရာမှန်အနက်ဉာဏ်ထင်စေပြီး လေးလေးနက်နက် ရွတ်ဖတ်ပါမှ လိုရာအကျိုးပြီးစေမည်။ တစ်မတ်ဖြင့် တစ်ကျပ်တန်ကို မရဟု လူတိုင်းသိကြ၏။ အကျိုးများများရလိုလျှင် ကြိုးစား၍သာ ရွတ်ရပေမည်။

ဤဂါထာလည်း ရွှေတိဂုံဘုရားကြီး ထီးတော် ကြေးစလောင်းမှာပင် ရေးထိုးလျှာဒါန်းထား၏။ အနည်းဆုံး တစ်နေ့ ၃–ကြိမ် ရွတ်ဖတ်ပေးပါက ဥပဒ္ဒဝေက ကံမှ ကင်းလွတ်မည်၊ လိုရာကိစ္စ ပြီးပြည့်ဝမည်။ ယုံကြည်စွာဖြင့် ရွတ်ဆိုကြပါလေ။

●

## အန္တရာယ်ကင်း အဋ္ဌဝီသတိဂါထာ

အဋ္ဌဝီသတိ သမ္ဗုဒ္ဓါ၊ တဏှင်္ကရမဟေသော ဓုတိန္ဓရာ။
တဏှင်္ကယာ ဓုတိယာ တေသံ၊ အန္တရာယာ သမေန္တု မေ။
သဗ္ဗေ ဒုရေ ပလာယန္တု၊ ပိသာစ ယက္ခရက္ခသာ။
သမ္မာဒေဝါ ပဝဿန္တု မောဒန္တု သုခိတာ ဇနာ။

မှတ်ချက်။ ။ ဤဂါထာကို ဥပဒ်ဘေး အန္တရာယ်ဘေးအတွက် ရွတ်ဆိုသောအခါ သဗ္ဗေ ဒုရေ ပလာယန္တု ဟူသောပုဒ်ကို (၃) ကြိမ် (၃)ခါထပ်၍ ရွတ်ဆိုပါ။

မိုးခေါင်ရေကြီး လေပြင်းတိုက်ခတ်ခြင်းတို့အတွက် ရွတ်ဆိုသောအခါ သမ္မာဒေဝါပဝဿန္တု ဟူသောပုဒ်ကို (၃) ကြိမ် (၃)ခါထပ်၍ ရွတ်ဆိုပါလေ။

●

# အမြတ်ဆုံးရတနာဂါထာ

အဂ္ဂေါ ဗုဒ္ဓေါ၊ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော။
အဂ္ဂေါ ဝိပါကော မေ ဟောတု။
ယံ ယံ ဣစ္ဆိ သမိဇ္ဈတု။

## ဂါထာအနက်

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အနုတ္တရော၊ အတုမရှိအောင်။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်တော်မူပေ၏။ ဓမ္မော၊ တရားတော်သည်။ အနုတ္တရော၊ အတုမရှိအောင်။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်တော်မူပါပေ၏။ သံဃော၊ သံဃာတော်သည်။ အနုတ္တရော၊ အတုမရှိအောင်။ အဂ္ဂေါ၊ အမြတ်ဆုံး ဖြစ်တော်မူပါပေ၏။ မေ၊ အကျွန်ုပ်အား။ အဂ္ဂေါ၊ အမြတ်ဆုံးဖြစ်သော။ ဝိပါကော၊ အကျိုးတရားသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ယံ ယံ ဣစ္ဆိ၊ အလိုရှိတိုင်း။ သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း။

**မှတ်ချက်။** ။ ၁၃၄၉–ခုနှစ်၊ ဝါခေါင်လပြည့်နေ့ထုတ် သာသနာ့ရောင်ခြည် စာစောင်အတွဲ(၈)အမှတ်(၁)ပါ ဆရာမောင်တက်အင်း၏ ဆောင်းပါးမှ ထုတ်နုတ်တင်ပြခြင်းဖြစ်ပါသည်။ အမြတ်ဆုံး ရတနာဂါထာကို ရွတ်ဆိုပွားများသဖြင့် လက်တွေ့အကျိုး ခံစားရမှုကို ယင်းဆောင်းပါး၌ ဖတ်ရှုနိုင်ကြပါသည်။ ဓမ္မ မိတ်ဆွေများ စိတ်ချယုံကြည်စွာ ကျက်မှတ်ပြီး ရွတ်ဆိုပွား များ၍ ကောင်းကျိုးတရားများ ခံစားနိုင်ကြပါစေ။

●

# အာယုခေါ်ဂါထာ

စိရံ တိဋ္ဌတု မေ အာယု၊ လာဘံ လဘတု သဗ္ဗဒါ။
ဝယော ဘဝတု မေ သဒါ၊ သောက ရောဂ ဝိနာသနံ။

## ဂါထာအနက်

မေ၊ ငါ၏။ အာယု၊ အသက်သည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။ လာဘံ၊ လာဘ်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ လဘတု၊ ရပါစေသတည်း။ (မေ၊ ငါ့အား။) တေ၊ သင့်အား။ ဇယော၊ အောင်မြင်ခြင်းသည်။ သဒါ၊ အခါခပ်သိမ်း။ ဘဝတု၊ ဖြစ်ပါစေသတည်း။ သောကရောဂံ၊ သောကဟူသမျှ ရောဂါဟူသမျှသည်။ ဝိနာသနံ၊ ပျောက်ပျက်ခြင်းသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

**မှတ်ချက်။** ။ ဤဂါထာသည် အသက်ရှည်ရောဂါကင်းအောင် ဆုတောင်းသောဂါထာဖြစ်သည်။ စွဲမြဲယုံကြည်စွာ ရွတ်ဆိုပါလျှင် မုချအကျိုးထူးများ ရရှိခံစားနိုင်ပါသည်။
(သဗ္ဗဇယ မင်္ဂလာဂါထာဟုလည်း ခေါ်ကြ၏။)

●

## အမှုအခင်းနိုင်ဂါထာ

သီလ ပါဋ္ဌာဒိ ဘာဝနာ၊ သိဒ္ဓိတ္တာ ကုဋ္ဌေပါရမိ၊
သိဒ္ဓါပေတိ သဗ္ဗ သတ္တေ၊ သိဒ္ဓိတိ အမတံပဒံ။
သိဒ္ဓိကိစ္စံ သိဒ္ဓိကမ္မံ သိဒ္ဓိကာယံ သိဒ္ဓိလာဘံ တထာဂတံ။
သိဒ္ဓိကဋ္ဌေဝ သမ္မာရံ၊
သိဒ္ဓိယာ ပန တေ နမော။

မြတ်စွာဘုရား၊ ဘုရားတပည့်တော်သည် မြတ်စွာဘုရားတည်းဟူသော သီလစောင့်ခြင်း၊ ရွတ်ဖန်ခြင်း စသော ဘာဝနာကိုပြီးစေ၍ သတ္တဝါခပ်သိမ်းကိုလည်း ပြီးစီးတော်မူပေထသော၊ သေခြင်းကင်းသော အကြောင်းကိုလည်း ပြီးစီးတော်မူပေထသော၊ သေခြင်းကင်းသော အကြောင်းကိုလည်း ပြီးစီးတော်မူပေထသော မြတ်စွာဘုရားအား ကြိမ်ဖန်များစွာ ကန်တော့ပါသည်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အမှုကိစ္စအဝဝသည် ငြိမ်းချမ်းပြီးစီးပါစေသတည်း။ မကောင်းကြံ၊ မကောင်းပြော၊ မကောင်းပြုသူတို့၏ ကံခပ်သိမ်းသည် ပြတ်ငြိမ်းပြီးစီးပါစေသတည်း။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြောင်းနှင့် ပြီးပြည့်စုံပါစေသတည်း။

●

## အသောကမန္တန်

ကျွန်ုပ်ကို ဘုရားလောင်းတော်ကြီးသက္ကရ သမင်ဘဝဖြစ်စဉ်က မိမိအသား (အသက်)နှင့် ဖလှယ်၍ ရယူခဲ့သော သုဘာသိတာ ဂါထာတစ်ပုဒ်ရှိသည်။ သက္ကရသမင်သည် ထိုဂါထာကို မှဆိုးထံမှရသောဟူ၏။

(မဟာဝတ္ထု၊ အပဒါန၊ ပထမအုပ်၊ နှာ-၉၄။)

သတံ ပါဒရဇော သေယျော၊
န သုဝဏ္ဏမယော ဂိရိ၊
သော ပံသု သောက ဟာရာယ
သော ဂိရိ သောက ဝဍ္ဎနော။

အဟံ၊ သူတော်ကောင်းတို့၏။ ပါဒရဇော၊ ခြေမှုန့်သည်။ သေယျော၊ မြတ်၏။ သုဝဏ္ဏမယော ဂိရိ၊ ရွှေသားဖြင့်ပြီးရွှေတောင်ကြီးသည်။ နသေယျော၊ မမြတ်။ သော ပံသု၊ ထိုသူတော်ကောင်းတို့၏ ခြေမှုန့်သည်။ သောက ဟာရာယ၊ သောကကိုဖယ်ရှားရန် (ဖြစ်၏)။ သော ဂိရိ၊ ထိုရွှေတောင်ကား။ သောက ဝဍ္ဎနော၊ သောကအမျိုးမျိုး ပွားတိုးစည်ပင်စေတတ်၏။

စိုးရိမ်ပူဆွေး စိတ်လေးကြောင့်ကြသည်ကို သောကခေါ်၏။ ပျက်စီးမှု (ဗျသန)တစ်ခုခုကြောင့် စိတ်ပူပန်ရမှု၊ စိတ်ဝေဒနာခံစားနေရမှုကို သောကခေါ်၏။

သောကဟူသည် အတွင်းသို့လိုက်၍ လောင်တတ်သောတရားမျိုးဖြစ်၏။ သောကနှိပ်စက်မှု အကြီးအကျယ် ခံနေရသူဖြစ်ကြောင်း သူ၏ ဆွေးမြည့်ပုံက ပြနေသည်။

ဒုက္ခမဟုတ်သည်ကို မဟုတ်ကဟုတ်က လုပ်ပြနေခြင်းမဟုတ်။ သောကဟူသည် ဒုက္ခ ဒုက္ခအစစ်ကြီးဖြစ်သည်။ အကြောင်းမီးသုံးပါး (ရာဂမီး၊ ဒေါသမီး၊ မောဟမီး)။ အကျိုးမီးရှစ်ပါး (ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယာသမီး) တို့တွင် မီးတစ်ပါး အပါအဝင်ဖြစ်၏။

တကယ်သောကဝင်နေသူမှာ မျက်စိပျက် မျက်နှာပျက် နာမ်မီးထင်နေပုံ ထင်ရှားလှသည်။

ဤမည်သော သောကသည် မိုးပေါ်မှ ကျလာသလော၊ မြေထဲကပေါ်ထွက်လာသလော၊ မဟုတ်ပါ။ ကိုယ်ကချစ်တယ် ချစ်တယ် . . . လုပ်တော့ အချစ်ဓာတ်တွေ ချစ်စရာတွေ ပေါက်ဖွားလာခြင်းဖြစ်သည်။ ချစ်သူတွေ ချစ်စရာတွေမှ သောကဖြစ်လာသည်။

ယေသံ နတ္ထိပိယံ
နတ္ထိ တေသံ ဒုက္ခံ
အသောကာ တေ ဝိရဇာ
အနုပါယာသာတိ ဝဒါမိ။

(ဥဒါန်းပါဠိတော်၊ ပါဠိလိဝင်၊ ဝိသာခါသုတ်)

ယေသံ၊ အကြင်သူတို့အား။ ပိယံ၊ ချစ်စရာသည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုသူတို့အား။ ဒုက္ခံ၊ ဒုက္ခသည်။ နတ္ထိ၊ မရှိတော့ပြီ။ တေ၊ ချစ်စရာမရှိသော ထိုသူတို့သည်။ အသောကာ၊ စိုးရိမ်ပူဆွေးစိတ်လေးပင်ပန်းခြင်း မရှိကြကုန်။ ဝိရဇာ၊ မြူမကပ်လိမ်း အပူဓာတ်သိမ်းကြလေကုန်၏။ အနုပါယာသာ၊ ရှိုက်၍ ရှိုက်၍ မငိုရကုန်။ ဣတိ၊ ဤသို့။ ဝဒါမိ၊ ငါဘုရားဟော၏။

လောက၌ ချစ်တတ်သောသဘောကို မွေးမြူထားသည့်နှင့်အမျှ ချစ်သူ၊ ချစ်စရာ (သတ္တဝါ၊ သင်္ခါရ)တွေ ရှိလာမည်သာတည်း။ ချစ်သည်ကို ပေမခေါ်၍၊ ချစ်စရာ ချစ်သူကို ပိယခေါ်သည်။ ကာမ၊ ရတိ၊ တဏှာ ဟူသော အသုံးများလည်းရှိသည်။ ဝတ္ထုကာမကို ပိယခေါ်၍ ကိလေသာကာမကို ပေမခေါ်သည်။ ပေမ၊ ရတိ၊ တဏှာ ဆိုသည်များမှာလည်း အခေါ်သာကွဲသည်။ သဘောတရားအရင်းခံ အတူတူပင်ဖြစ်သည်။

ချစ်သည် ဟု သာမန်ဆိုလိုက်သော်လည်း ဤ ချစ် ကား မေတ္တာချစ် မဟုတ်သောကြောင့် ချစ်တယ် . . . ချစ်တယ် . . . လုပ်နေရင်းမှာပင် မချစ်ဘူး မချစ်ဘူး . . . မချစ်ဘူး . . . မုန်းတယ် . . . မုန်းတယ် . . . ဖြစ်လာတတ်သည်။

မေတ္တာချစ်မှာ ချစ်တယ်ဆိုလျှင် မြဲမြဲစွဲစွဲ ဣန္ဒြေရရ ချစ်နေသည်။ တဏှာချစ်ကား ခုချစ်လိုက် ခုမုန်းလိုက် လုပ်တတ်သည်။

အို . . . ဘုတော်ကောင်းတို့–

အသောကမန္တန်ကိုလည်းရွတ်ပါ။ ချစ်သူ ချစ်စရာတွေအပေါ်ထားရှိခဲ့သော စွဲလမ်းမှု၊ ကျွန်ခံမှုများကိုလည်း တစ်စတစ်စ အရှိန်အဟုန် လျှော့ချပစ်ပါ။

ချစ်သူ ချစ်စရာတွေကို ဗျာသနအမျိုးမျိုး ဝိုင်းရံနေသောကြောင့် ထစ်ခနဲ ရှိလျှင် ထိတ်ခနဲစိတ်ပူရ၊ စိတ်သောကရောက်ရတတ်ပါသည်။

ချစ်သူ ချစ်စရာမရှိ တကယ်တမ်း မလုပ်နိုင်သေးသည့်တိုင်အောင် အစမ်းသဘော မရှိ. . .မရှိ လုပ်သွားပြီး . . .

ယေသံ နတ္ထိ ပိယံ
နတ္ထိ နေသံ ဒုက္ခံ
အသောကာ တေ ဝိရဇာ
အနုပါယာသာတိ ဝဒါမိ။

ဟူသော အသောကမန္တန် ဘုရားမှခပါင်္ဂအားကိုးနှင့် လောကဓံကို ကြံ့ကြံ့ခံကြပါလေ။

●

## အာရောဂျံဂါထာ

ဗုဒ္ဓေါစ လောက ဒီပေါ စ၊
ဗုဒ္ဓေါ သူရိသော တမော ဂစ္ဆန္တိ၊
သရဏံ ဗုဒ္ဓံ မမ သီသေ ဌပေတွာန၊ ယာဝဇီဝံ၊
န မတ္တာ တံ ဗုဒ္ဓံ သံဃံ။

●

## ရောဂါဥပဒ်ကင်းဂါထာ

ဗုဒ္ဓ တေဇေန၊ ဓမ္မ တေဇေန၊
သံဃ တေဇေန၊ ဓဇဂ္ဂ ပရိတ္တံ မံ ရက္ခန္တု။

●

# အခြံအရံပေါဂါထာ

ယသ ဟောဂါစ ပညာ စ၊ ယသန္တိ သဗ္ဗဗုဒ္ဓါနံ။
ယဇိတွာ ဓမ္မ သံဃဥ္စ၊ ယသန္တိ အမတံ ပဒံ။
ယသ ငါဒေ သံယုဝဏ္ဏော၊ ယသ ဂန္ဓဗ္ဗသာမိတော။
ယသ ဇေန ဓာလိတော၊ ယံ သိဒ္ဓိတံ နမာမဟံ။

ခပ်သိမ်းသော ဘုရားရှင်တို့အား စည်းစိမ်ပညာ အခြံအရံတို့သည် ရောက်ကုန်၏။ အခြံအရံရှိသော မြေဒ္ဓ ကောင်းစွာကြည်တော်မူ၏။ အခြံအရံ ရှိသော သွားခြင်းဖြင့် ပြီးစေအပ်၏။ အခြံအရံရှိသော တန်ခိုးတို့ဖြင့် တောက်ပတော်မူ၏။ အခြံအရံကို ဆောင်တော်မူသော မြတ်စွာဘုရားအား ရှိခိုးကန်တော့ပါသည် ဘုရား။
(စည်းစိမ်ဥစ္စာ၊ ပညာအခြံအရံတို့ တည်တံ့ခိုင်မြဲရေး။)

●

# အသက်ကယ်ဂါထာ

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။
ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃော မေ သရဏံ အညံ နတ္ထိ။
ဧတေန သစ္စေန၊ သုဂတိ ဟောတု။

ဘုရား-တရား-သံဃာမှ တစ်ပါး အားကိုး အားထားရာမရှိ၊ ဘုရားကိုသာ အားကိုးပါ၏ဟူ၍ ရှိခိုးအားပြုကာ မိမိ၏အသက်ကို မိမိ လွယ်လွယ် ကယ်ဆယ်ပါ။ အောက်ဖော်ပြပါ ရောဂါကင်း အလင်းထွန်းဖြင့် အလင်းဓာတ် ပူဇော်ပြီး ဤဂါထာအတိုင်း သက်စေ့ ပုတီးစိပ်ပါ။

●

# အနန္တဂါထာတော်

၁။ စက္ကဝါဠေ အနန္တေသု၊
အာကာသေ အနန္တေတထာ။
သတ္တနိကာ အနန္တာစ၊
သမ္ဗုဒ္ဓ ဉာဏံ အနန္တံ။
၂။ အနန္တံ ဗလဝံ ဗုဒ္ဓံ၊
အနန္တံ ဂေါစရံ ဓမ္မံ။
အနန္တံ အရိယံ သံဃံ၊
အနန္တံ ဗောဓိ မုတ္တမံ။

## မြန်မာပြန်အနက်

အနန္တေသု၊ အဆုံးအစမရှိကုန်သော။ စက္ကဝါဠေ စက္ကဝါဠေ သုစ၊ စကြဝဠာတိုက်တို့၌လည်းကောင်း။ အနန္တေ၊ အဆုံးမရှိကုန်သော။ အာကာသေစ၊ ကောင်းကင်၌လည်းကောင်း။ အနန္တာ၊ အဆုံးအစမရှိကုန်သော။ သတ္တနိကာ၊ သတ္တဝါတို့သည်လည်းကောင်း။ တထာ၊ ထို့အတူ။ အနန္တံ၊ အဆုံးအစမရှိသော။ ဉာဏံ၊ ဉာဏ်တော်ရှိတော်မူသည်။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿန္တိ၊ ရှိခိုးကြကုန်၏။

ဗလဝံ၊ အားတော်နှင့်ပြည့်စုံတော်မူသော၊ ဗုဒ္ဓံ၊ မြတ်စွာဘုရားသည်။ အနန္တံ အနန္တတန်ခိုးတော်တည်း။

ဂေါစရံ၊ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော။ ဓမ္မံ၊ တရားတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။

အရိယံ၊ အရိယာဖြစ်သော။ သံဃံ၊ သံဃာတော်မြတ်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။

ဗောဓိမုတ္တမံ၊ မြတ်သော ဗောဓိပက္ခိယ တရားတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။

## တိုက်တွန်းချက်

ဤအနန္တနှစ်ဂါထာကို နေ့ညမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အမှုခပ်သိမ်း ပြီးစီးနိုင်သည်။ စိတ်အကြံမြောက်၍ အဓိဋ္ဌာန်ပေါက်နိုင်သည်။

အဓိဋ္ဌာန်ဝင်၍ တစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံးချပြီး စိပ်သွားပါက ပို၍ အကျိုး အာနိသင်ထင်ရှားလှသည်။ ထိုသို့ ပုတီးစိပ်စဉ်အနက်ကို ထင်အောင်စိပ်ရန် လည်း တိုက်တွန်းအပ်ပါသည်။

●

# အနန္တသုခ ရတနာဒီပံဂါထာတော်

## ပထမဂါထာ

၁။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယသဗ္ဗပါဏိနံ။
၂။ ဓမ္မော လောကေ သမုပ္ပန္နော သုခါယသဗ္ဗပါဏိနံ။
၃။ သံဃော လောကေ သမုပ္ပန္နော ပုညာယသဗ္ဗပါဏိနံ။

## ဒုတိယဂါထာ

၁။ ဗုဒ္ဓ တေဇေန အရိန္ဒမော ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ။
၂။ ဓမ္မ တေဇေန မဟာလာဘော ဓမ္မော မေ ရက္ခတု သဒါ။
၃။ သံဃ တေဇေန မဟာယသော သံဃော မေ ရက္ခတု ဒိနေ။

## တတိယဂါထာ

၁။ နမော တေ ဗုဒ္ဓဝိရတ္ထု ဝိပ္ပမုတ္တောသိသဗ္ဗဓိ သမ္ဗာဓ
ပဋိပ္ပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။
၂။ အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အကာလိကော ဓမ္မော ဓမ္မံ သရဏံ ဂစ္ဆာ မိ။
သုပ္ပဋိပ္ပန္နော သံဃော သံဃံ သရဏံ ဂစ္ဆာ မိ။
၃။ ဗုဒ္ဓေါ သဗ္ဗညုတ ဉာဏော၊ ဓမ္မော လောကုတ္တရာနဝ။
သံဃော မဂ္ဂဖလသဋ္ဌော။
တ္တစ္စေတံ ရတနာတ္တယံ၊ ယေန သစ္စေန သင်္ဂါမေ၊
ဟောတု မေ ဇယမင်္ဂလံ။

## ပဌမဂါထာအနက်

၁။ ဗုဒ္ဓေါ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟုဆိုအပ်ကုန်သော သစ္စာလေးပါးမြတ်တရားကို ဆရာမကူ သယမ္ဘုဉာဏ်ဖြင့် ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရားသည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့၏။ ဟိတာယ၊ မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော အကျိုးစီးပွားအလို့ငှာ။ လောကေ၊ သတ္တလောက၌။ သမုပ္ပန္နော၊ သိစရာတရားများကို သိမြင်ကြားနာနိုင်ကြစေရန် ပွင့်ထွန်းကြွရောက်တော်မူခဲ့လေပြီ။

၂။ ဓမ္မော၊ မဂ်လေးပါး ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်တို့သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့၏။ သုခါယ၊ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဟု ဆိုအပ်သော ချမ်းသာသုခရကြစေခြင်းအလို့ငှာ။ လောကေ၊ သတ္တလောက၌။ သမုပ္ပန္နော၊ ဟောကြားပွင့်ထွန်း ပေါ်ပေါက်တော်မူခဲ့လေပြီ။

၃။ သံဃော၊ မဂ္ဂဋ္ဌာန်လေးပါး၊ ဖလဋ္ဌာန်လေးပါး အပေါင်းအားဖြင့် ရှစ်ပါးကုန်သော ရဟန်းသံဃာတော် အရှင်သူမြတ်တို့သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတို့၏။ ပုညာယ၊ ကောင်းမှုကုသိုလ် အကျိုးများဖြစ်ထွန်း တိုးပွားကြစေခြင်းအလို့ငှာ။ လောကေ၊ သတ္တလောက၌။ သမုပ္ပန္နော၊ ထင်ရှားစွာ ပေါ်ထွန်းတော်မူခဲ့ကြလေပြီ။

## ဒုတိယဂါထာအနက်

၁။ မေ၊ ဘုရားတပည့်တော်အား။ ဗုဒ္ဓတေဇေန၊ ရှင်တော်မြတ်ဘုရား၏ တန်ခိုးရှိန်စော် မေတ္တာတော်အာနုဘော်ကြောင့်။ အရိန္ဒမော၊ ရန်အပေါင်းကို အောင်နိုင်ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဗုဒ္ဓေါ မြတ်စွာဘုရားသည်။ မေ၊ တပည့်တော်အား။ နိစ္စံ၊ ထာဝစဉ် အမြဲ။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

၂။ မေ၊ ဘုရားတပည့်တော်အား။ ဓမ္မတေဇေန၊ တရားတော်မြတ်၏ တန်ခိုးရှိန်စော် မေတ္တာတော် အာနုဘောကြောင့်။ မဟာလာဘော၊ ကြီးမားသော လာဘ်လာဘ ပေါများခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဓမ္မော၊ တရားတော်မြတ်သည်။ မေ၊ ဘုရားတပည့်တော်အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

၃။ မေ၊ ဘုရားတပည့်တော်အား။ သံဃ တေဇေန၊ သံဃာတော်မြတ်တို့၏ တန်ခိုးရှိန်စော် မေတ္တာတော် အာနုဘော်ကြောင့်။ မဟာယသော၊ ကြီးမြတ်သော အခြံအရံ ပေါများခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ သံဃော၊ သံဃာ တော်မြတ်သည်။ မေ၊ ဘုရားတပည့်တော်အား။ ဒိနေ့၊ နေ့တိုင်း နေ့တိုင်းသာ လျှင်။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

## တတိယဂါထာအနက်

၁။ ဝီရ၊ လွန်စွာကြီးမားတော်မူလှသော လုံ့လဝီရိယလည်း ရှိတော်မူထ သော။ ဗုဒ္ဓ၊ သုံးလူ့ထွတ်ထား ရှင်တော်မြတ်ဘုရား။ တေ၊ ရှင်တော်မြတ် ဘုရားအား။ မေ၊ ဘုရားတပည့်တော်၏။ နမော၊ ပူဇော်ဝပ်စင်း ရှိခိုးခြင်းသည်။ အတ္ထု၊ အထက်ဘဝဂ် အောက်အဝီစိရှိရှိသမျှ ရပ်ဌာနတို့၌။ ဝိပ္ပမုတ္တော၊ နိုပ်စက်ကလူရန်ဟူသမျှ ကင်းပလှသည်။ အသိ၊ ဧကန်စင်စစ် အမှန်ဖြစ်ပါ၏ အရှင်ဘုရား။ အဟံ၊ ဘုရားတပည့်တော်မှာမူကား။ သမ္ဗာဝပဋိပန္နော၊ ကျဉ်း မြောင်းချုပ်ချယ် ရန်သူလက်ဝယ်၌ ဒုက္ခအခက်အခဲနှင့် ရင်ဆိုင်တွေ့ကြုံ နေရသည်။ အသ္မိ၊ ဖြစ်ပါတော့သည် အရှင်ဘုရား။ တွံ၊ အရှင်ဘုရားသည်၊ တဿမေ၊ ချမ်းသာကင်းဝေး ဒုက္ခဘေးရောက်၍နေသော ဘုရားတပည့် တော်၏။ သရဏံ၊ ကိုးကွယ်အားထား ပုန်းအောင်းမှီခိုရာသည်။ ဘဝ၊ ဖြစ်တော် မူပါအရှင်ဘုရား။

၂။ ဗုဒ္ဓေါ၊ သုံးလူ့ရှင်ပင် မြတ်သခင်သည်။ အရဟံ၊ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ပါပေ၏။ အဟံ၊ အကျွန်ုပ်သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်အားထားရာဟူ၍။ ဂစ္ဆာမိ၊ ယုံ ကြည်စွာဆည်းကပ်ပါ၏။ ဓမ္မော၊ တရားတော်မြတ်သည်။ အကာလိကော၊ အချိန်ခါမလင့် ကောင်းကျိုးချမ်းသာကို ပေးသနားတော်မူတတ်၏။ အဟံ၊ အကျွန်ုပ်သည်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်အားထားရာဟူ၍ ဂစ္ဆာမိ၊ ယုံကြည်စွာ ဆည်းကပ်ပါ၏။ သံဃော၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော် အရှင်သူမြတ်တို့သည်။ သုပ္ပဋိပန္နော၊ ကောင်းမွန်စွာ ကျင့်တတ်၏။ အဟံ၊ အကျွန်ုပ်သည်။ သံဃံ၊ သံဃာတော် အရှင်သူမြတ်တို့အား။ အရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ယုံကြည်စွာ ဆည်းကပ်ပါ၏။

၃။ သဗ္ဗညုတဉာဏော၊ နှိုင်းဆမတန် သဗ္ဗညုတဉာဏ်တော်ရှိတော်မူသော ပုဂ္ဂိုလ်သည်။ ဗုဒ္ဓေါ၊ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူပါ၏။ နဂလောကုတ္တရော၊

ကိုးပါးသော လောကတ္တရားသည်။ ဓမ္မော၊ တရားတော်စစ်စစ် ဧကန်ဖြစ်တော်မူပါပေ၏။ မဂ္ဂဖလသေဒ္ဓော၊ မဂ်ဖိုလ်တို့၌ တည်းဟူသော ပုဂ္ဂိုလ်သည်။ သံဃော၊ သံဃာတော်စစ်စစ် ဧကန်ဖြစ်တော်မူပါပေ၏။

ဣစ္စေတံ၊ ဤရတနာမြတ်သုံးပါးသာလျှင်။ ရတနာတ္တယံ၊ အမြတ်ဆုံးသော ရှိခိုးပူဇော်စရာ ရတနာတို့ မည်တော်မူပါပေ၏။

ဧတေန သစ္စေန၊ ထိုသို့မှန်ကန်စွာ ပြောဆိုရသော သစ္စာစကားကြောင့်။ သင်္ဂါမော၊ တွေ့ဆုံသမျှ ရန်အန္တရာယ် ဒုက္ခအခက်အခဲဟူသမျှကို။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်မြင်ယွတ်ကင်း ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

●

## ဣသုန္ဒ္ဓောဂါထာ

ဣစ္ဆန္တော သာသပဂတ္တော၊
စက်မန္တော ဣတောစိတော။
စက္ကဝါဠံ သကလမ္ပိ၊
အတ္တဘာဝေန ဆာဒယိ။
ဧဝံ ဣစ္ဆေန သမ္ပန္နံ
လောကဇေဋ္ဌံ နမာမဟံ။
တေန ပုညေန သစ္စေန
ဣစ္ဆာ ပူရေတု မေ သဒါ။

ဘဂဝါ၊ ရှေဘုန် တော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဣစ္ဆန္တော၊ အလိုရှိသည်ရှိသော်။ သာသပဂတ္တော၊ မုန်ညင်းစေ့ထဲ၌။ ဣတောစိတော၊ ထိုမှ ဤမှ။ စက်မန္တော၊ ပရိက္ခရာလွယ်လျက် စကြံသွားတော်မူနိုင်၏။ ဣစ္ဆန္တော၊ အလိုရှိသည်ရှိသော်။ သကလံ၊ အလုံးစုံသော။ စက္ကဝါဠံ သကလမ္ပိ၊ လေးကျွန်းတစ်မြင်းမိုရ် စကြဝဠာကြီးကိုပင်သော်လည်း။ အတ္တဘာဝေန၊ မိမိခန္ဓာကိုယ်အတ္တဘောဖြင့်။ ဆာဒယိ၊ ဖုံးလွှမ်းထားတော်မူနိုင်၏။ ဧဝံ၊ ဤသို့။ ဣစ္ဆေန၊ အလိုနှင့်။ သမ္ပန္နံ၊ ပြည့်စုံတော်မူသော။ လောကဇေဋ္ဌံ၊ တစ်လောကလုံးမှာ အမြင့်မြတ်ဆုံး အသာဆုံးဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ တပည့်

ခေတ်သည်။ နမာမိ၊ မြတ်မြတ်နိုးနိုး လွန်အားကိုးကာ ရှိခိုးပါ၏ မြတ်စွာဘုရား။ တေန၊ ပုညေနစ၊ ထိုကောင်းမှုရှိန်စော် အာနုဘော်ကြောင့်လည်းကောင်း။ တေန သစ္စေန စ၊ မှန်ကန်စွာ ဆိုရသော ထိုသစ္စာစကားကြောင့်လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ မေ၊ တပည့်တော်၏။ ဣစ္ဆာ၊ အလိုဆန္ဒဟူသမျှသည်။ ပူရေတု၊ ပြည့်စုံပါစေသတည်း။

●

## ဣစ္ဆိတဂါထာတော်

အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော။
အဂ္ဂေါစ ဝိပါကော ဟောတိ၊
ယံ ယံ ဣစ္ဆာ သမိဇ္ဈတု။

တစ်စုံတစ်ရာသော ဘေးအန္တရာယ်ရောက်မည်ဟု စိုးရိမ်မကင်းရှိခဲ့လျှင် ဤဂါထာတော်ကို ကြိုတင်၍ ရွတ်ဖတ်သရဇ္ဈာယ်ပါက ဘေးအန္တရာယ်များကို အမှန် ကာကွယ်စောင့်ရှောက်နိုင်သည့်အပြင် လိုအပ်သောဆန္ဒကို ပြည့်စုံနိုင်စေ၏ဟူ၍ ယုံကြည်ကြပါသည်။

●

## ဣစ္ဆာသယလိုတိုင်းရ ဂုဏ်တော်

၁။ သမ္မာသမ္ဗုဒ္ဓ ဉာဏေန၊
သမ္မာသမ္ဗုဒ္ဓ မေ ဇိတော။
သမ္မာသမ္ဗုဒ္ဓ လောကသ္မိံ၊
သမ္မာသမ္ဗုဒ္ဓ တေ နမော၊
ဗုဒ္ဓေါ ဘဂဝါတိ။

၂။ ဝိဇ္ဇာစရဏ ဉာဏေန၊
ဝိဇ္ဇာစရဏ မေ ဇိတော။
ဝိဇ္ဇာစရဏ လောကသ္မိံ၊

ဝိဇ္ဇာစရဏ တေ နမော၊
ဗုဒ္ဓေါ ဘဂဝါတိ။
၃။ သုဂတော သုဂတ ဌာနံ၊
သုဂတော သေဋ္ဌမ္ဗိစ၊
သုဂတော ဗုဒ္ဓ စရိယာနံ၊
သုဂတော တေ နမော။
ဗုဒ္ဓေါ ဘဂဝါတိ။

## မြန်မာပြန်အနက်

၁။ အောင်ခြင်းမင်္ဂလာ အဖြာဖြာတို့နှင့်အတူ အောင်မြင်တော်မူခဲ့သော၊ အလုံးစုံသော တရားတော်မြတ်တို့ကို ကိုယ်တော်တိုင် သိမြင်တော်မူသည့် မဖောက်မပြန် မြတ်ရွှေဉာဏ်ဖြင့် ပြည့်စုံတော်မူပြီးထသော မြတ်စွာဘုရားသည် ဤလောက၌ ပွင့်တော်မူလေပြီ။ ထိုသစ္စာလေးပါးတို့၏ သခင်၊ ဘုန်းတော်ခြောက်ပါးတို့၏ အရှင်မြတ်ဘုရားအား ဦးတင်ရိုကျိုး ရှိခိုးလိုက်ပါ၏။

၂။ ဝိဇ္ဇာသုံးပါး၊ စရဏ တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူပြီးသည့် ဉာဏ်တော်မြတ်ရှင် ဘုရားသခင်သည် အောင်မြင်ခြင်းမင်္ဂလာ အဖြာဖြာတို့နှင့် အတူ ဤလောက၌ ပွင့်တော်မူလေပြီ။

ထိုသစ္စာလေးပါးတို့၏သခင် ဘုန်းတော်ခြောက်ပါးတို့၏ အရှင်မြတ်ဘုရားအား ဦးတင်ရိုကျိုး ရှိခိုးလိုက်ပါ၏။

၃။ ကောင်းသောလာခြင်း၊ ကောင်းသောစကားဆိုခြင်းတို့နှင့်အတူ မြင့်မြတ်တော်မူသော မြတ်ဘုရားသခင်သည် ရှေးဘုရားရှင်တို့ကဲ့သို့ ကျင့်ကြံအားထုတ်တော်မူခဲ့လေသည်။ ထိုသစ္စာလေးပါးတို့၏ သခင်၊ ဘုန်းတော်ခြောက်ပါးတို့၏အရှင် မြတ်ဘုရားအား ဦးတင်ရိုကျိုး ရှိခိုးလိုက်ပါ၏။

## အမှာ

အထက်ပါ ဂုဏ်တော်မြတ်သုံးပုဒ်ကို သုံးပုဒ်စလုံးဆုံးမှ တစ်အမှတ်အသား ဖြင့် ကိုးရက် အဓိဋ္ဌာန်ဝင်ပါ။ ထိုသို့ အဓိဋ္ဌာန်ဝင်စဉ် မိမိရွတ်ပွားနိုင်သလောက် ကို ပုတီးပတ်ပေါင်း မည်မျှစိပ်ပါမည်ဟု အဓိဋ္ဌာန်ပြု၍ သရဏ္ဍာယ်ပါ။

ဤသို့ဖြင့် ၄၅-ရက်မြောက်လျှင် အကျိုးထူးခံစား စံစားနိုင်ပါသည်။ ဤဣန္ဒာသယဂုဏ်တော်ကို ပွားများသူတို့သည် ဥစ္စာ ရွှေ၊ ငွေ၊ ရတနာတို့သည် ဒီရေအလား တိုးပွားလျက်ရာထူးဂုဏ်သိန် တိုးတက်ခြင်း၊ ဈေးရောင်း ဈေးဝယ်ကောင်းခြင်း စသော အကျိုးထူးများကို မျက်ဝါးထင်ထင် ခံစား စံစားကြရမည်ဟု အမှာရှိပါသည်။ နေ့စဉ် ဤဂုဏ်တော်များကို မရွတ်ဖတ်မီ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ကန်တော့ပြီးမှသာ ရွတ်ဖတ်သရဇ္ဈာယ် ကြပါကုန်။

## တိုက်တွန်းချက်

ဤဂုဏ်တော်များကို ရွတ်ပွား ကန်တော့ပန်း ဆင်သူတို့အား သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ အမြဲစောင့်ရှောက်လျက်ရှိသည်။ ထို့ကြောင့် မကောင်းသော နတ်ဆိုး၊ အစိမ်းသရဲနှင့် မကောင်းသော ပညာစက်ဆိုးတို့၏ နှိပ်စက်ခြင်းမှ ကင်းလွတ်နိုင်သည်။ ဣန္ဒာသယ လိုတိုင်းရ၍ နေ့ညမပြတ် ရွတ်ဖတ် သရဇ္ဈာယ်တော် မူကြပါကုန်လော့။

●

# ဤသာန ရန်အောင်ဂါထာ

ဓော သေတာန-နဘာသေတော၊
သေနမာန-နမောနသေ။
တံမာမတေ-တေမမာတံ၊
န နတေဟိ-ဟိတေန န။

## ဤသာန ဂါထာမန္တန်တော် ရွတ်ဆိုရခြင်းအကျိုး

ဤဂါထာမန္တန်တော်သည် ဤသာန နတ်မင်းကြီး၏ ရန်အောင်ဂါထာ မန္တန်တော်ဖြစ်ပါသည်။ ဤဂါထာ မန္တန်တော်ကို ရွတ်ဖတ်ပွားများသူအနေဖြင့် ရန်အပေါင်း အောင်မြင်မည်ဖြစ်ပါသည်။ ယုံယုံကြည်ကြည်ဖြင့် ရွတ်ပါလေ။

●

# ဗောဓိမိတ္တံမန္တန်တော်

ပါဠိ-အနက်

ဗောဓိမိတ္တံ ဟိတံ ပုညံ၊ ယထာ ယာစိ ကတံ ဖလံ။
ဗောဓိနန္ဒာ ပိယာ ပုတ္တာ၊ ပိယာသိရီ ပိယာ ပိယာ။
ဩောင် . . . သုဝဏ္ဏံ ဟာရ ဒွေဖလံ၊ ဩောင် . . . ကာယ
မနသိ မာမတ္တာယ၊ သ ဘဿပရိဝါရာယ ဝိသာခါ
ယ ဗောဓိသတ္တာယ၊ သဗ္ဗနဂရေ သဗ္ဗဂါမေ သဗ္ဗဂေ
ဟေ သဗ္ဗဇနာနံ သဗ္ဗ လာဘာ မတ္တံ ဘဝန္တု၊ မေ
သန္တိကေ ဗောဓိ ဗောဓိ။

မိတ္တံ၊ လူ,နတ်စုပေါင်း၊ အဆွေခင်ပွန်းကောင်းသည်။ ဗောဓိ၊ ယခုအခါ၊ လာလှည့်ပါလော့။ ဟိတံ၊ လောကီ, လောကုတ်၊ အဟုတ်ကျိုးများ၊ အစီးအပွားဖြစ်သော။ ပုညံ၊ ဖြူစင်မှန်လှ၊ ဒါန, သီလ၊ စသည်ပြုကြောင်း၊ ကုသိုလ်အပေါင်းကို။ ကတံ၊ ခုရောနောင်ခါ ပြုလုပ်အပ်ပါပြီ။ ဖလံ၊ ရှေးနှင့်ခုပြု၊ ကောင်းမှုအကျိုး၊ တန်ခိုးအာနိသင်ကို။ ယာစိ၊ ယခုအခါ၌၊ ဖြစ်လာပါရန်၊ တောင်းပန်ပါ၏။ နန္ဒာ၊ စိတ်လိုဖြည့်တတ် နှစ်သက်အပ်ကုန်သော။ ပိယာ၊ စိတ်နှလုံးကို၊ ရွှင်ပြုံးပြုံးထပ်ထပ်၊ ချစ်ခင်အပ်ကုန်သော။ ပုပ္ဖာ၊ အလိုဖြည့်တတ်၊ သားမြတ်ရတနာတို့သည်။ ဗောဓိ-ဗထေ၊ မြန်စွာမုချ၊ လာလှည့်ကြကုန်လော့။ ပိယာ၊ စိတ်နှလုံးကို၊ ရွှင်ပြုံးထပ်ထပ်၊ ချစ်ခင်အပ်ကုန်သော။ သိရီ၊ ကောင်းကျိုးထွေထွေ၊ ဘုန်းကျက်သရေတို့သည်။ ဗောဓိ၊ မြန်စွာမုချ၊ လာလှည့်ကြလော့။ ပိယာ ပိယာ၊ စိတ်လိုဖြည့်တတ်၊ အလွန်ချစ်ခင်အပ်သော၊ သုဝဏ္ဏံ၊ ရွှေငွေအဖြာဖြာ၊ ရတနာကို။ ဩောင်ဟာရ၊ မနေးကြည်ဖြူ(အောင်မြင်စွာ) ဆောင်ယူခဲ့ ကြလော့။ ဒွေ ၂-ပါးကုန်သော။ ကာယမနသိ၊ ကိုယ်,စိတ်နှလုံး၌။ မာမတ္တာယ၊ ချမ်းသာပွားတိုး၊ မြတ်နိုးခြင်းအကျိုးငှာ။ ဖလံ၊ ပူဇော် အဖြာဖြာ၊ ကျိုးများစွာကို။ ဩောင်-ဟာရ၊ မနေးကြည်ဖြူ(အောင်မြင်စွာ) ဆောင်ယူခဲ့ကြလော့။ သဟဿ ပရိဝါရာယ၊ အထောင်မက အခြွေအရံနှင့်တကွသော။ ဝိသာခါယ၊ ပုဗ္ဗာရုံကျောင်းအမ ဝိသာခါ ဒါယိကာမ၌လည်းကောင်း။ ဗောဓိသတ္တာယ၊ သုံးဘုံကျော်ကြား၊ ဘုရားအလောင်းတော်၌လည်းကောင်း။ ပိယာယထာ၊ ချစ်သူခင်သူ၊ ကြည်ဖြူလွန်တိုး၊ မြတ်နိုးကြသကဲ့သို့။ တထာ၊ ဝတ္ထုစေတနာ၊ ထို့အတူသာလျှင်။ မေ၊ ကောင်းကျိုးအားထုတ်၊ အကျွန်ုပ်အား။ သဗ္ဗဂါမေ၊ အလုံးစုံများစွာ၊ မြို့တကာ၌လည်းကောင်း၊ သဗ္ဗဂါမေ၊ အလုံးစုံများစွာ၊ ရွာတကာ၌လည်းကောင်း၊ သဗ္ဗဂေဟေ၊ အလုံးစုံများစွာ အိမ်တကာ၌လည်းကောင်း၊ သဗ္ဗဇနာနံ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံကုန်သော နတ်,လူတို့၏။ ပယံ၊ သဒ္ဓါပွားတိုး၊ ချစ်ခင်မြတ်နိုးခြင်းသည်။ ဘဝန္တု၊ နှစ်သက်စုပုံ၊ ဖြစ်ကြပါစေကုန်သတည်း။ သဗ္ဗလာဘာ၊ မိတ္တံ၊ အလုံးစုံများစွာ၊ လာဘ်ရတနာ၊ အဆွေခင်ပွန်းကောင်းများစွာသည်။ မမ၊ သန္တိကေ၊ ကောင်းကျိုးအားထုတ်၊ အကျွန်ုပ်၏အထံသို့။ ဗောဓိဗောဓိ၊ နှစ်သက်ရွှင်စွာ၊ လာလှည့်-ကြပါလော့။ မှတ်ချက်. . . အထက်ပါ ဂါထာမန္တာန်တော်ကြီးသည် ရှေးပေစာဟောင်းများ၌ အမှာစာ လုံလောက်စွာနှင့် ပါရှိ၏။ အကျိုးအာနိသင်ကား အလိုရှိသလို အောင်မြင်ရရှိနိုင်၏။ ဂါထာမန္တာန်တော်၏အနက်ကို အဓိပ္ပါယ်ပေါ်ထွက်အောင် ယောဇနာလိုက်ပါသည်။ သို့သော် "ခပုတ်တိမှ-

အမိတ" ဆိုသလို မဟုတ်ဘဲ နေ့စဉ်မြဲစွာရွတ်ကြလျှင် အကျိုးအာနိသင်ကို ပိုမိုသိမြင်ကြပါလိမ့်မည်။ အက္ခရာပီသမှန်ကန်မှုနှင့် ဌာန်ကရိုင်းကျနမှုကို အထူးသတိပြုကြကုန်။

## ၈-ကိုးချက်ဂါထာတော်

ဧကစိတ္တံ ဝိစိန္တေတွာ၊ ဧကဓမ္မံ သုနိဿတိ။
သေတောသေမောလောကေ၊ ဧကရာဇာတိ ပါကဋော။
သေတိ သမ္မာ သမ္ဗုဒ္ဓံ၊ သေတိ ဓမ္မမုတ္တမံ။
သေတိ မဂ္ဂမုဂ္ဂယှ၊ သေတိ ပန တေ နမော။

သတိပြုရန်...၎င်းဂါထာကို အက္ခရာပီသစွာရွတ်ဖတ်ပါ။ အနည်းဆုံး သုံးခေါက်၊ ထို့ထက်ပိုနိုင်လျှင် ၇-ခေါက်ရွတ်ပါလေ၊ အလွန် ကျေးဇူးများ၏။ အစိမ်းသူရဲတို့လည်း လွန်စွာကြောက်၏

ကိုးချက် ဂါထာအနက်...

သေတော၊ နိဗ္ဗာန်ရောက်တတ် ကောင်းမြတ်လှစွာ ကြောင်းချင်းရာကို မပြတ်ရာမှီးတတ်သောသူအား။ သေမော၊ နေ့မလပ် ညဉ့်မခြား မပြတ်ရာမှီးအပ်သော သဘောရှိထသော။ လောကေ၊ လောက သုံးထပ် ဘုံသုံးရပ်၌။ ဧကရာဇာတိ၊ ပြိုင်ဘက်မပြူ တစ်ဆူတည်းသော တရားမင်းဟူ၍။ ပါကဋော၊ အောက်ထပ်နှံ့သိ ကျော်စောခြင်း ရှိတော်မူထသော။ ယော၊ အကြင် သုံးလူ ထွတ်ထား မြတ်ဘုရားသည်။ ဧက စိတ္တံ၊ နိဗ္ဗာန်ရောက်ကြောင်း ပျော့ပြောင်းဖြူစင် လွန်ကြည်လင်သော စိတ်သဘောတစ်ခုကို။ ဝိစိန္တေတွာ၊ အထူးသဖြင့် သိတော်မူ၍။ ဧက-ဓမ္မံ-ဧက ဓေ၊ ပုရဏကဿပ စသည်သောင်းသောင်း တိတ္ထိပေါင်းတို့ ကြံကောင်းကြံရာ ဟောမှာသည်နှင့် မတူကွဲပြား နိဗ္ဗာန်ရောက်ကြောင်း တရား ကောင်းတစ်ခုကိုသာလျှင်။ သုနိဿတိ၊ ကောင်းမွန်လှစွာ ဆောင်နိုင်တော်မူပေ၏။ တံသမ္မာသမ္ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရား သခင်ကို။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သေတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရာမှီးလေ့ ရှိပေ၏။ တဿ၊ ထိုမြတ်စွာဘုရားသခင်၏။ ဓမ္မံ၊ မဂ်လေးဝ, ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟူ ဆယ်ဆူသော တရားမြတ်ကိုလည်းကောင်း။ သေတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရာမှီးလေ့ ရှိပေ၏။ တဿ၊ ထိုမြတ်စွာဘုရား သခင်၏။ ဥတ္တမံ၊ ရင်နှစ်သည်းချာ အရိယာရစ်တော် မြတ်သင်္ဃာတော်ကိုလည်း၊ သေတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရာမှီးလေ့ ရှိပေ၏။ ဥဂ္ဂယှ၊ ငြိငြင်စရာ၊ မတွယ်လာအောင် ကြံဆောင်မြှောက်ချီး မိမိစိတ်ကို ထားပြီး၍။ တဿ၊ ထိုမြတ်စွာဘုရားသခင်၏။ မဂ္ဂံ၊ နိဗ္ဗာန်ရောက် ကြောင်း လမ်းကောင်းလမ်းမှန်ကိုလည်း၊ သေတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရာမှီးလေ့ရှိပေ၏။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ သေတိ၊ ဤသို့များစွာ မဟာ အသနိတဓာတ် ရောက်လိုလတ်သည့် မြတ်ဆန္ဒဖြင့် မပြတ်ရာမှီးလေ့ရှိသော ပုဂ္ဂိုလ်၌။ တေ၊ ခန္ဓာ ငါးဝပေါင်းထ သမုတ် သင့်ကိုယ်ရပ်၏။ နမော၊ ခြေရင်းဝပ်တွား ထိငါးပါးဖြင့် လက်စုံမိုး၍ ရှိခိုးခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။



## စာရှုသူ မိတ်ဆွေများထံ

- ယခု သီးခြားဖော်ပြထားသည့် ဘုရားရှိခိုး၊ ဂါထာ၊ မန္တန် စသည်များသည် ဆရာတော်ကြီးများ၊ ဘုရင်မင်းများ၊ လူပုဂ္ဂိုလ်များ ကိုယ်တိုင်သော်လည်းကောင်း၊ သို့မဟုတ် တစ်ဆင့်လက်ကမ်း၍ ဝေငှသဖြင့်ရရှိ၍ သော်လည်းကောင်း၊ ရရှိသည့်အကျိုးများသော ဂါထာမန္တန်တော်များ ဖြစ်ပါသည်။
- ယင်း ဂါထာမန္တန်တို့ကို စာရှုသူတို့အတွက် ထူးထူးခြားခြား ဖော်ပြအပ်ပါသည်။
- ယုံကြည်စွဲမြဲစွာ ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ကြရန် ဖြစ်ပါသည်။

**မဏိဇောတ**

စုဆောင်းစီစဉ်သူ

# ရှင်အရဟံ

## ပုတီးစိပ်နည်း နိဿရည်း

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ။ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
(၃) သံဃံ သရဏံ ဂစ္ဆာမိ။ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
(၄) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ဒုက္ခံ အနတ္တာ။
(၅) အနန္တံ ဗလဝံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊ အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိမုတ္တမံ။

## ရှင်အရဟံ၏ ပုတီးစိပ်နည်းနိဿရည်း အနက်ကား

၁။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

၂။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

၃။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

၄။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ။

၅။ အနန္တံ၊ အတိုင်းမသိ တုမရှိသော။ ဗလဝံ၊ အားအစွမ်းနှင့် ပြည့်စုံတော်မူ

သော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုလည်းကောင်း။ အနန္တံ အဆုံးမရှိသော။ ဂေါစရံ၊ ဘုရားဂုဏ်တော်၏ ကျက်စားရာ အာရုံ ဖြစ်တော်မူသော။ ဓမ္မံ၊ မဂ်ဖိုလ်နိဗ္ဗာန် တရားမြတ်ကိုလည်းကောင်း။ အနန္တံ အဆုံးအပိုင်းအခြားမရှိသော။ အရိယံ၊ အရိယာဖြစ်သော။ သံဃံ၊ သံဃာတော်မြတ်ကိုလည်းကောင်း။ အနန္တံ၊ အတိုင်းမသိ။ ဥတ္တမံ၊ မြတ်သော။ ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ ဂုဏ်တော်ကိုလည်းကောင်း။ (သရဏံ၊ ဟူ၍။ ဂစ္ဆာမိ၊ ၏။)

☸

## အနော်ရထာမင်းအား ရှင်အရဟံ

### ပေးသနားတော်မူသော ဂါထာတော်

အနန္တဂုဏာ သမ္ပန္နံ၊  
နဝဂုဏောပိ သတ္တမံ။  
သဗ္ဗညု ဗုဒ္ဓစေတိယံ၊  
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အမြဲမပြတ် ရွတ်ဖတ်လျှင် အသက်ရှည်ခြင်း၊ ဘေးကင်းခြင်း၊ လာဘ်လာဘ ရွှင်လန်းခြင်း စသော အကျိုးတို့ကို ခံစားရပါလိမ့်မည်။

☸

# ဗားမဲ့ဆရာတော်ကြီး

## အမြဲရွတ်ဖတ်သရဇ္ဈာယ်သော ဂါထာတော်ကြီး

**ဣတိပိသော ဂုဏ်တော်**

**ရန်သူအပေါင်းကို အောင်နိုင်သောအကျိုးပေး၏။**

ဣတိပိ သော ဒိဗ္ဗမန္တော၊ ဣသရော သဗ္ဗဘုမ္မိယော။
ဣတိပိ ပါရမိတိံသ၊ ဣတိပိ မာရပဇ္ဇယော။
ဣတိပိ ပါရမိတိံသ၊ ဣတိပိ သဗ္ဗညုဂတော။
ဣတိပိ သော အနုပ္ပတ္တော၊ ဣံတိပိ နာရီ တေ နမော။

**ဘဂဝါဂုဏ်တော်**

**ရအပ်သော စည်းစိမ်ဥစ္စာကို မပျက်စီးနိုင်၊ ရန်အောင်၏။**

ဘဂဝါ ဘဂဝါနာထော၊ ဘဂ္ဂကိလေသဝါမနော။
ဘဂ္ဂဝန္တော မဟာယသော၊ ဘဂဝါမာရဝဇ္ဇယော။
ဘဂဝါ ဘဂဝါ ယုတ္တော။ ဘဂ္ဂကိလေသ သမာဂမော။
ဘဂ္ဂသ ပါပါတိ ဓမ္မော၊ ဘဂဝါနာမ တေ နမော။

**အရဟံဂုဏ်တော်**

**ပညာကြီးသော အကျိုးပေး၏။**

အရဟော နာမ သမ္ဗုဒ္ဓေါ၊ အရဟော ဂုဏဝိသေသော။
အရဟော ပါကဋ္ဌော လောကေ၊ အရဟော မရဝဇ္ဇယော။
အရဟော ဣတိနာ မေန၊ ရဟောပါပံ နာကာရယိ။
အရဟတ္တဖလပ္ပတ္တော၊ အရဟော နာမတေ နမော။

**သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်**

**ပညာအပေါင်းနှင့်ပြည့်စုံသော အကျိုးပေး၏။**

သမ္မာသမ္ဗုဒ္ဓေါ သဗ္ဗညု၊ သမ္မာလောကုတ္တရောနဝ။
သမ္မာခိဏာသဝေါ သံသာ၊ သမ္မာ စ မာရဝဇ္ဇယော။
သမ္မာသမ္ဗုဒ္ဓဉာဏေန၊ သမ္မာသမ္မာသမ္ဗုဒ္ဓဒေသိတော။
သမ္မာသမ္ဗုဒ္ဓေါ လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓ တေ နမော။

**ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော်**

**ကောင်းကျိုး မကောင်းကျိုး ဆင်ခြင်နိုင်သော အကျိုးပေး၏။**

ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသာဂရော။
ဝိဇ္ဇာဉာဏေန သဗ္ဗညူ၊ ဝိဇ္ဇာ စ မာရဝဇ္ဇယော။
ဝိဇ္ဇာစရဏသမ္ပန္နော၊ တိဿော ဝိဇ္ဇာ ပကာသိတာ။
အနာဂတ ပစ္စုပ္ပန္နာ၊ ဝိဇ္ဇာစရဏ တေ နမော။

**သုဂတော ဂုဏ်တော်**

**စီးပွားချမ်းသာ မချို့တဲ့သော အကျိုးပေး၏။**

သုဂတော နိဗ္ဗာနံ ယာတိ၊ သုဂတော လောကနာယကော။
သုဂတော လောကသာမိကော၊ သုဂတော မာရဝဇ္ဇယော။
သုဂတော သုဂတဋ္ဌာနံ၊ သုဂတော သုန္ဒရံပိစ။
သုဂတော နိဗ္ဗာနံ ယာတိ၊ သုဂတော နာမ တေ နမော။

**လောကဝိဒူ ဂုဏ်တော်**

**သူ့စီးပွားကို ဆောင်နိုင်သော အကျိုးပေး၏။**

လောကဝိဒူ တိလောကဿ၊ လောကသိဒ္ဓိ ပဘာဝိတော။
လောကဂုဏော မဟာဝီရော၊ လောကဂ္ဂေါ မာရဝဇ္ဇယော။
လောကဝိဒူ တိနာမေန၊ အဘိညာဏ လောကဝိဒူ။
သင်္ခါရ သတ္တ မောကာသံ၊ လောကဝိဒူတိ တေ နမော။

**အနုတ္တရော ဂုဏ်တော်**

**ပညာဉာဏ်ကြီးကျယ်သော အကျိုးပေး၏။**

အနုတ္တရော ဉာဏသီလော၊ အနုတ္တရော အာနုဘာဝေါ
အနုတ္တရော တိလောကသ္မိံ၊ အနုတ္တရော စ ဝဇ္ဇယော။
အနုတ္တရော ဂုဏသီလော၊ ယော လောကဿ အနုတ္တရော။
အနုတ္တရော လောကသ္မိံ၊ အနုတ္တရောစ တေ နမော။

**ပုရိသဒမ္မသာရထိ ဂုဏ်တော်**

**အလိုခပ်သိမ်း ပြည့်စုံသော အကျိုးပေး၏။**

ပုရိသဒမ္မသာရထိ၊ ပူရေန္တော ဒါနပါရမီ၊
ပူရေတိ သဗ္ဗလောကဿ၊ ပူရတိ မာရဝဇ္ဇယော။
သာရတိ သာရတိ ဒေဝ၊ ယော လေဿ စ သာရထိ။

ဌပေတွာ ပုရိသသေဋ္ဌံ၊ သာရထိနာမ တေ နမော။

**သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်**

**နှလုံးဗျာပါဒ ကင်းငြိမ်းသော အကျိုးပေး၏။**

သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝ တြိဘဝနံ။
သတ္ထာဒေဝမုနိနာမ၊ တတ္ထာစ ပရဝန္ဒယော။
သတ္ထာဒေဝ မနုဿနံ၊ သတ္ထာဟောတိစ သောမုနိ။
သံသာရ ရထစက္ကာနံ၊ သတ္ထာဒေဝစ တေ နမော။

**ဗုဒ္ဓေါ ဂုဏ်တော်**

**ကျေးဇူးသစ္စာ မဖောက်ပြန်သော အကျိုးပေး၏။**

ဗုဒ္ဓေါ သဗ္ဗဓိတော ဓမ္မော။ ဗုဒ္ဓော ဉာတာစ သမ္ဗုဒ္ဓေါ။
ဗုဒ္ဓေါ နာမာတိ လောသ္မိံ၊ ဗုဒ္ဓေါစ မာရဝန္ဒယော။
ဗုဒ္ဓေါ ဗုဒ္ဓေါတိ သစ္စာနံ၊ စတုသစ္စာ ပကာသိတာ။
သစ္စာဗုဒ္ဓဿ ဉာဏေန၊ ဗုဒ္ဓဿနာမ တေ နမော။

**ဘဂဝါ ဂုဏ်တော်**

**ဆင်းရဲကျဉ်းမြောင်းခြင်း ကင်းလွတ်သော အကျိုးပေး၏။**

ဘဂ္ဂါသဝေါ သမ္မာဒက္ခော၊ ဘဂ္ဂရာဂေါ သဗ္ဗကထာ။
ဘဂ္ဂါပါပအကုသလော၊ ဘဂ္ဂဝါ မာရဝန္ဒယော။
ဘဂ္ဂရာဂေါ ဘဂ္ဂဒေါသော၊ ဘဂ္ဂမောဟော အနာသဝေါ။
ဘဂ္ဂသံသာရ မုတ္တမော၊ ဘဂ္ဂဝါနာမ တေ နမော။

# တောင်ဖီလာဆရာတော်ဘုရားကြီး၏
# စက်ဂါထာ

ဇယာဝဟံ–ဇယက်ာရံ၊
ဇယသေဋ္ဌ–ဇယဂ်တံ။
ဝန္ဒာမဟံ–မဟာဝီရံ။
လောကဇေဋ္ဌ–တထာဂတံ။

## ဂါထာအနက်

အဟံ၊ ငါသည်။ ဇယာဝဟံ၊ အောင်ရာ အောင်ကြောင်းကို ဆောင်တော်မူတတ်သော။ ဇယက်ာရံ၊ အောင်ခြင်းကို ပြုတော်မူတတ်ထသော။ ဇယသေဋ္ဌ၊ အောင်သူတကာတို့ထက် ချီးမွမ်းအပ် မြတ်တော်မူထသော။ ဇယဂ်တံ၊ အောင်တတ်သောဉာဏ်သို့ ရောက်တော်မူပြီးထသော။ မဟာဝီရံ၊ ကြီးသောလုံ့လ ရှိတော်မူထသော။ လောကဇေဋ္ဌ၊ ခပ်သိမ်းသော သတ္တလောကထက် အထူးသဖြင့် ကြီးမြတ်တော်မူထသော။ တထာဂတံ၊ မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

**မှတ်ချက်။** ။ အင်းဝခေတ်တွင် ကျော်လေးကျော်ဟု ထင်ရှားသော တောင်ဖီလာ ဆရာတော်ဘုရားကြီး သာသနာနှစ် (၂၁၆၃) ခုနှစ်၌ ရေးသားစီရင်ခဲ့သည့် "ယသဝဍ္ဎန ဝတ္ထု" ပထမအုပ် ပဏ္ဏာမပဋိညာဉ် အခန်းမှ ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်။ ဤဂါထာကို ရွတ်ဆို ပွားများသူတိုင်း လောကီ၊ လောကုတ္တရာ အမှုကိစ္စဟူသမျှ ပြီးမြောက်အောင်မြင်နိုင်ပေသည်။

☸

## ဖားမဲ့ဆရာတော်ကြီး၏

### သမိုင်းဝင်ဂါထာတော်

ဧကစိတ္တံ ဝိစိန္တေတွာ၊ ဧကဓမ္မံ သုနိဿတိ။
ဒေသတော ဒေသမော လောကေ၊ ဧကရာဇာတိ ပါကဋော။
ဒေသတိ သမ္မာသမ္ဗုဒ္ဓံ၊ ဒေသတိ ဓမ္မ မုတ္တမံ။
ဒေသတိ မဂ္ဂ မုဂ္ဂယှ၊ ဒေသတိ ပန တေ နမော။

### မြန်မာပြန်အနက်

ဒေသတော၊ နိဗ္ဗာန်ရောက်စေတတ်သော ကောင်းမြတ်လှစွာ ကြောင်းခြင်းရာကို မပြတ်ရာမိုးတတ်သူအား။ ဒေသမော၊ နေ့ညမလတ် မပြတ်ရာမိုးအပ်သော သဘောရှိထသော။ လောကေ၊ လောကသုံးရပ်၌။ ဧကရာဇာတိ၊ ပြိုင်ဘက်မပြု တစ်ဆူတည်းသော တရားမင်းဟူ၍။ ပါကဋော၊ အောက်ထက်နှံ့သိ ကျော်စော ခြင်းရှိတော်မူထသော။ ယော၊ အကြင်သုံးလူထွတ်ထား မြတ်ဘုရားသည်။ ဧကစိတ္တံ၊ နိဗ္ဗာန်ရောက်ကြောင်း ပျော့ပျောင်းဖြူစင် ကြည်လင်သော စိတ်တစ်ခုကို။ ဝိစိန္တေတွာ၊ အထူးသဖြင့် သိတော်မူ၍။ ဧကဓမ္မံ၊ ဧကဓမ္မဝေ၊ ပုရာဏကဿပ စသည် သောင်းသောင်း တိတ္ထိအပေါင်းတို့ ကြံကောင်းကြံရာ ဟောမှာသည်နှင့်၊ မတူကွဲပြား နိဗ္ဗာန်ရောက်ကြောင်း တရားတစ်ခုကိုသာလျှင်။ သုနိဿတိ၊ ကောင်းမွန်လှစွာ ဆောင်နိုင်တော်မူပေ၏။ သမ္မာသမ္ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒေသတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရာမိုးလေ့ရှိပေ၏။

တဿ ထိုမြတ်စွာဘုရားသခင်၏။ ဓမ္မံ၊ မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆယ်ဆူသော တရားတော်မြတ်ကိုလည်း။ ဒေသတိ၊ ရွှေပြည်နိဗ္ဗာန် စံဝင်လိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရာမိုးလေ့ရှိပေ၏။ တဿ၊ ထိုမြတ်စွာဘုရားသခင်၏။ ဥတ္တမံ၊ ရင်နှစ်သည်းချာ အရိယာရှစ်ဖော် မြတ်သံဃာတော်ကိုလည်း။ ဒေသတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရာမိုးလေ့ရှိပေ၏။

ဥဂ္ဂယှ၊ ငြိုငြင်စရာ မတွယ်လာအောင် ကြံဆောင်မြှောက်ချီး မိမိစိတ်ကို ထားပြီး၍။ တဿ၊ ထိုမြတ်စွာဘုရားသခင်၏။ မဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း

လမ်းကောင်းလမ်းမှန်ကိုလည်း။ ဧသတိ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံလိုလှ မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိပေ၏။

ဧသတိ၊ ဤသို့များစွာ မဟာအသင်္ခတခေတ် ရောက်လိုလတ်သည့် မြတ်ဆန္ဒဖြင့် မပြတ်ရှာမှီးလေ့ရှိသော ပုဂ္ဂိုလ်၌။ တေ၊ ခန္ဓာငါးဝ ပေါင်းထသမုတ် သင့်ကိုယ်ရုပ်အား။ နမော၊ ခြေရင်းဝပ်တွား ထိငါးပါးဖြင့် လက်စုံမိုး၍ ရှိခိုးနိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ရည်ညွှန်းချက်

ဤဂါထာသည် ဗားမဲ့ဆရာတော်ဘုရားကြီး အစဉ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ပြီး ဗားမဲ့အဆက်အနွယ် တပည့်များလည်း အစဉ် ရွတ်ဖတ်ခဲ့သော သမိုင်းဝင်ဂါထာဖြစ်ပါသည်။ (ဧ ကိုးချက်ဂါထာဟုလည်း ခေါ်သည်။)

☸



# တောင်ဖီလာဆရာတော်ဘုရားကြီး၏

## အန္တရာယ်ကင်း မင်္ဂလာဂါထာ

(၁) အနေကသတာ သမ္ဗုဒ္ဓါ၊ ဥပ္ပန္နာ ဘယ နာသကာ။
မမ သီသေ ပတိဋ္ဌန္တု၊ ရက္ခန္တု တေ မမံ သဒါ။
(၂) သုခါဝဟံ သတံ ဓမ္မာ၊ တိဋ္ဌန္တု ဟဒယေ မမ။
အမေ့ ဇတေ ပါလယန္တု၊ သုခံ ဒေန္တု မမံ သဒါ။
(၃) သမ္ဗုဒ္ဓါနံ အရဟန္တော၊ တေဇဝန္တော တ.တော တတော၊
တေ မံ အံသေ ပတိဋ္ဌန္တု။
ပါလသန္တု မမံ သဒါ။

## ဂါထာအနက်

(၁) အနေကသတာ၊ ရာထောင်သိန်းသန်း ဂဏန်းသင်္ချာ ဆင့်ကာပွားယက် ရေတွက်မရ လွန်များလှကုန်သော။ ဘယနာသကာ၊ ဘေးရန်အပေါင်း မကောင်း အနိဋ္ဌဟူဟူသမျှကို မြူမျှမကျန် တွန်းလှန်ပယ်သတ် ဖျက်ဆီးတော်မူတတ် ကုန်သော။ သမ္ဗုဒ္ဓါ၊ သစ္စာလေးဆိုင် ကိုယ်တိုင်သိမြင် ဘုရားရှင်တို့သည်။ ဥပ္ပန္နာ၊ ပွင့်တော်မူကြကုန်လေပြီ။ တေသဗ္ဗုဒ္ဓါ၊ သစ္စာလေးဆိုင် ကိုယ်တိုင် သိမြင် ထိုဘုရားရှင်တို့သည်။ မမံ၊ နှစ်ပါးနာမ်ရုပ် အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းထက်၌။ ပတိဋ္ဌန္တု၊ အပရာဇိတပလ္လင်ကဲ့အသွင်သို့ ကြည်ရွှင်စံပယ် တင့်တယ်ဖွဲ့ခွေ တည်နေတော်မူကြပါစေကုန်သတည်း။ တေသမ္ဗုဒ္ဓါ၊ သစ္စာလေး ဆိုင် ကိုယ်တိုင်သိမြင် ထိုဘုရားရှင်တို့သည်။ မမံ၊ နှစ်ပါးနာမ်ရုပ် အကျွန်ုပ်ကို။ ရက္ခန္တု၊ အန္တရာယ်ဖယ်ရှား မင်္ဂလာပွားအောင် မခြားနေ့ည ကယ်မစောင့်ရှောက် တော်မူကြပါစေကုန်သတည်း။

(၂) သုခါဝဟံ၊ ချမ်းသာကောင်းကျိုး အမျိုးမျိုးကို တိုးတက်ပွားအောင် ရွက်ဆောင်တော်မူကြကုန်သော။ သတံ၊ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းတို့၏။ ဓမ္မာ၊ မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်တို့သည်။ မမံ၊ နှစ်ပါးနာမ်ရုပ် အကျွန်ုပ်၏။ ဟဒယေ၊ မနော ဝိညာဉ် စိတ်စဉ်တည်ရာ မှန်စွာသတ်မှတ် နှလုံးခါတ်၌။ တိဋ္ဌန္တု၊ တရားပလ္လင် ကဲ့အသွင် အစဉ်ထာဝရ တည်တော်မူကြပါစေကုန်သတည်း။

ဇေတဝမှာ၊ ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်တို့သည်။ အမေ့၊ နှစ်ပါးနာမ်ရုပ် အကျွန်ုပ်တို့ကို။ ပါလယန္တု၊ ဘေးအတန်တန် ရန်အမျိုးမျိုး ကပ်ဆိုးကင်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူကြပါစေကုန်သတည်း။

မမ၊ နှစ်ပါးနာမ်ရုပ် အကျွန်ုပ်အား။ သဒါ၊ နေ့ရောညပါ အခါခပ်သိမ်း။ သုခံ၊ လောကီ လောကုတ္တရာ ချမ်းသာကောင်းကျိုး အမျိုးမျိုးကို။ ဒေန္တု၊ ပေးတော်မူကြပါစေကုန်သတည်း။

(၃) တေဇဝန္တော၊ ကောင်းကင်တိမ်ယံ ဈာန်ပျံမြေလျှိုး ကြီးသော တန်ခိုးရှိတော်မူကြကုန်သော။ သဗ္ဗဗုဒ္ဓါနံ၊ သစ္စာလေးဆိုင် ကိုယ်တိုင်သိမြင် ဘုရားရှင်တို့၏။ ပုတ္တာ၊ တရားရင်နှစ် သားတော်စစ် ဖြစ်တော်မူကြကုန်သော။ အရဟန္တော၊ ရဟန္တာ ထိုထိုသခင် အရှင်မြတ်တို့သည်။ တတော တတော၊ ဝန်းကျင်ပတ်ချာ ထိုထိုအရပ် မျက်နှာတို့၌။ သန္တိ၊ ရှိတော်မူကြကုန်၏။ တေ အရဟန္တော၊ ထိုရဟန္တာသခင် အရှင်မြတ်တို့သည်။ မံ မမ၊ နှစ်ပါးနာမ်ရုပ် အကျွန်ုပ်၏။ အံသေ၊ ဝဲယာနှစ်ဖက် ပခုံးထက်၌။ ပတိဋ္ဌန္တု၊ နေရာကောင်းနှယ် တင့်တယ်စံပျော် တည်နေတော်မူကြပါစေကုန်သတည်း။ တေ အရဟန္တာ၊ ထိုရဟန္တာသခင် အရှင်မြတ်တို့သည်။ မမံ၊ နှစ်ပါးနာမ်ရုပ် အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ပါလယန္တု၊ လောကီ လောကုတ္တရာ မင်္ဂလာဝေဖြိုး တိုးတက်တိုးရန်၏ ဧကန်စောင့်ရှောက်တော်မူကြပါကုန်သတည်း။

မှတ်ချက်။ ။ ဤဂါထာကို သာလွန်မင်းတရား၏ မင်းဆရာဖြစ်သော "မဟာတိပိဋကာလင်္ကာရ" ဘွဲ့တံဆိပ်တော်ရ တောင်ဖီလာ ဆရာတော်ဘုရားကြီး အရှင်မုနိန္ဒဃောသ နေ့စဉ် နေထွက် မွန်းတည့်၊ နေဝင် တစ်နေ့(၃)ကြိမ် ရွတ်ဆိုတော်မူကြောင်း သိရှိရပါသည်။



## လယ်တီဆရာတော်ဘုရားကြီး၏

### အဋ္ဌရာယ်ကင်းဂါထာတော်များ

(၁) ဗုဒ္ဓေါစ မင်္ဂလော လောကေ။
ဒေဝဗြဟ္မနမြဲပဟ္မိသသရော။
ဗုဒ္ဓံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

(၂) ဓမ္မောစ မင်္ဂလော လောကေ၊
သဗ္ဗာပါပ ဝိနာသကော။
ဓမ္မံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

(၃) သံဃောစ မင်္ဂလော လောကေ၊
ဘယဝေရ ဝိနောဒနော။
သံဃံ သရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

(၄) တော် ခေါ် မင်္ဂလံ ခေမံ၊
တော် မင်္ဂလ မုတ္တမံ။
တော် မင်္ဂလ မာဂမ္မ၊
သဗ္ဗပါပါ ပမုစ္စရေ။

(၅) တော် ခေါ် သရဏံ ခေမံ၊
တော် သရဏ မုတ္တမံ။
တော် သရဏ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။

(၆) တော် ခေါ် ရတနံ ခေမံ၊
တော် ရတန မုတ္တမံ။
တော် ရတန မာဂမ္မ၊
သဗ္ဗဒေါသာ ပမုစ္စရေ။

## ဂါထာအနက်

(၁) လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဗုဒ္ဓေါစ၊ မြတ်စွာဘုရားသည် သာလျှင်။ မင်္ဂလော၊ သတ္တဝါအပေါင်းတို့တွင် အတုမရှိ အဘက်မရှိ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီးအစစ် ဖြစ်တော်မူပေ၏။ ဒေဝဗြဟ္မနုဿဖွဟိုဿယရော၊ ဘုန်းတန်ခိုးဣဒ္ဓိပါဒ် လွန်ကြီးမြတ်သော နတ်အပေါင်း၊ သိကြားမင်းအပေါင်း၊ ဗြဟ္မာမင်းအပေါင်းတို့ကို အစိုးရတော်မူပေ၏။ ဗုဒ္ဓံ သရဏံ၊ ဘုရားတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ၊ သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

(၂) လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ ဓမ္မောစ၊ မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်တရားတော်မြတ် သည်သာလျှင်။ မင်္ဂလော၊ တရားအပေါင်းတို့တွင် အတုမရှိ အဘက်မရှိ လွန်မြတ်လှစွာသော။ အနုတ္တရ၊ မဟာမင်္ဂလာ အစစ်ကြီး ဖြစ်တော်မူပေ၏။ သဗ္ဗပါပဝိနာသကော၊ ဆိုးဝါးညစ်ညမ်းကြမ်းတမ်း ယုတ်မာ မကောင်းစွာသော မိစ္ဆာဓမ္မဟူသမျှတို့ကို ' မြုံမြုံမကျန် ပယ်လှန်ဖျက်ဆီး တော်မူနိုင်ပေ၏။ ဓမ္မံ သရဏံ၊ တရားတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ-သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

(၃) လောကေ၊ လောကသုံးခွင် ဘုံအပြင်၌။ သံဃောစ၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ် သည်သာလျှင်။ မင်္ဂလော၊ တရားအပေါင်းအများ တပည့်သားအစုတွင် အတုမရှိ အဘက်မရှိ လွန်မြတ်လှသော။ အနုတ္တရာ၊ မဟာမင်္ဂလာအစစ် ဖြစ်တော်မူပေ၏။ ဘယဝေရဝိနောဒနော၊ ခပ်သိမ်းသော ဘေးရန်တို့ကို ပယ်လှန်ဖြေဖျောက်တော်မူ နိုင်ပေ၏။ သံဃံ သရဏံ၊ သံဃာ တည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ-သဗ္ဗဒုက္ခေဟိ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

(၄) ခေါ၊ စင်စစ်။ ဇေတ် မင်္ဂလ်၊ ဤဘုရား တရား သံဃာ မင်္ဂလာသုံးပါး သည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ မင်္ဂလာအစစ် အဖြစ်ကြီးဖြစ်တော်မူ ပါပေ၏။ ဇေတ်မင်္ဂလ်၊ ဤဘုရား တရား သံဃာ မင်္ဂလာသုံးပါး သည်သာလျှင်။ ဥတ္တမံ၊ လောကအားလုံး၌ အမြတ်ဆုံးသော မင်္ဂလာကြီးဖြစ်တော်မူပါပေ၏။ ဇေတ် မင်္ဂလ်၊ ဤဘုရား တရား သံဃာ မင်္ဂလာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗပါပါ–သဗ္ဗပါပေဟိ၊ ခပ်သိမ်းသော အယုတ်တမာ မိစ္ဆာဓမ္မ ဟူသမျှတို့မှ။ ပမုစ္စရေ–ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

(၅) ခေါ၊ စင်စစ်။ ဇေတ် သရဏ်၊ ဤ ဘုရား တရား သံဃာ ကိုးကွယ် ရာ အစစ်ကြီးဖြစ်တော်မူပါပေ၏။ ဇေတ် သရဏ်၊ ဤဘုရား တရား သံဃာ ကိုးကွယ်ရာသုံးပါး သည်သာလျှင်။ ဥတ္တမံ၊ လောကအားလုံးမှာ အမြတ်ဆုံးသော ကိုးကွယ်ရာကြီး ဖြစ်တော်မူပါပေ၏။ ဇေတ် သရဏ်၊ ဤဘုရား တရား သံဃာ ကိုးကွယ်ရာသုံးပါးကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ် လူ ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ–သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ–ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

(၆) ခေါ၊ စင်စစ်။ ဇေတ် ရတန်၊ ဤ ဘုရား တရား သံဃာ ရတနာသုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ ရတနာအစစ်ကြီးဖြစ်တော် မူပါပေ၏။

ဇေတ် ရတန်၊ ဤ ဘုရား တရား သံဃာ ရတနာသုံးပါးသည်သာလျှင်။ ဥတ္တမံ၊ လူရပ် နတ်ရွာ ရတနာအားလုံးထက် အမြတ်ဆုံးသော ရတနာဖြစ်တော် မူပါပေ၏။ ဇေတ် ရတန်၊ ဤ ဘုရား တရား သံဃာ ရတနာသုံးပါးကို။ အာဂမ္မ၊ ကိုးကွယ်သမှုအစွဲပြု၍။ သတ္တာ၊ နတ် လူ ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒေါသာ–သဗ္ဗဒေါသေဟိ၊ ခပ်သိမ်းသော အပြစ်ဒေါသဟူသမျှတို့မှ။ ပမုစ္စရေ–ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

**မှတ်ချက်။** ။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်ခဲ့ တော်မူခဲ့သော "ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်" တွင် နိဂုံး ဂါထာ အဖြစ် ပါဝင်ခဲ့သော အန္တရာယ်ကင်းဂါထာတော်များ

ဖြစ်သည်။ လယ်တီဆရာတော် ဘုရားကြီးက "ရောဂါဆိုး အနာဆိုး၊ ကပ်ဥပဒ်ဆိုး၊ ဘေးဆိုး အမျိုးမျိုးမှ ကင်းလွတ်စေတတ်သော အန္တရာယ်ကင်းဂါထာတော်များ"ဖြစ်ကြောင်း ရည်ညွှန်းထားပါသည်။ ထို့ပြင် "အိပ်ရာဝင်လျှင် နေ့စဉ်သက်စေ့ရွတ်၊ သားငယ်၊ သမီးငယ်အတွက် ပိုမို၍ ရွတ်" ဟူ၍လည်းကောင်း။ ဤ(၆)ဂါထာတို့ကိုအနုဿတိဘာဝနာကိစ္စနှင့် ကုသိုလ်ဖြစ်ရွတ်ဆိုသော အခါ၌ သာယာစွာရွတ်ဆိုရသည်။ အန္တရာယ်ရှိ၍ အန္တရာယ်ကင်းရန် ရွတ်ဆိုသော၊ အခါ၌ စိတ်မာန်တင်းတင်းနှင့် ပြင်းထန်စွာရွတ်ဆိုရသည် ဟူ၍လည်းကောင်း မှာကြားတော်မူထားပေသည်။

☸

# လယ်တီဆရာတော်ဘုရားကြီး၏

## ပဏာမအန္တရာယ်ကင်းဂါထာ

နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော ဓမ္မဿ၊ နမော သံဃဿ၊
နမော အာစရိယာနံ။
တိဗ္ဗန္တု သီသေ မေ ဧတေ၊
အန္တရာယာ သမေန္တု မေ။

## ဂါထာအနက်

ဘဂဝတော၊ ဘာဂျသိရီယ ဓမ္မ ယသ သိရိကာမ ပယတ္တတည်း ဟူသော ခြောက်ဝဘုန်းဟုန် ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူထသော။ အရဟတော၊ ကိလေသာကင်းပြတ်သဖြင့် မြတ်သောအလှူကို ခံတော်မူထိုက်ထသော။ တဿ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့် အမှန်ထိုးထွင်း၍ သိတော်မူထသော မြတ်စွာဘုရား သခင်အား။ နမော၊ ရှိခိုးပါ၏။ ဓမ္မဿ၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်မြတ်အား။ နမော၊ ရှိခိုးပါ၏။ သံဃဿ၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အား။ နမော၊ ရှိခိုးပါ၏။ အာစရိယာနံ၊ ပညာသိပ္ပညွှန်ပြသွန်သင် ကျေးဇူးရှင် ဆရာမြတ်တို့အား။ နမော၊ ရှိခိုးပါ၏။ ဧတေ၊ ထို ဘုရား တရား သံဃာ ဆရာမြတ်ကို့သည်။ မေ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါထက်၌။ တိဗ္ဗန္တု၊ တည်နေ ကိန်းဝပ်တော်မူကြပါစေကုန်သတည်း။

မေ၊ အကျွန်ုပ်အား။ အန္တရာယာ၊ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်ဟူသမျှတို့သည်။ သမေန္တု၊ ကင်းငြိမ်းလွင့်စင်ကြပါစေကုန်သတည်း။

**မှတ်ချက်။** ။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူသော "ဥရောပဗုဒ္ဓဘာသာ အလင်းပြကျမ်း" မှဖြစ်သည်။

ဆရာတော်ကြီးက ဖော်ပြပါ ဂါထာနှင့်ပတ်သက်၍ အထက်၌ ပြဆိုခဲ့ပြီးသော ပဏာမအန္တရာယ်ကင်းဂါထာကို ပါဠိအနက်နှင့်တကွ နှုတ်တက်ကျက်မှတ်၍ အမြဲ ရွတ်ဖတ်သရဇ္ဈာယ်လျှင် ဘေးအန္တရာယ်ကင်းရှင်း၍ စီးပွားဥစ္စာတိုးတက်လျက် ဘုန်းကျက်သရေကြီးမားတတ်သည်။ ကျက်မှတ် သရဇ္ဈာယ်ကြကုန်ဟူ၍ ညွှန်ပြထားပေသည်။



### ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
### တစ်နေ့ငါးကြိမ် ဘုရားရှိခိုးတော်မူသော
### ဘုန်းကြီး သက်ရှည် အန္တရာယ်ကင်း

## ခုနစ်ဆူစက်ပရိတ်တော်ကြီး

အစိန္တေယျ၊ အစိန္တေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ၊ အနန္တဇေဠ သဗ္ဗ၊ အတုမရှိ အတိုင်းမသိသော ကျေးဇူးတော်စုံ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

၁။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တစကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်ဝိပဿီ မြတ်စွာဘုရားကိုယ်တော်။

၂။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တစကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်သိခီ မြတ်စွာဘုရားကိုယ်တော်။

၃။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တစကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်ဝေဿဘူ မြတ်စွာဘုရားကိုယ်တော်။

၄။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တစကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်ကကုသန် မြတ်စွာဘုရားကိုယ်တော်။

၅။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တစကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်ကောဏာဂုံ မြတ်စွာဘုရားကိုယ်တော်။

၆။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တစကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်ကဿပ မြတ်စွာဘုရားကိုယ်တော်။

၇။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တစကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရှင်ဂေါတမ မြတ်စွာဘုရားကိုယ်တော်။

ဤခုနစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ ဦးခေါင်းအထက်၌ အမြဲတည်ကြပါစေကုန်သတည်း။

ဤခုနစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ ဝဲယာနှစ်ဖက် ဦးခေါင်း၊ထက်၌ အမြဲတည်ကြပါစေကုန်သတည်း။

ဤခုနစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ ဝဲယာနှစ်ဖက် ပခုံးထက်၌ အမြဲတည်ကြပါစေကုန်သတည်း။

ဤခုနစ်ဆူကုန်သော မြတ်စွာဘုရားကြီး အပေါင်းတို့သည် အကျွန်ုပ်တို့၏ အဆုတ် အသည်း နှလုံးထဲ၌ အမြဲတည်ကြပါစေကုန်သတည်း။

## ဘုရားခုနစ်ဆူ စက်ပရိတ်ပါဠိ

၁။ ဝိပဿီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တ
တေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၂။ သိခီ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တ
တေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၃။ ဝေဿဘူ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တ
တေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၄။ ကကုသန္ဓော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တ
တေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၅။ ကောဏာဂမနော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တ
တေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၆။ ကဿပေါ ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တ
တေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

၇။ ဂေါတမော ဗုဒ္ဓေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊
အနန္တပုညော အနန္တဂုဏော အနန္တဉာဏော အနန္တ
တေဇော အနန္တဣဒ္ဓိ အနန္တဇုတိ။

သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တပုညာ အနန္တဂုဏာ အနန္တဉာဏာ အနန္တတေဇော အနန္တဣဒ္ဓိမန္တာ အနန္တဇုတိမန္တာ နမော တေသံ သတ္တန္နံ ဗုဒ္ဓါနံ ဘဂဝန္တာနံ အရဟန္တနံ-

ဒုတိယမ္ပိ၊ တတိယမ္ပိ-အထက်ပါအတိုင်းဆိုပါ။

အနန္တပုညာ သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ ပုညစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

အနန္တဂုဏော သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ ဂုဏစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

အနန္တဉာဏာ သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ ဉာဏစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

အနန္တတေဇာ သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ တေဇစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

အနန္တဣဒ္ဓိမန္တာ သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ ဣဒ္ဓိစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

အနန္တဇုတိမန္တာ သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ အနန္တေဟိ ဇုတိစက္ကေဟိ အမှေ ရက္ခန္တု သဗ္ဗဒါ။

## ဘုရားခုနစ်ဆူစက်ပရိတ်အနက်

၁။ ဝိပဿီ၊ ဝိပဿီမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကိုသိတော်မူ၏။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ၏။ အရဟံ၊ ပူဇော်အထူးကိုခံတော်မူထိုက်၏။ သမ္မာသမ္ဗုဒ္ဓါ၊ မဖောက်မပြန် ကိုယ်တိုင် ဉေယျဓံတရားငါးပါးကို သိမြင်တော်မူ၏။ အနန္တပုညော၊ အဆုံးပိုင်းခြားမရှိသော ဘုန်းရှိတော်မူ၏။ အနန္တဂုဏော၊ အဆုံးအပိုင်းအခြားမရှိသော ဂုဏ်ရှိတော်မူ၏။ အနန္တဉာဏော အဆုံးအပိုင်းအခြားမရှိသော ဉာဏ်ရှိတော်မူ၏။ အနန္တတေဇော အဆုံးအပိုင်းအခြားမရှိသော အရှိန်အစော်ရှိတော်မူ၏။ အနန္တ

ဏ္ဏဒ္ဓိ၊ အဆုံးအပိုင်းအခြားမရှိသော အရောင်ရှိတော်မူ၏။

၂။ သိခီ၊ သိခီမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ လေးပါးတရားကို သိတော်မူ၏။ လ။ အနန္တဇုတိ၊ အဆုံးပိုင်းခြားမရှိသော အရောင်ရှိတော်မူ၏။

၃။ ဝေဿဘူ၊ ဝေဿဘူမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး လေးပါးတရားကို သိတော်မူ၏။ လ။ အနန္တဇုတိ၊ အဆုံးပိုင်းခြားမရှိသော အရောင်ရှိတော်မူ၏။

၄။ ကကုသန္ဓော၊ ကကုသန်မြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားကိုသိတော်မူ၏။ လ။ အနန္တဇုတိ၊ အဆုံးပိုင်းခြားမရှိသော အရောင်ရှိ တော်မူ၏။

၅။ ကောဏာဂမနော၊ ကောဏာဂုံမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာ လေးပါးလေးပါးတရားကို သိတော်မူ၏။ လ။ အနန္တဇုတိ၊ အဆုံးပိုင်းခြားမရှိ သော အရောင်ရှိတော်မူ၏။

၆။ ကဿပေါ၊ ကဿပမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားကို သိတော်မူ၏။ လ။ အနန္တဇုတိ၊ အဆုံးပိုင်းခြားမရှိသော အရောင်ရှိတော်မူ၏။

၇။ ဂေါတမော၊ ဂေါတမမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါးတရား ကို သိတော်မူ၏။ လ။ အနန္တဇုတိ၊ အဆုံးပိုင်းခြားမရှိသော အရောင်ရှိတော်မူ၏။

သတ္တ၊ ခုနစ်ဆူကုန်သော။ ဏ္ဏမေဗုဒ္ဓါ၊ ဤဘုရားရှင်တို့သည်။ ဘဂဝန္တော၊ ဘုန်းတော်ခြောက်ပါးရှိတော်မူကုန်၏။ အရဟန္တော၊ ပူဇော်အထူးကို ခံတော်မူ ထိုက်ကုန်၏။ သမ္မာသမ္ဗုဒ္ဓါ၊ မဖောက်မပြန် ကိုယ်တော်တိုင် ဉေယျဓံတရား ငါးပါးကို သိတော်မူကုန်၏။ အနန္တဂုဏာ၊ အဆုံးပိုင်းခြားမရှိသော ဂုဏ်တော် ရှိတော်မူကုန်၏။ အနန္တပုညာ၊ အဆုံးအပိုင်းအခြားမရှိသော အရှိန်အစော်ရှိ တော်မူကုန်၏။ အနန္တရာဏော၊ အဆုံးအပိုင်းအခြားမရှိသောဉာဏ် ရှိတော် မူကုန်၏။ အနန္တတေဇော၊ အဆုံးအပိုင်းအခြားမရှိသော ရှိန်အစော ရှိတော် မူကုန်၏။အနန္တဏ္ဏဒ္ဓိမန္တော၊ အဆုံးပိုင်းခြားမရှိသော တန်ခိုးတော်ရှိတော် မူကုန် ၏။ အနန္တဇုတိမန္တာ၊ အဆုံးပိုင်းခြားမရှိသော အရောင်ရှိတော်မူကုန်၏။ ဘဂဝန္တာနံ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူကုန်သော အရဟန္တာနံ၊

ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ မဖောက်မပြန် ကိုယ်တော်တိုင် ဥဿျမ်တရားငါးပါးကို သိတော်မူကုန်သော။ သတ္တနံ၊ ခုနစ်ဆူ ကုန်သော။ တေသံ ဗုဒ္ဓါနံ၊ ထိုဘုရားရှင်တို့အား။ နမော၊ ရှိခိုးပါ၏။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။

အနန္တပုညာ၊ အဆုံးပိုင်းခြားမရှိသော ဘုန်းတော်ရှိတော်မူကုန်သော။ ဘဂဝန္တော၊ ကုန်သော။ အရဟန္တော၊ ကုန်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဣမေဗုဒ္ဓါ၊ ဤဘုရားရှင်တို့သည်။ အနန္တေဟိ၊ အဆုံးပိုင်းခြား မရှိကုန်သော။ ပုညစက္ကေဟိ၊ ပုညစက်တို့ဖြင့်။ အမှေ၊ အကျွန်ုပ်တို့ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ စောင့်ရှောက်စေကုန်သတည်း။

အနန္တဂုဏာ၊ အဆုံးပိုင်းခြားမရှိသော ဂုဏ်ရှိတော်မူကုန်သော။ ဘဂဝန္တော၊ ကုန်သော။ အရဟန္တော၊ ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဣမေဗုဒ္ဓါ၊ တို့သည်။ အနန္တေဟိ၊ ကုန်သော။ ဂုဏစက္ကေဟိ၊ ဂုဏ်စက်တို့ဖြင့်။ အမှေ၊ တို့ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ တည်း။

အနန္တဉာဏာ၊ အဆုံးပိုင်းခြားမရှိသော ဉာဏ်ရှိတော်မူကုန်သော။ ဘဂဝန္တော၊ ကုန်သော။ အရဟန္တော၊ ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဣမေဗုဒ္ဓါ၊ တို့သည်။ အနန္တေဟိ၊ ကုန်သော။ ဉာဏစက္ကေဟိ၊ တို့ဖြင့်။ အမှေ၊ တို့ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ တည်း။

အနန္တတေဇာ၊ အဆုံးပိုင်းခြားမရှိသော အရှိန်အစော်ရှိတော်မူကုန်သော။ ဘဂဝန္တော၊ ကုန်သော။ အရဟန္တော၊ ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဣမေဗုဒ္ဓါ၊ တို့သည်။ အနန္တေဟိ၊ ကုန်သော။ တေဇစက္ကေဟိ၊ တို့ဖြင့်။ အမှေ၊ တို့ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ တည်း။

အနန္တဣဒ္ဓိမန္တာ၊ အဆုံးပိုင်းခြားမရှိသော တန်ခိုးရှိတော်မူကုန်သော။ ဘဂဝန္တော၊ ကုန်သော။ အရဟန္တော၊ ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဣမေဗုဒ္ဓါ၊ တို့သည်။ အနန္တေဟိ၊ ကုန်သော။ ဣဒ္ဓိစက္ကေဟိ၊ တို့ဖြင့်။ အမှေ၊ တို့ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ တည်း။

အနန္တဗုဒ္ဓမန္တာ၊ အဆုံးပိုင်းခြားမရှိသော အရောင်ရှိတော်မူကုန်သော။ ဘဂဝန္တော၊ ကုန်သော။ အရဟန္တော၊ ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ ကုန်သော။ သတ္တ၊ ကုန်သော။ ဣမေဗုဒ္ဓါ၊ တို့သည်။ အနန္တေဟိ၊ ကုန်သော။ ဗုဒ္ဓစက္ကေဟိ၊ တို့ဖြင့်။ အမှေ၊ တို့ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ တည်း။

## ဂါထာတော်အညွှန်း

ဤခုနစ်ဆူစက်ပရိတ်တော်ကြီးမှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသားစီကုံးတော်မူ၍ ကိုယ်တော်တိုင် တစ်နေ့ငါးကြိမ် ဘုရားရှစ်ခိုးတော်မူသည့် မူရင်းဖြစ်ပါသည်။

- ဖော်ပြပါ ခုနစ်ဆူစက်ပရိတ်တော်ကြီးပါဝင်သော ကျေးဇူးရှင် လယ်တီဆရာတော်ကြီး စီကုံးရေးသားတော်မူသည့် ဂုဏ်တော်ဖွင့် ဘုရားရှိခိုးစာအုပ်ငယ်မှာ သထုံမြို့ ဗုဒ္ဓဝါဒသုတေသနအသင်းမှ ထုတ်ဝေသည့် ဓမ္မဒါနစာအုပ်ဖြစ်ပါသည်။
- ဤစာအုပ်ငယ်ကို ပြုစုစီစဥ်ပေးသူမှာ လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းတစ်ဦးဖြစ်သူ သထုံမြို့ သဇင်နီဆေးတိုက်ပိုင်ရှင် လယ်တီဝဏ္ဏိတ ဆရာကြီးဦးလှတင်ဖြစ်ပါသည်။ ဆရာကြီးဦးလှတင်သည် ဘာသာရေး၊ သာသနာရေးနှင့် အသွယ်သွယ်သော ပိဋကတ်စာပေများ ကို အဘိဓာန်သဖွယ် ရှင်လူအများ ချဥ်းကပ်အားထားအပ်သော ပညာရှိ ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်ပါသည်။
- ခုနစ်ဆူစက်ပရိတ်တော်ကြီးကို နှုတ်ငုံအရ ကျက်မှတ်ဆောင်ယူကြပြီး ဘုရားရှိခိုးရာတွင်လည်းကောင်း၊ မိမိတို့အားလပ်ချိန်တိုင်းတွင် လည်းကောင်း မမေ့မလျော့ ရွတ်ဖတ်ပွားများ အားထုတ်သင့်ကြပါသည်။
- ဖော်ပြပါ ကိုယ်တွေ့ဖြစ်ရပ်သာမက အခြားထူးခြားသော ကိုယ်တွေ့များစွာ ရှိပါသေးသည်။ ယုံယုံကြည်ကြည် လေးလေးနက်နက် နိစ္စပတ်ဝတ်အဖြစ်လည်းကောင်း၊ မိဋ္ဌာန်ပြု၍လည်းကောင်း ရွတ်ဆိုအားထားကြပါရန် နှိုးဆော်အပ်ပါသည်။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏

### အတုမရှိဂါထာသုံးပုဒ်

၁။ စာလေယျံ့ ဝိဓ သိနေရုံ၊ စာဝေယျံ့ ဝါ မဟိံ မဟိ၊
မိတိံ မိတိံ မိတိမန္တ-န ဝေါ သက္ကာ စ လေတဝေ။

၂။ နဒိံ နဒိမ္ပိ သောသေတုံ၊ ခိယေတုံဝါ မဟောဒဓိ၊
ခန္တိံ ခန္တိံ ခန္တိမန္တ၊ န ဝေါ သက္ကာ ခိယေတဝေ။

၃။ ဝါရေယျံ့ ဝါ ဥက္ကာပါတံ၊ ဗာဓေယျံ့၊ ကုလိသံ သတံ၊
ဉာဏံ ဉာဏံ မဗ္ဗာပည၊ န ဝေါ သက္ကာ ဗာဓေတဝေ။
တောဒိသံ၊ မိတိမန္တံ၊ ခန္တိမံ ပညဝံနမေ။

### မြန်မာပြန်အနက်

ဘန္တေ၊ ဘုန်းတော်နေဝင်း ထွန်းတောက်ပတော် မူပါသော မြတ်စွာဘုရား။ တ္တုဓလောကေ၊ ဤလောကအတွင်း၌။ ယေကေစိ၊ အမှတ်မထင် တစ်စုံတစ် ယောက်သောသူတို့သည်။ သိနေရုံ၊ သိကြားဘုံတိုင် လွန်ကြီးခိုင်သော မြင်းမိုရ် တောင်မင်းကို။ စာလေယျံ့ဝါ၊ လှုပ်ရှားစေသော်လည်း လှုပ်ရှားစေနိုင်ကုန်၏။ မဟိ၊ အဆုံးမရှိ ကြီးကျယ် လှစွာသော။ မဟိံဝါ၊ မဟာပထဝီ ဤမြေကြီးကိုသော်လည်း။ စာဝေယျံ့ဝါ၊ ရွေ့လျားစေသော်လည်း ရွေ့လျားစေနိုင်ကုန်ရာ၏။ မိတိမန္တ၊ တည်ကြည်ခြင်း အထူးရှိတော်မူပါသော။ ဘန္တေ၊ ကိုယ်တော်သခင် အရှင်မြတ်ဘုရား။ ဝေါ၊ ကိုယ်တော်မြတ်ဘုရားတို့၏။ မိတိံ၊ အတုမရှိ အတိုင်းမသိသော သမာဓိတော်မြတ်ကို။ စ လေတဝေ၊ လှုပ်ရှားစေခြင်းငှာ။ နသက္ကာ၊ မတတ်စကောင်းပါဘုရား။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းတောက်တော်မူသော မြတ်စွာဘုရား။ တ္တုဓလောကေ၊ ဤလောကအတွင်း၌။ ယေကေစိ၊ အမှတ်မထင် တစ်စုံတစ် ယောက်သောသူတို့သည်။ နဒိံ နဒိံ၊ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့မှ စီးဆင်းသောရေကို။ သောသေတုံဝါ၊ ခန်းခြောက်စေခြင်းငှာ လည်းကောင်း။ မဟောဒဓိ၊ မဟာသမုဒ္ဒရာအတွင်း၌ ရှိသောရေကို။ ခိယေတုံဝါ၊ ကုန်ခမ်း စေခြင်းငှာလည်းကောင်း။ သက္ကာ၊ တတ်ကောင်းကုန်ရာ၏။ ခန္တိမန္တ၊ သည်းခံခြင်း အထူးရှိတော်မူပါသော။ ဘန္တေ၊ ကိုယ်တော်သခင် ရှင်တော်

မြတ်ဘုရား။ ဝေါ၊ ကိုယ်တော်ရှင်တို့၏။ ခန္တိ ခန္တိ၊ အတုမရှိသော သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော ဂုဏ်တော်ကို။ ခိယေတဝေ၊ ကုန်ခမ်းစေခြင်းငှာ။ န သက္ကာ၊ မတတ် ကောင်းပါဘုရား။

ဘန္တေ၊ ဘုန်းတော်နေလ ထိန်ထိန်ပသော လောကထွတ်တင် ကျေးဇူးရှင်ဘုရား။ ဣဓလောကေ၊ ဤလောကအတွင်း၌။ ယေကေစိ၊ ခပ်သိမ်းကုန်သော သူတို့သည်။ ဥက္ကာပါတံ၊ အပုန်ပြင်းစွာ ဝင်းဝင်းဝါသည့် ဥက္ကာပျံခြင်းကို။ ဝါရေယျုံဝါ၊ ရှေ့သို့မဆန် နောက်သို့ ပြန်အောင် ကြံဖန် တားမြစ်သော်လည်း တားမြစ်နိုင်ကုန်ရာ၏။ ကုသိသံသတံ၊ အရာမက ကောင်းကင်ထက်မှ ကျရောက်လာသော မိုးကြိုးသွားကို။ ဗာဓေယျုံဝါ၊ မြေသို့မကျ မရောက်ရအောင် ကြံဆောင် တားဆီးသော်လည်း ဆီးတားကုန်နိုင်ရာ၏။ မဟာပည၊ အလွန်ကြီးမား မြင့်မြတ်သော ပညာရှိတော်မူပါသော မြတ်စွာဘုရား။ ဝေါ၊ ကိုယ်တော်မြတ်ဘုရားတို့၏။ ဉာဏံ ဉာဏံ၊ အဆုံးမသိ တုမရှိသောဉာဏ်တော်မြတ်ကို။ ဗာဓေတဝေ၊ ကိုယ်တော်မရောက် ပြီးမမြောက်အောင် ဖျောက်ဖျက် တားမြစ်ခြင်းငှာ။ န သက္ကာ၊ မတတ်စကောင်းပါဘုရား။ ဧတာဒိသံ၊ ဤသို့ သဘောရှိတော်မူပါသော။ ဓိတိမန္တံ၊ အတိုင်းမသိသော သမာဓိရှိသော ဘုရားရှင်ကိုယ်တော်မြတ်ကို။ ခန္တိမံ၊ အတုမရှိသော ခန္တီနှင့်ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကို။ ပညဝံ၊ အတုမရှိ အတိုင်းမရှိသော သဗ္ဗညုတဉာဏ်တော်ရှင် ကိုယ်တော်မြတ်ကို။ နမေ၊ ကာယဝစီ မနောချီ၍ သုံးလီဒွါရ ပမာဏဖြင့် ကြည်စွာသဒ္ဒါ ရှိခိုးပါ၏ အရှင်ဘုရား။

မှတ်ချက်။ ။ အထက်ပါ ဂါထာတော်မြတ်သုံးပုဒ်ကို ရွှေကျင် ဆရာတော်ဘုရားကြီးမှ ဆင်ဖြူမရှင် မိဖုရားကြီးအား စွန့်လှူခြင်းဖြစ်သည်။

ဆင်ဖြူမရှင် မိဖုရားကြီးသည် ရွှေကျင်ဆရာတော်ဘုရားကြီးထံတော်သို့ သီပေါမင်းပါတော်မမူမီ နှစ် ၁၂၄၇ ခု၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် မင်းကွန်းငွေတောင်တောရ၌ သီတင်းသုံးနေတော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီးထံသို့ နောက်ပါ လူတစ်ယောက်နှင့်တကွ "ငရွှန်" မည်သော မင်းခစားတစ်ယောက်ကို လွှတ်လိုက်၏။

ၾင်းတို့နှင့်အတူ ပိတ်သက်န်း စသော လှူဖွယ်ဝတ္ထု များလည်းပါသည်။ ဆရာတော်ကြီး ဟောကြားမည့် တရားတော်တို့ကိုလည်း မှတ်သားရန် မှာလိုက်သည်။ထိုဒါယကာအား ဆရာတော်ကြီးသည် အောက်ပါဩဝါဒကို မိန့်တော်မူလိုက်ပါသည်။

"ယခုလို အိုမင်းမစွမ်း အရွယ်သို့ရောက်သောအခါ ဒါယိကာမကြီးမှာ ဤဘဝအတွက်စားရန်၊ ဝတ်ရန်၊ အိပ်နေရန် များ၌ စိတ်ဆင်းရဲဖွယ်ရာမရှိ နောင်ဘဝအတွက်သာ သေလမ်းကောင်းရန် အထူးပြုပြင်ချိန် တန်လေပြီ။ ထို့ကြောင့် တရားစာလည်းရ၊ ဘုရားရှိခိုးလည်း ရသော အောက်ပါ ဗုဒ္ဓပမာဏ သုံးဂါထာကို အစဉ်အောက်မေ့၍ ရွတ်ပွားဖတ်ပါ" ဟု ရေးပေးတော်မူလိုက်သည့် ဂါထာဖြစ်ပါသည်။



## အုတ်ဖိုဆရာတော်ကြီးနှင့်မဗွစေတီမင်းတို့၏

# စိန္တာမုနိဂါထာတော်ကြီး

၁။ အစိန္တေယျာ ပမေယျာယေ၊ ယေ ဂင်္ဂါဝါလော ပမာ ဇိနာ။
စန္ဒိ နန္ဒ ဂုဏာနန္တာ တေ၊ နောပမေယျာ သမာ သမာ။

၂။ မဟာ မဟဂ္ဂ မတုလာ၊ သိဒ္ဓေါ သတ္တ သမာဓိရော။
ဣဋ္ဌာ မန္ဒ ဂုဏာ ဗန္ဓာ၊ ဒသ ဗလာဒိ ဉာဏိကာ။

၃။ နာနိဒ္ဓါ နာနာ နုဘာဝါ၊ သဍ္ဎယန္တာ မဟာဇိနာ။
အန္တလိက္ခေဝ ဂစ္ဆန္တိ၊ သာသပန္တေ ပူရာ ပူရံ။

၄။ ဆာဒယေ နန္ဒ စုဏ္ဏာမ္ပိ၊ ဧကင်္ဂုလေက လောမိနာ။
စုဏ္ဏာ ဝိစုဏ္ဏိကာသက္ကာ၊ တေ မုနဿရဒါ မိဒ္ဓါ။

၅။ သဗ္ဗေ ဝေရဇိနဗ္ဗာကျာ၊ ယံ ယံ ဒဒိဋ္ဌိ တိဋ္ဌိတာ။
မဟာ ဇေယျာ ဇိနဝဂ္ဂါ၊ ဝိဂီဓိန္တာ မဟေသကာ။

၆။ မတုလေန ဟုလသေဋ္ဌာ၊ ဝဏ္ဏာ ဝန္တာ နိတေပတ္တာ။
တဂ္ဂ ဆာဒယနာသေဒေ၊ ပဋ္ဌာရသော ဟိရဇ္ဈေယျာ။

၇။ ဂုဋ္ဌာ ဂုဋ္ဌာယ ရဿိကာ၊ ယာကာ ကေစာပိ သံလဂ္ဂါ။
ပဋ္ဌာနုနေဂဏာ ပုဏ္ဏော၊ ဟောဇေယျေ နမေ တေဇော။

၈။ ဒရိန္ဒ ရိန္ဒ မာရိန္ဒံ၊ သဋ္ဌိန္ဒဋ္ဌိန္ဒ ရာဇိန္ဒံ။
မုနိံ မုနိန္ဒ သမ္ဘိန္ဓံ၊ နမိန္ဒ မိန္ဒ တံ ဝန္ဒေ။

၉။ ပရိမ္ပ ဇိမ္ပ ဟိမ္ပကံ၊ သိရိ မုနိံ အစိန္တေယျံ။
သဒ္ဓိံ ဣဒ္ဓိံ ခိတိန္ဒိယံ၊ ဝန္ဒာမိ တံ မဟာရာဇံ။

၁၀။ တဏှံ မဟိံ ဧဟိံ မာနံ၊ ဒိဋ္ဌိံ ဘိန္ဒိံ မုနိံ နမေ။
အရိန္ဒ မေဝ ရိက္ခန္ဓော၊ ဗောဓိ ပတ္တ ဝရံ ဒဒေ။

၁၁။ သိရိန္ဒ ရိန္ဒ ဒဒိရံ၊ ဝိစိန္တယံ ကယံ ပိယံ။
ဇိနိန္ဒ မံ နမဿိမံ၊ ပိတိံဖရံ ဖရံ ပိတံ။

၁၂။ ဝေဟာကာသ သေနာ သဟာ၊ ဘိန္ဒောမာရော ဂိရိမေယံ။
သမာ ရဋ္ဌဇိနာ သန္တေ၊ ဗာဟုံ သဟဿ ပရာဇေယျော။

၁၃။ ပါရမီ ပါရမီ သဗ္ဗံ၊ ပူရံ ပူရံဟိ စတ္တာရိ။
သချေ သချေယျ ကပ္ပါပိ၊ သတာ သတာ ဒသဋ္ဌာပိ။

၁၄။ ကာရံ ကာရည ကာရဏာ၊ သတ္တာ သတ္တာန မတ္တာယ။
ပတ္တာ ပတ္တာမ ဓိပ္ပေသော၊ ဇိနာ ဇိနာ တမာဝန္ဒေ၊။

၁၅။ မဟာ ဂြိန္ဒိဂြိ မေဃလံ၊ ရဋ္ဌံ မုဋ္ဌံ ကုဏ္ဍံမာရော။
ဗောဓိ မဏ္ဍလ သမိပကေ၊ အရေ အရေမျာ မျန္တိ။
ချာ ချန္တိ ဗျာ ဗျန္တိ၊ မြိန္ဒာ ဝဿ ဝဘိကာ။
ပျဇယျော နဇယျော မျာနမော။

## မြန်မာပြန်အနက်

၁။ ဂင်္ဂါ ဝါလောပမာ၊ ဂင်္ဂါဝါဠူ၊ သဲစုပမာ၊ များစွာကုန်သော။ ယေဇိနာ၊ အကြင်မြတ်ဖျား၊ ရှေးဘုရားတို့သည်။ လောကေ၊ ဟောကဥ္စ။ ဥပ္ပဇ္ဇိံသု၊ ပွင့်တော်မူကုန်ပြီးသော။ တေဇိနာ၊ ထိုမြတ်စွာဘုရားတို့သည်။ အစိန္တေယျာ–ပမေယျာ၊ အစိန္တေယျဂုဏ်၊ အပ္ပမေယျဂုဏ် ရှိတော်မူကုန်၏။ နန္ဒာ၊ စန္ဒီ၊ ပရမီ သွာ၊ မဟာဒေဝ၊ နရာယန၊ မဟာဗြဟ္မာ၊ ထာဝရ ကမ္ဘာစောင့်နတ်၊ လူမင်း၊ နတ်မင်း၊ ယမမင်းဟု ဆိုအပ်ကုန်သော လောကပါလ နတ်တို့၏ ဥသျှောင်ကျင်၊ သခင်စရည်း၊ ခမည်းအစစ်။ ဖြစ်တော်မူကုန်၏။ နန္ဒရဏိန္ဒာ၊ နန္ဒမည်မှတ်၊ ကမ္ဘာနေစောင့်နတ်တို့၏ ထူးမြတ်စုံဖြိုး၊ ဂုဏ်တန်ခိုးကိုလည်း အစိုးရတော်မူကုန်၏။ နောအမေယျာ ဂုဏ်နှင့်ဒြပ်၊ ဓာတ်နှစ်ပါးကိုလည်း ပိုင်းခြားခြင်းငှာ မထိုက်ကုန်။ သမာသမာ၊ မတူသော သူနှင့်သာလျှင် တူတော်မူ၏။

၂။ မဟာမဟန္တာ၊ ကြီးမြတ်ကုန်သော သူတို့ထက်၊ အထူးသဖြင့် ကြီးမြတ်တော်မူကုန်၏။ မဟာဂ္ဂမဟဂ္ဂန္တာ၊ များမြတ်လှစွာ၊ ဗြဟ္မာ လူနတ်တို့၏။ ဥက္ကဋ္ဌ အဒွန့်၊ အညွန့်သဖွယ်လည်း ဖြစ်တော်မူကုန်၏။ အတုလာ၊ ချိန်စဉ်းမစံ၊ မာနဘဏ်လည်း မရှိကုန်။ သိဒ္ဓေသတ္တ သမာဓိရာ၊ ကောင်းကျိုး ပြီးမြောက်အောင် စောင့်ရှောက်ထင်ရှား၊ ကြီးမားသော သမာဓိ၊ ပညာ၊ ဝီရိယတော်လည်း ရှိတော်မူကုန်၏။ ဣဇ္ဇာမဒ္ဒဂုဏာဗဝန္ဒာ၊ သတ္တဝါ၏နှစ်သက်ဝမ်းမြောက်ကြောင်း ဂုဏ်အပေါင်းတို့ဖြင့် ကောင်းစွာ ပြည့်စုံတော်မူအပ်ကုန်၏။ ဒသဗလာဒိ

ဥဂ္ဃဋိကာ၊ ဒသဗလဉာဏ်၊ ဆအာသာဓာရဏဉာဏ်၊ စတုဝေသာရဇ္ဇဉာဏ် စသော ဉာဏ်တော်အမျိုးအမျိုးကိုလည်း ရှိတော်မူကုန်၏။

၃။ နာဂိန္ဒါ နာနာနဘာဝါ၊ အထူးထူးသော တန်ခိုး၊ အထူးအထူးသော အာနုဘော်လည်း ရှိတော်မူကုန်၏။ သဥ္စယန္တာ၊ ပဋိစ္စသမုပါစက် ပုပ်ပေါင်း ယှက်၊ ဝဲဂယက်ကိုလည်း ဖျက်ဆီးတော်မူကုန်၏။ မဟာဇိနာ၊ ဒေဝပုတ္တာ၊ စသည် အမှန်၊ ခပ်သိမ်းရန်ကို၊ ကိုယ်ဟန်ကွန့်ချီ၊ မာန်မဖီဘဲ၊ ပါရမီတော် ဘုန်း၊ လက်ရုံးဆန့်ကာ၊ တင့်တယ်စွာလျှင်၊ အောင်ပွဲသဘင်၊ ဆင်ယင်တော် မူကုန်၏။ အန္တလိက္ခေ၊ ကောင်းကင်အပြင်၌။ ဂစ္ဆန္တိဝ၊ ကြွသွားတော်မူကုန်၏ သို့။ သာသပန္တေ၊ မှန်ညင်းစေ့အတွင်း၌။ ပူရာပူရံ၊ လူးလာတုံ့ဖယ်၊ သွယ်သွယ် ဖန်ဖန်၊ စကြ်ဖဝါး၊ ထသွားတော်မူခြင်းကို။ ဂစ္ဆန္တိ၊ ကြွတော်မူနိုင်၏။

၄။ နန္ဒစုဏ္ဏံပိ၊ နန္ဒမည်မှတ်၊ ကမ္ဘာစောင့်နတ်တို့၏၊ လောကဓာတ်လုံး၊ အဆုံးတိုင်အောင်၊ မြားမြောင်ရွတ်စပ်၊ ဖန်ဆင်းအပ်သော၊ တန်ခိုးအမူ အစုစု ကိုလည်း။ ဧကင်္ဂုလေကလောမိနာ၊ လက်တော်တစ်ချောင်း၊ မွေးညင်းတော် တစ်ချောင်းဖြင့်သာ၊ ဆာဒယေ ဆဒယေယျ၊ ဖုံးလွှမ်းတော်မူနိုင်ကုန်၏။ စုဏ္ဏဝိစုဏ္ဏကာ သက္ကာ၊ မှုန့်မှုန့်ညက်ညက်၊ ဖျက်ဆီးမှုကိုပြုခြင်းငှာ စွမ်းနိုင် တော်မူကုန်၏။ တေဇိနာ၊ ထိုမြတ်စွာဘုရားတို့သည်။ မုနိဿရဒါ မိဒ္ဓါ၊ မုနိလွန်ကျူး၊ ယောကျ်ားထူးဇာတိ၊ သဘောရှိ၍၊ ပါဋိဟာရိယ သုံးပါးကို ပွားစေခြင်း၌၊ တင့်တယ်စံပယ်တော်မူကြကုန်၏။

၅။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေဇိနာ၊ ထိုမြတ်စွာဘုရားတို့သည်။ ဝေရာဇိနဗျာကျာ၊ ဒေဝပုတ္တ၊ စသည်အမှန်၊ မာရ်ငါးတန်ကို၊ အောင်ရန် မကြွင်း၊ အောင်မြင်တော်မူခြင်းကြောင့်။ အနန္တဇိန၊ နာမတံဆိပ်ကို၊ ခပ်နှိပ်တော် မူကြကုန်၏။ ဣစ္ဆိတံ၊ နှစ်သက်မွေ့လျော်ဖွယ်ဖြစ်သော။ ယံယသံဝါ၊အကြင် စည်းစိမ်ချမ်းသာကိုလည်းကောင်း။ ယံကိတ္တိဝါ၊ အကြင် ကျော်စောခြင်းကို လည်းကောင်း။ ဒဒါ၊ ပေးတော်မူတတ်ကုန်၏။ ဣစ္ဆိတာ၊ သတ္တဝါတို့အား ပွားများစေခြင်းငှာ။ အစ္ဆာသယ၊ ရှိတော်မူကြကုန်၏။ မဟာဓေယျာ၊ ဒြပ်နှစ် ပါး ကြီးမားမြင့်မြတ်တော်မူကြကုန်၏။ ဇိနဝဂ္ဂါ၊ အောင်သံကြင်း ဘဝဂ်ချဉ်း အောင်၊ ကျော်စောခြင်းလည်း ရှိတော်မူကုန်၏။ ဝိဝိမိန္ဒာ၊ ထူးဆန်းတလည်၊ နေရောင်ခြည်ကင်းပ၊ ဘဝဂ်ကျအောင်၊ ခြည်အရောင်ကိုလည်း၊ ဆောင်တော် မူကြကုန်၏။ မဟေသကာ၊ အင်္ဂါလေးတန်၊ ညီမှန်စုံလင်၊ လျှင်သောလုံ့လ၊ ဝီရိယလည်း ရှိတော်မူကြကုန်၏။

၆။ မတုလေန၊ သတ္တဝါ ဝေနေယျတို့အား ဉာဏ်တရားကို ပွားများစေသဖြင့်။ အတုလာ၊ မိစ္ဆာပ သင်၊ ယုံမှားအင်ကို စင်ကြယ်လွတ်ရှင်း၊ ကင်းတော်မူကြကုန်၏။ သေဋ္ဌာ၊ လေးပါးကုန်သော ဣဒ္ဓိပါဒ်၊ ဆယ်ပါးကုန်သော ဣဒ္ဓိပါဒ်တို့နှင့်တကွ ဖြစ်တော်မူကြကုန်၏။ ဝဏ္ဏဝန္တာ၊ ဂုဏ်ကျေးဇူးအဆုံးကိုလည်း ရှိတော်မူကြကုန်၏။ နိတေပတ္တာ၊ မတုနပလှုပ်နိုင်သော သရေတော်တို့လည်း ရောက်တော်မူကြကုန်၏။ အဂ္ဂါ၊ ရတနာမြတ်လည်း ဖြစ်တော်မူကြကုန်၏။ ဆာဒယာ၊ အဝိဇ္ဇာမှောင်တိုက် လေးအင်ကျိုက်ကို။ ဆေဒေဆေဒေယျုံ၊ ဖျက်ဆီးတော်မူကြကုန်၏။ ရသေဟိ၊ ကိုးပါးရသာ အလင်္ကာတို့ဖြင့်။ ပဋ္ဌာ၊ ဖဟာကြား ပြောဆိုတော်မူကုန်၏။ ရဌ္ဌေယျာ၊ သဒ္ဒါခြောက်ပါး၊ အနက်ခြောက်ပါး၊ ဂုဏ်အားကြည်လင်၊ စင်ကြယ်သောစကားလည်း ရှိတော်မူကြကုန်၏။

၇။ ဂုဋ္ဌာယ၊ ပရိယတ်လေးပါး၊ ကြီးပွားခြင်းဖြင့်။ ဂုဋ္ဌာ၊ ကြီးပွားတော်မူကြကုန်၏။ ရဿိကာ၊ ပကတေ့ဆန်းတွေ၊ လေ၏အဟုန် လျင်မြန်သော ကြွသွားခြင်းလည်း ရှိတော်မူကြကုန်၏။ ကာကေစာပိ၊ အင်္ဂါရှစ်စုံ သံတော်ဂုဏ်ရှိခြင်းသို့လည်း။ ယာယန္တိ၊ ရောက်တော်မူကြကုန်၏။ သံလဂ္ဂါ ဈာနဖလ၊ နိရောဓဟု၊ သုံးဝချမ်းသာ၊ သမာပတ်ပစ္စူ၊ ထီးဖြူကနက်၊ ပလ္လင်ထက်ဝက်၊ ကိန်းစက်တော်မူကြကုန်၏။ ပဋ္ဌာ နေကုဏ္ဍာ၊ ဖွားမြင်တော်မူစ ခဏကပင်၊ သိမြင်တော်မူအပ်၊ လောကီပညတ်၊ အတတ်ပေါင်းလည်း ရှိတော်မူကြကုန်၏။ ပုဏ္ဏော၊ ဥပပီဠကာ၊ ဥပစ္ဆေဒက၊ ကံနှစ်ပါးမှ ကင်းသော ကိုယ်အသက်နှင့်လည်း ရှိတော်မူကုန်ထသော။ မဟာဓေယျေ၊ သူရိယနေမင်း၊ ရာသီတွင်းဖြင့်၊ မကင်းမကွာ၊ သွားလာသကဲ့သို့၊ ဘုရားတို့တံထွာ ဓမ္မတာမပြတ်၊ မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့်သာ ကြွလာတော်မူကြကုန်သော။ တေတေဇိနေ၊ ထိုထိုသော သဘောရှိကုန်သော ဂင်္ဂါဝါဠု၊ သဲစုပမာ၊ များစွာကုန်သော၊ ရှေးရှေးကုန်သော၊ မြတ်စွာဘုရားတို့ကို။ အဟံ၊ သည်။ နမေ နာမိ၊ ၏။

၈။ ဒရိန္နံ၊ ဘေးရန်အပေါင်း၊ ကောင်းစွာနှိမ်ချိုး၊ အစိုးရတော်မူသော။ ရိန္နမံ၊ အာဏာတော်နက်၊ ဓမ္မစက်ကို၊ ဖျက်ဆီးကြကုန်သော၊ မိစ္ဆာဉာဏ်ရှိ ဒိဋ္ဌိအပေါင်းကို၊ ကောင်းစွာနှိမ်ချိုး၊ အစိုးရတော်မူထသော။ အာရိန္နံ၊ အင်္ဂါလေးတန်၊ ညီမှန်စုံလင်၊ လျှင်သော လုံ့လ၊ ဝီရိယတော်ရှိတော်မူထသော။ သဋ္ဌိန္နံ၊ လူ နတ် ပြဟ္မာ၊ သတ္တဝါတို့ အရှင်သခင် ဖြစ်တော်မူထသော။ ဧဋ္ဌိန္နံ၊ လူ နတ် ပြဟ္မာ သတ္တဝါတို့၏၊ ညွှတ်ပျောင်းချီငေါ်၊ ပူဇော်ရာလည်း ဖြစ်တော်မူထသော။

ရာဇိန္ဒ၊ လူ့ရပ် နတ်ဌာန် နိဗ္ဗာန်ခရီးကို၊ ပိတ်ဆီးနေကြ၊ နိဝရဏခြောက်အင်၊ သော့တံကျဉ်ကိုလည်း၊ သုတ်သင်တော်မူထသော။ မုနိ၊ မိကျောင်းမကန်း၊ ရက္ခိုသ်တို့နှင့် တူကုန်သော။ အဝိဇ္ဇာရာဂ၊ ဒေါသတရားကို၊ ပယ်ရှားတော်မူထသော၊ မုနိန္ဒ သတ္တဝါအပေါင်းတို့အား၊ ချမ်းသာရေးကို ပေးတော်မူတတ်ထသော။ သမ္မိန္ဒ၊ ပဋိစ္စသမုပ္ပာဒ်၊ စက်ရဟတ်၏၊ အစပ်အယှက်ကိုလည်း၊ ဖျက်ဆီးတော်မူတတ်ထသော။ နမိန္ဒ၊ သတ္တဝါအပေါင်းတို့၏ မျက်စိအလင်း နေမင်းနှင့်လည်း တူတော်မူထသော။ မိန္ဒ၊ လမင်းကဲ့သို့၊ ချမ်းအေးသော ရွှေနှလုံးတော်လည်း ရှိတော်မူထသော။ တံသကျမုနိ၊ ထိုသာကီဝင်၊ အရှင်ဂေါတမ မြတ်စွာဘုရားကို။ အဟံ၊ သည်။ ဝန္ဒေ ဝန္ဒာမိ၊ ၏။

၉။ ပရိမ္မံ၊ ဘဝဂ်အပိုင်းအခြား၊ ဇာတ် အပိုင်းအခြားသို့လည်း ရောက်တော်မူထသော။ ဓိပ္ပံ၊ အောင်ရပ်မင်္ဂလာ၊ ခေမာမည်ဆန်း၊ ပြည်တော်နန်းသို့လည်း ကြွမြန်းတော်မူသော။ ဟိမ္မကံ၊ အသေချေးနှစ်ဆယ်၊ စွန်းကယ်ထိန်းကပ်၊ တောင်း အပ်သော ပဋ္ဌနာဆုမြတ်၏ ပြည့်စုံခြင်းသို့လည်း ရောက်တော်မူထသော။ သိရိ၊ တင့်တယ်ရွှင်ဖြိုး၊ မနွမ်းမညှိုးသော၊ ဂုဏ်သရေလည်း ရှိတော်မူထသော။ မုနိမဟာ ဗြဟ္မာကြီးထက် ကြီးမြတ်သော မဟာဗြဟ္မာကြီးလည်း ဖြစ်တော်မူထသော။ အစိန္တေယျံ၊ ဉာဏအစိန္တေယျစသော လေးပါးသော အစိန္တေယျကို ပိုင်းခြားတိတိ၊ သိမြင်တော်မူထသော။ သိဒ္ဓိ၊ နတ်ဆေး၊ နတ်ဝါး၊ နတ်မန္တရား နှင့် တူသော အမြိုက်ရေအေး နတ်ဆေးလည်း ရှိတော်မူထသော။ ဣဒ္ဓိ၊ ဣဒ္ဓိဆယ်ပါး ဣဿရိယ ရှစ်ပါးနှင့်လည်း ပြည့်စုံတော်မူထသော။ ဓိတိန္ဒြိယံ၊ ဝါသနာနှင့် တကွ အောင်အပ်ပြီးသော ဣန္ဒြေလည်း ရှိတော်မူထသော။ တံမဟာ ရာဇံ၊ ထိုမဟာ သမ္မတ၊ ခတ္တိယရိုး၊ အမျိုးတော်မြတ်၊ ဝိသုဒ္ဓိနတ်မင်းကို။ အဟံ၊ သည်။ ဝန္ဒာမိ၊ ၏။

၁၀။ တဏှံ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟုဆိုအပ်သော မဟိ၊ မဟာ သမုဒ္ဒရာကို။ ဇဟိ၊ စွန့်ပယ်ကူးမြောက်တော်မူထသော။ ဒိဋ္ဌိ၊ သစ္စာလေးပါး၊ မြတ်တရားကို ပိုင်းခြားတိတိ၊ သိမြင်တော်မူသည်ဖြစ်၍။ မာနံ၊ အမျိုးကိုစွဲ၍ ဖြစ်သောမာန်၊ တန်ခိုးကိုစွဲ၍ဖြစ်သော မာန်၊ စည်းစိမ်ဥစ္စာကို စွဲ၍ ဖြစ်သော မာန်၊ သက်သက်သောမာနမာန်ကို။ ဘိန္ဒိ၊ ဖျက်ဆီးတော်မူထသော။ မုနိ၊ မောနေယျဂုဏ်၊ ထုံအပ်ထင်ရှား၊ မြတ်ဘုရားကို။ အဟံ၊ သည်။ နမေ၊ ၏။ ရိက္ခန္ဒော၊ ဖိုလ်သမာပတ်၊ လေးရပ်လောကုတ်၊ မှစ်ထွင့်ရှလေးခုရှိသော နိဗ္ဗာန်နန်းဘုံကို၊ အာရုံကွန့်ဖြိုး၊ အစိုးရတော်မူသော မြတ်စွာဘုရားသခင်သည်။ အရိန္ဒ၊

ဘေးရန် အပေါင်းကို၊ ကောင်းစွာနှိမ်ချိုး မစိုးရကြောင်းဖြစ်သော။ ဗောဓိပတ္တဝရံ၊ ဗောဓိမဏ္ဍိုင်ဉာဏ်ခရိုင်အောင်မူ၊ အောင်ရန်သူကို။ မေဝ၊ ငါ့အားမချွတ်။ ဒဒေ၊ ပေးသနားတော်မူပါလော့။

၁၁။ သိရိန္တ ရိန္ဒ ဒဒိယံ၊ လေးကျွန်းသနင်း စကြာမင်းအဖြစ်ကို၊ ဆုတ်နှစ်ကြဉ်ရှောင်၍၊ ဗုဒ္ဓဝင်နေ၊ အမွေခံလည်း ဖြစ်တော်မူထသော။ ဝိစိန္တယံ ဝိစိန္တယန္တံ ကြောက်ရွံ့တွန့်လိန်ခြင်းမှလည်း၊ ကင်းလွတ်မြောက်တောမူထသော။ တယံ တယန္တံ၊ သတ္တဝါအပေါင်းတို့ကို၊ ကောင်းစွာ စောင့်ရှောက်တော်မူထသော။ ပိယံ ပိယန္တံ၊ သတ္တဝါအပေါင်းတို့၏ တပ်မက်ရေး၊ နတ်ချစ်ဆေးသဖွယ်လည်း ဖြစ်တော်မူထသော။ ဣမံ၊ မဟာဗြဟ္မာနံ၊ မဟာဗြဟ္မာမင်းကို။ ဓိနိန္ဒ၊ အောင်မြင်ကွန့်မြူး အစိုးရတော်မူထသော။ နမဿိမံ၊ သတ္တဝါပေါင်းတို့၏ အဖော်သဟဲလည်း ဖြစ်တော်မူထသော။ ပီတိဖရံ၊ ဖိုလ်ရျာန်သမာပတ်၊ ပီတိဖြင့်လည်း ပျံ့နှံ့တော်မူထသော။ ဖရံပိ၊ ပျံ့နှံ့သောရောင်ခြည်လည်း ရှိတော်မူထသော။ တံဓိနံ၊ ထိုမြတ်စွာဘုရား။ အဟံ၊ သည်။ နမေ နမာမိ၊ ၏။

၁၂။ ဝေဟာကာသသေနာ၊ ထက်မိုးကောင်းကင်။ မြေပြင်နှံ့ပြား၊ များစွာသော နတ်စစ်သည်အပေါင်းနှင့်။ သဟ၊ ညီညာပေါင်းယှက်၍။ ဗာဟုံ မိုးတိမ်တိုက်နှင့်တူသော။ ဂီရိမေဃံ၊ ဂီရိမေဃလာ အမည်ရှိသော ဆင်ပြောင်ကြီးကို။ သမာရုဠ္ဍာ၊ ကောင်းစွာတက်စီး၍။ ဓိနာသန္ဓေ၊ ဘုရားအနီးသို့။ ဘိန္ဒေ၊ ဖျက်ဆီးလိုသည်ဖြစ်၍၊ ရောက်လာသော။ မာရော၊ ဝဿဝတီ မာရ်နတ်မင်းကို။ ပရာဇယော၊ ရှုံးစေတော်မူအပ်ပြီ။ တံဓိနံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ သည်။ နမေ နမာမိ၊ ၏။

၁၃။ ပါရမီ၊ နိဗ္ဗာန်သို့။ ပါရမီ၊ ရောက်ကြောင်းဖြစ်သော။ ပူရံဟိ၊ ကျင့်အပ်ကျင့်ထိုက်သမျှသော။ သဗ္ဗံ၊ အလုံးစုံသော။ ပါရမီဆယ်ပါး၊ အပြားသုံးဆယ် အပေါင်းကို။ စတ္တာရိ သင်္ချေ၊ သင်္ချေယျာပိ၊ လေးသင်္ချေနှင့်တကွ။ သင်္ချေနှစ်ဆယ်တို့ ပတ်လုံးလည်းကောင်း။ ကပ္ပါပိသတာဒသဟဿာပိ၊ ကမ္ဘာတစ်သိန်း တို့ပတ်လုံးလည်းကောင်း။ ပူရံ၊ ပူရံန္တံ ဖြည့်ကျင့်တော်မူပြီးသော။ တံဓိနံ၊ ကို။ အဟံ၊ သည်။ နမေ နမာမိ၊ ၏။

၁၄။ ကာရံ၊ တေဘုမ္မက၊ ဝဋ္ဋဒုက္ခဥ်၊ ကာရုညကာရဏာ၊ သနားတော်မူလှသော ကြောင်းကြောင့်။ သတ္တာ သတ္တာနံ၊ ပညာရှိသော သတ္တဝါ၊ ပညာမရှိသော သတ္တဝါ၊ အန္ဓတ္တသတ္တဝါ၊ ရုဋ္ဌိသတ္တဝါ တို့၏။ အတ္တယ၊ အကျိုးငှာ။

အမဝိဇ္ဇေယံ၊ ဒုက္ခရောကြိတ်၊ သံကိလိဋ္ဌဟု၊ အဆိပ်လျှံတက်၊ ပျောက်ဖျက်ကင်းဝေးစေ၍၊ ချမ်းအေးသော ကိုယ်တော်၏ အဆုံးသို့လည်း ရောက်တော်မူထသော။ အပတ္တံ၊ မရောက်ဖူးသောဘုရားအဖြစ်သို့။ ပတ္တံ၊ ရောက်တော်မူပြီးထသော။ အဓိနံ၊ မထွန်းလင်းဖူးသော၊ လောကုတ္တရာတရားကို။ ပြဓိနံ၊ လွန်စွာထွန်းလင်းစေတော်မူထသော။ တံဓိနံ၊ ကို။ အဟံ၊ သည်။ အာဘုသော၊ လွန်စွာ။ ဝန္ဒေ၊ ဝန္ဒာမိ၊ ၏။

၁၅။ မာရော၊ ဝဿဝတီမာရ်နတ်မင်းသည်။ ကုဋ္ဌံ၊ ရှည်သွယ်သော နှာမောင်းရှိထသော။ မုဋ္ဌံ၊ မုန်မာန်ယစ်မူး၊ တဟူးဟူးလည်း ဖြစ်ထသော။ ဟောဂြိန္ဒြိုဂြိုဟေဿယလံ၊ ဟိမဝန္တာ တောင်ထွတ်ကဲ့သို့၊ ကြီးကျယ်မြင့်မြတ်သော ကိုယ်ရပ်ရှိသော ဂိရိမေခလာ အမည်ရှိသော နတ်ဆင်ပြောင်ကြီးကို။ ရုဋ္ဌံ၊ တက်စီးသည်ဖြစ်၍။ ဗောဓိမဏ္ဍလသမိပဂေါ၊ ဗောဓိမဏ္ဍိုင်၏အနီးသို့။ အရေ အချင်းတို့။ အရေ၊ ဆီးလားဖမ်းလား၊ ဆွဲငင်လားဟု၊ စီညံဟစ်ကြွေး၊ ကြော်ငြာသံပေးလျက်။ မျာ၊ နိသမယာဂမာ၊ ညချမ်းခါရောက်လာပြီ။ မျန္တံ၊ ညချမ်းခါ ရောက်လာသော။ မရိန္ဒာ ဝဿဝတီကာပိ၊ ဝဿဝတီမာရ်နတ်မင်းကိုလည်း။ ချာခယာဝမာ၊ စစ်ရှုံးခြင်းကို ပြုတော်မူစေအပ်ပြီ။

ကျာ၊ အဒေသာဂမနကရာ၊ အရပ်မရွေး၊ ထွက်ပြေးခြင်းကို ပြုတော်မူအပ်ပြီ။ ချန္တံ–ချန္တံနော၊ စစ်ရှုံးခြင်းကို ပြုစေတော်မူထသော။ ဇျန္တံ–ဇျန္တံနော၊ အရပ်မရွေး ထွက်ပြေးခြင်းကို ပြုတော်မူထသော။ တဿ၊ ထိုရှင်ဂေါတမမြတ်စွာဘုရားအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိသေမြတ်နိုးခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။ မေ၊ အကျွန်ုပ်အား။ အဇယော၊ အတွင်းအပဖြစ်သော၊ ရန်သူတို၊ မအောင်နိုင်သည်။ ဟောတု၊ ဖြစ်စေသတည်း။ နဇယျော၊ မတုန်မလှုပ်စေနိုင်သည်။ ဟောတု၊ ဖြစ်စေသတည်း။

မှတ်ချက်။ ။ (အထက်ပါ စိန္တာမဏိဂါထာတော်ကြီး ၁၅ ပုဒ်ကို ပဲခူးမြို့ ရွှေမောဓော စေတီတော်မြတ်ကြီး၏ ထီးတော်တွင်ဓမ္မစေတီမင်းတရားက ရေးထိုးခဲ့ပေသည်။ ထိုရေးထိုးခဲ့သော ဂါထာပါဠိများကို အုတ်ဖိုရ် ဆရာတော်ဘုရားကြီးဖြစ်တော်မူသည့် ဥက္ကဝံသမာလာ အရှင်သူမြတ်က ပြန်ဆိုတော်မူသည့်အနက်ဖြစ်ပါသည်။)

ဤသို့ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံပြီး ရှင်တော်မြတ်ဘုရား၏ တန်ခိုးတော် အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ဘုန်းတော်အနန္တတို့ကို တစိမ့်စိမ့် ကြည်ညို ပီတိယိုရင်း သဒ္ဒါတရားဆပွားကာ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပါကုန်ဟု တိုက်တွန်းအပ်ပါသည်။

ဤဂါထာတော်မြတ်ကြီးကို နေ့စဉ်ဝတ်ထားပြီး အဓိဋ္ဌာန်ဖြင့် မှန်မှန်ရွတ် သွားခြင်းဖြင့် ကြံသမျှ ဆန္ဒများ ပြည့်ဝမည်ဟု ဆရာမြတ်တို့အဆက်ဆက် အမှာရှိကြပါသည်။

☸

# ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏

## ရန်အောင်မြင် ဂါထာတော်

၁။ ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ၊
ဓမ္မော မေ ရက္ခတု သဒါ။
သံဃော မေ ရက္ခတု ဒိနေ။
သုခီ ဒီဃာယုကော တဝ။
၂။ မာရဋ္ဌဝက၊ နာဋ္ဌာဂြိ၊
အင်္ဂုလိမိဋ္ဌ သစ္စကံ။
နန္ဒောပနန္ဒ ဗြဟ္မဋ္ဌ၊
ဇယော ဇယတု မင်္ဂလံ။

## မြန်မာပြန်အနက်

၁။ ဗုဒ္ဓေါ၊ ဘုန်းတော်သခင် ဘုရားရှင်သည်။ မေ၊ ကျွန်ုပ်အား။ နိစ္စံ၊ အမြဲမပြတ်။ ရက္ခတု၊ ဘေးရန်ငြိမ်းပျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တော်မူပါစေသတည်း။

ဓမ္မော၊ ၉ ပါး၊ ၁၀ ပါးမြတ်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ သဒါ၊ အခါခပ်သိမ်း။ ရက္ခတု၊ စိတ်ဓါတ်အစဉ် ကြည်လင်သန့်ရှင်း အလင်းပေါက်ရောက် ဝင်းဝင်းတောက်အောင် စောင့်ရှောက်တော်မူပါစေသတည်း။

သံဃော၊ ကလျာဏပုထုဇဉ် ရှစ်တန်အရိယာမြတ်သံဃာသည်။ မေ၊ အကျွန်ုပ်အား။ ဒိနေဒိနေ နေ့တိုင်းနေ့တိုင်း။ ရက္ခတု၊ ဥပါဒ်ဘေးဒါဏ်၊ ရန်မာန်ခပ်သိမ်း ကင်းငြိမ်းလွင့်ပျောက် ချမ်းသာရောက်အောင်၊ စောင့်ရှောက်တော်မူပါစေသတည်း။ မေ၊ အကျွန်ုပ်အား။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဒီဃာယုကော၊ အသက်ရှည်ခြင်း ရှိသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

၂။ မုနိန္ဒော၊ မုနိငါးပါး အစိုးရလစ် မုနိန္ဒရာဇ်ဖြစ်ကြီး ဖြစ်တော်မူသော ဘုရားရှင်သည်။ မာရဋ္ဌဝက နာဋ္ဌာဂြိဋ္ဌ၊ တစ်ထောင်လက်ရုံး နတ်စက်မုံးဖြင့် ပျက်ပြုန်းအောင်ပင် ဂီရိဆင်ကို စီးနင်းတိုက်ဖျက် မာရ်ရဲမက်နှင့် တို့ထက်ကဲလွန် ထူးချွန်လက်နက် ကြောက်မက်စဖွယ် အစွယ်ပြူးပြူး ဘီလူးအာဠဝက နတ် ယက္ခစိုး၊ မိုးကြိုးပမာ လွန်စွာခက်ထန် အရက်မာန်ဖြင့်

လျှင်မြန်လိုက်လတ်ဖမ်း သတ်ချေပစ် မုန်ယစ်လွန်ကြီး မင်းစီးခေါ်တွင်နာဠာဂီရိ ဆင်ကိုလည်းကောင်း။ အင်္ဂုလိဋ္ဌ၊ တွေ့ရာဖမ်းသတ် လက်ညှိုးဖြတ်၍ တောရပ်ခိုပုန်း၊ တောပုန်းဓားပြ အင်္ဂုလိမာလကိုလည်းကောင်း။ စိဋ္ဌသစ္စကဋ္ဌ၊ ပလိန်းဉာဏ်ဆင် ပြစ်တင်စွပ်စွဲ သားမဲ့စိဋ္ဌ မာဏဝိကနှင့် ဝါဒများမြောင် တစ်ထောင်အယူ တံခွန်ထူ၍ မာန်မူတိုက်စစ် သစ္စကပရိဗိုဇ်ကို လည်းကောင်း။ နန္ဒောပနန္ဒ–ဗြဟ္မဋ္ဌ၊ အဆိပ်ပြင်းထန် နန္ဒောပနန္ဒ ဘုဇဂနှင့် အာဘဿရဘုံဌာနက ထာဝရယူသီး ဗကဗြဟ္မာကြီးကိုလည်းကောင်း။ ဇယောဒယထာ၊ တရားစည်ကြီး ရိုက်ဆော်တီး လျက် အောင်ခြင်းကြီး အောင်တော်မူခဲ့သကဲ့သို့။ တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အား။ မင်္ဂလံ၊ အောင်ဖွယ်ထွေလာ အောင်ရာအောင်ကြောင်း အောင် မင်္ဂလာအပေါင်းသည်။ ဇယတု၊ အောင်မြင်ပြီးစီး အောင်ခြင်းကြီး အောင်ပါ စေသော်။

ထွင်ရှုခေါင်ဆရာတော်ဘုရားကြီး ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ဂါထာတော် ကြီးဖြစ်၏။ ဘုရား–တရား–သံဃာအား တပည့်တော်ကို အမြဲစောင့်ရှောက် တော်မူပါ၊ တပည့်တော် ချမ်းသာသက်ရှည်လိုပါ၏။ မာရ်နတ်စတဲ့ အပြင် အောင်ခြင်းရှစ်ပါးကို အောင်မြင်တော်မူသလို တပည့်တော်အောင်မြင်လိုပါ၏ ဟု ဆုတောင်းဖြစ်၏။ အနက်မရသော်လည်း ဂါထာပင်အကျိုးများလှပြီ။ တွေ့ဖူးသူတွေများလှ၏။ ပါဠိကျက်၍ ရွတ်ကြပါလေ။

# ဆီးပန်းနီ ဆရာတော်ဘုရားကြီး၏

## ဣစ္ဆန္တော (၈)ဂါထာ

၁။ ဣစ္ဆန္တော ယုဂမုဒ္ဒေန၊ သမံ ဂစ္ဆံ သူရိန္ဒံ။
ဇေတဝနေ သယာန တော၊ ပရာမိ ဟတ္ထ ပါဒေန။
ဗုဒ္ဓဓမ္မာ အဟစ္ဆရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၂။ ဣစ္ဆန္တော အသာဓာရဏံ၊ အနန္တ ဗုဒ္ဓ နိမ္မိတံ။
စင်္ကမန္တော အဓိဋ္ဌေန၊ မောစေသိ ဗဒ္ဓနာ ဗဟူ။
ဗုဒ္ဓဓမ္မာ အဟစ္ဆရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၃။ ဣစ္ဆန္တော ယာဝဘဝဂ္ဂါ၊ သမိဒ္ဓတံ ဗာဟံယထာ။
စင်္ကမတိ သိရိဒ္ဓိနာ၊ ဗုဒ္ဓတေဇေန သံယုတာ။
ဗုဒ္ဓဓမ္မာ အဟစ္ဆရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၄။ ဣစ္ဆန္တော ဘဂ္ဂ ဘဂ္ဂရော၊ ဟေဋ္ဌာပထဝီ ဘင[illegible]ဋ္ဌ။
အတ္ထိ အစိန္တိယာ ယေန၊ ဗုဒ္ဓလီလာယဓမ္မတာ။
ဗုဒ္ဓဓမ္မာ အဟစ္ဆရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၅။ ဣစ္ဆန္တော သဗ္ဗစက္ကေသု၊ သမ္မာ စင်္ကမေ ဂန္တွာပိ။
ပါဋိဟိရမကာရယိ၊ နာနာဓမ္မေပိ ဒေသေဟိ။
ဗုဒ္ဓဓမ္မာ အဟစ္ဆရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၆။ ဣစ္ဆန္တော သာသပဂဗ္ဘေ၊ ကုတောစိတော စင်္ကပတိ။
ဣစ္ဆန္တော စက္ကဝါဠမှိ၊ အတ္တဘာဝေန ဆာဒယိ။
ဗုဒ္ဓဓမ္မာ အဟစ္ဆရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၇။ ဣစ္ဆန္တော စက္ကဝါဠမှာ၊ တိဋ္ဌံစ စင်္ကမမှိစ။
ယမှိ သာသပဂဗ္ဘန္တေ၊ အတ္တဘာဝေန နိက္ခိမိ။
ဗုဒ္ဓဓမ္မာ အဟစ္ဆရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၈။ ဣစ္ဆန္တော အဓိဋ္ဌဟိတွာ၊ နိရောဓံ သမာပဇ္ဇယိ။
သမာပန္နော ဌိတကာယော၊ ပိဋ္ဌိတုံ ပရေ နသက္ကာ။
ဗုဒ္ဓဓမ္မာ အဟစ္ဆရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

# မြန်မာပြန်အနက်

၁။ ဓိနေ့ာ၊ ငါးမာရ်အောင်မြင် ဘုရားသခင်သည်။ ဣဿဇ္ဇ္ဓော။ အလိုရှိတော်မူသည်ရှိသော်။ ယုဂမုဒ္ဓေန၊ ယုဂန္ဓိုရ်ရောင်ထိပ်နှင့်။ သမံ၊ အမျှ။ ဂစ္ဆံ ဂစ္ဆန္တံ၊ သွားသော။ သူရစန္ဒံ၊ နေလနှစ်ပါးကို။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌ သဃာနတော၊ သဃာနတောဝ၊ လောင်းတော်မူလျက်သာလျှင်။ ဟတ္ထပါဒေန၊ လက်ခြေတော်ဖြင့်။ ပရာမိ၊ သုံးသပ်တော်မူနိုင်၏။

ဗုဒ္ဓမ္မော၊ ဘုရားကျေးဇူးတော်တို့သည်။ ·အဟာဿရာ၊ အဟောအဿရာ၊ ဩော်. . . အံ့ဖွယ်ရှိပေစွ။ မေ-မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တဂုဏာ၊ လူတိုင်းမသိသော။ လောကီလောကုတ္တရာ၊ နှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည်ဖြစ်စေသတည်း။

၂။ ဓိနေ့ာ၊ ငါးမာရ်အောင်မြင် ဘုရားသခင်သည်။ ဣဿဇ္ဇ္ဓော၊ အလိုရှိတော်မူသည်ရှိသော်။ စက်မန္တော၊ စကြိုကြွတော်မူလျက်။ အဓိဋ္ဌေန၊ စတုတ္ထဈာန် သမာပတ် မြတ်သည့်တေဇော်၊ ဓိဋ္ဌာန်တော်ဖြင့်။ အသာခာရဏံ၊ နတ် လူ ဗြဟ္မာ၊ သတ္တဝါ အတန်တန်တို့နှင့် မဆက်ဆံသော။ အနန္တဗုဒ္ဓနိမ္မိတံ၊ အတိုင်းမသိ၊ များစွာသိသည်၊ နိမ္မိတဘုရား ကိုယ်တော်ပွားကို။ မာပေတွာ၊ ဖန်ဆင်းတော်မူ၍။ ဗဟူ၊ နတ်လူများစွာ ဝေနေယျာကို။ ဒေသနာယ၊ တရားမြတ်စွာ ဒေသနာဖြင့်။ ဗဒ္ဓနာ၊ ကိလေသာညွတ်ကွင်း နှောင်အိမ်တွင်းမှ။ မောစေသိ၊ အလျဉ်းကျွတ်၍ လွတ်စေတော်မူပြီ။

ဗုဒ္ဓမ္မော၊ ဘုရားကျေးဇူးတော်တို့သည်။ အဟာဿရာ–အဟောအဿရာ၊ ဩော်. . . အံ့ဖွယ်ရှိပေစွ။ မေ-မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ နှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည် ဖြစ်စေသတည်း။

၃။ ဓိနေ့ာ၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ဣဿဇ္ဇ္ဓော၊ အလိုရှိတော်မူသည်ရှိသော်။ သိရိဒ္ဓနာ၊ ကျက်သရေထင်ပေါ်၊ တန်ခိုးတော်ဟု ဆိုအပ်သော။ ဗုဒ္ဓ တေဇန၊ ဘုရားရှင်၏ လျင်မြန်သော တန်ခိုးတော်နှင့်။ သံယုတာ၊ ကောင်းစွာ ယှဉ်တော်မူလျက်။ ဗာဟံ၊ လက်ရုံးတော်ကို။ သမိဉ္ဇိတံယထာ၊ လျင်မြန်မနှေး၊ ကွေးဆန့်လိုက်သကဲ့သို့။ ယာဝဘဝဂ္ဂါ၊ နေဝသညာ နာသညာ ယတနဘုံ တိုင်အောင်။ စက်မတိ၊ မကြာလျင်လျား၊ ကြွသွားတော်မူနိုင်၏။

ဗုဒ္ဓမ္မော၊ ဘုရားကျေးဇူးတော်တို့သည်။ အဟာဿရာ၊ ဩော်. . . အံ့ဖွယ်ရှိပေစွ။ မေ–မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တဂုဏာ၊ အတိုင်းမသိသော၊ လောကီ လောကုတ္တရာ နှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည်ဖြစ်စေ

သတည်း။

၄။ ဓိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည် ရှိသော်။ ဗုဒ္ဓလီလာယ ဘုရားတို့၏ တင့်တယ်သပ္ပာယ်ခြင်းဟု ဆိုအပ်သော။ ဓမ္မတာ–ဓမ္မတာယ၊ သဘောတော်အားဖြင့်။ ယေန၊ အကြင်အမှတ်မရှိသော လူ နတ် ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့သည်။ အစိန္တိယော၊ မိမိတို့၏ တန်ခိုးဉာဏ်ဖြင့်၊ မကြံစွမ်းနိုင်ထသော။ ယာဣဒ္ဓိ၊ အကြင်တန်ခိုးတော်သည်။ အတ္ထိ၊ ရှိ၏။ တာယဣဒ္ဓိယာ၊ ထိုတန်ခိုးတော်ဖြင့်။ ဘဂ္ဂ ဘဂ္ဂရော၊ ဖြန်းဖြန်းခွဲတော်မူလျက်။ ဟေဋ္ဌာပထဝိ၊ မြေကြီးအောက်သို့။ နိမုစ္စတိ၊ လျှိုသွားစုတ်စုတ်၊ ငုပ်တော်မူနိုင်၏။ ပုန၊ တစ်ဖန်။ ဘဝဂ္ဂဋ္ဌ၊ ထက်ဘဝဂ် တိုင်အောင်လည်း။ သီဃတရံ၊ လျင်မြန်စွာ၊ ပစ္စာဂစ္ဆိ၊ ပြန်လည်တုံ့ခေါက်၊ ရောက်စေတော်မူနိုင်၏။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟာစ္ဆရာ–အဟောအစ္ဆရာ၊ ဩော် . . .အံ့ဖွယ်ရှိပေစွ။ မေ–မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တ ဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာနှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည်ဖြစ်စေသတည်း။

၅။ ဓိနော၊ ငါးမာရ်အောင်မြင် ဘုရားသခင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ သဗ္ဗစက္ကေသု၊ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်ဟု ဆိုအပ်သော သုံးရပ်သော စက္ကဝါတို့၌။ စက်မေ–စက်မေန၊ စကြာတော်ဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဂန္တွာ၊ မကြာမှားမှား၊ လှမ်းကြွတော်မူ၍။ ပါဋိဟိရံ၊ ရေမီးအစုံ၊ ဂုဏ်တော်မကိုင်၊ ယမိုက်ရောင်ဝါ၊ ပြာဋိဟာကို။ အကာရယိ၊ မရှိနှိုင်းတု၊ ပြုတော်မူပြီ။ နာနာဓမ္မေပိစ၊ အထူးထူးသော၊ တရားတော်တို့ကိုလည်း။ ဒေသေတိ၊ ဟောတော်မူပြီ။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟာစ္ဆရာ–အဟော–အစ္ဆရာ၊ ဩော် . . .အံ့ဖွယ်ရှိပေစွ။ မေ–မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တ ဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ၊ နှစ်ဖြာသော ကျေးဇူးတို့ သည်။ ဟောတု၊ ရှိသည် ဖြစ်စေသတည်း။

၆။ ဓိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ သာသပ ဂဗ္ဘေ၊ မုန်ညင်းခွံ တိုက်အတွင်း၌။ ဣတော၊ စိတော၊ ထိုမှ ဤမှ။ စက်မတိ၊ ပရိက္ခရာရှစ်ဆူ၊ ဆောင်တော်မူ၍၊ မည်သူမတန်၊ တန်ခိုးအနန္တဖြင့်၊ စကြာကြွတော်မူနိုင်၏။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ စက္ကဝါဠမ္ပိ၊ စကြဝဠာတိုက် အလုံးကိုလည်း။ အတ္တဘာဝေန၊ အတ္တဘောတော်ဖြင့်။ ဆာဒယိ၊ ဖုံးဖိလွှမ်းမိုးတော်မူနိုင်၏။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟစ္ဆရာ–အဟောအစ္ဆရာ၊ ဩော်–အံ့ဖွယ်ရှိပေစွ။ မေ–မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ၊ နှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည်ဖြစ်စေသတည်း။

၇။ ဓိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ကုစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ ယမိုသာသဂပဗ္ဗန္တေ၊ အကြင် မုန်ညင်းခွံတိုက်အတွင်း၌။ တိဋ္ဌစ၊ ရပ်လည်း ရပ်တော်မူနိုင်၏။ စင်္ကမိစ၊ စင်္ကြံလည်း ကြွတော်မူနိုင်၏။ စက္ကဝါဠမှာ၊ စကြဝဠာတိုက်မှ။ အတ္တဘာဝေန၊ အတ္တဘောတော်ဖြင့်။ နိက္ခမိ၊ ထွက်တော်မူနိုင်၏။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟစ္ဆရာ–အဟော–အစ္ဆရာ၊ ဩော် . . . အံ့ဖွယ်ရှိပေစွ။ မေ–မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တ ဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ၊ နှစ်ဖြာသော ကျေးဇူးတို့ သည်။ ဟောတု၊ ရှိသည်ဖြစ်စေသတည်း။

၈။ ဓိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ကုစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ နိရောဓံ၊ နိရောဓ သမာပတ်မြတ်သော ချမ်းသာကို။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်တော်မူ၍။ သမာပဇ္ဈယိ၊ ဝင်စားတော်မူလျက်။ ဋ္ဌိတကာယော၊ တည်သောကိုယ်တော်ကို။ ပရေ၊ တစ်ပါးသော သူတို့သည်လည်း။ ပိဠိတုံ၊ နှိပ်စက်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟအစ္ဆရာ–အဟော–အစ္ဆရာ၊ ဩော် . . . အံ့ဖွယ်ရှိပေစွ။ မေ–မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ နှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည် ဖြစ်စေသတည်း။

(ဆီးပန်းနီဆရာတော်ကြီး၏မူ)

**မှတ်ချက်။** ။ ဤကုစ္ဆန္တော(၈)ဂါထာတော်မြတ်ကြောင့် ကြွယ်ဝချမ်းသာသူများ၊ လိုအင်ဆန္ဒပြည့်ဝသူများ၏ အကြောင်းကို ဤနေရာ၌ ကျယ်ဝန်းမည်စိုး၍ မတင်ပြလိုတော့ပေ။ သို့သော် ဤဂါထာတော်မြတ်သည် ရှေးသူတော်စင်ကြီးတို့ အလေးအနက် နေ့စဉ်ဝတ်မပျက် အစဉ်ရွတ်ပွား ခဲ့ကြောင်းကိုမူ သိစေအပ်ပါသည်။

**လိုအင်ဆန္ဒပြည့်ဝနိုင်ကြပါစေသတည်း။**

# လုံးတော်ဆရာတော်ဘုရားကြီး၏

## အဖွင့်နှင့် ဣစ္ဆန္တော ၁၂ ဂါထာပါဠိ

၁။ ဣစ္ဆန္တော သာသပ ဂဗ္ဘေ၊ စင်္ကမတိ ဣတော စိတော
ဣစ္ဆန္တော စက္ကဝါဠမှိ၊ အတ္တဘာဝန ဆာဒယိ။

၂။ ဣစ္ဆန္တော ဒသစက္ကေသု၊ သဟဿေသု စင်္ကမန္တော၊
ပါဒရိယာ အကာသယိ၊ နာနာဓမ္မ မဒေသယိ။

၃။ ဣစ္ဆန္တော အသာဓာရဏံ၊ အနန္တ ဗုဒ္ဓနိမိတ္တံ၊
စင်္ကမန္တောပိ ခဏေန၊ မောစေသိ ဗဒ္ဓနာ ဗဟုံ။

၄။ ဣစ္ဆန္တော ယာဝ ဘဝဂ္ဂံ၊ သမိဉ္ဇတံ ဗာဟုံယထာ၊
စင်္ကမတိ မဟိဒ္ဓိနာ၊ ဗုဒ္ဓတေဇေန သံယုတံ။

၅။ ဣစ္ဆန္တော ယုဂန္ဓရေန၊ ဂစ္ဆံ သမံ သူရစန္ဒံ၊ ဇေတဝနေ၊
သယာနာတော၊ အာမသိ ဟတ္ထပါဒေန။

၆။ ဣစ္ဆန္တော မိတဝဏ္ဏောစ၊ သမုဒ္ဒေါကာသိ ဣစ္ဆိတံ၊
လောကဇေဋ္ဌံ စက္ကဝါဠံ၊ အနန္တဘူမံဆာဒယိ။

၇။ ဗုဒ္ဓေါ ဘမုခါ အသူရာ၊ နလာဘော အတ္တ ကာယတံ၊
နပဿ ဋ္ဌ ပိတံ ဗုဒ္ဓံ၊ အစိန္တေယျံ အပ္ပမေယျံ။

၈။ နိလ္လယေ ဒေဝသူရေန၊ သမ္ပန္နော ဒသဣဒ္ဓိယာ၊
ဘဂဝါဒေဝ သူရဿ၊ စက္ခုမ္မြမှိနိလ္လယိ။

၉။ သကျာနံ ကောလိယာနဉ္စ၊ မာနမဒ္ဒါနမာသယံ၊
အန္တရေမဇ္ဈေ ဂန္တွာန၊ နိသီဒတိ နိလ္လယိ။

၁၀။ စရတွာ ဒုက္ကရစရိယံ၊ ဆဗ္ဗဿာနိ ဂတောဒိဝေ၊
နိဂြောဓသမီပေ ပတ္တော၊ ဣဒ္ဓိမဿ အဒဿနံ။

၁၁။ တိဋ္ဌတု စတုစိန္တိယေ၊ ဝိကုပ္ပနိဒ္ဓိမာပိတော၊
သဟာပရိက္ခာရေဟိစ၊ သာသပန္တေ စရတိစ။

၁၂။ အန္တောဂဗ္ဘေ ဣတောစိတော၊ ဣဒ္ဓိဝဏ္ဏောဝသာသပေ။
အတ္တဘာဝေန ဆာဒိယေ၊ ဧတေ မေ ဇယမင်္ဂလံ။

## ဣစ္ဆန္တော ၁၂ ဂါထာအနက်

၁။ အနန္တဂုဏောဟိ၊ အဆုံးမရှိသော ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော၊ မြတ်စွာဘုရားသည်။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ သာသပဂဗ္ဘေန္တေ၊ မှည်းစေ့ အတွင်း၌။ ဣတော´ စိတော၊ ထိုမှဤမှ၊ စက်မတိ၊ ကြွတော်မူနိုင်၏။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ စက္ကဝါဠမှိ၊ ဝကြဝဠာ တိုက် အလုံး၌။ ဝါ၊ စကြဝဠာတိုက်အလုံးကို။ အတ္တဘာဝေန၊ ကိုယ်တော်ဖြင့်။ ဆာဒယိ၊ ဖုံးလွှမ်းတော်မူနိုင်၏။

၂။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ ဒသစက္ကေသု သဟဿေသု၊ တစ်သောင်း စကြဝဠာတိုက်တို့၌။ (ဝါ) တိုက်တို့ကို။ စက်မန္တော၊ ကြွတော်မူလျက်။ ပါဒရိယာ၊ ခြေတော်ဖြင့် ဖုံးလွှမ်းခြင်းကို။ အကာသယိ၊ ပြုတော်မူပြီး။ နာနာခမ္မံ၊ အထူးထူး သော တရားတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

၃။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ အသာဓာရဏံ၊ ပစ္စေက ဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံသော။ အနန္တဗုဒ္ဓနိမ္မိတံ၊ အတိုင်းမသိသော ဘုရားကို ဖန်ဆင်းတော်မူခြင်းကို။ အကာသယိ၊ ပြုတော်မူပြီ။ ဣစ္ဆန္တော၊ အလိုရှိသည် ဖြစ်အံ့။ တံတံ ဌာနံ၊ ထိုထိုသောအရပ်၌။ စက်မန္တောပိ၊ ကြွတော်မူ၍လည်း ခဏေန၊ ခဏခြင်းဖြင့်။ ဗဟုံ၊ များစွာသော သတ္တဝါအပေါင်းကို။ ဗဒ္ဓနာ၊ ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ။ မောစေသိ၊ လွတ်စေတော်မူပြီ။

၄။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ ယာဝဘဝဂ္ဂံ၊ အထက်ဘဝဂ်တိုင်အောင်။ သမိဒ္ဓိတံ၊ ကွေးသော။ ဗာဟုံ၊ လက်ရုံးကို။ ပသာရေတိယထာ၊ ဆန့်တန်းသကဲ့ သို့။ မဟိဒ္ဓိနာ၊ ကိုယ်တော်မြတ်၏ တန်ခိုးဖြင့်။ စက်မတိ၊ ကြွတော်မူနိုင်၏။ အသာဓာရဏံ၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့နှင့် မဆက်ဆံသော။ အနန္တဂုဏသမ္ပန္နံ၊ အတိုင်းမသိသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓတေဇေန၊ ဘုရားတန်ခိုးတော်နှင့်။ သံယုတံ၊ ယှဉ်တော်မူသော မြတ်စွာဘုရားကို။ နမာမိ၊ ရှိခိုးပါ၏။

၅။ အနန္တ ဗုဒ္ဓဂုဏောဟိ၊ အဆုံးမရှိသော ဘုရားကျေးဇူးတော်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ် အံ့။ ယုဂန္ဓရေန၊ ယုဂန်တောင်တော်နှင့်။ သမံ၊ အမျှ။ ဂစ္ဆံ၊ သွားသော။ သူရစန္ဒံ၊ နေလကို။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ သယာနတော၊ လျောင်းတော်မူလျက်။ ဟတ္ထပါဒေန၊ ခြေဖဝါး၊ လက်ဖဝါးတော်ဖြင့်။ အာမသိ၊

သုံးသပ်တော်မူနိုင်၏။

၆-၇။ ကုစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ မိတ၀ဏ္ဏော၊ ဖန်ဆင်းအပ်သော၊ အဆင်းရှိတော်မူသော။ သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အနန္တဘူမံ၊ အဆုံးမရှိသော မြေနှင့်တကွသော။ စက္ကဝါဠံ၊ စကြဝဠာတိုက်အလုံးကို။ အတ္တဘာဝေန၊ ကိုယ်တော်၏ အဖြစ်ဖြင့်။ ဌပိတံ၊ ထားတော်မူသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အသူရာ၊ အသူရာနတ်တို့သည်။ နပဿတိ၊ မမြင်။ အစိန္တေယျံ၊ မကြံအပ်၊ မကြံစည်နိုင်သော။ အပ္ပမေယျံ၊ မနှိုင်းယှဉ်အပ်သော။ ဗုဒ္ဓတေဇေန၊ ဘုရားတန်ခိုးတော်နှင့်။ သံယုတံ၊ ယှဉ်တော်မူသော မြတ်စွာဘုရားကို။ နမာမိ၊ ရှိခိုးပါ၏။ (အတ္တနော၌ ဘဝတ္တိက နိဒ္ဒေသ၊ ဌပိတံ၌၊ မုဒ္ဓဇ ဋ္ဌ ဒန္တဇထ နှစ်ချက်သင့် ဌပ-ထပ ဌပနေ၊ ဌပေတွာ၊ ထပေတွာ၊ သဒ္ဒနိတိ။

၈။ ဒသက္ကုဒ္ဓိယာ၊ တန်ခိုးတော် ဆယ်ပါးနှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော၊ မြတ်စွာဘုရားသည်။ ဒေဝသူရေန၊ နတ်အသူရာနှင့်။ သဟ၊ တကွ။ နိလ္လယေ၊ ပုန်းတော်မူသည်ရှိသော်။ ဒေဝသူရဿ၊ နတ်အသူရာ၏။ စက္ခု ပမံမို၊ မျက်မှောင်ကြား၌။ နိလ္လယိ၊ ပုန်းတော်မူ၏။

၉။ မာနမဒ္ဒါနံ၊ မာန်ယစ်ကြကုန်သော။ သကျာနံ၊ သာကီဝင်မင်းတို့၏ လည်းကောင်း။ ကောလိယာနဥ္စ၊ ကောလိယမင်းတို့၏ လည်းကောင်း။ အာသယံ၊ အလိုတော်ကို။ ဇာနန္တော၊ သိတော်မူရကား။ မဇ္ဈေ၊ ယောဟိဏီဟု၊ နဒီ အံ့ဖွယ် ထိုမြစ်လယ်သို့။ ဂန္တွာန၊ ကြွတော်မူ၍။ ဥဘိန္နံ၊ နှစ်ဦးသားတို့၏။ အန္တရေ၊ အကြား၌။ ကာလဟံ၊ ငြင်းခုံခြင်းကို။ ဝူပသမေတုံ၊ ငြိမ်းစိမ့်သောငှာ။ နိသီဒတိစ၊ ကိုယ်တိုင်ဖြေ၍ ဓမ္မတရား၊ ဟောကြား ဆုံးမတော်မူလတ်သတည်း။ နိလ္လယိစ၊ ကိုယ်ထင်မပေါ်၊ တန်ခိုးတော်ဖြင့်၊ မြွက်ဖော်ပိုင်းခြား၊ မြတ်တရားကို၊ ဟောကြားဆုံးမတော် မူလတ်သတည်း။

၁၀။ အနုပိယေ၊ ရဂုံချိုင့်ဝှမ်း၊ သာထူးဆန်းသည့်၊ ပန်းမျိုးစုံစွာ၊ နတ်ကာတို့။ ဒိသာအလုံး။ ရင်ပတ်ကုံးမှ၊ စုရုံးညွှတ်ခ၊ နုပိယဟု၊ ကြည်စွသာမော၊ သည်တော၌။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး၊ ဒုက္ကရစရိယံ၊ လူနတ်ခပဲ၊ ကျင့်နိုင် ခဲသည့်၊ အံ့အဲစလောက် ချီးမြှောက်မကုန်၊ ဂုဏ်အနန္တ၊ ဝိသေသဟု၊ ဒုက္ကရပဋိပတ်၊ အကျင့်မြတ်ကို။ စရိတွာ၊ ငြိုငြင်ပင်ပန်း၊ နွမ်းနွမ်းလျှလျှ၊ သုံ့လကြိုးကုတ်၊ အားထုတ်ကျင့်ဆောင်တော်မူ၍။ ပရိယောသာနံ၊ ဆုံးခြင်းသို့။ ဂတေဒိဝေ၊ ရောက်တော်မူသောနေ့၌။ နိဂြောဓသမီပေ၊ ဆိတ်ကျောင်းသားတို့၊

သွားလာရောက်ကြ၊ နိဂြောဓေဟု၊ ရက္ခမည်တွင်၊ ပညောင်ပင်သို့။ ပတ္တေ၊ ခရီးကွန့်ထောက် တော်မူလတ်သော်၊ ဣဒ္ဓိမဿ၊ တန်ခိုးကြီးသော နတ်အပေါင်း၏။ အဒဿနံ၊ မမြင်။ အကာသိ၊ ပြုတော်မူပြီ။

(ဤ၌ ဣဒ္ဓိမတာ၊ ဝယဒဿနံ၊ ရှိမူလည်း သင့်သည်ပင်။
ဣဒ္ဓိမာ၊ တန်ခိုးကြီးသော။ ဒေဝတာဝီယ၊ နတ်ကဲ့သို့။
အဒဿနံ၊ မတွေ့မြင်ခြင်းကို။ အကာသိ၊ ပြုတော်မူပြီ။
ဤသို့ အနက်ပေးလေ။)

စရိတွာန၊ ဒုက္ကရစရိယံ၌၊ စရိယသဒ္ဒါနှင့်ယှဉ်၍ အက္ခရာတစ်လုံးလွန်မြဲ။ နသောကာသဝ မရဟတိ၊ နိဗ္ဗာန သစ္ဆိကရိယာစ၊ ဒါနဥ္စ ဓမ္မစရိယာစ၊ ပတိရူပ၊ ဒေသဝါသောစ ပုဒ်များကိုထောက်။ ဒုက္ခေန ကိစ္ဆေန ကာတဗ္ဗန္တိ၊ ဒုက္ကရံ၊ ဒုက္ကရဉ္စတံ စရိယဉ္စာတိ ဒုက္ကရစရိယာ ဟုဝစနတ်ပြု။ ဒုက္ကရစရိယာဟု က၊ သဒ္ဒိ သဒ္ဒေတော် နှောင်ရအက္ခရာနှင့် ရှိရမည်ကို သဒ္ဒနယ အတ္ထနယကို မကျွမ်းကျင်၍ ဒုက္ခစရိယာဟု များစွာပြောဆို မှတ်သားရေးသားကြ၏။ မသင့်။

၁၁။ စတုစိက္ကိယေ၊ လေးပါးကုန်သော အစိန္တေယျတို့ကို။ တိဋ္ဌတု၊ ထားဘိဦး။ ဝိကုပ္ပနိဒ္ဓိ၊ ဝိကုပ္ပန၊ ဣဒ္ဓိကို။ မာပေတွာ၊ ဖန်ဆင်း၍။ သဟ ပရိက္ခာရေဟိ၊ ရှစ်ပါးသောပရိက္ခရာတို့နှင့်တကွ။ သာလပန္တေ၊ မုန်ညင်းစေ့ အတွင်း၌။ စရတိ၊ သွားလည်းသွားတော်မူ၏။ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း တို့ပြုတော်မူ၏။

၁၂။ အန္တောဂဗ္ဘေ၊ မုန်ညင်းစေ့အတွင်း၌။ ဣတော စိတော၊ ထိုမှဤမှ။ စင်္ကမန္တေ၊ စင်္ကြံကြွတော်မူခြင်းသည်။ ဣဒ္ဓိဝဏ္ဏော၀၊ တန်ခိုးဖန်ဆင်းခြင်းမျှသာ တည်း။ သော သာသပေါ၊ ထိုမုန်ညင်းစေ့ကို။ မဟန္တော၊ ကြီးအောင်ဖန်ဆင်း တော်မူသည်။ န၊ မဟုတ်။

(ဤ၌ ဣဒ္ဓိဝဏ္ဏော နသာပေါပါရှိသော်လည်း သင့်၏။ ဣဒ္ဓိဝဏ္ဏော ကိုယ်တော်ကို ငယ်အောင် တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူသည်။ န၊ မဟုတ်၊ သာသပေါ၊ မုန်ညင်းစေ့ကို။ မဟန္တော၊ ကြီးအောင်ဖန် ဆင်းတော်မူသည်။ န၊ မဟုတ်။ ဤသို့ အနက်ပေးသင့်၏။)

အတ္တဘာဝေနဆာဒီယေ၊ ကိုယ်တော်၏အဖြစ်ဖြင့် စကြဝဠာတစ်တိုက် လုံးကို ဖုံးလွှမ်းတော်မူခြင်း အစရှိသော။ ဧတေ၊ ထိုဘုရားကျေးဇူးတော်

တို့သည်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ကြောင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

(၁၂၃၇ ခု တပို့တွဲလဆုတ် ၁၀ ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ ပဝတ္တိရတနသခ် မြို့၊ ပလိုင်းရွာမှ လုံးတော်ဆရာတော်ဘုရားကြီး၏ ဣစ္ဆန္တော ၁၂ ဂါထာ အဆုံးအဖြတ်။)

## တိုက်တွန်းချက်

ဤဣစ္ဆန္တော၊ ဂါထာကို ဆရာတော်ကြီးကိုယ်တိုင် အလေးအနက် အဆုံး၊ အဖြတ်ပေးထားခြင်း ဖြစ်၍ နှုတ်ငုံအရဆောင်ပြီး နေ့စဉ်ဝတ်မပျက် ရွတ်ဖတ်ရန် တိုက်တွန်းအပ်ပါသည်။

ဤဂါထာတော်ကြီး၏ တန်ခိုးကြောင့် အလွန်ဆင်းရဲသော ဘဝမှသည် မကြောင့်မကြ၊ မတောင့်မတ နေနိုင်သောဘဝသို့လည်းကောင်း၊ ယခင်က အပယ်ခံ ပညာရှင်တစ်ဦးသည် ဤဂါထာတော်မြတ်ကြီးကို နေ့စဉ် ဝတ်မပျက် ပူဇော်ကန်တော့ရာမှ ရာထူးကြီးများ အဆင့်ဆင့်သို့ လည်းကောင်း အသီးသီး ရောက်ရှိသွားပုံတို့ကို ၎င်းတို့ပြောကြားချက်အရ သိရှိရပါသည်။ (တစ်နေ့လျှင် မိမိ တတ်စွမ်းနိုင်သလောက် ရွတ်ဖတ်သရဇ္ဈာယ်ပါရန် တိုက်တွန်းအပ်ပါ သတည်း။





### မန္တလေးတောင် ရသေ့ကြီးဦးခန္တီ၏
### အိပ်မက်အရ

## အန္တရာယ်ကင်းဂါထာတော်

ဣတိပိသော အာရဗ္ဗန္တော၊
မုစ္စန္တု ဗုဒ္ဓခေါ ဗောဓိ။

ဗုဒ္ဓစက္ခုံ ကိုယ်လုံးခြုံ၍ လုံစေသော်။
ဓမ္မစက္ခုံ ကိုယ်လုံးခြုံ၍ လုံစေသော်။
သံဃစက္ခုံ ကိုယ်လုံးခြုံ၍ လုံစေသော်။

### ဂါထာတော်အနက်

ဗုဒ္ဓေါ၊ ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားအား။ ဣတိပိ၊ ဤသို့။ အာရဗ္ဗန္တော၊ အာရုံပြု၍ ပူဇော်ကန်တော့ခြင်းကြောင့်။ မုစ္စန္တု၊ မကောင်းသော ဘေးရန်အန္တရာယ်အပေါင်းမှ ကင်းလွတ်ပါစေသတည်း။

- ဘုရားရှင်၏ အာဏာစက်ကြောင့် ကျွန်ုပ်တစ်ကိုယ်လုံးဘေးရန်အပေါင်းမှ လုံခြုံအောင် ကာကွယ်ပါစေသတည်း။
- တရားတော်မြတ်၏ အာဏာစက်ကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး ဘေးရန်အပေါင်းမှ လုံခြုံအောင် ကာကွယ်ပါစေသတည်း။
- သံဃာတော်မြတ်၏ အာဏာစက်ကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး ဘေးရန်အပေါင်းမှ လုံခြုံအောင် ကာကွယ်ပါစေသတည်း။

## ဂါထာတော်အညွှန်း

- အထက်ဖော်ပြပါ ဂါထာကို မန္တလေးတောင် သာသနာပြုရသေ့ကြီး ဦးခန္တီအား အထက်နတ်သိကြားများက အိမ်မက်ဖြင့် ပေးသော ဂါထာဖြစ်ပါသည်။
- ဤဂါထာကို ခုနစ်ရက်သားသမီးများ ကပ်ဆိုး၊ ဘေးဆိုးကြီးများမှ လွတ်ကင်းကြစေရန် ရွတ်ဆိုပွားများကြပါ။ အန္တရာယ်ကင်း၍ ကပ်ကျော်ပါလိမ့်မည်ဟု ရသေ့ကြီး ဦးခန္တီက စာရွက်များ ရိုက်နှိပ်ဝေငှခဲ့သည်ဟု အဆိုရှိပါသည်။
- ကျွန်တော်၏ မိခင်အပါအဝင် အချို့ သက်ကြီးရွယ်အိုများ မှတ်မိကြပါသည်။ .
- ဤဂါထာကိုရွတ်ဆိုရာတွင် ဗုဒ္ဓစက္ကဲ့ပြုဟု ဆိုသည်နှင့် မြတ်စွာဘုရားကို မျက်စိထဲတွင် ပေါ်အောင် အာရုံပြု၍ မိမိ ဦးခေါင်းပေါ်၌ တည်ထားပါ။
- ဓမ္မစက္ကဲ့ပြုဟု ဆိုလျှင် တရားတော်များကို အာရုံပြု၍ ခေါင်းပေါ်၌ တည်ထားပါ။
- သံဃစက္ကဲ့ပြုဟုဆိုလျှင် သံဃာတော်များကို အာရုံပြု၍ ခေါင်းပေါ်၌ တည်ထားပါ။
- ဤဂါထာကို အိပ်လျက် ရွတ်ဆိုလျှင် မိမိ တစ်အိမ်လုံးလုံခြုံပါသည်။
- ထိုင်လျက်ရွတ်ဆိုပါလျှင် တစ်ရွာလုံး လုံခြုံပါသည်။
- မတ်တတ်ရပ်လျက် ရွတ်ဆိုပါလျှင် တစ်နယ်လုံး လုံခြုံသည်ဟု အဆိုရှိပါသည်။
- ယုံယုံကြည်ကြည် ရွတ်ဆိုပွားများကြပါရန် ရှာဖွေပြုစု တင်ပြအပ်ပါသည်။

❁



## မိုးညှင်းဆရာတော်ကြီး၏

### အန္တရာယ်ကာကွယ်နည်း မန္တန်

ဗုဒ္ဓဂုဏော အနန္တော၊
ဓမ္မဂုဏော အနန္တော၊
သံဃဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ၊ အညံနတ္ထိ၊
ဓမ္မော မေ သရဏံ၊ အညံနတ္ထိ၊
သံဃော မေ သရဏံ၊ အညံနတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မ သရဏံ ဂစ္ဆာမိ၊
သံဃ သရဏံ ဂစ္ဆာမိ၊
ဧသော ညတ္တိ၊
အမုမှိ ဩကာသေ တိဋ္ဌာဟိ။

## အဓိပ္ပာယ်မှာ

ဘုရားဂုဏ်တော်ကား အနန္တပင်။
တရားဂုဏ်တော်ကား အနန္တပင်။
သံဃာ့ဂုဏ်တော်ကား အနန္တပင်။

ဘုရားသည် ငါ၏ကိုးကွယ်ရာ၊ တခြားကိုးကွယ်ရာမရှိ။
တရားသည် ငါ၏ကိုးကွယ်ရာ၊ တခြားကိုးကွယ်ရာမရှိ။
သံဃာသည် ငါ၏ကိုးကွယ်ရာ၊ တခြားကိုးကွယ်ရာမရှိ။

ဘုရားကို ကိုးကွယ်ပါ၏။
တရားကို ကိုးကွယ်ပါ၏။
သံဃာကို ကိုးကွယ်ပါ၏။
အဲဒါဟာ သိထားစေခြင်းပဲ။
သွား . . . ဟိုနေရာမှာ ရပ်နေပါ။

ဤမန္တန်တော်ကို အမြဲရွတ်ဖတ်ပါက အန္တရာယ်ကင်း၏။ လိုရာကိစ္စပြီးစီး၏။ လုပ်သမျှ အောင်မြင်မည်။ နံနက်အိပ်ရာထ ၁၀၈ ကြိမ်၊ အိပ်ရာဝင် ၁၀၈ ကြိမ်၊ တစ်နေ့လျှင် ၂၁၆ ကြိမ် ရွတ်ဆိုပါလေ။ ၁၀၈ ဌ=၁+၀+၈=၉။ ၂၁၆ ဌ=၂+၁+၆=၉ ဖြစ်၏။

ဤနည်းကို မိုးညှင်း သမ္ဗုဒ္ဓေဆရာတော်ဘုရားကြီး အမြဲကျင့်သုံးတော်မူလေသောဟူ၏။

# ဇာလီတောင်ဆရာတော်ဘုရားကြီး၏

## မာရဝိဇယ ပဒုမဂါထာ

ဇိနာတိ မာရာရိ၊ ဇိနော ဒယာလယော၊
ဇိနုတ္တ ဓမ္မော စ၊ ဇိနေန ပူဇိတော။
ဇိနောရသော နန္ဒ၊ ဇိနံ ပသံသိတော။
ဇိနာဒယော အရိ၊ ဇိတေ နမာ မဟံ။

## ဂါထာအနက်

ဒယာလယော၊ မဟာကရုဏာ၏ တည်ရာဖြစ်တော်မူထသော။ ဇိနော၊ မြတ်စွာဘုရားသည်။ မာရာရိ၊ ဒေဝပုတ္တ စသော။ မာရ၊ ဆသတ္တာရ၊ စသော ရန်တို့ကို။ ဇိနာတိ၊ အောင်တော်မူ၏။

ဇိနုတ္တ ဓမ္မော စ၊ ဘုရားမြတ်စွာ ဟောတော်မူသော တရားတော်ကိုလည်း။ ဇိနေန၊ ဘုရားမြတ်စွာသည်။ ပူဇိတော၊ ပူဇော်တော်မူအပ်၏။ ဇိနောရသော၊ မြတ်စွာဘုရား၏ သားတော်ဖြစ်သော အရိယာပုဂ္ဂိုလ်အပေါင်းကိုလည်း။ အနန္တ ဇိနံ၊ အတိုင်းသိသော ကျေးဇူးတော်ရှိသော ဘုရားမြတ်စွာသည်။ ပသံသိတော၊ ချီးမွမ်းတော်မူအပ်၏။ အရိဇိတေန၊ ရန်သူတို့ကို အောင်ကုန်ပြီးသော။ တေဇိနာဒယော၊ ထိုဘုရား စသည်တို့ကို။ အဟံ၊ ငါသည်။ နမာမိ၊ ရှိခိုးပါ၏။

**မှတ်ချက်။** ။ ကျေးဇူးရှင် ဇာလီတောင် ဆရာတော်ဘုရားကြီး တပည့် ဒကာ ဒကာမများအား ချီးမြှင့်တော်မူလေ့ရှိသော ဂါထာဖြစ်သည်။ ယင်းဂါထာမှာ တောင်ငူရာဇဝင်လာ ဘုရင့်နောင် ကျော်ထင်နော်ရထာနှင့် သမိန်ထောရာမတို့ စီးချင်းထိုးကြရာ၌ ဘုရင့်နောင်ကျော်ထင်နော်ရထာ သစ္စာပြု၍ ရွတ်ဆိုခဲ့သောဂါထာဖြစ်ကြောင်း သိရှိရသည်။

သက္ကရာဇ် ၉၁၃ ခု၊ တန်ခူးလဆန်း ၆ ရက်နေ့တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် သမိန်ထောရာမတို့စီးချင်းထိုးကြရာ ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ဥပေါသထဆင်တော်၏ ဦးကင်းတွင်ထိုင်ကာ ရွှေကရားဖြင့်ရေကိုယူ၍ "သာသနာတော်စီးပွား၊ ပြည်သူလူတကာတို့စီးပွား

ကိုဆောင်တော်မူနိုင်သော မင်းဧကရာဇ်ဖြစ်လျှင်သမိန်ထော ရာမကို တစ်ခဏချင်း အောင်မြင်သည်ဖြစ်စေသော်” ဟု သစ္စာဓိဋ္ဌာန်ပြုပြီး အထက်ပါဂါထာကို ရွတ်ဆိုကာ ရေစက် သွန်းချတော်မူသည်။ ထိုတိုက်ပွဲတွင် သမိန်ထောရာမအရေး ရှုံးနိမ့်ခဲ့ရလေသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြုစုသော “တို့ဗမာ ဝတ်ရွတ်စဉ်” စာအုပ် စာမျက်နှာ (၄၆-၄၈)တွင်မူယင်း ဂါထာကို “ပဒုမရွှေကြာဂါထာနှင့် အင်း” အဖြစ် ဖော်ပြ ထားပေသည်။

လျှင်မြန်လိုက်လတ်ဖမ်း သတ်ချေပစ် မုန်ယစ်လွန်ကြီး မင်းစီးခေါ်တွင်နာဠာဂီရိ ဆင်ကိုလည်းကောင်း။ အင်္ဂုလိဠ၊ တွေ့ရာဖမ်းသတ် လက်ညှိုးဖြတ်၍ တောရပ်ခိုပုန်း၊ တောပုန်းဓားပြ အင်္ဂုလိမာလကိုလည်းကောင်း။ စိဍ္စသစ္စကဠ၊ ပလိန်းဉာဏ်ဆင် ပြစ်တင်စွပ်စွဲ သားမဲ့စိဍ္စ မာဏဝိကနှင့် ဝါဒများမြှောင် တစ်ထောင်အယူ တံခွန်ထူ၍ မာန်မူတိုက်စစ် သစ္စကပရိဗိုဇ်ကို လည်းကောင်း။ နန္ဒောပနန္ဒ-ဗြဟ္မဍ္ဍ၊ အဆိပ်ပြင်းထန် နန္ဒောပနန္ဒ ဘုဇဂနှင့် အာဘဿရဘုံဌာနက ထာဝရယူသီး ဗကဗြဟ္မာကြီးကိုလည်းကောင်း။ ဇယောဒယထာ၊ တရားစည်ကြီး ရိုက်ဆော်တီး လျက် အောင်ခြင်းကြီး အောင်တော်မူခဲ့သကဲ့သို့။ တထာ၊ ထို့အတူ။ မေ၊ အကျွန်ုပ်အား။ မင်္ဂလံ၊ အောင်ဖွယ်ထွေလာ အောင်ရာအောင်ကြောင်း အောင် မင်္ဂလာအပေါင်းသည်။ ဇယတု၊ အောင်မြင်ပြီးစီး အောင်ခြင်းကြီး အောင်ပါ စေသော်။

ထွင့်ခေါင်ဆရာတော်ဘုရားကြီး ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ဂါထာတော် ကြီးဖြစ်၏။ ဘုရား-တရား-သံဃာအား တပည့်တော်ကို အမြဲစောင့်ရှောက် တော်မူပါ၊ တပည့်တော် ချမ်းသာသက်ရှည်လိုပါ၏။ မာရ်နတ်စတဲ့ အပြင် အောင်ခြင်းရှစ်ပါးကို အောင်မြင်တော်မူသလို တပည့်တော်အောင်မြင်လိုပါ၏ ဟု ဆုတောင်းဖြစ်၏။ အနက်မရသော်လည်း ဂါထာပင်အကျိုးများလှပြီ။ တွေ့ဖူးသူတွေများလှ၏။ ပါဠိကျက်၍ ရွတ်ကြပါလေ။

# ဆီးပန်းနီ ဆရာတော်ဘုရားကြီး၏

## ကုသလ္လော (၈)ဂါထာ

၁။ ကုသလ္လော ယုဂမုဒ္ဒေန၊ သမံ ဂစ္ဆံ သူရန္တံ။
ဇေတဝနေ သယာန တော၊ ပရာမိ ဟတ္ထ ပါဒေန။
ဗုဒ္ဓဓမ္မော အပဟာဿရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၂။ ကုသလ္လော အသာဓာရဏံ၊ အနန္တ ဗုဒ္ဓ နိမ္မိတံ။
စင်္ကမန္တော အဓိဋ္ဌေန၊ မောစေသိ ဗဒ္ဓနာ ဗဟူ။
ဗုဒ္ဓဓမ္မော အပဟာဿရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၃။ ကုသလ္လော ယာဝဘဝဂ္ဂါ၊ သမိဒ္ဓတံ ဗာဟံယထာ။
စင်္ကမတိ သိရိဒ္ဓိနာ၊ ဗုဒ္ဓတေဇေန သံယုတာ။
ဗုဒ္ဓဓမ္မော အပဟာဿရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၄။ ကုသလ္လော ဘဂ္ဂ ဘဂ္ဂရော၊ ဟေဋ္ဌာပထဝီ ဘင[illegible]။
အတ္ထိ အစိန္တိယာ ယေန၊ ဗုဒ္ဓလီလာယဓမ္မတာ။
ဗုဒ္ဓဓမ္မော အပဟာဿရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၅။ ကုသလ္လော သဗ္ဗစက္ကေသု၊ သမ္မာ စင်္ကမေ ဂန္တွာပိ။
ပါဋိဟိရမကာရယိ၊ နာနာဓမ္မေပိ ဒေသေဟိ။
ဗုဒ္ဓဓမ္မော အပဟာဿရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၆။ ကုသလ္လော သာသပဂဗ္ဘော၊ ကုတောစိတော စင်္ကပတိ။
ကုသလ္လော စက္ကဝါဠမ္ပိ၊ အတ္တဘာဝေန ဆာဒယိ။
ဗုဒ္ဓဓမ္မော အပဟာဿရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၇။ ကုသလ္လော စက္ကဝါဠမှာ၊ တိဋ္ဌံစ စင်္ကမမ္ပိစ။
ယမှိသာသပဂဗ္ဘန္တော၊ အတ္တဘာဝေန နိက္ခမိ။
ဗုဒ္ဓဓမ္မော အပဟာဿရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

၈။ ကုသလ္လော အဓိဋ္ဌဟိတွာ၊ နိရောဓံ သမာပဇ္ဇယိ။
သမာပန္နော ဌိတကာယော၊ ပီဠိတုံ ပရေ နသက္ကာ။
ဗုဒ္ဓဓမ္မော အပဟာဿရာ၊ တထာ မေ ဟောတု နန္တဂုဏာ။

# မြန်မာပြန်အနက်

၁။ ဓိနော၊ ငါးမာရ်အောင်မြင် ဘုရားသခင်သည်။ ဣဿဉ္စော။ အလိုရှိတော်မူသည်ရှိသော်။ ယုဂမုဒ္ဓေန၊ ယုဂန္ဓိုရ်တောင်ထိပ်နှင့်။ သမံ၊ အမျှ။ ဂစ္ဆံ ဂစ္ဆန္တံ၊ သွားသော။ သူရစန္ဒံ၊ နေလနှစ်ပါးကို။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌ သဃာနတော၊ သဃာနတော၀၊ လောင်းတော်မူလျက်သာလျှင်။ ဟတ္ထပါဒေန၊ လက်ခြေတော်ဖြင့်။ ပရာမိ၊ သုံးသပ်တော်မူနိုင်၏။

ဗုဒ္ဓမမ္မာ၊ ဘုရားကျေးဇူးတော်တို့သည်။ အဟာစ္ဆရာ၊ အဟောအစ္ဆရာ၊ ဩော် . . . အံ့ဖွယ်ရှိပေစွ။ မေ-မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တဂုဏာ၊ လူတိုင်းမသိသော။ လောကီလောကုတ္တရာ၊ နှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည်ဖြစ်စေသတည်း။

၂။ ဓိနော၊ ငါးမာရ်အောင်မြင် ဘုရားသခင်သည်။ ဣဿဉ္စော၊ အလိုရှိတော်မူသည်ရှိသော်။ စက်မဉ္စော၊ စကြံကြွတော်မူလျက်။ အဓိဋ္ဌေန၊ စတုတ္ထဈာန်သမာပတ် မြတ်သည့်တေဇော်၊ ဓိဋ္ဌာန်တော်ဖြင့်။ အသာဓာရဏာ၊ နတ် လူ ဗြဟ္မာ၊ သတ္တဝါ အတန်တန်တို့နှင့် မဆက်ဆံသော။ အနန္တဗုဒ္ဓနိမ္မိတာ၊ အတိုင်းမသိ၊ များစွာသိသည်၊ နိမ္မိတဘုရား ကိုယ်တော်ပွားကို။ မာပေတွာ၊ ဖန်ဆင်းတော်မူ၍။ ဗဟူ၊ နတ်လူများစွာ ဝေနေယျာကို။ ဒေသနာယ၊ တရားမြတ်စွာ ဒေသနာဖြင့်။ ဗန္ဓနာ၊ ကိလေသာညွှတ်ကွင်း နှောင်အိမ်တွင်းမှ။ မောစေသိ၊ အလျဉ်းကျွတ်၍ လွတ်စေတော်မူပြီ။

ဗုဒ္ဓမမ္မာ၊ ဘုရားကျေးဇူးတော်တို့သည်။ အဟာစ္ဆရာ-အဟောအစ္ဆရာ၊ ဩော် . . . အံ့ဖွယ်ရှိပေစွ။ မေ-မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ နှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည် ဖြစ်စေသတည်း။

၃။ ဓိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ဣဿဉ္စော၊ အလိုရှိတော်မူသည်ရှိသော်။ သိရိဒ္ဓနာ၊ ကျက်သရေထင်ပေါ်၊ တန်ခိုးတော်ဟု ဆိုအပ်သော။ ဗုဒ္ဓ တေဇေန၊ ဘုရားရှင်၏ လျှင်မြန်သော တန်ခိုးတော်နှင့်။ သံယုတာ၊ ကောင်းစွာ ယှဉ်တော်မူလျက်။ ဗာဟံ၊ လက်ရုံးတော်ကို။ သမိဉ္ဇိတံယထာ၊ လျှင်မြန်မနှေး၊ ကွေးဆန့်လိုက်သကဲ့သို့။ ယာဝဘဝဂ္ဂါ၊ နေဝသညာ နာသညာ ယတနဘုံ တိုင်အောင်။ စက်မတိ၊ မကြာလျှင်လျှား၊ ကြွသွားတော်မူနိုင်၏။

ဗုဒ္ဓမမ္မာ၊ ဘုရားကျေးဇူးတော်တို့သည်။ အဟာစ္ဆရာ၊ ဩော်. . . အံ့ဖွယ်ရှိပေစွ။ မေ-မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တဂုဏာ၊ အတိုင်းမသိသော၊ လောကီ လောကုတ္တရာ နှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည်ဖြစ်စေ

သတည်း။

၄။ ဓိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည် ရှိသော်။ ဗုဒ္ဓလီလာယ ဘုရားတို့၏ တင့်တယ်သပ္ပာယ်ခြင်းဟု ဆိုအပ်သော။ ဓမ္မတာ-ဓမ္မတာယ၊ သဘောတော်အားဖြင့်။ ယေန၊ အကြင်အမှတ်မရှိသော လူ နတ် ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့သည်။ အစိန္တိယော၊ မိမိတို့၏ တန်ခိုးဉာဏ်ဖြင့်၊ မကြံစွမ်းနိုင်ထသော။ ယာဣဒ္ဓိ၊ အကြင်တန်ခိုးတော်သည်။ အတ္ထိ၊ ရှိ၏။ တာယဣဒ္ဓိယာ၊ ထိုတန်ခိုးတော်ဖြင့်။ ဘဂ္ဂ ဘဂ္ဂရော၊ ဖြန်းဖြန်းခွဲတော်မူလျက်။ ဟေဋ္ဌာပထဝီ၊ မြေကြီးအောက်သို့။ နိမုစ္စတိ၊ လျှိုသွားစုတ်စုတ်၊ ငုပ်တော်မူနိုင်၏။ ပုန၊ တစ်ဖန်။ ဘဝဂ္ဂဋ္ဌ၊ ထက်ဘဝဂ် တိုင်အောင်လည်း။ သီဃတရံ၊ လျင်မြန်စွာ၊ ပစ္စာဂစ္ဆိ၊ ပြန်လည်တုံ့ခေါက်၊ ရောက်စေတော်မူနိုင်၏။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟာစ္ဆရာ-အဟောအစ္ဆရာ၊ ကြော် . . . အံ့ဖွယ်ရှိပေစွ။ မေ-မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တ ဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာနှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည်ဖြစ်စေသတည်း။

၅။ ဓိနော၊ ငါးမာရ်အောင်မြင် ဘုရားသခင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ သဗ္ဗစက္ကေသု၊ ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်ဟု ဆိုအပ်သော သုံးရပ်သော စက္ကဝါတို့၌။ စက်မေ-စက်မေန၊ စကြာတော်ဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဂန္တွာ၊ မကြာမြားမြား၊ လှမ်းကြွတော်မူ၍။ ပါဠိဋိဟိရံ၊ ရေမီးအစုံ၊ ဂုဏ်တော်မကိုင်ရှု၊ ယမိုက်ရောင်ဝါ၊ ပြာဋိဟာကို။ အကာရယိ၊ မရှိနိုင်းတု၊ ပြုတော်မူပြီ။ နာနာဓမ္မေပိစ၊ အထူးထူးသော၊ တရားတော်တို့ကိုလည်း။ ဒေသေတိ၊ ဟောတော်မူပြီ။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟာစ္ဆရာ-အဟော-အစ္ဆရာ၊ ကြော် . . . အံ့ဖွယ်ရှိပေစွ။ မေ-မမ၊ အကျွန်ုပ်အား။ တထာ၊ ထို့အတူ။ အနန္တ ဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ၊ နှစ်ဖြာသော ကျေးဇူးတို့ သည်။ ဟောတု၊ ရှိသည် ဖြစ်စေသတည်း။

၆။ ဓိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ သာသပ ဂဗ္ဘေ၊ မုန်ညင်းခွံ တိုက်အတွင်း၌။ ဣတော၊ စိတော၊ ထိုမှ ဤမှ။ စင်္ကမတိ၊ ပရိက္ခရာရစ်ဆူ၊ ဆောင်တော်မူ၍၊ မည်သူမတန်၊ တန်ခိုးအနန္တဖြင့်၊ စင်္ကြံကြွတော်မူနိုင်၏။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ စက္ကဝါဠမ္ပိ၊ စကြဝဠာတိုက် အလုံးကိုလည်း။ အတ္တဘာဝေန၊ အတ္တဘောတော်ဖြင့်။ ဆာဒယိ၊ ဖုံးဖိလွှမ်းမိုးတော်မူနိုင်၏။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟစ္ဆရာ–အဟောအစ္ဆရာ၊ ပြော်–အံ့ဖွယ်ရှိပေစွ။ မေ–မမ၊ အကျွန်ုပ်အား။ တထာ၊ ထိုအတူ။ အနန္တဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ၊ နှစ်ဖြာသော ကျေးဇူးတို့သည်။ ဟောတု၊ ရှိသည်ဖြစ်စေသတည်း။

၇။ ဓိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ ယမိုသာသဂပဗ္ဗန္တော၊ အကြင် မုန်ညင်းခွံတိုက်အတွင်း၌။ တိဋ္ဌေ၊ ရပ်လည်း ရပ်တော်မူနိုင်၏။ စင်္ကမမို၊ စင်္ကြံလည်း ကြွတော်မူနိုင်၏။ စင်္ကဝါဠမှာ၊ စကြဝဠာတိုက်မှ။ အတ္တဘာဝေန၊ အတ္တဘောတော်ဖြင့်။ နိက္ခမိ၊ ထွက်တော်မူနိုင်၏။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟစ္ဆရာ–အဟော–အစ္ဆရာ၊ ပြော် . . . အံ့ဖွယ်ရှိပေစွ။ မေ–မမ၊ အကျွန်ုပ်အား။ တထာ၊ ထိုအတူ။ အနန္တ ဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ၊ နှစ်ဖြာသော ကျေးဇူးတို့ သည်။ ဟောတု၊ ရှိသည်ဖြစ်စေသတည်း။

၈။ ဓိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားသခင်သည်။ ဣစ္ဆန္တော၊ အလိုရှိတော်မူသည်ရှိသော်။ နိရောဓံ၊ နိရောဓ သမာပတ်မြတ်သော ချမ်းသာကို။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်တော်မူ၍။ သမာပဇ္ဇယိ၊ ဝင်စားတော်မူလျက်။ ဋ္ဌိတကာယော၊ တည်သောကိုယ်တော်ကို။ ပရေ၊ တစ်ပါးသော သူတို့သည်လည်း။ ပီဠိတုံ၊ နှိပ်စက်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။

ဗုဒ္ဓ ဓမ္မာ၊ ဘုရား ကျေးဇူးတော်တို့သည်။ အဟာအစ္ဆရာ–အဟော–အစ္ဆရာ၊ ပြော် . . . အံ့ဖွယ်ရှိပေစွ။ မေ–မမ၊ အကျွန်ုပ်အား။ တထာ၊ ထိုအတူ။ အနန္တဂုဏာ၊ အတိုင်းမသိသော လောကီ လောကုတ္တရာ နှစ်ဖြာသော ကျေးဇူး တို့သည်။ ဟောတု၊ ရှိသည် ဖြစ်စေသတည်း။

(ဆီးပန်းနီဆရာတော်ကြီး၏မှ)

**မှတ်ချက်။** ။ ဤဣစ္ဆန္တော(၈)ဂါထာတော်မြတ်ကြောင့် ကြွယ်ဝချမ်းသာသူများ၊ လိုအင်ဆန္ဒပြည့်ဝသူများ၏ အကြောင်းကို ဤနေရာ၌ ကျယ်ဝန်းမည်စိုး၍ မတင်ပြလိုတော့ပေ။ သို့သော် ဤဂါထာတော်မြတ်သည် ရှေးသူတော်စင်ကြီးတို့ အလေးအနက် နေ့စဉ်ဝတ်မပျက် အစဉ်ရွတ်ပွား ခဲ့ကြောင်း ကိုမူ သိစေအပ်ပါသည်။

**လိုအင်ဆန္ဒပြည့်ဝနိုင်ကြပါစေသတည်း။**

# လုံးတော်ဆရာတော်ဘုရားကြီး၏

## အဖွင့်နှင့် ကကုသန္ဓော ၁၂ ဂါထာပါဠိ

၁။ ကကုသန္ဓော သာသပ ဂဗ္ဘော၊ စက်မတိ ကုတော စိတော
ကကုသန္ဓော စက္ကဝါဠမှိ၊ အတ္တဘာဝန ဆာဒယိ။

၂။ ကကုသန္ဓော ဒသစက္ကေသု၊ သဟဿေသု စက်မန္ဓော၊
ပါဒရိယာ အကာသယိ၊ နာနာဓမ္မ မဒေသယိ။

၃။ ကကုသန္ဓော အသာဓာရဏံ၊ အနန္တ ဗုဒ္ဓနိမိတ္တံ၊
စက်မန္ဓောပိ ခဏေန၊ မောစေသိ ဗန္ဓနာ ဗဟုံ။

၄။ ကကုသန္ဓော ယာဝ ဘဝဂ္ဂံ၊ သမိဒ္ဓတံ ဗာဟုံယထာ၊
စက်မတိ မဟိဒ္ဓိနာ၊ ဗုဒ္ဓတေဇေန သံယုတံ။

၅။ ကကုသန္ဓော ယုဂန္ဓရေန၊ ဂဏ္ဍံ သမံ သူရစန္ဒံ၊ ဇေတဝနေ၊
သယာနာတော၊ အာမသိ ဟတ္ထပါဒေန။

၆။ ကကုသန္ဓော မိတဝဏ္ဏောစ၊ သမုဒ္ဒေါကာသိ ကုဋ္ဌိတံ၊
လောကဇေဋ္ဌ စက္ကဝါဠံ၊ အနန္တဘူမံဆာဒယိ။

၇။ ဗုဒ္ဓေါ ဘမုခါ အသူရာ၊ နလာဘေ အတ္တ ကာယတံ၊
နပဿ ဌ ပိတံ ဗုဒ္ဓံ၊ အစိန္တေယျံ အပ္ပမေယျံ။

၈။ နိလ္လယေ ဒေဝသူရေန၊ သမ္ပန္နော ဒသက္ကုဒ္ဒိယာ၊
ဘဂဝါဒေဝ သူရဿ၊ စက္ခုမ္ဗမှိနိလ္လယိ။

၉။ သကျာနံ ကောလိယာနဥ္စ၊ မာနမဒ္ဒါနမာသယံ၊
အန္တရေမဇ္ဈေ ဂန္တွာန၊ နိသီဒတိ နိလ္လယိ။

၁၀။ စရတွာ ဒုက္ကရစရိယံ၊ ဆဗ္ဗဿာနိ ဂတောဒိဝေ၊
နိဂြောဓသမီပေ ပတ္တော၊ ကုဒ္ဒိမဿ အဒဿနံ။

၁၁။ တိဋ္ဌတု စတုစိန္တိယေ၊ ဝိကုပ္ပနိဒ္ဒိမာပိတော၊
သဟပရိက္ခာရေဟိစ၊ သာသပန္တေ စရတိစ။

၁၂။ အန္တောဂဗ္ဘေ ကုတောစိတော၊ ကုဒ္ဒိဝဏ္ဏောဝသာသပေါ။
အတ္တဘာဝေန ဆာဒိယေ၊ ဇတော မေ ဇယမင်္ဂလံ။

## ဣစ္ဆန္တော ၁၂ ဂါထာအနက်

၁။ အနန္တဂုဏောဟိ၊ အဆုံးမရှိသော ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော၊ မြတ်စွာဘုရားသည်။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ သာသပဂဗ္ဘေန္တေ၊ မုညင်းစေ့ အတွင်း၌။ ဣတော စိတော၊ ထိုမှဤမှ၊ စက်မတိ၊ ကြွတော်မူနိုင်၏။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ စက္ကဝါဠမှိ၊ ဝကြဝဠာ တိုက် အလုံး၌။ ဝါ၊ စကြဝဠာတိုက်အလုံးကို။ အတ္တဘာဝေန၊ ကိုယ်တော်ဖြင့်။ ဆာဒယိ၊ ဖုံးလွှမ်းတော်မူနိုင်၏။

၂။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ ဒသစက္ကေသု သဟဿေသု၊ တစ်သောင်း စကြဝဠာတိုက်တို့၌။ (ဝါ) တိုက်တို့ကို။ စက်မန္တော၊ ကြွတော်မူလျက်။ ပါဒရိယာ၊ ခြေတော်ဖြင့် ဖုံးလွှမ်းခြင်းကို။ အကာသယိ၊ ပြုတော်မူပြီး။ နာနာခမ္မံ၊ အထူးထူး သော တရားတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

၃။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ အသာဓာရဏံ၊ ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံသော။ အနန္တဗုဒ္ဓနိမ္မိတံ၊ အတိုင်းမသိသော ဘုရားကို ဖန်ဆင်းတော်မူခြင်းကို။ အကာသယိ၊ ပြုတော်မူပြီ။ ဣစ္ဆန္တော၊ အလိုရှိသည် ဖြစ်အံ့။ တံတံ ဌာနံ၊ ထိုထိုသောအရပ်၌။ စက်မန္တောပိ၊ ကြွတော်မူ၍လည်း ခဏေန၊ ခဏခြင်းဖြင့်။ ဗဟုံ၊ များစွာသော သတ္တဝါအပေါင်းကို။ ဗန္ဓနာ၊ ကိလေသာတည်းဟူသော အနှောင်အဖွဲ့မှ။ မောစေသိ၊ လွှတ်စေတော်မူပြီ။

၄။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ်အံ့။ ယာဝဘဝဂ္ဂံ၊ အထက်ဘဝဂ်တိုင်အောင်။ သမိဒ္ဓိတံ၊ ကွေးသော။ ဗာဟုံ၊ လက်ရုံးကို။ ပသာရေတိယထာ၊ ဆန့်တန်းသကဲ့ သို့။ မဟိဒ္ဓိနာ၊ ကိုယ်တော်မြတ်၏ တန်ခိုးဖြင့်။ စက်မတိ၊ ကြွတော်မူနိုင်၏။ အသာဓာရဏံ၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့နှင့် မဆက်ဆံသော။ အနန္တဂုဏသမ္ပန္နံ၊ အတိုင်းမသိသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓတေဇေန၊ ဘုရားတန်ခိုးတော်နှင့်။ သံယုတံ၊ ယှဉ်တော်မူသော မြတ်စွာဘုရားကို။ နမာမိ၊ ရှိခိုးပါ၏။

၅။ အနန္တ ဗုဒ္ဓဂုဏောဟိ၊ အဆုံးမရှိသော ဘုရားကျေးဇူးတော်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဣစ္ဆန္တော၊ အလိုရှိသည်ဖြစ် အံ့။ ယုဂန္ဓရေန၊ ယုဂန်တောင်တော်နှင့်။ သမံ၊ အမျှ။ ဂစ္ဆံ၊ သွားသော။ သူရစန္ဒံ၊ နေလကို။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ သယာနတော၊ လျောင်းတော်မူလျက်။ ဟတ္ထပါဒေန၊ ခြေဖဝါး၊ လက်ဖဝါးတော်ဖြင့်။ အာမသိ၊

သုံးသပ်တော်မူနိုင်၏။

၆-၇။ ကုစ္စန္တော၊ အလိုရှိသည်ဖြစ်အံ့။ မိတာဝဏ္ဏော၊ ဖန်ဆင်းအပ်သော၊ အဆင်းရှိတော်မူသော။ သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အနန္တာဘူမံ၊ အဆုံးမရှိသော မြေနှင့်တကွသော။ စက္ကဝါဠံ၊ စကြဝဠာတိုက်အလုံးကို။ အတ္တဘာဝေန၊ ကိုယ်တော်၏ အဖြစ်ဖြင့်။ ဌပိတံ၊ ထားတော်မူသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အသူရာ၊ အသူရာနတ်တို့သည်။ နပဿတိ၊ မမြင်။ အစိန္တေယျံ၊ မကြံအပ်၊ မကြံစည်နိုင်သော။ အပ္ပမေယျံ၊ မနှိုင်းယှဉ်အပ်သော။ ဗုဒ္ဓတေဇေန၊ ဘုရားတန်ခိုးတော်နှင့်။ သံယုတံ၊ ယှဉ်တော်မူသော မြတ်စွာဘုရားကို။ နမာမိ၊ ရှိခိုးပါ၏။ (အတ္တနော၌ ဘဝတ္တိက နိဒ္ဒေသ၊ ဌပိတံ၌၊ မုဒ္ဒဇ ၌ ဒန္တဇထ နှစ်ချက်သင့် ဌပ-ထပ ဌပနေ၊ ဌပေတွာ၊ ထပေတွာ၊ သဒ္ဒနီတိ။

၈။ ဒသက္ကန္ဒိယာ၊ တန်ခိုးတော် ဆယ်ပါးနှင့်။ သမ္ပန္နော၊ ပြည့်စုံတော်မူသော၊ မြတ်စွာဘုရားသည်။ ဒေဝသူရေန၊ နတ်အသူရာနှင့်။ သဟ၊ တကွ။ နိလ္လယေ၊ ပုန်းတော်မူသည်ရှိသော်။ ဒေဝသူရဿ၊ နတ်အသူရာ၏။ စက္ခုပမံမှိ၊ မျက်မှောင်ကြား၌။ နိလ္လယိ၊ ပုန်းတော်မူ၏။

၉။ မာနမဒ္ဒါနံ၊ မာန်ယစ်ကြကုန်သော။ သကျာနံ၊ သာကီဝင်မင်းတို့၏ လည်းကောင်း။ ကောလိယာနဥ္စ၊ ကောလိယမင်းတို့၏ လည်းကောင်း။ အာသယံ၊ အလိုတော်ကို။ ဇာနန္တော၊ သိတော်မူရကား။ မဇ္ဈေ၊ ယောဟိဏိဟု၊ နဒီ အံ့ဖွယ် ထိုမြစ်လယ်သို့။ ဂန္တွာန၊ ကြွတော်မူ၍။ ဥဘိန္နံ၊ နှစ်ဦးသားတို့၏။ အန္တရေ၊ အကြား၌။ ကာလဟံ၊ ငြင်းခုံခြင်းကို။ ဝူပသမေတုံ၊ ငြိမ်းစိမ့်သောငှာ။ နိသီဒတိစ၊ ကိုယ်တိုင်ဖြေ၍ ဓမ္မတရား၊ ဟောကြား ဆုံးမတော်မူလတ်သတည်း။ နိလ္လယိစ၊ ကိုယ်ထင်မပေါ်၊ တန်ခိုးတော်ဖြင့်၊ မြွက်ဖော်ပိုင်းခြား၊ မြတ်တရားကို၊ ဟောကြားဆုံးမတော် မူလတ်သတည်း။

၁၀။ အနုပိယေ၊ ရဂုံချိုင့်ဝှမ်း၊ သာထူးဆန်းသည့်၊ ပန်းမျိုးစုံစွာ၊ နတ်ကာတို့။ ဒိသာအလုံး။ ရင်ပတ်ကုံးမှ၊ စုရုံးညွတ်ခ၊ နုပီယဟု၊ ကြည်စွသာမော၊ သည်တော၌။ ဆဗ္ဗဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး၊ ဒုက္ကရစရိယံ၊ လူနတ်ခပဲ၊ ကျင့်နိုင် ခဲသည့်၊ အံ့အဲစလောက် ချီးမြှောက်မကုန်၊ ဂုဏ်အနန္တ၊ ဝိသေသဟု၊ ဒုက္ကရပဋိပတ်၊ အကျင့်မြတ်ကို။ စရိတွာ၊ ငြိုငြင်ပင်ပန်း၊ နွမ်းနွမ်းလျလျ၊ လုံ့လကြိုးကုတ်၊ အားထုတ်ကျင့်ဆောင်တော်မူ၍။ ပရိယောသာနံ၊ ဆုံးခြင်းသို့။ ဂတေဒိဝေ၊ ရောက်တော်မူသောနေ့၌။ နိဂြောဓသမီပေ၊ ဆိတ်ကျောင်းသားတို့၊

သွားလာရောက်ကြ၊ နိဂြောဓေဟု၊ ရက္ခမည်တွင်၊ ပညောင်ပင်သို့။ ပတ္တေ၊ ခရီးကွန့်ထောက် တော်မူလတ်သော်၊ ဣဒ္ဓိမဿ၊ တန်ခိုးကြီးသော နတ်အပေါင်း၏။ အဒဿနံ၊ မမြင်။ အကာသိ၊ ပြုတော်မူပြီ။

(ဤ၌ ဣဒ္ဓိမတာ၊ ဝယဒဿနံ၊ ရှိမှုလည်း သင့်သည်ပင်။
ဣဒ္ဓိမာ၊ တန်ခိုးကြီးသော။ ဒေဝတာဝိယ၊ နတ်ကဲ့သို့။
အဒဿနံ၊ မတွေ့မြင်ခြင်းကို။ အကာသိ၊ ပြုတော်မူပြီ။
ဤသို့ အနက်ပေးလေ။)

စရိတွာန၊ ဒုက္ကရစရိယံ၌၊ စရိယသဒ္ဒါနှင့်ယှဉ်၍ အက္ခရာတစ်လုံးလွန်မြဲ။ နသောကာသဝ မရဟာတိ၊ နိဗ္ဗာန သစ္ဆိကရိယာစ၊ ဒါနဥ္စ ဓမ္မစရိယာစ၊ ပတိရူပ၊ ဒေသဝါသောစ ပုဒ်များကိုထောက်။ ဒုက္ခေန ကိစ္ဆေန ကာ တဗ္ဗန္တိ၊ ဒုက္ကရံ၊ ဒုက္ကရဥ္စတံ စရိယဉ္စာတိ ဒုက္ကရစရိယာ ဟုဝစနတ်ပြု။ ဒုက္ကရစရိယာဟု က၊ သဒ္ဒိ သဒ္ဒေတော် နောင်ရအက္ခရာနှင့် ရှိရမည်ကို သဒ္ဒနယ အတ္ထနယကို မကျွမ်းကျင်၍ ဒုက္ခစရိယာဟု များစွာပြောဆို မှတ်သားရေးသားကြ၏။ မသင့်။

၁၁။ စတုစိန္တိယေ၊ လေးပါးကုန်သော အစိန္တေယျတို့ကို။ တိဋ္ဌတု၊ ထားဘိဦး။ ဝိကုပ္ပနိဒ္ဓိ၊ ဝိကုပ္ပန၊ ဣဒ္ဓိကို။ မာပေတွာ၊ ဖန်ဆင်း၍။ သဟ ပရိက္ခာရေဟိ၊ ရှစ်ပါးသောပရိက္ခရာတို့နှင့်တကွ။ သာလပန္တေ၊ မုန်ညင်းစေ့ အတွင်း၌။ စရတိ၊ သွားလည်းသွားတော်မူ၏။ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း တို့ပြုတော်မူ၏။

၁၂။ အန္တောဂဗ္ဘေ၊ မုန်ညင်းစေ့အတွင်း၌။ ဣတော စိတော၊ ထိုမှဤမှ။ စင်္ကမန္တေ၊ စင်္ကြံကြွတော်မူခြင်းသည်။ ဣဒ္ဓိဝဏ္ဏော၊ တန်ခိုးဖန်ဆင်းခြင်းမျှသာ တည်း။ သော သာသပေါ၊ ထိုမုန်ညင်းစေ့ကို။ မဟန္တော၊ ကြီးအောင်ဖန်ဆင်း တော်မူသည်။ န၊ မဟုတ်။

(ဤ၌ ဣဒ္ဓိဝဏ္ဏော နသာပေါပါရှိသော်လည်း သင့်၏။ ဣဒ္ဓိဝဏ္ဏော ကိုယ်တော်ကို ငယ်အောင် တန်ခိုးတော်ဖြင့် ဖန်ဆင်းတော်မူသည်။ န၊ မဟုတ်၊ သာသပေါ၊ မုန်ညင်းစေ့ကို။ မဟန္တော၊ ကြီးအောင်ဖန် ဆင်းတော်မူသည်။ န၊ မဟုတ်။ ဤသို့ အနက်ပေးသင့်၏။)

အတ္တဘာဝေနဆာဒီယေ၊ ကိုယ်တော်၏အဖြစ်ဖြင့် စကြဝဠာတစ်တိုက် လုံးကို ဖုံးလွှမ်းတော်မူခြင်း အစရှိသော။ တေ၊ ထိုဘုရားကျေးဇူးတော်

တို့သည်။ မေ၊ ငါ့အား။ ဇယမင်္ဂလံ၊ အောင်ကြောင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

(၁၂၃၇ ခု တပို့တွဲလဆုတ် ၁၀ ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ ပဝတ္တိရတနသခ်မြို့၊ ပလိုင်းရွာမှ လုံးတော်ဆရာတော်ဘုရားကြီး၏ ဣဿစ္စန္တော ၁၂ ဂါထာ အဆုံးအဖြတ်။)

## တိုက်တွန်းချက်

ဤဣဿစ္စန္တော၊ ဂါထာကို ဆရာတော်ကြီးကိုယ်တိုင် အလေးအနက် အဆုံးအဖြတ်ပေးထားခြင်း ဖြစ်၍ နှုတ်ငုံအရဆောင်ပြီး နေ့စဉ်ဝတ်မပျက် ရွတ်ဖတ်ရန် တိုက်တွန်းအပ်ပါသည်။

ဤဂါထာတော်ကြီး၏ တန်ခိုးကြောင့် အလွန်ဆင်းရဲသော ဘဝမှသည် မကြောင့်မကြ၊ မတောင့်မတ နေနိုင်သောဘဝသို့လည်းကောင်း၊ ယခင်က အပယ်ခံ ပညာရှင်တစ်ဦးသည် ဤဂါထာတော်မြတ်ကြီးကို နေ့စဉ် ဝတ်မပျက် ပူဇော်ကန်တော့ရာမှ ရာထူးကြီးများ အဆင့်ဆင့်သို့ လည်းကောင်း အသီးသီး ရောက်ရှိသွားပုံတို့ကို ၎င်းတို့ပြောကြားချက်အရ သိရှိရပါသည်။ (တစ်နေ့လျှင် မိမိ တတ်စွမ်းနိုင်သလောက် ရွတ်ဖတ်သရဇ္ဈာယ်ပါရန် တိုက်တွန်းအပ်ပါသတည်း။





မန္တလေးတောင် ရသေ့ကြီးဦးခန္တီ၏
အိပ်မက်အရ

# အန္တရာယ်ကင်းဂါထာတော်

ဣတိပိသော အာရဗ္ဘန္တော၊
မုစ္စန္တု ဗုဒ္ဓခေါ ဗောဓိ။

ဗုဒ္ဓစက္ခုံ ကိုယ်လုံးခြုံ၍ လုံစေသော်။
ဓမ္မစက္ခုံ ကိုယ်လုံးခြုံ၍ လုံစေသော်။
သံဃစက္ခုံ ကိုယ်လုံးခြုံ၍ လုံစေသော်။

## ဂါထာတော်အနက်

ဗုဒ္ဓေါ၊ ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားအား။ ဣတိပိ၊ ဤသို့။ အာရဗ္ဘန္တော၊ အာရုံပြု၍ ပူဇော်ကန်တော့ ခြင်းကြောင့်။ မုစ္စန္တု၊ မကောင်းသော ဘေးရန်အန္တရာယ်အပေါင်းမှ ကင်းလွတ်ပါ စေသတည်း။

- ဘုရားရှင်၏ အာဏာစက်ကြောင့် ကျွန်ုပ်တစ်ကိုယ်လုံးဘေးရန်အပေါင်း မှ လုံခြုံအောင် ကာကွယ်ပါစေသတည်း။
- တရားတော်မြတ်၏ အာဏာစက်ကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး ဘေးရန် အပေါင်းမှ လုံခြုံအောင် ကာကွယ်ပါစေသတည်း။
- သံဃာတော်မြတ်၏ အာဏာစက်ကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး ဘေးရန် အပေါင်းမှ လုံခြုံအောင် ကာကွယ်ပါစေသတည်း။

## ဂါထာတော်အညွှန်း

- အထက်ဖော်ပြပါ ဂါထာကို မန္တလေးတောင် သာသနာပြုရသေ့ကြီး ဦးခန္တီအား အထက်နတ်သိကြားများက အိမ်မက်ဖြင့် ပေးသော ဂါထာ ဖြစ်ပါသည်။
- ဤဂါထာကို ခုနစ်ရက်သားသမီးများ ကပ်ဆိုး၊ ဘေးဆိုးကြီးများမှ လွတ်ကင်းကြစေရန် ရွတ်ဆိုပွားများကြပါ။ အန္တရာယ်ကင်း၍ ကပ်ကျော်ပါလိမ့်မည်ဟု ရသေ့ကြီး ဦးခန္တီက စာရွက်များ ရိုက်နှိပ် ဝေငှခဲ့သည်ဟု အဆိုရှိပါသည်။
- ကျွန်တော်၏ မိခင်အပါအဝင် အချို့ သက်ကြီးရွယ်အိုများ မှတ်မိကြပါသည်။
- ဤဂါထာကိုရွတ်ဆိုရာတွင် ဗုဒ္ဓစက္ကုံဟု ဆိုသည်နှင့် မြတ်စွာဘုရားကို မျက်စိထဲတွင် ပေါ်အောင် အာရုံပြု၍ မိမိ ဦးခေါင်းပေါ်၌ တည်ထားပါ။
- ဓမ္မစက္ကုံဟု ဆိုလျှင် တရားတော်များကို အာရုံပြု၍ ခေါင်းပေါ်၌ တည်ထားပါ။
- သံဃစက္ကုံဟုဆိုလျှင် သံဃာတော်များကို အာရုံပြု၍ ခေါင်းပေါ်၌ တည်ထားပါ။
- ဤဂါထာကို အိပ်လျက် ရွတ်ဆိုလျှင် မိမိ တစ်အိမ်လုံးလုံခြုံပါသည်။
- ထိုင်လျက်ရွတ်ဆိုပါလျှင် တစ်ရွာလုံး လုံခြုံပါသည်။
- မတ်တတ်ရပ်လျက် ရွတ်ဆိုပါလျှင် တစ်နယ်လုံး လုံခြုံသည်ဟု အဆိုရှိပါသည်။
- ယုံယုံကြည်ကြည် ရွတ်ဆိုပွားများကြပါရန် ရှာဖွေပြုစု တင်ပြအပ်ပါသည်။

## မိုးညှင်းဆရာတော်ကြီး၏

### အန္တရာယ်ကာကွယ်နည်း မန္တန်

ဗုဒ္ဓဂုဏော အနန္တော၊
ဓမ္မဂုဏော အနန္တော၊
သံဃဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ၊ အညံနတ္ထိ၊
ဓမ္မော မေ သရဏံ၊ အညံနတ္ထိ၊
သံဃော မေ သရဏံ၊ အညံနတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
ဧသော ညတ္တိ၊
အမုမှိ ဩကာသေ တိဋ္ဌာဟိ။

## အဓိပ္ပာယ်မှာ

ဘုရားဂုဏ်တော်ကား အနန္တပင်။
တရားဂုဏ်တော်ကား အနန္တပင်။
သံဃာ့ဂုဏ်တော်ကား အနန္တပင်။

ဘုရားသည် ငါ၏ကိုးကွယ်ရာ၊ တခြားကိုးကွယ်ရာမရှိ။
တရားသည် ငါ၏ကိုးကွယ်ရာ၊ တခြားကိုးကွယ်ရာမရှိ။
သံဃာသည် ငါ၏ကိုးကွယ်ရာ၊ တခြားကိုးကွယ်ရာမရှိ။

ဘုရားကို ကိုးကွယ်ပါ၏။
တရားကို ကိုးကွယ်ပါ၏။
သံဃာကို ကိုးကွယ်ပါ၏။
အဲဒါဟာ သိထားစေခြင်းပဲ။
သွား . . . ဟိုနေရာမှာ ရပ်နေပါ။

ဤမန္တန်တော်ကို အမြဲရွတ်ဖတ်ပါက အန္တရာယ်ကင်း၏။ လိုရာကိစ္စပြီးစီး၏။ လုပ်သမျှ အောင်မြင်မည်။ နံနက်အိပ်ရာထ ၁၀၈ ကြိမ်၊ အိပ်ရာဝင် ၁၀၈ ကြိမ်၊ တစ်နေ့လျှင် ၂၁၆ ကြိမ် ရွတ်ဆိုပါလေ။ ၁၀၈ ၌=၁+၀+၈=၉။ ၂၁၆ ၌=၂+၁+၆=၉ ဖြစ်၏။

ဤနည်းကို မိုးညှင်း သမ္ဗုဒ္ဓေဆရာတော်ဘုရားကြီး အမြဲကျင့်သုံးတော်မူလေသောဟူ၏။

# ဇာလီတောင်ဆရာတော်ဘုရားကြီး၏

## မာရဝိဇယ ပဒုမဂါထာ

ဇိနာဝတိ မာရာရိ၊ ဇိနော ဒယာလယော၊
ဇိနုတ္တ ဓမ္မော စ၊ ဇိနေန ပူဇိတော။
ဇိနောရသော နန္တ၊ ဇိနံ ပသံသိတော။
ဇိနာဒယော အရိ၊ ဇိတေ နမာ မဟံ။

## ဂါထာအနက်

ဒယာလယော၊ မဟာကရုဏာ၏ တည်ရာဖြစ်တော်မူထသော။ ဇိနော၊ မြတ်စွာဘုရားသည်။ မာရာရိ၊ ဒေဝပုတ္တ စသော။ မာရ၊ ဆသတ္တာရ၊ စသော ရန်တို့ကို။ ဇိနာဝတိ၊ အောင်တော်မူ၏။

ဇိနုတ္တ ဓမ္မော စ၊ ဘုရားမြတ်စွာ ဟောတော်မူသော တရားတော်ကိုလည်း။ ဇိနေန၊ ဘုရားမြတ်စွာသည်။ ပူဇိတော၊ ပူဇော်တော်မူအပ်၏။ ဇိနောရသော၊ မြတ်စွာဘုရား၏ သားတော်ဖြစ်သော အရိယာပုဂ္ဂိုလ်အပေါင်းကိုလည်း။ အနန္တ ဇိနံ၊ အတိုင်းသိသော ကျေးဇူးတော်ရှိသော ဘုရားမြတ်စွာသည်။ ပသံသိတော၊ ချီးမွမ်းတော်မူအပ်၏။ အရိဇိတေန၊ ရန်သူတို့ကို အောင်ကုန်ပြီးသော။ တေဇိနာဒယော၊ ထိုဘုရား စသည်တို့ကို။ အဟံ၊ ငါသည်။ နမာမိ၊ ရှိခိုးပါ၏။

**မှတ်ချက်။** ။ ကျေးဇူးရှင် ဇာလီတောင် ဆရာတော်ဘုရားကြီး တပည့် ဒကာ ဒကာများအား ချီးမြှင့်တော်မူလေ့ရှိသော ဂါထာဖြစ်သည်။ ယင်းဂါထာမှာ တောင်ငူရာဇဝင်လာ ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် သမိန်ထောရာမတို့ စီးချင်းထိုးကြရာ၌ ဘုရင့်နောင်ကျော်ထင်နော်ရထာ သစ္စာပြု၍ ရွတ်ဆိုခဲ့သောဂါထာဖြစ်ကြောင်း သိရှိရသည်။

သက္ကရာဇ် ၉၁၃ ခု၊ တန်ခူးလဆန်း ၆ ရက်နေ့တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် သမိန်ထောရာမတို့စီးချင်းထိုးကြရာ ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ဥပေါသထဆင်တော်၏ ဦးကင်းတွင်ထိုင်ကာ ရွှေကရားဖြင့်ရေကိုယူ၍ "သာသနာတော်စီးပွား၊ ပြည်သူလူတကာတို့စီးပွား

ကိုဆောင်တော်မူနိုင်သော မင်းဧကရာဇ်ဖြစ်လျှင်သမိန်ထော ရာမကို တစ်ခဏချင်း အောင်မြင်သည်ဖြစ်စေသော်" ဟု သစ္စာဓိဋ္ဌာန်ပြုပြီး အထက်ပါဂါထာကို ရွတ်ဆိုကာ ရေစက် သွန်းချတော်မူသည်။ ထိုတိုက်ပွဲတွင် သမိန်ထောရာမအရေး ရှုံးနိမ့်ခဲ့ရလေသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြုစုသော "တို့ဗမာ ဝတ်ရွတ်စဉ်" စာအုပ် စာမျက်နှာ (၄၆-၄၈)တွင်မူယင်း ဂါထာကို "ပဒုမရွှေကြာဂါထာနှင့် အင်း" အဖြစ် ဖော်ပြ ထားပေသည်။

☸

# ဝန်းသိုဆရာတော်ကြီး၏ဂါထာ

ဝန်းသိုဆရာတော်ဘုရားကြီး၏ ထူးခြားလှစွာသော မနောအာရုံကို ကိုယ်တိုင် တွေ့ကြုံခံစားရသော ကုသိုလ်ကို ဓမ္မမိတ်ဆွေများ၊ သူတော်ကောင်းများပါ ကြည်ညိုသဒ္ဓါ ပွားများနိုင်ရန် အောက်ပါ "ဘေးရန်ခပ်သိမ်း လွတ်ငြိမ်းကင်းကွာ ကိုးဂါထာ" ကိုရေးသားဖော်ပြလိုက်ရပါသည်။

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

(တစ်ဂါထာ)။

အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

(တစ်ဂါထာ)။

အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ။

(တစ်ဂါထာ)။

ဒုတိယမ္ပိ၊ တတိယမ္ပိ ၃ ကြိမ်ရွတ်ဆိုက ကိုးဂါထာဖြစ်ပါသည်။

အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ (ဓမ္မံ၊ တရားတော်မြတ်ကို။ သံဃံ၊ သံဃာတော်မြတ်ကို စသည်ဖြင့် နည်းတူဆိုပါ။)



# ဆရာတော်အရှင်ဇနကာဘိဝံသ၏

## အန္တိမဂါထာတော်

သစေ အာဒိစ္စဗန္ဓုဿ၊ ဟောဿံ သာသနကာရကော။
ယုဒ္ဓေ ဘယာ ပမုတ္တောမှိ၊ နော စေ နမှိ အမုတ္တကော။

## ဂါထာတော်၏အနက်ကား

အာဒိစ္စဗန္ဓုဿ၊ နေနွယ်ဘွား ဘေးတော်ဘုရား၏။ သာသနကာရကော၊ သုံးရပ်သာသနာ စည်ပင်သာအောင် ကောင်းစွာပင့်ကူမြှင့်နိုင်သူသည်။ သစေ ဟော ဿံ၊ ရှေးပါရမီပါခဲ့ပြီမို့ စုံညီမြတ်လေး အကယ်၍ ဖြစ်နိုင်သေးအံ့။ယုဒ္ဓေ၊ ဥရောပနှင့် အာရှမကျန် ပြည်မြန်ကိုချုံး မီးဟုန်းဟုန်းဖွဲ့ ဤစစ်ပွဲ၌။ ဘယာ၊ အမြောက်ဗုံးဆန် လက်နက်ဒဏ်ဟု ရန်မာန်မကောင်း ဘေးအပေါင်းမှ။ ပမု-တ္တောအမှိ၊ ကံဉာဏ်လုံ့လ အသုံးချခဲ့သဖြင့် လုံးဝသန့်ရှင်း လွတ်ကင်းပါစေသတည်း။ နော စေ ဟောဿံ၊ ဗုဒ္ဓသာသနာပြုလောက်ရာသည့် ဇာတာတော်တွင် ကံမမြင်ပါမူကား။ နမှိအမုတ္တကော၊ အမြောက်ဗုံးဆန်လက်နက်ဒဏ်မှ လွတ်ရန်မမျှော် ဘဝခန္ဓာတော်ရုပ်သိမ်း၍ အေးငြိမ်းစွာ ခံရပါစေသော်ဝ်။

## မြန်မာပြန်

ငါဟာ သာသနာတော်ကို အရောင်ထင်အောင်ပြုဖို့ရန် ကံပါသေးရင် ဤလက်နက်ဘေးမှ လွတ်ပါစေ။ သာသနာပြုဖို့ရန် ကံမပါရင်တော့ လွတ်ဖို့ရန် မမျှော်တော့ပါဘူး။

**ဝန်ခံချက်။** ။ ဆရာတော် အရှင်ဇနကာဘိဝံသ၏ "တစ်ဘဝသံသရာ" စာအုပ်စာမျက်နှာ (၂၇၃)မှ။



ကျေးဇူးတော်ရှင်
"အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်ရ
တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တ ဥတ္တမသာရ အရှင်မြတ်
နေ့စဉ်အမြဲ ရွတ်ဖတ်သရဇ္ဈာယ်တော်မူလေ့ရှိသည့်
ကဿပဘုရားရှင်၏

# အဖိုးတစ်ထောင်ထိုက် ဂါထာတော်ကြီး (၄)ပုဒ်

## သဟဿာရဟာ
## (၁)

သကိဒေဝ မဟာရာဇ၊
သဗ္ဘိ ဟောတိသမာဂမော။
သာနံ သင်္ဂတိ ပါလေတိ၊
နာ သဗ္ဘိ ဗဟုသင်္ဂမော။
န- အသဗ္ဘိဟုပုဒ်ဖြတ်ပါ။

(အနက်) မဟာရာဇ၊ အဆွေတော်မင်းမြတ်။
သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။
သကိဒေဝ၊ တစ်ကြိမ် တစ်ခါမျှသာလျှင်။
သမာဂမော၊ ပေါင်းဆုံမှီဝဲရခြင်းသည်။
ဟောတိ၊ ဖြစ်၏။
သာသင်္ဂတိ၊ ထိုပေါင်းဆုံခြင်းသည်။
နံ၊ ထိုအခွင့်ကြုံ၍ ပေါင်းဆုံမှီဝဲရသောသူကို။
ပါလေတိ၊ ဘေးရန်မနှောင့် ချမ်းသာရောက်အောင်
စောင့်ရှောက်နိုင်ပါပေ၏။
အသဗ္ဘိ၊ သူယုတ်မာတို့နှင့်။
ဗဟုသင်္ဂမော၊ ကြိမ်ဖန်များစွာ ပေါင်းဖော်ရပါသော်လည်း။
န ပါလေတိ၊ ဘေးရန်မနှောင့် ချမ်းသာရောက်အောင်
မစောင့်ရှောက်နိုင်ပေ။

(၂)

သဗ္ဗိရေဝ သမာသေထ၊
သဗ္ဗိ ကုဗ္ဗေထ သန္ထဝံ။
သတံ ** သဒ္ဓမ္မ မညာယ၊
သေယျော ဟောတိ နပါပိယော။
* သဗ္ဘိ–ဧဝ–ဟု ပုဒ်ဖြတ်ပါ။
** သဒ္ဓမ္မံ–အညာယ ဟုပုဒ်ဖြတ်ပါ။

**(အနက်)** မဟာရာဇ၊ မင်းမြတ်။
(တသ္မာ)၊ ထို့ကြောင့်။
သဗ္ဘိရော–သဗ္ဘိဧဝ၊ သူတော်ကောင်းတို့နှင့်သလျှင်။
သမာသေထ၊ ပေါင်းဖော်မှီဝဲ ဆည်းကပ်ရာ၏။
သန္ထဝံ၊ မိတ်ဖွဲ့ကျွမ်းဝင်ချဉ်းကပ်မှုကို။
ကုဗ္ဗေထ၊ ပြုရာ၏။
သတံ၊ ဘုရားစသော သူတော်ကောင်းတို့၏။
သဒ္ဓမ္မံ၊ ပုညကြိယ၊ ဗောဓိပက္ခိယ တရားတို့ကို။
အညာယ၊ သိသည်ရှိသော်။
သေယျော၊ မြတ်သည်။
ဟောတိ၊ ဖြစ်နိုင်ပေ၏။
ပါပိယော၊ သူတော်ကောင်းတို့၏ တရားကိုသိ၍
ဆုတ်ယုတ်နိမ့်ကျခြင်းသည်။
န(ဟောတိ)၊ မဖြစ်နိုင်ပါချေ။

(၃)

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

(အနက်) မဟာရာဇ၊ မင်းမြတ်။
သုစိတ္တာ၊ ကောင်းစွာ ဆန်းကြယ်ကုန်သော။
ရာဇရထာ၊ မင်းစီးရထားတို့သည်။
ဝေ၊ စင်စစ်။
ဇီရန္တိ၊ ဆွေးမြည့်ရကုန်၏။
အထော၊ ထို့ပြင်။
သရီရမ္ပိ၊ ခန္ဓာကိုယ်သည်လည်း။
ဇရံ၊ ဆွေးမြည့်ယိုယွင်း အိုမင်းခြင်းသို့
ဥပေတိ၊ ရောက်ရလေ၏။
သတဉ္စဓမ္မော၊ သူတော်ကောင်းတို့၏ တရားဖြစ်သော
နိဗ္ဗာန်သည်ကား။
ဇရံ၊ ဆွေးမြည့်ပျက်စီးခြင်းသို့။
န ဥပေတိ၊ မရောက်နိုင်ချေ။
သန္တော၊ ဘုရားစသော သူတော်ကောင်းတို့သည်။
သဗ္ဘိ၊ သူတော်ကောင်းဥစ္စာဟုဆိုအပ်သော နိဗ္ဗာန်ကိုသာလျှင်
ဟဝေ၊ စင်စစ်။
ပဝေဒယန္တိ၊ ချီးကျူးစကား ပြောကြားမြွက်ဟကြကုန်၏။

(၄)

နဘံ စ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿတဒါဟု၊
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။

(အနက်) မဟာရာဇ၊ မင်းမြတ်။
နဘဉ္စ၊ ကောင်းကင်သည်လည်း (ပထဗျာ၊ မြေမှ။ ဒူရေ၊ ဝေး၏။)
ပထဝီစ၊ မြေပြင်သည်လည်း။
နဘတော၊ ကောင်းကင်မှ။
ဒူရေ၊ ဝေး၏။

သမုဒ္ဒဿ၊ သမုဒ္ဒရာ၏။
ပါရံ ပရတီရံ၊ ဟိုမှာဘက်ကမ်းမှ။
(ဩရိမ၊ တီရတော၊ ဤမှာဘက်ကမ်းမှ။)
ဒူရေ၊ ဝေး၏။
ဩရိမတီရံ၊ ဤမှာဘက်ကမ်းသည်။
ပရာ-ပရတီရာ၊ ဟိုမှာဘက်ကမ်းမှ။
ဒူရံ၊ ဝေး၏။
တံ၊ ထိုစကားကို။
သန္တော၊ ဘုရားစသော သူတော်ကောင်းတို့သည်။
အာဟု၊ ပြောဆိုတော်မူကြကုန်၏။
သတဥ္စဓမ္မော-သဒ္ဓမ္မော၊ သူတော်ကောင်းတို့၏ တရား
သည်လည်း။
အသံတံ ဓမ္မာ-အသဒ္ဓမ္မာ၊ မသူတော်တို့တရားမှ။
တတော၊ ထိုမိုးနှင့်မြေ ပင်လယ်ကမ်း နှစ်ဘက်တို့ထက်။
ဟဝေ၊ စင်စစ်။
ဒူရတရံ၊ ဝေးကွာလှချေ၏ဟူ၍။
သန္တော၊ ဘုရားစသော သူတော်ကောင်းတို့သည်။
ဝဒန္တိ၊ မိန့်မြွက်ကြကုန်၏။
အသတဥ္စဓမ္မော အသဒ္ဓမ္မော၊ မသူတော်တို့၏ တရား
သည်လည်း။
သတံဓမ္မာ-သဒ္ဓမ္မာ၊ သူတော်ကောင်းတို့၏ တရားမှ။
တတော၊ ထိုမိုးနှင့်မြေ ပင်လယ်ကမ်းနှစ်ဘက်တို့ထက်။
ဟဝေ၊ စင်စစ်။
ဒူရတရံ၊ အလွန်ပင်ဝေးကွာလှချေ၏ ဟူ၍။
သန္တော၊ ဘုရားစသော သူတော်ကောင်းတို့သည်။
ဝဒန္တိ၊ မိန့်မြွက်တော်မူကြကုန်၏။

မှတ်ချက်။ ။ ပါဠိ၊ အနက်အရကျက်ပါ။ အိပ်ရာထ၊ အိပ်ရာဝင် နေ့စဉ် ရွတ်ပါ။ ဂါထာ(၄)ပုဒ်အကြောင်း အကျယ် သိလိုလျှင် (မဟာသုတသောမဇာတ်တော်ကြီး) တွင် ဖတ်ရှုကြည့်ရှု နိုင်ကြပါသည်။

☸



# နတ်ပို့ပါဠိအနက်

ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ။
ဘယပ္ပတ္တာစ နိဗ္ဘယာ။
သောကပ္ပတ္တာစ နိသောကာ။
ဟောန္တု သဗ္ဗေပိပါဏိနော။
ဧတ္တာဝတာစ အမှေဟိ။ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေဒေဝါ နုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာဂတာ။

ဒုက္ခပ္ပတ္တာစ၊ သည်းအူလှိုက်လှဲ မီးပူစွဲမျှ အမြဲလောင်တောက် ဆင်းရဲခြင်းသို့ ရောက်ကြကုန်သော။ သဗ္ဗပိ၊ ကောင်းကင်မြေလုံး ရေပြင်ဆုံးအောင် သိမ်းကျုံးဝန်းအုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သံသရာဝဋ် မကွာကျွတ်၍ မလွတ်သမျှ ဘုံဘဝ၌ ကြုံရများစွာ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာစ၊ ဝရဇိန် ဖောက်ခွဲ ကျောက်တောက်လဲသကဲ့သို့ ပြတ်စဲပျောက်ရှင်း ဆင်းရဲခြင်းကင်း ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဘယပ္ပတ္တာစ၊ ဥပဒ်ရေထွေး ဓားမအေးဘဲ ရှောင်ပြေးမပေါက် ဘေးထိခြင်းတို့ ရောက်ကြကုန်သော။ သဗ္ဗေပိ၊ ကောင်းကင်မြေလုံး ရေပြင်ဆုံးအောင် သိမ်းကျုံးဝန်းခြုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သံသရာဝဋ် မကွာကျွတ်၍ မလွတ်သမျှ ဘုံဘဝ၌ ကြုံရများစွာ သတ္တဝါတို့လည်း။ နိဗ္ဘယာစ၊ နေရှိန်နန်းကျောက် ဆီးနှင်းပေါက်သို့ ခန်းခြောက်မကြွင်း ဘေးပျောက်ကင်း ကြကုန်သည်လည်း ဟောန္တု၊ ဖြစ်ကြပါစေကုန်သကည်း။

သောကပ္ပတ္တာစ၊ ဒေါမနဿိန် သောကနိမ်၍ ညှိုးမှိန်းနွမ်းခြောက်စိုးရိမ်ခြင်းသို့ ရောက်ကြကုန်သော။ သဗ္ဗေပိ၊ ကောင်းကင်မြေလုံး ရေပြင်ဆုံးအောင် သိမ်းကျုံးဝန်းခြုံ အလုံးစုံလည်းဖြစ်ကုန်သော။ ပါဏိနော၊ သံသရာဝဋ် မကျွာကျွတ်၍ မလွတ်သမျှ ဘုံဘဝ၌ ကြုံရများစွာ သတ္တဝါတို့သည်။ နိသောကာစ၊ ဝဋ္ဋာလွှမ်းတိမ်လေကြမ်းနိမ်သို့ နွမ်းမှိန်ရွေ့ယွင်း စိုးရိမ်ခြင်းကင်းကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဇေတ္တာဝတာစ၊ ဤမျှကြီးကုတ် စွမ်းအားထုတ်၍ မဟုတ်စေရ ပြုလုပ်ရသဖြင့် လည်း။ အမေဟိ၊ ဘဝဝဋ်တန်း လွတ်ကွာသန်းဖို့ ကျွတ်တန်းပန်ဆင်ါတို့တစ်စု သည်။ သမ္ဗျူတံ၊ ယခုအေးမှု နောင်ကျွေးပြု၍ တွေးရှုရည်စူးဖြည့်ဆည်းပူး အပ်သော။ ပုညသမ္ဘဒံ၊ အပေါင်းစုလုပ် ကောင်းမှုထုတ်၍ မယုတ်မယွင်း ပြည့်စုံခြင်းက။ သဗ္ဗေ၊ ရှိန်ဝါတောက်လင်း နောက်ပါသင်းနှင့် ခပင်းဉဿုံ အလုံးစုံကုန်သော။ ဒေဝါ၊ စကြဝဠာသောင်းထိုက် ပေါင်းတစ်ဝိုက်မှရောက်ဆိုက်လာငြား နတ်အများတို့သည်။ အနုမောဒန္တု၊ ကြည်လင်မနောဘဝင်ဇောနှင့် ရွှင်လန်းဝမ်းမြောက်ကြပါစေကုန်သတည်း။

သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ၊ လူနတ်နိဗ္ဗာန် အကျိုးမှန်ကို မျိုးခံနိုးရင်း ပြီးစီးခြင်းငှာ။ သဒ္ဓါယ၊ ကံကြောင့်အကျိုး မထောင့်ညှိုးဟု ဖြောင့်ရိုးစွဲကပ် အမြဲမှတ်သဖြင့်။ ဒါနံ၊ နည်းသည်များသည် အခြားမရည်ဘဲ ရွှင်သည်မြတ်နိုး ဒါနမျိုးကို။ ဒဒန္တု၊ သူတော်ရဟန်း ရည်ရော်မှန်း၍ လှူဒါန်း ပူဇော်နိုင်ကြပါစေကုန်သတည်း။ သီလံ၊ ပဉ္စ အဋ္ဌ၊ ဒသင်္ဂဟု ကိုယ်မှမချွတ်ကျင့်ခါးဝတ်ကို။ သဗ္ဗဒါ၊ နစ်လတွက်မှတ် ရက်မပြတ်အောင်။ ရက္ခန္တု၊ မကျားမပြောက် မမှားမှောက်ရအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်ကြပါစေကုန်သတည်း။

ဘာဝနာ ဘိရတာ၊ သမထဝိပဿနာ လက်မကွာဘဲ ဘယ်ခါနေ့ညမွေ့လျော်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အာဂတာ၊ အများညီလာ တရားနာဟု ထားခါစွဲစိတ် ခဲအကျိတ်နှင့် တွဲမိတ်စုဆုံ လာကြကုန်သော။ ဒေဝတာ၊ အကြောင်းဆက်ကာ သောင်းစကြာက ရောက်လာကြသညောင်း နတ်အပေါင်းတို့သည်။ ဂစ္ဆန္တု၊ ပရိတ်တော်ပွဲ ပြီးကုန်စဲပြီမို့ နေမြဲရပ်ဘုံ ပြန်ကြကုန်လော့။

**နတ်ပို့ ပါဌ်အနက်ပြီး၏။**

☸



## မေတ္တာပို့လေးပါး

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ အဝိစိတော၊
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တ ပထဝီစရာ၊
(ဥဒကေစရာ) (အာကာသေစရာ)၊
အဗျာပဇ္ဇာနိဝေရာစ၊ နိဒ္ဒုက္ခာစ၊ နုပဒ္ဒဝါ။

ဥဒ္ဓံ၊ အထက်သို့။ ယာဝဘဝဂ္ဂါစ၊ ဘဝဂ်တိုင်အောင်။ အဓော၊ အောက်မှ။ ယာဝအဝိစိတော၊ အဝီစိတိုင်အောင်။ သမန္တာ၊ ထက်ဝန်းကျင်ကုန်သော။ စက္ကဝါဠေတိုက်တို့၌။ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ ပထဝီစရာ၊ မြေ၌ ကျက်စားကုန်၏။ ဥဒကေစရာ၊ ရေ၌ကျက်စားကုန်၏။ အာကာသေစရာ၊ ကောင်းကင်၌ ကျက်စားကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အဗျာပဇ္ဇာ၊ ကြောင့်ကြခြင်းမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ နိဒ္ဒုက္ခာစ၊ ဆင်းရဲခြင်းမရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ အနုပဒ္ဒဝါ စ၊ ကပ်၍ညှင်းဆဲသော။ ဥပဒ္ဒဝေါ၊ စသော ဘေးရန်မရှိကြကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု။



# ဆုတောင်းရေစက်ချ

ဘန္တေ၊ သံသရာဘေး၊ လာမည့်ရေးကို မျှော်တွေးရှုတတ် အရှင်မြတ်ဘုရား။ မယံ၊ လူ့ဘုံဌာန လူ့ဘဝ၌ ခေတ္တခိုနား သံသရာခရီးသွားဖြစ်ပါသော အကျွန်ုပ်တို့သည်။ တိသရဏေန၊ သုံးပါးအစုံ မြတ်သရဏဂုံနှင့်။ သဟ၊ တကွ။ ပဥ္စသီလာနိ၊ ငါးပါးသော သီလတော်မြတ်တို့ကို။ သမာဒိယိတွာ၊ ကောင်းစွာတည်ဆောက်ကျင့်သုံးပြီး၍။ ကမ္မဉ္စ၊ ကုသိုလ်ကိုလည်းကောင်း။ ကမ္မဝိပါကဉ္စ၊ ကုသိုလ်ကံ၏ အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ မမိုတ်မသုန်သက်ဝင်ယုံကြည်ပါကုန်သည်ဖြစ်၍။ သဒ္ဓဉ္စ၊ ရတနာမြတ်သုံးပါးဟူသည်၊ ကောင်းကျိုးချမ်းသာ မင်္ဂလာပွားစီးရာဖြစ်လေသည်ဟု ယုံကြည်တတ်သော သဒ္ဓါတရားကိုလည်းကောင်း။ ဉာဏဉ္စ၊ သတ္တဝါတို့အား တမလွန်ဘဝသို့ယူသွားစရာ ကုသိုလ်ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိသည်ဟု သိတတ်သောဉာဏ်ကိုလည်းကောင်း။ ပညဉ္စ၊ ဖြစ်ပြီး တုံက မုချမလွဲ ပျက်စီးတတ်သော သဘောကို သိတတ်သော ပညာကိုလည်းကောင်း။ ပုဗ္ဗင်္ဂမံ၊ ရှေ့သွားကို။ ကတွာ၊ ပြု၍။ ဣမံ၊ မွန်မြတ်စွာလှ (လိုသည့်အရာကိုသွင်းပါ) ဤ ဒါတဗ္ဗဝတ္ထုကို။ အာယသ္မာတော၊ အရှင်ဘုရားအား။ ဒေမ၊ သုံးတန်စေတနာ ပြဋ္ဌာန်းကာဖြင့် သဒ္ဓါဖွေးဖြူ ပေးလှူပါကုန်၏ အရှင်ဘုရား။

ဣမိနာ၊ ဤသို့ ယခုပြုဆည်းပူးမှန် ကောင်းမှုကံကြောင့်။ သန္တိံ၊ ပူပန်ခပ်သိမ်းကင်းငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့။ ပပ္ပေါမ။ မုချမသွေ ရောက်ရပါလိုကုန်၏။ သံသာရေ၊ သံသာရေ၊ သံသရေ၌။ သံရန္တာ၊ နိဗ္ဗာန်သို့ မရောက်သမျှကျင်လည် ရကုန်သည်ရှိသော်။ အရောဂါ၊ အနာကင်းကုန်သော။ ဒီဃာယုကာ၊ ရှည်သော အသက်ရှိကုန်သော။ ဓနဝါ၊ ပေးကမ်း၍မကုန် ဥစ္စာကုံလုံကြွယ်

ဝကုန်သော။ ဒက္ခာ၊ အရာရာ၌ လိမ္မာနပ်နေကုန်သော။ အနတိမာနိ၊ ဂုဏ်သိရီ တို့နှင့် ပြည့်စုံငြားသော်လည်း မမော်မကြွား မရူးမမိုက်ရကုန်သော။ မဟာပညာ၊ ကြီးကျယ်မြင့်မြတ် နက်နဲလတ်စွာ ဉာဏ်ပညာဖြင့် ပြည့်စုံကုန်သော။ သပ္ပုရိသာ၊ သူတော်ကောင်းဥစ္စာ ပြည့်စုံစွာတောင်း လူသူတော်ကောင်း နတ်သူတော်ကောင်း တို့သည်။ ဘဝါမ၊ ဘဝဆက်တိုင်း မဆိုင်းမှန်စွာ ဖြစ်ရ ပါလို၏ အရှင်ဘုရား။

ဣဒံပုညဘာဂံ၊ ဤကောင်းမှု၏ အဖို့ကို။ မာတာပိတုနဥ္စ၊ မြင်းမိုရ်တောင် ဦး မကြုံးသည့် ကျေးဇူးတင်ရှိ မိခင်ဖခင်တို့အားလည်းကောင်း။ အာစရိ ယာနဥ္စ၊ တန်တန်ပဲ့ပြင် သွန်သင်ပေတတ် ကျေးဇူးရှင် ဆရာမြတ်တို့အား လည်းကောင်း။ ဉာတကာနဥ္စ၊ အဆွေအမျိုးတို့အားလည်းကောင်း။ ဘာဇေမ၊ အမျှရစေ ပေးဝေပါကုန်၏။ ယမရာဇဿစ၊ ငရဲသေဋ္ဌ်နင်း ယမမင်းအားလည်း ကောင်း။ ဒေဝတာနဥ္စ၊ ကိုယ်စောင့်နတ် အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ကျောင်းစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ လောကပါလနတ် အစရှိသော နတ်အပေါင်းတို့အားလည်းကောင်း။ ဘာဇေမ၊ အမျှရစေ ပေးဝေ ပါကုန်၏။ သေသာနံ၊ ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော ဇကတ္တိသဘဝေ၊ သုံးဆယ့်တစ်ဘုံ၌။ သံသရာဝဋ်မှ၊ ကျင်လည်ကုန်ကြသော။ သဗ္ဗသတ္တာနဥ္စ၊ ခပ်သိမ်းကုန်သော သတ္တဝါ အပေါင်းတို့အားလည်းကောင်း။ ဘာဇေမ၊ အမျှရစေ ပေးဝေပါကုန်၏။ အမေ့ဟိ၊ အကျွန်ုပ်တို့နှင့်။ ယမံ၊ အတူအမျှ။ ဘာဂံ၊ ကုသိုလ်အဖို့ကို။ လဘန္တု၊ ရကြသည်ဖြစ်ပါစေကုန်သတည်း။

အမေ့ဟိ၊ ကောင်းမှုသွန်ပြုပ် အကျွန်ုပ်တို့သည်။ သစေပမတ္တောပိ၊ ကာလ ရှည်လျား အကယ်၍ မေ့လျော့ငြားသော်လည်း။ အယံမဟီ၊ နှစ်သိန်း လေးသောင်း အထုအဆောင်းပေ ဤမဟီမြေသည်။ သက္ခိဋ္ဌာန၊ ထင်ရှားမသွေ သက်သေအရာ၌။ ဋ္ဌာနတု၊ ဒယောဉ်ပုခက် အိုးထိန်းစက်သို့ သွက်သွက်လှုပ် ဟာ တည်တံ့ပါစေသတည်း။

☸



# အမျှဝေရန်

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦးမကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေလတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေညာ၊ ဆရာသမား ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဗြဟ္မဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုည။ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။

သဗ္ဗေ သတ္တာ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည်ဖြစ်စေသော်ဝ်။ ဝသုန္ဒရေ၊ ဤမြေပံသု သီလာထုလည်း၊ သက်သေအမှု တည်စေသော်ဝ်။

(အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါကုန်လော့) ၃ကြိမ်ဆိုပါ။

သာဓု . . . သာဓု . . . သာဓု

# ကျမ်းပြီးနိဂုံး ဆန္ဒမွန်

## ပါရမီအကျင့်ကောင်း ဖြည့်လောင်းနိုင်ကြပါစေ

ပဇာ သဗ္ဗာ သုသယန္တု၊
ဝုဋ္ဌဟန္တု သုမင်္ဂလာ။
ဒူသေန္တု၊ ဒုဂ္ဂတိံပါမိ၊
ပူရေန္တု သဗ္ဗပါရမီ။

ပဇာသဗ္ဗာ၊ ကိုယ်စီကိုယ်ငှ ကိုယ့်ဒေသ၌ ပျော်ကြစပ်ရာ သတ္တဝါဟူသမျှတို့သည်။ သုသယန္တု၊ အိပ်မက်ရာမက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက်နိုင်ကြပါစေကုန်သတည်း။ သုမင်္ဂလာ၊ မင်္ဂလာကျက်သရေ ယှက်ဝေလန်းသဖြင့် စန်းပွင့်ကြကုန်သည်ဖြစ်၍။ ဝုဋ္ဌဟန္တု၊ ကောင်းစွာမိုးသောက်အလင်းရောက်လျက် ထမြောက်နိုးကြားနိုင်ကြပါစေကုန်သတည်း။ ဒုဂ္ဂတိံပါမိ၊ အပါယ်ဒုဂ္ဂတိ ရောက်မည့်အကြောင်း မကောင်းညစ်ဆိုး ဒုစရိုက်မျိုးကို။ ဒူသေန္တု၊ သူတော်လက်နက် တရားစက်ဖြင့် ဖြိုဖျက်နိုင်ကြပါစေကုန်သတည်း။ သဗ္ဗပါမိ၊ အလောင်းအလျာဖြည့်ကောင်းရာသည့် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကျင့် ကောင်းကို။ ပူရေန္တု၊ တစ်ဆင့်ထက်တစ်ဆင့် ရင့်ထက်ရင့်အောင် မလင့်ပုံသေ ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း။

### ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

ဗုဒ္ဓသာသနံ၊ သစ္စာလေးပါး မြတ်တရားကို ထင်ရှားပိုင်ပိုင် ကိုယ်တိုင်သိပြား သူတစ်ပါးလည်း သိကြားစေတတ် ဘုရားမြတ်၏ သုံးရပ်မှန်စွာ အဆုံးအမ သာသနာတော်ကြီးသည်။ စိရံ၊ နှစ်ပေါင်းများမြောင် ငါးထောင်ကျော်ကာ ရှည်မြင့်ကြာအောင်။ တိဋ္ဌတု၊ တစ်သစ်စနေဝန်း ထွန်းသစ်လဆန်း ပွင့်သစ်ပန်း လန်းဆန်းဝေဆာ တည်တံ့တော်မူပါစေသတည်း။

**မဏိဇောတ**
**(စုစည်းစီစဉ်သူ)**



## ကိုးကားသောကျမ်းများ

| | | |
|---|---|---|
| ၁။ ပရိတ်ကြီး | | ၁၉၈၇–သာသနာရေး |
| နိဿယသစ် | အရှင်ဝါသေဋ္ဌာဘိဝံသ | ရေးဦးစီးဌာနပုံနှိပ်တိုက် |
| ၂။ ဘုရားရှိခိုးအမျိုးမျိုး | ဦးညွန့်ဇော် | ၁၉၈၁–သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက် |
| ၃။ ဗုဒ္ဓဘာသာကောင်းတစ်ယောက် | | ၁၉၉၁–သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန |
| ၄။ သာသနာရေးဦးစီးဌာန | | ၁၉၈၅–သာသာနာရေး |
| ဝတ်ရွတ်စဉ် | ဦးဝင်းအောင် | |
| ရေးဦးစီးဌာနပုံနှိပ်တိုက် | | |
| ၅။ ပရိတ်ကြီးပါဠိ | | ၁၉၈၄–သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက် |
| ၆။ ဆယ်စောင်တွဲ | မာဂဓီ(သာစည်) | ၁၉၈၉–သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက် |
| ၇။ အသံမစဲပဋ္ဌာန်း | | ၁၉၈၉–ဇောတိက |
| ပူဇော်ပွဲ | မာဂဓီ(သာစည်) | ပုံနှိပ်တိုက် |
| ၈။ ပရိတ်ကြီးပါဠိ | မာဂဓီ | ၁၉၈၉–သာသနာရေး |
| မြန်မာပြန် | မာဂဓီ(သာစည်) | ဦးစီးဌာနပုံနှိပ်တိုက် |
| ၉။ ဓမ္မစကြာ | | ၁၉၈၀–စာပေပေါင်းကူး |
| တရားတော် | မဟာစည်ဆရာတော် | ပုံနှိပ်တိုက် |

| | | |
|---|---|---|
| ၁၀။ သမ္မာပရိဗ္ဗာ– ဇနီယသုတ် | ။ | ၁၉၇၉–သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက် |
| ၁၁။ ပုရာဘေဒသုတ် ၁၉၇၇–စာပေပေါင်းကူး တရားတော် | ။ | ပုံနှိပ်တိုက် |
| ၁၂။ မဟာသမယသုံးသုတ် ၁၉၇၈–စာပေပေါင်းကူး | ။ | ပုံနှိပ်တိုက် |
| ၁၃။ ဓမ္မစကြာ တရားတော် | အရှင်ဇနကာဘိဝံသ | ၁၉၉၁–ရတနာ့ဂုဏ်ရည် ပုံနှိပ်တိုက် |
| ၁၄။ အခြေပြုပဋ္ဌာန်း တရားတော် | ။ | ၁၉၈၉–ရတနာ့ဂုဏ်ရည်ပုံနှိပ်တိုက် |
| ၁၅။ တစ်ဘဝ သာသနာ | ဦးဃောသိတ | ၁၉၈၄–စာပေပေါင်းကူး ပုံနှိပ်တိုက် |
| ၁၆။ သီရိမင်္ဂလာပရိတ်တော် | | ၁၉၉၁–သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက် |
| ၁၇။ မဟာသမယ သုတ္တန်များအဖွင့် | မာဃဝ | ၁၉၈၂–လုပ်အားပုံနှိပ် တိုက် |
| ၁၈။ ဓမ္မစက်ဂါထာ တော်များ | သုသုက | ၁၉၉၂–နှင်းပုံနှိပ်တိုက် |
| ၁၉။ ဗုဒ္ဓဂုဏ်တော်များ(၄) | မင်းသူရိန် | ၁၉၉၀–ရွှေဟင်္သာ ပုံနှိပ်တိုက် |
| ၂၀။ ဗုဒ္ဓဂုဏ်တော်များ(၅) | မင်းသူရိန် | ၁၉၈၈–ဟိန်းစိုး ပုံနှိပ်တိုက် |
| ၂၁။ အိမ်ဖြူတော်မန္တန် ပေါင်းချုပ် | ဒိဗ္ဗစက္ခုဆရာကျော် | ၁၉၉၁–ဟံသာဝတီ ပုံနှိပ်တိုက် |
| ၂၂။ မန္တန်ပုရပိုက် | ဦးစိန္တာ | ၁၉၉၁–မြသိန်းကျော် ပုံနှိပ်တိုက် |
| ၂၃။ ဂါထာမန္တန် တော်များ | တင်အောင်သွင် | ၁၉၉၀–အောင်ချမ်းသာ ပုံနှိပ်တိုက် |

| | | |
|---|---|---|
| ၂၄။ ပရိတ်မေတ္တာ | ဦးဥတ္တမသာရ | ၁၉၉၁–ကျော်ဝင်းဆွေ ပုံနှိပ်တိုက် |
| ၂၅။ ဩကာသ ကန်တော့ခန်း | လှိုင်မဟာစည် | ၁၉၈၅–တိုးပုံနှိပ်တိုက် |
| ၂၆။ ဓမ္မရေးရာ ပဒေသာ(ပ)တွဲ | ဓမ္မာစရိယဦးအေးနိုင် | ၁၉၉၀–ခေတ္တရာ ပုံနှိပ်တိုက် |
| ၂၇။ ဗုဒ္ဓပရိတ်တော် | ဦးအောင်တင် | ၁၉၈၉–သိဒ္ဓိဗလ ပုံနှိပ်တိုက် |
| ၂၈။ ပန်းလှိုင် ဝတ်ရွတ်စဉ် | အရှင်ကောဏ္ဍည | ၁၉၈၉–ဟံသာဝတီ ပုံနှိပ်တိုက် |
| ၂၉။ ပရိတ်ကြီး လက်စွဲ | ဓမ္မာစရိယ ဦးမောင်မောင်လေး | ၁၉၈၇–သတင်းဂျာနယ် ပုံနှိပ်တိုက် |
| ၃၀။ အန္တရာယ်ကင်း ဂါထာတော်များ | အရှင်ကေလာသ | ၁၉၉၁–အောင်ချိုဌေး ပုံနှိပ်တိုက် |
| ၃၁။ ရတနာသိဒ္ဓိ | ဦးဖူးညို | ၁၉၈၅–မဟာနန္ဒာ ပုံနှိပ်တိုက် |
| ၃၂။ ပရိတ်ကြီး မြန်မာပြန် | ဦးစိုးဝင်း | ၁၉၈၀–သုဓမ္မဝတီ ပုံနှိပ်တိုက် |
| ၃၃။ ပရိတ်တော် ၃၇–သုတ် | ဓမ္မာစရိယဦးတင်မြင့် | ၁၉၈၅–တိုးပုံနှိပ်တိုက် |
| ၃၄။ ပါဠိရွတ်နည်း ပရိတ်ကြီး | ဓမ္မာစရိယဦးစံကြည် | ၁၉၉၂–ပညာ့ဂုဏ်ရည် ပုံနှိပ်တိုက် |
| ၃၅။ ရတနာ့ဝါဒီဝတ်ရွတ်စဉ် | | ၁၉၈၅–တိုးပုံနှိပ်တိုက် |
| ၃၆။ ဂုဏ်တော်ပေါင်းချုပ် ဘုရားရှိခိုးအမျိုးမျိုး | | ၁၉၈၇–တိုးပုံနှိပ်တိုက် |
| ၃၇။ ကာယသုခ ဘုရားရှိခိုးအမျိုးမျိုး | | ၁၉၈၆–ကာယသုခ ပုံနှိပ်တိုက် |
| ၃၈။ နမက္ကာရ အနက်ထူး | တွံတေးဆရာတော် | ၁၉၆၂–ဟံသာဝတီ ပုံနှိပ်တိုက် |

| | | |
|---|---|---|
| ၃၉။ ပဋ္ဌာန်းဂုဏ်ရည် | မောင်တက်အင်း | ၁၉၉၂–လုပ်အား ပုံနှိပ်တိုက် |
| ၄၀။ လိုတရဂါထာ မန္တန်များ(ပ)တွဲ | မောင်တက်အင်း | ၁၉၉၀–လုပ်အား ပုံနှိပ်တိုက် |
| ၄၁။ လိုရတဂါထာ မန္တန်များ(၃)တွဲ | မောင်တက်အင်း | ၁၉၉၀–လုပ်အား ပုံနှိပ်တိုက် |
| ၄၂။ မဟာပရိတ်တော်ကြီး နိဿျသစ် မြင်းခြံ ၉ စောင်မူ | အရှင်ဆေပုလ္လာဘိဓေ | ၁၉၇၈–တိုးတက်ရေး ပုံနှိပ်တိုက် |
| ၄၃။ ဘာသာရေး ပြဿနာများ | ရဝေထွန်း | ၁၉၉၂–ဝင်းဝင်းမြတ် ပုံနှိပ်တိုက် |
| ၄၄။ စတုရာရက္ခ သက်စောင့်တရား | လှိုင်မဟာစည် | ၁၉၈၄–တိုးပုံနှိပ်တိုက် |
| ၄၅။ ပါဠိရွတ်ဖတ်နည်း | အရှင်ဇာဂရ | ၁၉၆၄–သင့်ဘဝ ပုံနှိပ်တိုက် |
| ၄၆။ ပရိတ်ဂါထာ တော်များအဖွင့် | ရွှေညာမောင်ယဉ်စိုး | ၁၉၉၀–မင်္ဂလာ ပုံနှိပ်တိုက် |
| ၄၇။ ဂုဏ်တော်စွမ်းအား လက်တွေ့အကျိုးများ | | ၁၉၉၁–ရွှေဟံသာ ပုံနှိပ်တိုက် |
| ၄၈။ ဂါထာပရိတ်တော် ကိုယ်တွေ့ဖြစ်ရပ်များ | မြတ်မင်္ဂလာအဖွဲ့ | ၁၉၈၇–ဟံသာဝတီ ပုံနှိပ်တိုက် |
| ၄၉။ ဂုဏ်တော်စွမ်းအား လက်တွေ့အကျိုးများ | | ၁၉၉၁–ရွှေဟံသာ ပုံနှိပ်တိုက် |
| ၅၀။ ဂါထာပရိတ်တော် ဖြစ်ရပ်များ(၁) | မြတ်မင်္ဂလာအဖွဲ့ | ၁၉၈၇–ဟံသာဝတီ ပုံနှိပ်တိုက် |
| ၅၁။ ဂါထာပရိတ်တော် ကိုယ်တွေ့ဖြစ်ရပ်များ(၂) | | ၁၉၈၉–ဟံသာဝတီ ပုံနှိပ်တိုက် |
| ၅၂။ ဂါထာပရိတ်တော် ကိုယ်တွေ့ဖြစ်ရပ်များ(၃) | | ၁၉၉၂–ဝင်းဝင်းမြတ် ပုံနှိပ်တိုက် |

| | | | |
|---|---|---|---|
| ၅၃။ | လိုရာဆန္ဒ မှချပြည့်ဝနည်း | ပုသိမ်လှလှသီ | ၁၉၉၂–ဂန္ထဝင် ပုံနှိပ်တိုက် |
| ၅၄။ | ရှင်ဥပဂုတ္တ | သန့်လျှင်မင်းကြည်လှိုင် | ၁၉၈၉–ချိုးဖြူပုံနှိပ်တိုက် |
| ၅၅။ | ခေတ်မီပရိတ်ကြီး မြန်မာပြန် | ဆရာသူရိယပဏ္ဍိတ် | ၁၉၈၁–ထွန်းထွန်းမြင့် ပုံနှိပ်တိုက် |
| ၅၆။ | ပဋ္ဌာန်းပါဠိတော် | | ၁၉၈၉–သာသနာရေး ဦးစီးဌာနပုံနှိပ်တိုက် |
| ၅၇။ | နမောတဿ ဝန္ဒနာ | သပိတ်အိုင်ဆရာတော့် အရှင်ဉာဏိဿရ | ၁၉၈၀–နေလင်း ပုံနှိပ်တိုက် |
| ၅၈။ | ဗြဟ္မာ့စာရီ ဝတ်ရွတ်စဉ် | | သုဓမ္မဝတီ ပုံနှိပ်တိုက် |
| ၅၉။ | တို့ဗမာဝတ်ရွတ်စဉ် | | သခင်ကိုယ်တော်မှိုင်း |
| ၆၀။ | တစ်ဘဝသံသရာ | | ဆရာတော် အရှင်ဇနက္ကာဘိဝံသ |
| ၆၁။ | ယသဝဓု နဝတ္ထု | | တောင်ဖီလာဆရာတော် |
| ၆၂။ | ဓါတ်ကမ္မဋ္ဌာန်းကျမ်းသစ် | | လယ်တီဆရာတော်ကြီး |
| ၆၃။ | ဥရောပြဗုဒ္ဓဘာသာအလင်းပြ | | လယ်တီဆရာတော်ကြီး |
| ၆၄။ | ဂုဏ်တော်ဖွင့်ဘုရားရှိခိုး | | လယ်တီဆရာတော်ကြီး |
| ၆၅။ | ဝိဇ္ဇာစရအာရက္ခ မန္တန်ပေါင်းချုပ် | | အရှင်ဇောတိပါလ |
| ၆၆။ | သာသနာ့ရောင်ခြည်မဂ္ဂဇင်း | | အတွဲ(၈)၊ အမှတ်(၁) |

## ဤစာအုပ် . . . .

- မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များ၊ ပရိတ်တော်(၁၁)သုတ်၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ဓမ္မစကြာ ပဋ္ဌာန်း၊ အနတ္တလက္ခဏ၊ အဘိဏှ၊ မဟာသမယ တို့အပြင် ခါရဏပရိတ်၊ ဆဒ္ဒိသာပါလသုတ်၊ ပရိမိတ္တဇာလသုတ် စသည်တို့ကို စုံလင်စွာ ဖော်ပြထားပါသည်။
- ဂါထာမန္တန်များကိုလည်း ကကြီးမှ အ အထိ အက္ခရာစဉ်အလိုက် လွယ်ကူစွာ ရှာဖွေ၍ ဂါထာမန္တန်(၃၀၀)ခန့်ကို တစ်ထိုင်တည်း ပြည့်ပြည့်စုံစုံ မပင်မပန်းဘဲ ရွတ်ဖတ်ပူဇော်နိုင်ကြစေရန် စီစဉ်ထား ပါသည်။
- ဂါထာတစ်ပုဒ်တိုင်းတွင် ပါဠိ၊ မြန်မာပြန်၊ ရွတ်ဖတ်ရမည့် အချိန် ကာလ၊ ရွတ်ဖတ်ရမည့် အကျိုးသွားများကို လွယ်ကူရှင်းလင်းစွာ ရေးသားဖော်ပြထားပါသည်။
- ဝတ်တက်၊ ဝတ်ကပ်သူ တစ်ဦးချင်းအတွက်နှင့် အသင်းအဖွဲ့များ အတွက် ရည်ရွယ်၍ ဘုရားပင့်၊ နတ်ပင့်၊ ဘုရားရှိခိုး၊ သီလ ဆောက်တည်၊ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်လှူ စည်းချ၊ မေတ္တာပို့ နတ်ပို့၊ အမိန့်ပြန်၊ ဆုတောင်း၊ အမျှဝေတို့ကိုလည်း မချွင်းမချန်ဘဲ ပြည့်စုံစွာ ဖော်ပြထားပါသည်။

## ဤသို့ . . . .

- စာအုပ်တစ်အုပ်တည်းဖြင့် သုတ်တော်၊ ပရိတ်တော်၊ ဂါထာမန္တန် များအပြင် ဝတ်ရွတ်၊ ဝတ်ကပ်လိုသူတို့အတွက် အပြည့်စုံဆုံး စီစဉ်ထားပါသဖြင့် . . .

လူတိုင်း လူတိုင်း အမိအရ လက်ဝယ် သိမ်းထားသင့်သော စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါသည်။

**ပင်နီစာအုပ်တိုက်**